# အရှင်သာသန

၏

# ပဓာနပါရဂူကျမ်း

—ဟံသာဝတီ—

## ဓမ္မဒါနကုသိုလ်ရှင်

ခရိုင်..........................

ကွယ်လွန်သူ

မြို့........................

ဦးသိမ်းညွန့် (ဂူနှစ်)

([illegible])

အမည်.....ဓမ္မဒါန..ကောင်းမှု

၁၇ - ၈ - ၈၂

ဂုဏ်ထူး..........................

ကောင်းမှု

ဤကျမ်း၌လာ၊ နည်းမြတ်စွာကို၊ သေချာကြည့်ရှု၊
ကျင့်ကြံပြု၍၊ ကျွတ်ဆုရည်မှန်း၊ နိဗ္ဗာန်နန်းသာ၊
ပြည်ခမာသို့၊ လွယ်ကူချမ်းသာ၊ မြန်စွာလျင်ဆော၊
ရောက်စေသောဝ်။

ပြည်ထောင်စု ဗမာ နိုင်ငံတော်

ကမ္မဋ္ဌာနာစရိယ

မဟာနာယက ဖြစ်တော်မူသော

စစ်ကိုင်းမတောင်ရိုး

ကျေးဇူးတော်ရှင် မဟာအေးမြို့ကြီးချောင်

ဆရာတော်ဘုရားကြီး၏ အမိန့်အရ

# အရှင်သာသန

ရေးသားပြုပြင် စီရင်အပ်သော

# ပဋ္ဌာနပါရဂူကျမ်း


၁၃၂၀-ခု ပဌမအကြိမ် အုပ်ရေ ၁၅၀၀။
၁၃၂၁-ခု ဒုတိယအကြိမ် အုပ်ရေ ၃၀၀၀။
၁၃၂၁-ခု တန်ဆောင်မုန်းလ။

☆

ရန်ကုန်မြို့
ဟံသာဝတီ ပုံနှိပ်တိုက်
၁၉၅၉

H 419—A [ဟံသာဝတီ]



အာနာပါနအစ—ဤဌာန

မဇ္ဈိမဒေသ ဗုဒ္ဓဂါယာ မဟာဗောဓိ စေတီတော်ပုံ



စစ်ကိုင်းတောင်ရိုး

မဟာအေးမြိုကြီးချောင် ဆရာတော်ပုံ



စစ်ကိုင်းတောင်ရိုး
ကမ္မဋ္ဌာနာစရိယ အရှင်သာသနပုံ

# စာရှုသူများသို့

မြင်းမိုရ်ဖုံးသည့် သီးလုံးငယ်လှ သာသပသို့ မြင်ရခဲစွာ ကျမ်းစာအဆီ ဂဏ္ဌိသာရ ဂုဠ္ဌတ္ထကို မရ-ရကြောင်း တချောင်းချောင်းလျှင် သူကောင်း သဘာဝ ဝတ်ကုန်င-လျက် ခ-ယ-ကျိုးနွံ့ ဆရာထံ၌ သင်အံကျက်လေ့ တနေ့တပါး မှတ်သား လေလေ ဝမ်းထဲခွေ၍ မှုသေနိဿယည်း နည်းကောင်း ရှာလေ့ တထေ့ထေ့လျှင် စေ့မြွေသိပ်သည်း ရွှေရွှဲဆည်းသော် စရည်းအိုးခွက် ကြီးစွာလျက်လည်း တံစက်ကျများ ပြည့်စလားသို့ ပျားရံနည်းထုံး မှတ်ကျင့်သုံး၍ ခြပုံး တောင်ပို့ ဖို့သည့်ခြင်းရာ လူလိမ်မာတို့ ကျမ်းစာအဆီ ဂဏ္ဌိသာရ ဂုဠ္ဌတ္ထကို လက်ရ ထွင်းဖောက် ကြံတိုင်းပေါက်၍ မချောက်ချားနိုင် ကြံ့ကြံ့ခိုင်လျက် သံတိုင်ပမာ ဖြစ်စိမ့်ငှါလျှင် ပညာ ဆည်းထွေ တတ်လှစေ....။

---

## ဗဟုဿုတ ရှာမှီးကြ

သုဿုသာ သုတဝဍ္ဎနံ၊ သုတံ ပညာယ ဝဍ္ဎနံ။
ပညာယ အတ္ထံဇာနန္တိ၊အတ္ထော ဉာတော သုခါဝဟော။

သုဿုသာ၊ ကြံဆောင်ကြည့်ရှု နာကြားမှုသည်။ သုတဝဍ္ဎနံ၊ အကြားအမြင်ကို တိုးပွါးစေနိုင်၏။ သုတံ၊ အကြားအမြင်သည်။ ပညာယ၊ အသိအလိမ်မာဉာဏ်ပညာကို။ ဝဍ္ဎနံ၊ တိုးပွါးစေနိုင်၏။ ပညာယ၊ ဉာဏ်ပညာဖြင့်။ အတ္ထံ၊ စီးပွါး အကျိုး အမျိုးမျိုးကို။ ဇာနန္တိ၊ ဟုတ်တိုင်းမသုံ သိနိုင်ကုန်၏။ အတ္ထော၊ အကျိုးစီးပွါးကို။ ဉာတော၊ ဟုတ်တိုင်း မှန်စွာ

သိအပ်သည် ရှိသော်။ သုခါ၀ဟော၊ ချမ်းသာ လေအောင် ဆောင်ရွက်နိုင်လေတော့ သတည်း။

---

## အဘိုးတန်များ လွန်နည်းပါး

သက္ခရာဟိ ဗဟူ လောကေ၊ စူဋ္ဌာမဏိစ ဒုလ္လဘော၊
ဗဟူ ဇနာ စ အပ္ပဠ္ဌါ၊ မဟဠ္ဌါ ဒုလ္လဘာ သဒါ။
[နီတိ]

ဟိ၊ ထင်ရှားသိသာအောင် ရုံတနာကျောက် ဥပမာဖြင့် မိန့်မှာ မြွက်ကြားပေဦးအံ့။ လောကေ၊ ဤကမ္ဘာ လောကကြီး၌၊ အပ္ပဠ္ဌါ၊ အဘိုးမထိုက် တန်ကုန်သော၊ သက္ခရာ၊ ကျောက်စရစ်ခဲတို့သည်၊ ဗဟူ၊ တောတကာ တောင်တကာ မှာ လွန်စွာပေါများလှပေကုန်၏။ မဟဠ္ဌါ၊ ရာဖြတ် အမျိုးမျိုးတို့ အဘိုး မပြတ်နိုင်အောင် ထိုက်တန် သှပေသော။ စူဋ္ဌာမဏိစ၊ ဘုရားရှင်တို့၏ မကိုဋ်ဖျား၌ စီထားထိုက်သော ကျောက်မျက် ရတနာသည်ကား။ ဒုလ္လဘော၊ ရှာလေ ရှားလေ ရခဲလေဖြစ်သဖြင့် စင်စစ်ရှားပါး လှသည်သာတည်း။ တထာ၊ ထိုနည်းမခြား အလားတူစွာ။ လောကေ၊ ဤကမ္ဘာ လောကကြီး၌၊ အပ္ပဠ္ဌါ၊ အဘိုးမထိုက်တန်ကုန်သော၊ ဇနာစ၊ လူပေါ့လူသွမ်း လူ့ပေါက်ပန်းတို့သည်ကား၊ ဗဟူ၊ ရွာတကာ မြို့တကာမှာ လွန်စွာပေါများကြပေကုန်၏။ မဟဠ္ဌါ၊ လွန်စွာအဘိုးထိုက်တန်ကုန်သော။ ဇနာ၊ ကံရည်ဉာဏ်ရည် ဇာနည် ထွင်ဖုံး ချီးကျူးထိုက်ခြား လူမြတ်စား တို့သည် ကား၊ သဒါ၊ အခါခပ်သိမ်း။ ဒုလ္လဘာ၊ မတွေ့နိုင်ဘဲ ခဲယဉ်း လှစွာ ရှားခြင်းကြီး ရှားလှပေကုန်သည်သာတည်း။

အရှင်သာသန။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပဏာမဗုဒ္ဓဝန္ဒနာ | ... | ၁ |
| ၂။ | ရတနာသုံးပါးလုံး ရှိခိုးခြင်းကိစ္စပြီးကြောင်း | .... | ၃ |
| ၃။ | ရေးသားခြင်း၏အကြောင်းနိဒါန်း | .... | ၅ |
| ၄။ | ရေးသားမည့်အစီအစဉ် ပရိညာဉ် | .... | ၈ |


## ဥယျောဇနကဏ္ဍ


| | | | |
|---|---|---|---|
| ၅။ | တိုက်တွန်းအားပေးမှုများ | .... | ၉ |
| ၆။ | ပါရမီရှိလျက် မဂ်ဖိုလ်မရခြင်းအကြောင်း | ... | ၁၀ |
| ၇။ | ပစ္ဆိမဘာဝိကနှစ်ဌာနကိုပြခြင်း | .... | ၁၁ |
| ၈။ | ဆုံးမပေရှာ တို့မြတ်စွာ | ... | ၁၃ |
| ၉။ | ငါးထောင်သာသနာ တည်ထွန်းရာ | .... | ၁၇ |
| ၁၀။ | ပဓာနအလုပ်အားထုတ်ရန်မဟုတ်သော ကာလငါးပါး | ... | ၁၈ |
| ၁၁။ | လူ့ပြည်ကသာသနာ နဘ်သက်နှင့်နှိုင်းစာပုံ | .... | ၂၁ |
| ၁၂။ | လူ့ပြည်ကသာသနာ ငရဲသက်နှင့်နှိုင်းစာပုံ | ... | ၂၃ |
| ၁၃။ | အမေကျော်၍ ဒွေးတော်လွှမ်းပုံ | ... | ၂၅ |
| ၁၄။ | ဆုတောင်းရုံသိရုံမျှဖြင့် ကိစ္စမပြီးသေးပါ | ... | ၂၈ |
| ၁၅။ | သို့-ဘယ်လိုလုပ်၍ ဘာဖြစ်သွားရပါမည်လဲ? | ... | ၂၉ |
| ၁၆။ | ကိုယ်ထဲမှာသာ တရားရှာ | ... | ၃၂ |
| ၁၇။ | သိက္ခာသုံးပါး စဉ်တိုင်းသွား | .... | ၃၃ |
| ၁၈။ | ကျင့်နည်းမမှန်နိဗ္ဗာန်မရ | .... | ၃၆ |
| ၁၉။ | ဘုရား၏သွားပုံ မကျင့်ကုန် | .... | ၃၇ |
| ၂၀။ | နိဗ္ဗာန်သွားရာ လမ်းမဟာ | ... | ၃၇ |
| ၂၁။ | မဂ္ဂင်ရှစ်ပါးကို ခန္ဓာသုံးပါးဖွဲ့ခြင်း | .... | ၃၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၂။ | ခန္ဓာသုံးပါးမင်္ဂလာများက ကိလေသာသုံးပါး ပယ်ရှားပုံ။ | ... | ၄၁ |
| ၂၃။ | အရိယာမဂ်ကိုရနိုင်ခြင်း၏အကြောင်းလက္ခဏာ | | ၄၃ |
| ၂၄။ | မှီခိုအပ်သောဆရာအစစ်ကိုရွေးစစ်၍ပြခြင်း | .... | ၄၇ |
| ၂၅။ | မိမိကိုယ်သာရှေးဦးစွာဆုံးမရန်ကိုပြခြင်း | ... | ၅၀ |
| ၂၆။ | ဆရာပေါင်းမှား၍ ဘေးသုံးပါးဆိုက်သည်ကို ပြခြင်း | ... | ၅၁ |
| ၂၇။ | ဆရာအင်္ဂါခုနစ်ဖြာကိုပြခြင်း | ... | ၅၂ |
| ၂၈။ | လောကရေးထက် ဓမ္မရေးခက်ပုံ | ... | ၅၃ |
| ၂၉။ | ပလိဗောဓဖြတ်ပယ်ရပုံကိုပြခြင်း | ... | ၅၄ |
| ၃၀။ | သင့်မသင့်အာဝါသရွေးစစ်၍ပြခြင်း | ... | ၅၆ |
| ၃၁။ | သင့်မသင့်ပြောင်း ၇-ပါးသောတရားတို့ကို ပိုင်းခြား၍ပြခြင်း | ... | ၆၂ |
| ၃၂။ | အပ္ပနာကောသလ္လဆယ်ပါးကိုပြခြင်း | ... | ၆၆ |
| ၃၃။ | ဈာန်ငြိုငါးဝသီနိုင်း၍ပြခြင်း | ..... | ၆၇ |
| ၃၄။ | ယောဂီပုဂ္ဂိုလ်၏အင်္ဂါငါးပါးကိုပြခြင်း | ... | ၆၉ |

## သီလကဏ္ဍ

| | | | |
|---|---|---|---|
| ၃၅။ | ဈာန်မဂ်ဖြစ်ပယ်အန္တရာယ်တို့ကိုပြခြင်း | ... | ၇၇ |
| ၃၆။ | သရဏဂုံအပြား မြတ်လေးပါး | ... | ၈၆ |
| ၃၇။ | အဇ္ဈတ္တနိယျာတနသရဏဂုံကိုပြခြင်း | ... | ၈၇ |
| ၃၈။ | တပ္ပရာယနသရဏဂုံကိုပြခြင်း | .... | ၈၉ |
| ၃၉။ | သိဿဘာဝူပဂသရဏဂုံကိုပြခြင်း | .... | ၉၁ |
| ၄၀။ | ပါဏိပါတသရဏဂုံကိုပြခြင်း | .... | ၉၃ |
| ၄၁။ | သရဏဂုံတည်က အကျိုးရ | ... | ၉၄ |
| ၄၂။ | လူတို့၏သီလကိုပြခြင်း | .... | ၉၅ |
| ၄၃။ | ရဟန်းတို့၏သီလကိုပြခြင်း | ... | ၉၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄။ | ဒုက္ကဋ်ဒုဗ္ဘာသိတမဂ်မရ .... | ၁၀၀ |
| ၄၅။ | အပါယ်မိကြောက် ခုနစ်ခယောက် .... | ၁၀၁ |
| ၄၆။ | နတ်ပြည်ခြောက်ဝ လိုရာရ .... | ၁၀၂ |
| ၄၇။ | အဓိသီလ အမည်ရ .... | ၁၀၃ |
| ၄၈။ | သီလရှိက အကျိုးရ .... | ၁၀၃ |
| ၄၉။ | သစ္စာနိဗ္ဗာန် အဓိဋ္ဌာန် .... | ၁၀၆ |
| ၅၀။ | မြတ်စွာဘုရားနှင့်သာသနာစောင့်နတ်များ တိုင်တည်ပွါး .... | ၁၀၉ |

## သမာဓိကဏ္ဍ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၁။ | ဗုဒ္ဓါနုဿတိဘာဝနာကိုပြခြင်း .... | ၁၁၇ |
| ၅၂။ | မေတ္တာဘာဝနာကိုပြခြင်း .... | ၁၂၁ |
| ၅၃။ | မရဏာဿတိဘာဝနာကိုပြခြင်း .... | ၁၂၅ |
| ၅၄။ | ပါရိဟာရိယကမ္မဋ္ဌာန်းကိုပြခြင်း .... | ၁၃၇ |
| ၅၅။ | ကောဓမ္မအာနာပါနကိုပြခြင်း .... | ၁၄၀ |
| ၅၆။ | ဘယ်လိုများကြွားဘူးပါသလဲ? .... | ၁၄၂ |
| ၅၇။ | နိဗ္ဗာန်ဆိပ်သာ ကမ္မဋ္ဌာန်းချည်းပါ .... | ၁၄၂ |
| ၅၈။ | သတိပဋ္ဌာန်နိဒါန်းကိုပြခြင်း .... | ၁၄၄ |
| ၅၉။ | လောကီပုဗ္ဗဘာဂမဂ်အကျိုး၇-ပါးကိုပြခြင်း .... | ၁၄၄ |
| ၆၀။ | ဒေသနက္ကမ,ပဋိပတ္တိက္ကမတို့ကိုပြခြင်း .... | ၁၄၇ |
| ၆၁။ | တရားအားထုတ်ရန်ဌာနညွှန်ပြတော်မူခြင်း .... | ၁၄၉ |
| ၆၂။ | ဣရိယာပထကိုညွှန်ပြတော်မူခြင်း .... | ၁၅၄ |
| ၆၃။ | ဒွါရငါးပါး ပိတ်ဆို့ထား .... | ၁၅၇ |
| ၆၄။ | အရာခပ်သိမ်းများတိုင်းမကောင်းပါ .... | ၁၅၉ |
| ၆၅။ | ဣရိယာလေးဝ ပဓာနကိုပြခြင်း .... | ၁၆၀ |
| ၆၆။ | သတိထားရန်ဌာနညွှန်ပြတော်မူခြင်း .... | ၁၆၃ |
| ၆၇။ | တံခါးစောင့်ပမာပြုကျင့်ပါ .... | ၁၆၄ |
| ၆၈။ | ပရိမုခသတိကိုပြခြင်း .... | ၁၆၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၉။ | အာနာပါနပဌမနည်းကိုမိန့်ဟတော်မူခြင်း .... | ၁၆၆ |
| ၇၀။ | နွားရိုင်းပမာဆုံးမရာ .... | ၁၆၈ |
| ၇၁။ | စိတ်ကိုနိုင်ကချမ်းသာရ .... | ၁၆၈ |
| ၇၂။ | ဥပ္ပတ္တိက္ကမနှင့် ပဝတ္တိက္ကမ .... | ၁၆၉ |
| ၇၃။ | တင်းလွန်းလျှင်ပြတ် လျော့လွန်းပတ် .... | ၁၇၃ |
| ၇၄။ | အဋ္ဌကထာနည်းကိုပြခြင်း ... | ၁၇၄ |
| ၇၅။ | အာနာပါနအစ ဂဏန ... | ၁၇၈ |
| ၇၆။ | သာမန်လူစား မဟောကြား .... | ၁၈၀ |
| ၇၇။ | စုံစမ်းမေးမြန်း ကမ္မဋ္ဌာန်း ... | ၁၈၁ |
| ၇၈။ | အာနာပါန အမှားတော်ပုံ ... | ၁၈၂ |
| ၇၉။ | အာနာပါနအမျိုးမျိုး ... | ၁၈၃ |
| ၈၀။ | မိမိသမာဓိ ရှိမရှိသိရန် .... | ၁၈၄ |
| ၈၁။ | အာရမ္မဏာသက်တိကနှင့် ကာသိဏာသက်တိက .... | ၁၈၅ |
| ၈၂။ | မဂ္ဂင်စောင့်ပုံကိုပြခြင်း .... | ၁၈၆ |
| ၈၃။ | ဒုတိယနည်းကိုပြခြင်း ... | ၁၈၈ |
| ၈၄။ | ပွားများအားထုတ်ပုံ အာကာရသုံးပါးကို ပြခြင်း .... | ၁၉၀ |
| ၈၅။ | နိမိတ်ပေါ်ပုံကိုပြခြင်း .... | ၁၉၄ |
| ၈၆။ | နိမိတ်၌စိတ်ကိုထားကာ ပွါးများပုံသုံးပါးကို ပြခြင်း ... | ၁၉၅ |
| ၈၇။ | သဘာဝမကျ ယောဂီသုံးဝကိုပြခြင်း .... | ၁၉၆ |
| ၈၈။ | ကြည်လင်ခြင်းနှစ်ပါးကို ခွဲခြား၍ပြခြင်း ... | ၁၉၈ |
| ၈၉။ | ဥဂ္ဂဟာမှ ပဋိဘာဂသို့ရောက်အောင်ပွါးခြင်း ... | ၁၉၈ |
| ၉၀။ | ဒုတိယနည်းမဂ္ဂင်စောင့်ပုံကိုပြခြင်း .... | ၂၀၁ |
| ၉၁။ | တတိယနည်းကိုပြခြင်း ... | ၂၀၁ |
| ၉၂။ | ထင်မြင်ပုံထူးခြား ပုဂ္ဂိုလ်လေးစားကိုပြခြင်း ... | ၂၀၃ |
| ၉၃။ | အာနာပါနပဂုဏလေ့လာပုံကို ပြခြင်း ... | ၂၀၄ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၉၄။ | အစ္ဆုတ္တဒွာနသုံးဝသော ထင်ပုံကိုပြခြင်း | ... | ၂၀၅ |
| ၉၅။ | တနည်း-မဏ္ဍလ, ဩဒိကိုညှိ၍ပြခြင်း | .... | ၂၀၇ |
| ၉၆။ | တတိယနည်းမဂ္ဂင်စောင့်ပုံ | ... | ၂၀၉ |
| ၉၇။ | စတုတ္ထနည်းကိုပြခြင်း | ... | ၂၀၉ |
| ၉၈။ | ပ–ဘာဝနတရား၏ အညစ်အကြေး ရှစ်ပါးကိုပြခြင်း | .... | ၂၁၃ |
| ၉၉။ | ပ-ဘာဝနာတရား လေးပါးကိုပြခြင်း | ... | ၂၁၆ |
| ၁၀၀။ | ထင်မြင်တတ်ပုံအခြင်းအရာသုံးပါးကို ပြခြင်း | ... | ၂၁၈ |
| ၁၀၁။ | ဥပစာရ ဘာဝနာသက်လာသည်ကိုပြခြင်း | ... | ၂၂၀ |
| ၁၀၂။ | အလုပ်တို့၏ဝေါဟာရကိုပြခြင်း | ... | ၂၂၂ |
| ၁၀၃။ | စတုတ္ထနည်း မဂ္ဂင်စောင့်ပုံကိုပြခြင်း | ... | ၂၂၂ |
| ၁၀၄။ | အာနာပါနပဂုဏ်လေ့သာပုံကို ပြခြင်း | ... | ၂၂၃ |
| ၁၀၅။ | သမာဓိ၏အကျိုးကိုပြခြင်း | .... | ၂၂၅ |
| ၁၀၆။ | သမထမှ ဝိပဿနာကူးပုံကိုပြခြင်း | ... | ၂၂၅ |
| ၁၀၇။ | ဥပစာမှ ဝိပဿနာကူးပုံကိုပြခြင်း | ... | ၂၂၆ |
| ၁၀၈။ | ဘေးကိုပြကာ စိတ်ကိုဆုံးမရန်ဂါထာ | ... | ၂၂၈ |

## ပညာကဏ္ဍ

| | | | |
|---|---|---|---|
| ၁၀၉။ | ဝိပဿနာ ဘာဝနာကိုမိန့်ဟတော်မူခြင်း | .... | ၂၂၉ |
| ၁၁၀။ | သမထယာနိကနှင့် ဝိပဿနာယာနိကကို ပြခြင်း | .... | ၂၃၁ |
| ၁၁၁။ | ပရိဂ္ဂဟလေးပါးကိုပြခြင်း | .... | ၂၃၃ |
| ၁၁၂။ | ဓမ္မဘာနှင့်ပဝတ္တိနှစ်ပါးကို ခွဲခြား၍ပြခြင်း | .... | ၂၃၄ |
| ၁၁၃။ | ဓမ္မတာနည်းဖြင့် ရုပ်ကိုသိမ်းဆည်းရန် သုဘမယ,ဘာဝနာမယ နှစ်ဌာနကိုပြခြင်း | ... | ၂၃၄ |
| ၁၁၄။ | ပစ္စက္ခဉာဏ်နှင့် အနုမာနဉာဏ်ကိုပြခြင်း | ... | ၂၃၆ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၅။ | ရုပ်နာမ်တို့၏ဖြစ်ပျက်ခြင်းကိုပြခြင်း .... | ၂၃၇ |
| ၁၁၆။ | ရုပ်နာမ်တို့၏ များပုံကိုပြခြင်း ... | ၂၃၉ |
| ၁၁၇။ | ထင်မြင်ရာသဘာဝ သုံးဌာနကိုပြခြင်း ... | ၂၄၀ |
| ၁၁၈။ | အလုပ်ခွင်စကား အစွန်းသုံးပါးကိုပြခြင်း .... | ၂၄၁ |
| ၁၁၉။ | ရုပ်၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် တို့ကိုပြခြင်း .... | ၂၄၈ |
| ၁၂၀။ | ရုပ်တရားမှတပါး မြင်ကောင်းသော တရားမရှိသည်ကို ပြခြင်း .... | ၂၅၀ |
| ၁၂၁။ | မိမိရုပ်ကို ရှုတ်ချကာဆုံးမရန်ဂါထာ .... | ၂၅၂ |
| ၁၂၂။ | ဓမ္မတာနည်းအားဖြင့် နာမ်ကိုသိမ်းဆည်းရန် သုတမယ, ဘာဝနာမယ နှစ်ဌာနကိုပြခြင်း .... | ၂၅၃ |
| ၁၂၃။ | နာမ်၏ပစ္စက္ခသုံးဌာနကိုပြခြင်း .... | ၂၅၅ |
| ၁၂၄။ | အာရုံနှင့် အာရမ္မဏိကကိုပြခြင်း .... | ၂၅၅ |
| ၁၂၅။ | တဝတ္ထုတအာရုံကိုပြခြင်း .... | ၂၅၈ |
| ၁၂၆။ | ရန်ဟုန်မစဲ သူရာမဲ့သို့ .... | ၂၆၀ |
| ၁၂၇။ | နာမ်၏လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် တို့ကိုပြခြင်း .... | ၂၆၀ |
| ၁၂၈။ | မိမိ၏စိတ်ကိုရှုတ်ချကာ ဆုံးမရန်ဂါထာ .... | ၂၆၁ |
| ၁၂၉။ | ပဝတ္တိနည်းဖြင့် ရုပ်ကိုသိမ်းဆည်းခြင်း .... | ၂၆၂ |
| ၁၃၀။ | ပဝတ္တိနည်းဖြင့် နာမ်ကိုသိမ်းဆည်းခြင်း .... | ၂၆၄ |
| ၁၃၁။ | နာမရူပပရိစ္ဆေဒဉာဏ်ကိုပြခြင်း .... | ၂၆၆ |
| ၁၃၂။ | ပညတ်နှင့် ပရမတ် .... | ၂၆၇ |
| ၁၃၃။ | ပညတ်အာရုံနှင့် ပရမတ်အာရုံရောပုံ .... | ၂၆၈ |
| ၁၃၄။ | ရုပ်နာမ်အစစ်မြင်ပုံ .... | ၂၆၉ |
| ၁၃၅။ | ရုပ်နာမ် နှစ်ဖြာဆင်ခြင်ရန်ဂါထာများ .... | ၂၇၀ |
| ၁၃၆။ | ပဝတ္တိနယခန္ဓာအားဖြင့် ပြခြင်း .... | ၂၇၂ |
| ၁၃၇။ | သက္ကာယဒိဋ္ဌိနှစ်ဆယ်တို့ကိုပြခြင်း ... | ၂၇၅ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃၈။ | ပဝတ္တိနယအာယတနအားဖြင့်ပြခြင်း | .... | ၂၈၃ |
| ၁၃၉။ | ပဝတ္တိနယ ဓာတ်အားဖြင့်ပြခြင်း | .... | ၂၈၄ |
| ၁၄၀။ | ဇီဝအတ္တနှင့် ပရမအတ္တကိုပြခြင်း | .... | ၂၈၆ |
| ၁၄၁။ | အန္ဓ,ကလျာဏမြင်ပုံ သဘာဝကိုပြခြင်း | .... | ၂၈၈ |
| ၁၄၂။ | ပရမအတ္တသဘာဝကိုပြခြင်း | ... | ၂၉၀ |
| ၁၄၃။ | အနတ္တသဘာဝကိုပြခြင်း | ... | ၂၉၁ |
| ၁၄၄။ | သဿတုစ္ဆေဒလွတ်ခဲ့ဗွ | .... | ၂၉၂ |
| ၁၄၅။ | ဒိဋ္ဌိအစအတ္တက | .... | ၂၉၃ |
| ၁၄၆။ | ဒိဋ္ဌိဖြစ်ရာရှစ်ဌာန | .... | ၂၉၄ |
| ၁၄၇။ | ပရမတ္ထသဘာဝအထပ်ထပ်ပြရခြင်း | .... | ၂၉၅ |
| ၁၄၈။ | ပစ္စယပရိဂ္ဂဟဉာဏ်ကိုပြခြင်း | .... | ၂၉၆ |
| ၁၄၉။ | ပဋိစ္စအကြောင်းကိုပြခြင်း | .... | ၃၀၄ |
| ၁၅၀။ | အဒ္ဓါနပရိဂ္ဂဟဉာဏ်ကိုပြခြင်း | .... | ၃၀၉ |
| ၁၅၁။ | ယုံမှားခြင်း တဆယ့်ခြောက်ပါးကိုပြခြင်း | ... | ၃၁၄ |
| ၁၅၂။ | တနည်း–ယုံမှားခြင်းရှစ်ပါးကိုဖျောက်ပုံ | .... | ၃၁၆ |
| ၁၅၃။ | လောကီသစ္စာလေးပါးပိုင်းခြားသိပုံ | .... | ၃၂၁ |
| ၁၅၄။ | ပရိညာသုံးပါးကိုပြခြင်း | .... | ၃၂၃ |
| ၁၅၅။ | သမ္မသနဉာဏ်ကိုပြခြင်း | ... | ၃၂၆ |
| ၁၅၆။ | ဝိပဿနာအမွန်းသုံးဂါထာ | .... | ၃၂၈ |
| ၁၅၇။ | သမ္မသနဉာဏ်ပါဠိအနက် | .... | ၃၃၁ |
| ၁၅၈။ | သုံးသပ်ဆင်ခြင်ပုံကိုပြခြင်း | .... | ၃၄၂ |
| ၁၅၉။ | လက္ခဏာသုံးဝပဓာန | .... | ၃၄၃ |
| ၁၆၀။ | အတီတတိက်ကိုပြခြင်း | ... | ၃၅၂ |
| ၁၆၁။ | အဇ္ဈတ္တဒုက်ကိုပြခြင်း | .... | ၃၅၄ |
| ၁၆၂။ | ဩဠာရိကဒုက်ကိုပြခြင်း | .... | ၃၅၆ |
| ၁၆၃။ | ဟီနဒုက်ကိုပြခြင်း | .... | ၃၅၆ |
| ၁၆၄။ | ဒူရဒုက်ကိုပြခြင်း | .... | ၃၅၇ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆၅။ | ရှင်၏ထင်မြင်ပုံသဘာဝ ဥပမာငါးပါးကို ပြခြင်း | .... | ၃၆၁ |
| ၁၆၆။ | ဥဒယဝယဉာဏ်ကိုပြခြင်း | ... | ၃၆၃ |
| ၁၆၇။ | ဥဒယဝယအကျယ်ပြခြင်း | .... | ၃၆၈ |
| ၁၆၈။ | အနိစ္စလက္ခဏာလေးပါးကိုပြခြင်း | .... | ၃၇၃ |
| ၁၆၉။ | အနိစ္စကိုအစဉ်ဖုံးလွှမ်းပုံကိုပြခြင်း | .... | ၃၇၄ |
| ၁၇၀။ | ဒုက္ခလက္ခဏာလေးပါးကိုပြခြင်း | .... | ၃၇၅ |
| ၁၇၁။ | ဒုက္ခကိုဣရိယာပုထ်ဖုံးလွှမ်းပုံကိုပြခြင်း | .... | ၃၇၅ |
| ၁၇၂။ | အနတ္တလက္ခဏာလေးပါးကိုပြခြင်း | .... | ၃၇၆ |
| ၁၇၃။ | အနတ္တကို ဃနဖုံးလွှမ်းပုံကိုပြခြင်း | .... | ၃၇၇ |
| ၁၇၄။ | ရုပ်တရား၌ ခုနစ်ပါးသောရှုပုံကိုပြခြင်း | .... | ၃၇၈ |
| ၁၇၅။ | အနုပဿနာ သဘာဝကိုပြခြင်း | ... | ၃၇၉ |
| ၁၇၆။ | နာမ်တရားတို့၌ ခုနစ်ပါးသောရှုပုံကိုပြခြင်း | .... | ၃၈၄ |
| ၁၇၇။ | ဥပက္ကိလေသတရားဆယ်ပါးကိုပြခြင်း | .... | ၃၈၈ |
| ၁၇၈။ | ဝိပဿနုပက္ကိလေသာဖြစ်မြဲသာ | .... | ၃၉၃ |
| ၁၇၉။ | ဥပက္ကိလေသအစစ်နှင့် အတုကိုပြခြင်း | .... | ၃၉၅ |
| ၁၈၀။ | မဂ်အစစ်နှင့်အတုကိုပြခြင်း | .... | ၃၉၇ |
| ၁၈၁။ | ဖိုလ်အစစ်နှင့် အတုကိုပြခြင်း | .... | ၃၉၇ |
| ၁၈၂။ | နိဗ္ဗာန်အစစ်နှင့်အတုကိုပြခြင်း | .... | ၃၉၈ |
| ၁၈၃။ | မမေ့အပ်ရာဒေသသုံးဌာနကိုပြခြင်း | .... | ၄၀၀ |
| ၁၈၄။ | မဂ်ဖိုလ်ကိုပြောကြားခြင်းငါးမျိုးကိုပြခြင်း | .... | ၄၀၁ |
| ၁၈၅။ | အရိယာဖြစ်မဖြစ်ခြောက်ဌာနစစ်တမ်း | .... | ၄၀၃ |
| ၁၈၆။ | ဘုရားရန်သူ့အစစ် သူခိုးကြီးငါးယောက်ကို ရွေးစစ်၍ပြခြင်း | .... | ၄၀၄ |
| ၁၈၇။ | သဒ္ဓါလွန်ခြင်း၏အပြစ်ကိုပြခြင်း | .... | ၄၀၆ |
| ၁၈၈။ | ပညာလွန်ခြင်း၏အပြစ်ကိုပြခြင်း | .... | ၄၀၇ |
| ၁၈၉။ | ဆရာယောင်ငါးပါး သတိထား | .... | ၄၀၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉၀။ | အတုပေါ်ပေါက် အစစ်ပျောက် | .... | ၄၁၀ |
| ၁၉၁။ | ဥဒယဝယ အကျိုးပြ | .... | ၄၁၁ |
| ၁၉၂။ | လောကီမဂ်မည်ကြောင်း | .... | ၄၁၄ |
| ၁၉၃။ | ဖော်ဉာဏ်နှင့်ပေါ်ဉာဏ် | .... | ၄၁၅ |
| ၁၉၄။ | ဘင်ဉာဏ်ကိုပြခြင်း | .... | ၄၁၈ |
| ၁၉၅။ | ဘင်ဉာဏ်၏အာနိသင်ရှစ်ပါးကိုပြခြင်း | .... | ၄၂၂ |
| ၁၉၆။ | ဘယဉာဏ်ကိုပြခြင်း | .... | ၄၂၄ |
| ၁၉၇။ | အာဒီနဝဉာဏ်ကိုပြခြင်း | .... | ၄၂၆ |
| ၁၉၈။ | နိဗ္ဗိဒါဉာဏ်ကိုပြခြင်း | .... | ၄၃၀ |
| ၁၉၉။ | မုစ္စိတုကမျတာဉာဏ်ကိုပြခြင်း | .... | ၄၃၂ |
| ၂၀၀။ | ပဋိသင်္ခါဉာဏ်ကိုပြခြင်း | .... | ၄၃၃ |
| ၂၀၁။ | သင်္ခါရုပေက္ခာဉာဏ်ကိုပြခြင်း | .... | ၄၃၇ |
| ၂၀၂။ | သင်္ခါရုပေက္ခာဉာဏ်၏ဂုဏ်ခြောက်ပါးကိုပြခြင်း | | ၄၄၀ |
| ၂၀၃။ | ဝိပဿနာဉာဏ်တို့ရောယှက်ပုံကိုပြခြင်း | .... | ၄၄၁ |
| ၂၀၄။ | ဝိပဿနာဉာဏ်တို့၏အားကိုပြခြင်း | .... | ၄၄၂ |
| ၂၀၅။ | ဝိပဿနာဉာဏ်ကိုပစ္စက္ခအားဖြင့် မြင်နိုင်ခြင်း | | ၄၄၃ |
| ၂၀၆။ | ဝိပဿနာဉာဏ်ဆယ်တန်ကိုခေတ်လေးပါး၌ သွတ်သွင်း၍ပြခြင်း | .... | ၄၄၄ |
| ၂၀၇။ | အနုလောမဉာဏ်,ဂေါတြဘူဉာဏ်,မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကိုပြခြင်း | .... | ၄၄၈ |
| ၂၀၈။ | ဂါဟကင်းကွာဝိပဿနာ | .... | ၄၅၆ |
| ၂၀၉။ | ခုနစ်ဘဝမလွန်ရ | .... | ၄၅၈ |
| ၂၁၀။ | သမထ,ဝိပဿနာနိဂုံးအုပ်သောအကျဉ်း ဆောင်ပုဒ်များ | .... | ၄၅၉ |


## ပကိဏ္ဏက ကဏ္ဍ


| | | | |
|---|---|---|---|
| ၂၁၁။ | နိဗ္ဗာန်ကိုပြခြင်း | .... | ၄၆၁ |
| ၂၁၂။ | နိဗ္ဗာန်၏အပြားကိုပြခြင်း | .... | ၄၆၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁၃။ | နိဗ္ဗာန်၏သဘောကိုပြခြင်း | .... ၄၆၃ |
| ၂၁၄။ | သဿတ,ဥစ္ဆေဒမှလွတ်အောင်ယူဆခြင်း | .... ၄၆၇ |
| ၂၁၅။ | နိဗ္ဗာန်၏ချမ်းသာကိုပြခြင်း | .... ၄၆၈ |
| ၂၁၆။ | နိဗ္ဗာနဝီထိကိုပြခြင်း | ... ၄၇၂ |
| ၂၁၇။ | မဂ္ဂဝီထိကို ပြခြင်း | ... ၄၇၃ |
| ၂၁၈။ | မဂ္ဂ ပစ္စဝေက္ခဏာ ငါးပါးကိုပြခြင်း | ... ၄၇၅ |
| ၂၁၉။ | ဖလသမာပတ်ကို ပြခြင်း | ... ၄၇၇ |
| ၂၂၀။ | ဖလသမာပတ်၏ အားနှစ်ပါးကိုပြခြင်း | .... ၄၇၉ |
| ၂၂၁။ | သစ္စာလေးပါးကိုပြခြင်း | .... ၄၈၂ |
| ၂၂၂။ | အထက်မဂ်သို့ တက်ရန်အားထုတ်ပုံကို ပြခြင်း | .... ၄၈၃ |
| ၂၂၃။ | ဝိပဿနာ မဂ်ဖိုလ်တို့၏ အမည်ကိုပြခြင်း | .... ၄၈၅ |
| ၂၂၄။ | ဗောဓိပက္ခိယ တရား ၃၇-ပါး၌သွင်း၍ပြခြင်း | .... ၄၈၆ |
| ၂၂၅။ | အာနာပါန၏ အကျိုးကိုပြခြင်း | .... ၄၈၉ |
| ၂၂၆။ | မဂ်ခလေးပါး ပယ်စဉ်ကိုပြခြင်း | .... ၄၉၅ |
| ၂၂၇။ | လက်ာ၏ အမိပ္ပါယ်ကိုပြခြင်း | .... ၄၉၆ |
| ၂၂၈။ | မဂ်၏သဘာဝ ပယ်ပုံကိုပြခြင်း | .... ၄၉၉ |
| ၂၂၉။ | မဂ်သတ္တိ ခုနစ်ပါးကိုပြခြင်း | .... ၅၀၁ |
| ၂၃၀။ | သောတာပန်၏ ဂုဏ်ခုနစ်ပါးကို ပြခြင်း | .... ၅၀၁ |
| ၂၃၁။ | အရိယာတို့၏ လက္ခဏာကို ပြခြင်း | ... ၅၀၃ |
| ၂၃၂။ | အရိယာဖြစ်မဖြစ် သိရန်တရားမှန်ကိုပြခြင်း | .... ၅၀၅ |
| ၂၃၃။ | လူသောတာ သေမသောက်၊ ၄က်ကြီးကြာ ရေမသောက် | .... ၅၀၆ |
| ၂၃၄။ | အရိယာလေးဦး၏ အမည်ကိုပြခြင်း | .... ၅၀၇ |
| ၂၃၅။ | အရိယာလေးမျိုးကိုပြခြင်း | .... ၅၀၉ |
| ၂၃၆။ | တနည်း- အရိယာသုံးမျိုးကိုပြခြင်း | .... ၅၁၀ |
| ၂၃၇။ | ဆရာမြတ်တို့၏ အယူအဆသြဝါဒကိုပြခြင်း | .... ၅၁၁ |
| ၂၃၈။ | အရာရာတွင်ရှုဆင်ခြင်ရပုံကိုပြခြင်း | .... ၅၁၃ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၃၉။ | စကြဳသွားစဥ် ရှုဆင်ခြင်ပုံကိုပြခြင်း | .... | ၅၁၅ |
| ၂၄၀။ | မာရ်စစ်သည် ဆယ်ပါးကိုပြခြင်း | .... | ၅၁၈ |
| ၂၄၁။ | ဝိပဿနာ ဝိမုတ်ကိုပြခြင်း | .... | ၅၂၄ |
| ၂၄၂။ | အသိခြောက်ပါးကို ခွဲခြား၍ပြခြင်း | .... | ၅၂၆ |
| ၂၄၃။ | ကြီးစည်ခါမျှမဟုတ် အားထုတ်ရမည်ကိုပြခြင်း | .... | ၅၂၇ |
| ၂၄၄။ | ပြောခတော့အဟုတ်လုပ်တော့အလွဲ သေလျှင်ငရဲ | .... | ၅၂၈ |
| ၂၄၅။ | ပရိယတ်ပယ်က မဟာစောရ | .... | ၅၂၉ |
| ၂၄၆။ | ကွဲ့ရှဲ့ရှုဘ်ချ ရောချဝ | .... | ၅၃၀ |
| ၂၄၇။ | သာသနာတော်၏ ဘေးကြီး ငါးပါးကိုပြခြင်း | .... | ၅၃၁ |
| ၂၄၈။ | အဖါများက အသားကွယ်ရပုံ | .... | ၅၃၄ |
| ၂၄၉။ | သမထ,ဝိပဿနာ အားထုတ်ရာ | .... | ၅၃၇ |
| ၂၅၀။ | စရဏမရှိ ယထာဘူတမသိ | .... | ၅၃၉ |
| ၂၅၁။ | ဓမ္မတာသဘောကို စေ့ဆော်ရန်မလို | .... | ၅၄၁ |
| ၂၅၂။ | ပုဂ္ဂိုလ်လေးစားနှင့် ကျင့်နည်းလေးပါး | .... | ၅၄၂ |
| ၂၅၃။ | ဝေနေယျပုဂ္ဂိုလ် ဂုဏ်လေးဝ | .... | ၅၄၅ |
| ၂၅၄။ | သဘာဝမသိက ငြင်းခုံကြဲ | .... | ၅၄၆ |
| ၂၅၅။ | သာသနာခေတ်ကာလကို ရွေးစစ်၍ပြခြင်း | .... | ၅၄၉ |
| ၂၅၆။ | သိကြားသာသနာ | .... | ၅၅၁ |
| ၂၅၇။ | လောကယုဂ လေးပါး | .... | ၅၅၃ |
| ၂၅၈။ | သာသနာယုဂ ငါးပါး | .... | ၅၅၅ |
| ၂၅၉။ | သာသနာကွယ်ကြောင်းငါးပါး | .... | ၅၅၇ |
| ၂၆၀။ | မဂ္ဂင်ရထား စီး၍သွား | .... | ၅၅၉ |
| ၂၆၁။ | ဘုရားရဟန္တာ ဆရာများသည် လမ်းညွှန်မှုသာ | .... | ၅၆၂ |
| ၂၆၂။ | ကမ္မဋ္ဌာနာစရိယ အစဥ်အဆက်ကိုပြခြင်း | .... | ၅၆၃ |
| ၂၆၃။ | ဓမ္မမိဘ်သဟာ ပန်ကြားလွှာ | .... | ၅၆၅ |
| ၂၆၄။ | ဓမ္မဒါန အကျိုးပြ | .... | ၅၆၅ |
| ၂၆၅။ | အာသီသ နိဂုံး | .... | ၅၆၈ |

# ပဓာနပါရဂူကျမ်း

## ပဏာမ ဗုဒ္ဓ ဝန္ဒနာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

[နမက္ကာရ ဥဒါန စုဏ္ဏိယ။]

အရဟတော၊ ကိလေသာ စက် သုံးထောင် ဝက်ကို လေးမဂ် အောက်ထက် အမြောက်စက်ဖြင့် ဖျောက်ဖျက် ခုတ်ထွင် ငုတ်မထင်အောင် သုမ်သင် ရှင်းလင်းတော်မူပြီး ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးလီ ခိုင်နှင်းဆီကို မမှီဆရာ ကိုယ်ချည်းသာလျှင် ကောင်းစွာထင်ထင် သိမြင် တော် မူပြီးထသော။ တဿ ဘဂဝတော၊ ထိုကျေးဇူး တော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးအား။ မေ၊ ခန္ဓာပဉ္စက သမူဟကို ငါဟုသမုတ် အကျွန်ုပ်၏။ နမော၊ ကာယဝစီ မနောညီလျက် သုံးလီဒွါရ ပဏာမဖြင့် ကြည် စွာ့ဝပ်စင်း ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါ၏ အရှင်ဘုရား။ ဣမိနာ ပဏာမေန၊ ဤသို့ မြတ်စွာဘုရားအားရှိခိုးကြောင်း

ဖြစ်သော ပဏာမ စေတနာဖြင့်။ မေ၊ အကျွန်ုပ်အား။ ပတ္တိတံ၊ အလိုရှိအပ်, တောင့်တအပ်သော။ ဝရံ၊ဝိဝင်္ဂနိဿိ ဂုဏ်ပေါင်း ညီသည့် ရှင်ကြည် ငြိမ်းချမ်း နိဗ္ဗာန်နန်းတည်း ဟူသော ဆုမြတ်မင်္ဂလာသည်။ သမိဇ္ဈတု၊ လျင်မြန်ဆော စွာ ပြည့်စုံပါစေ သတည်း။ ဝါ၊ ပြည့်စုံပါစေသား-ကျေး ဇူးတော်ရှင် မြတ်စွာဘုရား။

မှတ်ချက်–ဤနမောတဿ အစဦးစွာ ပဏာမမင်္ဂလာ ကြီးသည်ကား(၁)ဒီဃနိကာယ် သုတ်မဟာဝါ ပါဠိတော် သက္ကပဉှသုတ်၌ သိကြားမင်း ကြီးသည်ရင်း, (၂) မဇ္ဈိမ နိကာယ် မူလပဏ္ဏာသ ပါဠိတော် ဂူဠှဟတ္ထိပဒေါပမ သုတ်၌ ဇာဏုဿောဏိ ပုဏ္ဏားကြီးသည်ရင်း, (၃) မဇ္ဈိမ နိကာယ် မဇ္ဈိမပဏ္ဏာသ ပါဠိတော် ပိယဇာတိက သုတ်၌ ပသေနဒီကောသလ မင်းကြီးသည်ရင်း, (၄) ၎င်းပါဠိ တော် ဗြဟ္မာယုသုတ်၌ ဗြဟ္မာယု ပုဏ္ဏားကြီးသည် ရင်း, (၅)၎င်းပါဠိတော် သင်္ဂါရဝသုတ်၌ ဓနဉ္စာနီပုဏ္ဏေးမကြီး သည်ရင်း, (၆) သံယုတ္တ နိကာယ် သဂါထာဝဂ္ဂသံယုတ် ပါဠိတော်ဗြာဟ္မဏသံယုဘ် ပဌမဝဂ် ပဌမသုတ်၌ ဓနဉ္စာနီ ပုဏ္ဏေးမကြီးသည်ရင်း, (၇)အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် ပါဠိတော် သမစိတ္တဝဂ် ဆဋ္ဌသုတ်၌ အာရာမဒဏ္ဍ ပုဏ္ဏား သည်ရင်း,(၈)အင်္ဂုတ္တရ နိကာယ် ပဉ္စကနိပါတ် ဗြာဟ္မဏ ဝဂ် စတုတ္ထ သုတ်၌ ကာရဏ ပါလီ ပုဏ္ဏားသည် ရင်း, (၉)ခုဒ္ဒကနိကာယ် ဓမ္မပဒ အဋ္ဌကထာ ယမကဝဂ် သာရိ ပုတ္တထေရ ဝတ္ထု၌ မဟိန္ဒ ဟူ၍ရင်း- ဇယသေန ဟူ၍ရင်း နှစ်မည်ရသော မင်းကြီးသည်ရင်း နေရာမှ ထ၍ မြတ်စွာ ဘုရားရှိရာသို့ ကိုယ်ကို ကိုင်းညွတ်ခါ လက်အုပ် ချီလျက်

၏''နမောတဿ''မင်္ဂလာပဏာမဖြင့်ပင် သုံးကြိမ်တိုင်တိုင် ဥဒါန်း ကျူးရင့်ခြင်းစသည်ဖြင့် ဘုရားလက်ထက် အဆက်ဆက်မှ ယခုထက်တိုင် ပညာရှိကဝိအမော် ကျမ်းပြုပုဂ္ဂိုလ်ကျော်တိုင်း အသုံးပြုအပ်, နှစ်သက်အပ်သော နမက္ကာရ ဥဒါန်းစုဏ္ဏိယကြီးပင်တည်း။

---

## ၏ပဏာမ စုဏ္ဏိယဖြင့်ပင် ရတနာသုံးပါးလုံးကို ရှိခိုးခြင်းကိစ္စ ပြီးမြောက်ရကြောင်း၊

တီသု ရတနေသု ယတ္ထ ကတ္ထစိ စိတ္တီကာရေ
ကတေ သဗ္ဗတ္ထ ကတောယေဝ ဟောတိ။

[ကင်္ခါဝိတရဏီလသုတ်အဋ္ဌကထာ။]

တီသုရတနေသု၊ ဘုရား, တရား, သံဃာအားဖြင့် သုံးပါးကုန်သော ရတနာတို့တွင်။ ယတ္ထကတ္ထစိ၊ အမှတ်မရှိ တပါးပါးသော ရတနာ၌။စိတ္တီကာရေ၊အရိုအသေအလေးအမြတ်ကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ သဗ္ဗတ္ထ၊ အလုံးစုံသော သုံးပါးလုံး၌။ ကတောယေဝ၊ ပြုအပ်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဟူသော အဋ္ဌကထာ စကား မိန့်မှာ ထားသည်ကို ထောက်ထားသောအားဖြင့်ရင်း, ရတနာ မြတ်သုံးပါးတို့၏ ဂုဏ်ကို ယုံကြည်လေးစား အကျယ်တဝင့် ဖွင့်ဆိုပွါးများပါလျှင် ဆုံးစမထင် အလွန်လျှင် ကျယ်ဝန်း ကြီးကျယ်လှသဖြင့်ရင်း,ရတနာသုံးပါးလုံးကို ထားဘိဦး ဘုရားရတနာ တဆူတည်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးလျှင်ပင် သာမန်ပုဂ္ဂိုလ်ကို မဆိုထားဘိ (ဘုရားတဆူ၏ဂုဏ်ကို) တဆူသော

ဘုရား ဟောပြောပြြားသည်ရှိသော် တပါးသောတရားကိုမျှ မဟောသော အနုပါဒိသေသာ ခတ်နန်းသို့ ပရိနိဗ္ဗာန် စံမြန်းရမည်ကိုသော်၎င်း, ဘုရားသခင် ကိုယ်တော်မြတ်ကြီး ၏ ဂုဏ်တော်တွေ အနန္တကိုထားဘိဦး သဗ္ဗညုတ ဉာဏ် တော်တပါးကိုပင်တခုသောစကြာဝဠာအတွင်းသုံးနှစ်သုံးသီး နေ့ညဥ့်မပြတ် ရွာသွန်းအပ်သော မိုဃ်းပေါက်တို့၏ အရေ အတွက်ကို တခဏခြင်း ရေတွက်ခြင်းငှါ စွမ်းနိုင်ရာသော လကျ်ာတော်ရံ သားကြီးရတနာ ပညာတေဒဂ်ရ အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီးသော်မှ မစွမ်းနိုင် ရာသော အကြောင်းကိုသော်၎င်း ထုံးဟောင်းသာဓက ထောက်ဆ သောအားဖြင့် အခါအခွင့် သင့်မသင့်ကို နှိုင်းချင့် ထောက် ထား၍ ညွတ်တွားရိုကြိုးခါ ဝန္ဒနာပဏာမ ပြုလိုက်ရပေ တော့ သတည်း။

ဤကား ပဏာမ ဂန္ထာရမ္ဘ ပေတည်း။

# ဤစာရေးသားခြင်း၏ အကြောင်း နိဒါန်းကိုပြခြင်း

အစိန္တိတမ္ပိ ဘဝတိ စိန္တိတမ္ပိ ဝိနဿတိ။

[ဇနကဇာတ် ပါဠိတော်။]

အစိန္တိတမ္ပိ၊ မကြံစည် မမြှော်လင့် ပါဘဲလျက်လည်း။ ဘဝတိ၊ အကြောင်းသင့်ခါ ဖြစ်ပေါ်၍လာတတ်ပါပေ၏။ စိန္တိတမ္ပိ၊ မဖြစ်ဖြစ်ရန် ရည်သန်ကြိုးကုတ် အားထုတ်ကြံစည်ပါသော်လည်း။ ဝိနဿတိ၊အကြံတခြား ဖြစ်တပါးသာပျက်ပြား၍ သွားတတ်ပါပေ၏။

ဟူသောစကားအတိုင်းပင် ဆရာ့ဆရာ သာ့ထက်သာတို့ ရေးသားပြုပြင်စီရင်ပြီးခါ ကျမ်းများစွာပင် ပြည့်စုံလင်ပြီဖြစ်ပေရကား ဘယ်အချိန်ကာလကမျှ စာရေးရန် မရည်ရွယ် မကြံစည်ခဲ့ပေ။

သို့ပင်ဖြစ်လင့်ကစား ကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်ပြီးကာလ ပဉ္စမဦးစွာပြည်ဗာရာအနီး မိဂဒါဝုန် ရဂုံသာမော သမင်ပေါ်သောတော မြိုင်ကြီးဝယ် ဝါဆိုတော်မူပြီးသကာလ ဝါလကျွတ်သော အခါသမယတွင် နေရင်ရာ မြစ်သာကမ်းနား ဥရုဝေလရွာအနီး ဥရုဝေလတောကြီး၌ တသီးပုဂ္ဂလ အားထုတ်ကျင့်ကြံ၍နေကြသော ဥရုဝေလကဿပမှစ၍ ညီနောင်ရှင်တထောင်တို့ထံ ကိုယ်တော်တပါးတည်းကြွသွားခါ ချေချွတ်တော်မူမည်ဟု အကြံပြု၍ ခြောက်ကျိပ်မျှသာရရှိသေး

သော ရဟန္တာတို့ကို ပေါင်းစုပြီးခါ မှာကြားမိန့်ဟ တိုက်တွန်းတော်မူခဲ့သည်မှာ—

ဂိဟီန မုပကရောန္တာနံ၊ နိစ္စ မာမိသဒါနတော။
ကရောထ ဓမ္မဒါနေန၊ တေသံ ပစ္စုပကာရဏံ။

[ဗုဒ္ဓဝင် ပါဠိတော်။]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေးရှုပြား အို—ချစ်သားတို့။ အာမိသဒါနတော၊ ကျောင်း, သင်္ကန်း,ဆွမ်း,ဆေး လေးပါးသောပစ္စည်းဟု ဆိုအပ်သော အာမိသဒါနအားဖြင့်။ နိစ္စံ၊အမြဲ။ ဥပကရောန္တာနံ၊ထောက်ပံ့သမှု ကျေးဇူးပြုကြပေကုန်သော။ တေသံဂိဟီနံ၊ ထိုလူများအပေါင်းတို့အား။ဓမ္မဒါနေန၊ တရားဟောခြင်း,တရားပြခြင်းဘည်းဟူသော ဓမ္မဒါနဖြင့်။ပစ္စုပကာရဏံ၊ တဘန်ပြန်၍ ကျေးဇူးပြုခြင်းကို။ ကရောထ၊ပြုရစ်ကြပါကုန်လော့။

ဤသို့ကျေးဇူးတော်ရှင် သခင်ဘုရား မိန့်မှာထားသည်ကို မျက်ဝါးထင်ထင် ယခုပစ္စက္ခ၌ပင် စာရေးသူကိုယ်တိုင် မဇ္ဈိမဒေသ သာသနာတော် ၂၅၀၀-ပြည့်ကာလ ရောက်ခဲ့စဉ် အခါသမယက ဓမ္မစကြာ ဟောရာဌာန စေတီလှဝယ် ဝတ်ပြု၍နေစဉ် မြတ်စွာဗုဒ္ဓ ''မိမိကိုယ်ပင်'' မိန့်ဟသည်ဟု စိတ်မှာထင်ကာ မိမိသိသမျှ''ပဓာနလမ်းစဉ်''ကို မှတ်တမ်းတင်ခါ ပေးလှူလိုသောဆန္ဒ ပြင်းပြစွာဖြစ်ပေါ်လာသည်အလျောက် ရေးသားစီစဉ် လှူဒါန်းမည်ဟူသော ပဋိညာဉ်ကိုပြုပြီးခါ အကျဉ်း ဥဒ္ဒေသမျှစ၍ ရေးသားခဲ့သည်ဖြစ်ပါကြောင်း။

ထို့မှတဖြာ မိမိ၏ ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် စစ်ကိုင်းတောင်ရိုး "မဟာအေးမြို့ကြီး ချောင် ဆရာတော်ဘုရားကြီး" က မိန့်ဟခါခါ တိုက်တွန်းသည်ကိုဝန်ခံခါ ကျေးဇူးဆပ်သောအနေအားဖြင့်၎င်း—

ထို့မှတပါး မိမိ၏ဥပဇ္ဈာစရိယဖြစ်ခဲ့တော်မူသော ကျေးဇူးတော်ရှင် မန္တလေးမြို့ အနောက်ပြင် စကုတိုက် "ရွှေဘို ကျောင်း ဆရာတော်ဘုရား"ကမိန့်ဟတိုက်တွန်းခြင်းကို ဝန်ခံခါ ကျေးဇူးဆပ်သော အနေအားဖြင့်၎င်း၊ ထို့မှတပါး သီတင်းသုံးဘော် ဓမ္မမိတ်ဆွေများနှင့် တပည့် ဘာဝနာ ယောဂီများ၏ တောင်းပန် လျှောက်ထား တိုက်တွန်းကြသောအားဖြင့်၎င်း၊ ဤသို့စသား များပြားလှစွာသော အကြောင်းများတို့ကြောင့် ဤစာမူကို ရေးသားပြုပြင်စီရင် လှူဒါန်းခြင်းအမှု ပြုလုပ်သည်ဖြစ်ပါကြောင်း။

### အလေးပြုခါ ကျေးဇူးဆပ်ပါ၏

ဤစာမူကို ရေးသားပြုပြင် စီရင်လှူဒါန်းခြင်းအားဖြင့် တမလွန်ဘဝ ပြောင်းကြွတော်မူကြပေကုန်ပြီးသော ဘိုးဘွား, မိဘ, ဆရာသမား, ဆွေမျိုးဉာတိသင်္ဂဟများ နှင့် ယခုမျက်မြင် အထင်အရှား ရှိတော်မူကြပေကုန်သော ဘိုးဘွား, မိဘ, ဆရာသမား, ဆွေမျိုးဉာတိ သင်္ဂဟများ အား အလေးပြု၍ ဂုဏ်ပြုခါခါ ကျေးဇူးဆပ်ပါ၏။

# ရေးသားမည့် အစီအစဉ် ပဋိညာဉ်ကို ပြုခြင်း

ပဏာမ နိဒါန်းတို့၏ အခြားမဲ့၌ ဤကျမ်း၏ သဘာဝ ရေးသားမည့် အစီအစဉ်ကို သိသင့်လှပေတော့၏။

အစီအစဉ်မှာ–ဒီဃနိကာယ် အဝင်အပါ သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ်တော်ကြီး၏ ပဌမပဗ္ဗ "အာနာပါန" ပိုင်းကို မှတည်ပြီးလျှင် ကြွင်းကျန်သင့်လျော်ရာ ပါဠိ,အဋ္ဌကထာ, ဋီကာတို့ကိုရင်း(မူလီသွတ်၍)၊ မုံရွာ ဒိစတြိုက်ကန္နီမြို့ "ရွှေသိမ်တော်တောရဆရာတော်ဘုရားကြီး" စစ်ကိုင်းတောင်ရိုး "မဟာအေးမြို့ကြီးချောင်ဆရာတော်ဘုရားကြီး" နှစ်ပါးတို့၏လက်ဆုပ်ကိုင်ပြ "အာစရိယဟဏ္ဍမုဋ္ဌိ" နည်းနယတို့ကိုရင်း၊ ထိုမှတဖြာ ဆရာ့ဆရာ သာ့ထက်သာ ဖြစ်တော်မူကြပေကုန်သော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့၏ နည်းနာနယ အဝဝတို့မှရင်း ကောင်းနိုးရာရာ အဖြာဖြာတို့ကို အဆင်သင့်သလိုထည့်သွင်းပြီးလျှင် ပဓာနအလုပ် အားထုတ်လိုသူ ဘာဝနာယောဂီ ပုဂ္ဂိုလ်ဖြူတို့၏ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်ရောက် ကူးမြောက်နိုင်ကြောင်း နည်းလမ်းကောင်းတဆူ ဖြစ်တော်မူပေသောကြောင့် "ပဓာနပါရဂူ" ဟူသောအမည်ဖြင့် ရေးသားပြုပြင် စီရင်မည်ဖြစ်ပါကြောင်း-စာရှုသူ သူတော်ကောင်းတို့အား ပဋိညာကာရဏာ ပြုလိုက်ရပါကြောင်း၊

# ဥယျောဇနကဏ္ဍ

## တိုက်တွန်းအားပေးမှုများကိုပြသောအခန်း

မေတ္တာ ကာယကံ, မေတ္တာဝစီကံ,မေတ္တာမနောကံ တို့ဖြင့် စာရှုသူအား ဘာဝနာလမ်းစဉ်ကို မရေးသားမီ ရှေးဦးစွာတိုက်တွန်း သတိပေးပါရစေဦး။

**စာရှုသူ**–“ပညာရှိသော်လဲ သတိဖြစ်ခဲ့”ဆိုသောစကားကဲ့သို့ပင်“မျိုးကောင်းသော်လဲ မိုယ်းမလောင်းက အညွန့်အညှောက် မပေါက်နိုင်”ဟူသော ဗီဇနိယာမတရားကြီးသည် စာရှုသူအား “ပညာရှိသူတော်ကောင်းတို့ကိုဆည်းကပ်ရန်မမေ့ပါနှင့်”ဟုအစဉ်သဖြင့်သတိပေးလျက်ရှိပေ၏။

**မှန်ပါသည်**–အကြောင်းကိုပြရပါလျှင် “ပေါဋ္ဌိလ”ခေါ် မထေရ်ကျော်ကြီးသည် ဘုရားခုနစ်ဆူတို့ တိုင်တိုင် ပိဋကတ်သုံးပုံကိုနှုတ်ဝယ်ငုံခါ အဋ္ဌကထာနှင့်တကွ ချပို့သင်ပေးတပါးသောပုဂ္ဂိုလ်တို့၏သံသယကိုကင်းဝေးစေနိုင်အောင်သိပါငြားသော်လဲ“**တကဲ့ပဓာနအလုပ်**” အားထုတ်မည်ပြုရာ ဘယ်ဟာကိုမှ မယ်မယ်ရရမရှိလှဘဲ မိမိသိထားသောအသိတရားတွေနှင့်သာ ဗျာများပြီးခါ သမာဓိ “**စိတ်၏တည်ကြည်မှု**”မရနိုင်ပါ၍ နောက်ဆုံး ကာလ သာမဏေငယ်ထံ နည်းခံယူကာကျင့်ကြံအားထုတ်ပါမှ“**ပဓာနလမ်း**” ဆုံးခန်းတိုင်မြောက် အရဟတ္တဖိုလ်သို့ ရောက်ရသည်မဟုတ်ပါလော။

## ဤဘဝတွင် မဂ်ဖိုလ်ရနိုင်သောပါရမီကံရှိပါငြားလည်း မဂ်ဖိုလ်ကို မရကြခြင်း၏အကြောင်းလက္ခဏာ အင်္ဂါငါးပါးကိုပြခြင်း

(၁) ကျွတ်ထိုက်သော ပါရမီကံ ရှိပါငြားသော်လည်း ကာမဂုဏ်တို့ကို ထိုက်သည်အားလျော်စွာ မစွန့်နိုင် မခွါရက်ခဲ့လျှင်သော်၎င်း, အားမထုတ်နိုင်လောက်အောင် အိုမင်းမစွမ်း ရှိခဲ့လျှင်သော်၎င်း မဂ်,ဖိုလ်ကိုမရနိုင်ပါ၊ ဤအရာ၌ "မဟာဓနသူဌေးသား" လင်,မယားတို့ကို ရှုကြည့်ပါလေ။

[ဝတ္ထုအကျယ်ကို ဆိုင်ရာမှာရှု။]

(၂) ကာမဂုဏ်တို့ကို စွန့်လွှတ်ပြီးခါ လွန်စွာအားထုတ်ပါငြားသော်လည်း ဘုရားစသော ဥပနိဿယ အမှီကောင်းကို မမှီဝဲရလျှင်လည်း မဂ်ဖိုလ်ကို မရနိုင်ပါ၊ ဤအရာ၌ "အာနန္ဒာရှင်ဥဒါက"ရသေ့တို့ကို ရှုကြည့်ပါလေ။

(၃) ဆရာကောင်းနှင့်တွေ့ပြန်ပါသော်လည်း လုံလောက်စွာ အားထုတ်ခြင်း မရှိပါလျှင် မဂ်, ဖိုလ်ကို မရနိုင်ပါ၊ ဤအရာ၌"အရှင်ဥဒါယီ"မထေရ်ကြီးကို ရှုကြည့်ပါလေ။

(၄) အားထုတ်ပါသော်လည်း ငယ်လျက်နှင့် မကျန်းမာသော်၎င်း,အိုမင်းမစွမ်း ရှိသော်၎င်း တွင်ကျယ်စွာအားမထုတ်နိုင်ပါလျှင်လည်း မဂ်,ဖိုလ်ကိုမရနိုင်ပါ၊ ဤအရာ၌ပါရမီရင့်ပြီး နိယတဗျာဒိတ် မရခဲ့သဖြင့် ဘုရားအဆူဆူ လွဲနေကြသော"နေယျပုဂ္ဂိုလ်"တို့ကို ရှုကြည့်ပါလေ။

(၅) မဂ်,ဖိုလ်ရဘို့ရန် ပါရမီရှိပါပြေးသော်လဲ ကံကြီးငါးပါးတို့တွင် တပါးပါးကို ပြစ်မှားကျူးလွန်မိပါလျှင်လဲ မဂ်,ဖိုလ်ကိုမရနိုင်ပါ၊ ဤအရာ၌ "အဇာတသတ်"မင်းသားကိုရှုကြည့်ပါလေ။

---

## ပဋိမဘာဝိက နှစ်ဌာနကိုပြခြင်း

ဤ၌"ပဋိမဘာဝိက"သည် နှစ်မျိုးနှစ်စားရှိပေ၏၊ (၁) "နိယတပဋိမဘာဝိက"တမျိုး၊(၂) "အနိယတပဋိမဘာဝိက" တမျိုး၊ ဤသို့နှစ်မျိုးရှိ၏၊ ထိုတွင်(၁)"နိယတပဋိမဘာဝိက" ပုဂ္ဂိုလ်မှာမည်မျှလောက်ပင် အနှောင့်အရှက်တွေ့ရှိစေကာယခုဘဝတွင်ကေန်မုချ မဂ်,ဖိုလ်သို့ဆိုက်ရောက်ရ၏၊ (၂) "အနိယတပဋိမဘာဝိက"ပုဂ္ဂိုလ်ကားမဂ်,ဖိုလ်၏အန္တရာယ်ဖြစ်သော(က)ရှင်ဒေဝဒတ်ကဲ့သို့သော အဆွေ ခင်ပွန်းယုတ်နှင့်ပေါင်းသင်းယှက်တင်ချစ်ကျွမ်းဝင်ရခြင်းဟုဆိုအပ်သော "ပါပမိတ္တ"၊(ခ)မဇ္ဈိမပဏ္ဏာသ၌လာသော"ပေယ"အမည်ရှိသော ဒါယကာကဲ့သို့ မဂ်,ဖိုလ်ရကြောင်းတရား ကောင်းတို့ကို အလေးမပြု ဂရုမမူဘဲ တရားတပိုင်းတစနှင့် အရေးတကြီး ပြန်သွားမှုကြောင့် မဂ်,ဖိုလ်သို့မဆိုက်ရဘဲ လွဲခြင်းကြီးလွဲရသော "ကိရိယာပရိဟာနိ"၊ ဤအကြောင်းနှစ်ပါးရှိနေပါက မဂ်,ဖိုလ်ကိုမရနိုင်ပါ၊ ပြည့်စုံပါမှရနိုင်ပေမည်၊

### ထို့ကြောင့်မဟုတ်ပါလော?

"ကိစ္စများထု၊အမှုမှုကို၊ ပြုလုပ်ကြိုးစား၊လုံ့လထားမှ၊ ကြီးမားခံ့ခိုင်၊ပြီးဆုံးတိုင်၏၊ ကြံနိုင်ခါမျှ၊ မပြီးကြတည့်၊သီဟမည်ခေါ်၊ ခြင်္သေ့သော်လည်း၊ အိပ်ပျော်လျက်သာ၊ နေ

တိုပါမူ၊ ဘယ်မှာစားဘွယ်၊ခံတွင်းသယ်သို၊ သားငယ်သမင်၊ လာ၍ဝင်အံ့၊ ပုံတင်နီတိ၊ ကျမ်းညွှန်းရှိသည်၊ ကဝိပူရာဏ် စကားတည်း''။

## သေသေချာချာ စဉ်းစားပါ

စာရှုသူ- စာရှုသူ၏ ယခုရလာသော ဘဝ၏အခြေအနေကို သေသေချာချာစဉ်းစား၍ ကြည့်မိပါရဲ့လား?၊ဟိုလွန်ခဲ့တဲ့ ဘဝပေါင်းများစွာတုန်းက အလှူဒါနတွေပြု၊သီလသီတင်းတွေ ဆောက်တည်၊ဘာဝနာတွေကိုလဲအသင့်အတင့်ပွါး၊ ဤလို အမျိုးမျိုးသော တရားတွေကိုပြုစုပျိုးထောင်ခါ မြတ်စွာဘုရား၏ သာသနာတော် နေလပမာ ထွန်းလင်းတောက်ပရာဌာနချိန်ကာလတွင် လူကောင်းသူကောင်းဖြစ်ရန် တောင့်တ၍ လာခဲ့ခြင်းကြောင့် ရလာသော ဘဝထူးမဟုတ်ပါလား?။

ယခုဘဝ တောင့်တသည့်အတိုင်း တကယ်ရလာပြန်ပါတော့လဲ စာရှုသူ၏အခြေအနေ ဘယ်အခြေ ရောက်နေသည်ကို စဉ်းစားမိပါရဲ့လား?။

ဤကဲ့သို့ပင် မိမိရလာခဲ့သော ဘဝပဒေသာပင်ကြီးကို အလွဲသုံးစားပြုခါ ပေါ့တန်လေးဖင့် ပြုလုပ်ရန် အရေးအခွင့်တို့ကို အချိန်အခါမှီ မပြုလုပ်ခဲ့မိခြင်းကြောင့် ဂင်္ဂါသဲ ၃၂ ပွင့်ကုန်ကြသော ဘုရားသခင်အဆူဆူဘို့ လွန်တော်မူသည်း စာရှုသူ၏အခြေအနေ ထင်သလောက် မတိုးတက်သေးပေ။

မှန်ပါသည်-စာရှုသူသည် ပူပြန်တော့လဲ ဥတုကပြင်း ထန်လွန်းလို့၊အေးပြန်ပါတော့လဲအေးလွန်းလို့၊မိုးချုပ်ပြန် လဲ မိုးချုပ်လှပေါ့၊ နံနက်မှ စောစောပြုလုပ်ရန် စောပြန် ပါတော့လဲ လုပ်ပါလေ့ အချိန်တွေ အများကြီးရှိသေး၊ ထမင်းဆာပြန်တော့လဲဆာနေသေးလို့"အူမတောင့်မှသီလ စောင့်နိုင်"ဆိုသလိုဘဲ၊ စားပြီးပြန်ပါတော့လဲဗိုက်လေးလှ သေး ထမင်းစားဝကြီးအားထုတ်ပါက အိုးတိုးအင့်တင့်နဲ့ ကျန်းမာရေး ထိခိုက်ပြန်သတဲ့၊ "အာရောဂျံ-ပရမံလာဘံ" များနဲ့ တရေးလောက်မှေးပြီးခါထမင်းလုံးစီ အစာချေရန် စသည်ဖြင့် အလုပ်လုပ်ရန်ကာလ ဆွဲခါချ၍ ဆင်ခြေတွေ, မြင်းခြေတွေ ကန်နေသမျှ စာရှုသူ၏ဘဝသည် ဘယ်အချိန် ဘယ်ကာလ,ဘယ်အရွယ်သို့ကျရောက်နေပါပြီလဲ?။

ဆောင်ထားရန် ဗမာဂါထာ

အပူအအေး လွန်သေးတကယ်၊
မိုးချုပ်လှပေါ့ စောတော့စောတယ်၊
အလွန်ဆာသေး ဗိုက်လေးသကွယ်၊
လူပျင်းမျိုး ဆိုရိုးပြစ်ခြောက်သွယ်။
[သုတ်ပါထေယျ ပါဠိတော် သိင်္ဂါလသုတ်မှ၊]

## ဆုံးမပေရှာ ဒို့မြတ်စွာ

ကျေးဇူးတော်ရှင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီးသည် သက်တော်အားဖြင့် (၈၀), ဝါတော်အားဖြင့် (၄၅) ဝါ တိုင်ကာလပတ်လုံး နေ့ညဉ့်မအား ဟောကြား ညွှန်ပြ တိုက်တွန်း နှိုးဆော်တော်မူခဲ့သည်မှာ—

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။
[သုတ်မဟာဝါပါဠိတော်မဟာပရိနိဗ္ဗာနသုတ်။]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေး ကြောက်ညီး အို–ချစ်သား, ချစ်သမီးတို့။ ဝေါ၊ သင်ချစ် သား, ချစ်သမီးအပေါင်းတို့အား။ ဟန္ဒဒါနိ၊ ပရိနိဗ္ဗာန် စံဝင်နီးလာ ဤယခုအခါ၌။ အာမန္တယာမိ၊ နောက်ဆုံး စကားအနေနှင့် ခေါ်ကြားသိစေခဲ့ပါ၏။သင်္ခါရာ၊ ကံ,စိတ်, ဥတု ဟာရစုတို့ ပြုပြင်တတ်ငြား တော်ကြမက သင်္ခါရတရား တို့သည်။ ဝယဓမ္မာ၊ ဖြစ်ကမှန်စွာ ပျက်တတ်ပါသော သဘောရှိကြလေကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့ မ ပေါ့ မဆသော သတိသမ္ပဇည . အပ္ပမာဒ တရားနှင့်။ သမ္ပာဒေထ၊ ကိုယ်စီကိုယ်င စုံပြည့်ဝအောင် "ငါဘုရား မရှိသည်နောက်" ကြိုးစားအားထုတ်ခါ ကျင့်ဆောင်၍သာ နေရစ်ကြပါကုန်လော့။

ဤမှာတော်ပုံ ဒေသနာတော်ကြီး၏ အဆုံး၌ပင်လျှင် ငါတို့မျက်ရှု သဗ္ဗညု ကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ် တော်မြတ်ကြီးသည် သာသနာတော်မြတ်ကြီးကို တပည့် သာဝကအများတို့အား လွှဲအပ်တော်မူပြီး မျက်နှာတော် လွှဲခါ ပရိနိဗ္ဗာန်ပွဲကြီးကို ဆင်နွှဲစံမြန်း၍ ခိုဝင်တော်မူခဲ့ လေပြီတကား။

စာရှုသူ–ဤကဲ့သို့ပင် ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ရွှေမျက်နှာတော်ကို မြင်ယောင် ယောင်ဖြစ်ခါ ထောက်ထားသဖြင့်ရင်း, စာရှုသူ–မိမိ၏

ဘဝသံသရာဝဋ်စက်မှ လွတ်ထွက်ရန်အရေး မြော်တွေး သဖြင့်ဇင်း ဘုရားအလိုတော်ကျ သိက္ခာသုံးဝ ပမာနတို့ ကို ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်အားထုတ် သင့်သည် မဟုတ်ပါလော?။

## ငါးထောင်သာသနာ တည်တွန်းရာ

ထိုကဲ့သို့ပင် ဟောပြ ညွှန်းချွေ ငါတို့၏ မြတ်စိန္တေ သည် ပရိနိဗ္ဗုတေနန်း စံမြန်းကြွဝင်တော်မူပြီးသည်နောက် ထွန်းတောက် တည်ထွန်းရစ်မည့် သာသနာတော် နှစ်သည် ကား''ငါးထောင်နှစ်မျှ''ပမာဏ ရှိပေ၏၊ ထို ငါးထောင် သာသနာ တည်ထွန်းရာတွင် ယခုအခါ ပေါက်ရောက်ချင်း နင်း ကုန်ခန်း လွန်မြောက်သော နှစ်စာရင်း သည်ကား ''နှစ်ထောင့်ငါးရာ''ရှိခဲ့ချေပြီ၊ ကြွင်းကျန်စင်စစ် သာသနာ နှစ်သော်ကား''နှစ်ထောင့်ငါးရာ''နှစ်မျှသာ ရှိပေတော့၏။

စာရှုသူ- ထိုကြွင်းကျန်စင်စစ် ''နှစ်ထောင့်ငါးရာ'' နှစ် တို့တွင် မိမိ၏ တွက်တာ လူ့အဖြစ်နှင့် ဘယ်နှစ်နှစ်မျှသာ ကြုံကြိုက်ခွင့် ရှိပါသေးသလဲဟု စဉ်းစား၍ ကြည့်ပါဦး၊ ယခုစာရှုသူ၏အသက် အဘယ်မျှလောက် ရောက်နေပါပြီ လဲ?။

လယ်တီဆရာတော်ဘုရားကြီး၏ယူဆချက်မှာ ယခုအခါ များသော အားဖြင့် အရွယ် သုံးပါးတို့ကို ပိုင်းခြား ဝေဘန် လိုက်သော် ပဌမအရွယ်''နှစ်ဆယ့်ငါးနှစ်''၊ ဒုတိယ အရွယ် ''နှစ်ဆယ့်ငါးနှစ်''၊ တတိယ အရွယ် ''နှစ်ဆယ့်ငါးနှစ်''၊ အားလုံးပေါင်းသော်''ခုနစ်ဆယ့်ငါးနှစ်မျှသာ''များသော အားဖြင့် တဘဝနေခွင့်ရှိပေရာ ထိုခုနစ်ဆယ့်ငါးနှစ်ထဲတွင်

မိမိ၏တွက်တာ မည်မျှကုန်လွန်၍ အဘယ်မျှသာ ကြွင်းကျန်တော့သည်ကို တွက်၍ ကြည့်မိပါရဲ့လား?။

"ဇရာ" တရား နှိပ်စက်၍ အိုခြင်းသည် ဆိုသည်မှာ ခန္ဓာကိုယ် ရုပ်တရားကြီးသာ အိုမင်းမစွမ်း ရှိသည်မဟုတ်ပါ။ စင်စစ်မှာမူ ပြုလိုခြင်း—ဆန္ဒ, ယုံကြည်ခြင်း—သဒ္ဓါ, အားထုတ်မှု-ဝီရိယစသော နာမ်တရားများလဲ ရုပ်တရား၏ အားသို့လိုက်ခါ ဆုတ်ယုတ်ရမြဲ ဓမ္မတာပင်၊ ထို့ကြောင့် ယခုအခါတွင် မိမိ၏ ငယ်ရုပ် ငယ်သွေးများ ရှိပါသေးရဲ့လား?၊ ငယ်စဉ်အခါကဲ့သို့ သဒ္ဓါ, ဆန္ဒ, ဝီရိယအားများကော ရှိပါသေးရဲ့လား?၊ ကောင်းပါသေးရဲ့လား?။

## ပဓာနအလုပ် အားထုတ်ရန် မဟုတ်သော ကာလ ငါးပါး

ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ် ကြီးက "အိုချစ်သား, ချစ်သမီးများတို့···· တရား အားထုတ်ရန် အခွင့်မသင့်သော အချိန်ကာလတို့သည် ၅ါးပါးတို့ ပေတည်း။

အဘယ်ငါးပါးတို့နည်း ဟူမူကား—

(၁) တရားအားမထုတ် နိုင်လောက်အောင် အိုခြင်း တရား နှိပ်စက်သောအခါရင်း,

(၂) ဖျားနာခြင်း ဗျာဓိတရား နှိပ်စက်သော အခါရင်း,

(၃) တော်မွတ်ခေါင်းပါး ထမင်းအစာ ရှားသောအခါရင်း,

(၄) တိုင်းပြည်မငြိမ်မသက် သူပုန်ဘေးများ နှိပ်စက်ဖြစ်ပေါ်သောအခါရှင်း,

(၅) သံဃာကွဲပြားခြင်း အဓိကရုဏ်း ဖြစ်သောအခါရှင်း၊

ဤငါးပါးတို့ပေတည်း။

[ဤမှအပြန် အားထုတ်ရန်အချိန်ကာလကိုလဲ သိရှိကြပါလေ။]
[ပဉ္စင်္ဂုတ္တရပါဠိတော် နိဝရဏဝဂ် အသမယသုတ်။]

ထို့ကြောင့်သာ ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပဌမအရွယ်မှာ အားထုတ်ရန်တိုက်တွန်းတော်မူ၏၊ လယ်တီဆရာတော် ဘုရားကြီးက အသက်(၄၀) အတွင်း ပဓာနအလုပ် ဘာဝနာလက်ကိုင် တခုခု ရှိရမည်ဟု မိန့်တော်မူ၏။

စာရှုသူ– စာရှုသူသည် အကယ်၍ ယခုဘဝ ကုန်ချိန်ကျ၍ သေရမည့်အနီးသို့ ရောက်ခဲ့ပါသည်ရှိသော် မိမိ၏ အားကိုးရာသည် ဘာများ ရှိပါသလဲ?၊ မိမိပိုင်ဟု ဆိုရသော အတွင်းအပြင်ရှိ ပစ္စည်းဥစ္စာများကို အားကိုးရာဘဲဟု မှတ်ထင်ပါသလား?။

ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိ-
ဝိသယံ ဥပပဇ္ဇန္တိ။

. [အဋ္ဌသာလိနီအဋ္ဌကထာ။]

ဟိ-သစ္စံ၊ စင်စစ်ကေန် တကယ်မှန်၏။ ယေဘုယျေန၊ များသော အားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ တဏှာယ၊ အာသာ ငင်းငင်း မခွဲခွါ မစွန့်ရက်နိုင်ခြင်း တည်းဟူ

သော တဏှာ လောဘကြောင့်။ ပေတ္တိဝိသယံ၊ ပြိတ္တာတို့ဘဝ ဘုံဌာနသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြရ ပါပေကုန်၏။

ဤကဲ့သို့ အဋ္ဌကထာစကား မိန့်မှာထား အပ်သည်နှင့်အညီ ပစ္စည်းဥစ္စာ အဖြာဖြာ တို့ကို တွယ်တာငဲ့ကွက်မခွါရက်ဘဲ ရမ္မက်မကင်း သေရခြင်းသို့ ရောက်ရ ပါမူ မုချဆတ်ဆတ် ပရမတ်တို့သဘာဝ မည်သူ့ မျက်နှာကိုမျှ မထောက် ပြိတ္တာဘုံသို့သာ ရောက်ကြရပေ၏။

အကယ်၍ကား မိမိ၏ ချစ်လှစွာသော လင်, မယားနှင့် သား,သမီး,အခြွေအရံ, အားကိုးရန်ဟု ရည်မှန်းခါကိုးကွယ်ထားသော မိဘ, ဆရာသမား, အထက် ဆရာကြီးများနှင့် နတ်များ ဒေဝါ အားကိုးရာဟု ဆိုဦး ပါမည်လား?။

သေချိန်ရောက်လာမိမိရောဂါ ပြင်းထန်လာ၍ ဘာညာကယ်ပါ တစာစာဖြင့် တ-သ-အားကိုး၍ ဟစ်အော်ပါသော်လည်း သက်သာရာမရ ဒေါမနဿ်ါးခါ သေခြင်းသို့သာရောက်ခဲ့ပါမူ—

ဒေါသေန ဟိ စဏ္ဍဇာတိတာယ ဒေါသသဒိသံ နိရယံ ဥပပဇ္ဇန္တိ။

[အင်္ဂုတ္တိုလ်နိ အဋ္ဌကထာ။]

ဟိသစ္စံ၊ စင်စစ်ကေန် တကယ်မှန်၏။ ဒေါသေန၊ ပြစ်ဘေးများလှ စိတ်ဒေါသ ကြောင့်။ စဏ္ဍဇာတိတာယ၊ ကြမ်းတန်းခက်ထန်သည်၏ အဖြစ်ကြောင့်။ ဒေါသသဒိသံ၊ ဒေါသနှင့်တူသော။နိရယံ၊ ချမ်းသာလွတ်ကင်း ဆင်းရဲခြင်း

၏ ထန်ပြင်းလှစွာ ငရဲရွာသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြ ရပေကုန်၏။

ထိုကဲ့သို့ပင်မဟုတ်သေး၊သေခါနီးကာလ အချိန်ကျက ဘာမျှ အားကိုးရာမရ၊ ဒါန,သီလ,ဘာဝနာအစု တခုခုကို လဲလက်ကိုင်မပြု၊တွေဝေမိန်းမော၍သေခြင်းသဘောသို့သာ သက်ဝင်ရပါမူ—

မောဟေန ဟိ နိစ္စံ သမ္မူဠှံ တိရစ္ဆာနယောနိယံ ဥပပဇ္ဇန္တိ။

[အဋ္ဌသာလိနီအဋ္ဌကထာ။]

ဟိသစ္စံ၊ စင်စစ်ကေန် တကယ်မှန်၏။ မောဟေန၊ တွေဝေပိတ်ဖုံး မောဟတုံးကြောင့်။ နိစ္စံ၊ အမြဲ။ သမ္မူဠှံ၊ မိုက်မဲတွေဝေ မေ့လျော့ကာနေသော။ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်ဘဝ ဘုံဌာနသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြရပေကုန်၏။

၌ကဲ့သို့ပင် အဋ္ဌကထာဆရာရှင် မိန့်မှာတော်မူအပ်သည်နှင့်အညီ"လောဘနှင့်သေ ပြိတ္တာပြည်၊ဒေါသနှင့်သေငရဲပြည်၊ မောဟနှင့်သေ တိရစ္ဆာန်ပြည်" မသွေမလှန် ကေန်မုချ အပါယ်ဘဝသို့ရောက်ကြရမည်မှာ မလွဲကြတော့ပါတကား။

---

## လူ့ပြည်ကသာသနာ နတ်သက်နှင့်နှိုင်းစာပုံ

စာချွသူ—အကယ်၍ ကား သာမည ဒါန, သီလ, ဘာဝနာအဟုန်ကြောင့် လူ့ပြည်က ရွှေ့လျော၍ မိမိတို့၏အထက်တွင် နေ့, လ, တာရာ, နက္ခတ်တို့ သွားရာဌာန

ညီမျှရာဘုံဘဝ စတုမဟာရာဇ်ခေါ် နတ်ဘုံသို့ ရောက်ရသည်ဖြစ်အံ့၊ထို"နတ်တို့၏ အာရုံ ကာမဂုဏ်" တို့သည်ကား လူ့ဘုံနှင့် ထောက်စာသော် သမန်းမြက်ဖျားတွင် တင်၍နေသော နှင်းရေပေါက်ငယ်နှင့် သမုဒ္ဒရာ လွန်စွာနက်ကျယ် မြစ်ပင်လယ်မှ ရှစ်သောင်း လေးထောင် နက်ဝှမ်း ဆောင်သော ရေအယဉ်တို့သည် မနှိုင်းအပ် မယှဉ်သာ အကွာကြီး ကွာသကဲ့သို့ ဘယ်နည်းနှင့် မျှ နှိုင်းစာလို့မရ တင့်တယ်မွန်မြတ်လှလေရကား နတ်တို့၏ အာရုံ ကာမဂုဏ်ကြော နှစ်ခါမျော၍ စတုမဟာရာဇ် နတ်တို့၏အရေအတွက် "ငါးဆယ်ရက်မျှ" ပမာဏကြာ လျှင်လူ့ပြည်ရှိသာသနာကုန်ခန်းရရှာပေတော့မည်။

မှန်ပါသည်–စတုမဟာရာဇ် နတ်တို့၏ အရေ အတွက် တရက်ကြာလျှင် လူတို့၏ အရေအတွက်အားဖြင့် အနှစ် ငါးဆယ်ကြာပေရကား ထိုအနှစ်ငါးဆယ်မျှ ကြာသော ရက်ကြီးပေါင်း သုံးဆယ်မှတလ, ၎င်းဆယ့်နှစ်လမှတနှစ်၊ ထိုနှစ်ပေါင်းငါးရာသည် စတုမဟာရာဇ်နတ်တို့၏ အသက် ဖြစ်ပေရာ လူတို့၏နှစ်အရေအတွက်နှင့်ထောက်စာပါသော် နှစ်ပေါင်း(၉၀၀၀၀၀၀)ကိုးသန်းမျှကြာပေ၏၊

ထို့ကြောင့်–အကယ်၍သာ စတုမဟာရာဇ် နတ်ဘုံ တွင် အရက်ငါးဆယ်မျှ နတ်တို့၏ စည်းစိမ် ချမ်းသာကို ခံစားစံစားပြီး၍ သတိရခါ "ငါသည် နတ်စည်းစိမ်ချမ်း သာကို ခံစားကာနေခြင်းဖြင့် အဘယ်မှာ အကျိုးရှိပါအံ့ နည်း၊ ဘဝသံသရာ အဆက်ဆက် ခံစားဘူးသည်သာ ဖြစ်ပါလျက် နှစ်သက်ရွှင်မော ကာမဂုဏ် ဒီရေကြော တွင် အမျောမခံပါတော့အံ့၊ လူ့ပြည်သို့ သက်လျောကာ

မိကောင်း ဘခင်တို့ထံ ပဋိသန္ဓေအားဖြင့် ကပ်ရုံပြီး၍ ဆရာကောင်း သမားကောင်းများထံ နည်းကောင်းတို့ကို ရှာကြံပြီးခါ တရားကိုအားထုတ် ကျင့်ကြံပါတော့အံ့''ဟု နောက်တပတ်အနေ လူ့ပြည်သို့ပြန်လာခဲ့ပါလျှင် မိမိ၏ ရည်မှန်းချက်မပေါက်၊ သမထ,ဝိပဿနာကျင့်ကြံရာတရား များကိုထား၊ သာသနာတော်၏ အညွန့်အညှောက် အ ဆောက်အဦဖြစ်သောစေတီပုထိုး,အမျိုးမျိုးသောကျောင်း ကန်, အာရာမ်တို့၏ အုဋ္ဌကျောက်အစ တိုင်တိုတိုင်စမျှ တွေ့မြင်ရတော့မည်မဟုတ်တော့ပေ။

ဤစတုမဟာရာဇ်ဘုံမှ အထက်ဆိုလျှင် တဘုံနှင့်တဘုံ တဆတဆ ကွာခြားရသဖြင့် ကြာလေဝေးလေ အဘယ် မှာလျှင်နောက်တပတ်အပြန်သာသနာတော်နှင့် တွေ့နိုင်ပါ တော့အံ့နည်း၊မုချမတွေ့နိုင်ကြတော့သည်သာ။

[ဤကား–အထက်ဖြစ်သော ကောင်းရာသုဂတိသို့ ရောက်ရသူ တို့၏ နှိုင်းယှဉ်ချက်ပေတည်း။]

## လူ့ပြည်က သာသနာ ငရဲနှင့်နှိုင်း၍ ဝါပုံ

ဤမှတပါး သာမည ဒါန,သီလ, ဘာဝနာများသည် သေခါနီးကာလ ရောဂါအဟုန်လွှမ်းဘိလှသဖြင့် ဆုတ် နစ်သောစိတ်ထား ဒေါမနဿ ပေါက်ကြွားခါ ဂတိ မှောက်မှား၍ အပါယ်ငရဲသို့များ အကယ်၍ လားရပြန်ခဲ့ သည်ရှိသော်–

သိဥ္စိုဠ်း,ကာဠသုတ်,သံဃာတ, ရောရုဝ,ဇာလ-
ရောရုဝ,တာပန,ပတာပန,အဝီစိ၊

[ဥပရိပဏ္ဏာသပါဠိတော် ဒေဝဒူတသုတ်မှ။]

ဟု ဆိုအပ်သော ငရဲကြီး ရှစ်ထပ်တို့တွင် မိမိတို့ အောက်အနီးဆုံးဌာန ယူဇနာပေါင်း သောင်းငါးထောင်မျှ ဝေးကွာရ၍ ရှစ်ရွာသော ငရဲကြီးတို့တွင် အပေါ်ဆုံး အသက်သာဆုံးဖြစ်သော သိဉ္ဇိုဝ်းငရဲတွင် တရက်တာမျှ ကျခံပြီးခါ အမှန်သတိရလာ၍ ထိုငရဲက လွတ်မြောက်ပြီး လူ့ပြည်တွင်တက်ရောက်ခါ နောက်တပတ် ပြန်လာခဲ့ပါမူ ''သမထ,ဝိပဿနာ''တရားထူး ရတနာတို့ကိုထား၊ သာသနာတော်၏ အဆောက်အဦဖြစ်သော စေတီ, ပုထိုး အမျိုးမျိုးတို့၏ အစအနအုဌ်ကျိုးကျောက်ပဲ့မျှ တွေ့မြင်ရတော့မည်မဟုတ်ပေ။

မှန်ပါသည်–သိဉ္ဇိုဝ်းငရဲ တရက်ဆိုလျှင် လူတို့၏ အရေအတွက်အားဖြင့် အနှစ် (၉၀၀၀၀၀၀)ကိုးသန်း [illegible]ပေရကား လူ့ပြည်က သာသနာသည် သိဉ္ဇိုဝ်းငရဲ [illegible]နှင့် နှိုင်းစာသော် (၂၄) နှစ် ဆယ့်လေးစက္ကန့် သာ သာမျှသာ ကြာပေတော့မည် ဖြစ်ပေသောကြောင့်တည်း။

သိဉ္ဇိုဝ်းငရဲသက်သည် လူတို့၏အရေအတွက် နှစ်ပေါင်း (၂၀၀၀၀၀၀) ကိုးသန်းမျှ ရှည်သော ရက်ကြီးပေါင်း (၃၀) မှတလ, ဆယ့်နှစ်လကို တနှစ်၊ ၎င်းနှစ်ပေါင်း (၅၀၀)ငါးရာသည် သိဉ္ဇိုဝ်းအရေအတွက်အသက်တည်း၊ လူတို့၏ နှစ်အရေအတွက်နှင့် သော်ကား နှစ်ပေါင်းကုဋေ (၁၆၂၀၀၀၀၀၀၀၀၀၀) ကုဋေပေါင်း တသိန်း ခြောက်သောင်း နှစ်ထောင် ကြာရှည်လှပေ၏။ ဤမှတပါး အောက်အောက်သော ငရဲများ၌ကား တဆတဆတိုး၍ ရှည်ကြာရမျိုးပင်တည်း။

ထို့ကြောင့် -မိမိ၏တွက်တာမြတ်စွာဘုရား၏ သာသနာတော်သည် တဘ၀တနပ်စာ တသက်လျာမျှသာ တွေ့ကြုံခွင့် ရှိတော့သည်တကားဟုသံဝေဂကြီးစွာထားခါ သမထ, ဝိပဿနာတရားများကို ကြိုးစား၍ ပွါးများအားထုတ်သင့်သည် မဟုတ်ပါလား?။

ထက်အောက်နှစ်ပါး ဘ၀များကား မမှားကေန်ရောက်မည်အမှန်တည်း။

---

## အမေကျော်၍ ဒွေးတော်လွမ်းပုံ

အချို့အချို့သော ပုဂ္ဂိုလ်များကား ကျေးဇူးတော်ရှင်ဂေါတမဘုရားသခင်၏ အဆုံးအမ သာသနာ ထင်ရှားစွာရှိပါငြားလျက်ပင် နောင်အနာဂတ်ကာလပဋ္ဌမမြောက်ပွင့်ရောက်ထင်ရှား''အရိမေတ္တေယျ'' မြတ်စွာဘုရားသခင်ကန့်ကော်ပင်နှင့် ပတ္တမြားပလ္လင် အောင်မြင်တော်မူသောခါ လက်ဦးစွာ ဖူးတွေ့ရ၍ ''မဟာအသဒိသ'' ခေါ်အလှူတော်ကြီးကိုပင် လူသိနတ်ကြား ဝါကြွားပလွှားခါ ပေးလှူပြီးမှ သစ္စာလေးအင် တရားကို သိချင်သယောင်ယောင် လူဖျင်းတို့၏ နှလုံးထားကို ဖုံးထားကာ ဟန်ဆောင်တတ်ကြပေသေး၏၊၎င်းသည်ကား လူဖျင်းတို့၏တံထွာ မမှတာသဘောတရားတို့ပေတည်း။

သဘာ၀မေတံ လောကသ္မိံ၊
ပရာဂမေန္တိ ကုသိတာ။
သုမေဓဗျာကရဏာမှိ၊
ပတ္တေန္တိ ဂေါတမံ ဇနာ။
[မုဒ္ဓဝံသ သင်္ဂဟ။]

သာမဝေါ၊ အမှောင်ခွင်း၍ အလင်းဝင်ရန် ရှာကြံကြ ပြီး အို–သူတော်ကောင်းအများတို့။ ကုသိတာ၊ သူတော် တရား ပွဲ ွဲးများကျင့်ကြံ အားထုတ်ရန် ပျင်းရိကြကုန်သော လူဖျင်းတစုတို့သည်။ ပရံ၊ မိမိတို့၏ မျက်မှောက် ထင်ထင် ကျေးဇူးတော်ရှင် ဂေါတမဘုရားသခင်၏ သာသနာတော် ကိုတော့ လက်မဲ့အလား ဟို-နောက်မှ ပွင့်တော်မူလတ္တံ့ သော အရိမေတ္တေယျ ဘုရားရှင်ကို။ အာဂမေန္တိ၊ ထူးလိမ့် မည်အထင်အားဖြင့် မှန်းခြေထားခါ ငံ့စားငေးမျှော်ကြ လေကုန်၏။ ဇတံ၊ ထိုသို့နောက်နောက်ဘုရား၌ နေရာကျ လိမ့်မည်အလား မှန်းခြေထားခါ ငံ့စားငေးမျှော်သော အလေ့သည်။ လောကသ္မိံ၊ လူ့ရွာလောက ဘုံဌာန၌။ သဘာဝံ၊ လူဖျင်းတို့၏ ပဝေဏီအာဂတ လာနေကျအစဉ် လမ်းရိုးတွင်သော သဘောဓမ္မတာကြီးပင်တည်း။ သုမေဓ ဗျာကရဏမှိ၊ သုမေဓာအား ဘုရားဖြစ်ရန် ဒီပင်္ကရာဘုန်း မြတ် မိန့်မှတ်ချိမ့်သဲ ဗျာဒိတ်ပွဲကြီး၌။ ဇနာ၊ လွန်စွာများ လှ ပရိသတ်အတွင်းက လူဖျင်းတစုတို့သည်။ ဂေါတမံ၊ သင်္ချိုလေးထပ် တသိန်းကပ်လုံး သိမ်းကျုံးအားရှိ ပါရ မီကိုဖြည့်ပြီးမှ ပွင့်တော်မူရမည့် သာကီနွယ်ဘွား ဂေါတမ မြတ်စွာဘုရားကို။ ပတ္ထေန္တိ၊ လူဖျင်းတို့၏ အတန်းအစား အနေအားဖြင့် မှန်းခြေထားခါ ငံ့စားငေးမျှော်ကြလေကုန် သတည်း။

ဩော်–ညံ့ပေစွ, ညံ့ပေစွ၊ သူငါကစ များလှသောင်း သောင်း သတ္တဝါအပေါင်းတို့သည် အကယ်တိတိ ယခုလို သာသနာတော်နှင့် ပက်ပင်းပါတွေ့ရှိပြန်ပါတော့လဲ နေ့ ရွှေ့ရက်ဆွဲ အားထုတ်ပြုကျင့်ရမည့် အချိန်တွေဖင့်နွဲ့ကုန်

ဆုံးလျက် ဒါန,နိသီလ, ဘာဝနာအစု မပြုကြမိဘဲ ရှိသမျှ ပစ္စည်းတွေနှင့် သား,သမီး,အခြွေအရံတို့ကိုပါ မျက်နှာလွှဲပြီး သေပွဲသို့သာ ဝင်ရရှာပေတော့သည် တကား။

ထို့ကြောင့် မဟုတ်ပါလော?၊ လယ်တီ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူခဲ့သည်မှာ—

"ဆိုပိမ့်မည်၊ စွေစွေနာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြွသား၊ဘုရားသာသနာ၊ခေတ်အခါဝယ်၊လူ့ရွာနတ်ဌာ၊နင်ကြုံကြိုက်လည်း၊ အမိုက်မချွတ်၊ အလိုက်နေရှ၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ရီးတီးယောင်တောင်၊ ခုတိုင်အောင်တည်း၊ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှုစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးလျက်၊ မိုယ်းလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏၊ လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွှဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏၊ မျက်မြင်လောက၌ဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏၊ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သဏ္ဍာန်ကို၊နင့်ဉာဏ်မစူး၊အပေါ်ဖြူး၍မှုးမှုးမေ့မေ့၊အများလေ့ဖြင့်၊နေ့ရက်အပုံ၊လွန်ခဲ့ကုန်ပြီ၊ အာရုံဝတ္ထု၊မီးစာစုကို၊ မှုမှုယယ၊ နင်အားကျလည်း၊ ဓါးပြသေမင်း၊ သူ့တပ်နင်းက၊မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ၊ ရီးတီးရားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ ဒုက္ခပ်ငယ်၍၊ အပါယ်စခန်း၊ သွားမြဲလမ်းတည်း၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထို

ဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံးတည်း၊ အနှုန်းမ မပျက်၊ အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမျှင်တွယ် သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊....နင်လိုလူမိုက် သွား လမ်းတည်း”။

## ဆုတောင်းရုံ သိရုံမျှဖြင့် ကိစ္စမပြီးသေးပါ

စာရှုသူ–အကယ်၍ ညဉ့်နံနက်စပ် ဝတ်တက်ဝတ်ကစ် မပြတ်ဆောင်ရွက်လျက် နိဗ္ဗာန်,မဂ်,ဖိုလ်ကို ရက်တိုတိုနှင့် ဆုပန်ခါမျှ,သိခါမျှဖြင့် မိမိ၏ပြုရန်ကိစ္စပြီးတော့သည်ဟု မမှတ်ထင်ပါလေနှင့်ဦး၊ အဘယ်ကြောင့်ဆိုသော် ဘဝသံ သရာ အဖြာဖြာတွင် ကိလေသာညစ်ကြေး အမှိုက်ထွေးတို့ ယှက်မွေးရစ်အုပ် ဖြေရှင်းရန်အလုပ်တို့ကို တခါဘူးမျှအား ထုတ်ဘူးခဲ့သည်မထင်၊ အကယ်၍ကား အားထုတ်ဘူးပင် အားထုတ်ခဲ့ငြားသော်လည်းမျိုးစေ့မရောက်မအောင်မြောက် ဘဲ ပျင်းတည့်ပျင်းရာ မေ့မောခါနှင့်သာ တဘဝတသက် လျှာ ကုန်ဆုံးကုန်ဆုံး၍ လာခဲ့ကြပေရာ သောကြောင့် တည်း။

မှန်ပါသည်–ကျမ်းမြတ်အဋ္ဌကထာ၌ ဥပမာအားဖြင့် ဆိုရ သော်– ကြက်မကြီးတကောင်သည် အများကြက်မများ နည်းတူပင် ရှစ်လုံး,ဆယ်လုံး,ဆယ့်နှစ်လုံး စသည်အား ဖြင့် ဥမြို့ခြင်းတွင်ဥထားပြီးခါ အများကြက်မများပြုသလို ကောင်းစွာဝပ်အပ်သည်ကိုလည်းမပြု၊ အတောင်ကိုဆန့်ခါ မိမိ၏ကိုယ်ငွေ့နံ့တို့ဖြင့် ထုံမွမ်းအပ်သည်ကိုလည်း မပြု၊ အချိန်ရှိသရွေ့ ကြက်ဖိုတွေ့နှင့်သာပျော်မွေ့၍ အချိန်ကုန်ခါ မြို့ခြင်းသို့ရောက်ခါမှ ငါ၏ကြက်သားငယ်ကလေးတို့သည်

ခြေသည်းဖျား, နှုတ်သီးဖျားတို့ဖြင့် ဥခွံကိုဖောက်ခွဲတွန်း လှန်ခါ ချမ်းချမ်းသာသာပေါက်ရောက်ထွက်မြောက်၍လာ ပါမူကားသြော်-ကောင်းလေစွ,ကောင်းလေစွဟု''ကတော် ကတော်'' တကြော်ကြော်နှင့် ဟစ်အော်ဆူသံ တညံညံပြု သော်လည်း ဥကားမပေါက် ပုပ်ခြင်းသို့ရောက်ခါ ကိစ္စမ ပြီး အချည်းနှီးပင်၊ ဥပမေယျယှဉ်ရလျှင် အသင်သူတော် ကောင်း ညဉ့်နံနက် ဆုမွန်တောင်းခါ အသိတရားကို ကြံ စည်တွေးတောဟောပြောခါမျှဖြင့် ကိစ္စမတုံး အချိန်တွေသာ ကုန်ဆုံးပြီး ဘဝရှုံးအဖတ်တင်တတ်ကြလေသည်။

[သတ္တဂုံတ္တရ ပါဠိတော် မဟာဝဂ် ကုဋ္ဋုဋ္ဌလ္လာပမသုတ်မှ။]

---

## သို့-ဘယ်လိုလုပ်၍ ဘာဖြင့်သွားရပါမည်လဲ?

''ကျေးဇူးတော်ရှင်'' ဘုရားသခင်ကိုယ်တော်မြတ်ဟော ပြောပြသ ညွှန်ပြရာဖြစ်ပေသော အံ့ချီး၍မကုန် အပုံကြီးထူး ဆန်း ပြောပြ၍မကုန်ခန်းမျှ ဂုဏ်ထူးဝိသေသရှိလှပေသော မဟာအတုလ ပရမသုခ အမတရိပ်သာ အသခ်တဓာတ် ရပ်ခေမာသို့ လေယာဉ်ပျံ, မီးသင်္ဘော, မီးရထား, မြင်းရ ထား,လှည်းရထား,ခြေနင်းရထား,ဆင်ယာဉ်,မြင်းယာဉ်, ခြေလျင် စသည်တို့ဖြင့် သွား၍လည်း မရောက်နိုင်၊ ထို့ ကြောင့် ကျေးဇူးတော်ရှင် မြတ်စွာဘုရားက မိန့်ခွန်းတင်ခဲ့ သည်မှာ—

န ဟိ ဧတေဟိ ယာနေဟိ၊ ဂစ္ဆေယျ အဂတံ ဒိသံ။

[ဓမ္မပဒ ပါဠိတော်။]

ဘိက္ခဝေ၊ အို-နိဗ္ဗာန်လိုလား ချစ်သား, ချစ်သမီးများ တို့။ အဂတံ၊ ရှေးရှေးကာလ ဘယ်အခါကမှ မရောက်ဘူး

သော'ဒိသံ၊ လောက၏အဆုံး၌တည်သော နိဗ္ဗာန်ဟူသော မဟာအတုလ ပရမသုခ အမတရိပ်သာ အသခ်တရပ်ခေမာသို့၊ ဧတေဟိ ယာနေဟိ၊ ဤလှည်းယာဉ်,လှေယာဉ်, ဆင်ယာဉ်,မြင်းယာဉ်,ရထားယာဉ်တို့ဖြင့်။ န ဟိ ဂန္တွေယျ၊ သွား၍မရောက်နိုင်ရာသည်သာလျှင်တည်း။

ဤဆင်ယာဉ်, မြင်းယာဉ် စသည်တို့ဖြင့်သာ မရောက်နိုင်သည်မဟုတ်သေး၊ ဈာန်ယာဉ်ကိုစီးပြီး သွား၍လည်း မရောက်နိုင်ပေ၊အကြောင်းကိုဆိုရချေသော် ရှေးရှေးသောကာလ ရောဟိတဿ အမည်ရတဲ့ ငါဘို၏ ဇမ္ဗူဒိပ်ကျွန်းသား ရသေ့ချာန်ပုံတဦး ယောက်ျားထူး အာဇာနည်တယောက်သည် "လောက၏ဆုံးရာ ရပ်ခေမာ"သို့ ရောက်ခြင်းငှါ ထန်းပင်လုံးရိပ်ပမာဏကို မြှားဖြတ်၍ပြေး ခါမျှကာလအကြာတွင် ယူဇနာပေါင်း (၁၂၀၃၄၅၀) တသန်း နှစ်သိန်း သုံးထောင် လေးရာ ငါးဆယ် အလျားအနံကျယ်သော စကြဝဠာတခုကို ထုတ်ချင်းပေါက်အောင် သွားရောက်နိုင်သော အဘိညာဏ်တန်ခိုးဖြင့် စားရုံ, သောက်ရုံ,ဥရိယာပုထ်လေးပါး မျှတရုံကာလမျှကို ချန်ထား၍ မရပ်မနား ကောင်းကင်ခရီးဖြင့် အနှစ်တရာကာလပတ်လုံး ပြေးသွားလေသော် လေးကျွန်းတမြင်းမိုရ်သတ္တဝါတို့နေရာ စကြဝဠာကား မကုန်ဆုံးသေးဘဲ အသက်တမ်းသာကုန်၍ သေဆုံးလေလျှင် ဤငါတို့ စကြဝဠာသို့ ပင်ပြန်၍ နတ်ပြည်၌ဖြစ်လေ၏။

ငါတို့ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ် ထင်ရှားစွာပွင့်တော်မူလတ်၍ သာဝတ္ထိပြည်မွန်တွင်သီတင်းသုံးနေတော်မူစဉ်ကာလ ရောဟိတဿ အမည်ရတဲ့ နတ်

သွားက ထိုမြတ်စွာဗုဒ္ဓကို"လောကဏ်ဆုံးရာဌာနနိဗ္ဗာနသို့ ခြေဖြင့်ပြေးသွား၍ ရောက်နိုင်ပါမည်လား" ဟု မေး လျှောက်လေသော် တို့မြတ်စွာလူ့ဘ သုံးလောကဥသျှောင် ထွင့်ဘုန်းခေါင်မကိုင့်က အမိန့်တော်ရှိလိုက်သည်မှာ—

ဂမနေန နပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
နစ အပတွာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ။
[သဂါထာဝဂ္ဂ ဒေဝပုတ္တသံယုတ် နာနာတိတ္ထိယဝဂ်
ရောဟိတဿဒေဝပုတ္တသုတ်။]

ဒေဝတော၊ သိလိုရေးနှင့် မေးလျှောက်လာငြား အို– ရောဟိတဿနတ်သား။လောကဿ၊ လောကဏ်။ အန္တော၊ ဆုံးရာဌာန နိဗ္ဗာနသို့။ ဂမနေန၊ ခြေလျှင်သွား၍။ ကုဒါစနံ၊ တရံတဆစ်မျှ။ နပတ္တဗ္ဗော၊ မရောက်အပ် မရောက်နိုင်ပေ။ လောကန္တံ၊ လောကဏ်အဆုံးသို့။ အပတွာ၊ မရောက်ဘဲ နှင့်လည်း။ ဒုက္ခာ၊ ဆင်းရဲဒုက္ခ အဝဝမှ။ပမောစနံ၊လွတ် မြောက်ခြင်းမည်သည်။ နစ အတ္ထိ၊ ရှိလည်းမရှိနိုင်ချေ။

"အို–ရောဟိတဿ အမည်ရတဲ့ အမောင်နတ်သား… လောကဏ်အဆုံးသို့မရောက်မူ၍ လောကဏ်အဆုံးကိုပြုခြင်း ကို ငါဘုရားသည် ဟောတော်မမူ၊ အို-ရောဟိတဿနတ် သား…စင်စစ်သော်ကား အမှတ်သညာရှိသည်ဖြစ်သော ဝိညာဏ်ရှိသည်လည်းဖြစ်သော ဤတလံမျှလောက်သော အတ္တဘော ကိုယ်ကောင်၌သာလျှင် "လောကကို လည်း ကောင်း, လောကဏ် ဖြစ်ကြောင်းကိုလည်းကောင်း, လော ကဏ် ချုပ်ဆုံးရာကို လည်းကောင်း, လောကဏ်ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကောင်းကိုလည်းကောင်း" ငါဘုရားသည် ဟောကြားတော်မူအပ်၏။

## ကိုယ်ထဲမှာသာ တရားရှာ

အပိစခွါဟံ အာဝုသော ဣမသ္မိံ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပည-ပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စလော-ကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ။

[ရှင်းသုတ်။]

အာဝုသော၊ အို-ရောဟိတဿနတ်သား။ အပိစခေါ၊ စင်စစ်မှာကား။ သသညိမှိ၊ သညာရှိသော။ သမနကေ၊ စိတ်ရှိသော။ ဗျာမမတ္တေ၊ တလံမျှသော။ ဣမသ္မိံ ယေဝကဠေဝရေ၊ ဤခန္ဓာကိုယ်၌ သာလျှင်။ လောကဉ္စ၊ ဒုက္ခသစ္စာဟူသော သံသရာလောကကိုငှင်း။ လောကသမုဒယဉ္စ၊ ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းဖြစ်သောသမုဒယသစ္စာကိုငှင်း။ လောကနိရောဓဉ္စ၊ ဒုက္ခ,သမုဒယတို့၏ ကုန်ရာဖြစ်သော နိရောဓသစ္စာကိုငှင်း။ လောကနိရောဓ ဂါမိနိံ ပဋိပဒဉ္စ၊ ဒုက္ခ,သမုဒယတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော မဂ္ဂသစ္စာကိုငှင်း။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ပညပေမိ၊ သိစေတော်မူ၏။

ဤသို့ ရောက်အောင်သွားဘို့နည်းလမ်းကို အပြီးစခန်းရောက် ဟောကြားတော် မူလေလျှင် ထို"ရောဟိတဿ" နတ်သားသည် သွားလည်းမသွားရ၊ တန့်ရပ်၍လည်းမနေဘဲ ခဏချက်ခြင်း မြတ်စွာဘုရား ရှေ့တော်မှောက်၌ပင် လောက၏အဆုံးသို့သိလေရောက်လေတော့၏၊ ထိုသို့ရောက်ပြီးမှ မိမိရှေးက ပြေးသွားဘူးကြောင်းကို လျှောက်ထား၍ မြတ်စွာဘုရားအား ကောင်းချီးပေးခါ မိမိ၏နေရာသို့ ပြန်သွားလေသတည်း။

မှတ်ချက်။ [ဤဒေသနာတော်ကို ထောက်ထား၍ ''မူလရှင်ပေါင်း မရှုကောင်း''ဆိုသော ဝါဒအရ- အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ဌာနသော ဝိပဿနာအာရုံတို့တွင် အဘယ်အာရုံကိုသာ အမြဲအစွဲရှုမှတ်ဘို့ရာ ဘုရားသခင်ကိုယ်တော်မြတ်ညွှန်ပြအပ်သည်ကိုသတိရှိမိကြပါစေ။]

## သိက္ခာသုံးပါး စဉ်တိုင်းသွား

အခါတပါး၌ ငါတို့၏ကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းတွင် ကိန်းအောင်းမွေ့လျော် စမ္ပယ်တော်မူစဉ်နေဝင်ကာလ မထင်ရှားသော နတ်သား တယောက်ကတို့မြတ်စွာလူ့ဘကို ဤကဲ့သို့ နားတော် လျှောက်ပေ၏။ လျှောက်ပုံမှာ—

အန္တော ဇဋာ ဗဟိ ဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋံ။
[သဂါထာဝဂ္ဂ ဒေဝတာသံယုတ်ပါဠိတော် သတ္တိဝဂ်ဇဋာသုတ်။]

ဂေါတမ၊ ဂေါတမနွယ်ဘွား အို—ကျေးဇူးတော်ရှင်မြတ်စွာဘုရား။ ယာတဏှာ၊ အကြင် တဏှာ တရားသည်။ အန္တောဇဋာ၊ စက္ခုစသော အဇ္ဈတ္တိကာယတန ခြောက်ပါး၌ ခမြွေးယှက် တတ်ပါ၏။ ဗဟိဇဋာ၊ ရူပါရုံ စသော ဗာဟိရာယတန ခြောက်ပါး၌ ခမြွေးယှက်တတ်ပါ၏။ ဇဋာယ၊ တဏှာတရားသည်။ ပဇာ၊ သတ္တဝါ အပေါင်းကို။ ဇဋိတာ၊ မြွေးယှက်ဖုံးရုံ ခေါင်းမြီးခြုံအပ်ပါ၏။ တံ၊ ထို့ကြောင့်။ တံ၊ ရှင်တော်မြတ်ဘုရားကို။ ပုစ္ဆာမိ၊ သိလိုရေးနှင့် မေးလျှောက်ထားပါ၏ ဘုရား။ ကော၊ အဘယ်တရား

ကို ပွါးများ အားထုတ် ပြုလုပ်ကျင့်ကြံသောသူသည်။ ဋ္ဌမံ ဇဋံ၊ ဤတဏှာတည်းဟူသော အမြွေးအယှက်ကို။ ဝိဇဋ ယေ၊ ပယ်ခွါဖြင့်လှစ် စွန့်ပစ်နိုင်ပါမည်နည်း မြတ်စွာဘုရား။

ဆိုလိုရင်း၊မှာ–အရှင်ဘုရား….သတ္တဝါများ အပေါင်း၏ အတွင်းသန္တာန်,အပသန္တာန် ထိုနှစ်တန်၌ အမြွေးအယှက် ကွန်ယက် တဏှာတွေသည် ရှိကြပါကုန်၏၊ ထို တွင်း,ပ နှစ်ပါး မြွေးယှက်တတ်သော တဏှာတရားတို့ဖြင့် မြွေး ယှက်ဖုံးလွှမ်း၍ နေပါ၏၊ ထို့ကြောင့် အရှင်ဘုရားအား လျှောက်ထား ရပါသည်၊ အဘယ် တရားကို ကျင့်ကြံပွါး များသောသူသည် ဤတဏှာ တည်းဟူသော အမြွေး အယှက်တွေကို ပယ်ဖျက်ဖြေရှင်းခြင်းငှါ တတ်စွမ်းနိုင်ပါ မည်နည်းဘုရား။

ထိုသို့ မေးလျှောက်သောအခါ မြတ်စွာဘုရားက ဖြေ ကြားတော်မူပုံမှာ–

သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဋ္ဌမံ ဝိဇဋယေ ဇဋံ။
[ဇဋာသုတ်။]

ဒေဝတေ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အို– ဒါယကာနတ်သား။ သပညော၊ တိဟိတ်ပဋိသန္ဓေ ပညာ ရှိသော။နိပကော၊ အယုတ်ဆိုးအားဖြင့် မိမိအားထုတ်လို သောကမ္မဋ္ဌာန်းကို ကောင်းစွာသိသော ပညာရှိသော။ ဘိက္ခု၊ သံသရာကို ဘေးဟုရှုတတ်သော။ အာတာပီ၊ သမ္မပ္ပဓာန်လုံ့လဝီရိယရှိသော။ ယောနရော၊ ရဟန်း,ရှင်,

လူအကြင်သူသည်။ သီလေ၊ ငါးပါး,ရှစ်ပါး, ကိုးပါး, ဆယ်ပါးဟု များစွာလီလီ မိမိစွမ်းနိုင်သမျှ ဝိရတိသီလ၌။ ပတိဋ္ဌာယ၊ ကျိုးပေါက် ပြောက်ကျား မရှိပြားအောင် ဖွဲ့ထား ဆောက်တည်ပြီး၍။ စိတ္တံ၊ သမထနှင့်ယှဉ်သော သမာဓိစိတ်ကိုရင်း။ ပညဉ္စ၊ ဝင်းဝင်းလျှံဖိတ် ဝိပဿနာ ပညာစိတ်ကိုရင်း။ ဘာဝယံ၊ ပွါးများ အားထုတ်၏။ သောနရော၊ ရဟန်း,ရှင်,လူ ထိုသို့သောသူသည်။ ဇဋံဇဋံ၊ ဤတဏှာတည်းဟူသော အမြွေးအယှက်ကို။ ဝိဇဋယေ၊ ပယ်ခွါဖြင့်လှစ် စွန့်ပစ်နိုင်ပေ၏။

ဆိုလိုရင်းမှာ–တိဟိတ် ပဋိသန္ဓေဟု ဆိုအပ်သောပညာ ရှိသောအကြင်သူသည် သီလ၌တည်စေ၍ ပြင်းထန်သော အာတာပလုံ့လ''ပါရိဟာရိယ''ပညာနှင့်ပြည့်စုံစွာစိတ်ကို တည်တန့်အောင် သမထဘာဝနာကိုကြိုးစားခါဝိပဿနာ ဘာဝနာကို ပွားများသော ထိုပုဂ္ဂိုလ်သည် ဤတဏှာ တည်းဟူသော အမြွေးအယှက်ကို ဖြေရှင်းပယ်ဖျက်နိုင်၏ ဟုမိန့်တော်မူပေ၏။

**မှတ်ချက်။** [ဤအဖြေဂါထာ၌ ''**သပညော**'' ဟူ၍ ၎င်း ''**ပညဉ္စ**''ဟူ၍၎င်း'' **နိပကော**'' ဟူ၍၎င်းပညာသုံး ချက်ပါသည်၊ ပဌမဖြင့် ပဋိသန္ဓေ တိဟိတ်ပညာကိုယူ၊ ဒုတိယဖြင့်အလုံးစုံသောကိစ္စတို့၏ ရှေ့ဆောင်ဖြစ်သော ပါရိဟာရိယပညာကိုယူ၊တတိယဖြင့်ဝိပဿနာပညာကို ယူ၊ထိုပညာသုံးပါးရှိခြင်း,သီလ၌တည်ခြင်း,အာတာပ လုံ့လရှိခြင်း, စိတ်၏တည်ကြည်ခြင်း၊ ဤတရားခြောက် ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် တဏှာကွန်ယက်ကို ဖြတ်တောက်ပယ်ရှင်းခါ ယခုဘဝပစ္စက္ခ၌ပင် အရိယာ ဘုံသို့ ဒိုလှုံနိုင်ပေ၏။]

## ကျင့်နည်းမမှန်နိဗ္ဗာန်မရ

ယထာဘူတံ အဇာနန္တာ၊သုဒ္ဓိကာမာပိ ယေ ဣဓ။
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။
[သံယုတ်ပါဠိတော်။]

ဣဓ၊ ဤသာသနာတော်၌။ ဝါ၊ ဤလောက၌။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်လှ သဘာဝကို။ ဝါ၊သီလ, သမာဓိ, ပညာ ကျင့်နည်းအဖြာဖြာကို။ အဇာနန္တာ၊ မသိကြကုန်ဘဲ။ သုဒ္ဓိကာမာ၊ ကိလေသာတကျာတို့မှ စင်ကြယ်ရာဖြစ်သော နိဗ္ဗာန်ကို အလိုရှိကြကုန်သည်။ သမာနာပိ၊ ဖြစ်ကြကုန်သော်လည်း။ ဝါ၊ ဖြစ်ကြသည်လည်းဖြစ်ကုန်သော။ ယေယောဂိနော၊ အကြင် ယောဂီပုဂ္ဂိုလ်တို့သည်။ သန္တိ၊ရှိကြပေကုန်၏။ တေယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်တို့သည်။ ဝါယမန္တာပိ၊ ကြိုးစား အားထုတ်ကြပါကုန်သော်လည်း။ ဝိသုဒ္ဓိံ၊ ကိလေသာတကျာတို့မှသန့်ရှင်းစင်ကြယ်ရာဖြစ်သောနိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ မရနိုင်ကြလေကုန်။

ဆိုလိုရင်းကား—ဤလောက လူ့ရွာ သာသနာတော်အတွင်းမှာ သီလ, သမာဓိ, ပညာ သိက္ခာ သုံးပါးတို့၏ ကျင့်ပုံ ကျင့်နည်း နိသျည်းမကျ သဘာဝမမှန် လမ်းဟောင်းကိုကျော် မတော်သောစိတ်ထား အစဉ်ကိုခွန်လွှားလျက် အဖျားကိုသာ ရောက်လိုကြရှာသော ဘာဝနာ ခရီးသွား အကြင်သို့သောယောဂီအများတို့သည် အဘယ်သို့ပင် ကိလေသာ သန့်ရှင်းစင်အောင် တွင်တွင်ကြိုး

ကုတ်အားထုတ်ကြငြားသော်လည်း လိုလားသည့် နိဗ္ဗာန် မရနိုင်ကြောင်းအမှန်ပင်တည်း။

## ဘုရား၏သွားပုံ မကျင့်ကုန်

မလ္လာဂုကသ ဥပ္ပတိတွာ ဂမန်ဝိယ အာဒိတောဝသီလ-ပူရဏာဒိနိ အကတွာ အရဟတ္တပဋိဝေဓောနာမ နတ္ထိ။
[အင်္ဂုတ္တရ အဋ္ဌကထာ,တေရသကဏ်ဋီကာ။]

မလ္လာဂုကသ၊ ဘုရား၏။ ဥပ္ပတိတွာ၊ ခုန်ကျော်၍။ ဂမနံ ဝိယ၊ သွားသကဲ့သို့၊ အာဒိတောဝ၊ အစကသာလျှင်။ သီလ ပူရဏာဒိနိ၊ သီလစောင့်ခြင်း စသည်တို့ကို။ အကတွာ၊ မပြုမူ၍။အရဟတ္တပဋိဝေဓောနာမ၊ အရဟတ္တဖိုလ်နိဗ္ဗာန် ကိုရသောမည်သည်။ နတ္ထိ၊မှချမှန်စွာမရှိနိုင်ပေရာ။

ဆိုလိုရင်းမှာ– ဘုရားသတ္တဝါတို့၏ ခုန်ကျော်ခါ သွား သကဲ့သို့ဗုဒ္ဓမြတ်စွာသာသနာဝယ်''သီလ, သမာဓိ,ပညာ'' သိက္ခာ သုံးပါးတို့ ရှိသည်တွင် သီလကို မဆောက်တည် မကျင့်ကြံမူ၍ သမာဓိမဖြစ်နိုင်၊ သီလ,သမာဓိ မရှိသူမှာ ပညာကို အဘယ်မှာထင်နိုင်ပါအံ့နည်း၊ သီလ,သမာဓိကို မပြုလုပ်မူ၍ အစဉ်ကိုဖျက်သဖြင့် အရဟတ္တဖိုလ်ကို ဘယ် လိုပင် လိုချင်ဇောနှင့် မောသော်လဲ မရောက်နိုင်ကြလေ ကုန်။

## နိဗ္ဗာန်သွားရာလမ်းမဟာ

ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊
အယမေဝ အရိယောအဋ္ဌင်္ဂိကော မဂ္ဂေါ။သေယျ-
ထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ

သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော
သမ္မာသတိ သမ္မာသမာဓိတိ။
[သံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ အို–ချစ်သား, ချစ်သမီးများတို့။ အသခ်တဂါမိမဂ္ဂေါ၊ နိဗ္ဗာန် ရွှေပြည်မြတ်သို့ ဆိုက်ရောက်စေတတ်သောလမ်းသည်။ ကတမောစ၊ အဘယ်နည်းဟူမူကား။ အရိယော၊ ဖြူစင်မြင့်မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ္ဂင်ရှစ်ပါးသည်သာလျှင်တည်း။ ဍုဒံ၊ ဤမဂ္ဂင်ရှစ်ပါးဟူသည်။ သေယျထာကတမော၊ အဘယ်နည်းဟူမူကားကား။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်းဟူသော သမ္မာဒိဋ္ဌိလည်းတပါး။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်းဟူသော သမ္မာသင်္ကပ္ပလည်းတပါး။ သမ္မာဝါစာ၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းဟူသောသမ္မာဝါစာလည်းတပါး။သမ္မာကမ္မန္တော၊ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းဟူသော သမ္မာကမ္မန္တလည်းတပါး။ သမ္မာအာဇီဝေါ၊ ဒုစရိုက်ကိုပြု၍ အသက်မွေးမြူမှုမှ ရှောင်ကြဉ်ခြင်းဟူသော သမ္မာအာဇီဝလည်းတပါး။ သမ္မာဝါယမော၊ ကောင်းစွာအားထုတ်ခြင်းဟူသော သမ္မာဝါယာမလည်းတပါး။သမ္မာသတိ၊ ကောင်းစွာမမေ့လျော့ခြင်းဟူသော သမ္မာသတိလည်းတပါး။သမ္မာသမာဓိ၊ကောင်းစွာတည်ကြည်ခြင်းဟူသော သမ္မာသမာဓိလည်းတပါး။ ဍုတိ၊ ဤရှစ်ပါးပေတည်း။

မှတ်ချက်။ [သမ္မာဒိဋ္ဌိကား ပညာစေတသိက်,သမ္မာသင်္ကပ္ပကား ဝိတက်စေတသိက်,သမ္မာဝါစာ–သမ္မာကမ္မန္တ–သမ္မာအာဇီဝတို့ကား ဝိရတီစေတသိက်သုံးလုံး, သမ္မာဝါယာမ

ကား ဝီရိယစေတသိက်, သမ္မာသတိကား သတိစေတသိက်, သမ္မာသမာဓိကား ဧကဂ္ဂတာစေတသိက်၊ ဤသည်ကား မဂ္ဂင်ရှစ်ပါးကို အစဉ်အတိုင်းဟောတော်မူခြင်း တည်းဟူသော "ဒေသနာက္ကမ" ဟောနည်းအစဉ်ပေတည်း၊ ကျင့်ကြံအားထုတ်ရန်အကျင့်နည်းဟုဆိုအပ်သော "ပဋိပတ္တိက္ကမ ကျင့်နည်း" အစဉ်မဟုတ်ပေသေး ဟုမှတ်ပါလေ။]

## ပဋိပတ္တိက္ကမ ပုဗ္ဗဘာဂ မဂ္ဂင်ရှစ်ပါးကို ခန္ဓာသုံးပါးဖွဲ့ခြင်း

တောဘူမက ဝင့်ဒုက္ခနောင်အိမ်ဝယ် တပြောင်ပြောင် တထိန်ထိန် တရှိန်ရှိန် တညီးညီး လောင်ကျွမ်းဘိစီးလျက် နေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့မှ ကင်းပြတ်ကွာဝေး ဆဲ့တပါးသော မီးဘေးတို့မှ ငြိမ်းအေးရာဌာန မဟာအသင်္ခတ အမတဇေယျုံ နန်းရွှေဘုံသို့ ခိုလှုံစံမြန်းလိုငြား အမျိုးကောင်းသား, သမီးများတို့သည် လက်မွန်မဆွ ပုဗ္ဗဘာဂမဂ္ဂခေါ်ဆို ရှစ်ပါးသောလောကီမဂ္ဂင်တရားကိုယ်တို့တွင် ရှေးဦးစွာပဓာန အလယ်ဗဟိဌာနက သီလမဂ္ဂင်သုံးပါးကို ကျင့်သုံးစောင့်စည်းရပေမည်။

မှန်ပါသည်–အဘယ်ကြောင့်ဆိုသော် ထိုထိုသီလဟူသမျှ တို့နှင့်ပြည့်စုံခါမျှ သီလဝန္တ ပုဂ္ဂိုလ်သည် "သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ" တည်းဟူသော သီလက္ခန္ဓ မဂ္ဂင်နှင့်ပြည့်စုံသောသူမည်ပေတော့၏၊ ဤကဲ့သို့ သီလနှင့် ပြည့်စုံပြီးသောသူသည် ထိုသီလကိုအရင်းခံထား၍ "အဓိစိတ္တသိက္ခာ" ခေါ်ဆို သမာဓိကိုပွါးများခါမျှ ချိန်ကာလ၌ "သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ" တည်းဟူ

သော ''သမာဓိက္ခန္ဓ''အဆုံး မဂ္ဂင်သုံးပါးနှင့် ပြည့်စုံသော သူမည်ပေတော့၏၊ ဤကဲ့သို့ အဓိသီလ,အဓိစိတ္တ သိက္ခာ နှစ်ပါးတို့နှင့်ပြည့်စုံစေပြီးသောသူတော်စင်သည် အဓိစိတ္တ သိက္ခာကို ကောင်းစွာအားထုတ်စဉ် မြင်လာအပ်သော ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ဝိပဿနာ၏ ပုဗ္ဗကိစ္စတို့ကို သိမ်း ဆည်းပြီး၍ ''သမ္မသန'' စသော ဝိပဿနာ တရားတို့ကို ကောင်းစွာထင်မြင်ပါမူ ''သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ'' တည်း ဟူသော အဓိပညာသိက္ခာနှင့် ပြည့်စုံသောသူမည်ပေတော့ သတည်း။

[ပါဠိအာဂုံလိုမူ မူလပဏ္ဏာသပါဠိတော် စူဠယမကဝဂ် စူဠဝေဒလ္လသုတ်မှာရှု။]

မှတ်ချက်။ [ကုသိုလ်တရားတို့တွင် အကြီးအမှူး ဖြစ်သော ကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေ့ထား၍ ဟောတော်မူသည်၊ ကျင့်ဘို့ရန် ဟောတော်မူခြင်းမဟုတ်၊ ဒေသနာက္ကမ, ပဋိ ပတ္တိက္ကမ သဘောကျစွာ သတိပြုမိကြပါလေ။]

ဤသို့ ပြည့်စုံရုံမျှသည် လောကုတ္တရာမဂ္ဂင်၏ရှေးအဘို့၌ ဖြစ်ပေရကား လောကီပုဗ္ဗဘာဂ မဂ္ဂင်ရှစ်ပါးမျှသာရှိပေ သေးသည်၊ ထိုသို့ ပုဗ္ဗဘာဂမဂ္ဂင်ရှစ်ပါးနှင့်ပြည့်စုံလျှင်ပင် ကျေးဇူးတော်ရှင် ဘုရားသခင်၏ သာသနာတော်တွင်းသို့ သက်ဆင်းဝင်ရောက်ပေပြီ။

မှန်ပါသည်—မဂ္ဂင်ရှစ်ပါး၏ တံခွန်အမွန် ပုဗ္ဗင်္ဂမဖြစ် သော သမ္မာဒိဋ္ဌိသည် လောကီသမ္မာဒိဋ္ဌိ, လောကုတ္တရာ သမ္မာဒိဋ္ဌိ ဟူ၍နှစ်ပါးရှိရာ ထိုနှစ်ပါးတို့တွင် ကံ,ကံ၏ အကျိုးကို ယုံကြည်ခါမျှဖြစ်သော ကမ္မဿကတဉာဏ်, ဝိပ ဿနာတို့၏ ရင့်သန်ခိုင်မာသော သင်္ခါရုပေက္ခာဉာဏ် ဟု

ဆိုအပ်သော သစ္စာနုလောမိက ဉာဏ် နှစ်ပါးသည် ''လောကီသမ္မာဒိဋ္ဌိ'' မည်၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် ''လောကုတ္တရာ သမ္မာဒိဋ္ဌိ'' မည်၏။

ထိုနှစ်ပါးသော ဉာဏ်တို့တွင် သာသနာပ ဗာဟိရ ပုဂ္ဂိုလ် ဟူဟူသမျှ ရဟန်းရှင်လူ မည်သူမဆို ကမ္မဿကတ ဉာဏ်နှင့်သာ ပြည့်စုံသေးပါမူ ဂတိမမြဲသေးပေ၊ သာသနာတော်တွင်း သားတော်ရင်းဖြစ်တော်မူကြသော ပုဂ္ဂိုလ် ဟူဟူသမျှ ကမ္မဿကတဉာဏ်,သစ္စာနုလောမိကဉာဏ် နှစ်ပါးတို့နှင့် ပြည့်စုံပါမှဂတိမြဲ၏ဟူ၍ အဋ္ဌကထာဆရာကြီးတို့ ဆိုပေ၏။

[သမ္မာဒိဋ္ဌိသုတ် အဋ္ဌကထာ။]

---

## ခန္တာသုံးပါး မဂ္ဂင်များက ကိလေသာသုံးပါး ပယ်ရှားပုံ

လောကီပုဗ္ဗဘာဂ မဂ္ဂင်ရှစ်ပါး မြတ်တရားတို့တွင် ''သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ''၊ဤမဂ္ဂင်သုံးပါး ကို လုံခြုံစွာစောင့်သုံးကုန်သော သူတော်ကောင်းတို့သည် ''အဓိသီလသိက္ခာ'' နှင့်ပြည့်စုံရကား ကာယကံ, ဝစီကံတို့ ကြောင့်ဖြစ်သော ပြစ်မှားကျူးလွန်ခြင်း ဟု ဆိုအပ်သော ''ဝီတိက္ကမ'' ကိလေသာကို ပယ်နိုင်၏၊ ဝိနည်းပိဋကတ် တော်နှင့်အညီ ကျင့်ကြံနိုင်သောသူဟူ၍ ဆိုရပေ၏၊အဘယ် ကြောင့်ဆိုသော် ဝိနည်းပိဋကတ်တော်သည် လွန်ကျူးခြင်း အခိုက်အတန့်ကို ပယ်ခြင်းကြောင့်ပေတည်း။

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဤမဂ္ဂင်တရား သုံးပါးကို လုံ့လပြုစွာ စောင့်သုံးသော သူတော်ကောင်းတို့သည် ''အဓိစိတ္တသိက္ခာ''နှင့် ပြည့်စုံကုန်၏၊ ထိုအဓိစိတ္တသိက္ခာနှင့် ပြည့်စုံကုန်သော သူတော်ကောင်းတို့သည် မနောကံကြောင့်ဖြစ်သော ထကြွခြင်းဟု ဆိုအပ်သော ''ပရိယုဋ္ဌာန'' ကိလေသာကို ပယ်နိုင်၏၊ သုတ္တန်ပိဋကတ်တော်နှင့်ညီအောင် ကျင့်ဆောင်နိုင်သော သူဟူ၍ ဆိုရပေ၏၊ အဘယ်ကြောင့်ဆိုသော်သုတ္တန်ပိဋကတ်တော်သည် ထက်ဝန်းကျင်မှ ကုသိုလ်တရားတို့ကို လုယက်၍တည်သော အခိုက်အတန့်ကို ပယ်ခြင်းကြောင့်ပေတည်း။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ၊ ဤမဂ္ဂင်နှစ်ပါးကို လုံ့လပြုစွာ စောင့်သုံးသော သူတော်စင်တို့သည် ''အဓိပညာသိက္ခာ'' နှင့် ပြည့်စုံကုန်၏၊ ထိုအဓိပညာသိက္ခာနှင့် ပြည့်စုံကုန်သော သူတော်ကောင်းတို့သည် ကာယကံ, ဝစီကံ, မနောကံသို့မရောက်သေးသော ဖြစ်ခြင်းငှါထိုက်သော ''ဥပ္ပတ္တိရဟ'' အနုသယ ကိလေသာကို ပယ်နိုင်၏၊ အဘိဓမ္မာ ပိဋကတ်တော်နှင့်ညီအောင် ကျင့်ဆောင်နိုင်သော သူဟူ၍ဆိုရပေ၏၊ အဘယ်ကြောင့်ဆိုသော် အဘိဓမ္မာပိဋကတ်သည် ''အနုသယ''အခိုက်အတန့်ကို ပယ်ခြင်းကြောင့်ပေတည်း။

[အဋ္ဌသာလိနီ အဋ္ဌကထာ။]

ဤသည်ကား ''သီလ,သမာဓိ,ပညာ'' သိက္ခာသုံးပါး မြတ်တရားတို့က အလုံးစုံသော ကိလေသာတဏှာတရားတည်းဟူသော အမြေးအယှက် အကန့်အကွက်တို့အား ခုတ်ထွင်ရှင်းလင်းပယ်သတ်ခြင်းတို့ကို ပြခြင်းပေတည်း။

ဆောင်….(၁) လွှန်ကျူးထကြွ၊ နှသယ၊ သုံးဝကိလေသာ။
(၂) သီလ-သမာ၊ ဓိပညာ၊ သတ်ရာသုံးသိက္ခာ။
(၃) သမ္မုညတ၊ ဘိသင်္က၊ မှတ်ကြဆေးဆရာ။
(၄) အနာနှင့်ဆေး၊ လျော်ရာပေး၊ ပျောက်ရေး ဝေဒနာ။
(၅) လိုရင်းပဓာန၊ ထုတ်ဘော်ပြ၊သိကြသေအချာ။
(၆) မသိလျှင်မေး၊ မစင်ဆေး၊ လိုသေးတရားနာ။
(၇) တရားမှရှုံး၊ လူကြွက်ဖြုန်း၊ အသုံးမဝင်ရာ။

---

## အရိယာမဂ်ကိုရနိုင်ခြင်း၏ အကြောင်းအင်္ဂါ လက္ခဏာကိုပြခြင်း

ထိုကဲ့သို့ သီလအစ သမာဓိအလယ် ပညာဝယ်အဆုံး သုံးပါးလုံးသိက္ခာ ဖြည့်ကျင့်ကြရာ၌ မှီဝဲဆည်းကပ်ရန် အကြောင်း "သပ္ပုရိသူပနိဿယ"စသော အကြောင်းအင်္ဂါ လက္ခဏာတို့နှင့် ပြည့်စုံပါမှသာ ယခုဘဝ ပစ္စက္ခ၌ပင် လိုအင်ဆန္ဒ ပြည့်ဝတက်တိုး ဖြူစင်မြင့်မြတ်လှစွာသော အရိယာအဖြစ်မျိုးသို့ ကပ်ရောက်ကြရပေမည်။

အဘယ်ကြောင့်ဆိုသော် ဆရာကင်းပြီး သစ္စာလေးပါး မြတ်တရားကို အလိုလို ပိုင်းခြား၍ သိနိုင်မြင်နိုင်သော ပုဂ္ဂိုလ်မှာ "သမ္မာသမ္ဗုဒ္ဓ" မြတ်စွာဘုရားနှင့် "ပစ္စေက ဗုဒ္ဓါ"နှစ်ဆူသာ ရှိပေသောကြောင့်တည်း။

စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။ ကတမေ စတ္တာရော၊ သပ္ပုရိသသံသေဝေါ သဒ္ဓမ္မသဝနံ ယောနိသောမနသိကာရော

ဓမ္မာနုဓမ္မပဋိပတ္တိ။ ဣမေ ခေါ ဘိက္ခဝေ စတ္တာ-
ရောဓမ္မာ ဘာဝိတာ ဗဟုလီကတာ သောတာ-
ပတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ၊

[သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ပုညာဘိသန္ဒဝဂ်
သောတာပတ္တိယင်သုတ်၊]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေး
ထောက်ရှု အကြောင်းပြု၍ ဘိက္ခုမည်တွင် အို–သူတော်
စင်တို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေဓမ္မာ၊ ဤ
တရားတို့ကို။ ဘာဝိတာ၊ ပွားများအပ်ကုန်သည် ရှိသော်၊
ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာအပ်ကုန်သည်ရှိ
သော်။ သောတာပတ္တိဖလသစ္ဆိကိရိယာယ၊ သောတာ
ပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏၊
စတ္တာရော၊ လေးပါးတို့ဟူသည်။ ကတမေ၊အဘယ်သည်တို့
နည်း ဟူမူကား၊ သပ္ပုရိသသံသေဝေါ၊ ဘုရား စသော သူ
တော်ကောင်းတို့ကို ပေါင်းဘော်ယှဉ်တွဲ မှီဝဲဆည်းကပ်ရ
ခြင်းလည်းကောင်း။ သဒ္ဓမ္မသဝနံ၊ရုပ်နာမ်နှစ်ပါး ပိုင်းခြား
ထင်ထင်သိမြင်နိုင်ပြား သူတော်ကောင်းတရားကို နာခံမှတ်
သား နာကြားရခြင်းလည်းကောင်း။ ယောနိသော မနသိ
ကာရော၊ "နိစ္စ" ဟုထင်မြင်မှားယွင်းခြင်း ကို "အနိစ္စ"
အားဖြင့် "သုခ"ဟု ထင်မြင်မှားယွင်းခြင်းကို"ဒုက္ခ"အား
ဖြင့် "အတ္တ"ဟုထင်မြင်မှားယွင်းခြင်းကို"အနတ္တ" အား
ဖြင့်"သုဘ" ဟုထင်မြင်မှားယွင်းခြင်းကို "အသုဘ" အား
ဖြင့် နှလုံးသွင်းခြင်းလည်းကောင်း။ ဓမ္မာနုဓမ္မပဋိပတ္တိ၊
လောကုတ္တရာတရား ကိုးပါးအားလျော်သော မဂ္ဂင်ရှစ်ပါး
မြတ်တရားကိုကျင့်ဆောင်မယုတ် အားထုတ်ဆည်းပူးခြင်း

လည်းကောင်း။ ဥတိ၊ ဤသည်တို့ပေတည်း။ဘိက္ခဝေ၊ ရဟန်းတို့။စတ္တာရော၊လေးပါးကုန်သော။ဥမေခေါမ္ဘာ၊ဤတရားတို့ကို။ ဘာဝိတာ၊ ပွားများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဘန်များစွာ လေ့လာအပ်ကုန်သည် ရှိသော်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

[အဓိပ္ပါယ်သိသာပြီ။]

ထို့ကြောင့် ညီတော်အာနန္ဒာက မြတ်စွာဘုရားကို ဤသို့နားတော်လျှောက်၏၊ လျှောက်ပုံမှာ–"ကျေးဇူးတော်ရှင် မြတ်စွာဘုရား····ယထာဘူတ လွန်ကျန၍ ပဓာနအလုပ် အားထုတ်ပုံကို ပြသနိုင်သော ဆရာကောင်းဟု ဆိုအပ်သောမိတ်ဆွေကောင်းနှင့် ပေါင်းဘော်ယှဉ်တွဲ မှီဝဲဆည်းကပ်ရခြင်းသည် ရဟန်းကိစ္စဟုဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်ရာ၌ ထက်ဝက်မျှလောက် ပြီးမြောက်အောင် စွမ်းနိုင်ပါ၏ဘုရား"ဟု လျှောက်လေရာ–

ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "အို- ညီဘွား အာနန္ဒာ····အဘယ်ကြောင့် ထက်ဝက်မျှသာ ပြီးမြောက် ရာသည်ဟု ဆိုလေဘိသနည်း၊ စင်စစ်သော်ကား မိမိကိစ္စ ပဓာနအလုပ် အားထုတ် ရာတွင် ဆရာကောင်းနှင့်ပေါင်းသင်းမှီဝဲရခြင်းသည် ထက်ဝက်မက အလုံးစုံပြီးမြောက် ရပေတော့၏–ညီဘွား အာနန္ဒာ"ဟု မိန့်တော်မူလေ၏။

[မဟာဝဂ္ဂ မဂ္ဂသံယုတ်ပါဠိတော် အဝိဇ္ဇာဝဂ် ဥပဍ္ဎသုတ်။]

ဆောင်။ (၁) ယထာဘူတာ၊ဟုတ်မှန်ရာ၊ ဆရာခတွေအောင်ရှာ။

(၂) ဆရာမပြ၊ နည်းမကျ၊ အပြီးမရပါ။

(၄) ဆရာပြလျှင်၊ မကြာပင်၊ ထုတ်လျှင် ရမည်သာ။

ထို့ကြောင့် သီလမပြည့်စုံ သေးသော သူအား သီလက္ခန္ဓ ဂုဏ်နှင့် ပြည့်စုံစေခြင်းငှါငှင်း, သမာဓိ မပြည့်စုံသေးသောသူအား သမာဓိက္ခန္ဓဂုဏ်နှင့် ပြည့်စုံစေခြင်းငှါ ငှင်း, ပညာမပြည့်စုံသေးသောသူအား ပညက္ခန္ဓ ဂုဏ်နှင့် ပြည့်စုံစေခြင်းငှါငှင်း, ဝိမုတ္တိဂုဏ်နှင့် မပြည့်သေးသော သူအား "အရဟတ္တဖိုလ်"ဟု ဆိုအပ်သော ဝိမုတ္တိ ဂုဏ်နှင့် ပြည့်စုံစေခြင်းငှါငှင်း တပါးသော ရဟန်းစသောသူတော်ကောင်းများကို အရိအသေ အလေးအမြတ်ပြု၍ အမှီပြုခါ နေကြရာ၏၊ ထိုသို့ နေခြင်းဖြင့် ဆိုအပ်ခဲ့ပြီးသော လေးပါးသော အကျိုးထူးကို အလိုရှိအပ်၏။

[စတုက္ကင်္ဂုတ္တရပါဠိတော် ကမ္မဝဂ် သပ္ပုရိသာနိသံသသုတ်။]

မှန်လှပါပေသည်-တို့မြတ်စွာ ဗုဒ္ဓဘုရား ဖြစ်တော်မူစ သတ္တသတ္တာဟအပြီး အဇပါလညောင်ပင်ကြီးဝယ် တဆူ အထီးတည်း ကိန်းအောင်းမွေ့လျော် စမ့်ယ်တော်မူစဉ်ကာ လ တို့မြတ်စွာလူ့ဘ သုံးလောက ထွင့်တင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသော်မှ"မည်သူ့ကို အမှီပြု၍ နေရပါ အံ့နည်း"ဟု စိတ်တော်သည် ညွတ်ကိုင်းမိသေး၏။

[သဂါထာဝဂ္ဂ မြဟ္မသံယုတ် ပဌမဝဂ် ဂါရဝသုတ်။]

## မှီဝဲအပ်သော ဆရာအစစ်ကို ရွေးစစ်၍ပြခြင်း

ဤကဲ့သို့ အရိယာဖြစ်ခြင်း၏ အကြောင်းအင်္ဂါ လက္ခဏာ တို့တွင် ရှေးဦးစွာ ပဓာန ဆရာကောင်းကို ရှာဖွေဆည်းပူး ကြရာ၏၊ ထိုကဲ့သို့ သူတော်ကောင်း အပေါင်းတို့တွင် ရှေးဦးစွာ ဘုရားရှင်ကို မရရှိ နိုင်ခဲ့ပါလျှင် (၁) ရဟန္တာကို၊ ထို ရဟန္တာကိုမှ မရရှိ ပြန်သော် (၂) အနာဂါမ်,(၃) သကဒါဂါမ်,(၄) သောတာပန်, (၅) ထိုကမ္မဋ္ဌာန်းနှင့် ဈာန်ရသော ဈာနလာဘီပုဂ္ဂိုလ်, (၆) ပိဋကတ် သုံးပုံဆောင်- နှစ်ပုံဆောင်- တပုံဆောင် တခုသော အဋ္ဌကထာနှင့်တကွ နိကာယ်ဆောင် ကမ္မဋ္ဌာန်းအားထုတ်နေဆဲ ပုဂ္ဂိုလ်, ကိုယ်ကျင့်သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်,ပညာဗဟုသုတ ပြည့်ဝသောပုဂ္ဂိုလ်၊ ဤပြဆိုခဲ့ပြီး အသီးသီးသော ပုဂ္ဂိုလ်တို့တွင် အစဉ်အတိုင်းသောသူတော်ကောင်း တို့ကို ရွေးချယ် စိစစ်၍ ရှာဖွေ ဆည်းကပ်ကြရာ၏။

> သစေ ခီဏာသဝံ လဘတိ ဣစ္စေတံ ကုသလံ၊
> နောစေ လဘတိ အနာဂါမိ သကဒါဂါမိ သော-
> တာပန္န ဈာနလာဘီပုထုဇ္ဇန တိပိဋကဓရ ဒွိပိဋက-
> ဓရေကပိဋကဓရေသု ပုရိမဿပုရိမဿ သန္တိကေ
> ဧကပိဋကဓရေပိ အသတိ ယဿ ဧကသင်္ဂီတိပိ
> အဋ္ဌကထာယ သဒ္ဓိံ ပဂုဏာ အယဉ္စ လဇ္ဇီ ဟောတိ
> တဿ သန္တိကေ ဂဟေတဗ္ဗံ။

[ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ]

ဒိဋ္ဌာသဝံ၊ ရဟန္တာကို။ သစေလဘတိ၊ အကယ်၍ ရသည်ဖြစ်ပါအံ့။ ဇူစွေတံ၊ ဤသို့ရဟန္တာကိုရခြင်းသည်။ ကုသလံ၊ ကောင်း၏။ နောစေလဘတိ၊ အကယ်၍မရငြား အံ့။ အနာဂါမိ သကဒါဂါမိ သောတာပန္န ဈာနလာဘီ ပုထုဇ္ဇန တိပိဋကဓရ ဒွိပိဋကဓရ ဧကပိဋကဓရေသု၊ အနာဂါမ်,သကဒါဂါမ်,သောတာပန်,ဈာနလာဘီ ပုထုဇ္ဇန် ဖြစ်လျက် ပိဋကတ်သုံးပုံဆောင်,နှစ်ပုံဆောင်, တပုံဆောင် အရှင်မြတ်တို့တွင်။ ပုရိမဿ ပုရိမဿ၊ ရှေးရှေးသခင်၏။ သန္တိကေ၊ အထံတော်၌။ (ဂဟေတဗ္ဗံ၌စပ်)။ ဧကပိဋက ဓရေပိ၊ ပိဋကတ်တပုံဆောင် အရှင်သည်လည်း။ အသတိ၊ မရှိခဲ့သော်။ ယဿ၊ အကြင်သခင်သည်။ ဧကသင်္ဂီတိပိ၊ တခုသော နိကာယ်ကိုမျှလည်း။အဋ္ဌကထာယ၊အဋ္ဌကထာ နှင့်။ သဒ္ဓိံ၊ တကွ။ ပဂုဏာ၊ လေ့လာအပ်သည်။ ဟောတိ၊ ဖြစ်၏။ အယဉ္စ၊ ဤသူသည်လည်း။ လဇ္ဇီ၊ ဖြူစင်ဖြောင့် မတ် ကောင်းမြတ်သော သီလရှိသည်လည်း။ ဟောတိ၊ ဖြစ်အံ့၊ တဿ၊ထိုလဇ္ဇီပုဂ္ဂိုလ်၏။ သန္တိကေ၊အထံတော်၌။ (ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။) ဂဟေတဗ္ဗံ၊ သင်ယူလေးမြတ် ကျင့်ကြံအားထုတ်အပ်၏။

ဤသို့စသား—အဋ္ဌကထာစကားများကို ထောက်ထား ဆင်ခြင် ဉာဏ်နှင့်ယှဉ်၍ ဘုရားအစရှိသော ကောင်းမြတ် သောဆရာသမား သူပြောတိုင်းမယုံမှားရအောင်ရှေးဦး စွာ ''ပဓာန''လိုအပ်လှပေတော့သတည်း၊ မှန်ပါသည်- ''ရောင်းကုန် ဝယ်ကုန် ရှုံးလျှင်တခေါက်၊ လင်ကုန်မယားကုန် ရှုံးက တသက်လုံးမှောက်၊ ဆရာကုန်ရှုံးပါက တသံသရာလုံး မှောက်'' ဆိုသော စကားကဲ့သို့ တဘဝတနပ်စာမျှမက

သံသရာအတွက်ဆောင်ရွက်ရန် ကိစ္စဖြစ်ပေရကား စဉ်းစဉ်းစားစား မိမိဉာဏ်အားမနိုင်ငြားသော် မိမိတို့ဆည်းကပ်ကိုးကွယ် ပညာကြီး ပညာကျယ် ပုဂ္ဂိုလ်ကြီးတို့ထံ ဆည်းကပ်ဝပ်တွား လျှောက်ထားမေးမြန်းပြီးမှ ဆည်းကပ်သင့်ရာ "ဆရာ"၊အားထုတ်သင့်ရာ "ကမ္မဋ္ဌာန်း" တို့ကို ကြိုးပမ်းကြကုန်ရာ၏။

အဘယ်ကြောင့်ဆိုပါသော်— သာသနာတော်ကနောက်ပိုင်း ကိလေသာတဏှာတွေက ဒေါင်စိုင်း လွယ်လွယ်နှင့်ရလိုမှုကမဆိုင်း ဆရာ့ဆရာတွေကဝိုင်း သာသနာစည်းကမ်း ဘရမ်းဘတာ ဖြစ်ချင်ရာဖြစ် ပါဠိတော်,အဋ္ဌကထာဘုရားမြတ်သာသနာဝယ် ထင်ရှားစွာရှိပါသေးလျက် ပရိယတ်အလာ ပဋိပတ်ကျင့်ရာဝယ် စာအရှိကိုသာမလုပ်ကြပါမူ၍ အသစ်အသစ်နည်းလမ်း အဆန်းတွေကချား ယခုခေတ်လူများယုံကြည်လွယ်မှု "သဒ္ဓါ" တွေကတော့ပွါးဆင်ခြင်မှု "ပညာ" နည်းပါးလှသဖြင့် "ဆရာကောင်းကိုရှာ မတော်ဒါနှင့်တွေ့"ဆိုဘိအလား အဇာတသတ်မင်းကလေး ဆရာပေါင်းမှားရေးကြောင့် သံသရာလွတ်ကြောင်းဝေးရုံမျှမက အပါယ်ငရဲသို့ပင် ကျရောက်ရကြောင်း ထုံးဟောင်းသာဓက ထောက်ဆနိုင်ကြပါစေကုန်၊ "မင်မရဒါထက် နရက်ကျမှာ"ကြောက်ရပေသတည်း။

မှတ်ချက်။ [နရက်ဆိုသည်မှာ ငရဲကိုဆိုသည်။]

ထိုမှတပါး ဥပမာ ထားရသော်— သူကန်းအပေါင်းထောင်သောင်းများစွာ လမ်းမှား၍နေကြရာတွင် အကန်းလူစွာတယောက် ရှေ့နောက်မစဉ်းစား သိယောင်ကားနှင့်

လမ်းသိလေယောင် ရှေ့ဆောင်ပြုရာ ထိုသူနောက်အစဉ် ပါ၍ ထင်ရာကိုသွားရှိလေငြားသော် တပါးအခါ ချောက် ကမ်းပါးနက်စွာသို့ စဉ်မကွာတသိုက် ငွမ်းပြန်ထက် အောက်ပက်လက်မှောက်မသက်သာ ကျချက်ကြီးနာလှသ ဖြင့် သေရွာမရဏာ အပြီးတိုင်ဆိုက်ရောက်ကြသကဲ့သို့မှတ်။

## မိမိကိုယ်သာ ရှေ့ဦးစွာ ဆုံးမရန်ကိုပြခြင်း

အတ္တာနမေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊နကိလိဿေယျ ပဏ္ဍိတော။
[ဓမ္မပဒ ပါဠိတော်၊]

အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပဋိရူပေ၊သင့်တင့်လျောက်ပတ်သော သီလ,သမာဓိ,ပညာ အကျင့်တရား၌။ နိဝေသယေ၊နည်းနာရအောင်ကျင့်ဆောင် သိုမှီးရာ၏။ အထ-ပစ္ဆာ၊ ထိုနောက်မှ။ အညံ၊ရှင်လူအများ သူတပါးကို။ အနုသာသေယျ၊ နည်းနာကျနဟောပြော ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသည်။ အတ္တာနမေဝ၊ မိမိ ကိုယ်ကိုသာလျှင်ငင်း။ အညဥ္စ၊ ရှင်လူအများ သူတပါးကို ငင်း။ နကိလိဿေယျ၊ ပစ္စုပ္ပန်,သံသရာ နှစ်ဖြာညစ်နွမ်း မပင်ပန်းစေရာသတည်း။

ထို့ကြောင့်မဟုတ်ပါလော?

(၁) ရှေ့ဆောင်နွားလား၊ အဖြောင့်သွားသော်၊ နောက်နွားတသိုက်၊အဖြောင့်လိုက်၏။

(၂) ရှေ့ဆောင်နွားမိုက်၊ အကောက် ကြိုက်သော်၊ နောက်နွားတသိုက်၊အကောက်လိုက်၏။

[စတုက္ကင်္ဂုတ္တရ ပါဠိတော် ပတ္တကမ္မဝဂ် အဓမ္မိကသုတ်မှ။]

# ဆရာပေါင်းမှား၍ ဘေးသုံးပါးဆိုက် သည်ကိုပြခြင်း

''ဆရာတပါးလွဲချော်က ဒါယကာဒါယိကာမအများ ရေခေါ်၏'' ဟူသောစကားအတိုင်း ဆရာကောင်းနှင့်မတွေ့ ရှိရပါက ယခုဘဝပစ္စက္ခ၌ပင် သုံးအင်ဘယ ဆိုးဝါးလှ ပြီး ဘေးကြီးများနှင့်လည်း တွေ့ရှိရပေသေးသည်၊အဘယ် ဘေးကြီးတို့နည်းဟူပါမူ (၁)''မိစ္ဆာဒိဋ္ဌိဘေး၊ (၂) ဝိနိပါတ ဘေး၊(၃)နာနာသဏ္ဌာရ ဥလ္လောကနဘေး'' ဟူ၍ သုံးပါး တည်း။

ထင်ရှားစေအံ့-(၁)''မိစ္ဆာဒိဋ္ဌိဘေး''-၌မိစ္ဆာဒိဋ္ဌိဘေး ဟူသည် သာသနာတော်တွင်း၌ပင် ဖြစ်စေကာမူ ''သပ္ပုရိ သူပနိဿယ''ဆရာကောင်းကို မမှီဝဲရက သာသနာတော်မှ အပ ဗာဟိရက ပုဂ္ဂိုလ်တို့၏အယူအဆ မှားသောအကျင့် အာစာရ, မှားသောအမြင် ဟူသမျှတို့ကိုပင် အမှန်ကြီး ထင်မှတ်ကာ ကျင့်ကြံအားထုတ် ပြုလုပ်ကြိုးစား အမြင် အထင်မှား၍ အလွန်ကြီကြိုက်ခဲလှ ဗုဒ္ဓုပ္ပါဒဒုလ္လဘ နဝမ ခဏကြီးကို ကုန်လွန်စေသော ဘေးဆိုးကြီးပေတည်း။

မှတ်ချက်။ [၌မိစ္ဆာဒိဋ္ဌိထက် ကြီးလေးသော အပြစ်ကား မရှိနိုင်တော့ပေ။]

(၂) ''ဝိနိပါတဘေး''–၌ဝိနိပါတဘေးဟူသည်ဘုရား ရှင်သာသနာ နေ,လ,ပမာ ထွန်းတောက်ပပါသော်လည်း မိမိအတွက် အခါမဟုတ်၊ အပါယ်လေးပါးတည်းဟူသော ဝဲဇလုပ်ဝယ် နစ်မြုပ်ခါခါ ကျရောက်၍နေရပါသောကြောင့် တရားဒေသနာအဖြာဖြာတို့ကို ကျင့်ကြံနိုင်ရန်ကို ဝေးစွာ

ကြားနာကြည်ညိုခြင်းကိုမျှ မပြုကြရသဖြင့် အလွန်ကြိုကြိုက်ခဲလှ ဗုဒ္ဓုပ္ပါဒဒုလ္လဘ နဝမခဏကြီးကို ကုန်လွန်စေသော ဘေးဆိုးကြီးပေတည်း။

မှတ်ချက်။ [အပါယ်လေးပါးသို့ တကြိမ်မျှ ကျမိလျှင် သင်္ချတိ ဘဝ ရခဲလှပေတော့၏။]

(၃) "နာနာသတ္တာရ ဥစ္ဆေဒကနဘေး" –ဤဘေးကြီးသည်ကား သာသနာတော် နောက်ပိုင်းတွင် ဆရာတွေကပေါများ၊ ကြီးပွါးရန်အကြောင်းကောင်းမကောင်းကိုမျှမစဉ်းစား၊ ဆရာတဆူ အယူဖေါက်ပြား၍ နောက်သားတသိုက် မိမိအလို့သို့ လိုက်လေအောင် နည်းပရိယာယ် အမျိုးမျိုးတို့ကိုဆောင်ကာ အသစ်အသစ်တွေ သွင်းလူဖျင်းတစု ထိုဆရာပြုသည်ကိုပင် အကောင်းကြီး ထင်မှတ်ကာ ဆရာတို့၏မျက်နှာကိုအခါခါမြှော်ရှု လေးပြုခါခါ ဆရာပေါင်းမှားရှာ၍ ကမ္ဘာ့ကမ္ဘာအဆက်ဆက် ကျွတ်လမ်းသို့ မလွတ်ထွက်နိုင်ကြဘဲ အလွန် ကြိုကြိုက်ခဲလှ ဗုဒ္ဓုပ္ပါဒဒုလ္လဘ နဝမခဏကြီးကို ကုန်လွန်စေသောဘေးဆိုးကြီးပေတည်း၊

---

## ဆရာ့အင်္ဂါခုနစ်ဖြာကိုပြခြင်း

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊နောစာဋ္ဌာနေ နိယောဇယေ။
[ဝိသုဒ္ဓိမဂ် ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၊]

ပိယောစ၊ သီလ,သမာဓိ ဂုဏ်တို့ကြောင့် ချစ်ခင်အပ်သည်ဖြင်း။ ဂရုစ၊ ကျောက်ထီးတန္တုံ အလေးပြုအပ်သည်ဖြင်း။ ဘာဝနီယောစ၊ ချီးမွမ်းအပ်သည်ဖြင်း။ ဝါ၊

မေတ္တာစိတ်ဖြင့်ပွါးစေအပ်သည်ဟူ၏။ ဝတ္တာစ၊ သတ္တဝါတို့၏ ရုပ်ခန္ဓာနှင့် အလိုဆန္ဒအလိုက် ကောင်းအောင် တရားဟောတတ်, ဆုံးမတတ်သည်ဟူ၏။ ဝစနက္ခမောစ၊ မသိ၍ မေးလျှောက်သမျှကို မမောင်းမဲ သည်းခံ၍ ဖြေဆိုနိုင်သည်ဟူ၏။ ဂမ္ဘီရံ၊ သစ္စာ, ပဋိစ္စသမုပ္ပါဒ်စသည်နှင့်စပ်၍ နက်နဲသော။ ကထံ၊တရားစကားကို။ ကတ္တာစ၊ ဟောပြောတတ်သည်ဟူ၏။အဋ္ဌာနေ၊ မလျော်သောအရာ, မပြုကောင်းသောကိစ္စတို့၌။ နောစနိယောဇယေ၊ တိုက်တွန်းခြင်း,အားထုတ်ခြင်းကိုမပြုစေရာ။

ဤဆိုအပ်ခဲ့ပြီးသောဂုဏ်နှင့်ပြည့်စုံသည်ကား "ဘုရား" သာတည်း၊ ဤအင်္ဂါတို့တွင် ပြည့်စုံနိုင်သလောက်ပေါက်ရောက်အောင်မြင် ဆရာရှင်တို့ကို ရွေးချယ်စိစစ်ကာဆည်းကပ်ညွတ်တွား ပွါးများအားထုတ်ကြကုန်ရာ၏။

---

## လောကရေးထက် ဓမ္မရေးခက်ပုံ

လောကရေး၌ ချွတ်ယွင်းမှားချေသည်ရှိလျှင် အသက်စည်းစိမ်ပျက်စီးရုံမျှသာဖြစ်၍ အပါယ်လေးပါး သို့လည်း မလားမကျစေနိုင်၊ သံသရာ၌လည်း မနစ်စေတတ်သောကြောင့် အနည်းငယ်မျှသော ပျက်စီးခြင်းတည်း၊"ဓမ္မကံ" ရေး၌ ချွတ်ယွင်း မှားချေသည်ရှိသော် အပါယ်လေးပါးတို့သို့ လားရမည်လည်း အခါခါပင် သံသရာတွင်လည်း ကမ္ဘာ့သစ်ငုတ်ကဲ့သို့ မပြုတ်နိုင် မကျွတ်နိုင်ဘဲလျက် ဆင်းရဲကြီးစွာခံရပေမည်၊ ထို့ကြောင့်—လောကရေးထက် ဓမ္မကံရေးကို စူးစူးစမ်းစမ်း ပညာရှိထက်ပညာရှိတို့နှင့် တိုင်ပင်ညှိ၍ သဘောမိမိ တတ်အပ်သိအောင်ပြုပြီးမှ စိတ်ချချ

ကျင့်ဆောင်ခြင်း၊ "ဩဝါဒ" ဆုံးမပေးခြင်းကို ပြုသင့်သည် ဟူလို၊ "စုန်း"ဟုတ်သည်မဟုတ်သည်ကိုရေသို့ချမှသိရသကဲ့သို့ "မိစ္ဆာဒိဋ္ဌိ" ဖြစ်သည်မဖြစ်သည်ကို ပိဋကတ်တော်၌ ဉာဏ်နှင့်ချမှ သိရပေမည်၊ ပိဋကတ်တော်သို့ ယထာဘူတ ဉာဏ်ဖြင့်ရောက်မှ ဒိဋ္ဌိပျောက်တန်လျှင် ပျောက်လိမ့်မည်၊ ဝမ်းမြောက်တန်လျှင်လည်း "ငါသမ္မာဒိဋ္ဌိတည်း"ဟု ဝမ်းမြောက်ရလိမ့်မည်၊ ပိဋကတ်တော်နှင့်စမ်းမှ အမှန်ကျသိမည်တည်း။

---

## ပလိဗောဓဖြတ်ပယ်ရပုံကိုပြခြင်း

ထိုသို့"သပ္ပုရိသူပနိဿယ" ဆရာကောင်းတို့ကို ရှေးဦးစွာရှာကြံပြီးကာလ ပဓာနအလုပ် အားထုတ်ကြရာဝယ် ကမ္မဋ္ဌာန်း၏အန္တရာယ် အပိတ်အပင် အဆီးအတား ဆန့်ကျင်ဘက်ဖြစ်သော"ပလိဗောဓကြီး၊ပလိဗောဓငယ်"အသွယ်သွယ်တို့ကို ဖြတ်ပယ်ကြကုန်ရာ၏။

### ပလိဗောဓကြီးဆယ်ပါး

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေ ဒသ။
[ဝိသုဒ္ဓိမဂ် ကမ္မဋ္ဌာနဂ္ဂဟဏ နိဒ္ဒေသ။]

အာဝါသော စ၊ တိုက်တာအာရာမ် ကျောင်းကန်ဌာန အာဝါသရင်း။ ကုလံ၊ အလုပ်အကျွေး တကာဥပါသ်ရင်း။ လာဘော၊ ဘုန်းလာဘ်လာဘရင်း။ ဂဏော၊ မိမိဂိုဏ်းသား တပည့်အများရင်း။ ပဉ္စမံ၊ ငါးခုမြောက်ဖြစ်သော။ ကမ္မဉ္စ၊ ဘုရားတည်စရာ, ကျောင်းဆောက်စရာ စသော

နဝကမ္မအမှုကိစ္စဝင်း။ အဒ္ဓါနံ ၊ ခရီးသွားစရာ ကိစ္စဝင်း။ ဉာတိ၊ ဥပဇ္ဈာယ်, အန္တေဝါသိကစသော သာသနာမျိုး ဆွေ့,အမိ-အဘစသော အိမ်မျိုးဆွေဝင်း။ အာဗာဓော၊ အနာရောဂါဝင်း။ ဂန္ထော၊ စာတက်,စာချ,ကျမ်းရေး, ကျမ်းဆောင်မှုဟူသော ကျမ်းဂန်စာပေကိစ္စဝင်း။ ဣဒ္ဓိ၊ တန်ခိုးပြခြင်းကိစ္စဝင်း။ ဣတိ၊ ဤသို့။ တေ၊ ထိုကမ္မဋ္ဌာန်းကို စိတ်ချလက်ချ အားထုတ်ခွင့်မရအောင် နှောင့်ရှက်ကန့်ကွက်တတ်ကုန်သော ပလိဗောဓကြီးတို့သည်။ ဒသ၊ ဆယ်ပါးအပြားရှိကုန်၏။

ဤသို့ပြဆိုခဲ့ပြီး အသီးသီးသော ပလိဗောဓကြီးတို့ကို ဖြတ်တောက်ပယ်ရှင်း သုမ်သင်ခြင်းအမှုတို့ကို ပြုလုပ်ကြကုန်ရာ၏၊ထို "ပလိဗောဓကြီး" အသီးသီးတို့ကို ဖြတ်ပယ်ကြပြီးကာ ပဓာနအလုပ်ခွင် ဝင်ခါနီးကာလ အဝဝသော "ပလိဗောဓငယ်"တို့ကိုလည်း တဘန်ထပ်ကာ သုမ်သင်ရှင်းလင်းပြန်ရာ၏။

### ပလိဗောဓငယ်များ

ကေသလောမနခစ္ဆေဒေါ၊ စီဝရေ ရဇနာဒိစ။
ပတ္တပါကောစ မဉ္စာဒိ၊ သောဓနံ ခုဒ္ဒကာ ဣမေ။
[ဝိသုဒ္ဓိမဂ် ပထဝီနိဒ္ဒေသ။]

ကေသလောမ နခစ္ဆေဒေါ၊ ဆံပင်,အမွေး,ခြေသည်းလက်သည်း တို့ကို ရိတ်လှီးရခြင်းဝင်း။ စီဝရေ၊ သင်္ကန်း၌။ ဝါ၊ သင်္ကန်းတို့ကို။ ရဇနာဒိစ၊ဆိုးဖွပ် ချုပ်ဖာခြင်းဝင်း။ပတ္တပါကောစ၊ ချေးတက်သောသပိတ်ကို ဖုတ်ခြင်းဝင်း။ မဉ္စာဒိသောဓနံ၊ ညောင်စောင်းစသည်တို့ကို သုမ်သင် ရှင်းလင်းခြင်းဝင်း။ ဣမေ၊ ဤသည်တို့ကား။ ခုဒ္ဒကာ၊ ငယ်ကုန်

သော ပလိဗောဓတို့ပေတည်း။ ဝါ၊ ပလိဗောဓငယ်တို့ကို ဖြတ်ခြင်းတို့ ပေတည်း။

ဤကဲ့သို့ သုမ်သင် ရှင်းလင်းပြီးကာ ပဓာနအလုပ်အား ထုတ်ရန်''သပ္ပါယ''မျှတသော ကမ္မဋ္ဌာန်းကျောင်းတွင်းသို့ သက်ဆင်းဝင်ရောက်ကြ ကုန်ရာသတည်း။

---

## သင့်မသင့်အာဝါသ ရွေးစစ်၍ပြခြင်း

ဤကဲ့သို့ ပလိဗောဓကြီး,ပလိဗောဓငယ် အသွယ်သွယ် အဝဝတို့ကို သုမ်သင်ရှင်းလင်း ဖြတ်တောက်စင်း၍ ပြင်းထန်လုံ့လ ဝီရိယဖြင့် ပဓာနအလုပ် အားထုတ်ရန်အခွင့် သင့်မသင့်သော ''ကျောင်း''တို့ကို ရွေးချယ်စီစစ်၍ အား ထုတ်ကြကုန်ရာ၏။

### ရှောင်ကြဉ်ရာဌာန တဆယ့်ရှစ်ရပ်သော အာဝါသကိုပြခြင်း

(၁) မဟာဝါသံ နဝါဝါသံ၊ ဇရာဝါသဥ္စ ပန္ထနိံ။
သောဏ္ဍိံ ပဏ္ဏဥ္စ ပုပ္ဖဉ္စ၊ ဖလံ ပတ္တိတမေဝစ။
(၂) နဂရံ ဒါရုနာ ခေတ္တံ၊ ဝိသဘာဂေန ပဋ္ဋနံ။
ပစ္စန္တသီမာသပ္ပါယံ၊ ယတ္ထ မိတ္တော နလဗ္ဘတိ။
(၃) အဋ္ဌာရသေတာနိ ဌာနာနိ၊ဣတိ ဝိညာယ ပဏ္ဍိတော။
အာရကာ ပရိဝဇ္ဇေယျ၊မဂ္ဂံ သပ္ပဋိဘယံ ယထာ။
[ဝိသုဒ္ဓိမဂ် ပထဝီနိဒ္ဒေသ။]

(၁) မဟာဝါသံ၊ နာနာဆန္ဒ ဝိဝါဒများ စကားဆို လောင်သော ကျောင်းတိုက်ကြီးကိုဎင်း။ နဝါဝါသံ၊ များ နဝကံ မပြုပြန်ခဲ့ ကွဲရှဲရှဲ့ပြစ် ကျောင်းတိုက် သစ်ကိုဎင်း။

ဇရာဝါသဒ္ဓ၊ ပြင်ဘွယ် များတောင်း ကျောင်းဘိုက် ဟောင်း ကိုင်ရင်း။ ပန္တနိုံ၊ ညွှသည်ခိုမှီးလမ်းခရီးနီးသော ကျောင်း ကိုင်ရင်း။ သောက္လှို၊ ရှင်လူရဟန်း ရောပြွမ်းစုဆိုင် ကျောက် ရေအိုင်နီးသော ကျောင်းကိုင်ရင်း။ ပဏ္ဏာဒ္ဓ၊ သီချင်းဆူကြွက် ရှာသူသက်သည့် ဟင်းရွက်တောနီးသော ကျောင်းကိုင်ရင်း။ ပုပ္ဖဒ္ဓ၊ မြင်သူရှင်မော ပန်းပင်ပေါသော ကျောင်းကိုင်ရင်း၊ ဖလံ၊ သစ်သီးတွေပေါ လူစုံပြောသော ကျောင်းကိုင်ရင်း။ ပတ္တိတမေဝစ၊ တောင့်တ ချီးမွမ်း လူစုံပြွမ်းသည့် ဘုရား တန်ခိုးကြီး ရှိသဖြင့် လူအများရောက်ချင်အပ်သော သခ်မ်း ကျောင်းကိုင်ရင်း။

(၂) နဂရံ၊မာတုဂါမ စသည်ဆူလှောင်း မြို့နီးကျောင်း ကိုင်ရင်း။ ဒါရုနာ၊ သစ်ဝါး ထင်းတောကို မှီသောကျောင်း နှင့်တကွ။ ခေတ္တံ၊ လယ်တောနီးသော ကျောင်းကိုင်ရင်း။ ဝိသဘာဂေန၊ ရဟန်းရန်သူ အချင်းချင်းရှိသော ကျောင်း နှင့်တကွ။ ပဋ္ဋနံ၊ ကုန်သည်လာအိပ် ရေဆိပ် ကုန်းဆိပ် နီးသော ကျောင်းကိုင်ရင်း။ ပစ္စန္တသီမာ သပ္ပါယံ၊ သဒ္ဒါ နည်းပါး တိုင်းစွန်ပြည်နား ရွာကိုမှီသောကျောင်း,နှစ်ပြည် ခြားညှပ် တိုင်းကြပ်ရွာကို မှီသောကျောင်း, မာတုဂါမ ယက္ခဘေးဘျမ်း ရောပြွမ်းနေလတ် မလျောက်ပတ်သော ကျောင်းသုံးပါးကိုင်ရင်း။ ယတ္ထ၊အကြင်ကျောင်း၌။ မိတ္တော၊ တပည့်တကာ ကလျာရွေပေါင်း မိတ်ဆွေ ကောင်းကို။ နလဗ္ဘတိ၊ မရအပ်။ တမ္ပိ၊ ထိုမိတ်ကောင်းမနီး အပြစ်ကြီး တောင်း နေရာကျောင်းကိုင်ရင်း။

(၃) တောနိ အဋ္ဌာရသဋ္ဌာနာနိ၊ ဤတဆယ့်ရှစ်ပါး သော အရပ်တို့ကို။ ဉတွိ၊ ဤသို့။ ဝိညာယ၊ ဘာဝနာနှင့်

သင့်မသင့်ဟိ နှိုင်းချင့်သိ၍။ ပဏ္ဍိတော၊ ပညာရှိသူပုဂ္ဂိုလ်ဖြစ်သည်။သပ္ပဋိဘယံ၊သားရဲဘီလူး ခိုးမှူးပြွမ်းဟိ ဘေးဘျမ်းရှိသော။ မဂ္ဂယထာ၊ ခရီးလမ်းကိုကဲ့သို့။ အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇေယျ၊ ရှောင်ကြဉ်ရာ၏။

[သိသာထင်ရှားပြီ။]

## မှိဝဲရန်ဌာန ကိုးရပ်သော အာဝါသကိုပြခြင်း

ဝိဝိတ္တံ သေနာသနံ ဘဇတိ၊
အရညံ ရုက္ခမူလံ ပဗ္ဗတံ။
ကန္ဒရံ ဂိရိဂုဟံ သုသာနံ ဝနပတ္ထံ၊
အဗ္ဘောကာသံ ပလာလပုဉ္ဇံ။ ။

[မဇ္ဈိမပဏ္ဏာသပါဠိတော်ဘိက္ခုဝဂ် ဘဒ္ဒါလိသုတ် စသည်။]

သာဓဝေါ၊ ပဓာနအလုပ် အားထုတ်လိုငြား အို–သူတော်ကောင်း အများတို့။ အရညံ၊ ရွာနှင့်ဝေးလတ်တော အရပ်သို့ငှင်း။ ရုက္ခမူလံ၊ ဆိတ်ငြိမ်သန့်ရှင်း သစ်ပင်ရင်းသို့ငှင်း။ ပဗ္ဗတံ၊ ဆိတ်ငြိမ်ရာတောင်သို့ငှင်း။ ကန္ဒရံ၊ဆိတ်ငြိမ်ရာ ချောက်သို့ငှင်း။ ဂိရိဂုဟံ၊ တောင်ခေါင်းလိုဏ်ဂူသို့ငှင်း။ သုသာနံ၊ လူသူကြောက်ရွံ့မလာဝံ့ရန် သင်းချိုင်းသုသာန်သို့ ငှင်း။ ဝနပတ္ထံ၊ ဆိတ်ငြိမ်သော တောအုပ်သို့ငှင်း။ အဗ္ဘောကာသံ၊ဆိတ်ငြိမ်ရာလယ်ပြင်,ယာပြင် လွင်တည်းခေါင်သို့ငှင်း။ ပလာလပုဉ္ဇံ၊ ဆိတ်ငြိမ်ရာ ပြောင်းရိုးစင်, ပြောင်းရိုးပုံ, ကောက်ရိုးစင်, ကောက်ရိုး ပုံသို့ငှင်း။ ဝိဝိတ္တံ၊ ဆိတ်ငြိမ်သော။ သေနာသနံ၊ ဆိုအပ်ခဲ့ပြီး အသီးသီးသော ကျောင်းသို့။ဘဇတိ၊ ချဉ်းကပ်နေထိုင်ရာ၏။

[သိသာထင်ရှားပြီ။]

## မှိဝဲရန်စင်စစ်အသင့်လျော်ဆုံးဖြစ်သော ကျောင်းကိုပြခြင်း

အို– ရဟန်းတို့…. အဘယ်သို့လျှင် ကျောင်း သည် အင်္ဂါငါးပါးနှင့် ပြည့်စုံပါသနည်းဟူမူ၊ အို–ရဟန်းတို့…. ကျောင်းသည်–

(၁) မဝေးလွန်းသည် လည်းကောင်း,မနီးလွန်းသည် လည်းကောင်း, လူသူလေးပါးတို့ သွားခြင်း လာခြင်းငှါ မလျောက်ပတ်သည် လည်းကောင်း, နေ့အခါ လူတို့နှင့် မပြွမ်း။

(၂) ညအခါ လူသံဆိတ်၏၊ အုတ်အုတ် ကျက်ကျက် ကြွေးကျော် အော်ဟစ်သံမရှိ။

(၃) မှက်,ခြင်,နေပူ, မြွေ,ကင်းသန်းတို့၏ ကိုက်ခြင်း ထိပါးခြင်းမှ ကင်း၏။

(၄) ထိုကျောင်း၌နေသော ရဟန်းအား မငြိုမငြင် မပင်မပန်းဘဲ သင်္ကန်း, ဆွမ်း, ကျောင်း, သူနာအထောက် အပံ့ဆေးပစ္စည်းတို့သည် ဖြစ်ကုန်၏။

(၅) ထိုကျောင်း၌ အကြားအမြင် ဗဟုသုတရှိကုန် သော သုတ်,အဘိဓမ္မာကို ဆောင်ကုန်သော ဝိနည်းကို ဆောင်ကုန်သောမာတိကာကို ဆောကုန်သော မြဲမြံသော ဂုဏ်ကျေးဇူးရှိကုန်သော ရဟန်းတို့သည် နေကုန်၏၊ ထို ရဟန်းတို့ကိုရံဖန်ရံခါ ချဉ်းကပ်၍"အရှင်ဘုရား…ဤပုဒ်ကို အဘယ်သို့မှတ်ရပါမည်နည်း၊ ဤပုဒ်၏အနက်ကား အဘယ် သို့ပါနည်း"ဟု မေးမြန်း၏၊ ထိုအရှင်တို့သည် ထိုရဟန်း

အား မပွင့်မလင်း သည်တို့ကို ဖွင့်ပြကုန်၏၊ မပေါ်သည်ကို ထင်ရှားစွာပြကုန်၏၊ တပါးမက များသောအကျိုးရှိကုန်သော သံသယဖြစ်ကြောင်းဖြစ်သော အရာဌာနဘို့၌ ယုံမှားသက်ခြာကို ဖျောက်ပယ်၏၊ အို- ရဟန်းတို့.... ကျောင်းသည် ဤသို့လျှင် အင်္ဂါငါးပါးနှင့် ပြည့်စုံသည်ဖြစ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူအပ်၏။

[ဒသင်္ဂုတ္တရပါဠိတော်နာထဝဂ် သေနာသနသုတ်,ဝိသုဒ္ဓိမဂ် ပထဝီနိဒ္ဒေသ စသည်။]

ဆောင်။ မနီးမဝေး-သွားရေးမခက်၊ ဆိတ်ငြိမ်သက်လျက်၊ မှက်ခြင်ပါးနည်း၊ ပစ္စည်းမပန်း၊ ကျမ်းတတ်လည်းရှိ၊ ငါးစုံပြည့်၍၊ မြတ်သည့်နေရာ၊ကျောင်းတိုက်တာသည်၊....မြန်စွာ,မဂ်ဖိုလ် ရကြောင်းတည်း။

ဤသည်ကား—ကျမ်းဂန်အရ အသင့်လျော်ဆုံးသောဌာနကို စီစစ်၍ ပြခြင်းပေတည်း၊ စင်စစ်သော်ကား မြို့ထဲရွာထဲ၌ပင်ဖြစ်စေကာ အသင့်အတင့်ဆိတ်ငြိမ်ရာဌာန အချိန်ကာလတို့ကို ရွေးချယ်စီစစ်၍ ပွားများအားထုတ်ကြကုန်ရာ၏။

ထင်ရှားစွာချဲ့ပြဦးအံ့—ရှေ့လက်ထက်တော် အခါကာလ အရှင်မောဂ္ဂလာန် မထေရ်မြတ်က အရှင်သာရိပုတ္တရာမထေရ်ကို ဤသို့နားတော်လျှောက်ပေ၏၊ လျှောက်ပုံမှာ—

အို-ရှင်သာရိပုတ္တရာ....ရဟန်းသည် တောကျောင်း၌ နေသော်သာလျှင် ဤတရားကို ဆောက်တည်၍ ကျင့်အပ်ပါသလော၊ ထိုသို့မဟုတ် ရွာနီးကျောင်း၌ နေသောရဟန်းသည်လည်း ဆောက်ဘည်၍ ကျင့်အပ်ပါသလော''ဟုမေးလျှောက်လေ၏။

အို-ငါ့ရှင်မောဂ္ဂလာန်…ရဟန်းသည် တောကျောင်း၌ နေသော်လည်း ဤတရားတို့ကို ဆောက်တည်၍ ကျင့်အပ်ကုန်သေး၏၊ ရွာနီးကျောင်း၌နေသော ရဟန်းမှာမူကား အဘယ်ဆိုဘွယ်ရာ ရှိပါတော့မည်နည်းဟု မိန့်တော်မူလေ၏။

[မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဘိက္ခုဝဂ် ဂေါလိယာနိသုတ်။]

## ရွာနီးကျောင်းထက် တောကျောင်းကမြတ်ပုံ

တို့မြတ်စွာဗုဒ္ဓက ဆက္ကင်္ဂုတ္တရ ပါဠိတော် ဒေဝတာဝဂ် နာဂိတသုတ်၌မိန့်တော်မူသည်မှာ''အို-နာဂိတ…''ဤသာသနာတော်၌ ငါဘုရားသည် တည်ကြည်သော စိတ်ရှိသည် ဖြစ်၍နေသော ရွာအနီး၌နေလေ့ရှိသော ရဟန်းကိုတွေ့မြင်ရ၏၊''အို-နာဂိတ….''ထို့ကြောင့်ငါသည် ထိုရဟန်းအား ရွာနီးကျောင်း၌ နေခြင်းဖြင့် နှစ်သက်သော စိတ်ရှိသည် မဖြစ်။

''အို-နာဂိတ….''ဤသာသနာတော်၌ငါဘုရားသည်တော၌ အိပ်သည်ဖြစ်၍ နေသော တောကျောင်းနေ ရဟန်းကိုတွေ့မြင်ရ၏၊ ''အို-နာဂိတ….''ထို့ကြောင့် ငါသည် ထိုရဟန်းအား တောကျောင်း၌ နေခြင်းဖြင့် နှစ်သက်သော စိတ်ရှိသည်ဖြစ်၏''။

မှတ်ချက်။ [အဘယ်ကြောင့်ဆိုပါသော် ရွာနီးကျောင်းသည် ''ဝိသဘာဂ'' ဆန့်ကျင်ဘက်အာရုံ နီးကပ်သောကြောင့်တည်း၊ ဤအတူ သုတ်မဟာဝါ အင်္ဂုတ္တရ မဟာပရိနိဗ္ဗာန သုတ်၌လည်းရှိ၏။]

## သင့်မသင့်ပေပြော၊ ခုနစ်ပါးသောတရား တို့ကိုပိုင်းခြား၍ ပြခြင်း

၁။ အာဝါသော ဂေါစရော ဘဿံ၊
ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထောတိ သတ္တေတေ၊
အသပ္ပါယေ ဝိဝဇ္ဇယေ။ ။

၂။ သပ္ပါယေ သတ္တ သေဝေထ၊
ဝေဥ္ဈ ပဋိပဇ္ဇတော။
နစိရေနေဝ ကာလေန၊
ဟောတိ ကဿစိ အပ္ပနာ။ ။

၁။ အာဝါသော၊နေရာဌာနအာဝါသဟူသော(?)ရင်း။ဂေါစရော၊ ဆွမ်းခံရာဂါမ အရပ်ဌာနဟုရင်း။ ဘဿံ၊ စကားပြောခြင်း ရင်း။ ပုဂ္ဂလော၊ အပေါင်းအဘော်ပုဂ္ဂိုလ်ရင်း။ ဘောဇနံ၊ အစာအာဟာရ ဘောဇနရင်း။ ဥတု၊ ချမ်းပူဥတုရင်း။ ဣရိယာပထော၊ ဣရိယာပုထ်ရင်း။ ဣတိ၊ ဤသို့။ ဧတေ သတ္တ၊ဤခုနစ်ပါးကုန်သော။ အသပ္ပါယေ၊မိမိနှင့် မသင့် မလျော်ပတ် သပ္ပါယ မဖြစ်သည်တို့ကို။ ဝိဝဇ္ဇယေ၊ ဝေး ဝေးကြီး ရှောင်ကြဉ်ရာ၏။

၂။ သတ္တသပ္ပါယေ၊မိမိနှင့်သင့်လျော်လျောက်ပတ်သပ္ပါ ယဖြစ်သည့် ခုနစ်ပါးတို့ကို။ သေဝေထ၊ မှီဝဲ ဆည်းကပ်ကြ ကုန်၏။ ဝေဥ္ဈ၊ ဤသို့မိမိနှင့်သပ္ပါယမဖြစ်သည်တို့ကို ရှောင် ဖဲ,သပ္ပါယဖြစ်သည်တို့ကို မှီဝဲ၍လျှင်။ ပဋိပဇ္ဇတော၊ ပြုကျင့် သော။ ကဿစိ၊ အချို့သောပုဂ္ဂိုလ်အား။ နစိရေနေဝ ကာ လေန၊ မကြာမြင့်မီသော ကာလဖြင့်သာလျှင်။ အပ္ပနာ၊ အပ္ပနာသည်။ ဟောတိ၊ ဖြစ်ပေါ်၍လာနိုင်ပေ၏။

(၁) ''အာဝါသ''-အကြင်ကျောင်း၌နေသောပုဂ္ဂိုလ်အား မဖြစ်သေးသော နိမိတ်သည်လည်းမဖြစ်၊ ဖြစ်ပြီးသော နိမိတ်သည်လည်း ပျောက်၏၊ မထင်သေးသောသတိသည်လည်းမထင်၊ မတည်ကြည်သောစိတ်သည်လည်းကောင်းစွာမတည်၊ ဤကျောင်းသည် မလျောက်ပတ်၊ အကြင်ကျောင်း၌နေသောပုဂ္ဂိုလ်အား နိမိတ်သည်လည်းထင်၏၊ ခိုင်မြဲသည်လည်းဖြစ်၏၊ သတိသည်ထင်၏၊ စိတ်သည်တည်ကြည်၏၊ ဤကျောင်းသည် လျောက်ပတ်၏၊ ထို့ကြောင့် အကြင်ကျောင်းတိုက်၌ များစွာသောကျောင်းတို့ရှိကုန်သည်ရှိသော် တကျောင်း,တကျောင်းတွင် သုံးရက်စီ လောက်နေ၍ အကြင်ကျောင်း၌ ထိုပုဂ္ဂိုလ်၏စိတ်သည်တည်ကြည်၏၊ ထိုကျောင်း၌နေအပ်၏။

(၂) ''ဂေါစရ'' ဆွမ်းခံရသည်ကား- အကြင်ရွာသည်မဝေးလွန်း ''တကောသနွဲ'' အရပ်၌တည်၏၊ ရလွယ်ပြည့်စုံလွယ်သောဆွမ်းရှိ၏၊ ထိုရွာသည် လျောက်ပတ်၏၊ ထိုသို့မဟုတ်သောရွာသည် မလျောက်ပတ်။

(၃) ''ဘဿ'' စကားသည်ကား-မဂ်ဖိုလ်မှ ဖီလာဖြစ်သော တိုင်းစကား, ပြည်စကား, ရွာစကား စသောသုံးဆယ့်နှစ်ပါးသော တိရစ္ဆာနကထာ၌ အကျုံးဝင်သောစကားဟူသမျှသည် မလျောက်ပတ်၊ ထိုစကားမျိုးသည်ယောဂီအား ရပြီးနိမိတ် ကွယ်ပျောက်ခြင်းငှါဖြစ်၏။

ထိုမှတဖြာ ပြောဆိုသင့်သော စကားတို့သည်ကား-(၁) အလိုနည်းသည်နှင့်စပ်သောစကား၊ (၂) ရောင့်ရဲလွယ်သည်နှင့်စပ်သောစကား၊ (၃) ဆိတ်ငြိမ်သည်နှင့်

စပ်သောစကား၊ (၄) လူများနှင့် မနီးနှောသည်နှင့်စပ်သောစကား၊ (၅) အားထုတ်မှုနှင့်စပ်သောစကား၊ (၆) သီလနှင့်စပ်သောစကား၊ (၇)သမာဓိနှင့်စပ်သောစကား၊ (၈) ပညာနှင့်စပ်သောစကား၊ (၉) မဂ်ဖိုလ်နှင့် စပ်သောစကား၊ (၁၀) မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှင့်စပ်သောစကား၊ ဤကထာဆယ်ပါးတို့သည် လျောက်ပတ်ကုန်၏၊ ထိုလျောက်ပတ်သော စကားတို့ကိုသော်လည်း အတိုင်းအရှည်နှင့် ပြောအပ်၏၊ ဤမှဘပါးသော စကားတို့ကို မပြောသင့် နားမထောင်သင့်ပေ။

[ဒသက်ံုတ္တရ ပါဠိတော်မှ။]

(၄) "ပုဂ္ဂလ"-ပုဂ္ဂိုလ်သည် တိရစ္ဆာနကထာ စကားများကို ပြောကြားလေ့မရှိ၊ သီလအစရှိသောဂုဏ်တို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်ရှိ၏၊ ထိုပုဂ္ဂိုလ်ကို အမှီပြု၍ မတည်ကြည်သောစိတ်သည် တည်ကြည်၏၊ တည်ကြည်သောစိတ်သည်လည်း ခိုင်မြဲ၏၊ ဤသို့ သဘောရှိသောပုဂ္ဂိုလ်သည် လျောက်ပတ်၏၊ ကိုယ်ကာယ ဆူဖြိုးခိုင်ခံ့အောင် လေ့လာခြင်းများသော မဂ်,ဖိုလ်နှင့် ဖီလာဖြစ်သောစကားမျိုးကို ဟောကြားတတ်သော တိရစ္ဆာနကထိက ဖြစ်သောစကားအိုးပုဂ္ဂိုလ်သည် မလျောက်ပတ်။

**ထိုစကားမှန်သည်**—ညွန်နှစ်တို့ဖြင့် ပြစ်ချွဲသောရေသည် ကြည်လင်သောရေကို နောက်ကျိအောင် ပြုဘိသကဲ့သို့ ထိုစကားများသောသူသည် မိမိကိုမှီလာသူကို နောက်ကျိညစ်ညူးအောင်ပြု၏၊ ထိုသို့သဘောရှိသောပုဂ္ဂိုလ်ကို အစွဲပြု၍ ရပြီးတရား ပျောက်ကွယ်သွားတတ်၏။

(၅-၆)''ဘောဇန,ဥတု''-အာဟာရသည်ကား အချို့သောပုဂ္ဂိုလ်အား အချိုနှင့်လျော်ကပ်၏၊ အချို့သော ပုဂ္ဂိုလ်အား အချဉ်နှင့် လျော်ကပ်၏၊ ဥတုသည်လည်း အချို့သော သူအား အအေးနှင့် လျော်ကပ်၏၊ အချို့ သောသူအား အပူနှင့် လျော်ကပ်၏၊ ထို့ကြောင့် အကြင် ဘောဇဉ်ကို၎င်း, ဥတုကို၎င်း မှီဝဲသော ပုဂ္ဂိုလ် အား ချမ်းသာ၏၊ မတည်ကြည်သော စိတ်သည် တည် ကြည်၏၊ တည်ကြည်သော စိတ်သည်လည်း အတိုင်း ထက်အလွန် ခိုင်မြဲ၏၊ ထိုအစာဘောဇဉ်, ဥတု တို့သည် လျော်ကပ်၏၊ ဤမှ တပါးသော ဘောဇဉ်,ဥတု တို့သည် ကား မလျော်ကပ်။

ဥတုဘောဇနံ ဥပနိဿာယ မဂ္ဂံ ဥပ္ပါဒေတိ၊
ဖလသမာပတ္တိံ သမာပဇ္ဇိ။

[ပဋ္ဌာန်းပါဠိတော် ဥပနိဿယတိက။]

ဥတုဘောဇနံ၊ဥတု,ဘောဇဉ်နှစ်ပါးကို။ ဥပနိဿာယ၊ အမှီတကဲ သဟဲပြု၍။ မဂ္ဂံ၊ သောတာပတ္တိ စသည်အပြား မဂ်လေး ပါးကို။ ဥပ္ပါဒေတိ၊ မုချမသွေ ဖြစ်စေနိုင်ပါ ပေ၏။ ဖလသမာပတ္တိံ၊ သောတာပတ္တိ ဖလသမာပတ်, စသော သမာပတ်ကို။ သမာပဇ္ဇိ၊ ကောင်းစွာ ရောက်ခါ ဝင်စားနိုင်ပါပေ၏။

(၇) ''ဣရိယာပထ''-ဣရိယာပုထ်တို့တွင်လည်း အချို့ သော ပုဂ္ဂိုလ်အား စင်္ကြံသွားခြင်းသည် လျော်ကပ်၏၊ အချို့သော ပုဂ္ဂိုလ်အား အိပ်ခြင်း, ထိုင်ခြင်း တို့တွင် တပါးပါးနှင့် လျော်ကပ်၏၊ ထို့ကြောင့် ထိုဣရိယာ ပုထ်ကို ကျောင်းကဲ့သို့ သုံးရက်စီ စုံစမ်းဆင်ခြင်၍ အကြင်

ဣရိယာပုထ်၌ မတည်ကြည် သေးသော စိတ်သည် တည်ကြည်၏၊ တည်ကြည်သော စိတ်သည် ခိုင်မြဲ၏၊ ထိုဣရိယာပုထ်သည် လျောက်ပတ်၏၊ ဤမှတပါးသောဣရိယာပုထ်သည် မလျောက်ပတ် ဟု သိအပ်၏။

ဤသို့လျှင် ဤ ခုနစ်ပါးသော မသင့်လျော် မလျောက်ပတ်သည်တို့ကို ကြဉ်ရှောင်၍ သင့်လျော် လျောက်ပတ်သည်တို့ကို မှီဝဲအပ်၏၊ ဤသို့ကျင့်သော **"ပဋိဘာဂနိမိတ်"** ကို မှီဝဲခြင်း များသော အချို့ပုဂ္ဂိုလ်အား မကြာမြင့်မီဖြစ်သောကာလ၌ **"အပ္ပနာ"**သည် ဖြစ်ရပေတော့၏။

---

## အပ္ပနာကောသလ္လဆယ်ပါးကိုပြခြင်း

အကြင် ပုဂ္ဂိုလ်အား ဤ ဆိုအပ်ခဲ့ပြီးသော အတိုင်းကျင့်ပါ သော်လည်း အပ္ပနာသည် မဖြစ်ခဲ့သေးပါမူ ထိုပုဂ္ဂိုလ်သည် ဆယ်ပါးအပြားရှိသော အပ္ပနာ၌ လိမ်မာသော သူ၏အဖြစ် **"အပ္ပနာကောသလ္လဉာဏ်"**ကို ပြီးစေအပ်၏၊ ထိုစကား၌ ဤဆိုလတ္တံ့သည်ကား အပ္ပနာကောသလ္လဉာဏ် ပြီးစီးကြောင်း နည်းပေတည်း။

(၁) ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင် ဝတ္ထုများကို **သန့်**ရှင်းစေရခြင်း တပါး,

(၂) ဣန္ဒြေငါးပါးကို ညီညွတ်အောင် ပြုရခြင်းတပါး,

(၃) ဝင်လေ,ထွက်လေ ဟူသောအာရုံနိမိတ်၌လိမ်မာကျွမ်းကျင်ရခြင်းတပါး,

(၄) စိတ်ကို ချီးမြှောက်အပ်သောအခါ စိတ်ကို ချီးမြှောက်ရခြင်းတပါး,

(၅) စိတ်ကို နှိပ်အပ်သောအခါ စိတ်ကို နှိပ်ချရခြင်း
တပါး,
(၆) စိတ်ကို ရွှင်စေအပ်သောအခါ စိတ်ကို ရွှင်စေရ
ခြင်းတပါး,
(၇) စိတ်ကို လျစ်လျူရှုအပ်သောအခါ စိတ်ကို လျစ်
လျူရှုရခြင်းတပါး,
(၈) စိတ် မတည်ကြည် သမာဓိ မရှိသော ပုဂ္ဂိုလ်ကို
ကြဉ်ရှောင်ရခြင်း တပါး,
(၉) စိတ်တည်ကြည် သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲရ
ခြင်းတပါး,
(၁၀) ထိုအပ္ပနာသမာဓိသို့ ညွတ်သော စိတ်နှလုံးရှိခြင်း
တပါး—

ဟူ၍ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် "အပ္ပနာကောသလ္လ"ကို အလိုရှိအပ်၏၊ ဤဆယ်ပါးသော တရားတို့တွင် ဣန္ဒြေငါးပါး ညှိနှိုင်းပုံကိုသာ ပြတော့အံ့၊ ကြွင်းကျန်သော သဘာဝတို့သည် ထင်ရှား၍ အကျယ် မပြတော့ပြီ၊ အလိုရှိပါက "ဝိသုဒ္ဓိမဂ္ဂ ပထဝီကသိဏနိဒ္ဒေသ" မှာ ယူတော်မူကြပါကုန်။

## ဣန္ဒြေငါး၀ ညှိနှိုင်း၍ပြခြင်း

"အပ္ပနာကောသလ္လ" ဆယ်ပါး တို့တွင် နှစ်ခုမြောက်ဖြစ်သော "ဣန္ဒြေငါးပါး" ကို ညီညွတ်အောင် ပြုရခြင်း ဟူရာ၌ "သဒ္ဓါနှင့် ပညာ၊သမာဓိနှင့် ဝီရိယ" မယုတ် မလွန်ရှိကြမှ မိမိတို့လိုရာအပ္ပနာခေါ် ဈာန်တရား,မဂ်တရားများ ဖြစ်ပေါ်ခြင်းသို့ မုချမသွေ ဆိုက်ရောက် နိုင်ကြပေမည်။

ထင်ရှားစေအံ့– (၁) ''သဒ္ဓါလွန်''၍ ပညာနှံ့ပါက ရတနာသုံးပါး ဆည်းကပ်ရန် မဟုတ်သော ဝတ္ထုများ၌ ပင် ယုံကြည်လေးစား အပြုမှားတတ် လေသည်။

(၂) ''ပညာလွန်''၍သဒ္ဓါတရားနှံ့ပြန်ပါက ကောက်ကျစ်စဉ်းလဲ မလျှချင် မဒါန်းချင်သော အဖြစ်သို့ ပြေးဝင်တတ်၏၊ ဥပမာဆိုရသော်– ဆေးကြောင့် ဖြစ်သောရောဂါ သည် အကုစားခက်၏ သို့ (ဤအရာ၌ အကုစား ခက် ဆိုသည်မှာ ဘုရားသခင် ရာထောင် ချွတ်သော်လည်း ပညာ လွန်သူကို မရနိုင်ဟု အဋ္ဌကထာဖွင့်၏။)ကုစားခြင်း ငှါမလွယ်၊''စိတ်ဖြစ်ခါမျှ''ကုသိုလ်ရ၏-ဟု အလွန်ပြန့်လွင့် ပြေးသွားလျက် ဒါနအစရှိသော ကုသိုလ်ကောင်းမှု အစုစုဘို့ကို မပြုမူ၍ သေသည်၌ အခြားမဲ့၌ ''ငရဲသို့သာ'' ကျရောက်ရပေ၏၊''သဒ္ဓါနှင့်ပညာ''မျှမှသာလျှင် လမ်းမှန်သို့ ကျရောက်ရပေ၏။

(၃) ''သမာဓိလွန်''၍ ဝီရိယနှံ့ကပျင်းရိခြင်း''ကောသဇ္ဇ''အဘို့သို့ ပြေးဝင်ရ၏။

(၄) ''ဝီရိယလွန်၍'' သမာဓိနှံ့ပြန်ပါက စိတ်၏ပြန့်လွင့်ခြင်း ''ဥဒ္ဓစ္စ''အဘို့သို့ပြေးဝင်ရ၏၊ ''သမာဓိနှင့်ဝီရိယ'' ညီညွတ်မှသာ လမ်းမှန်သို့ကျရာ၏။

ထို့ကြောင့် ''သဒ္ဓါလွန်ကတဏှာ၊ ပညာလွန်က မာယာ၊ သမာဓိလွန်ကကောသဇ္ဇ၊ ဝီရိယလွန်ကဥဒ္ဓစ္စ''ဟု ပြောစမှတ် ပြုကြ၏၊ သတိမှာမူကား–အခြင်းအရာခပ်သိမ်း အားရှိခြင်း သည်ကောင်း၏၊ လွန်သည်ဟူ၍ မရှိပေ၊ ဤသို့ပြဆိုခဲ့ပြီး အသီးသီးသော ဣန္ဒြေဘို့ကို မလွန်မယုတ်ညီနိုင်းကာ အား

ထုတ်ပါမူ မိမိတို့လိုလား ရည်မှန်းအပ်သော လောကီ လောကုတ္တရာ"အပ္ပနာ" သည်မုချမသွေ ပြီးပြည့်စုံနိုင်လေသတည်း။

[သမ္မောဟဝိနောဒနီ အဋ္ဌကထာ သတိပဋ္ဌာန ဝိဘင်္ဂ။]

## ယောဂီပုဂ္ဂိုလ်၏ အင်္ဂါငါးပါးကိုပြခြင်း

ပဌမာနိ ဘိက္ခဝေ ပဓာနိယင်္ဂါနိ၊ ကတမာနိပဉ္စ၊ ဣဓဘိက္ခဝေ ဘိက္ခု သဒ္ဓေါ ဟောတိ ။ပ။ အပ္ပါဗာဓော ဟောတိ အပ္ပါတင်္ကော ။ပ။ အသဌော ဟောတိ အမာယာဝီ။ပ။ အာရဒ္ဓဝီရိယော ဝိဟရတိ ။ပ။ ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော။ပ။ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ပဓာနိယင်္ဂါနိ။

[ပဉ္စင်္ဂုတ္တရပါဠိတော် နီဝရဏဝဂ် ပဓာနိယင်္ဂသုတ်။]

ဘိက္ခဝေ၊ ပဓာနအလုပ်ကို အားထုတ်လိုကြသော အိုသူတော်ကောင်း အများတို့။ ပဓာနိယင်္ဂါနိ၊ ကမ္မဋ္ဌာန်း အလုပ်ကိုအားထုတ်သော ပဓာနိကပုဂ္ဂိုလ်၏ ပြည့်စုံရာသော အင်္ဂါတို့သည်။ ဣမာနိပဉ္စ၊ ဤငါးပါးတို့ပေတည်း။ ကတမာနိပဉ္စ၊ အဘယ်ငါးပါးတို့နည်း ဟူမူကား။ ဘိက္ခဝေ၊ အို–ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ဘိက္ခု၊ ရဟန်းသည်။ သဒ္ဓေါ၊မြတ်စွာဘုရား၏ထိုးထွင်း၍သိမြင်သော ဗောဓိဉာဏ်ကို စိတ်ချယုံကြည်သည်။ ဟောတိ၊ ဖြစ်၏။ပ။ အပ္ပါဗာဓော၊ အနာရောဂါ ကင်းရှင်းသည်။ အပ္ပါတင်္ကော၊ ဆင်းရဲခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ပ။ အသဌော၊ စဉ်းလဲခြင်းမရှိသည်။ အမာယာဝီ၊ လှည့်

ပတ်ခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ပ။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပ။ ဥဒယတ္ထဂါမိနိယာ၊ ဖြစ်မှု, ပျက်မှုကိုသိသော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပညဝါ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဓာနိယင်္ဂါနိ၊ ပဓာနိယအင်္ဂါတို့သည်။ဣမာနိခေါပဉ္စ။ဤငါးပါးတို့ပေတည်း။

ဆောင်။ ယုံကြည်-ကျန်းမာ၊ဖြောင့်စင်းကာနှင့်၊လွန်စွာအားထုတ်၊ နာမ်ရုပ်မြင်သိ၊ပညာရှိသည်၊ပဓာနိယင်ငါးပါးတည်း။

(၁) "ယုံကြည်"-ဤယုံကြည်မှုသည်မြတ်စွာဘုရားနှင့်တကွထိုမြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်,ထိုတရားတော်တွေအတိုင်း ကျင့်ကြံတော်မူကြသော သံဃာတော်၊ ဤရတနာသုံးပါးနှင့်တကွ ယထာဘူတလွန်ကျူနသော မိမိအားထုတ်မည့် ကမ္မဋ္ဌာန်းအပေါ်တွင် ယုံကြည်မှုသဒ္ဓါရှိရခြင်း။

မှန်ပါသည်—ယုံကြည်မှုမရှိသော "အသဒ္ဓ ပုဂ္ဂိုလ်သည် ဘုရားကိုယ်တော်တိုင် ဟောချွတ်သော်လည်း မကျွတ်နိုင်သော အဘဗ္ဗပုဂ္ဂိုလ်" ဖြစ်ပေတော့၏၊ ထို့ကြောင့် ယောဂီအင်္ဂါငါးပါးတွင် အရေးကြီးသောကြောင့် ရှေးဦးစွာထား၍ဟောကြားတော်မူပေသည်။

(၂) "ကျန်းမာ"—ဤကျန်းမာမှုသည်လည်း အရေးကြီးလှပေ၏။

မှန်ပါသည်— ကျန်းမာမှု မရှိပါက မည်သည့်ကိစ္စကိုမျှ အားထုတ်ခွင့်မရတော့ပါ၊ ထို့ကြောင့် မြတ်စွာ

ဘုရားက''အာစေရာရုံ-ပရမ်လာဘံ''ကျန်းမာခြင်းသည်မြတ်သောလာဘ်ကြီးဘဲဟု မိန့်တော်မူ၏။

(၃) ''ဖြောင့်စင်းကာနှင့်''— ဤဖြောင့်စင်း ဖြူစင်၍ ကောက်ကျစ်စဉ်းလဲမှု မရှိရခြင်းသည်လည်း အရေးကြီးလှပေ၏။

မှန်ပါသည်—ကောက်ကျစ်စဉ်းလဲ ဆရာ့စကားကို နားဝယ်မစွဲဘဲ ''ပြောတော့အဟုတ်လုပ်တော့တခြား'' ဆရာသမားနှင့် ဓမ္မမိတ်ဆွေယောဂီများအား ဟုတ်မှန်သည်အတိုင်း မိမိကိုယ်ကိုထင်ရှားစွာမပြုက အမှန်သို့မကျနိုင်။

(၄) ''လွန်စွာအားထုတ်''—ဤဝီရိယသည်လည်း အရေးပါလှပေ၏။

မှန်ပါသည်—ဆယ်နှစ် အားထုတ်မှ တရားထူးရနိုင်ရန်ပါရမီအခြေခံရှိသူတို့ကို ကိုးနှစ်နှင့် ဆယ့်တလ ပွါးများအားထုတ်ပြီးခါမှ ဖြစ်နိုင်မှာ မဟုတ်တော့ပါဘူးဟု ဝီရိယကို လျှော့ချထားပါမူ တရားထူးကို ပေါက်ရောက်နိုင်မည်မဟုတ်ပါ၊''ကျစ်ပြည့်တင်းပြည့်''ဖြစ်ရပေမည်။

### ဇာဂရိယာနုယောဂယောဂီတို့ယှဉ်မှီအားထုတ်ရမည့် အချိန်ကာလကိုပြခြင်း

တရက်အတွက်နာရီပေါင်း (၂၄) နာရီ ရှိသည်အနက် ''နေ့မှာ(၁၂) နာရီရှိသည့်တွင် (၁၂)နာရီလုံးလုံး ကျင့်သုံးဆောက်တည်ရပေမည်''၊ ညဉ့်တွင်ကား (၁၂)နာရီရှိသည့်တွင် သုံးပုံပုံ (၄)နာရီစီရ၏၊ ထိုနာရီတို့တွင် ညနေ (၆)နာရီမှ ညဉ့်(၁၀)နာရီအထိ(၄)နာရီရှိသော ''ပဌမယာမ်''ပတ်လုံးလည်း ပွါးများအားထုတ်နိုင်ရန်အချိန်ပင်၊

ဂုဏ်ရည်(၁၀)နာရီမှနာရီပြန်(၂)ချက်အထိ"မဇ္ဈိမယာမ်" ဟု ဆိုအပ်သော (၄) နာရီကား ညဘက်နံ့တောင်း လျောင်းလျက် သတိနှင့်ယှဉ်ခါ ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ ထအုံ့ ဟူသော အမှတ်သညာကို ပြုပြီး နောင်အချိန် ထိနမိဒ္ဓမဝင်နိုင်အောင် မြတ်သော အိပ်ခြင်း ကိုပြုရာ၏၊ ထိုမှတဖန်(၂)ချက်တီးပြန်လျှင် ထဖြစ်အောင် ထ ဆင်ခြင်မှုလုံ့လကို မိုးလင်း (၆)နာရီ ကျအောင် "ပစ္ဆိမယာမ်" (၄) နာရီပတ်လုံးလည်း အားထုတ်ရပေ မည်၊ ဤသို့အားဖြင့် တရက် (၂၄) နာရီရှိသည်တွင် (၄) နာရီမျှသာ အိပ်ခွင့်ပြုပါ၍ ကျန်ရာကာလ "ယောဂီ၏ ဇာဂရိယာနုယောဂ" ဟု အမှတ်ပြုခါ အဘန်တလဲလဲအား ထုတ်ရပေမည်။

[မဇ္ဈိမပဏ္ဏာသပါဠိတော် ဂဏကမောဂ္ဂလ္လာနသုတ်မှ။]

(၅) "နာမ်ရုပ်မြင်သိ ပညာရှိသည်"— ဤပညာကား ပဓာနအလုပ်၏ အခြေခံပညာဖြစ်ပေသည်။

မှန်ပါသည်—အန္ဓပုထုဇဉ်အဖြစ်မှ ကလျာဏဖြစ်လိုလျှင် လည်း ဤဥဒယဝယဉာဏ်ကို ထင်မြင်အောင် ပွားများ အားထုတ်ရပေသည်၊ထို့အတူပင် ကလျာဏမှ သောတာ ပန်၊ သောတာပန်မှသကဒါဂါမ်၊သကဒါဂါမ်မှ အနာဂါမ်၊ အနာဂါမ်မှ ရဟန္တာ၊ ဤကဲ့သို့ အဆင့်ဆင့်ဖြစ်ရန်အတွက် ဤဥဒယ,ဝယခေါ် နာမ်ရုပ်ဖြစ်ပျက်ကိုပင် ထင်မြင်အောင် ဆင်ခြင်ရပေသည်။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံ လုံလောက်သောသူ ကိုမှ "ယောဂီ" ဟု ဆိုသင့်ကြောင်းကို—

''ယောဂေါ အသုအတ္ထိတိ ယောဂီ'' ဟု ရူပသိဒ္ဓိဋီကာ နာမကကျမ်း၌ ဝိဂြိုဟ်ပြုပေ၏။ ။အသုံ၊ ထိုပုဂ္ဂိုလ်အား။ ယောဂေါ၊ ကမ္မဋ္ဌာန်းလုံ့လ ဝီရိယနှင့် ယှဉ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ယောဂီ၊ ယောဂီမည်၏။

ဤအရာ၌ ''ယောဂီနှင့်ရောဂီ''အထူးကို သိရာ၏၊ထိုနှစ်မျိုးတို့တွင် ပြင်းထန်လုံ့လ ဝီရိယနှင့် ပဓာနအလုပ်ကမ္မဋ္ဌာန်းအားထုတ်သူကို ''ယောဂီ''ဟုမှတ်ရာ၏၊ ကိလေသာ အနာရောဂါရှိသူ ဟူဟူသမျှကိုကား ''ရောဂီ'' ဟု မှတ်ရာ၏။

ယောဂါတိ အဋ္ဌတိံသာသု အာရမ္မဏေသု၊
ယောနိသော မနသိကာရော။
[ဓမ္မပဒအဋ္ဌကထာ မဂ္ဂဝဂ် ပေ ဋ္ဌိလဝတ္ထု။]

ယောဂါတိ၊ ယောဂီဟူသည်ကား။ အဋ္ဌတိံသာသု၊ သုံးဆယ့်ရှစ်ပါးသော ပါရိဟာရိယ ကမ္မဋ္ဌာန်းဟုဆိုအပ်ကုန်သော။ အာရမ္မဏေသု၊ အာရုံတို့၌။ ယောနိသော၊ ယထာဘူတ လမ်းမှန်ကျအောင် သင့်သောအားဖြင့်။ မနသိကာရော၊ နှလုံးသွင်းခြင်းပေတည်း။

ဤကဲ့သို့ပြဆိုခဲ့ပြီး အသီးသီးသော အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံမှသာ လိုအပ်သည့် မဂ်,ဖိုလ်တရားကို ရရောက်ကြရပေမည်၊ မပြည့်စုံပါက ဘုရားသခင်သော်မှ မတတ်နိုင်ပေ။

ထင်ရှားစေအံ့—အခါတပါး ဗောဓိမင်းသားက မြတ်စွာဘုရားအား လျှောက်ထားသည်မှာ—''ကျေးဇူးတော်ရှင်မြတ်စွာဘုရား…အရှင်ဘုရားနှင့် တွေ့ကြုံကြရသောတပည့်

သာဝကတို့သည် အဘယ်မျှလောက်ကြာမှ တရားထူးကို ရနိုင်ကြပါသလဲဘုရား''ဟု လျှောက်ထားလေရာ—

ကျေးဇူးတော်ရှင် ဘုရားသခင်က ဤပုစ္ဆာကို သူ့ကိုပင် တဖန်မေးပြီးမှ ဖြေကြားတော်မူလိုရကား— ''အသင်မင်းသား····သင်၏အထံ၌ဆင်စီးအတတ်,ချွန်းကိုင်အဘတ်သင် လို၍လာရောက်ကြသောတပည့်တို့သည် အသင်၏အပေါ်၌ (၁) ယုံကြည်မှုမရှိခြင်း၊ (၂) မကျန်းမာခြင်း၊ (၃) စဉ်းလဲကောက်ကျစ်ခြင်း၊ (၄) အားထုတ်မှုမရှိခြင်း၊ (၅) အခြေခံပညာမရှိမှု၍ မှတ်သားနိုင်မှုမရှိခြင်း ဟု ဆိုအပ်သော ဤအကြောင်းအင်္ဂါငါးပါး မပြည့်စုံသော တပည့်များအား ကမ်းတဘက်ရောက် တတ်မြောက်အောင်သင်နိုင်ပါအံ့လော'' ဟု မေးတော်မူရာ—

ဗောဓိမင်းသားက— ''ကျေးဇူးတော်ရှင်သခင်ဘုရား···· ဆိုအပ်ခဲ့ပြီး ငါးပါးလုံးကို မဆိုထားဘိ၊ ထိုငါးပါးတွင် တပါးပါးပင်ချို့တဲ့ပါက တတ်ကျွမ်းအောင်မြင် သင်ပေးခြင်းငှါ မစွမ်းနိုင်ပါအရှင်ဘုရား'' ဟု လျှောက်လေ၏၊ ထိုအခါ ကျေးဇူးတော်ရှင်''ဘုရားသခင်''က''အိုဗောဓိမင်းသား····ထိုကဲ့သို့ပမာ ငါဘုရား၏သာသနာဝယ် ပဓာနအလုပ် ကမ္မဋ္ဌာန်းအားထုတ်ကြသော ယောဂီခေါ်ဆို ပုဂ္ဂိုလ်တို့တွင်လည်း အကြောင်းအင်္ဂါ လက္ခဏာတို့သည် ဆိုအပ်ခဲ့ပြီး အသီးသီးသောငါးပါးရှိကြပေကုန်၏။

အို–ဗောဓိမင်းသား····ငါဘုရား၏အဆုံးအမ သာသနာတော်ဝယ် ထိုအကြောင်း အင်္ဂါငါးပါးနှင့်ပြည့်စုံပါမူ အကြာဆုံးကာလ ''ခုနစ်နှစ်မျှ'' အားထုတ်ကလျှင် မုချ

မသေ့ အရဟတ္တဖိုလ်တည်းဟူသောအကျိုးထူးကို ရနိုင်ပေရာ၏၊ အို–ဗောဓိမင်းသား…. ဤခုနစ်နှစ်ဆိုသောစကားသည် အလွန်ကိုဆိုသောစကားတည်း၊ အကယ်၍ ထိုဆိုအပ်ခဲ့ပြီး အသီးသီးသောအင်္ဂါငါးပါးနှင့်ပြည့်စုံစွာ ကြိုးစားအားထုတ်ပါမူ "ခုနစ်နှစ်ကိုထား"၊ ခြောက်နှစ်သော်ငှင်း, ငါးနှစ်သော်ငှင်း, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တနှစ်သော်ငှင်း အားထုတ်ပါမူ အရဟတ္တဖိုလ်တည်းဟူသောတရားထူးကို ရပေရာ၏။

အို–ဗောဓိမင်းသား.."တနှစ်ကိုပင်ထားဘိဦး"၊ ခုနစ်လသော်ငှင်း, ထို့အတူ ခြောက်လ, ငါးလ, လေးလ, သုံးလ, နှစ်လ, တလ, ဆယ့်ငါးရက် မျှသော်ငှင်း အားထုတ်ပါလျှင် အရဟတ္တဖိုလ်ချမ်းသာကို ရနိုင်ပေရာ၏။

အို–ဗောဓိမင်းသား…. "ဆယ့်ငါးရက်ကိုပင် ထားဘိဦး"၊ ပြည့်စုံစွာအားထုတ်ပါလျှင် ခုနစ်ရက်သော်ငှင်း၊ ထို့အတူ ခြောက်ရက်, ငါးရက်, လေးရက်, သုံးရက်, နှစ်ရက်,တရက်,တနေ့,တညဉ့် သော်ငှင်း အားထုတ်ပါလျှင် မိမိတို့ ပါရမီအလျောက် အရဟတ္တဖိုလ် တည်းဟူသော အကျိုးထူးကို ရနိုင်ပေရာ၏"ဟု မိန့်တော်မူလေသတည်း။

[မဇ္ဈိမပဏ္ဏာသပါဠိတော် ရာဇဝဂ် ဗောဓိရာဇကုမာရသုတ်။]

အို–"တရားထူးကိုရလိုသူ ယောဂီမြို့…." ဤကဲ့သို့ မိမိသန္တာန်၌ ပြည့်စုံရမည့်တရားတို့ကို ပြည့်စုံစွာ ဆောက်တည်ပြီးမှ ဆရာကောင်းသမားကောင်းများထံ နီယံမပြတ်ကပ်ရပ်ခါခါ ဘာဝနာအမှုး တရားထူးတို့ကို ကြိုးစား၍ အားထုတ်ကြကုန်ရာသတည်း။

ဆောင်။ (က) ရန်သူဝိုင်းထား၊ ထိုယောက်ျားကား၊ ပြေး
သွားဘို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမ
ထွက်၊ လမ်းတွက်မဟုတ်ပေ၊

(ခ) မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိ
လျက်၊ မဆေးရက်၊ ရေတွက်မဟုတ်ပေ။

(ဂ) အနုပ္ပကမ်း၊ ဘေးဘျမ်းများစွာ၊ သံသရာမှ၊
ထွက်ရာလမ်းမ၊ သမထနှင့်၊ဝိပဿနာ၊ကိလေ
သာဘင်၊ သန့်စင်ချေ်ဆေး၊ ရေအေးလေး
မင်၊ ရှိပါလျက်နှင့်၊ မထွက်ပြေးလို၊ မဆေးလို၊
မင်းပျိုကိုယ်တွက်ပေ။

ဥယျောဇန ကဏ္ဍော နိဋ္ဌိတော
ဝိုက်တွန်းခဏ်းပြီး၏။

# သီလကဏ္ဍ

## သီလခဏ်း

ဤကဲ့သို့ ပြဆိုခဲ့ပြီးအသီးသီးသော''ဥဿျောဇနကဏ္ဍ'' မှဖြတ်တောက်သင့်သော ''ပလိဗောဓ''၊စွန့်ပယ်အပ်သော ''အာဝါသ''၊မှီဝဲဆည်းကပ်အပ်သော''အာဝါသနှင့်သပ္ပါယာသပ္ပါယ ယောဂါဝစရ''၏ အင်္ဂါ အဖြာဖြာတို့ကို သေချာတိတိ သိသင့်ရာသဘာဝ ပြသပြီးသကာလ ယခုအခါတွင် ဘာဝနာအလုပ်ခွင် မဝင်ခင်ကာလ ရှေးမဆွကာ မိမိတို့သည် ပြုသင့်ပြုထိုက် ပြုအပ်လှသော သမထဘာဝနာ၏''ပုဗ္ဗကိစ္စ''အဝဝတို့ကို သုတ်သင်ရှင်းလင်း ပယ်ဖျက်ခွင်းကာ စင်ကြယ်သောအရာသို့ မိမိကိုယ်ကို သွတ်သွင်းကြကုန်ရာသတည်း။

### ဈာန်မဂ်မြစ်ပယ် အန္တရာယ်တို့ကိုပြခြင်း

> အန္တရာယိကာတိ သဂ္ဂမောက္ခာနံ အန္တရာယံ ကာရေန္တီတိ အန္တရာယိကာ၊ တေ ကမ္မကိလေသဝိပါက ဥပဝါဒအာဏာဝီတိက္ကမဝသေန ပဉ္စဝိဓာ။
>
> [မူလပဏ္ဏာသ အဋ္ဌကထာ ဩပမ္မဝဂ် အလဂဒ္ဒူပမသုတ်။]

အန္တရာယိကာတိ၊ အန္တရာယ်တို့ဟူသည်ကား။ သဂ္ဂမောက္ခာနံ၊ နတ်ရွာမဂ်ဖိုလ်တို့၏။ အန္တရာယံ၊ တားမြစ်ခြင်းအန္တရာယ်ကို။ ကရောန္တိ၊ ပြုတတ်ကုန်၏။ ဣတိ၊ထို့ကြောင့်။ အန္တရာယိကာ၊ အန္တရာယ်တို့ မည်ကုန်၏။ တေ၊ ထိုအန္တရာယ်တို့ဟူသည်။ ကမ္မ ကိလေသ ဝိပါက ဥပဝါဒ

အာဏာဝီတိက္ကမဝသေန၊ ကံ, ကိလေသ ဝိပါကနှင့် ဝါဒ, ဝီတိက္ကမတို့၏ အစွမ်းအားဖြင့်။ ပဋ္ဌိဓာ၊ ငါးပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဆောင်။ (၁) ရှာန်, မင်္ဂမြစ်ပယ်၊ အန္တရာယ်၊ ငါးသွယ်ရှိ၏-အဘယ်နည်း။
(၂) ကံ-ကိလေသ၊ ဝိပါက၊ ဝါဒ-တိက္ကမာ။
(၃) နတ်ရွာ-နိဗ္ဗာန်၊ မင်္ဂ-ဖိုလ်-ဈာန်၊ ငါးတန်အန္တရာ။

ထင်ရှားစေအံ့-

(၁) "ကံ"-ဤကံဟူသည် (၁) အမိကို သတ်ခြင်း၊ (၂) အဘကိုသတ်ခြင်း၊ (၃) ရဟန္တာကိုသတ်ခြင်း၊ (၄) ဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ (၅) သံဃာကိုသင်းခွဲခြင်း ဟုဆိုအပ်သော ဤပဉ္စာနန္တရိယကံကို ဆိုပေသည်။

(၂) "ကိလေသ"-ဤကိလေသာဟူသည် ယထာဘူတ မကျနသော ဆရာတို့၏ ဆွဲဆောင်ဟောပြောမှုကြောင့် အယူဖောက်ပြား မှားသော မိစ္ဆာဒိဋ္ဌိအယူကို ဆိုပေသည်။

(၃) "ဝိပါက"-ဤဝိပါကဟူသည် ပါရမီဓာတ် အခံညံ့သော ဒွိဟိတ်,အဟိတ် ဝိပါက် ပဋိသန္ဓေကို ဆိုပေသည်။

မှတ်ချက်။ [ဤအရာဝယ် "အဟိတ်ကိုသာ မင်္ဂတားကြောင်း" ဆက္ကဂ္ဂဏ္ဍရ အဋ္ဌကထာ ဒုတိယပဏ္ဏာသက သီတိဝဂ်တွင် ဘွင့်ပြ၏။

(၄) "ဝါဒ"—၌ဝါဒဟူသည် အရိယာဘုံသို့ ခိုလှုံပြီးသူ ရဟန်း,ရှင်,လူ အရိယာပုဂ္ဂိုလ်ဖြူတို့ကို ကိုယ်,နှုတ်,စိတ်တို့ဖြင့် ပြစ်မှား လွန်ကျူးခြင်းကို ဆိုပေသည်။

(၅) "တိက္ကမာ"—၌တိက္ကမာဟူသည် ရဟန်းဖြစ်က ၂၂၇-သွယ်သော သိက္ခာပုဒ်၊ သာမဏေဖြစ်က လိင်ဆယ်ပါး, ဒဏ်ဆယ်ပါး, သေခိယ သိက္ခာပုဒ်၊ လူဖြစ်ပါက ငါးပါးသော သိက္ခာပုဒ်၊၌သို့ မြတ်စွာမိန့်မြွက် အာဏာတော်မမွစက်ကိုကျူးကျော်ဖျက်ဆီးခြင်းကို ဆိုပေသည်။

၌ကဲ့သို့ ကမ္မန္တရာယ်, ကိလေသန္တရာယ်, ဝိပါကန္တရာယ်, အရိယူပဝါဒန္တရာယ်, အာဏာဝီတိက္ကမန္တရာယ်၊ ၌ငါးသွယ်သော အန္တရာယ်မလွတ်ကင်းပါမူ ဘုရားအဆူဆူချွတ်သော်လည်း မကျွတ်နိုင်သော "အဘဗ္ဗ" ပုဂ္ဂိုလ်မည်ပေ၏။

### တနည်း-မဂ်ဖိုလ် မရထိုက်သူ ခြောက်ယောက်ကို ရွေးကောက်၍ပြခြင်း

(၁) မဂ်ဖိုလ်မရောက်၊ ပုဂ္ဂိုလ်ခြောက်၊ ရွေးကောက် အဘယ်နည်း။

(၂) ကံ-ကိလေသ၊ ဝိပါက၊ အသဒ်-အစ္ဆန်-ဒုပ်။

(၃) သောတာမဂ်ဖိုလ်၊မရလို၊လူပိုခြောက်ယောက်ထုတ်။

[ဆက္ကဂ်တွဲရပါဠိတော် သီတိဝဂ် ပဌမနိယာမ သြက္ကမနသုတ်။]

(၁) ကံ၊ (၂) ကိလေသာ၊ (၃) ဝိပါက တို့ကား ပြခဲ့ပြီ။

(၄) "အသဒ်"-ဤအသဒ်ဟူသည် ရတနာသုံးပါးနှင့် မိမိအားထုတ်မည့်တရား, ဟောပြောပြသမည့် ဆရာစသည်တို့အပေါ်တွင်သံသယမရှင်းယုံကြည်မှုကင်းသော "အသဒ္ဓပုဂ္ဂိုလ်" ကိုဆိုသည်။

(၅) "အစ္ဆန်"-ဤအစ္ဆန်ဟူသည် ဈာန်မဂ်ဖိုလ်တို့ကို မလိုချင်သော "အဆန္ဒပုဂ္ဂိုလ်" ကို ဆိုသည်။

(၆) "ဒုပ်" ဤဒုပ်ဟူသည် ပါရမီဓာတ် အခံညံ့သဖြင့် အသိအလိမ်မာ ဉာဏ်ပညာကင်းမဲ့သော "ဒုပ္ပည" ပုဂ္ဂိုလ်ကို ဆိုသည်။

ဤပုဂ္ဂိုလ် ခြောက်ယောက်ကိုလည်း မဂ်, ဖိုလ် မမှီး အချည်းနှီးဖြစ်သောကြောင့် လောကတွင် လူပိုခြောက်ယောက်ဟု သမုတ်ရပေ၏။

## တနည်း—မဂ်ဖိုလ် မရောက် ၁၆—ယောက်ကို ရွေးကောက်၍ပြခြင်း

၁။ မဂ်,ဖိုလ်မရ၊ ပုဂ္ဂလ၊ သောဠသကား အဘယ်နည်း။

၂။ ပဏ်-ထေ-ပက်-ဆန်၊ပဋ္ဌာနန်၊ဒွိသံ-ဥဘောဗျည်း။

၃။ ပြိတ္တာ-မိစ္ဆာ၊ ကုဟကာ၊ ဂရုကာ အာပတ်မှီး။

၄။ ခုနစ်နှစ်အောက်၊ သက်ရောက်အယွယ်၊ သူငယ်ထည့်လှော်၊ ဆယ့်ခြောက်ယောက်၊ မပေါက်မဂ်,ဖိုလ်တည်း။

[မိလိန္ဒပဉှာပါဠိတော်မှ။]

(၁) ''ပဏ်'' ကား-ပဏ္ဏာက-ပဏ္ဏာ့ကိုက်ကို ဆိုသည်။

(၂) ''ထေ'' ကား-ထေနက သုံးပါးတို့တွင် တပါး ပါးသို့ရောက်သောပုဂ္ဂိုလ်ကို ဆိုပေသည်။

(၃) ''ပက်'' ကား-ဘုရားမြွတ်စွာသာသနာမှ တိတ္ထိ တို့ဘောင်သို့ဝင်သော တိတ္ထိယပက္ကန္တကကို ဆို သည်။

(၄) ''ဆန်''ကား-တိရစ္ဆာန်ဖြစ်၍နေသော သတ္တဝါ များကို ဆိုသည်။

(၅) ''ပဋ္ဌာနန်'' ကား-ပဥ္စာနန္တရိယကံ ထိုက်သော ပုဂ္ဂိုလ်ငါးယောက်ကို ဆိုသည်။

(၆) ''ဒူသံ'' ကား- ဘိက္ခုနီမကို ဖျက်ဆီးသော ဘိက္ခုနီဒူသကကို ဆိုသည်။

(၇) ''ဥဘောဗျည်း'' ကား- မိန်းမ ဖြစ်လိုက်, ယောက်ျားဖြစ်လိုက်ဖြစ်သော ဥဘတောဗျည်း ကိုဆိုသည်။

(၈)''ဗြိတ္ထာ'' ကား-ပြိတ္တာဘုံသို့ရောက်နေသောသူကို ဆိုသည်။

(၉) ''မိစ္ဆာ'' ကား-မှားသောအယူရှိသော မိစ္ဆာ ဒိဋ္ဌိကို ဆိုသည်။

မှတ်ချက်။ [မှားသောအယူရှိသူကား မိစ္ဆာဒိဋ္ဌိ,အယူမှား ယူသူကား တိတ္ထိဟု သိလေ။]

(၁၀) ''ကုဟာကာ'' ကား-အံ့ဘွယ်သရဲကို ပြုလုပ်၍ နေသောသူကို ဆိုသည်။

(၁၁) ''ဂရုကာအာပတ်မှီး''ကား-ပါရာဇိက, သံဃာ ဒိသေသ အာပတ်ရှိသူကို ဆိုသည်။

(၁၂) ''ခုနစ်နှစ်အောက်'' ကား- ခုနစ်နှစ်အောက် ငယ်သောသူကို ဆိုသည်။

မှတ်ချက်။ [ရှင်ပဉ္စသီလသမာဒါနိယ, ရှင်ပဒုမ, ရှင်စန္ဒနမာ လိယ၊ ဤသုံးပါးကား ငါးနှစ်သား ရဟန္တာများပေတည်း၊ ရှင်ကေဒီမိကာကား ခုနစ်နှစ်နှင့် ရှစ်လသား ရဟန္တာ တည်း။]

[အပါဒါန်ပါဠိတော်, ဓမ္မပဒပါဠိတော်, အင်္ဂုတ္တရပါဠိတော် စသည်။]

ဤပုဂ္ဂိုလ် တဆယ့်ခြောက်ယောက်လည်း မဂ်,ဖိုလ်ကို မရနိုင်သော ပုဂ္ဂိုလ်များဟူ၍ သိအပ်လေသည်။

## တောင်းပန်ဝန်ချ ပြေပျောက်ရ

ဤသို့ဘော်ပြခဲ့ပြီး အသီးသီးသော အပြစ်များတို့တွင် တိဟိတ်ပုဂ္ဂိုလ်ကြီးဖြစ်ပါလျက် အရိယာသူတော်ကောင်း တို့အား ပြစ်မှားမိသော အပြစ်များရှိနေပါလျှင် ''အရိယူ ပဝါဒန္တရာယ်'' ဖြစ်နေ၍ ဘယ်လိုပင်အားထုတ်ငြားသော် လည်း မဂ်,ဖိုလ်ကို တားနိုင်ခြင်းကြောင့် ၎င်းအန္တရာယ်မှ လွတ်မြောက်စေခြင်းငှါ အသချေ်အနန္တ သံသရာ ဘဝ ဘဝက ပြစ်မှားလွန်ကျူးမိသမျှ အပြစ်ဟူသမျှတို့ကို၎င်း၊ ယခုဘဝ ပစ္စက္ခ၌ပင် ရဟန်း,ရှင်,လူ အရိယာပုဂ္ဂိုလ်ဖြူတို့ နှင့် သီလဝန္တ,ပညာဝန္တ ပုဂ္ဂိုလ်များအား ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ပြစ်မှား ကျူးလွန်မိသောအပြစ်များ အ ကယ်၍ ရှိခဲ့ငြားအံ့၊ ထိုကျူးလွန်သမျှအဝဝတို့ကို ယခုကာ လ အမြင်မှန်မြင်သည်အလျောက်၊ အသိမှန်သိသည်အ

လျောက် အကျင့်မှန်ကျင့်တော့မည့် အချိန်ကာလတွင် ဦး နှိမ်မာန်လျှော့ ကန်တော့တောင်းပန် မြတ်စွာဘုရားထံ ဝန်ချတောင်းပန်ကြရမည်။

**မှန်ပါသည်**— သူတော်ကောင်းလုပ်လိုက ကုသိုလ်ဖြစ် ရန် သဘာဝတို့ကို ဘာမျှတစ် ရှက်လိစဘွယ် ကြောက်ရွံ့ ဘွယ်မရှိ ပကတိသောသဒ္ဒါမာတ်ဖြင့် အခါခါအထပ်ထပ် ပြုနိုင်ကြရပေမည်— ပါရမီရှင်အပေါင်း သူတော်ကောင်း တို့။

### ဝန်ချတောင်းပန်

အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာ ဗာလံ ယထာမုဠှံ ယထာ အကုသလံ ॥ပ॥ တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာ- တု အာယတိံ သံဝရာယ။

[မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဘိက္ခုဝဂ် ဘဒ္ဒါလိသုတ်။]

ဘန္တေ၊ ဘုန်းခြောက်စုံ ကိုးဂုဏ်သခင် ကျေးဇူးတော် ရှင်မြတ်စွာဘုရား။ မံ၊ ရှေ့နောက်မစဉ်းစား တွေဝေဖြေး၍ ပြစ်မှားမိသော တပည့်တော်ကို။ ယထာဗာလံ၊ မိုက်မှား သည်အလျောက်။ ယထာမုဠှံ၊ တွေဝေသည်အလျောက်။ ယထာအကုသလံ၊ မလိမ်မာသည်အလျောက်။ အစ္စယော၊ အပြစ်သည်။ အစ္စဂမာ၊ လွှမ်းမိုး၍ ရောက်ခဲ့ပါ၏။ ပ ॥ ဘန္တေ၊ ကျေးဇူးတော်ရှင် မြတ်စွာဘုရား။ ဘဂဝါ၊ မြတ် စွာဘုရားသည်။ တဿ မေ၊ ထိုအကျွန်ုပ်အား၊ အစ္စယံ၊ လွန်ကျူးမိသမျှအပြစ်ဒေါသကို၊ အစ္စယတော၊ အပြစ်အား ဖြင့်။ အာယတိံ၊ နောက်နောင်ကာလ ခါသမယ၌။ သံဝ

ရာယ၊ စောင့်ရှောက်ပါရစေခြင်း အကျိုးငှါ။ ပဋိဂ္ဂဏှာတု၊ ကရုဏာတော်ရှေ့ထား၍ သည်းခံတော်မူပါ့ကျေးဇူးတော် ရှင်မြတ်စွာဘုရား။

ဤကဲ့သို့"ဘဒ္ဒါလိ"ကဝန်ချသောအခါ ကျေးဇူးတော် ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက—

ဝုဒ္ဓိဟေသာ ဘဒ္ဒါလိ အရိယဿ ဝိနယေ ယော
အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရော-
တိ အာယတိံ သံဝရံ အာပဇ္ဇတိ။
[ရင်းသုတ်။]

ဘဒ္ဒါလိ၊ အို–ချစ်သားဘဒ္ဒါလိ။ အရိယဿဝိနယေ၊ မြတ်စင် မြင့်မြတ် ငါဘုရားသခင်၏ အဆုံးအမ သာသနာ တော်မြတ်၌။ယော၊သံသရာနောင်ရေး မြော်တွေးရှုမြော်ငြင်း အကြင် သူတော် ကောင်းသည်။ အစ္စယံ၊ အပြစ်ကို။ အစ္စယတော၊ အပြစ်အားဖြင့်။ဒိသွာ၊ သိမြင်၍။ ယထာ ဓမ္မံ၊ အပြစ်အားလျော်စွာ။ ပဋိကရောတိ၊ ထင်ရှားပြုခါ ကုစားရာ၏။ အာယတိံ သံဝရံ၊ နောင်ခါမယွင်း စောင့် ရှောက်ခြင်းသို့။ အာပဇ္ဇတိ၊ရောက်၏။ သော၊ ဤသို့ကု စားခြင်းသည်။ ဝုဒ္ဓိ၊ မဂ်ဖိုလ်ရကြောင်း ကြီးပွါးခြင်း၏ အကြောင်းသည်သာလျှင်တည်း။

"အရိယာ"အား ပြစ်မှားမိကြောင်း ကောင်းကောင်း သိခဲ့ပါလျှင် ထိုပုဂ္ဂိုလ်ရှိရာသို့ ကိုယ်တိုင်သွား၍ ကန်တော့ အပ်၏၊ အကယ်၍ အရပ်တပါးလွန်ဝေးငြားသော် မိမိ ကိုယ်တိုင် သော်၎င်း, တပည့်ကိုသော်၎င်း စေအပ်၏၊ မတတ်နိုင်ပါလျှင် ထိုမထေရ်နေသောကျောင်းက ရဟန်း တို့ကိုတောင်းပန်ရာ၏၊ အကယ်၍ နေရာကိုပင်မသိခဲ့သော်

ကြွသွားရာ လမ်းခရီးကို မျှော်မှန်း၍ ကန်တော့ရာ၏၊ အကယ်၍ သေဆုံးသည်ဖြစ်ပါအံ့၊ သေရာညောင်စောင်း သင်းချိုင်းတို့၌ကန်တော့ခါ သည်းခံစေရာ၏။

[ဝိသုဒ္ဓိမဂ် အဘိညာ နိဒ္ဒေသ။]

## ဗမာလိုတောင်းပန်ဝန်ချရန်

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူကြကုန်သော ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသံ, ကောဏာဂုံ, ကဿပ, ဂေါတမ၊ ဤခုနစ်ဆူကုန်သော ကျေးဇူးတော်ရှင် ဘုရားသခင်တို့ အား ဘေးဥပဒ်အန္တရာယ် မငြိမတွယ်ပါစေခြင်းငှါ ရှိ သေလေးစား ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား၊ ဘုရား တပည့်တော်သည် "အိုဘေးကြီး, နာဘေးကြီး, သေဘေးကြီး, ပဋိသန္ဓေဘေးကြီး, အပါယ်ဘေးကြီး"၊ ဤသံသရာ ဘေးဆိုး ကြီးတို့ကို ကြောက်လှပါ၍ ထိုဘေးဆိုးကြီး အပေါင်းတို့မှ ထွက်မြောက် စေရန်, လွတ်မြောက်စေရန် အစမထင် သံသရာက ယခုနေ့ကျအောင် မိုက်မှားသည် အလျောက်, တွေဝေသည် အလျောက်, မလိမ်မာသည် အလျောက် ဘုရားရတနာ, တရားရတနာ, သံဃာရတနာဟု ဆိုအပ် ကုန်သော ရတနာမြတ်သုံးပါးတို့အား ကာယကံ, ဝစီကံ, မနောကံတည်းဟူသော သုံးပါးသောကံတို့တွင် တပါးပါး သောကံဖြင့် တရံတဆစ် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအ ပြစ်အပေါင်းမှ ပျောက်ပါစေခြင်းအကျိုးငှါ ဝန်ချတောင်း ပန်ပါ၏၊ ကန်တော့တောင်းပန်ပါ၏၊ သည်းခံတော်မူကြ ပါ-ကျေးဇူးတော်ရှင်မြတ်စွာဘုရား။

အသက်အားဖြင့် ကြီးသောသူ,ဂုဏ်အားဖြင့်ကြီးသော သူ, သီလဝန်, ဂုဏဝန်, ပညဝန်များကိုလည်းကံသုံးပါး တို့ဖြင့် တရံတဆစ် ပြစ်မှားမိခဲ့သည်ရှိသော် ပျောက်ပါ စေခြင်းအကျိုးငှါ ဝန်ချတောင်းပန်ပါ၏၊ကန်တော့တောင်း ပန်ပါ၏၊ သည်းခံတော်မူကြပါကုန်လော့၊ မိမိအပေါ်၌ ကျူးကျော်စော်ကား ကံသုံးပါးတို့ဖြင့် ပြစ်မှား၍ ထား ကြသောအပြစ်များကိုလည်း ကရုဏာရှေ့ထား မေတ္တာ ပွါးကာ သည်းခံကျေအေးပါ၏ အရှင်ဘုရား။

ဤကဲ့သို့ ရတနာမြတ်သုံးပါးနှင့် အရိယာ သူတော် ကောင်းတို့ကို ကန်တော့ရခြင်းကြောင့် အပြစ်ရှိက ပြေ ပျောက်ခြင်းအကျိုး,အပြစ်မရှိပါက ကုသိုလ်အထူးရခြင်း အကျိုးတို့ကိုပြီးစေနိုင်ပေသတည်း။

---

## သရဏဂုံအပြား မြတ်လေးပါး

ဤသို့ပြဆိုခဲ့ပြီး အပြစ်များကို ဝန်ချတောင်းပန်ပြီး၍ "အာဏာဝီတိက္ကမန္တရာယ်"ပျက်ပြယ်သန့်ရှင်း ပြေပျောက် ခြင်းငှါ ပြရာပြကြောင်း လူသူတော်စင်မှစ၍မကျန် သရ ဏဂုံ ဆောက်တည်ပုံနှင့် သီလသိက္ခာ စောင့်ထိန်းပါရန် မှာ ရှေးဦးစွာကာလ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဆယ်ပါး သီလ၏ လက္ခဏာကို ကောင်းစွာ သိသော ဒါယကာယောကျ်ား, မိန်းမများတို့၏ အထံ၌ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါး မိမိလိုလားရာ သီလများကို ကျင့်သုံး ဆောက်တည်ကြ ရာ၏။

ထိုသို့ ရဟန်းယောက်ျားစသော သီလဝန္တ ပုဂ္ဂိုလ် မရရှိ၍ဖြစ်စေ, ရှိပါသော်လည်း ဝေးကွာလှ၍ မသွားနိုင်၍ဖြစ်စေ မိမိတို့ဘာသာ စေတီတော်၏ ရှေ့တော်သာသို့ သွားရောက်ခါ ကျင့်သုံးဆောက်တည်ကြကုန်ရာ၏။

[ဝိသာခုပေါသထသုတ်အဋ္ဌကထာ။]

ဂုင်းအဋ္ဌကထာ၌ သရဏဂုံ ဆောက်တည်ပုံကို မဆိုပေသော်လည်း—

သရဏံ ပန ကောဘိက္ခုဿ ဝါ သန္တိကေ သံဃဿ ဝါ ဂဏဿ ဝါ။

ဟူ၍ကုဋဒန္တသုတ်အဋ္ဌကထာတို့၌ဆိုပေ၏။

သရဏံပန၊ ဘုရား, တရား, သံဃာအားဖြင့် သုံးပါးလုံးစုံ သရဏဂုံကိုကား။ ကောဘိက္ခုဿဝါ၊ တပါးသော ရဟန်း၏ လည်းကောင်း။ သံဃဿဝါ၊ သံဃာ၏လည်းကောင်း။ ဂဏဿဝါ၊ ဂိုဏ်း၏ လည်းကောင်း။ သန္တိကေ၊ အထံ၌။ ဂဟေတဗ္ဗံ၊ ခံယူအပ်၏။ (ထည့်)။

---

## အတ္တနိယျာတန သရဏဂုံ

မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်း၍ဆောက်တည်ပုံ

အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ။

ဘန္တေ၊ ရှေ့ဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။ အဇ္ဇာဒိံကတွာ၊ ယနေ့ကိုအစပြု၍။ အတ္တာနံ၊ ခန္ဓာကိုယ် ရုပ် အကောင်ပုပ်ကြီးကို။ ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်

တရားကို ပိုင်းခြားသိမြင် ဘုရားရှင်အား။ နိယျာတေမိ၊ ကပ်ဆိုး,ဒဏ်ဆိုး,ရောဂါဆိုးတို့ဝင်လာ၍ မတိုးနိုင်ရအောင် ပိုင်ပိုင်နိုင်နိုင်ကြီး ဆက်ကပ် အပ်နှင်းလိုက်ပါ၏–ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား။

အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဓမ္မဿ နိယျာတေမိ။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။ အဇ္ဇာဒိံကတွာ၊ ယနေ့ကိုအစပြု၍။ အတ္တာနံ၊ ခန္ဓာကိုယ် ရုပ် အကောင်ပုပ်ကြီးကို။ ဓမ္မဿ၊ မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်,ပရိယတ် ဆယ်ပါးယော တရားတော် မြတ်အား။ နိယျာတေမိ၊ ကပ်ဆိုး,ဒဏ်ဆိုး ရောဂါဆိုးတို့ ဝင်လာ၍ မတိုးနိုင်အောင် ပိုင်ပိုင်နိုင်နိုင်ကြီး ဆက်ကပ် အပ်နှင်းလိုက်ပါ၏–ကျေးဇူးတော် သခင် အရှင်မြတ်ကြီး ဘုရား။

အဇ္ဇာဒိံကတွာ အဟံ အတ္တာနံ သံဃဿ နိယာတေမိ။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။ အဇ္ဇာဒိံကတွာ၊ ယနေ့ကိုအစပြု၍။ အတ္တာနံ၊ ခန္ဓာကိုယ် ရုပ် အကောင်ပုပ်ကြီးကို။ သံဃဿ၊ မဂ္ဂဋ္ဌာန် လေး, ဖလဋ္ဌာန်လေး ရောထွေးပေါင်းစပ် ပရမတ္ထ သံဃာတော် မြတ်အား။ နိယျာတေမိ၊ ကပ်ဆိုး,ဒဏ်ဆိုး ရောဂါဆိုးတို့ ဝင်လာ၍ မတိုးနိုင်ရအောင် ပိုင်ပိုင်နိုင်နိုင်ကြီး ဆက်ကပ်

အပ်နှင်းလိုက်ပါ၏ ကျေးဇူးတော် သခင် အရှင်မြတ်ကြီး ဘုရား။

ဗမာလိုဆောက်တည်ပုံ

ဘုန်းတော် ခြောက်စုံ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူပါသော ကျေးဇူးတော်ရှင် မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ဤယနေ့ကို အစပြု၍ အလွန်ချစ်ခင်နှစ်သက်စွဲလမ်း၍နေသော ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးကို "ရတနာမြတ်သုံးပါး" တို့အား ငဲ့ကွက်ခြင်းမရှိ အပ်နှင်းပါ၏အရှင်ဘုရား။

ဤ "အတ္တနိယျာတန" သရဏဂုံကား မြတ်စွာဘုရားလက်ထက်တော် ခါသမယက "အဇာတသတ်" စသောသူတော်စင်အပေါင်းတို့ ညွတ်တွား ခ-ယ ဆည်းကပ်ခံယူကြသော သရဏဂုံ ဖြစ်ပေသတည်း။

---

တပ္ပရာယန သရဏဂုံ

ရတနာသုံးပါးလျှင် လည်းလျောင်းရာအဖြစ်ဖြင့်ဆောက်တည်ပုံ

အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓဿ ပရာယနော တိ မံ ဓာရေထ။

ဘန္တေ၊ ရှေ့ဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။ အဇ္ဇာဒိံ ကတွာ၊ ယနေ့ကိုအစပြု၍။ ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကို။ ပရာယနော တိ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းသောသူဟူ၍။ မံ၊ ခန္ဓာပဉ္စက သမူဟကို ငါဟုသမုတ် အကျွန်ုပ်ကို။ ဓာရေထ၊ ကရုဏာတော် ရှေ့ထား၍ မှတ်သားတော် မူပါ ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား။

အဇ္ဈတ္တဒိ ကတ္တာ အဟံ ဓမ္မဿ ပရာယနော့တိ မံ ဓာရေထ။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။ အဇ္ဈတ္တဒိ ကတ္တာ၊ ယနေ့ကို အစပြု၍။ ဓမ္မဿ၊မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ ပရာယနော့တိ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းသောသူဟူ၍။ မံ၊ ခန္ဓာပဥ္စက သမူဟကို ငါဟု သမုတ် အကျွန်ုပ်ကို။ ဓာရေထ၊ ကရုဏာတော် ရှေ့ထား၍ မှတ်သားတော်မူပါ—ကျေးဇူးတော်သခင် အရှင်မြတ်ကြီး ဘုရား။

အဇ္ဈတ္တဒိ ကတ္တာ အဟံ သံဃဿ ပရာယ-နော့တိ မံ ဓာရေထ။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။ အဇ္ဈတ္တဒိ ကတ္တာ၊ ယနေ့ကိုအစပြု၍။ သံဃဿ၊ မဂ္ဂဋ္ဌာန် လေး, ဖလဋ္ဌာန်လေး ရောထွေးပေါင်းစပ် ပရမတ္ထသံဃာ တော်မြတ်ကို။ ပရာယနော့တိ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းသောသူဟူ၍။ မံ၊ ခန္ဓာပဥ္စက သမူဟကို ငါဟု သမုတ် အကျွန်ုပ်ကို။ ဓာရေထ၊ ကရုဏာတော်ရှေ့ထား၍ မှတ်သားတော်မူပါ—ကျေးဇူးတော် သခင် အရှင်မြတ်ကြီး ဘုရား။

### ဗမာလိုဆောက်တည်ပုံ

ကျေးဇူးတော်ရှင် "ဘုရားသခင်" သည် ဘုရားတပည့် တော်၏ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာပါ

ဘုရား၊ "တရားတော်မြတ်" သည် ဘုရား တပည့်တော်၏ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာပါဘုရား၊ "သံဃာတော်မြတ်"သည် ဘုရားတပည့်တော်၏ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာပါ အရှင်ဘုရား။

ဤ "တပ္ပုရာယန" သရဏဂုံကား ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးထံ "အာဠဝက" နတ်ဘီလူးကြီး ခံယူ ဆောက်တည်သော သရဏဂုံ ဖြစ်ပေသတည်း။

---

## သီဃဘာဂူပဂ သရဏဂုံ

### ဗုဒ္ဓရှင်တော်မြတ်ထံ တပည့်ခံ၍ ဆောက်တည်ပုံ

အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကောတိ မံ ဓာရေထ။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။ အဇ္ဇာဒိံကတွာ၊ ယနေ့ကိုအစပြု၍။ ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်၏။ အန္တေဝါသိကော၊ အတွင်းနေတပည့်ပါဘုရား။ ဣတိ၊ ဤသို့။ မံ၊ ခန္ဓာပဥ္စက သမူဟကို ငါဟုသမုတ် အကျွန်ုပ်ကို။ ဓာရေထ၊ ကရုဏာတော်ရှေ့ထား၍ မှတ်သားတော်မူပါ- ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား။

အဇ္ဇာဒိံ ကတွာ အဟံ ဓမ္မဿ အန္တေဝါသိကောတိ မံ ဓာရေထ။

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။

အဇ္ဈာဒိကတ္တာ၊ ယနေ့ကိုအစပြု၍။ ခမ္မဿ၊မဂ်လေးတန်, ဖိုလ်လေးတန်,နိဗ္ဗာန်,ပရိယတ်ဆယ်ပါးသောတရားတော် မြတ်၏။ အန္တေဝါသိကော၊ အတွင်းနေ တပည့်ပါဘုရား။ ဣတိ၊ ဤသို့။ မံ၊ ခန္ဓာပဥ္စက သမူဟကို ငါဟုသမုတ် အကျွန်ုပ်ကို။ ဓာရေထ၊ ကရုဏာတော်ရှေ့ထား၍ မှတ် သားတော်မူပါ- ကျေးဇူးတော်သခင် အရှင် မြတ်ကြီး ဘုရား။

အဇ္ဈာဒိကတ္တာ အဟံ သံဃဿ အန္တေ-
ဝါသိကောတိ မံ ဓာရေထ။

ဘန္တေ၊ ရှေ့ဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား၊ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။ အဇ္ဈာဒိကတ္တာ၊ ယနေ့ကိုအစပြု၍။ သံဃဿ၊ မဂ္ဂဋ္ဌာန် လေး,ဖလဋ္ဌာန်လေး ရောထွေးပေါင်းစပ် ပရမတ္ထသံဃာ တော်မြတ်၏။ အန္တေဝါသိကော၊ အတွင်းနေ တပည့်ပါ ဘုရား။ ဣတိ၊ ဤသို့။ မံ၊ ခန္ဓာပဥ္စက သမူဟကို ငါဟု သမုတ် အကျွန်ုပ်ကို။ ဓာရေထ၊ ကရုဏာတော်ရှေ့ထား ၍ မှတ်သားတော်မူပါ- ကျေးဇူးတော်သခင် အရှင်မြတ် ကြီးဘုရား။

ဗမာလိုဆောက်တည်ပုံ

ဘုရားတပည့်တော်ကို "မြတ်စွာဘုရား"၏ အတွင်းနေ တပည့် မှတ်တော်မူပါအရှင်ဘုရား၊ "တရားတော်မြတ်"၏ အတွင်းနေတပည့် မှတ်တော်မူပါ အရှင်ဘုရား၊ "သံဃာ တော်မြတ်"၏ အတွင်းနေ တပည့် မှတ်တော်မူပါအရှင် ဘုရား။

၌''သိဿဘာဂူပဂ''သရဏဂုံသည်ကားကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးထံ''ရှင်မဟာကဿပကြီး'' တပည့်ခံ၍ဆောက်တည်သောသရဏဂုံဖြစ်ပေသတည်း။

---

## ပါဏိပါတ သရဏဂုံ

### ရတနာသုံးပါးအပေါ်၌ ထူးချွန်လွန်ကဲသော လက်အုပ်ချီမှု ရှိသေဝပ်တွားမှုဖြင့် ဆောက်တည်ပုံ

အဇ္ဈာဒိ°ကတ္ဝာ အဟံ အဘိဝါဒန ပစ္စုဋ္ဌာန-
အဉ္ဇလိကမ္မသာမိစိကမ္မံ ဗုဒ္ဓါဒီနံ ယေဝ တိဏ္ဏံ
ဝတ္ထူနံ ကရောမိတိ မံ ဓာရေထ။

ဘန္တေ၊ ရှေဘုန်းတော်သခင် အရှင်မြတ်ကြီး ဘုရား။ အဟံ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် တပည့်တော်သည်။ အဇ္ဈာဒိ°ကတွာ၊ ယနေ့ကိုအစပြု၍။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိကုန်သော။ တိဏ္ဏံဝတ္ထူနံယေဝ၊ ရတနာ မြတ်သုံးပါးတို့အားသာလျှင်။ အဘိဝါဒနပစ္စုဋ္ဌာန အဉ္ဇလိကမ္မသာမိစိကမ္မံ၊ ထူးချွန်လွန်ကဲသော ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်း အမှုကို။ ကရောမိ၊ ပြုပါပေ၏။ ဣတိ၊ ဤသို့၊ မံ၊ ခန္ဓာပဉ္စက သမူဟာကို ငါဟု သမုတ်အကျွန်ုပ်ကို။ ဓာရေထ၊ ကရုဏာတော်ရှေ့ထား၍ မှတ်သားတော်မူပါ- ကျေးဇူးတော်သခင် အရှင်မြတ်ကြီး ဘုရား။

#### ဗမာလိုဆောက်တည်ပုံ

ဘုရားတပည့်တော်သည် ဤယနေ့ကိုအစပြု၍''ရတနာမြတ်သုံးပါး'' အားသာလျှင် ထူးချွန်လွန်ကဲသော ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, အရိုအသေ ပြုခြင်း

အမှုကိုပြုပါ၏- ကျေးဇူးတော်ရှင် သခင်ကိုယ်တော် မြတ်ကြီးဘုရား။

၍“ပါဏိပါတ”သရဏဂုံသည်ကားကျေးဇူးတော်ရှင်ဘုရားသခင် ကိုယ်တော်မြတ်ကြီးထံ “ဖြဗ္ဗာယုပုဏ္ဏားကြီး” ခံယူဆောက်တည်သောသရဏဂုံဖြစ်ပေ၏၊၍ကားဆောက်တည်သူတို့၏ အကြောင်းဝတ္ထုသို့လိုက်၍သာ လေးမျိုးကွဲပြားရခြင်းဖြစ်၏၊ ၍လေးမျိုးလုံးစုံမှ သရဏဂုံ မြောက်သည်ဟူ၍ကား မဆိုလိုပါ၊ တမျိုးမျိုးနှင့်ဆောက်တည်လျှင်လည်း သရဏဂုံမြောက်သည်သာတည်း၊သို့ရာတွင်သရဏဂုံအပြားကို သိစေလိုခြင်းအကျိုးငှါသာ သဒ္ဓါ, ဆန္ဒပြည့်ကြကုန်သော သူတော်စင်အပေါင်းတို့အား ပစ္စက္ခ, တမလွန် နှစ်တန်သောအကျိုးတို့ကို မြော်ကိုးကာ “သီလက္ခန္ဓ အဋ္ဌကထာ သာမညဖလသုတ်” လာသည့်အတိုင်း ဖော်ပြလိုက်ပေသတည်း။

---

## သရဏဂုံတည်က အကျိုးရ

တေံခေါ သရဏံ ခေမံ၊ တေံ သရဏ မုတ္တမံ၊
တေံ သရဏ မာဂမ္မ၊ သဗ္ဗာ ဒုက္ခာ ပမုစ္စတိ။
[ဓမ္မပဒပါဠိတော် ဗုဒ္ဓဝဂ် အဂ္ဂိဒတ္တပုဏ္ဏားဝတ္ထု။]

တဿ၊ ထိုသရဏဂုံတည်သော ပုဂ္ဂိုလ်၏။ တေံ သရဏံ၊ ၍ ဘုရား, တရား, သံဃာ ဟူသော ကိုးကွယ်ရာသည်။ ခေါ၊ စင်စစ်။ ခေမံ၊ ပစ္စုပ္ပန်,သံသရာနှစ်ဖြာသောဘေး ကင်းဝေးခြင်း၏ အကြောင်းဖြစ်၏။ တေံသရဏံ၊ ၍ ရတနာ သုံးပါး တည်းဟူသော ကိုးကွယ်ရာသည်၊ ဥတ္တမံ၊ ကိုးကွယ်ရာဟူသမျှတို့ထက် ဆထက် လွန်ကြူး

အထူးသဖြင့်မြတ်လှပါပေ၏။ သောစပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်လည်း။ တေသရဏံ၊ ဤ ရတနာသုံးပါးတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ အမှီသဟဲ အစွဲပြု၍။ သဗ္ဗဒုက္ခာ၊ ပဋိသန္ဓေ,သံသရာ နှစ်ဖြာသော ဆင်းရဲဒုက္ခအပေါင်းမှ။ ပမုစ္စတိ၊ မုချမသွေ ကင်းလွတ်ရပါပေ၏။

[အကျယ် အလိုရှိပါက မန်လည်ဆရာတော်၏ သရဏဂုံ ဝိနိစ္ဆယ,လယ်တီဆရာတော်၏ သာသနဝိသောဓနီစသည်တို့မှာရှု။]

---

## လူတို့၏သီလကိုပြခြင်း

ဥပါသက ဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စ-
သိက္ခာပဒါနိ၊ သတိ ဥဿာဟေ ဒသ ဥပေါသ
ထဂ်ဝသေန အဋ္ဌာတိ ဣဒံ ဂဟဋ္ဌသီလန္တိ။

[ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ။]

ဥပါသက ဥပါသိကာနံ၊ ဒါယကာယောကျ်ား, ဒါယိကာ မိန်းမတို့အား။ နိစ္စသီလဝသေန၊ မြဲသောသီလ၏ အစွမ်းဖြင့်။ ပဉ္စသိက္ခာပဒါနိ။ ငါးပါးသော သီလသိက္ခာပုဒ်တို့ကိုလည်းကောင်း။ ဥဿာဟေ၊ စွမ်းနိုင်သည်။ သတိ၊ ရှိသော်။ ဒသ၊ ဆယ်ပါးသော သီလသိက္ခာပုဒ်တို့ကိုလည်းကောင်း။ ဥပေါသထင်္ဂဝသေန၊ ဥပုသ်အင်္ဂါ၏ အစွမ်းအားဖြင့်။ အဋ္ဌ၊ ရှစ်ပါးသော သီလသိက္ခာပုဒ်တို့ကို လည်းကောင်း။ ရက္ခိတဗ္ဗံ၊ စောင့်ထိန်းအပ်၏။ (ထည့်)။ ဣတိ၊ ဤသို့။ ဣဒံ၊ ဤငါးပါး,ရှစ်ပါး, ဆယ်ပါးသောသီလသည်။ ဂဟဋ္ဌသီလံ၊ လူတို့ဆောက်တည်အပ်သော သီလမည်၏။ ဣတိ၊ ဤသို့ဆိုအပ်၏။

ဤကဲ့သို့ ''အဋ္ဌကထာ'' မိန့်မှာသည့်အတိုင်း ငါးပါး, ရှစ်ပါး,ဆယ်ပါးသော သီလတို့တွင် မိမိတတ်စွမ်းသမျှ သီလတို့ကို မကျိုးမပေါက် မပြောက် မကျားရအောင် ကြိုးစား၍ ခံယူဆောက်တည် စောင့်ထိန်းကြကုန်ရာ၏။

ဗမာလိုအကျဉ်းမျှ အဓိဋ္ဌာန်သီလ ဆောက်တည်ပုံ

သုံးလောကထွဋ်ထား ကျေးဇူးတော်ရှင် သခင်မြတ်ကြီးဘုရား....ဘုရားတပည့်တော်သည် အပါယ်လေးပါးမှ လွတ်ကင်းစေတတ်သော သရဏဂုံသုံးပါးနှင့်တကွ (ငါးပါး,ရှစ်ပါး, ဆယ်ပါး) သီလတရားတော်မြတ်ကြီးကို ရိုရိုသေသေ လေးလေးစားစား ကျင့်သုံး ဆောက်တည်ပါ၏ အရှင်ဘုရား။

[သီလဆောက်တည်ပုံ အကျယ်မရေးပြီ၊ အချိန်ရက ဆောက်တည်တော်မူကြပါကုန်။]

---

## ရဟန်းသို့၏သီလကိုပြခြင်း

### စတုပါရိသုဒ္ဓိသီလ

(၁) ပါတိမောက္ခသံဝရသီလ,
(၂) ဣန္ဒြိယသံဝရသီလ,
(၃) အာဇီဝပါရိ သုဒ္ဓိ သီလ,
(၄) ပစ္စယသန္နိဿိတသီလ၊

ဤကဲ့သို့ ရဟန်း, သာမဏေတို့၏သီလသည် လေးမျိုးရှိ၏၊ ထိုလေးမျိုးတို့တွင်—

၁။ **''ပါတိမောက္ခ သံဝရသီလ''** ဆိုသည်မှာ- ပါတိမောက်၌လာသော သိက္ခာပုဒ်တို့ကို စောင့်စည်း ပိတ်ဆို့သည်ဖြစ်၍ နေခြင်းပေတည်း။

[ဤပါတိမောက္ခ သံဝရသီလ၌ သဒ္ဒါပြဋ္ဌာန်း၏။]

၂။ ''ဣန္ဒြိယ သံဝရသီလ'' ဆိုသည်မှာ- စက္ခုအစရှိသော ခြောက်ပါးသော ဒွါရတို့ကို လုံခြုံစွာ စောင့်စည်း ပိတ်ဆို့သည် ဖြစ်၍ နေခြင်းပေတည်း။

[ဤဣန္ဒြိယ သံဝရသီလ၌ သတိပြဋ္ဌာန်း၏။]

၃။ ''အာဇီဝ ပါရိသုဒ္ဓိသီလ'' ဆိုသည်မှာ- အသက်မွေးမှုဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်ကုန်သော ''ပါရာဇိက, သံဃာဒိသေသ, ထုလ္လစ္စယ, ပါစိတ်, ပါဋိဒေသနိယ, ဒုက္ကဋ်''ဟူသော ခြောက်ပါးသော သိက္ခာပုဒ်တို့ကို လွန်ကျူးသည်၏ အစွမ်းအားဖြင့်၎င်း၊ အံ့ဩစေခြင်း-ကုဟန, ချီးမြှောက်၍ပြောခြင်း-လပန, နိမိတ်ပြ၍ ပြောခြင်း-နေမိတ္တကတာ, ဘိနှိပ်၍ ပြောခြင်း- နိပ္ပေသိကတာ, လာဘ်ဖြင့် လာဘ်ကိုရအောင် သွေးဆောင်ခြင်း-လာဘေန လာဘံ နိဂိသနတာအစရှိသော မကောင်းမှုတို့၏အစွမ်းအားဖြင့်ဖြစ်သော ''မိစ္ဆာဇီဝ'' မှ ကြဉ်ခြင်း ဝိရတီ သီလပေတည်း။

[ဤအာဇီဝပါရိသုဒ္ဓိသီလ၌ ဝီရိယပြဋ္ဌာန်း၏။]

၄။ ''ပစ္စယသန္နိဿိတ သီလ'' ဆိုသည်မှာ- ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး လေးပါးသောပစ္စည်းတို့ကို ပညာဖြင့် ဆင်ခြင်ခြင်းကြောင့် စင်ကြယ်သော ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းပေတည်း။

[ဤပစ္စယသန္နိဿိတ သီလ၌ ပညာပြဋ္ဌာန်း၏။]

### စင်ကြယ်ခြင်းလေးမျိုး

(၁) ဒေသနာ သုဒ္ဓိ,
(၂) သံဝရ သုဒ္ဓိ,

(၃) ပရိယေဋ္ဌိ သုဒ္ဓိ၊
(၄) ပစ္စဝေက္ခဏာ သုဒ္ဓိ၊

ဤကဲ့သို့ စင်ကြယ်မှုတို့သည် လေးမျိုးလေးစား လေးပါး ပြားပေ၏၊ ထိုလေးပါးတို့တွင်—

၁။ သင့်ရောက်ပြီးသော အာပတ်ကိုထင်စွာပြောကြားမှ စင်ကြယ်ခြင်းသည် "ဒေသနာသုဒ္ဓိ" မည်၏။

၂။ ဣန္ဒြေတို့ကို စောင့်စည်းမှ စင်ကြယ်ခြင်းသည် "သံဝရသုဒ္ဓိ" မည်၏။

၃။ ပစ္စည်းလေးပါးတို့ကို ရှာမှီးမှု၌ စင်ကြယ်ခြင်းသည်"ပရိယေဋ္ဌိ သုဒ္ဓိ"မည်၏။

၄။ ပစ္စည်းလေးပါးတို့ကို သုံးဆောင်ရာဝယ် ဆင်ခြင်မှ စင်ကြယ်ခြင်းသည်"ပစ္စဝေက္ခဏာသုဒ္ဓိ"မည်၏။

## သုံးဆောင်ခြင်းလေးမျိုး

ပစ္စည်း လေးပါးကို သုံးဆောင်ခြင်းတို့သည်လည်း လေးမျိုးရှိပေ၏၊ ထိုလေးမျိုးတို့တွင်—

၁။ သီလမရှိသော "ဒုဿီလ" ပုဂ္ဂိုလ်သည် သံဃာ့ဘောင်၌နေ၍ပစ္စည်းလေးပါးတို့ကိုမသုံးဆောင်ထိုက်ပါဘဲလျက် ခံယူသုံးဆောင်ခြင်းသည် ခိုး၍သုံးဆောင်သည်နှင့် တူသောကြောင့် "ထေယျပရိဘောဂ" မည်၏။

၂။ သီလရှိသော "သုသီလ" ပုဂ္ဂိုလ်သည် ပစ္စည်းလေးပါးတို့ကို ပညာဖြင့်မဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည် ကြွေးမြီယူ၍ သုံးဆောင်ခြင်းနှင့် တူသောကြောင့် "ဣဏပရိဘောဂ" မည်၏။

၃။ ``သေက္ခ'' ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် မိဘ အမွေပစ္စည်းကို သုံးဆောင်သည်နှင့် တူသောကြောင့် ``ဒါယဇ္ဇပရိဘောဂ'' မည်၏။

၄။ ``ရဟန္တာ'' ပုဂ္ဂိုလ်တို့၏ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် သခင်၏သုံးဆောင်ခြင်းနှင့် တူသောကြောင့် ``သာမိပရိဘောဂ'' မည်၏၊ တဏှာကျွန်အဖြစ်မှ လွတ်သောကြောင့်ပေတည်း။

[အကျယ်ကို ဝိသုဒ္ဓိမဂ်စသည်တို့မှာ ယူတော်မူကြပါကုန်။]

မေတ္တာခဏ ဒါယဇ္ဇ

အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေဝတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တိ။

[ကောဂုတ္တရပါဠိတော် အစ္ဆရာသင်္ဃာတဝဂ် ပဌမအစ္ဆရာသင်္ဃာတသုတ်။]

ဘိက္ခဝေ၊ အို–ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ၊ လက်ဖျစ်တတွက်ကာလမျှလောက်လည်း။ မေတ္တာစိတ္တံ၊ မေတ္တာနှင့်ယှဉ်သောစိတ်ကို။ စေအာသေဝတိ၊ အကယ်၍မှီဝဲသည်ဖြစ်အံ့။ ဘိက္ခဝေ၊ အို–ရဟန်းတို့။ အယံဘိက္ခု၊ ဤမေတ္တာပွါးသောရဟန်းကို။ အရိတ္တဇ္ဈာနော၊ မဆိတ်သောဈာန်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သတ္ထုသာသန

နကရော၊ ငါဘုရား၏သာသနာတော်ကို ထမ်းရွက်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဩဝါဒပတိကရော၊ ငါဘုရား၏ အဆုံးအမကို လိုက်နာသော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ရဋ္ဌပိဏ္ဍံ၊ တိုင်းသူပြည်သားတို့ပေးလှူသောဆွမ်းကို။ အမောဃံ၊ အချည်းနှီးမဖြစ်စေဘဲ။ဘုဉ္ဇတိ၊ စားသောရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယေ၊ အကြင်ရဟန်းတို့သည်ကား။ နံ၊ ထို မေတ္တာစိတ်ကို။ ဗဟုလီကရောန္တိ၊ အကြိမ်များစွာ အလေ့အလာပြုကုန်၏။ တေ၊ ထိုပြုသောရဟန်းတို့သည်။ ကောပနဝါဒေါ၊ အဘယ်မှာလျှင်ဆိုဘွယ်ရာရှိပါတော့အံ့နည်း။

ဤကဲ့သို့ လက်ဖျစ်တတွက်မျှ ကာလလောက်လျှင် "မေတ္တာတရား" ပွါးများပါမူ ဧကဏပရိဘောဂမဖြစ်၊ ဒါယဇ္ဇပရိဘောဂ အဖြစ်သို့ရောက်ပေရာ၊ အကြိမ်များစွာ ပွါးများပါမူ အဘယ်မှာလျှင် ဆိုနိုင်ဘွယ်ရာရှိပါတော့အံ့နည်း၊ ကောင်းမြတ်လှပေတော့သည်သာတည်း။

---

## ဒုက္ခဋ္ဌ ဒုဗ္ဘာသိတ မဂ်မရ

အန္တမသော ဒုက္ကဋဒုဗ္ဘာသိတံပိ မဂ္ဂဖလာနံ အန္တရာယံ ကရောတိ။

[မူလပဏ္ဏာသ အဋ္ဌကထာ သီဟနာဒဝဂ် မဟာသီဟနာဒသုတ်။]

အန္တမသော၊ အောက်ထစ်ပိုင်းခြား ယုတ်သောအားဖြင့်။ ဒုက္ကဋဒုဗ္ဘာသိတံပိ၊ ဒုက္ကဋ်, ဒုဗ္ဘာသိတ အာပတ်သည်လည်း။မဂ္ဂဖလာနံ၊မဂ်,ဖိုလ်တို့၏၊ အန္တရာယံ၊ တားမြစ်ပိတ်ပင်ခြင်းအန္တရာယ်ကို။ ကရောတိ၊ ပြုတတ်၏။

ဤသို့ "အဋ္ဌကထာ" မိန့်မှာသည်အားလျော်စွာ ဘာဝ နာခွင် မဝင်ခင်ကာလ ရှေးမဆွက "ဝုဋ္ဌာနကံ" ကို ဝုဋ္ဌာ နကံအလျောက်၊ "ဒေသနာကံ"ကို ဒေသနာကံအလျောက် ထမြောက်အောင်ကုစား၍ ပွါးများအားထုတ်ကြကုန် ရာ၏၊ သို့မှသာလျှင် မိမိတို့လိုလားသော သမာဓိ,ပညာ တရားများ တိုးပွါးကြီးမြတ်မည်သာတည်း။

[ဝုဋ္ဌာနကံ,ဒေသနာကံ အစီအစဉ်များကို ထိုထိုဝိနည်းကျမ်း ဂန်များမှာ ရှုတော်မူကြပါကုန်။]

---

## အပါယ်မကြောက် ခုနစ်ယောက်

(၁) တိသရဏာဂမန–သရဏဂုံ တည်သောသူ တယောက်,

(၂) ပဉ္စသီလ ပတိဋ္ဌိတ–ငါးပါးသီလ တည်သောသူ တယောက်,

(၃) ကေသလာကဘတ္တဒါန– တခုသောစာရေးတံ ဆွမ်းလှူသော သူတယောက်,

(၄) ကေပက္ခိကဘတ္တဒါန–တကြိမ်သော ပက္ခဆွမ်း လှူသော သူတယောက်,

(၅) ကေဝဿာဝါသိကစီဝရဒါန–တထည်သော ဝါ ဆိုသင်္ကန်းလှူသောသူ တယောက်,

(၆) ကေပေါက္ခရဏိဒါန–တခုသော ရေတွင်း ရေ ကန် လှူသောသူ တယောက်,

(၇) ကေအာဝါသဒါန–တခုသော ကျောင်းဆောက် လုပ် လှူဒါန်းသောသူ တယောက်,

ထိုပုဂ္ဂိုလ်ခုနစ်ယောက်တို့ကို "ဒုတိယဘာဝ" မြဲသော ဂတိရှိသည်ဖြစ်၍ သောတာပန်နှင့် အလားတူကြောင်း နဝင်္ဂုတ္တရအဋ္ဌကထာ ပဌမပဏ္ဏာသက သီဟနာဒဝဂ် ဒုတိယ သုတ္တဝဏ္ဏနာမှာ ဖွင့်ပြသောကြောင့် မိမိတို့၏ သရဏဂုံ, သီလတို့ကို ယုံယုံကြည်ကြည် လေးလေး စားစား လုံခြုံစွာ စောင့်စည်းကြကုန်ရာသတည်း။

---

## နတ်ပြည်ခြောက်ဝ လိုရာရ

ပရိသုဒ္ဓ သီလာနာမ ဆသု ဒေဝလောကေသု
ယတ္ထိစ္ဆန္တိ၊ တတ္ထ နိဗ္ဗတ္တန္တိ။
[သုတ်မဟာဝါ အဋ္ဌကထာ သက္ကပဉှသုတ်။]

ပရိသုဒ္ဓ သီလာနာမ၊ ဖြူစင်မြင့်မြတ် စင်ကြယ်သော သီလရှိသော သူတို့မည်သည်ကား။ ဆသု ဒေဝလောကေသု၊ ခြောက်ဘုံသော နတ်ပြည်တို့တွင်။ ယတ္ထ၊ အကြင် နတ်ပြည်၌။ ဣစ္ဆန္တိ၊ အလိုရှိသည် ဖြစ်ကုန်အံ့။ တတ္ထ၊ ထိုမိမိလိုရာ နတ်ပြည်၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကြရကုန်၏။

ဤသို့လျှင် မိမိတို့သီလ စင်ကြယ်ပါက ခြောက်ဝသော နတ်တို့၏ ဘုံဌာနတို့တွင် မိမိတို့လိုရာဘုံဌာနသို့ ကြွရောက် စံမြန်း၍ တစခန်းဆက်ခါ နတ်တို့၏ ဘုံဌာနမှ ခေမာ ရောက်ကြောင်း တရားကောင်းတို့ကို နှစ်ထောင်း အားရ ပွါးများနိုင်ကြသည် သာလျှင်တည်း။

## အဓိသီလ အမည်ရ

အပိစ နိဗ္ဗာနံ ပတ္ထယန္တေန သမာဒိန္နံ ပဉ္စသီလမ္ပိ
အဓိသီလံ။

[သုတ်ပါထေယျအဋ္ဌကထာ သင်္ဂီတိသုတ်။]

အပိစ၊ စင်စစ်သော်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပတ္ထယန္တေန၊ တောင့်တသည် ဖြစ်၍။ သမာဒိန္နံ၊ ကောင်းစွာ ဆောက်တည် အပ်သော။ ပဉ္စသီလမ္ပိ၊ ငါးပါးသီလသည် လည်း။ အဓိသီလံ၊ အဓိသီလမည်၏။

**အမှန်မှာ**–နိဗ္ဗာန်တောင့်တ ဝိဝဋ္ဋနိဿိတ သီလသည် ပင်"**အဓိသီလ**"မည်ပေ၏၊ အောက်ထစ်ဆုံး ငါးပါးသီလ ပင် ဖြစ်စေကာ နိဗ္ဗာန်တောင့်တ၍ ဆောက်တည်ပါက အဓိသီလပင် ဖြစ်ပေ၏။

---

## သီလရှိက အကျိုးရ

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။

[ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ။]

သာသနေ၊ အံ့ဘွယ်ရှစ်ဖြာ မြတ်စွာဘုရား သာသနာ တော်၌။ ကုလပုတ္တာနံ၊ အာစာရဖြင့် ကုလပုတ္တ ဖြစ်ကုန် သော အမျိုးကောင်း သားတို့၏။ ယံသီလံ၊ အကြင်သီလ ကို။ ဝိနာ၊ ကြဉ်ထား၍။ ပတိဋ္ဌာ၊ ထောက်ရာ တည်ရာ သည်။ နတ္ထိ၊ မုချမသွေ မရှိနိုင်ချေ။ သီလမေဝ၊ သီလသည် သာလျှင်။ ဣဓသာသနေ၊ ဤအံ့ဘွယ်ရှစ်ဖြာ သာသနာ၌။ ပတိဋ္ဌာ၊ ထောက်တည်ရာ အစစ် ဖြစ်ကြီး ဖြစ်ပါပေ၏။ ဧဝမာနုဘာဝဿ၊ ဤသို့ ကြီးမားသော အာနုဘော်ရှိသော။

တဿ သီလဿ၊ ထိုသီလ၏။ အာနိသံသပရိဒ္ဒေဝံ၊ အကျိုး၏ အပိုင်းအခြား ပမာဏကို။ ကော၊ အဘယ်မည်သော ပညာရှိပုဂ္ဂိုလ်သည်။ ဝဒေ၊ ဤ၍ဤမျှ ဂဏန်းချကာ ကုန်ဆုံးအောင် ပြောကြားနိုင်ပါအံ့နည်း။

ထင်ရှားစေအံ့–ဤလောကီသီလသည် ဘဝသမ္ပတ္တိအထူးကို ဆောင်တတ်၏၊ ဘဝမှ ထွက်မြောက်ခြင်း၏ အကြောင်းလည်းဖြစ်၏၊ ဘုရားရှင် အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား–

ပညတ် သိက္ခာပုဒ်တော် တည်းဟူသော ဝိနည်းသည်၊ ဝါ-သီလသည် စောင့်စည်းခြင်း အကျိုးငှါဖြစ်၏။

(၁) စောင့်စည်းခြင်းသည် စိတ်နှလုံးသာယာ ရွှင်လန်းခြင်း အကျိုးငှါဖြစ်၏။

(၂) စိတ်နှလုံး သာယာ ရွှင်လန်းခြင်းသည် ဝမ်းမြောက်ခြင်း''ပါမောဇ္ဇ''ဖြစ်ရန် အကျိုးငှါဖြစ်၏။

(၃) ဝမ်းမြောက်ခြင်းသည် အားကြီးသော နှစ်သက်ခြင်း''ပီတိ''အကျိုးငှါ ဖြစ်၏။

(၄) ပီတိသည် ကိုယ်စိတ်နှစ်ဖြာ ငြိမ်းခြင်း''ပဿဒ္ဓိ'' အကျိုးငှါဖြစ်၏။

(၅) ပဿဒ္ဓိသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ''သုခ'' အကျိုးငှါဖြစ်၏။

(၆) ချမ်းသာခြင်း သုခသည် စိတ်၏ တည်ကြည်ခြင်း ''သမာဓိ'' အကျိုးငှါဖြစ်၏။

(၇) စိတ်၏ တည်ကြည်ခြင်း သမာဓိသည် ဟုတ်မှန်သော အတိုင်းသိသော ''ယထာဘူတဉာဏ်'' အကျိုးငှါ ဖြစ်၏။

(၈) ဟုတ်မှန်တိုင်းသိသော ယထာဘူတ ဉာဏ်သည် သခ်ါရတို့၌ ငြီးငွေ့သော "နိဗ္ဗိဒါဉာဏ်" အကျိုးငှါဖြစ်၏။

(၉) နိဗ္ဗိဒါဉာဏ်သည်ဝိရာဂခေါ်သော"မဂ်ဉာဏ်" အကျိုးငှါဖြစ်၏။

(၁၀) မဂ်ဉာဏ်သည်"အရဟတ္တဖိုလ်"အကျိုးငှါဖြစ်၏။

(၁၁) အရဟတ္တဖိုလ်သည် ဝိမုတ္တိဉာဏဒဿန ခေါ်သော"ပစ္စဝေက္ခဏာဉာဏ်"အကျိုးငှါဖြစ်၏။

(၁၂) ပစ္စဝေက္ခဏာဉာဏ်သည် တဖန်မဖြစ်ခြင်း"ပရိနိဗ္ဗာန်"ပြုခြင်း အကျိုးငှါဖြစ်၏၊ တဏှာဒိဋ္ဌိအားဖြင့် တစုံတခုသော အာရုံကို မစွဲလမ်းမူ၍ ကျွတ်လွတ် ခြင်းသည် ဖြစ်၏။

[ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ,ဒသဂုတ္တရပါဠိတော် အာနိသံသဝဂ် ကိမတ္ထိယသုတ် စသည်။]

ဤသို့ပြဆိုခဲ့ပြီး အသီးသီးသော ပါဠိ,အဋ္ဌကထာတို့ မိန့်မှာတော် မူအပ်ကုန်သည်နှင့်အညီ ကိုယ့်အသက်ကိုပင် ငဲ့ကွက် ထောက်ထား ညှာတာမှုမပြုမူ၍ သရဏဂုံသုံးပါး နှင့်တကွ ငါးပါးသော သီလ အစရှိသော "အဓိသီလ သိက္ခာ"ကို ရိုသေစွာ ဆောက်တည် ကျင့်သုံးပြီးသော သီလဝန္တ ပုဂ္ဂိုလ်သည် ရှေ့အဘို့ကာလ လောကီမဂ္ဂင် ရှစ်ပါးတို့တွင် ရှေးဦးစွာ စင်ကြယ်ရာ စင်ကြယ်ကြောင်း အင်္ဂါဖြစ်သော ပါရိသုဒ္ဓိကြီးသို့ ရောက်၏၊ သီလဝိသုဒ္ဓိ မည်ပေ၏။

[သီလက္ခန္ဓမဂ္ဂင်ခန္ဓာဖွဲ့ပုံ နှင့် သီလက္ခန္ဓမဂ္ဂင်ပဟာန် တို့ကို ဥယျောဇနကဏ္ဍ၌ ဖော်ပြရေးသားခဲ့ပြီ။]

## သစ္စာနိဗ္ဗာန် အဓိဋ္ဌာန်

နိဗ္ဗာန် သောင်နန်း ဝါဘက်ကမ်းသို့ သွားရာ သွား ကြောင်း မွန်မြတ်သောဗောဓိလမ်းကြောင်းတို့သည် ငါး မျိုးငါးစားငါးပါးရှိပေ၏၊ အဘယ်ငါးပါးတို့နည်းဟူမူ–

(၁) "သမ္မာသမ္ဗောဓိ" အထွဋ်အမြတ်ဆုံး မြတ်စွာ ဘုရားအဖြစ်နှင့် နိဗ္ဗာန်ဝင်ကြောင်းလမ်းကောင်းတခု,

(၂) "ပစ္စေကဗောဓိ"သာသနာပကာလ သစ္စာလေး ပါး မြတ်တရားကို မိမိအလျောက် ထွင်းဖောက်သိပြား ပစ္စေကဗုဒ္ဓါ ဘုရားအဖြစ်နှင့် နိဗ္ဗာန်ဝင်ကြောင်း လမ်း ကောင်းတခု။

(၃) "အဂ္ဂသာဝကဗောဓိ" ဘုရားတလက်ထက်တွင် အမြတ်ဆုံးဌာနအဂ္ဂသာဝကအဖြစ်ဖြင့် နိဗ္ဗာန်ဝင်ကြောင်း လမ်းကောင်းတခု,

(၄) "မဟာသာဝကဗောဓိ"မြတ်စွာဗုဒ္ဓရှိကာလတွင် သီးခြားဌာန ဂုဏ်ထူးရသည့် မဟာသာဝကအဖြစ်နှင့် နိဗ္ဗာန်ဝင်ကြောင်းလမ်းကောင်းတခု,

(၅) "ပကတိသာဝကဗောဓိ"ဘုရားသာသနာ ခေတ် တွင် ကြိုရာဌာနဘုံဘဝက ကိလေသာစု ကုန်ခန်းအောင် ပြုကြ ပကတိသာဝကအဖြစ်နှင့် နိဗ္ဗာန်ဝင်ကြောင်း လမ်း ကောင်းတခု၊

ဤသို့ပေါင်းစု ငါးခုသော ဗောဓိဆုမြတ်အပေါင်းတို့ တွင် ယခုကာလ ဂေါတမမြတ်ဗုဒ္ဓ၏ သာသနာတော်တွင် ကား ပဋ္ဌမမြောက် နောက်ဆုံးဌာန "ပကတိသာဝက"

လမ်းကြောင်းတခုမျှသာ ကျန်ပေတော့၏၊ နောက်နောင်ကာလမှကျွတ်တမ်းသို့ ဝင်လိုကြသူ ပုဂ္ဂိုလ်ဖြူတို့မှာကား ဆုမြတ်ငါးပါးလုံးပင် စုံလင်စွာရနိုင်ကြပေ၏။ ထိုငါးပါးသောဆုမြတ်အပေါင်းတို့တွင် မိမိတို့လိုအပ်သော ဆုတော်မြတ်ကိုဆုံးဖြတ်သေချာ ဆုတောင်း မိဋ္ဌာန်ခြင်း အမှုကိုပြုကြရပေရာ၏။

## ပတ္ထနာပဋ္ဌေတဗ္ဗ ပြည့်စုံမှ

ယဿ ဟိ ပဉ္စဓမ္မာ အတ္ထိ နပတ္ထနာ တဿ ဂတိ အနိဗဒ္ဓါ၊တဿ ပတ္ထနာ အတ္ထိ နပဉ္စဓမ္မာ တဿ ပိ အနိဗဒ္ဓါ၊ ယေသံ ဥဘယံ အတ္ထိ တေသံ ဂတိ နိဗဒ္ဓါ။

[ဥပရိပဏ္ဏာသအဋ္ဌကထာ အနုပဒဝဂ် သင်္ခါရုပ္ပတ္တိသုတ်။]

ဟိ၊ ထိုစကားသင့်စွ။ ယဿ၊ အကြင်ပုဂ္ဂိုလ် အား။ ပဉ္စဓမ္မာ၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဟုဆိုအပ်ကုန်သောငါးပါးသော တရားတို့သည်။ အတ္ထိ-သန္တိ၊ ရှိကြကုန်၏။ ပတ္ထနာ၊ တောင့်တရည်မှန်း မိဋ္ဌာန်ပြဋ္ဌာန်းခြင်းသည်။ နတ္ထိ၊ မရှိပေ။ တဿ၊ ထိုပုဂ္ဂိုလ်၏။ဂတိ၊ လားရာဂတိသည်။ အနိဗဒ္ဓါ၊ မမြဲသေး။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပတ္ထနာ၊ တောင့်တခြင်းအမိဋ္ဌာန်သည်။ အတ္ထိ၊ရှိ၏။ ပဉ္စဓမ္မာ၊ ငါးပါးသောတရားတို့သည်။န၊မရှိကုန်ပေ။ တဿပိ၊ ထိုပုဂ္ဂိုလ်၏လည်း။ ဂတိ၊ လားရာဂတိသည်။ အနိဗဒ္ဓါ၊ မမြဲသေးပေ။ ယေသံ၊ အကြင်သူတို့၏။ ဥဘယံ၊ပတ္ထနာ, ပဋ္ဌေတဗ္ဗ၊ နှစ်ပါးစုံသည်။ အတ္ထိ၊ ရှိ၏။ တေသံ၊ ထိုသူတို့၏။ဂတိ၊လားရာဂတိသည်။နိဗဒ္ဓါ၊မြဲ၏။

၍အဋ္ဌကထာစကားကို ထောက်ထားဆင်ခြင် ဉာဏ်နှင့်ယှဉ်ခါ ဆုတောင်းမှု- ပဏိဓာန, ကျင့်ကြံအားထုတ်မှု- ပဓာနနှစ်ပါး ပြည့်ဝစွာ မိမိတို့လိုလားသော ဗောဓိဆုမြတ်မင်္ဂလာကို မှန်မကွာ ဆုတောင်းဓိဋ္ဌာန်သင့်ပေ၏၊

ထို့ကြောင့်—

တသ္မာ ကုသလံ ကမ္မံ ကတွာ ကေသ္မိံဋ္ဌာနေ ကာတုံ ဝဋ္ဋတိ။

[ဋဝါးအဋ္ဌကထာ။]

တသ္မာ၊ထိုကြောင့်။ ကုသလံကမ္မံ၊ဒါန,သီလ,ဘာဝနာ အဖြာဖြာသောကောင်းမှုကုသိုလ်ကံကို။ ကတွာ၊ ပြုသည်ရှိသော်။ ကေသ္မိံဋ္ဌာနေ၊ မိမိလိုလားရာ တခုခုသော ဆုမြတ်မင်္ဂလာ၌။ ပတ္ထနံ၊ဓိဋ္ဌာန်တောင့်တခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ဝဋ္ဋတိ၊သင့်မြတ်လှပေတော့၏။

၍ကဲ့သို့ ဆိုအပ်ပေစွာ အဋ္ဌကထာစကား စိတ်ဝယ်ထားကာ ဆုငါးပါးတို့တွင် မိမိတို့လိုလားရာ ဆုမြတ်မင်္ဂလာကိုရည်မှန်းပြီးကာ ဓိဋ္ဌာန်ဆုတောင်းကြကုန်ရာ၏။

ဗမာလိုဓိဋ္ဌာန်ဆုတောင်းပုံ

အရဟံအစ ဘဂဝါအဆုံး ရှိသော ကိုးတန်သောဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ကျေးဇူးတော်ရှင်မြတ်စွာဘုရား····ဘုရားတပည့်တော်သည် အရှင်မြတ်ဘုရားတို့ သိမြင်တော်မူအပ်သော သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ၍ကိုယ်,၍လက်, ၍အသက်ဖြင့်ပင် သိမြင်ရပါလို၏။

အရှင်ဘုရားတို့ အာရုံ ပြုတော်မူအပ်သော နိဗ္ဗာန်တရားတော်မြတ်ကြီးကိုလည်း ဝေါတြဘူဉာဏ်,မဂ်ဉာဏ်,

ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုရပါလို၏ ကျေးဇူးတော် ရှင်မြတ်စွာဘုရား။

၍ကား ယခု ဂေါတမမြတ်စွာ သာသနာတော်တွင် ကျွတ်တမ်းဝင်ရန် "ပကတိသာဝက" အဓိဋ္ဌာန်၍ ဆုပန်ပုံ တည်း၊ ထိုမှတပါး မိမိတို့လိုလားသော ဆုများကိုကား လိုလားသည်အားလျော်စွာ ဓိဋ္ဌာန်တော်မူကြပါကုန်။

---

## မြတ်စွာဘုရားနှင့် သာသနာစောင့်နတ်များ တိုင်တည်ပွါး

တရားအားမထုတ်မီကာလ ရှေးမဆွတွင် မိမိတို့ပြုသင့် ပြုထိုက်သောမြတ်စွာဘုရားနှင့် ဗြဟ္မာ, သိကြား, သာသ နာတော်စောင့် နတ်အများအား တိုင်တည် ထားသင့်ပေ သေးသည်၊ အဘယ်ကြောင့် ဆိုပါသော် လောကတွင် နှောင့်ရှက် ဖျက်ဆီး တတ်ကုန်သော "တောလမိုင်း, တောင်လမိုင်း,ရွာလမိုင်း" ခေါ် မသူတော် နတ်မိစ္ဆာတို့ သည် ရှိကြပေကုန်၏၊ ထိုသူတို့၏ဆီးတားကန့်ကွက်နှောင့် ရှက်သောဘေးရန်တို့မှ လွတ်ကင်းချမ်းသာပါမှ မိမိတို့ တရားကို ကောင်းမွန်စွာ ကြိုးစားအားထုတ်နိုင်ကြပေမည် ဖြစ်ပေသောကြောင့်တည်း။

ထင်ရှားစေအံ့—သာမန်ပုဂ္ဂိုလ်မဆိုထားဘိ၊ "ဓမ္မပဒပါ ဥဒ္ဒိဿတော် မလင်ဂ် ငါးရာသောသီတင်းသည်တို့ဝတ္ထု၌ မြတ် စွာဘုရားကိုယ်တော်တိုင် တရားပြခိုက် အားထုတ်သူ ပရိ သတ်ကို "မာရ်နတ်မိုက်" နှောင့်ရှက်ခြင်းကြောင့် ငိုသူငို ရယ်သူရယ် အသွယ်သွယ် အဝဝ ဖြစ်ရပုံသဘာဝကိုရင်း"

"လကျ်ာတော်ရံ အဂ္ဂသာဝက ပညာအရာ တေဒဂ်ရ "ရှင်သာရိပုတ္တရာ" ကိုယ်တော်တိုင်သော်မှ သမာပတ်ဝင်စားခိုက် နတ်မိုက်၏ ကျောက်ဆောက်ပုတ်ဖြင့် အရိုက်အနှက်ခံရခြင်းကိုငှင်း"၊ "လက်ဝဲတော်ရံ အဂ္ဂသာဝက တန်ခိုးအရာ တေဒဂ်ရ "အရှင်မောဂ္ဂလာန်" မထေရ်မြတ်၏ဝမ်းဗိုက်အတွင်း မာရ်နတ်ကြီး၏ခိုအောင်းကာ နှောင့်ရှက်ခြင်းကို ထောက်ဆသောအားဖြင့်ငှင်း"၊ ဤသို့စသော ဘေးဘယတို့သည် မုချမသွေ ရှိကြပေကုန်သည်သာတည်း။

## သာသနာ့တော်အတွက် သိကြားမင်း၏ဝန်ခံချက်

တုမှာကံ ဓမ္မစက္ကံ ဟောတု အမှာကံ အာဏာစက္ကန္တိ ပဋိညံ အကာသိ။

[သီလက္ခန္ဓအဋ္ဌကထာ သာမညဖလသုတ်။]

တုမှာကံ၊ အရှင်ဘုရားတို့၏။ ဓမ္မစက္ကံ၊ ရွှတ်အံပွါးများအားထုတ်မှု အကျင့်တရားဟုဆိုအပ်သော ဓမ္မစက်ဒေသနာတော်သည်။ ဟောတု၊ ဖြစ်ပါစေဘုရား။ အမှာကံ၊ ဘုရားတပည့်တော်တို့၏။ အာဏာစက္ကံ၊ ဘေးရန်အတွက် စောင့်ရှောက်မှု အာဏာစက်သည်။ ဟောတု၊ ဖြစ်ပါစေဘုရား။ ဣတိ၊ ဤသို့။ ပဋိညံ၊ သာသနာတော်အတွက် ဝန်ခံချက်ကို။ အကာသိ၊ ပြုလေ၏။

ဆိုလိုရင်း–အဓိပ္ပါယ်မှာသာသနာတော်ကိုမယိမ်းမယိုင်ကြံ့ခိုင်လေးပြ ကျင့်ကြံပွါးများ အားထုတ်မှုအလုပ်ဝတ္တရားကတော့ အရှင်မြတ်ဘုရားများ၏ တာဝန်ပါဘုရား၊ ဘေးရန်အတွက် စောင့်ရှောက်မှုကို ဘုရားတပည့်တော်များ

ဘက်က အာဏာစက်ဖြင့် မပျက်မကွက်စောင့်ရှောက် ဆောင်ရွက်ရန် အဆင်သင့်ပါဘုရားဟု မဟာဗြဟ္မာမင်း ကြီးနှင့်တကွ သိကြားမင်းကြီးကတာဝန်ယူခြင်းဖြစ်ပေ၏။ [မူလပဏ္ဏာသအဋ္ဌကထာစူဠသစ္စကသုတ်ဌလည်းနည်းတူလာ၏။]

## သာသနာတော်အတွက် နတ်မင်းများ၏ ဝန်ခံချက်

လောကကို စောင့်ရှောက်ကြည့်ရှု စောင်မတော်မူကြ ကုန်သော "စတုရဋ္ဌ" စသော နတ်မင်းကြီးများကလည်း ဝိပဿီအစ ဂေါတမ အဆုံးရှိသော ခုနစ်ဆူကုန်သော ဘုရားသခင်တို့အား ရှိခိုး ဝပ်တွား ဆည်းကပ် ကိုးကွယ်ကြ သူများအား ဘေးဥပဒ်အန္တရာယ် မငြိတွယ်စေရန် စောင့် ရှောက်မှု ဝတ္တရားမပျက်မကွက်ပြုပါရန် အဆင်သင့်ပါ ဘုရားဟု "အာဋာနာဋိယ" သုတ်တော်တွင် မှတ်တမ်း တင်ကာ လျှောက်ထားဝန်ခံခဲ့ကြပေ၏၊ ထို့ကြောင့်—

စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေန စ။

[ပါထေယျပါဠိတော် အာဋာနာဋိယသုတ်။]

စတ္တာရော၊ လေးယောက်ကုန်သော။ တေမဟာရာ ဇာ၊ ထိုဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရဟု မည်ရ ကျော်ဟိး စတုမဟာရာဇ်နတ်မင်းကြီးတို့သည်။လောကပါ လာ၊ လူတို့ကိုစောင့်ရှောက်တတ်ကုန်၏။ ယသဿိနော၊

များသောအခြေအရံရှိကုန်၏။ တေပိမဟာရာဇာ၊ထိုစတု မဟာရာဇ် နတ်မင်းကြီးတို့သည်လည်း။ အမေ့၊ တရားကြီး ကုတ်အားထုတ်ကြသူ ယောဂီဖြူဖြစ်သောငါတို့ကို။ အရော ဂေနစ၊ရောဂါမသင့် ကျန်းမာစွာအားထုတ်နိုင်သဖြင့်ရင်း။ သုခေနစ၊ ချမ်းသာလွန်တင့် ဝမ်းမြောက်စွာအားထုတ် နိုင်သဖြင့်ရင်း။ အနုရက္ခန္တု၊ မေတ္တာဒဗ္ဗ အစိုးရသဖြင့် ကောင်းစွာမသွေ အစဉ် စောင့်ရှောက် ကြပါစေကုန်သ တည်း။

ဤပါဠေယျပါဠိတော် "အာဋာနာဋိယ" သုတ်တော် ကိုရင်း, ထိုမှတပါး ဥဒါန်းပါဠိတော်တွင် အရှင်နတ်ကြီး များတို့ကို အားကိုးတခုတိုင်တည်ပြုသောသူတို့အား အရှင် နတ်ကြီးတို့က ပူဇော်မြတ်နိုး အကျိုးဖြစ်အောင် စောင့် ရှောက်ကြကြောင်းကိုရင်း,အင်္ဂုတ္တိုရ် ပါဠိတော်တွင် အရပ် ခြောက်ပါးရှိသည်အနက်"အထက်အရပ်ဖြစ်သော"ရဟန်း သူမြတ်နှင့် အရှင်နတ်ကြီးများကို ကိုးကွယ်တိုင်ကြားရမည် ဟူ၍ရင်း လာရှိသည်များ ထောက်ထားသောအားဖြင့် နတ်ကောင်း နတ်မြတ်များကို တိုင်တည်သင့်၏။

## ဗမာလိုတိုင်တည်ရန်

မုနိငါးပါးကို အစိုးရတော်မူသော ကျေးဇူးတော်ရှင် မြတ်စွာဘုရား.... ဘုရားတပည့်တော်သည် အရှင်မြတ် ဘုရားတို့ ဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာန် တရားတော်မြတ်ကြီးကို စွမ်းအားရှိသည်အလျောက် အား ထုတ်လိုပါ၍ အားထုတ်သောအခါ သာသနာတော်မြတ် ကို မကြည်ညိုကြကုန်သော "ဘူမိဋ္ဌာ,နတ်မိဋ္ဌာ,တိရစ္ဆာန်

မိန္တာ'' တို့သည် ဘယ်နံ့ရောအခါမှ ဘေးရန်အန္တရာယ် အပေါင်းတို့ကို မပြုလုပ်နိုင်စေရန် ရည်သန်တော်မူ၍ သာသနာတော်မြတ်ကြီးကို ကြည်ညိုစောင့်ရှောက်ကြကုန်သော ''မြဟ္မာမင်း, သိကြားမင်း, စတုလောကပါလနတ်မင်းကြီး'' များမှစ၍''သမ္မာဒေဝ'' နတ်ကောင်း နတ်မြတ်တို့အား ငါ၏တပည့်သားသမီးတွေကို စောင့်ရှောက်ကြကုန်လော့ ဟူ၍ အမိန့်ပေးတော်မူပါကျေးဇူးတော်ရှင်မြတ်စွာဘုရား။

မှတ်ချက်။ [မုနိငါးပါးကား အာဂါရမုနိ, အနာဂါရမုနိ, သေက္ခမုနိ,အသေက္ခမုနိ,ပစ္စေကမုနိ၊ ဤငါးပါးတည်း၊မြတ်စွာဘုရားကား ထိုမုနိငါးပါးကို အစိုးရသောကြောင့် မုနိမုနိ ဖြစ်တော်မူ၏။]

ဤကဲ့သို့ ပြုလုပ်ရခြင်းကြောင့် မိမိတို့အားထုတ်အပ်သော ''ပဓာန''အလုပ်ဝယ် အန္တရာယ်ခပ်သိမ်းကင်းငြိမ်း လွတ်မြောက် မကျမရောက်နိုင်ခြင်း, အားကိုးရှိပါက မိမိအလုပ် တွန့်ဆုတ်ခြင်းမရှိ ပြုလုပ်ရဲသော သတ္တိရှိခြင်း စသော အကျိုးထူးတို့ကို ပြီးစေနိုင်ကုန်၏။

ထို့ကြောင့် ကိစ္စတခု ပြုလုပ်ကြရာဝယ် အသွယ်သွယ် အဝဝ ပတ်ဝန်းကျင်ဌာနမှ ပြည့်စုံမလပ် နပ်နပ်နေသနေသ ရှိမှသာလျှင် ကောင်းကြမည်မှာ မလွဲရာတည်း။

နိပုဏော သုဘ မေသေယျ၊ ဝိစိနိတွာ သုတတ္ထိကော။
ဘတ္တံ ဥက္ခလိယံ ပက္ကံ၊ ဘာဇနေပိ တထာ ဘဝေ။
[မမ္မနီတိ။]

သုတတ္ထိကော၊ သုတပညာကို အလိုရှိသော သူသည်။ နိပုဏော၊ နက်နဲသော ပညာရှိသော သူတို့ကို။ ဝိစိနိတွာ၊ ရွေးချယ်စီစစ်၍။ သုတံ၊ လောကုတ်,လောကီ နှစ်လီသော

သုတပညာကို။ သေယျ၊ ရှာဖွေဆည်းပူးရာ၏။ ကိမိဝ၊ ဥပမာပုံဆို အဘယ်လိုနည်း ဟူမူကား။ ဥက္ကလိယံ၊ ချက်ပြုတ်ကြသော ထမင်းအိုး, ဟင်းအိုး၌။ ဘတ္တံ၊ ချက်ပြုတ်အပ်သော ထမင်းဟင်းလျာသည်။ ပက္ကံ၊ နူးနူးနပ်နပ်ရှိပါမူကား။ ဘာဇနေပိ၊ ထမင်းဟင်းထည့်ရာ ပုဂံခွက်ယောက်၌လည်း။ တထာ၊ ထိုချက်ရင်းစွဲ ထမင်းဟင်းလျာနှင့်တူသည်။ ဘဝေ၊ မုချမသွေ ဖြစ်ရချေ၏။

သီလကဏ္ဍော နိဋ္ဌိတော။

သီလခန်းပြီး၏။

# သမာဓိကထာ

## သမာဓိခဏ်း

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။

[မဟာဝဂ္ဂသံယုတ် ပါဠိတော် သစ္စသံယုတ် သမာဓိဝဂ် သမာဓိသုတ်။]

ဘိက္ခဝေ၊ ဘာဝနာအလုပ် အားထုတ်လိုငြား အို–သူတော်ကောင်း အများတို့။ သမာဓိံ၊ သမာဓိတရားကို။ ဘာဝေထ၊ ကြိုးစား၍ ပွါးများအားထုတ် လိုက်ကြပါကုန်လော့။ ဘိက္ခဝေ၊ ဘာဝနာအလုပ် အားထုတ်လိုငြား အို–သူတော်ကောင်းအများတို့။ သမာဟိတော၊ ကောင်းစွာ ပွါးများသော။ ဘိက္ခု၊ သံသရာကို ဘေးဟု ရှုတတ်သူတော်မြတ်သည်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်လှ သဘာဝကို။ ပဇာနာတိ၊ မုချမသွေ သိမြင်၍လာရပေ၏။

ဤကဲ့သို့ ပြဆိုခဲ့ပြီး သမာဓိ ဘာဝနာ၏ ရှေးအဘို့၌ ပြုကျင့်ဆောင်ရွက်အပ်သော လေးပါးသော ပုဗ္ဗကိစ္စ အဝဝတို့ကို ဆောင်ရွက်ပြီး၍ ထိုပုဗ္ဗကိစ္စ၏ အခြားမဲ့၌ မိမိတို့ အလိုက် စရိုက်အားလျော်စွာ ပွါးများအားထုတ်ရာ ဖြစ်သော ''ပါရိဟာရိယ'' ကမ္မဋ္ဌာန်း၏ ရှေးဦးစွာ အသင့်အတင့် ပွါးများအားထုတ် ဆင်ခြင်ရာ ဖြစ်သော ''သဗ္ဗတ္ထက'' ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ကြ ကုန်ရာသတည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက—

သဗ္ဗတ္ထ ကမ္မဋ္ဌာနာ နုယောဂေ ပဋ္ဌမံ
အတ္ထယိတဗ္ဗံ ဣစ္ဆိတဗ္ဗန္တိ သဗ္ဗတ္ထကံ။

ဟု ဝစနတ္ထ ပြုတော်မူပေ၏။

သဗ္ဗတ္ထ ကမ္မဋ္ဌာနာနုယောဂေ၊ ခပ်သိမ်းဉဿုံ အလုံးစုံသော ကမ္မဋ္ဌာန်းကို စီးဖြန်းခြင်း၌။ ပဋ္ဌမံ၊ ရှေးဦးစွာ။ အတ္ထယိတဗ္ဗံ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗတ္ထကံ၊ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။

တတ္ထ သဗ္ဗတ္ထကကမ္မဋ္ဌာနံနာမ ဘိက္ခုသံဃာ-
ဒီသု မေတ္တာ မရဏဿတိ စ။
[ဝိသုဒ္ဓိမဂ်။]

တတ္ထ၊ ထိုအမျှ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။ သဗ္ဗတ္ထက ကမ္မဋ္ဌာနံနာမ၊ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်သည်ကား။ ဘိက္ခုသံဃာဒီသု၊ သီမဋ္ဌက သံဃာ စသည်တို့၌။ မေတ္တာစ၊ အမျှချစ်ခြင်းလည်း ကောင်း။ မရဏဿတိစ၊ သေခြင်းတရားကို အောက်မေ့ခြင်း သတိလည်းကောင်း တည်း။

ဤကဲ့သို့ ဝိသုဒ္ဓိမဂ် မိန့်မြွက်သည်အားလျော်စွာ အမျှလေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် မေတ္တာ ဘာဝနာနှင့် မရဏဿတိ ဘာဝနာသည် "သဗ္ဗတ္ထက" ကမ္မဋ္ဌာန်း မည်ပေရာ ထိုဝိသုဒ္ဓိမဂ် မိန့်မှာချက်တွင် သုတ်မဟာဝါ ဋီကာအလို "အသုဘနုဿတိ" ဘာဝနာကိုထည့်သွင်းပြီးကာ သဗ္ဗတ္ထက အစီအစဉ်ကိုပြပေအံ့။

## ဗုဒ္ဓါနုဿတိ ဘာဝနာကိုပြခြင်း

**ဘာဝနာယောဂီ**–"အရင်းစစ် အမြစ်မြေက" ဆိုသော စကားပုံ အတိုင်းပင် သေချာစွာ စဉ်းစားဆင်ခြင်၍ ရှုကြည့်လိုက်သည်ရှိသော် ဤအလုံးစုံ အဖုံဖုံအဝဝ သဘာဝဓမ္မ ပရမတ္ထတရား မဂ်ရောက်ဖိုလ်စင် နိဗ္ဗာန်ဝင်၍ အစဉ်ထာဝရ ငြိမ်းချမ်းမှု ရလေအောင် ကြီးဆောင်ကြိုးကုတ်၊ သင်တို့, ငါတို့အတွက် သက်သက်သော မဟာကရုဏာတော်ဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်တော် မူခဲ့ပေသော ပုဂ္ဂိုလ်မြတ်ကြီးသည်ကား ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးပင် မဟုတ်ပါလား?။

**မှန်ပါသည်**– အကြောင်းကို ဆိုရသော် "သာရမဏ္ဍကမ္ဘာမဝယ် ဒီပင်္ကရာ မြတ်စွာဗုဒ္ဓ လက်ထက်တော်ခါသမယက လျှောင်းစင်းဖူးမျှော် "**သုမေဓာရသေ့**"အဖြစ်နှင့် နိယတ ဗျာဒိတ်ပန်းကို ခံတော်မူရာကာလ ထိုဘဝ၌ပင် မိမိ တကိုယ်ကောင်းသာ အလွတ်ရုန်းမည် ဆိုပါလျှင် မှန်စွာမုချ နိဗ္ဗာန်ကိုရနိုင်သော အင်အားဗလ "**သာဝကပါရမီ**"ပြည့်ညီစုံဖြိုး ယောကျ်ားမျိုးတဆူ ဖြစ်ကြီးဖြစ်တော်မူပါလျက် လက်တော်၏အနီးသို့ ရောက်ပြီးသော နိဗ္ဗာန်တည်းဟူသောဆုမြတ်ကြီးကို အပြီးစွန့်ပယ် လေးသြယမြစ်ပင်လယ်ဝယ် အသွယ်သွယ်အဝဝ ထို၌ဘုံဘဝတွင် နစ်မွန်းမျောပါးရှာကြ သင်တို့,ငါတို့တတွေ သတ္တဝါများဝေနေတို့ကို ငဲ့ညှာထောက်ထား လွန်သနားလှသည်ဖြစ်၍ ထိုဒီပင်္ကရာ မြတ်စွာသနင်း ခြေတော်ရင်းမှ စ၍မှန်စွာ ကမ္ဘာ့ကမ္ဘာ သံသရာ၌ ဒါနအစ"**ဒသပါရမီ**"အညီသုံးဆယ် စရိယမြတ်

သုံးသွယ်နှင့် "ပဋ္ဌပရိစ္ဆ ၁၈" ပါရမီသမ္ဘာရတို့ကို ကိုယ်တော်၏ပင်ပန်းခြင်း,စိတ်တော်၏ပင်ပန်းခြင်းကိုမျှ ဘာမှမမှု ဂရုတော်မမူ သတ္တဝါဝေနေယျ ကယ်မတော်မူလိုသော အာသာဆန္ဒပြင်းပြတော်မူလှပေသော ကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်—

ဗုဒ္ဓေါဗောဓေယျံ မုတ္တော မောစေယျံ တိဏ္ဏော တာရေယျံ။

မိန့်သံကျူးရင့် ပါရမီအဆင့်ဆင့်တို့ကို ဖြည့်ကျင့်ကြိုးကုတ်အားထုတ်တော်မူလာပေသောငါတို့ထိပ်တင်ကျေးဇူးတော်ရှင် ဘုရားသခင်မဟုတ်ပါလား?။

**ဘာဝနာယောဂီ**—သင်တို့, ငါတို့အတွက်ဆိုသော် မိမိတို့၏ အမိအဘ, ဆရာသမား, ဆွေမျိုးဉာတိ သင်္ဂဟများထက် ဆထက် ထောင်ရာ မကသာအောင် ချစ်ခြင်းကိုဆောင်တော်မူသောကျေးဇူးရှင်ကြီးပါတကား။

**အဘယ်ကြောင့်ဆိုသော်**—မိဘ,ဆရာသမား,ဉာတိသင်္ဂဟများကား တဘဝတနပ်စာ ချစ်ခင်မျိုးရိုးရာဖြင့်သာ ခင်မင်နှစ်သက်ကြပေရာ၏။

ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ကားကမ္ဘာတွက်ရေ လေးသင်္ချေနှင့် စွန်းလေတသိန်းတွက်ကိန်းများလှ သင်တို့, ငါတို့ တည်းဟူသော သတ္တဝါဝေနေယျတွေအတွက် သက်သက်သော မဟာ ကရုဏာတော်ဖြင့် ငဲ့ညှာသနားကာ ကျင့်ကြံ အားထုတ်တော်မူခဲ့ရပေသောကြောင့်တည်း၊ထို့ကြောင့်—

ယောဘဂဝါ၊အကြွင်ဂေါတမန္တယ်ဘွား ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ ကပ္ပသတ-

သဟာသာဒိကာနိ၊ ကမ္မာတသိန်း အလွန်ရှိကုန်သော။ စတ္တာရိ အသင်္ချေယျာနိ၊ ကမ္ဘာတွက်ရေ လေးသင်္ချေတို့ ကာလပတ်လုံး။ ပါရမိပရိစ္စာဂေ၊ ပါရမီဆယ်ပါးအပြား သုံးဆယ် ငါးသွယ်သော စွန့်ခြင်းကြီးတို့ကို။ ပူရေန္တော၊ ရဲရဲရင့်ရင့် ဖြည့်ကျင့်တော်မူလျက်။ သဗ္ဗ ကိလေသေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော တထောင့်ငါးရာ ကိလေသာ တို့ကို။ သောဓေတွာ၊ တခုမကျန် ပယ်လှန်ခုတ်ထွင် ဝုတ် မထင်အောင် သုဓ်သင် ရှင်းလင်း အောင်ပွဲခင်းလျက် အောင်သတင်း ကြူကြူ အောင်လံတော် လွှင့်ထူ ပြီး၍။ သဗ္ဗညုတံ၊ သဗ္ဗညုစစ်ဘုရားအဖြစ်သို့။ သမ္ပတ္တော၊ ကောင်း စွာကြည်ဖြူ ရောက်တော်မူလေပြီ။

[ဤကား အနိယမ ဝါကျတည်း။]

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ကျေးဇူးတော် ရှင် မြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစကာရဏေန၊

(၁) ဝါသနာဗျာကတမိုက် ဒုစရိုက်နှင့်တကွ သံကိ လိဋ္ဌ ပါပညစ်ထေး ကင်းဝေးတော်မူခြင်း တည်းဟူသော ဂုဏ်။

(၂) တထောင်ငါးရာ ကိလေသာဟူ ရန်သူအပေါင်း တို့ကို ကောင်းစွာမလပ် မဂ်လေးရပ် သံလျက်ဓားဖြင့် ခုတ်ဖြတ် ပယ်ရှားတော်မူခြင်းတည်းဟူသောဂုဏ်။

(၃) နတ်,လူ,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ညွတ် ပျောင်းကော်ရော် ပူဇော်ကြည်နူး ထူးသောအလှူကို ခံယူသိမ်းပိုက် ထိုက်တော်မူခြင်းတည်းဟူသောဂုဏ်။

(၄) ဗာလအပေါင်း သူမကောင်းတို့ ပုန်းအောင်း ကွယ်ကာ ဆိတ်ငြိမ်ရာ၌ ဆယ်ဖြာအမိုက် ဒုစရိုက်ကို

နှစ်ခြိုက်မသွေ ပြုကျင့်လေသကဲ့သို့ ပရမေ မြတ်စွာ သမ္ဗုဒ္ဓါကား ဆိတ်ရာကွယ်အောင်း မကောင်းမှုကို ပြုကျင့်နှစ်ခြိုက် ထိုက်တော်မမူခြင်းတည်းဟူသောဂုဏ်။

(၅) ခန္ဓာ,အာယတန ဓာတ်မှမဆိတ် ပဋိစ္စသမုပ္ပါဒ် ရဟတ်အလား ရထားပမာ သံသရာစက်၏ အဝိဇ္ဇာတည်း ဟူသောချက် ဇရာမရဏတည်းဟူသောအကွပ် ကုသိုလ်ကံ, အကုသိုလ်ကံတည်းဟူသော သခ်ါရမှ စသည်ပိုင်း ခြား ဆယ်ပါးကုန်သောအကန့်တို့ကို ပယ်သန့် ယှဉ်မှီး ဖျက်ဆီးတော်မူခြင်းတည်းဟူသောဂုဏ်။

ဤသို့ပေါင်းအပ်ဂုဏ်သကတ်ကြောင့်"အရဟံ"-အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီးမကုန် ဖြဟ္မာဘုံဘိုင် အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော် မူပေသော ကျေးဇူးတော်ရှင်မြတ်စွာဘုရား မြတ်စွာဘုရား။

[ဤကား နိယမဝါကျတည်း။]

### ဗုဒ္ဓါနုဿတိပွါးများရခြင်း၏အကျိုး

ဤကဲ့သို့ ဘုရားဂုဏ်ကို အာရုံပြုကာ ပွါးများရခြင်း ကြောင့် (၁) မကောင်းယုတ်မာ ကိလေသာ စိတ်ညစ်တို့ မဖြစ်မူ၍ ကောင်းမြတ်ကြည်လင် သန့်ရှင်းသော စိတ် အစဉ်တို့၏ဖြစ်ခြင်း၊ (၂) ဘုရားရှင်အပေါ်တွင် ယုံကြည် လေးစားရိုသေခြင်းများကာ သဒ္ဓါ, သတိ, ပညာ, ပုည ပြန့်ပြော၍လာခြင်း၊(၃)စိတ်၏နှစ်သက်ဝမ်းသာ ရွှင်လန်း ခြင်းများကာ ဆင်းရဲခြင်းကိုဍင်း,ကြောက်မက်ဘွယ်သော ဘေးအမျိုးမျိုးကိုဍင်း သည်းခံနိုင်ခြင်း၊(၄) စေတီအိမ်နှင့် တူစွာ အပူဇော်ကိုခံသိုက်ခြင်း၊ (၅) မြတ်စွာဘုရားသခင်

နှင့် အတူနေရသည့်အသွင်မှတ်ထင်ရခြင်း၊ (၆) အရှက်, အကြောက် တရားနှစ်ပါးတို့တည်လာရခြင်း၊ (၇)ဘုရား အရာ၌စိတ်ညွတ်ခြင်း၊ (၈)အကယ်၍ ဤဘဝတွင် သစ္စာလေးပါး မြတ်တရားကို မသိနိုင်ငြားသေးပါသော် မြတ်သော သုဂတိဘုံဘဝတို့သို့သာ လားရခြင်း အစရှိသော အကျိုးထူးတရားတို့ကို ဖြစ်ပွါးခါခါ ခံစားရသတည်း။

[ဝိသုဒ္ဓိမဂ်မှ။]

တသ္မာ ဟဝေ အပ္ပမာဒံ၊ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ ဗုဒ္ဓါနုဿတိယာ သဒါ။

တသ္မာ၊ ထိုသို့ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုးအာနိသံသ ရှိသောကြောင့်။ သုမေဓသော၊ ပညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ ဟဝေ၊ စင်စစ်။ ဧဝံမဟာနုဘာဝါယ၊ ဤသို့ကြီးမားသော အာနုဘော်နှင့် ပြည့်စုံသော။ဗုဒ္ဓါနုဿတိယာ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့။ ကယိရာထ၊ ပွါးများအားထုတ် ကျင့်ကြံရာသည်သာလျှင်ပေတည်း။

[ဤကား ဗုဒ္ဓါနုဿတိဘာဝနာတည်း။]

---

## မေတ္တာဘာဝနာကိုပြခြင်း

ဤကဲ့သို့ ကျေးဇူးတော်ရှင်ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ မဟာကရုဏာတော်နှင့် ဂုဏ်တော်တွေ အနန္တတို့ကိုရင်း, ထိုမြတ်စွာဘုရား ဟောကြားပြသဆုံးမတော်မူပေသော တရားတော်မြတ်၏ "ဿွာက္ခာတတာ" အစဖြာ၍ ခြောက်ဖြာဂုဏ စသည်များစွာ ဂုဏ်ကျေးဇူးအဖြာဖြာ

တို့ကိုငှင်း, ထိုတရားတော်မြတ်နှင့် သင့်မြတ်တော်လျော် ကျင့်ကြံတော်မူကြ "နဝဂုဏာ" အရိယာရှစ်ဖော် သံဃာ တော်တို့၏ ဂုဏ်တော်တို့ကိုငှင်း၊ ဝါ-မြတ်စွာဘုရား ပရိ နိဗ္ဗာန်စံဝင်သွားသည်မှ "ဆဌသံဂါယနာ" တင်လာနိုင် သည်တိုင်အောင် သင်အံ့လေ့ကျက် တရားတော်ဓမ္မစက် တို့ကို မပျောက်ပျက်ရအောင် ဆောင်ရွက်စောင့်ရှောက် ချီးမြှောက်တော်မူလာကြပေကုန်သော သံဃာတော်မြတ် တို့၏ ဂုဏ်တော်တို့ကိုငှင်း ယုံကြည်ထင်ရှား စဉ်းစားဆင် ခြင် သိမြင်ရပေသောအခါ—

ဖြေ— အလုံးစုံဌာန သုံးဆယ့်တစ် ဘုံဘဝတို့တွင် ပျော်ပိုက်မွေ့မော ကာမဂုဏ်ဒီဓရကြောမှာ မျောပါးနစ် ဆုံး သတ္တဝါအားလုံးတို့သည် ဝတ်မှု,စားမှု ဝါကြွားမှု အတွက် ရှာမှီးရခြင်း "ပရိယေသန" အစု ဒုက္ခမှုတို့နှင့် သာ အချိန်ကုန်ဆုံးနေကြပါတကား။

"ထိုအလုံးစုံသောသတ္တဝါ ဝေနေယျာတို့သည် အမြင် မှန်မြင်ကြကုန်သည်ဖြစ်၍ အသိမှန်ကို သိကြကုန်သည်ဖြစ်၍ ကျေးဇူးတော်ရှင် မြတ်စွာဘုရား၏ လေးသင်္ချေနှင့်ကမ္ဘာ တသိန်းမျှကာလပတ်လုံး ရှာဖွေဆည်းပူးတော်မူပါမှ ရရှိ တော်မူလာပေသော "သမထ,ဝိပဿနာ" ဘာဝနာ ဟု ဆိုအပ်သော အကျင့်မှန်ပဓာနအလုပ်ကို အားထုတ်နိုင် ကြပါစေ၊ချမ်းသာကြပါစေ၊ကျန်းမာကြပါစေ၊ကိုယ်စိတ်နှစ် ဖြာ ကျန်းမာ ချမ်းသာကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ "ပရိယတ္တိသာသနာ,ပဋိပတ္တိသာသနာ" တို့ကို ဆောင်ရွက် ကျင့်ကြံကြကုန်၍ "ပဋိဝေဓသာသနာတော်ကြီး"ကို မျက် မှောက်ပြုကာ သုံးရပ်သောသာသနာတော်ကို ကိုယ်ဘိုင်

မယုတ် အားထုတ်နိုင်ကြပါစေ”ဟု အများသူတကာ အား ထုတ်စေချင်တဲ့ စေတနာ,မေတ္တာ စိတ်တွေသည် ယိုဖိတ် မတတ် တရိပ်ရိပ်ဖြစ်လာတတ်ပေ၏။

မှန်ပါသည်–အဘယ်ကြောင့်ဆိုသော်“ကောင်းမြတ်တင့် တယ် မွန်မြတ်သောခဲဘွယ်အာဟာရ စားသောက်ရသည့် ကာလ ချစ်ကျွမ်းဝင်သောမိတ်ဆွေသင်္ဂဟတွေကို သတိရ သည်” ဆိုသည့်အတိုင်းပင် အလွန့်အလွန် ကောင်းမြတ် ကျေးဇူးတော်ရှင် ဘုရားသခင်၏တရားတော်တွေကို နာခံ မှတ်သား သိရပြီးသော် အများသူတကာ သိစေချင်သော စေတနာတွေသည် အမှန်မကွာ ဖြစ်လာရတော့မည်မှာ မလွဲနိုင်တော့ပါ။ ထို့ကြောင့်–

သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု၊ဒုက္ခာ မုစ္စန္တု။

သဗ္ဗေ၊ ရှိသမျှလုံးစုံ ခပ်သိမ်းကုန်သော။သတ္တာ၊ ပုထု ဇဉ်, သေက္ခ အသေက္ခ ဟု ပေါင်းစုများစွာ သတ္တဝါတို့ သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဒုက္ခာ၊ ကိုယ်စိတ် နှစ်ပါး ဆင်းရဲရခြင်းဆိုတဲ့ အလုံးစုံသော ဒုက္ခတရားမှ။ မုစ္စန္တု၊ စင်စစ်မသွေ ကင်းလွတ်ထွက်မြောက်နိုင်ကြပါ စေကုန်သတည်း။

ဤသို့စသည်ဖြင့် “သီမဋ္ဌကသံဃာ”မှအစပြု၍ သုံးဆယ့် တစ်ဘုံဌာန ရှိသမျှများစွာသတ္တဝါဝေနေယျာတို့ကို မေတ္တာ ဘာဝနာ သဘာဝ ပဋိသမ္ဘိဒါမဂ်,ဝိသုဒ္ဓိမဂ်, တတိယပါ ရာဇိက အဋ္ဌကထာလာ (၅၂၈)သွယ် မေတ္တာဘာဝနာ ကိုဂုဏ်း၊ မေတ္တာသုတ် ပရိတ်တော်လာ မေတ္တာဘာဝနာ

ဘို့ကိုငှင်း မိမိတို့စွမ်းအားရှိသမျှ ပွါးများအားထုတ်တော်မူကြပါလေကုန်။

[အကျယ်မရေးတော့ပြီ။]

မေတ္တာအကျိုးဆယ့်တမျိုး

ဤကဲ့သို့ ''မေတ္တာဘာဝနာ'' ပွါးများရခြင်း၏အကျိုးကား (၁) ချမ်းသာစွာအိပ်ရခြင်း၊ (၂) ချမ်းသာစွာနိုးရခြင်း၊ (၃) မကောင်းသော အိပ်မက်မမြင်မက်ခြင်း၊ (၄) လူတို့ချစ်မြတ်နိုးခြင်း၊ (၅) နတ်တို့ချစ်မြတ်နိုးခြင်း၊ (၆) နတ်တို့စောင့်ရှောက်ခြင်း၊ (၇) မီးဘေး, အဆိပ်ဘေး,လက်နက်ဘေးတို့မသင့်ခြင်း၊ (၈) စိတ်၏တည်ကြည်ခြင်း၊ (၉) မျက်နှာအဆင်းကြည်လင်ခြင်း၊ (၁၀) မတွေမဝေသေရခြင်း၊(၁၁)ဤဘဝတွင် မေတ္တာဈာန်မှ အထက်ဖြစ်သော အရဟတ္တဖိုလ်ကို မရမူ၍ သေရချေသော် ဗြဟ္မာ့ဘုံသို့လားရခြင်း၊ဤဆယ့်တပါးသောအကျိုးတို့ကို ရပေ၏။

[ကောဒသဂ်ုတ္တရပါဠိတော် အနုဿတိဝဂ် မေတ္တာသုတ်, ဝိသုဒ္ဓိမဂ်မှာ အကျယ်ယူတော်မူကြပါ။]

ထိုမှတပါး ''မေတ္တာဘာဝနာ'' လက်ကိုင်ထားသောသူတော်ကောင်းတို့၏ စိတ်ထားမှာ မိမိအပေါ် ထေ်ာလော်ကြမ်းတန်း ဘရမ်းဘတာ ပြုမူသည့် အခြင်းအရာကိုလည်း သိသာခြားနား သည်းခံနိုင်ခြင်းအကျိုးများတို့လည်း တိုးပွါး၍လာနိုင်ပေသေး၏၊ထို့ကြောင့်—

အတ္တဆိန္နံပိ ဝါသေတိ၊ သုဂန္ဓေနိဝ စန္ဒနံ။
သန္တော မေတ္တာသုဂန္ဓေန၊ အတ္တဟိံသမ္ပိ ဝါသယေ။

[ရွှေကျင်ဆရာတော်ကြီး စီကုံးသည်ဟု မှတ်သားဘူးသည်။]

စန္ဒနံ၊ ဟေမဝါမြှင် တောဂနိုင်၌ မွေးကြိုင်ပျံ့ပျူး စန္ဒကူးသည်။ အတ္တဆိန္နပိ၊ မိမိကိုဖြတ်တောက်၍ ကျိုးပေါက်ကွဲအက်စေသည့် လက်နက်,ဓားမ,ပုဆိန်,ပဲခွပ် စသည်ကို သော်လည်း။သုဂန္ဓေန၊ တလူလူတလှိုင်လှိုင် မွှေးကြိုင်သင်းပျံ့ ကောင်းမြတ်သောရနံ့ဖြင့်။ ဝါသေတိဣဝ၊ ရနံ့သင်းလှိုင် ထုံမွှမ်းမွှေးကြိုင်စေသကဲ့သို့။ သန္တော၊ သူတော်ကောင်း အလုပ် အားပါးထုတ်၍ ကိုယ်နှုတ်ပျော့ပျောင်း သူတော်ကောင်းသည်။ အတ္တဟိံသမ္ပိ၊ မိမိကိုယ်ကို ဆဲဆိုရိုက်နှက် နှိပ်စက်ဆိုးသွမ်း ညှဉ်းပန်းသောသူကို သော်လည်း။ မေတ္တာသုဂန္ဓေန၊ ကိုယ်,စိတ်,နှုတ်မြွက် ဆုပန္နက်သည့် စိတ်စက်ပျော့ပျောင်း မေတ္တာတည်းဟူသော အနံ့ ကောင်းဖြင့်။ ဝါသယေ၊ "ဘုရိဒတ္တ,စမ္ပေယျ နှင့် မာဃလုလင်" ဝတ္ထုစဉ်ကို ဆင်ခြင်ထောက်စာ ရှုမြော်ကာဖြင့် သူငါတပြန် မခုခံဘဲ သည်းခံ၍သာ ထုံမွှမ်းမွှေးကြိုင် ကြစေရာသတည်း။

[ဤကား မေတ္တာဘာဝနာတည်း။]

---

## မရဏာဿတိ ဘာဝနာကို ပြခြင်း

ဤကဲ့သို့ သူတော်ကောင်းတို့၏ နှလုံးထားဖြင့် နေ့ရောညဉ့်ပါ အခါမလပ် ကျန်းမာချမ်းသာကြစေရန် မေတ္တာတရားကို ဘယ်လိုပင် ပွါးသဖြင့်သော်လည်း—

သဗ္ဗေ သတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ
ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏာ ယံကမ္မံ
ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ
ဒါယာဒါ ဘဝိဿန္တိ။

ဤသို့ အစရှိသည်ဖြင့် ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ် ဟောပြော မိန့်မှာတော် မူအပ်သည့် အတိုင်းပင် ''တေဘူမက'' ဝဋ်ဒုက္ခ သံသရာတွင် အလုံးစုံ ရှိသမျှသတ္တဝါ ဝေနေယျတို့သည် အတိတ်,ပစ္စုပ္ပန်နှစ်တန် ဘဝ မိမိတို့ပြုသမျှ ကုသိုလ်ကံ,အကုသိုလ်ကံ သဘာဝ သည်ပင် ဥစ္စာရှိကြကုန်၏၊ ကံသာလျှင် အမွေခံရှိကြကုန် ၏၊ ကံသာလျှင် အကြောင်းရင်းရှိကြကုန်၏၊ ကံသာလျှင် အဆွေအမျိုး ရှိကြကုန်၏၊ ကံသာလျှင် လည်းလျောင်းရာ ရှိကြကုန်၏၊ အကြင်ကောင်းမှု, မကောင်းမှု ကံနှစ်ခုကို ပြုမိကြကုန်၏၊ထိုမိမိပြုသော ကောင်းမှုမကောင်းမှု ကံနှစ်ခုတို့၏ အမွေခံဘို့သည်သာ ဖြစ်ကြရပါကုန် တကား ဟု သူတော်ကောင်း တို့၏ နှလုံး တွင်းမှာ ထင်လင်းစွာ ဥပေက္ခာသဘောသို့ သက်လျောရရှာပေတော့၏။

မှန်ပါသည်– အလုံးစုံရှိသမျှ သုံးဆယ့်တစ်ဘုံဌာနတွင် ပုပုရွရွမြင်မြင်သမျှ သတ္တဝါ ဝေနေယျတို့သည် သံသရာဝဋ် တွင်းမှ လွတ်ကင်း ထွက်မြောက်ကာ မသွားနိုင်သေးသမျှ ကာလပတ်လုံး အိုမှုကတဖြာ နာမှုကတသွယ် သေမှုက တတန် ပဋိသန္ဓေ နေမှုကအဖန်ဖန် အပြန်ပြန်အလှန်လှန် ဝဋ်နယ် တွင်းမှ လွတ်ထွက်ခြင်း မရနိုင် သေးပါလျှင် လောကအတွင်းတွင် ဘယ်လိုပင် ဘုန်းကံကြီးကြီး ဘယ် လိုပင် ဘုန်းကံနဲနဲ ဘယ်လိုပင်မွဲမွဲ ဘယ်လိုပင် ပေါပေါ ဘယ်လိုပင်ချောချော ဘယ်လိုပင် အရုပ်ဆိုးဆိုး ဘယ်လို ပင် ပုပု ဘယ်လိုပင်ရှည်ရှည် ဘယ်လိုပင်ဝဝ ဘယ်လိုပင် ပိန်ပိန် ဘယ်လိုပုဂ္ဂိုလ်မှမနေရ၊ တံစိုးလက်ဆောင်ထိုး၍ လည်းမရ၊ အမိန့်အာဏာပြသော်လည်း မလိုက်နာ၊ဘယ်

သူ့မျက်နှာကိုမှ မထောက်ထား၊ သံသရာ၏ "ဓမ္မတာ တရားကြီး" မည်ကြောင်းကို ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မိန့်ဟတော်မူသည်မှာ—

ဇရာဓမ္မောမှိ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

[ပဉ္စင်္ဂုတ္တရပါဠိတော် နီဝရဏဝဂ် အဘိဏှသုတ်။]

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်တွေးရှုငြား အို-ချစ်သား,ချစ်သမီးများတို့။ဇရာဓမ္မော၊သွားကျိုးဆံဖြူ ငယ်မူယိုယွင်းအိုမင်းရခြင်းဆိုတဲ့ ဇရာတရားကြီးသည်။ အမှိ၊ မုချမသွေဖြစ်ရချေ၏။ ဇရံ၊ သွားကျိုး ဆံဖြူ ငယ်မူယိုယွင်း အိုမင်းရခြင်းဆိုတဲ့ ဇရာတရားကြီးကို။ မယာ၊ငါသည်။ အနတီတောတိ၊ ဘယ်နည်းနှင့်မှ မလွန်မြောက် နိုင်ချေဟူ၍။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ နဖူးလက်တင် ဆင်ခြင်သုံးသပ်အောက်မေ့အပ်၏။

(၁) အိုရဦးမယ်,အိုရဦးမယ်၊ [အနိစ္စဘို]။
(၂) ကြောက်လှတယ်,ကြောက်လှတယ်၊ [ဒုက္ခဘို]။
(၃) မအိုစေလို တောင်းပန်ဆိုလည်း အလိုလဲမလိုက် အကြိုက်လဲ မပါ အိုမြဲတိုင်းသာ အိုရမှာဘဲ, အိုရမှာဘဲ၊ [အနတ္တဘို]။

**ဘာဝနာယောဂီ**- ဤကဲ့သို့ အိုမှုဒုက္ခ မရောက်ရှိမျှနှင့် ပြီးမြောက်ပါပြီလားဟု ရှေ့သို့ဆက်ါ စဉ်းစားဆင်ခြင်၍ ရှုကြည့် ပါဦးလေ့၊ အဘယ်မှာလျှင် ဤတွင် ပြတ်ခါ ရပ်ပါ ဦးမည်နည်း၊ ထို ဇရာတရား၏ အပ်နှံ ချက်ဖြင့် ကိုးဆယ့်ခြောက်ဖြာ ရောဂါအစု ဖျားနာမှုအဖြာဖြာတို့က ဝင်လာ၍မကြာ နှိပ်စက်ကြ ဦးမည်မှာ မလွဲနိုင်တော့ပါ၊

ထို့ကြောင့် ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက-

ဗျာဓိဓမ္မောမှိ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊

[ဌာနသုတ်။]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေးရှုငြား အို- ချစ်သား,ချစ်သမီး များတို့။ ဗျာဓိဓမ္မော၊ ကိုးဆယ့် ခြောက်ဖြာ ရောဂါမကင်း ဖျားနာခြင်း ဆိုတဲ့ ဗျာဓိတရားကြီးသည်။ အမှိ၊ မုချမသွေ ငါ့၌ဖြစ်ရချေ၏။ ဗျာဓိံ၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါမကင်း ဖျားနာရခြင်း ဆိုတဲ့ ဗျာဓိတရားကြီးကို။ မယာ၊ ငါသည်။ အနတီတောတိ၊ ဘယ်နည်းနှင့်မှ မလွန်မြောက်နိုင်ချေဟူ၍။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ နဖူးလက်တင် ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

(၁) နာရဦးမယ်,နာရဦးမယ်၊ [အနိစ္စဘို့]။
(၂) ကြောက်လှတယ်,ကြောက်လှတယ်၊ [ဒုက္ခဘို့]။
(၃) မနာစေလို တောင်းပန်ဆိုလည်းအလိုလဲမလိုက် အကြိုက်လဲမပါ နာမြဲတိုင်းသာနာရမှာဘဲ,နာရမှာဘဲ၊ [အနတ္တဘို့]။

ဘာဝနာယောဂီ—ဤကဲ့သို့ ဖျားနာမှုကိစ္စ ပြီးမြောက်ကလျှင် ချမ်းသားရာဌာနသို့ ရောက်ရပါရောလား ဟု ရှေ့သို့ဆက်ခါ စဉ်းစား ဆင်ခြင်ပြန်ပါလျှင် အဘယ်မှာလျှင် ဤတွင်တန့်၍ ရပ်ပါဦးမည်နည်း၊ မုချ အမှန်သေ

ဘေးဆိုးကြီးနှင့် တွေ့ကြုံရမည် ကေန်သာတည်း၊ ထို့ကြောင့် ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက—

မရဏဓမ္မောမှိ မရဏံ အနတီတောတိ
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
[ဍင်းသုတ်။]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေးရှုငြား အို—ချစ်သား, ချစ်သမီးများတို့။ မရဏဓမ္မော၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါခပင်း နှိပ်စက်ခြင်းကြောင့် သေရခြင်းဆိုတဲ့ မရဏတရားကြီးသည်။ အမှိ၊ မုချမသွေ ငါ၌ဖြစ်ရချေ၏။ မရဏံ၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါခပင်း နှိပ်စက်ခြင်းကြောင့် သေရခြင်းဆိုတဲ့ မရဏတရားကြီးကို။ မယာ၊ငါ သည်။ အနတီတောတိ၊ ဘယ်နည်းနှင့်မျှမလွတ်မြောက်နိုင်ချေဟူ၍။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ နဖူးလက်တင် ခြင်ဆင်သုံးသပ်အောက်မေ့အပ်၏။

(၁) သေရဦးမယ်,သေရဦးမယ်၊ [အနိစ္စဘို့]။
(၂) ကြောက်လှတယ်,ကြောက်လှတယ်၊ [ဒုက္ခဘို့]။
(၃) မသေစေလိုတောင်းပန်ဆိုလည်းအလိုလဲမလိုက် အကြိုက်လဲမပါ သေမြဲတိုင်းသာ သေရမှာဘဲ, သေရမှာဘဲ၊ [အနတ္တဘို့]။

ဘာဝနာယောဂီ—ဤကဲ့သို့ သေဆုံးမှုဒုက္ခ ပြီးမြောက်ကလျှင် ချမ်းသာရာသဘာဝ ရပါရေလားဟု ရှေ့သို့ဆက်ကာ စဉ်းစားဆင်ခြင်ပြန်ပါလျှင် အဘယ်မှာလျှင် ဤတွင်

တန့်၍ရပ်ပါဦးမည်နည်း၊ မုချအမှန်ပဋိသန္ဓေတဖန်နေရဦးမည်ကောနသာတည်း။

(၁) သေပြီးထပ်ဖြစ်ရဦးမယ်,ဖြစ်ရဦးမယ်၊ [အနိစ္စဘို]။

(၂) ကြောက်လှတယ်,ကြောက်လှတယ်၊ [ဒုက္ခဘို]။

(၃) မဖြစ်စေလို တောင်းပန်ဆိုလည်း အလိုလဲမလိုက် အကြိုက်လဲမပါ ဖြစ်မြဲတိုင်းသာဖြစ်ရမှာဘဲ, ဖြစ်ရမှာဘဲ၊ [အနတ္တဘို]။

ဘာဝနာယောဂီ—ဤကဲ့သို့ပင် ပဋိသန္ဓေနေလိုက်, အိုလိုက်,နာလိုက်,သေလိုက်နှင့်ပင် "ဘဝသံသရာ" ခရီးစဉ်တွင် ဘယ်အခြေဆိုက်၍ ဘယ်တော့များ ဤသံသရာဝဋ်နယ်တွင်းမှ လွတ်ကင်းရနိုင်ပါအံ့နည်း၊ မလွတ်ထွက်ရသေးသမျှကာလပတ်လုံးလည်း မအိုရန်, မနာရန်, မသေရန် ဘယ်လိုပင် အကပ်ကောင်း၍ တံစိုးလက်ဆောင်ထိုးကာ ပြုလုပ်ပါငြားသော်လည်း ဘယ်နည်းနှင့်မှမရနိုင်ပေ၊ ထို့ကြောင့်–ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပဥ္စင်္ဂုတ္တရ ပါဠိတော် မုဏ္ဍရာဇဝဂ် ပဌမ အလဗ္ဘနေယျသုတ်တွင် အိုချစ်သား, ချစ်သမီးများတို့····သုံးဆယ့်တဌာန ဘုံလောကဉ္စရဟန်းသည်ငင်း, ပုဂ္ဂိုလ်သူမြတ်သည်ငင်း, နတ်သည်ငင်း, မာရ်သည်ငင်း, ဗြဟ္မာသည်ငင်း တစုံတယောက်သော သူသည် တောင့်တ၍ မရအပ်ကုန်သော အကြောင်းတရားတို့သည် ငါးပါးတို့ပေတည်း၊ အဘယ်ငါးပါးတို့နည်းဟူမူကား–

ဇရာဓမ္မံ မာဇီရိ တိ အလဗ္ဘနီယံ ဌာနံ။

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေးရှုငြား အိုချစ်သား,ချစ်သမီးများတို့။ ဇရာဓမ္မံ၊ ယယ်မှု

ယိုယွင်း အိုမင်းရိရွား ဇရာတရားသည်။ မာဇိရီ၊ မအိုပါ စေလင့်။ ဣတိ၊ ဤသို့တောင့်တခြင်းသည်။ အလဗ္ဘနီယံ၊ ဘယ်နည်းနှင့်မျှ တောင့်တ၍မရအပ်သော။ ဌာနံ၊ အရာမည် ပါပေ၏။

ဗျာဓိဓမ္မံ မာဗျာဓိယီတိ အလဗ္ဘနီယံ ဌာနံ။

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေးရှု ပြား အို–ချစ်သား,ချစ်သမီးများတို့။ ဗျာဓိဓမ္မံ၊ ကိုးဆယ့် ခြောက်ဖြာ ရောဂါမကင်း ဖျားနာရခြင်းဗျာဓိတရားသည်။ မာဗျာဓိယီ၊မဖျားနာပါစေလင့်။ ဣတိ၊ ဤသို့တောင့်တ ခြင်းသည်၊ အလဗ္ဘနီယံ၊ ဘယ်နည်းနှင့်မျှ တောင့်တ၍ မရအပ်သော။ ဌာနံ၊ အရာမည်ပါပေ၏။

မရဏဓမ္မံ မာမိယီ တိ အလဗ္ဘနီယံ ဌာနံ။

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေးရှု ပြား အို–ချစ်အား,ချစ်သမီးများတို့။ မရဏဓမ္မံ၊ ကိုးဆယ် ခြောက်ဖြာ ရောဂါခပင်း နှိပ်စက်ခြင်းကြောင့် သေရခြင်း မရဏတရားသည်။ မာမိယီ၊ မသေပါစေလင့်။ ဣတိ၊ဤသို့ တောင့်တခြင်းသည်။အလဗ္ဘနီယံ၊ ဘယ်နည်းနှင့်မျှ တောင့် တ၍ မရအပ်သော။ ဌာနံ၊ အရာမည်ပါပေ၏။

ခယဓမ္မံ မာခိယီ တိ အလဗ္ဘနီယံ ဌာနံ။

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေးရှု ပြား အို–ချစ်သား,ချစ်သမီးများတို့။ ခယဓမ္မံ၊ လုံးစုံမကြွင်း ကုန်ခန်းတတ်ခြင်းသဘောတရားသည်။ မာခိယီ၊ မကုန် ခန်းပါစေလင့်။ဣတိ၊ဤသို့တောင့်တခြင်းသည်။အလဗ္ဘနီယံ၊ ဘယ်နည်းနှင့်မျှ တောင့်၍မရအပ်သော။ ဌာနံ၊ အရာမည် ပါပေ၏။

နဿနဓမ္မံ မာနဿိ တိ အလဗ္ဘနီယံ ဌာနံ။

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေးရှု
ပြား အို-ချစ်သား, ချစ်သမီးများတို့။ နဿနဓမ္မံ၊ လုံးစုံ
မကြွင်း ပျက်စီးတတ်ခြင်းသဘောတရားသည်။ မာနဿိ၊
မပျက်စီးပါစေလင့်။ ဣတိ၊ ဤသို့ တောင့်တခြင်းသည်။
အလဗ္ဘနီယံ၊ ဘယ်နည်းနှင့်မျှ တောင့်၍မရပ်အပ်သော။
ဌာနံ၊ အရာမည်ပါပေ၏။

ဤကဲ့သို့ပင်-ကျေးဇူးတော်ရှင် မြတ်စွာဘုရား မိန့်မှာ
ထားခြင်းကို နှလုံးသွင်းကာ ဆင်ခြင်မိပါမူ အဘယ်သူမှ
မိမိလိုလားတောင့်တသမျှ မရနိုင်ကြပါတကား၊ ဤကဲ့သို့
မရနိုင်ခြင်းကြောင့်သာ ငယ်ငယ် ကြီးကြီး အသီးသီးသော
သတ္တဝါဟူသမျှတို့သည် မုချကေန် သေကြရမည့်အမှန်ပင်
ဟု နှလုံးသွင်း ဆင်ခြင်ရန်မှာ-

မဟာ သမာ နဝါ ဝုဍ္ဎာ၊ တဒါဝုဓေဟိ တေ မတာ။
တထာ ဟမ္ပိ မရိဿာမိ၊ လောကံ ပုညံ မေ ကတံ။
[ပဋ္ဌာနပါဠိ အဋ္ဌကထာ။]

မဟာ၊ ငါနှင့်။ သမာ၊ သက်ရွယ်တူထ ဟူသမျှတို့
သည်လည်းကောင်း။ မဟာ၊ ငါ့အောက်။ နဝါ၊ သက်
ရွယ်နုနယ် ငယ်သောသူတို့သည်လည်းကောင်း။ မဟာ၊ ငါ့
ထက်။ ဝုဍ္ဎာ၊ လက်ရွယ်ရင့်ပြီး ကြီးသောသူတို့သည်
လည်းကောင်း။ တေ၊ ထိုလုံးဝဥဿုံ စွေစုံပေါင်းပြား
အစားစားသော သတ္တဝါအများတို့သည်။ တဒါဝုဓေဟိ၊
ထိုသို့ဖျားနာနှိပ်စက် သေမင်းလက်နက်တို့ဖြင့်။ မတာ၊
ငြင်းဆန်မရ သေကြရလှလေကုန်ပြီ။ တထာ၊ ထိုသူတို့

အလား မခြားတူစွာ။ အဟမ္ပိ၊ ငါသည်လည်း၊ မရိယာမိ၊ မုချမသွေ သေရပေအံ့။ မေ၊ ငါအား။ကတံ၊ မသေရာမှန် မြတ်နိဗ္ဗာန်ကို ရည်သန်မှန်းဆ ပြုလုပ်အားထုတ်၍ထား အပ်သော။ ပုညံ၀၊ ဒါန,သီလ သမထ,ဝိပဿနာ ကုသိုလ် မှုအဖြာဖြာသည်သာလျှင်။ လေဏံ၊ မှီခိုလည်းလျောင်း ပုန်းအောင်းရာစင်စစ် အမှန်ပင်ဖြစ်ပါတော့သည်တကား။

ဘာဝနာ ယောဂီ— မိမိနှင့် တန်းတူ ရပ်တူ ရွာတူ ကျောင်းနေဖက် ဟူဟူသမျှသည် ယခုအခါကာလ အကုန် အစုံရှိကြပါသေးရဲ့လား?၊မိမိအောက် ငယ်သူ မိမိ၏ သား, သမီး, မြေး, မြစ် ချစ်ဘွယ် သနားဘွယ် လူခမယ်ကလေး များရော ယခုအခါကာလ အကုန်အစုံရှိကြပါသေးရဲ့ လား?၊ မိမိထက်ကြီးသူ မိ, ဘ, ဆရာသမားများမှ အစ ထား၍ အစားစားသောပုဂ္ဂိုလ်တို့သည် ယခုခါသမယ တွေ့နိုင် မြင်နိုင်ကြပါသေးရဲ့လား?၊ သေမင်းယူဆောင် သွားသဖြင့် အစုံအလင် မတွေ့မြင်နိုင်တော့ပေ၊ အသင် ကောဘာမို့လဲ?၊ ထိုသူဘို့နဲ့ မလွဲမှန်စွာ သေရမည်အမှန် သာ။

ဘယ်အချိန် ဘယ်ကာလ သေရမည့်သဘာဝကို ခန္ဓာ အိမ်အဝဝမှ စားမျိုး ဝတ်မျိုးတွေစုံခါသပြီး တ—သ မျှော် ငေးအချိန်ရွေးကာ ဖေး,မ-စောင့်ရှောက်ကောက်ကောက် မယွင်း ရှင့်သေမင်း၏ထံရင်းသို့သာ လိုက်ပါကြရန် ဖြစ် ကြပါတကား။

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေ တေ ဇီဝလောကသ္မိံ၊အနိမိတ္တာ နနာယရေ။
[ဝိသုဒ္ဓိမဂ် အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ။]

ဇီဝိတံ၊ သေအံ့သောအသက်၏ အပိုင်းအခြားကိုရင်း။ ဗျာဓိ၊ သေအံ့သော အနာရောဂါဆိုးကိုရင်း။ ကာလော စ၊ သေရမည်သမယအချိန်အခါကာလကိုရင်း။ ဒေဟနိက္ခေပနံ၊ မိမိ၏အလောင်းကောင်ကို စွန့်ပစ်ရာဌာန သင်းချိုင်းဝကို ရင်း။ ဂတိ၊ သေသည်မှနောက် ဘော်တယောက်မပါ လားရာဂတိကိုရင်း။ ဧတေပဉ္စ၊ ဤငါးပါးသော အကြောင်းတရားတို့ကို။ ဇီဝလောကသ္မိံ၊ အသက်ရှင်ရာ ဤလူ၏ရွာ၌။ အနိမိတ္တာ၊ အပိုင်းအခြား အမှတ်အသားမရှိကုန်သည်ဖြစ်၍။ နနာယရေ၊ မသိအပ်မသိနိုင်ကုန်ရာပါတကား။

ဘာဝနာယောဂီ– (၁) ဘယ်၌ ဘယ်မျှ အသက်၏ ပမာဏကိုသိပါရဲ့လား၊ (၂) ဘယ်ရောဂါမျိုးနှင့် သေရမည်ကော သိပါရဲ့လား၊ (၃) ဘယ်အချိန်ကာလ သေရမည်သဘာဝကိုကော သိပါရဲ့လား၊ (၄) မိမိအလောင်းကောင်ပုပ် စွန့်ရာဌာန သင်းချိုင်းကိုကော သိပါရဲ့လား၊ (၅) အဘော်မပါ မိမိလားရာဂတိကိုကော သိပါရဲ့လား။ ဤသို့ငါးဝ ပမာဏကို မုချမသွေ မသိနိုင်ကြပေ၊ ထိုသို့ မသိနိုင်ခြင်းကြောင့် ကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက–

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညံ မရဏံ သုဝေ၊
နဟိနော သင်္ဂရန္တေန၊ မဟာသေနေန မစ္စုနာ။
[ဥပရိပဏ္ဏာသပါဠိတော် ဝိဘင်္ဂဝဂ် ဘဒ္ဒေကရတ္တသုတ်။]

အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ အာတပ္ပံ၊ ကုသိုလ်လုံ့လ ဟူသမျှကို။ ကိစ္စံ-ကာတဗ္ဗံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်၌။ မရဏံ၊ သေရအံ့သည်ကို။ ကော၊ အဘယ်သို့သော သူ

သည်။ ဇညံ၊ မုချပိုင်ပိုင် သိနိုင်ပါအံ့နည်း။ နော၊ ငါတို့အား။ မဟာသေနေန၊ များသော စစ်သည် ရှိသော။ တေနမစ္စုနာ၊ သေ့ကွင်းမဖြစ် ထိုသေမင်းညစ်နှင့်။ သက်ရိုး ဘယ်နှစ်,ဘယ်လ ဘယ်ရက်ပဟု မုချဆက်ဆက် သေရမည့်အချိန်းအချက်သည်။ နဟိ-နဝေ၊ မရှိသည်သာလျှင်တည်း။

ဘာဝနာယောဂီ–သေရမည့်နေ့ရက်ကား ဆက်ဆက်ပိုင်းခြား မသိထားနိုင်ကြပေ၊ ထို့ကြောင့် မိမိ၏အတွက် နေ့ရက်ဆွဲကာ ''သမထ,ဝိပဿနာ''ဘာဝနာကို ချိန်ခါဖြင့် နွဲ့ ရက်တွေ, လတွေ, နှစ်တွေကိုဆွဲပြီး အလွဲသုံးစား မပြုမှားဘဲ ကြိုးစား၍သာ လျင်မြန်စွာအားထုတ်ပါ၊ အဘယ်ကြောင့်ဆိုပါသော် သေရမည်ကား မလွဲသေချာအမှန်ပါ၊ ထို့ကြောင့် သေရမည်ဘေးကိုတွေးကာတွေးကာ အောက်မေ့ဆင်ခြင်ကြကုန်ရာ၏။

အစုဝံ မေ ဇီဝိတံ ဓုဝံ မေ မရဏံ၊
အဝဿံ မယာ မရိတဗ္ဗမေဝ။
မရဏပရိယောသာနံ မေ ဇီဝိတံ၊
ဇီဝိတမေဝ အနိယတံ မရဏံ နိယတံ။

[ဓမ္မပဒပါဠိတော် လောကဝဂ် ရက်ကန်းသည်သမီးဝတ္ထု။]

(၁) မေ၊ငါ၏။ဇီဝိတံ၊အသက်သည်။ အဓုဝံ၊ မမြဲပါတကား။

(၂) မေ၊ငါ၏။ မရဏံ၊သေရခြင်းသည်။ ဓုဝံ၊ မြဲပေ၏တကား။

(၃) မယာ၊ ငါသည်။ အဝဿံ၊မချွတ်ကေန် အမှန်မလွဲ။ မရိတဗ္ဗမေဝ၊သေရမည်သာလျှင်တည်း။

( ၄ ) မေါင်၏။ဇီဝိတ်၊အသက်သည်။မရဏာပရိယော သာန်၊ သေခြင်းလျှင်အဆုံးရှိပါတကား။

( ၅ ) ဇီဝိတမေဝ၊ အသက်သည်သာလျှင်။အနိယတံ၊ မမြဲဒါပါတကား။

( ၆ ) မရဏံ၊ သေရခြင်းကား။ နိယတံ၊မုချမသွေမြဲ ပါပေ၏တကား။

## မရဏာဿတိ ဘာဝနာ၏ အကျိုး

ဤကဲ့သို့ "မရဏာဿတိ" ဘာဝနာ ပွါးများရာသော အကျိုးကား-(၁) နေ့ရောည့်ပါ အခါခပ်သိမ်း ထိတ်လန့် သံဝေ စိတ်နေငြီးငွေ့ မမေ့လျော့ခြင်း၊ (၂) ဘုံသုံးပါး ဝယ် မမွေ့လျော်ဘွယ် ဟူသော အမှတ် သညာကိုရခြင်း၊ (၃) မိမိအသက်၌ တွယ်တာနှစ်သက်ခြင်းကို စွန့်ပယ်နိုင် ခြင်း၊ (၄) ဆိုးညစ်ယုတ်မာ မကောင်းမှု အဖြာဖြာကို ကဲ့ရဲ့လေ့ရှိခြင်း၊ (၅) ဥစ္စာသိုမှီး သိမ်းထားမှု နည်းပါး ခြင်း၊ (၆) ပရိက္ခရာတို့၌ ဝန်တိုမက်မောမနှမြောခြင်း၊ (၇) မမြဲဟူသော အနိစ္စသညာသည် အလိုလိုလေ့လာ ခြင်းသို့ရောက်ခြင်း၊ (၈) ဒုက္ခနှင့်အနတ္တသညာတို့လည်း အစဉ် လျှောက်ကာ ကပ်ရောက် ထင်မြင်လာခြင်း၊ (၉) မကြောက် မရွံ့ ရဲဝံ့စွာသာ မတွေမဝေ တည်ကြည်ငြိမ် သက်ကာသေလွန်ရခြင်း၊(၁၀) ဤဘဝတွင် နိဗ္ဗာန်ထွင်း ဖောက် မရရောက် သေးသည်ရှိသော် လူပြည် နတ်ရပ် မြတ်သောသုဂတိဘဝသို့ လားရခြင်း အကျိုးရှိကုန်၏။

[ဤကား မရဏာဿတိ ဘာဝနာတည်း။]

ဤကဲ့သို့ ပြဆိုခဲ့ပြီး အသီးသီးသော "သဗ္ဗတ္ထက" ကမ္မဋ္ဌာန်းတို့တွင် "ဗုဒ္ဓါနုဿတိ" ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများနှလုံးထားခြင်းဖြင့် ယုံကြည်မှု "သဒ္ဓါတရား" မထက်မြက်သေးသော ယောဂီများအတွက် တိုးပွါး ထက်မြက်၍ လာနိုင်ခြင်း, ယုံကြည်မှုသဒ္ဓါတရား ရှိပြီးသား ဖြစ်သော ယောဂီများအတွက်ကား ဆထက်တပိုး တိုးတက်၍လာစေခြင်းအကျိုး၊ "မေတ္တာဘာဝနာ" ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ နှလုံးထားခြင်းဖြင့် ရန်ရင်းကြမ်းတန်းလွန်ဟော့ရမ်းသော စိတ်သွမ်းစိတ်သော့တို့ကို ပျော့ရော့ နူးညံ့စေခြင်း အကျိုး၊ "မရဏာနုဿတိ" ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ နှလုံးထား ခြင်းဖြင့် သုံးဆယ့် တဌာန ဘုံလောကတွင် ပျော်မွေ့ဘွယ်ရာ ဘယ်မမြင်၍ သံသရာဝဋ်နှောင်တွင်းမှ လွတ်ထွက်လိုခြင်း အကျိုး၊ ဤသို့ စသားအမျိုးမျိုးသော အကျိုးတရားတို့ကို တိုးပွါးကာ ရည်မှန်း၍ ဤသဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို ကြိုးပမ်း တကုတ် ရှေးဦးစွာအားထုတ်ကြ ကုန်ရာသတည်း။

**မှတ်ချက်။** [အသုဘ ကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းပွါးများလိုကပွားများနိုင်ပေ၏။]

သဗ္ဗတ္ထက ကမ္မဋ္ဌာန်းပြီး၏။

## ပါရိဟာရိယ ကမ္မဋ္ဌာန်းကိုပြခြင်း

စတ္တာလီသာယ ပန ကမ္မဋ္ဌာနေသု ယံ ယဿ စရိယာနုကူလံ၊ တံ တဿ နိစ္စံ ပရိဟရိတဗ္ဗတ္တာ ဥပရိမဿစ ဥပရိမဿ ဘာဝနာကမ္မဿ ပဒဋ္ဌာနတ္တာ ပါရိဟာရိယကမ္မဋ္ဌာနန္တိ ဝုစ္စတိ။

[ဝိသုဒ္ဓိမဂ်။]

စတ္တာလီသာယ ပန ကမ္မဋ္ဌာနေသု၊ အများလေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။ ယံ၊ အကြင် ကမ္မဋ္ဌာန်းသည်။ ယဿ၊ အကြင်ယောဂီအား။ စရိယာနုကူလံ၊ စရိုက်အားလျော်၏။ တံ၊ ထိုကမ္မဋ္ဌာန်းကို။ တဿ၊ ထိုကမ္မဋ္ဌာနိကယောဂီ၏။ နိစ္စံ၊ အမြဲ။ ပရိဟရိတဗ္ဗတ္တာ၊ ဆောင်ရွက်အားထုတ် အပ်သည်၏ အဖြစ်ကြောင့်ရင်း။ ဥပရိမဿ ဥပရိမဿ၊ အထက်အထက်ဖြစ်သော။ ဘာဝနာကမ္မဿ၊ ဘာဝနာမှု၏။ ပဒဋ္ဌာနတ္တာစ၊ နီးသောအကြောင်း၏ အဖြစ်ကြောင့်ရင်း။ ပါရိဟာရိယကမ္မဋ္ဌာနန္တိ၊ ပါရိဟာရိယကမ္မဋ္ဌာန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကဲ့သို့ အများ လေးဆယ်သော ကမ္မဋ္ဌာန်း တို့တွင် "သဗ္ဗတ္ထက" ကမ္မဋ္ဌာန်း အစီအစဉ်ကို ပြပြီး၍ ယခုအခါ "ပါရိဟာရိယ" ဘာဝနာကို ပြသရန်ဖြစ်ပေရကား ယခုအခါသမယ ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျ, ပဒပရမ, ဟု လေးဝသော ပုဂ္ဂလတို့တွင် "မန်လည်ဆရာတော်, လယ်တီဆရာတော်များက "နေယျနှင့်ပဒပရမ" အညံ့စားပုဂ္ဂိုလ်မျှသာ ကြွင်းကျန်တော့သည်ဟုယူဆကာ ကြားနာကာမျှသိရုံမျှဖြင့် ကိစ္စမပြီးသေး၊ ကြားနာသိပြီး လုံ့လကြီးစွာအားထုတ်ပါမှ မိမိတို့ရလာပါကြ လူ့ဘဝသည် အဘိုးထိုက်တန် မဂ်, ဖိုလ်,နိဗ္ဗာန်နှင့် လျော်ကန် ကြပေလိမ့်မည်ဟု မိန့်တော်မူကြကုန်၏။

**မှန်ပါသည်**– တို့ရှင်ပင်ဗုဒ္ဓက မဇ္ဈိမ ပဏ္ဏာသတွင် မိန့်ဗျာဒိတ် တင်ခဲ့သည်မှာ–

အနာဂတေ ပန ဥပနိဿယော မန္ဒော ဘဝိဿတိ။

အနာဂတေပန၊ သာသနာတော် နှစ်ထောင်ကျော်ကာလ နောင်အခါသမယ၌ သော်ကား။ ဥပနိဿယော၊ မှီရာအမှန် ပညာ ဉာဏ်သည်။ မန္ဒော၊ နုံနဲ့သည်။ ဝါ၊ ညံ့ဖျင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

တတ္ထ သုတယုဂတော ပဉ္စာယ ပစ္ဆိမကာလေ။
[ဖုဿထေရ အပဒါန် အဋ္ဌကထာ။]

တတ္ထ၊ ထိုသာသနာတော်၌။ သုတယုဂတော၊ သုဒ္ဓိလေးဝ သီလမျှလည်း ကင်းကြကုန်ပြန် ကျမ်းဂန်ကိုသာ သင်ပါသမှု လေ့လာ ပြုကြသော သုတယုဂ် ကာလက။ ပဉ္စာယ၊ စ၍။ ပစ္ဆိမကာလေ၊ နောင်အခါကာလမည်၏။
[ပုဂ္ဂိုလ်အစားစား, ခေတ်အစားစားတို့ကို ပကိဏ္ဏကကထာမှာမှ ပြခဲ့ပအံ့။]

ဤကဲ့သို့ ရှင်တော်မြတ်ဘုရား၏ မနောဝိသယိတ် အလိုတော်ဗျာဒိတ်နှင့် လျော်စွာလည်းကောင်း, သာသနာတော်က နောက်ပိုင်း သတ္တဝါတွေ၏ အသိဉာဏ်တွေက ထိုင်းမှိုင်း ဖြာဖြာဝိတက် ရမ္မက်ဗျာပါ များပြား လှပါသောကြောင့်လည်းကောင်း "အာနာပါန"ကမ္မဋ္ဌာန်းကို မှီငြမ်းပြုကာ ဝိပဿနာဘာဝနာကို စဉ်မကွာ ကြိုးစားအားထုတ်သင့်ပေရာ၏၊ အဘယ်ကြောင့် ဆိုပါသော်—

အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိ-
တဿစ။
[လက်သန်း အဋ္ဌကထာ။]

အာနာပါနံ၊ အာနာပါနကမ္မဋ္ဌာန်းသည်။ မောဟစရိတဿစ၊ မောဟစရိုက် ထူပြောသော ပုဂ္ဂိုလ်အားရင်း။

ဝိတက္ကစရိတဿ၊ စိတ်မငြိမ်မသက် ဝိတက်စရိုက် ထူပြောသော ပုဂ္ဂိုလ်အားဖြင့်။ အနုရူပံ၊ လျော်ကန်ကောင်းမြတ် တင့်အပ်လှပေ၏။-ဟု လက်သန်းအဋ္ဌကထာ မိန့်မှာတော်မူသောကြောင့်ပေတည်း။

---

## ဧကောဓမ္မော

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီ-
ကတော မဟပ္ဖလော ဟောတိ မဟာနိသံသော။
ကတမော ဧကဓမ္မော၊ အာနာပါနဿတိ။
[မဟာဝဂ္ဂသံယုတ်ပါဠိတော် အာနာပါနသံယုတ် ဧကဓမ္မသုတ်၊]

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ဘေးကို မြော်တွေးရှုငြား အို-ချစ်သား, ချစ်သမီးများတို့၊ ဧကဓမ္မော၊ တခုတည်းသောတရားသည်။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ မဟပ္ဖလော၊ ကြီးမားသောအကျိုးရှိသည်။ မဟာနိသံသော၊ ကြီးမားသောအာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧကဓမ္မော၊ တခုဘည်းသော တရားဟူသည်။ ကတမော၊အဘယ်ပါနည်း ဟူမူကား။ အာနာပါနဿတိ၊ အာနာပါန ကမ္မဋ္ဌာန်းပါပေတည်း။

ဤကဲ့သို့ပင် ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "အရဟတ္တဖိုလ်"လျှင် အဆုံးရှိသော ကြီးမားမြင့်မြတ်လှစွာသော အကျိုးအာနိသံသနှင့် ပြည့်စုံသော တခုတည်းသော တရားဟူသည် "အာနာပါန" ကမ္မဋ္ဌာန်းပေတည်းဟု မိန့်ဗျာဒိတ်ကျူးရင့်တော်မူခဲ့ပေ၏။

ထိုမှတပါး ပွါးများအားထုတ်ရာတွင်လည်း ချမ်းသာလွယ်ကူ ငြိမ်သက်နူးညံ့လှပေသော တရား ဟူ၍လည်း "မဟာဝဂ္ဂ အာနာပါနသံယုတ် ကေမ္မဝဂ် သတ္တဟာရကသုတ်,ဘိက္ခုဝိဘင်းပါဠိတော်တတိယ ပါရာဇိကကဏ္ဍ" များ၌ "အာနာပါန" ၏အကြောင်းကို ဟောပြတော်မူသည်မှာ—

အို—ချစ်သား, ချစ်သမီးများတို့....နောက်ဆုံးနွေလ၌ ထသောမြူမှုန်တို့ကိုအခါမဲ့မိုးယံးရွာသွန်းဖြိုးကာ မြူမှုန်တို့ကို ပျောက်ငြိမ်းစေရာသကဲ့သို့ ဤဥပမာ အတူသာလျှင် "အာနာပါန"နှင့်ယှဉ်သော သမာဓိကိုပွါးစေအပ်သည်ရှိသော် ကြိမ်ဘန်များစွာ လေ့လာအပ်သည်ရှိသော် ငြိမ်လည်းငြိမ်သက်၏၊ မြတ်လည်းမြတ်၏၊ ပရိကံ, ဥပစာတို့နှင့် မရောနှောသည်လည်းဖြစ်၏၊ ချမ်းသာစွာလည်း နေရ၏၊ ဖြစ်ဖြစ်သမျှကုန်သော ယုတ်မာကုန်သောအကုသိုလ်တရားတို့ကို ထိုခဏ၌ ကွယ်ပျောက်စေ၏၊ငြိမ်းစေ၏ ဟုမိန့်တော်မူလေ၏။

ဤတွင်မျှမကသေး "အာနာပါန" အကျိုးကိုပြရပါလျှင် ဆိုးစမထင် ဘုရားသခင်တွေ အသချေ်အနန္တ ဂင်္ဂါသဲစုမက ပွင့်ထွန်းတော်မူကြရာ ဤ "အာနာပါန" ကမ္မဋ္ဌာန်းနှင့်ပင် သဗ္ဗညုတဉာဏ်တော်ရှင် အဖြစ်သို့ ရောက်တော်မူကြရကုန်၏၊ ဘုရားအဖြစ်သို့ ရောက်ကြကုန်ပြီးသော အခါ၌လည်း"အာနာပါနဿတိ"ကိုအသက်ထက်ဆုံး စွန့်တော်မမူကြကုန်၊ သမထအရာ၌လည်း ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည် အစဉ်စွဲမြဲပွါးများခြင်းငှါ အလွယ်ဆုံးဖြစ်ပေ၏၊ မြတ်စွာဘုရားသည်လည်း အခြားသော သမထ

ကမ္မဋ္ဌာန်းတို့ထက် ထွန်းမြတ်လွန်ကဲသော ဂုဏ်ပုဒ်တို့ဖြင့် များစွာချီးမွမ်းတော်မူ၏၊အဋ္ဌကထာဆရာမြတ်ကြီးတို့သည် လည်း''မဟာပုရိသဘူမိ''ဟု မိန့်တော်မူကြကုန်၏၊ လူသာမန်,ရှင်သာမန်တို့နှင့်မထိုက်မတန်၊လူပညာရှိ,ရှင်ပညာရှိတို့ နှင့်သာ ထိုက်တန်သော ကမ္မဋ္ဌာန်းဟူလိုသတည်း။

## ဘယ်လိုများကြားဘူးပါသလဲ?

ဘာဝနာယောဂီ—မိမိစိတ်ထဲ ဝေခွဲမရ သာသနာပ ဗာဟိရ က''သမထ'' ကမ္မဋ္ဌာန်းဘဲလို့များ ကြားဘူးနေပါသလား?၊ မြတ်စွာဘုံတွင်သာ ရောက်နိုင်ရာသော ကမ္မဋ္ဌာန်းဘဲလို့များ ကြားဘူးနေပါသလား?၊သို့တည်းမဟုတ် လူတို့ကျင့်ရတဲ့တရားမဟုတ် ဟု ''ဘိက္ခု'' ပုဒ်ကိုများ အထင်မှားနေသလား?၊ ကုရုတိုင်း ဇာနပ္ပဒနိဂုံရပြည် (ယခုဒေလီ) ကမ္မာသဒမ္မ နိဂုံးကို လူတို့နေရာ ရွာမဟုတ်ဘူးဟုများ အထင်မှားနေသလား?၊သောတာပန် ဥပါသကာ ဗိမ္ဗိသာ မင်းရာဇာက တက္ကသိုလ် ပက္ကုသာတိမင်းထံ''မွေလက်ဆောင်''ပို့သရာတွင် အသင့်လျော်ဆုံးဟုရွေးချယ်စီစစ်ကာ ဗုဒ္ဓမြတ်စွာ ထင်ရှားစွာရှိစဉ်ကပင် လေးစားသမှု အမြတ်တနိုးပြုကာပေးပို့ဘူးသည့် အခြင်းအရာကိုကော ကြားဘူးသည်မဟုတ်ပါလား?။

## နိဗ္ဗာန်ဆိပ်သာ ကမ္မဋ္ဌာန်းချည်းပါ

နိဗ္ဗာနဿ အာတိတ္ထံနာမ ကမ္မဋ္ဌာနံ နတ္ထိ။
[မြတ္တနိမန္တနသုတ် အဋ္ဌကထာ။]

နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အာဘိတ္ထံနာမ၊ သွားရောက်ရာ ဆိပ်မဟုတ်သည်မည်သော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။

နတ္ထိ၊ မုချမသွေ မရှိပေ။ ဓမ္မသင်္ဂဏီ ပါဠိ၌လာ အာကာသနှင့် အာလောကကသိုဏ်းနှစ်ပါးကြဉ်သော (၃၈) ပါးသော စရိက်အားလျော်သော ပါရိဟာရိယ ကမ္မဋ္ဌာန်း အားလုံးပင် နိဗ္ဗာန်သွားရာ ဆိပ်ကမ်းဟူ၍ သေသေချာချာ မှတ်ပါ။

ဘာဝနာယောဂီ— အချိန်တွေကို မကုန်လွန်စေပါနှင့် တော့၊မိမိကိုယ်တိုင် ဆရာကောင်းများထံအပ်နှံပြီးကာ ပွါး များအားထုတ်၍ ကြည့်ပါဦး၊မိမိကိုယ်တိုင် တွေ့ရှိသိသာတဲ့ အခါ ရှေ့သို့ဆက်ကာ ပွါးများဒါပေါ့၊မတွေ့မရှိ မသိသော အခါမှ စွန့်ပယ်လိုက စွန့်ပယ်ဒါပေါ့၊အားထုတ်ဖြစ်အောင် သာ အချိန်မှီအားထုတ်စမ်းပါ ယောဂီ။

---

## ဘိက္ခုဆိုသည်ကား

ပဋိပန္နကော ဟိ ဒေဝေါ ဝါ ဟောတု၊
မနုဿော ဝါ ဘိက္ခုတိသင်္ချံ ဂစ္ဆတိယေဝ။
[သုတ်မဟာဝါ အဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ်]

ဟိ-သစ္စံ၊ အကယ်မလွဲသဖြင့်။ ပဋိပန္နကော၊ ဘာဝနာကို ကျင့်ကြံကြိုးကုတ် အားထုတ်သောသူသည်။ ဒေဝေါဝါ၊ နတ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မနုဿောဝါ၊ လူသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဘိက္ခုတိသင်္ချံ၊ ဘိက္ခုဟူသော အရေအတွက်သို့။ ဂစ္ဆတိယေဝ၊ ရောက်တော့သည်သာလျှင်တည်း။

## သတိပဋ္ဌာန်နိဒါန်းကိုပြခြင်း

မဟာသတိပဋ္ဌာန သုတ္တမဂ်လာ လွန်မြတ်စွာကို အားထုတ်လေ့ကျက် သင်ဆောင်ရွက်မူ အဆက်ရှည်စွာ ကိန်းလျက်ပါသော ''ရာဂါဒေါသ'' စသည်ညစ်ကြေး ကိလေမြေးလည်း ဖြည်းဖြည်းကွာလွင့် ပညာရင့်၍ အသင့်စင်ကြယ်ဘိရာသည်၊ ''သောက,ပရိဒေဝ''လောင်မီးကျလည်းမမွရေချမ်းဆွတ်ခါဖျန်း၍ ငြိမ်းချမ်းအေးမြဘိရာသည်၊ ''ဒုက္ခဒေါမနဿ'' ရောဂါကပ်လည်း ဆေးမြတ်ပမာ ဒေသနာကြောင့် လွတ်ကွာပျောက်ချုပ် ငြိမ်းရာသည်၊ မြတ်ခေါင်ဘဝဂ် ''အရိယမဂ်ဉာဏ်''ဖိုလ်လေးတန်ကို အမြန်ရလွယ်ဘိရာသည်၊ ဌာနခေါင်ချုပ် လောကုတ္တရာ ''မြတ်နိဗ္ဗာန်'' ကိုလည်း ကေန်မျက်မှောက်သိရာသည်၊ ဤအကျိုးထူးခုနစ်ဦးကို ဆွတ်ခူးနိုင်ကြောင်း အကောင်းလွန်လှ မမွရတနာ ဒေသနာမြတ် မဏိရယ်ကို ကုရုရပ်သား လေးပါး ပရိသာ ရှေ့သေတ္တာ၌ ငါသိုမှီးတော် မူခဲ့သည်ဟု အရှည်မြင်မြော် ရှေ့ဉာဏ်ရော်၍ မြွက်ဘော် ဟောကြားတော်မူခဲ့ပေသတည်း။

---

## လောကီပုဗ္ဗဘာဂ-မဂ်အကျိုး ၇-ပါးကိုပြခြင်း

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ။

[သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာနသုတ်။]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေးရှု ငြား အို–ချစ်သား,ချစ်သမီးများတို့။ ကောယနော၊ နိဗ္ဗာန် သွားလမ်း တစ်ဂဏန်းဟု နှစ်ကြောင်းနှစ်မြွာ မကွဲလာ၍ ကောပထ အမည်ရသော။ ဝါ၊ ဘုရား,ပစ္စေကာ ရဟန္တာ အပေါင်း သူတော်ကောင်းတို့ ပုန်းအောင်းပျော်စံ တစ် နိဗ္ဗာန်သို့ ဝင်ရန်ခရီးဖြစ်သော။ အယံမဂ္ဂေါ၊ ဤလော ကုတ္တရာမဂ်၏ရှေ့အဘို့ဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါး မြတ်တရား သည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝါ၊ သတ္တဝါဟု ခေါ်ဝေါ် ကြသော ခန္ဓာငါးပါး,ဆန္ဒ-ရာဂ နှစ်ပါးတို့၏။(“ရူပါဒိသု ခန္ဓေသု ဆန္ဒရာဂေန သတ္တာတိ သတ္တာ” ဝိသုဒ္ဓိမဂ္ဂဝိဂ္ဂဟ။) ဝိသုဒ္ဓိယာ၊ ရာဂအစရှိသော အညစ်အကြေးတို့မှစင်ကြယ် ခြင်းငှါ။ သောကပရိဒေဝါနံ၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည် တမ်းခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ကာယိကဒုက္ခ,စေတသိက ဒုက္ခတို့ကို။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းစေခြင်းငှါ။ ဉာယဿ၊ မြင့်မြတ် ဖြူစင် ကိလေသာအညစ်အကြေးမှကင်းစင်သော အင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံသော လောကုတ္တရာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ နိဗ္ဗာနဿ၊ တဆယ့်တသီး မီးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဤသို့ဟောတော်မူရာ ဒေသနာ၏ သိရာသဘာဝ မိပ္ပါ ယကား ဤလောကီ ဘာဝနာ ရှေ့အဘို့ဖြစ်သော တကြောင်း တည်းသောခရီးဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါး ကျင့်ဝတ် တရားတည်းဟူသော အကြောင်းဖြစ်သော“သီလ,သမာဓိ, ပညာ” ဘာဝနာ ဝိဝဋ္ဋဂုဏ်တို့ကြောင့် အကျိုးဖြစ်သော

“ဝိပဿနာနာမကန္ဒာ, မဂ္ဂနာမကန္ဒာ, ဖလနာမကန္ဒာ” ဟုဆိုအပ်သော ဝိသုဒ္ဓိတရား ခုနစ်ပါးတို့ကို ရနိုင်ခြင်း, သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿစသော တဆယ့်တပါးသော မီးတို့၏ကုန်ဆုံးရခြင်း, သောတာပတ္တိမဂ်စသော လောကုတ္တရာ မဂ်တရားတို့ကို ရနိုင်ခြင်း, နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းတည်းဟူသော ဤအကျိုးတရားတို့ကို ကေန်မုချရနိုင်မည်ဟူ၍ ဟောတော်မူ၏။

ဤသို့ပြအပ်သော ဒေသနာပါဠ်ဝယ် “ကောယနော အယံဘိက္ခဝေမဂ္ဂေါ”ဟူသောပါဠ်ဖြင့် လောကီမဂ္ဂင်တရား ရှစ်ပါးကိုပြ၏၊ “သတ္တာနံ ဝိသုဒ္ဓိယာ ။ပ။ အတ္ထင်္ဂမာယ” ဟူသောပါဠ်တို့ဖြင့် လောကီပုဗ္ဗဘာဂ မဂ္ဂင်ရှစ်ပါး,လောကုတ္တရာ မဂ္ဂင်ရှစ်ပါးတို့ကို ပြတော်မူ၏၊ “ဉာယဿအဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ” ဟူသော ပါဠ်တို့ဖြင့် လောကုတ္တရာ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ပြတော်မူသည်။

ဤသို့ပြဆိုခဲ့ပြီး အသီးသီးသော “လောကိယ မိဿက လောကုတ္တရာ” တည်းဟူသော မဂ္ဂင်ရှစ်ပါး တရားအပေါင်းတို့တွင် လောကီဖြစ်သော ပုဗ္ဗဘာဂဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးမြတ်တရားကို ကြိုးစားအားထုတ်ပြုလုပ်ဆည်းပူးကြသော သူတော်ကောင်းအပေါင်းတို့အား ယခုဘဝ၌ဖြစ်စေ,ဒုတိယစသော ဘဝတို့၌ဖြစ်စေ၊ ကေန်မုချ လောကုတ္တရာ မဂ္ဂင်ရှစ်ပါး မြတ်တရားကို စင်စစ်ကေန် အမှန်မလွဲရကြရတော့မည်သာတည်း။

## လောကီမဂ်မှ လောကုတ္တရာမဂ်သို့

အယဉ္စ ပုဗ္ဗဘာဂေ လောကိယော သတိပဋ္ဌာန-
မဂ္ဂေါ ဘာဝိတော လောကုတ္တရဿ မဂ္ဂဿ
အဓိဂမာယ သံဝတ္တတိ။
[မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ။]

ဟိ-သစ္စံ၊ မှန်လှပါပေ၏။ပုဗ္ဗဘာဂေ၊ လောကုတ္တရာမဂ်၏ ရှေ့အဘို့၌။ ဘာဝိတော၊ ပွါးစေအပ်သော။ လောကိယော၊လောကီဖြစ်သော။အယံ သတိပဋ္ဌာနမဂ္ဂေါ၊ ဤသတိပဋ္ဌာန်တည်းဟူသော မဂ်ခရီးသည်။ လောကုတ္တရဿ မဂ္ဂဿ၊ လောကုတ္တရာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

---

## ဒေသနက္ကမ, ပဋိပတ္တိက္ကမတို့ကိုပြခြင်း

ပုဗ္ဗဘာဂဖြစ်သော မဂ္ဂင်ရှစ်ပါးဟူသော်ကား—

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာ-
ကမ္မန္တ, သမ္မာအာဇီဝ,သမ္မာဝါယာမ, သမ္မာသတိ,
သမ္မာသမာဓိ။
[ထိုထို ပါဠိတော်။]

ဤသို့လျှင် ကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်''မဂ္ဂင်ရှစ်ပါး''မြတ်တရားကို ဟောပြရာတွင် ဒေသနာအစဉ် ''ဒေသနက္ကမ'' ဟောစဉ်အားဖြင့်သာ ကုသိုလ်တရားတို့တွင် အကြီးအမှူးဖြစ်သော ''သမ္မာဒိဋ္ဌိ'' မဂ္ဂင်ကို အဦးထား၍ ဟောကြားတော်မူသည်၊ ကျင့်ဘို့ မဟုတ်သေး၊ကျင့်ရန်အတွက် ''ပဋိပတ္တိက္ကမ''ကျင့်စဉ်မှာ—

သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ,သမ္မာ ဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ။ [ပဋိပတ္တိက္ကမ]။
[မူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ်။]

ဤသို့အားဖြင့် ရှစ်ပါးသောမဂ္ဂင်တရားတို့တွင် "သမ္မာ ဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟု ဆိုအပ်သော "သီလမဂ္ဂင်"သုံးပါးတို့ကို လုံခြုံစွာစောင့်စည်း၍ "သမ္မာ ဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ" တည်းဟူသော "သမာဓိမဂ္ဂင်"တရားသုံးပါးကို ရင့်ကျက် အားရှိအောင် ကြံဆောင်ကြိုးကုတ် အားထုတ်ပြီးကာ"သမ္မာဒိဋ္ဌိ, သမ္မာ သင်္ကပ္ပ"တည်းဟူသော "ပညာမဂ္ဂင်" နှစ်ပါးကို နေ့ညဉ့် မယုတ် ကြိုးစား၍ပွါးများအားထုတ်ကြကုန်ရာ၏။

သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာနိသံသော၊ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ၊ ပညာပရိ-ဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။
[မဟာပရိနိဗ္ဗာနသုတ်။]

သီလပရိဘာဝိတော၊ သီလခြံရံ အပ်သော။ သမာဓိ၊ သမာဓိသည်။ မဟပ္ဖလော၊ အကျိုးရင်းကြီးသည်။ မဟာ နိသံသော၊ အကျိုးဖျားကြီးသည်။ ဟောတိ။ ဖြစ်၏။ သမာဓိပရိဘာဝိတာ၊ သမာဓိခြံရံအပ်သော။ ပညာ၊ ပညာသည်။ မဟပ္ဖလာ၊ အကျိုးရင်းကြီးသည်။ မဟာနိ သံသာ၊ အကျိုးဖျားကြီးသည်။ ဟောတိ၊ဖြစ်၏။ ပညာ ပရိဘာဝိတံ၊ ပညာခြံရံအပ်သော။ စိတ္တံ၊စိတ်သည်။ သမ္မ

ဒဒဝ၊ အကြွင်းမရှိ ကောင်းစွာသာလျှင်။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ ဝိမုစ္စတိ၊ လွတ်၏။

---

## တရားအားထုတ်ရန်ဌာနညွှန်ပြတော်မူခြင်း

ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခ-
မူလဂတော ဝါ သုညာဂါရဂတော ဝါ။
[မဟာသတိပဋ္ဌာနသုတ်။]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေး ထောက်ရှု အကြောင်းပြု၍ ဘိက္ခုမည်တွင် သူတော်စင်တို့။ (ဤကား"သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု" ဟူသော ဝိဂ္ဂဟကိုင့်။) ဣဓ၊ ဤငါဘုရားသခင်၏ သာသနာတော်မြတ်၌။ ဘိက္ခု၊ သမထ,ဝိပဿနာ အစုံပါသည့် "အာနာပါန" ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်လိုငြား ယောဂီသူတော်စင်အများသည်။ "အရညဂတော ဝါ"၊ အရိပ်အာဝါသ ချမ်းမြေ့လှစွာ ကျန်းခံ့သာရေး မြော်ထောက်တွေး၍ အရေးတယူဟောတော်မူသည့် အရညမည်သီး တောအရပ်သို့ ကပ်၍လည်းကောင်း။ "ရုက္ခမူလဂတော ဝါ"၊ သစ်ပင်ရင်း ခိုကပ်ချဉ်းက သန့်ရှင်းတိုက်လေ ရှုရှိက်ပေရာ ကျန်းခံ့သာရေး မြော်ထောက်တွေး၍ အရေးတယူ ဟောတော်မူသည့် ရုက္ခမူလမည်သီး သစ်ပင်ရင်းသို့ကပ်၍လည်းကောင်း။ "သုညာဂါရဂတော ဝါ"၊ ဆိတ်ငြိမ်ရာဌာန ယာပိုထ်မျက ကိလေသရန် မဝင်ရန်ရေး မြော်ထောက်တွေး၍ အရေးတယူ ဟောတော်မူသည့် သုညာဂါရမည်သီး ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍လည်းကောင်း။

ကျေးဇူးတော်ရှင် ဘုရားသခင်သည် ဤကဲ့သို့သော "ပဌာန"လုပ်ရာစခန်းသာအရပ်မျိုးကို ပဋိပတ္တိသာသနာတော်ဝယ် စိတ်ဝယ်ကိုယ်ရောက် ပွါးများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်၏ (၁) "တောအရပ်"သို့ ကပ်ကာ ဘာဝနာအလုပ် အားထုတ်ပါလျှင် အရိပ်၏ချမ်းမြေ့ခြင်း, လေတို့၏ သန့်ရှင်းစင်ကြယ်ခြင်း, တောတို့၏ နိမိတ်သည် စိတ်ကို ကြည်စေခြင်း, တောတိရစ္ဆာန်တို့၏ မာဂဓသံကြောင့် သဘာဝဉာဏ်ပေါ်စေခြင်း, ရွာသံတို့မှ ဆိတ်ငြိမ်ခြင်း, ကိုယ်စိတ်နှစ်ဖြာ ကျန်းခံ့သာစေခြင်း အကျိုးငါးပါးရှိ၍ (၂)"သစ်ပင်ရင်း"သို့ ချဉ်းကပ်ကာ ဘာဝနာအလုပ်ကို အားထုတ်ပါလျှင်လည်း အထက်ကဘော်ပြခဲ့သည့် အတိုင်း အရိပ်,လေတို့၏ အတွေ့ကြောင့် ချမ်းမြေ့သာယာ ကျန်းခံ့သာစေခြင်းအကျိုးငါးပါးရှိ၍၊ (၃) "ဆိတ်ငြိမ်ရာ" အရပ်သို့ ကပ်ကာ ဘာဝနာအလုပ်ကို အားထုတ်ပါလျှင်လည်း စက္ခု,သောတ, ဃာန,ဇိဝှါ, ကိုယ်ကာယာဟု ငါးခုဒွါရာ ကိလေသာတို့ ဝင်လာမချဉ်းသန့်စင်ရှင်း၍ မြူကင်းအာကာ ကဲ့ပမာသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းခံ့သာစေခြင်းအကျိုးငါးပါးရှိ၍ ခွင့်ပြုတော်မူသည်။

မှန်ပါသည်– အထက်ဘော်ပြပါ အင်္ဂါ သုံးပါးတို့တွင် တပါးပါးနှင့် ညီညွတ်လျှင်ပင် စိတ်၏ ကြည်လင်ခြင်းနှင့် ပြည့်စုံ၏၊ စိတ်ကြည်လင်က သမာဓိဖြစ်တော့၏၊ သမာဓိရှိသော် ဝိပဿနာပညာ ထင်လာတော့၏၊ ဝိပဿနာထင်လာပါက မဂ်,ဖိုလ်,နိဗ္ဗာန် ရရောက်နိုင်လေတော့၏။

### ဥတုသုံးဖြာ သင့်လျော်ရာ

၁။ "တော"ကား ချမ်းမြေ့သာယာသော အရိပ်,လေ တို့ကိုဆောင်ပေတတ်သောကြောင့် "နွေဥတု" နှင့် သင့်လျော်လျောက်ပတ် ကောင်းမြတ်လှပေ၏။

၂။ "သစ်ပင်ရင်း"ကား ဆီးနှင်းတို့ကို တားပေတတ် သောကြောင့် "ဆောင်းဥတု" နှင့် သင့်လျော် လျောက်ပတ် ကောင်းမြတ်လှပေ၏။

၃။ "ဆိတ်ငြိမ်ရာဌာန"ကား နေ,မိုယ်းတို့ကို တားပေ တတ်သောကြောင့် "မိုဃ်းဥတု" နှင့် သင့်လျော် လျောက်ပတ် ကောင်းမြတ်လှပေ၏။

### ဓာတ်မင်းသုံးဖြာ သင့်တင့်ရာ

၁။ "တော"ကား ဝေးစွာဆွမ်းခံရသောကြောင့် သ လိပ်ငြိမ်းပေရကား"သလိပ်" ပြောသော ပုဂ္ဂိုလ် နှင့် သင့်လျော်လျောက်ပတ်ကောင်းမြတ်လှပေ၏။

၂။ "သစ်ပင်ရင်း"ကား လေချမ်းထိသည်ဖြစ်၍ သည်း ခြေငြိမ်လေရကား"သည်းခြေ"ပြောသောပုဂ္ဂိုလ် နှင့် သင့်လျော်လျောက်ပတ် ကောင်းမြတ်လှပေ၏။

၃။ "ဆိတ်ငြိမ်ရာဌာန" ကား လေကို တားပေတတ် သောကြောင့် "လေ"ပြောသော ပုဂ္ဂိုလ်နှင့် သင့် လျော်လျောက်ပတ် ကောင်းမြတ်လှပေ၏။

### စရိုက်သုံးဖြာ ညှိနှိုင်းရာ

၁။ "တော"ကား အထူးသဖြင့် သတိ,ပညာ မကင်း လေရကား"မောဟ"စရိုက်ပြောသောပုဂ္ဂိုလ်နှင့် သင့်လျော်လျောက်ပတ် ကောင်းမြတ်လှပေ၏။

၂။ "သစ်ပင်ရင်း" ကား ကြည်ညိုဘွယ် ဖြစ်သော ကြောင့် "ဒေါ်သ"စရိုက်ပြောသော ပုဂ္ဂိုလ်နှင့် သင့်လျော် လျောက်ပတ် ကောင်းမြတ်လှပေ၏။

၃။ "ဆိတ်ငြိမ်ရာဌာန"ကား ဝိသဘာဂ အာရုံ ဝင် ရောက်မှုကို တားမြစ်တတ်သောကြောင့် "ရာဂ" စရိုက်ပြောသော ပုဂ္ဂိုလ်နှင့် သင့်လျော် လျောက် ပတ် ကောင်းမြတ်လှပေ၏။

[သာရတ္ထ ဋီကာ။]

### တော, တောင်စခန်း လွန်အေးချမ်း

ရမဏီယာနိ အရညာနိ၊ ယတ္ထ နရမတီ ဇနော။
ဝီတရာဂါ ရမိဿန္တိ၊ န တေ ကာမဂဝေသိနော။

[ဓမ္မပဒပါဠိတော် အရဟန္တဝဂ် မထင်ရှားသော မိန်းမဝတ္ထု။]

အရညာနိ၊ လေချိုကဖျန်း လွန်အေးချမ်း၍ ရှင်လန်း ဘွယ်တောင်း တော, တောင်, ဂူချောင်အပေါင်းတို့သည်။ ရမဏီယာနိ၊ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း သွယ်သွယ် မွေ့လျော်ဘွယ်ရာ ရှိလှပါကုန်၏ တကား။ ယတ္ထ၊ မွေ့ လျော်ဘွယ်ကောင်း အကြင်သို့သော တော, တောင်, ဂူ ချောင် အပေါင်းတို့၌။ ဇနော၊ ကာမဂုဏ်ငါးထွေ ရှာဖွေ စုဆောင်း လူအပေါင်းသည်။ န ရမတိ၊ ခံစားရန် အချက် ကင်းသည့်တွက်ကြောင့် သက်သက် မပျော် မမွေ့လျော် နိုင်ပေတကား။ ဝီတရာဂါ၊ ကာမဂုဏ်ငါးစင်း တပ်နှစ် သက်ခြင်း ကင်းတော်မူကြပေကုန်သော ရဟန္တာတို့ သည်။ ရမိဿန္တိ၊ ဘာဝနာပွါးပျော် ဝိဝေက ဂုဏ်ကို မြော်၍ မွေ့လျော် တော်မူကြပေကုန်လတ့်။ ကသ္မာ၊

အဘယ်ကြောင့်နည်း ဟူမူကား။ တေ၊ ကိလေသာစင်ထို ရဟန္တာအရှင်မြတ်တို့သည်။ ကာမဂဝေသိနော၊ ကိလေသာပွါးထုံ ငါးကာမဂုဏ်ကို ရှာဒိုး ကြကုန်သည်။ နဟောန္တိ၊ မုချမသွေ မဟုတ်ကြပါပေကုန်တကား။

## ဆိတ်ငြိမ်ရာဌာန ချဉ်းကပ်ကြ

နတာဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တမာလိနီ။
ပဋိဇဂ္ဂိတု မေဝေသာ၊ ရတ္တိ ဟောတိ ဝိဇာနတံ။
[ထေရာအပဒါန်ပါဠိတော် သောဏကောဠိဝိသူကြီး ဝတ္ထု။]

နက္ခတ္တမာလိနီ၊ နက္ခတ်ပန်း အစဉ်တို့ဖြင့် အဆန်းတကြယ် ကြည်လင်တောက်ပ လှပေသော။ ရတ္တိ၊ နေခြည်ကွယ်ပျောက် ကြယ်ရောင်တောက်လာ ညဉ့်အခါသည်။ သုပိတုံ၊ အလကားသက်သက် မောဟဖက်လျက် အိပ်စက်ဘို့ အလို့ငှါ။ န တာဝ ဟောတိ၊ ဟိုရှေးယခင် ကမ္ဘာအစက ယခုသို့ကျအောင် ဖြစ်ပေါ်လာရသည် မဟုတ်ပါချေ။ နက္ခတ္တမာလိနီ၊ နက္ခတ်ပန်း အစဉ်တို့ဖြင့် အဆန်းတကြယ် ကြည်လင်တောက်ပ လှပေသော။ ဧသာရတ္တိ၊ သားငှက်တိရစ္ဆာန် လူသံဆိတ်ငြိမ် အချိန်အေးမြ ဤညဉ့်ကာလသည်။ ဝိဇာနတံ၊သဒ္ဓါ,ပညာ မြစ္စာလုံ့လ ဥဿာဟနှင့် ပြည့်စုံ ကြကုန်သော သူတော်ကောင်း တို့အား။ ပဋိဇဂ္ဂိတုမေဝ၊ နိုးနိုး ကြား ကြား သမထ, ဝိပဿနာ ဘာဝနာ အလုပ် အားထုတ်စရာ အလို့ငှါ သာလျှင်။ ဟောတိ၊အမှန်မသွေ ကေန်မုချ မင်္ဂဖိုလ်ရဘို့ ပစ္စက္ခအခါ ဖြစ်ပေါ်၍သာ ပေါ်ပေါက်၍သာ လာရပါပေသည် တကား။

ဤဂါထာကား– ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော် မြတ်ကြီးသည် သောဏ စစ်သူကြီး ဖြစ်ဘူးသော ရဟန်းကို တရားအားထုတ်ရန် အကောင်းဆုံး ကာလ ညွှန်ပြတော်မူလိုရင်း ဓမ္မဂီတိ ဖြစ်ပေ၏၊ ထို့ကြောင့် မြို့ထဲ ရွာထဲမှာဖြစ်စေ လူခြေတိတ်ကစ၍ လူများထကြသည် တိုင်အောင်''ည ၁၂-နာရီမှနံနက် ၄-နာရီ'' အတွင်းသည် အကောင်းဆုံး သမယ ဆိတ်ငြိမ်ရာ ကာလ ဖြစ်ပေသတည်း။

---

## ဣရိယာပထကို ညွှန်ပြတော်မူခြင်း

နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ။

[မဟာသတိပဋ္ဌာနသုတ်။]

ပလ္လင်္ကံ၊ ထက်ဝယ်ပလ္လင်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေပြီး၍။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ကာယံ၊ ဥပရိကာယ ခေါ်ဆိုရသည့် ခါး၏အထက် ကိုယ်တဝက်ကို။ ပဏိဓာယ၊ ထား၍။ နိသီဒတိ၊ မလှုပ်မရှား ငြိမ်စွာထား၍ ဖွဲ့ထားကောင်းစွာ ထိုင်နေရာ၏။

ဤကဲ့သို့ ဟောတော်မူရာ ထိုင်ခြင်း ပလ္လင် တို့သည်လည်း (၁)ဗောဓိပလ္လင်၊(၂)မဟာပလ္လင်၊(၃)အခုပလ္လင် ဟူ၍ သုံးမျိုးသုံးစားရှိကုန်၏။

**ထင်ရှားစေအံ့**– (၁) ''ဗောဓိပလ္လင်'' ဆိုသည် ကား မြတ်စွာဘုရား ရုပ်ပွါး ဆင်းတုတော်များ ခွေပုံကဲ့သို့ ခြေနှစ်ခုကို လိမ်၍ ဖွဲ့ခွေခြင်းကို ဗောဓိပလ္လင်ဟု ခေါ်၏၊

(၂) "မဟာပလ္လင်" ဆိုသည်ကား ဘုန်းတော်ကြီးများ, ယောဂီများများခွေပုံကဲ့သို့ ဘယ်ခြေကအောက်က ညာခြေကအပေါ်ကတင်၍ ခွေခြင်းကို မဟာပလ္လင်ဟုခေါ်၏၊(၃) "အဓုပလ္လင်" ဆိုသည်ကား (အဓုသဒ္ဒါ ထက်ဝက်ဟော) မိန်းမများ ခွေပုံကဲ့သို့ တဘက်သို့ခွေ၍ တဘက်ကို ဒူးတုပ်ကာ ခွေခြင်းကို အဓုပလ္လင်ဟု ခေါ်၏။

အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုနိယာ အဓုပလ္လင်္ကန္တိ။
[စူဠဝါပါဠိတော် ပါတိမောက္ခထပနက္ခန္ဓက။]

ဘိက္ခဝေ၊ သံသရာကို ဘေးဟုရှုကြသော အို–ချစ်သား,ချစ်သမီးများတို့။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမအား။ အဓုပလ္လင်္က၊ ထက်ဝက်ခွေခြင်း အဓုပလ္လင်ကို။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ဣတိ၊ဤသို့ ပညတ်တော်မူ၏။

ထို့ကြောင့်– သုံးစားသောပလ္လင်တို့တွင် ရဟန်း,သာမဏေနှင့် ယောကျ်ားယောဂီများက "မဟာခွေပလ္လင်"ဖြင့်ထိုင်၊ မိန်းမယောဂီမှာ "အဓုခွေပလ္လင်" ဖြင့် ထိုင်ပြီးကာ ဘယ်လက်ကိုဖြန့်၍ မိမိပေါင်ပေါ်မှာ ပက်လက်လှန်ခင်း၊ ညာလက်က ဘယ်လက်ပေါ်မှာ ပက်လက်ဖြန့်ကာထပ်၍တင်၊ လက်မထိပ်ချင်းထိ၍ထား၊ခါးကိုခပ်စန့်စန့် ဇက်ကို မမော့မငုံ့ ကောင်းစွာထားပါ။

ဤကား– ကျန်းမာရေးအတွက် ညွှန်ပြချက် ဖြစ်ပေသည်၊အကယ်၍ ခါးကုန်းထားအံ့၊ ခန္ဓာကိုယ် အတွင်းတွင် အလွန်အသုံးဝင်သော အခိုးလေဓာတ်များ ကောင်းစွာ မသွားလာနိုင်ခြင်းကြောင့် ကျောအောင့်ခြင်း, ရင်အောင့်ခြင်းစသည်ဖြင့် ကြာရှည်လေးမြင့် ငြိမ်သက်စွာ မထိုင်နိုင်ပေရာ။

တတ္ထ ယသ္မာ အခေါဝိတပါဒဿ အဝိက္ခာလိတ-မုခဿ စ နိသဇ္ဇာသုခံ ဥတုသပ္ပါယလာဘော စ န ဟောတိ၊ ပါဒေ ပန ခေါဝိတွာ မုခဉ္စ ဝိက္ခာလေတွာ ဧကမန္တေ နိသိန္နဿ တဒုဘယံ လဘတိ။

[ပဉ္စကနိပါတ် တိံသမတ္ထာထေရီဂါထာဝဏ္ဏနာ။]

တတ္ထ၊ ထိုသို့ ပဓာနအလုပ်အားထုတ်ရာ၌။ ယသ္မာ၊ အကြင့်ကြောင့်။ အခေါဝိတပါဒဿစ၊ ခြေမဆေးသောသူ အားဇင်း။ အဝိက္ခာလိတမုခဿစ၊ လုပ်မကျင်းသော သူ အားဇင်း။ နိသဇ္ဇာသုခဉ္စ၊ ချမ်းသာစွာထိုင်နိုင်ခြင်းသည်ဇင်း။ ဥတုသပ္ပါယလာဘောစ၊ ဥတုမျှတခြင်းကိုရခြင်းသည်ဇင်း။ နဟောတိ၊မဖြစ်နိုင်။တသ္မာ၊ ထို့ကြောင့်။ ပါဒေပန၊ ခြေတို့ ကိုကား။ခေါဝိတွာ၊ဆေး၍။ မုခဉ္စ၊ ခံတွင်းကိုလည်း။ ဝိက္ခာ လေတွာ၊ သုတ်သင်ရှင်းလင်း ပလုပ်ကျင်း၍။ ဧကမန္တေ၊တ နေရာတည်း၌။ နိသိန္နဿ၊ ထိုင်သောယောဂီအား။ တဒုဘ ယံ၊ ထိုနှစ်ပါးစုံကို။ လဘတိ၊ မုချမသွေ ရနိုင်ပေ၏။

ထို့ကြောင့် ခြေတို့ကိုဆေးခြင်း, ခံတွင်း-သွားတို့ကို စင်ကြယ်စွာတိုက်ဆေးခြင်း အမှုတို့ကို ရှေးဦးစွာပြုပြီးကာ ငြိမ်သက်စွာထိုင်၍ ပွါးများရာ၏။

မငြိမ်သက်မှု၍ ဣရိယာပုထ်ကို ခဏခဏ လှုပ်ရှား ပြောင်းရွှေ့ရသော သူများမှာ သမာဓိတရား မကြီးထွား မှု၍ မိမိပွါးများသော ကမ္မဋ္ဌာန်းဘာဝနာသည် အသစ်အ သစ်သာ ဖြစ်ရှာရပေတော့၏၊ သမာဓိအစေးမကူး ဟူလို၊ ထို့ကြောင့်—

ဇာရိယာပထံ ဝိကောပေတွာ ဂစ္ဆတော ကမ္မဋ္ဌာနံ နဝ နဝ မေဝ ဟောတိ။

[ဝိသုဒ္ဓိမဂ်။]

ဇာရိယာပထံ၊ ဇာရိယာပုထ်ကို။ ဝိကောပေတွာ၊ ပျက်စေ၍။ ဂစ္ဆတော၊ သွားသော ဘာဝနာယောဂီ၏။ ကမ္မဋ္ဌာနံ၊ ရှုမှတ်ပွါးများ အားထုတ်အပ်သော ကမ္မဋ္ဌာန်း တရားသည်။ နဝနဝမေဝ၊ အသစ်အသစ်သာလျှင်။ ဟောတိ၊ မှုချမသွေ ဖြစ်ပေါ်ရပေ၏။

ထို့ကြောင့်–ကိုယ်အင်္ဂါနှင့် ခြေလက်အင်္ဂါများကို မယိမ်းမယိုင်မလှုပ်မရှားစေမူ၍ ငြိမ်သက်စွာ ထားရပေမည်။

## ဒွါရငါးပါး ပိတ်ဆို့ထား

ဤကဲ့သို့ ခြေလက်စသောကိုယ်အင်္ဂါတို့ကို ငြိမ်သက်စွာ ထား၍ စက္ခုစသော ငါးပါးသောဒွါရတို့ကို တစုံတရာသော ဝတ္ထုဖြင့် ပိတ်ဆို့ထားရန်မဟုတ်၊ သို့ပင်မဟုတ်ငြားသော်လည်း မျက်စိပေါက်ကိုတော့ မျက်လွှာဖြင့်ဖုံးပိတ်ကာ မှိတ်၍ထားပါ၊ အဘယ်ကြောင့် ဆိုပါသော် အခြားတပါးသောအာရုံနှင့်တွေ့သောအခါ "လောဘ"ဖြစ်စရာ အာရုံနှင့်တွေ့က လောဘတဏှာဖြစ်မည်၊ "ဒေါသ" ဖြစ်စရာ အာရုံနှင့်တွေ့ကဒေါသဖြစ်မည်၊ "မောဟ"ဖြစ်စရာ အာရုံနှင့်တွေ့က မောဟဖြစ်မည်၊ ဤလောဘ,ဒေါသ, မောဟ တို့ဆိုသည်ကား သတ္တဝါတို့၏ စိတ်အစဉ်ကို ပူလောင်စေတတ်သောကြောင့် "ကိလေသာ"တရား,ညစ်နွမ်းစေတတ်သောကြောင့်"နီဝရဏ" တရားမည်ပေ၏။

ထိုကိလေသာ နီဝရဏတို့ မဝင်လာနိုင်အောင် ခွါ ရှောင်ကာ ပစ်မှုကိုပင် "**ကိလေသေ သမေတီတိ သမထော**" ဟု ဝိဂြိုဟ်ပြုပေ၏။ ။ယော ဓမ္မော၊ အကြင် တရားသည်။ ကိလေသေ၊ ကာမစ္ဆန္ဒ နီဝရဏစသော ကိလေသာ တို့ကို။ သမေတိ၊ ငြိမ်းအေးစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ **သော** ဓမ္မော၊ ထိုတရားသည်။ သမထော၊ သမထမည်၏။ ဟူသောဝိဂြိုဟ်အရ ကာမစ္ဆန္ဒနီဝရဏစသော ကိလေသာ တရားဆိုးများကို ငြိမ်ဝပ်ပိပြား ငြိမ်းအေးစေခြင်း၄ါ အား ထုတ်မှုကိုပင်"**သမထ**"ဟု ခေါ်တွင်ရပေသည့် တကြောင်း။

**သည်တွင်သာမကသေးပေ၊** ပဋ္ဌဒွါရအာရုံဖြစ်ခိုက်၌ မဂ်ဇော,ဖိုလ်ဇောများ မကျရောက်နိုင်၊ မနောဒွါရအာရုံမှ သာ မဂ်ဇော, ဖိုလ်ဇောများ ကျနိုင်ရာသောကြောင့် တ ကြောင်း၊ "**ပဝတ္တိ**"နည်းမှာသာ ဝိပဿနာဖြစ်နိုင်ပါသော် လည်း "**ဓမ္မတာ**"နည်းမှာ ရှုမှတ်ရမှုများပြီး သမာဓိမ ကြီးထွားဘဲ ဘာဝနာအစဉ် ကြန့်ကြာနှောင့်နှေးခြင်း စ သည်တို့ကြောင့်ရင်း၊ ပိဋကတ်သုံးပုံ နှုတ်ဝယ် ငုံကာ ဆောင်ထားပါသော "**ပေါဋ္ဌိလ**" မထေရ်ကြီးအား သာမ ဏောယ်နည်းပြရာ ဒေသနာနယမှာလည်း-

ဇဝံ တုမှေ ဆဒွါရိကေသု အာရမ္မဏေသု သေသာ- နိ ပဋ္ဌဒွါရာနိ ပိဓာယ မနောဒွါရေ ကမ္မံ ပဋ္ဌပေထ။

[ဓမ္မပဒအဋ္ဌကထာ။]

ဇဝံ၊ ဤသို့ဖွတ်ကိုဖမ်းသော ယောကျာ်းအတူ။ တုမှေ၊ နိဗ္ဗာန်လိုလား သင်သူတော်ကောင်းအများတို့သည်။ ဆဒွါ ရိကေသု၊ ခြောက်ပါးသောဒွါရ၌ဖြစ်ကုန်သော။ အာရမ္မ

ဈောသု၊ အာရုံတို့တွင်း သေသာနိ၊ မနောဒွါရမှကြွင်းကုန်သော။ ပဉ္စဒွါရာနိ၊ ငါးပါးသော ဒွါရတို့ကို။ ပိဓာယ၊ပိတ်ထားပြီး၍။ ဝါ၊စိတ်မရောက်စေမူ၍ ပိတ်ထားပြီး၍။မနောဒွါရေ၊ မနောဒွါရ၌။ ကမ္မံ၊ကမ္မဋ္ဌာန်း စီးဖြန်းခြင်းအမှုကို။ ပဋ္ဌပေထ၊ ဖြစ်စေကြပါကုန်လော့။

ဤအဋ္ဌကထာဝယ် အဓိပ္ပါယ်သော်ကား အပေါက်ခြောက်ခုရှိသော တောင်ပို့ကြီးအတွင်း ချင်းနင်းဝင်ရောက်၍နေသော ဖွတ်ကို ဖမ်းလိုသောသူသည် ငါးခုသော ကယ်ပေါက်ငယ်တို့ကို ဆို့ပိတ်ထားကာ တခုသော တွင်းမ-ပေါက်မှစောင့်၍ ဖမ်းလေရာ မလွတ်တမ်း မိနိုင်ဒါလို ထို့အတူပမာ မျက်စိ, နား, နှာ, လျှာ, ကိုယ်,စိတ်ဟု ဆိုသော ခြောက်ခုသော အပေါက်ရှိသော တောင်ပို့ကြီး အသွင် ခန္ဓာကိုယ်အတွင်းတွင် ချင်းနင်းခိုဝင် ဖွတ်နှင့်တူသော စိတ်အစဉ်ကို ယူငင်ဖမ်းဆီးလိုသော "ယောဂီ" ပုဂ္ဂိုလ်သည် မျက်စိ,နား,နှာ,လျှာ, ကာယဟုဆိုအပ်သော ငါးဝသောဒွါရတို့ကို စိတ်မရောက်စေမူ၍ ပိတ်ထားပြီးကာ "မနောဒွါရ" ခေါ် စိတ်ပေါက်ဖြင့်သာ ဘာဝနာကို အခါခါ အထပ်ထပ် ပွါးများအားထုတ်အပ်ကုန်ရာသတည်း။

---

## အရာခပ်သိမ်း များတိုင်းမကောင်းပါ

"မျက်စိတဖက်မှိတ်၍ မြှားဖြောင့်ခြင်း၏ အကြောင်းကို ဇနကမင်းကြီးကမေးရာ မြှားသမားက "အရှင်ရဟန်း...." အဖော်များတိုင်း အရာခပ်သိမ်းမှာ ကောင်းသည်မဟုတ်၊

ပါ၊ ဤမြွားဖြောင့်ခြင်းမည်သည်လည်း မျက်စိနှစ်ဘက်ဖြင့် ကြည့်၍ ဖြောင့်ချေလျှင် ''စိတ်များခြင်းကြောင့်'' အာရုံပြားသည်ဖြစ်၍ မြွား၏အသိမ်အမွှေဖြစ်သော အမို့, အရမ်း, အဝှမ်း,အလိမ်,အပိန်,အထောင့်, အဖြောင့်, အကောက်ကို မမြင်ဘဲ တပြင်တည်းသာထင်သဖြင့် အလွန်ဖြောင့်နိုင်ခဲ၏၊ မျက်စိတဘက်တည်းဖြင့် ကြည့်၍ဖြောင့်ရပါမူကား ''စိတ်တခုတည်း'' ဖြစ်ခြင်းကြောင့် သမာဓိကိုရသဖြင့် အသိမ်အမွှေဖြစ်သောမြွား၏အဖြောင့်, အထောင့်,အလိမ်, အပိန်,အမို့ကို ပျက်ပျက်ထင်ထင်မြင်သည်ဖြစ်၍ ပြင်လွယ်ဖြောင့်လွယ် ဖြစ်သတည်း။

''အရှင်ရဟန်း....'' ဤမြွားဖြောင့်ခြင်းမှာသာမဟုတ်၊ အလုံးစုံ အဖြောင့်ပြုအပ်သည်ဟူသမျှ အမှုမှာပင် နှစ်ကိုယ်နှစ်စိတ် နှစ်ပညာဖြင့်သာပြုချေက အနှောင့်အရှက် အငြင်းအခုန်များသည်ဖြစ်၍သမာဓိကို မရခြင်းကြောင့် အလွန်ဖြောင့်မှန်ရာသို့ကျခဲ၏၊ မိမိသတိ, ပညာကို ရင့်စေပြီး၍ တကိုယ်တစိတ် တပညာတည်းဖြင့် ပြုရမူကား အာရုံ၌ သမာဓိကိုရခြင်းကြောင့် အလွန်ဖြောင့်မှန်ရာသို့ ကျလွယ်၏။
[ဇနကဇာတ်မှ။]

စကားချပ်။ [ဤသာဓကကို ထောက်ကာ''ဝိပဿနာမှာ ဆော့မှ''ဟု ယူဆကြခြင်းကို ဆင်ခြင်သင့်၏။]

---

## ဇာရိယာလေးဝ ပဓာနကိုပြခြင်း

''လျောင်း,ထိုင်,ရပ်,သွား'' ဟု ဆိုအပ်သော ဇာရိယာပုထ်လေးပါးရှိပါငြားလျက် ဘယ်အတွက်တာ ထိုင်ခြင်း

ဣရိယာပုထ်ကိုသာ "ပဓာန" ပြုကာ ဟောတော်မူပါသနည်းဟူမူကား—"လျောင်း"သော ဣရိယာပုထ်သည် ပျင်းရိခြင်းဟုဆိုအပ်သော"ကောသဇ္ဇ"၏ အဘို့ဖြစ်ခဲ့ပေသောကြောင့်ရှင်း၊ "သွားခြင်း,ရပ်ခြင်း" ဟု ဆိုအပ်သော ဣရိယာပုထ်နှစ်ပါးတို့သည် စိတ်၏ပျံ့လွင့်ခြင်း ဟု ဆိုအပ်သော "ဥဒ္ဓစ္စ" ၏အဘို့ဖြစ်ခဲ့ပေသောကြောင့်ရှင်း၊ "ထိုင်ခြင်း" ဣရိယာပုထ်ကား စိတ်၏ တွန့်တိုပျံ့လွင့်ခြင်းမရှိ ငြိမ်သက်လှသည်ဖြစ်ပေသောကြောင့် "ပဓာန" ထားကာ ဟောကြားတော်မူပေ၏။

ထိုသို့ပင်ထိုင်ခြင်း ဣရိယာပုထ်သာ "ပဓာန" ပြုပါသော်လည်း မိမိတို့နှင့်သင့်လျော်လျောက်ပတ် "သပ္ပါယ" အဖြစ်ဆုံး ဣရိယာပုထ်ဖြင့် များများအားထုတ်ကာ တပါးသော ဣရိယာပုထ်များကို ရံခါရံခါလှည့်လည်၍ အားထုတ်ကြကုန်ရာ၏။

[ဥယျောဇနကဏ္ဍမှာ ပြခဲ့ပြီ။]

**စင်္ကြံသွားပုံ**—စင်္ကြံသွားသောအခါ ကိုယ်ကိုမတ်စွာထား ပြီး လက်ကိုနံဘေးသို့ ဖြောင့်တန်းစွာကပ်ထားကာ၊ သို့မဟုတ် နောက်သို့ပိုက်၍ ခြေများကို ဘေးသို့မကားစေဘဲ ရှေ့သို့တည့်တည့်ထားကာ လှမ်းတိုင်း လှမ်းတိုင်း အမှတ်သညာဖြင့် ရှုမှတ်ကာ သွားကြကုန်ရာ၏။

[စင်္ကြံသွားခြင်း၏အကျိုးများ ဥပဿနာကဏ္ဍ၌ တွေ့ရလတံ့။]

**လျောင်းပုံ**— လျောင်းသောအခါ ညာဘက်နံတောင်း လျောင်းပြီးကာ ညာခြေနှင့်ဘယ်ခြေထပ်၍ ညာခြေကိုဆန့်ထားကာ ဘယ်ခြေကို အနည်းငယ်ဆုတ်လျက် ဘယ်လက်

ကို တင်ပါးပေါ်မှာတင်၍ ညာလက်ကိုခေါက်ကာ ညာဘက် နားရွက်နားသို့ ပက်လက်လှန်ကာ ကပ်ထားလျက် ဘာဝနာအမှတ်သညာကို ရှုမှတ်ကာ လျောင်းရာ၏။

**အိပ်ပျော်အောင်**— အိပ်သောအခါမှာလည်း ဘယ်အချိန်ကာလ ထမည်ဟူသောနှလုံးသွင်းဖြင့် အိပ်ခြင်းကို ပြုကြရာ၏။

[ဤကဲ့သို့အိပ်ခြင်း၏အကျိုး,အပြစ်တို့ကို ဝိနည်းမဟာဝါပါဠိတော်ကထိနက္ခန္ဓကမှာ ရှုတော်မူကြပါကုန်။]

**ထင်ရှားစွာချဲ့ဦးအံ့**—ဘယ်ဘက်စောင်းကာ အိပ်ခြင်း၏အပြစ်မှာကား ဘယ်ဘက်နှာခေါင်းပေါက်မှ လေတိုးများ၍ "ရာဂစိတ်"များထကြွကာ ကာမဝိတက် အဖြာဖြာတို့ဝင်လာသဖြင့် ဘာဝနာလမ်း မဖြောင့်တန်းနိုင်ပေသောကြောင့်ငင်း၊ ညာဘက်သို့စောင်းကာအိပ်ခြင်း၏ အကျိုးမှာကား ညာဘက်နှာခေါင်းပေါက်မှ လေတိုးများ၍ ရာဂစိတ်များငြိမ်းပြီးကာ "ပညာတရားများ" တိုးပွား၍လာတတ်ပေသောကြောင့်ငင်း တည်း။

[ဟိန္ဒူယောဂီကျမ်းမှ။]

ထို့ကြောင့်—ကျမ်းဂန်၌ (၁) "ပေတသေယျာ"-သူသေအိပ်ပုံကဲ့သို့ ပက်လက်အိပ်ခြင်း၊ (၂) "ကာမသေယျာ" ကာမဂုဏ်ခံစားသူတို့အိပ်ပုံကဲ့သို့ဘယ်ဘက်စောင်း၍အိပ်ခြင်း၊(၃) "သီဟသေယျာ" ခြင်္သေ့မင်းများအိပ်ခြင်းကဲ့သို့ ညာဘက်နံတောင်း စောင်းလျက်အိပ်ခြင်း၊ (၄) "တထာဂတသေယျာ"- မြတ်စွာဘုရား၏ ညာဘက်နံတောင်း စောင်းကာ သတိ,ပညာမကင်းမူ၍အိပ်ခြင်း၊ ဤလေးမျိုး

သော အိပ်ခြင်းတို့တွင် ''ယောဂီ'' များမှာ သီဟသေယျ ခေါ် ညာဘက်နံတောင်းစောင်းကာ အိပ်ခြင်းအမှုကို ပြုကြ ကုန်ရာ၏။

---

## သတိထားရန်ဌာန ညွှန်ပြတော်မူခြင်း

ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။
[မဟာသတိပဋ္ဌာနသုတ်။]

ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌ-ပေတွာ၊ တည်ထား၍။ နိသီဒတိ၊ အာရုံတပါး စိတ်မသွား အောင် ဖွဲ့ထားကောင်းစွာ ထိုင်နေရာ၏။

ဤပါဠိတော်လာ ''အဓိပ္ပါယ်''သော်ကား- ပလ္လင်သုံး စား တို့တွင် တပါးပါးဖြင့် ထိုင်နေရမည် ဆိုသော်လည်း မေ့တီး မေ့လျော့ ထိုင်နေရမည်မဟုတ်ပေ၊စင်စစ်မှာကား- မိမိအားထုတ်လိုငြား ကမ္မဋ္ဌာန်းတရားသို့ ရှေးရှုပြီးကာ ထိုင်နေရမည်ဟု ဆိုလိုပေသည်။

သို့အတွက်ကြောင့် ယခုပြမည့် ကမ္မဋ္ဌာန်းကား ပါဠိလို ''အာနာပါန''၊ တနည်း-''အဿာသပဿာသ''ခေါ် ဗမာ လို ''ဝင်လေထွက်လေ'' ဖြစ်ပေရကား ဝင်လေထွက်လေ ဖြစ်ရာ ထင်ရှားရာဌာန နှာခေါင်းဝဝယ် အပေါက်နှစ်ခု ၏ အလယ်ကြား အတားကလေး၏ရှေ့ အထက်နှုတ်ခမ်း ပြား မြောင်းကလေး၏ အရင်းနား မိမိလက်တသစ်ခန့် ပမာဏ နှာသီးဝတွင် သတိကို ခိုင်မြဲစွာ စောင့်ထိန်း၍ စိုက်ထားရာ၏။

မှန်ပါသည်–

ဧဝံ ဘိက္ခုနော ကရဇကာယဋ္ဌ နာသပုဋဋ္ဌ စိတ္တဋ္ဌ ပဋိစ္စ အဿာသ ပဿာသ ကာယော အပရာပရံ သဥ္စရတိ။ ။

[မူလပဏ္ဏာသ အဋ္ဌကထာ သတိပဋ္ဌာနသုတ်။]

ဧဝံ၊ ဤသို့။ ဘိက္ခုနော၊ ဘာဝနာယောဂီ၏။ ကရဇကာယဋ္ဌ၊ ကရဇကာယကိုင်း။ နာသပုဋဋ္ဌ၊ နှာခေါင်းဖုကိုင်း။ စိတ္တဋ္ဌ၊ ဝင်လေထွက်လေ ဖြစ်ခြင်းငှါထိုက်သော ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုင်း။ ပဋိစ္စ၊ စွဲမှီ၍။ အဿာသ ပဿာသ ကာယော၊ ဝင်လေထွက်လေဟုဆိုအပ်သော ဝါယောဖောဋ္ဌဗ္ဗ ကာယသည်။ အပရာပရံ၊ အပြန်ပြန် အလှန်လှန် အဖန်ဖန် အထပ်ထပ်။ သဥ္စရတိ၊ မရပ်မနေ မပြတ်ဖြစ်ပေါ်၍နေပေ၏။

ဤသို့ လာရှိပေသောကြောင့် အာနာပါန ဘာဝနာ အလုပ် အားထုတ်လိုသော ဘာဝနာယောဂီသည် နှာသီးဝတွင် သတိထားကာ ရှုမှတ်ပွါးများ ကြကုန်ရာသတည်း။

## တံခါးစောင့်ပမာ ပြကျင့်ပါ

မြို့တံခါးစောင့် (ဒွါရဝန်) သည် မြို့တွင်းမြို့ပြင် မည်မျှ ပင်များပြား လူဦးရေပေါများသော်လည်း မစူးစမ်းမဆင်ခြင်ရ၊ တံခါးစောင့်၏ တာဝန်မျှမဟုတ် တမဟုတ် ခဏ တံခါးဝသို့ ရောက်လာကြသော လူများကိုသာ စုံစမ်းစစ်ဆေးရာသကဲ့သို့ ထို့တူပမာ ဘာဝနာယောဂီသည် မိမိ၏ နှာသီးဝ လက်တသစ်ခန့် ပမာဏမှတပါး ရှေ့နောက် ဝဲယာ ပတ်ဝန်းကျင် ရပ်မျက်နှာတို့သို့ မစုံစမ်းမဆင်ခြင်

မူ၍ တည်တံ့စွာ စိုက်ထားပြီးကာ ပုကလဲ နွေးကလဲ အေးကလဲ ထိထိပြီးကာ ဝင်ခိုက်ထွက်ခိုက်သော လေတို့ကိုသာ မသိမူ၍ မဝင်မထွက်စေရဟု ဂရုပြုကာ စိုက်ထားရာ၏။ ထို့ကြောင့်—

ဖုဋ္ဌ ဖုဋ္ဌောကာသေ ပန သတိံ ဌပေတွာ
ဘာဝေန္တဿေဝ ဘာဝနာ သမ္ပဇ္ဇတိ။
[ဝိသုဒ္ဓိမဂ်။]

ဖုဋ္ဌ ဖုဋ္ဌောကာသေ၊ လေတိုးထိရာ လေတိုးထိရာ အရပ်၌။ သတိံ၊ သတိကို။ ဌပေတွာ၊ စိုက်ထား၍။ ဘာဝေန္တဿေဝ၊ ပွားများသော ယောဂီ အားသာလျှင်။ ဘာဝနာ၊ အာဒိကမ္မိက ဘာဝနာသည်။ သမ္ပဇ္ဇတိ၊ ပြီးပြည့်စုံ၏။

---

## ပရိမုခ သတိ

ပရိမုခံ သတိံ ဥပဋ္ဌပေတွာ တိ ကမ္မဋ္ဌာနာဘိမုခံ သတိံ ဌပယိတွာ၊ မုခသမီပေ ကတွာ တိ အတ္ထော။
[သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဈာနဝိဘင်။]

ပရိမုခံ သတိံ ဥပဋ္ဌပေတွာ တိ၊ ဟူသည်ကား။ ကမ္မဋ္ဌာနာဘိမုခံ၊ ကမ္မဋ္ဌာန်းသို့ ရှေးရှု။ သတိံ၊ သတိကို။ ဌပယိတွာ၊ ထား၍။ မုခသမီပေ၊ နှုတ်ခမ်း၏ အနီး၌။ ကတွာ၊ ပြု၍။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

တေနေဝ ဝုတ္တံ-အယံ သတိ ဥပဋ္ဌိတာ ဟောတိ သုပတိဋ္ဌိတာ နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ တိ။
[ဋီကာ။]

အယံ သတိ၊ ဤ သတိသည်။ နာသိကဂ္ဂေဝါ၊ နှာသီးဖျားသို့သော်ငှင်း။ မုခနိမိတ္တေဝါ၊ အထက်နှုတ်ခမ်း၏ အနီး၌ သော်ငှင်း။ ဥပဋ္ဌိတာ၊ ထင်သည်။ ဟောတိ၊ ဖြစ်၏။ သုပတိဋ္ဌိတာ၊ ကောင်းစွာတည်သည်။ ဟောတိ၊ ဖြစ်၏။ တေနေဝ၊ ထို့ကြောင့် သာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။

မုခ နိမိတ္တန္တိ စေတ္ထ ဥတ္တရောဋ္ဌဿ ဝေမဇ္ဈ-ပဒေသော ဒဋ္ဌဗ္ဗော၊ ယတ္ထ နာသိကဝါတော ပဋိဟညတိ။

[ဋီကာ။]

စ၊ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤပါဠိ၌။ မုခနိမိတ္တန္တိ၊ မုခနိမိတ် ဟူသည်ကား။ ဥတ္တရောဋ္ဌဿ၊ အထက်နှုတ်ခမ်း၏။ ဝေမဇ္ဈပဒေသော၊ အလယ်ဖြစ်သော အရပ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ယတ္ထ၊ အကြင်အရပ်၌။ နာသိကဝါ-တော၊ နှာခေါင်းလေသည်။ ပဋိဟညတိ၊ ထိခိုက်၏။ တံဌာနံ၊ ထိုအရပ်ကို။ (ထည့်)။ မုခနိမိတ္တန္တိ၊ မုခနိမိတ် ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

[ဤအတူ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ သြပမ္မဝဂ်ဝဂ် စူဠဟတ္ထိ ပဒေါပမသုတ်၌လည်း ရှိ၏-ပညာရှင်များဘို့။]

ပဉ္စမဒုက
## ပဉ္စမနည်းကိုပြခြင်း

သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။

[မဟာသတိပဋ္ဌာနသုတ်။]

သော၊ ထိုသို့ ဆိုအပ်ခဲ့သည့်အတိုင်း ဇူဠန္တြေရရ အချိုး ကျကျ ထိုင်ပြီးသော ယောဂီ ပုဂ္ဂိုလ်သည်။ သတော၀၊ အမှတ်သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ၀င်သက်လေကို ဖြစ်စေ၏။ သတော၀၊ အမှတ်သတိနှင့် ပြည့်စုံသည် ဖြစ်၍သာလျှင်။ ပဿသတိ၊ ထွက်သက်လေကို ဖြစ်စေ၏။

ဤသို့ ဟောတော်မူသည့် အတိုင်း "ဘာ၀နာယောဂီ" သည် နှာသီး၀၀ယ် သတိစိုက်ကာ ရှုမှတ်ရာ၏၊ ဤသို့ရှုရာ အဘယ်သို့ ဖြစ်ပါသနည်းဟူမူကား ၀င်လေ ထွက်လေ တို့သည် ဆေးလိပ်မီးခိုးကိုရှူ၍ ပါးစပ် ပိတ်ထားရာ နှာခေါင်း၀မှ "မီးခိုးများ" ၀င်ထွက်လာသကဲ့သို့ ရှတ်ရက် ရှတ်ရက် ဆို့ပိတ် ဆို့ပိတ်နှင့် နှာသီး၀သို့ ပူကလဲ ခွေး ကလဲ အေးကလဲနှင့် "ထိထိ" ပြီးသွားသည်ကိုရှုမှတ်ရမည်၊ "အာရုံအာရမ္မဏိက" ဟု ဆိုအပ်သော ၀င်လေ ထွက် လေနှင့် မှတ်စိတ်တို့ မကိုက်ညီခင် အချိန်ကာလ အား ထုတ်စအခါမှာ ၀င်လေ ထွက်လေတို့ ထိထိပြီးကာ ၀င် ထွက်ပြီးနောက်မှ မှတ်စိတ်က မှတ်ရတတ်သည်၊ "အာရုံ အာရမ္မဏိက" ကိုက်ညီလာသောအခါ လေတိုးထိသည်နှင့် မှတ်စိတ် မှတ်မိသည်မှာ ပစ္စုပ္ပန်ကာလ တွဲတွဲကျကာ ရှုမှတ်၍ ကောင်းလာပေတော့၏၊ ထိုသို့စိုက်ကာ ၀င်လေ ထိ၍ ၀င်ခိုက် "၀င်လေ" ဟုရှုမှတ်ပါ၊ ထွက်လေထိ၍ ထွက်ခိုက်"ထွက်လေ"ဟုရှုမှတ်ပါ။

## နွားရိုင်းပမာ ဆုံးမရာ

ယထာထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမ္မံ နရော ဣဓ။
ဗန္ဓေယျေဝံ သကံစိတ္တံ၊ သတိယာ ရမ္မဏေ ဒဠှံ၊
[သတိပဋ္ဌာနသုတ် အဋ္ဌကထာ။]

နရော၊ နွားရှင် ယောကျ်ားသည်။ ဒမ္မံ၊ ဆုံးမအပ်သော။ ဝစ္ဆံ၊ နွားငယ်ကို။ ထမ္ဘေ၊ သည်တိုင်၌။ နိဗန္ဓေယျယထာ၊ ချည်၍ထားသကဲ့သို့။ ဧဝံတထာ၊ စံထားနည်းယူ ဤအတူ။ ဣဓဒေသနေ၊ ဤတောရိပ်သစ်ပင် ဆိတ်ငြိမ်ရာဥမင်လိုဏ်ခေါင်း တောကျောင်း ဌာန၌။ ယောဂေါ၊ ယောဂီပုဂ္ဂိုလ်သည်။ သကံစိတ္တံ၊ မိမိ၏စိတ်ဆိုး စိတ်မိုက်ကို။ သတိယာ၊ သတိတည်းဟူသော လွန်ကြိုးဖြင့်။ အာရမ္မဏေ၊ ဝင်လေထွက်လေ အာရုံတည်းဟူသော သည်တိုင်၌။ ဒဠှံ၊ မြဲမြံစွာ။ ဗန္ဓေယျ၊ ချည်ထားပြီးကာ ဆုံးမရာ၏။

---

## စိတ်ကိုနိုင်က ချမ်းသာရ

သုဒုဒ္ဒသံသုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။
[ဓမ္မပဒပါဠိတော် စိတ္တဝဂ် သံဃရက္ခိတထေရဝတ္ထု။]

သုဒုဒ္ဒသံ၊ အလွန် မြင်နိုင်ခဲစွာထသော။ သုနိပုဏံ၊ အလွန်သိမ်မွေ့စွာထသော။ ယတ္ထကာမနိပါတိနံ၊ မျိုးနွယ်နိမ့်မြင့် သင့်မသင့်ကို မချင့်မတွက်တတ် အမှတ်မရှိသောကာမဂုဏ် အာရုံ၌ကျရောက်လေ့ရှိထသော။ စိတ္တံ၊ မြင်နိုင်ခဲစွာ သိမ်မွေ့ရှာသဖြင့် ယုတ်မာညစ်ညမ်းသော စိတ်ကို။ မေဓာဝီ၊ ကြောင်းကျိုးမြော်မြင် ပညာရှင်သည်။ ရက္ခေထ၊

အဖန်တလဲလဲ အမြဲမပြတ် စောင့်ကြပ် ထိန်းသိမ်းရာ၏။ ဂုတ္တံ၊ စောင့်ရှောက် လုံခြုံပြီးသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊လူ, နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာ မြိုက်ရသာကို ကောင်းစွာပိုင်ပိုင် ရွက်ဆောင်နိုင်လေသတည်း။

---

## ဥပ္ပတ္တိက္ကမနှင့် ပဝတ္တိက္ကမ

အာနာပါနေ ပဝတ္တာ သတိ အာနာပါနဿတိ။

အာနာပါနေ၊ ဝင်လေထွက်လေ၌။ ပဝတ္တာ၊ အာရုံပြုသောအားဖြင့်ဖြစ်သော။ သတိ၊ သတိသည်။ အာနာပါနဿတိ၊အာနာပါနဿတိမည်၏။

ဟူသော "ဝစနတ္ထ" နှင့်အညီ အာနာပါနသည်လည်း စ၍ဖြစ်ပုံအစဉ်ဟု ဆိုအပ်သော "ဥပ္ပတ္တိက္ကမ"၊ပဝတ္တိအခါ ပြုပြင်၍ဖြစ်သော အစဉ်ဟုဆိုအပ်သော"ပဝတ္တိက္ကမ"ဟူ၍ နှစ်မျိုးနှစ်စားနှစ်ပါးရှိပေ၏၊ ထိုနှစ်ပါးတို့တွင်"ဥပ္ပတ္တိက္ကမ" စ၍ဖြစ်စဉ်မှာ—

အဿာသောတိ ဗဟိနိက္ခမနဝါတော၊ ပဿာ-
သောတိ အန္တောပဝိသနဝါတော။

[ပါရာဇိကဏ် အဋ္ဌကထာ။]

အဿာသောတိ၊ အဿာသဟူသည်ကား။ ဗဟိနိက္ခမနဝါတော၊ ပြင်ပသို့ ထွက်သောလေတည်း။ ဝါ၊ ထွက်သက်လေ။ ပဿာသောတိ၊ ပဿာသ ဟူသည်ကား။ အန္တောပဝိသနဝါတော၊ ဝမ်းတွင်းသို့ဝင်လေတည်း။ ဝါ၊ ဝင်သက်လေ။

၍ "ဝိနည်း အဋ္ဌကထာ" အလိုမှာ ပဌမ စ၍ဖြစ်စဉ် "ဥပ္ပတ္တိက္ကမ" အတိုင်းဆိုပေ၏၊ ထင်ရှားစေအံ့– ပဋိသန္ဓေ ယူနေရသော သတ္တဝါတို့သည် အမိဝမ်း၌နေစဉ် အသက် မရှူမရှိုက်ကြရသဖြင့် ဖွားမြင်သည်နှင့် တပြိုင်နက် ဝမ်း တွင်းမှလေတို့သည် ရှေးဦးစွာ ပြင်ပသို့ထွက်ကြ၍ နောက် မှ ပြင်ပကလေတို့သည် မြူမှုန်နှင့်တကွဝမ်းတွင်းသို့ ဝင်လာ ကြသောအခါ ချေခြင်း ဆတ်ခြင်းများဖြစ်ကြရကုန်၏၊ ထို့ ကြောင့် ထွက်သက် "ရှိုက်လေ"က ပဌမဖြစ်၍ ဝင်သက် "ရှူလေ"ကနောက်မှဖြစ်ကြရ၏။

ပဝတ္တိက္ကမ ပြုပြင်၍ဖြစ်စဉ်မှာ

အဿာသောတိ အန္တောပဝိသနနာသိကဝါတော၊
ပဿာသောတိ ဗဟိနိက္ခမနနာသိကဝါတော။
[မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ သြပမ္မဝဂ်
မဟာဟတ္ထိပဒောပမသုတ်။]

အဿာသောတိ၊ အဿာသဟူသည်ကား။ အန္တော ပဝိသန နာသိကဝါတော၊ ဝမ်းတွင်းသို့ဝင်သော နှာခေါင်း လေတည်း။ ဝါ၊ ဝင်သက်လေ။ ပဿာသောတိ၊ ပဿာသ ဟူသည်ကား။ ဗဟိနိက္ခမန နာသိကဝါတော၊ ပြင်ပသို့ ထွက်သောနှာခေါင်းလေတည်း။ ဝါ၊ ထွက်သက်လေ။

၍ "သုတ္တန်အဋ္ဌကထာ"အလိုမှာ ကမ္မဋ္ဌာန်းအားထုတ် မှုကို အစွဲပြု၍ ပဝတ္တိအခါပြုပြင်၍ဖြစ်စဉ် "ပဝတ္တိက္ကမ"အ တိုင်းသာ ဝင်လေကို "အာန၊"ထွက်လေကို "အပါန"ဟု ဆို၏၊ ထို့ကြောင့် "အာနာပါန" ကမ္မဋ္ဌာန်းကိုကြိုးပမ်း လိုသူယောဂီဖြူတို့သည်–

အာဒိမှိ သာသော အဿာသော၊ ပစ္ဆာ သာသော ပဿာသော။

အာဒိမှိ၊ အစ၌။ သာသော၊ ဝင်သော လေတည်း။ အဿာသော၊ အစ၌ဝင်လေ။ ပစ္ဆာ၊ နောက်မှ။ သာသော၊ ထွက်သောလေတည်း။ ပဿာသော၊ နောက်မှထွက်လေ။

ဟူသော ဝစနတ္ထနှင့်အညီ ရှေးဦးစွာ ဝင်လေကစ၍ နောက်မှထွက်လေကို ရှုမှတ်ကြကုန်ရာ၏။

ထိုသို့ရှုမှတ်ရာဝယ် ဘာဝနာကို ပွါးများအားထုတ်သောအခါ ပင်ကိုယ်သဘာဝအတိုင်းသာ ရှုရှိုက်ကြရာ၏၊ အထူးပြုကာ "ပြင်းထန်စွာ" မရှုရှိုက်ရ၊ အဘယ်ကြောင့် ဆိုပါသော်—

ယဒါ ပနဿ ကာယောပိ စိတ္တံပိ ပရိဂ္ဂဟိတာ ဟောန္တိ၊ တဒါ တေ သန္တာ ဟောန္တိ ဝူပသန္တာ၊ တေသု ဝူပသန္တေသု အဿာသပဿာသာ သုခုမာ ဟုတွာ ပဝတ္တန္တိ။

[ဝိသုဒ္ဓိမဂ် အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ။]

ယဒါ၊ အကြင်အခါ၌။ အဿ၊ ထိုယောဂီ၏။ ကာယောပိ၊ ကိုယ်သည်ဎင်း။ စိတ္တံပိ၊ စိတ်သည်ဎင်း။ ပရိဂ္ဂဟိတာ၊ သိမ်းဆည်းအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ တေ၊ ထိုကိုယ်, စိတ်နှစ်ပါးတို့သည်။ သန္တာ၊ ငြိမ်သက်ကုန်သည်။ ဝူပသန္တာ၊ ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု ဝူပသန္တေသု၊ ထို ကိုယ်,စိတ်နှစ်ပါးတို့ငြိမ်းကုန်သည်ရှိသော်။ အဿာသပဿာသာ၊ ဝင်လေ ထွက်လေတို့သည်။ သုခုမာ၊ သိမ်မွေ့ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဤ "အဋ္ဌကထာ" ဝယ် အဓိပ္ပါယ်သော်ကား အကြင်အခါ၌ ထိုယောဂီသည် ကိုယ်စိတ်တို့ကို သိမ်းဆည်း၏၊ ထိုအခါ ကိုယ်စိတ်တို့သည် ငြိမ်သက်ကုန်၏၊ အထူးသဖြင့် ငြိမ်သက်ကုန်၏၊ ထိုအခါ ဝင်လေ ထွက်လေတို့သည် သိမ်မွေ့၍လာကုန်၏၊ ဤအရာဝယ် ကိုယ်ကို သိမ်းဆည်းခြင်းဟူသည် "နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယာတိ ဟိ ဍှမိနာ ကာယပရိဂ္ဂဟော" ဟူသည်နှင့်အညီ ကိုယ်ကို ဖြောင့်စွာထားလျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေခြင်းသည် "ကာယပရိဂ္ဂဟ" ကိုယ်ကို သိမ်းဆည်းသည်မည်၏။

"ပရိမုခံ သတိံ ဥပဋ္ဌပေတွာတိ ဍှမိနာ စိတ္တပရိဂ္ဂဟော" ဟူသည်နှင့်အညီ ကမ္မဋ္ဌာန်းသို့ ရှေ့ရှုသတိထား၍နေခြင်းသည် "စိတ္တပရိဂ္ဂဟ" စိတ်ကိုသိမ်းဆည်းသည် မည်ပေ၏။

ထင်ရှားစေဦးအံ့– ဘာဝနာအလုပ် အားထုတ်ခါမှ အထူး ရုန့်ရင်းကြမ်းတန်းစွာ မရှုရှိက်ရရှုံသာမဟုတ်သေး၊ ပင်္ကိသမ္ဘိဒါမဂ် ပါဠိတော်၌ "ပကတိသဘာဝ" အတိုင်း ရှုရှိက်နေကျ လေတို့ကိုပင် ဘာဝနာအလုပ်ခွင်၌ ရုန့်ရင်းကြမ်းတန်းသေး၍ "သုခုမ, သုခုမတရ, သုခုမတမ" သိမ်မွေ့နူးညံ့အောင်, အထူးသဖြင့် သိမ်မွေ့နူးညံ့အောင်, ထို့ထက် အထူးသဖြင့် သိမ်မွေ့နူးညံ့အောင် ကြံဆောင်၍ပင် အားထုတ်ရပါဦးမည်၊ မြတ်စွာဘုရားဟောတော်မူသော ပဌမစတုက္ကအစဉ်ကို ဉာဏ်သက်ဝင်မိပါစေ။

သာရဒ္ဓေ ကာယေ စိတ္တေစ၊ အဓိမတ္တံ ပဝတ္တတိ။
အသာရဒ္ဓမှိ ကာယမှိ၊ သုခုမံ သမ္ပဝတ္တတိ။
[ဝိသုဒ္ဓိမဂ္ဂ ပေါရာဏာ ဂါထာ။]

ကာယေစ၊ ကိုယ်သည်၎င်း။ စိတ္တေစ၊ စိတ်သည်၎င်း။ သာရဒ္ဓေ၊ ပူပန်ခြင်းရှိလတ်သော်။ အဓိမတ္တံ၊ အတိုင်းထက်အလွန် အားကြီးရှန့်ရင်းသော။ ကာယသင်္ခါရော၊ ကာယသင်္ခါရဟု ဆိုအပ်သော ဝင်လေ ထွက်လေသည်။ (ထည့်)။ ပဝတ္တတိ၊ ဖြစ်၏။ ကာယမှိ၊ ကိုယ်သည်၎င်း။ စိတ္တမှိ၊ စိတ်သည်၎င်း။အသာရဒ္ဓမှိ၊ ပူပန်ခြင်းမရှိခဲ့သော်။ သုခုမံ၊ သိမ်မွေ့နူးညံ့သော။ (ကာယသင်္ခါရော၊ ကာယသင်္ခါရဟု ဆိုအပ်သော ဝင်လေ ထွက်လေ သည်။) သမ္ပဝတ္တတိ၊ ကောင်းစွာဖြစ်၏။-ဟူ၍ ရှေးဆရာမြတ်တို့ မိန့်တော်မူကြကုန်၏။

---

## တင်းလွန်းလျှင်ပြတ် လျော့လွန်းပတ်

ဝေမေဝ ခေါ သောဏ အစ္စာရဒ္ဓဝီရိယံ
ဥဒ္ဓစ္စာယ သံဝတ္တတိ၊ အတိသိထိလဝီရိယံ ကော-
သဇ္ဇာယ သံဝတ္တတိ၊ တသ္မာ တိဟ တွံ သောဏ
ဝီရိယသမတံ အဓိဋ္ဌဟ။
[ဆက္ကင်္ဂုတ္တရ ပါဠိတော် မဟာဝဂ် သောဏသုတ်။]

သောဏ၊ အို–ချစ်သားသောဏ။ ဝေမေဝ၊ ဤမလျော့မတင်း စောင်းကြိုးညှင်းသော ဥပမာအတူသာလျှင်။ အစ္စာရဒ္ဓဝီရိယံ၊ အလွန်အားထုတ်လွန်းသော ဝီရိယသည်။ ဥဒ္ဓစ္စာယ၊ စိတ်၏ပျံ့လွင့်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ အတိသိထိလ ဝီရိယံ၊ အလွန်တွန့်တို လျော့ပေါ့သော ဝီရိယသည်။ ကောသဇ္ဇာယ၊ ပျင်းရိခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ သောဏ၊ အို–ချစ်သားသောဏ။ တသ္မာတိဟ၊ ထိုကြောင့်

လျှင်။ တွံ၊ နိဗ္ဗာန်လိုလား သင်ချစ်သားသည်။ဝီရိယသမတ်၊ ဝီရိယနှင့်မျှသောသမာဓိကို။ အမိဌ္ဌဟ၊ သတိသမ္ပဇညာ ဆင်ခြင်၍သာ ဆောက်တည်ပါလေလော့။

၌ပါဠိတော်လာ မြတ်စွာဘုရားမိန့်ကြားတော်မူသည် မှာ ဝီရိယလွန်က "ဥဒ္ဓစ္စ"၊ နှဲ့လွန်းပြန်က"ကောသဇ္ဇ" တဲ့၊ "မဇ္ဈိမပဋိပဒါ" ဘုရားသခင်နှင့် အဋ္ဌကထာရှင်တို့ အလိုတော်ကျ "သမ္မာဝါယာမ" ကောင်းစွာအားထုတ်ရာ ကျအောင် ဝင်လေ ထွက်လေတွင်ယှဉ်သော သတိ,သမာဓိ တို့ကို ဂရုစိုက်ကာ ငြိမ်သက်နူးညံ့စွာ မဂ္ဂင်ကိုသာလုံခြုံ စွာ စောင့်သုံးတော်မူကြပါလေ။

---

## အဋ္ဌကထာနည်းကိုပြခြင်း

ဂဏနာစာ နုဗန္ဓနာ၊ ဖုသနာ ထပနာ ပိစ။
သလ္လက္ခဏာ ဝိဝဋ္ဋနာ၊ ပါရိသုဒ္ဓိစ ပဿနာ။
[ပါရာဇိကအဋ္ဌကထာ တတိယပါရာဇိက။]

ဂဏနာစ၊ ရေတွက်ခြင်းငှင်း။ အနုဗန္ဓနာစ၊ အစဉ် လိုက်ခြင်းငှင်း။ ဖုသနာစ၊ လေထိရာဌာန သိရခြင်းငှင်း။ ထပနာပိစ၊ ပဋိဘာဂ နိမိတ်ထင်မြင်သည်နောက် အပ္ပနာ ဖြစ်ပေါ်လာအောင် စိတ်ကိုထားခြင်း, တည်ကြည်စေခြင်း ငှင်း။ သလ္လက္ခဏာစ၊ အပ္ပနာ ဈာန်မှထ၍ ဝိပဿနာကို ရှုခြင်းငှင်း။ ဝိဝဋ္ဋနာစ၊ မဂ်ဖြင့် ရာဂ,ဒေါသ စသည်တို့ကို ပယ်ခြင်းငှင်း။ ပါရိသုဒ္ဓိစ၊ ဖိုလ်သို့ရောက်ခြင်းငှင်း။ ပဿ နာစ၊ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းငှင်း။

၎င်း "အဋ္ဌကထာ" ပြနည်းနယ်တို့သည်ကား "သမထ" နည်း လေးနည်း၊ "ဝိပဿနာ" နည်း လေးနည်း၊ ပေါင်း ရှစ်နည်းရှိရာ "ဝိပဿနာ" နည်းလေးနည်းကို ဝိပဿနာ ကဏ္ဍမှ ပြပေအံ့၊ သမထနည်း လေးနည်းကိုကား "ပဌမ ဒုက,ဒုတိယ ဒုက" တို့တွင် ဂဏနာ, ဖုသနာ, ထပနာတို့ဖြင့်၊ "တတိယဒုက"၌ အနုဗန္ဓနာ, ဖုသနာတို့ဖြင့်၊ "စတုတ္ထဒုက"၌ ထပနာ နည်းဖြင့် ယှက်လျက်ပြပေအံ့။

"ဘာဝနာယောဂီ"သည် ပါဠိတော်နည်းအရ နှာသီး ဝဝယ်စိတ်ထားကာ ဝင်လေထွက်လေတို့ကို ရှုမှတ်၍အသား ကျပြီး ဘာဝနာအဝါးဝလာသောအခါ စိတ်၏ကျယ်ပြန့်မှု ရကာ တပါးသော အာရုံသို့ ပြေးသွားနိုင်သော ဝိတက် ခေါ်သောတရားဆိုးများ ဝင်လာ၍ တိုးတတ်ရကား ပါဠိ တော်နည်းတွင်"အဋ္ဌကထာ"နည်း ယှက်ခါ ပွါးများအား ထုတ်ကြကုန်ရာ၏။

၎င်းကဲ့သို့ အဋ္ဌကထာဆရာမိန့်မှာအပ်သော "မနသိကာ ရဝိဓိ"ခေါ် နှလုံးသွင်း အစီအစဉ် ရှစ်အင်သောသဘာဝ တို့တွင် ရှေးဦးစွာကာလ ရေတွက်ခြင်းနည်းနယ "ဂဏနာ" ခေါ် စပါးခြင်နည်းဟု ဆိုအပ်သော နှေးသော ရေ တွက်ခြင်းဖြင့် ရေတွက်ကြကုန်ရာ၏၊ထိုသို့ရေတွက်ရာ အဋ္ဌ ကထာအလိုမှာ"တစ်မှငါး-တဝါရ ။ပ။ တစ်မှတဆယ်ထိတ ဝါရ"အားဖြင့်ဝါရအပြား"ခြောက်ပါး"ပြထားရာ အကုန် လျှောက်ခါရေတွက်ရမည်ဟု မယူပေရာ၊ထို့ကြောင့်– ဝိ သုဒ္ဓါရုံဆရာတော်က ပရိဝတ်ဆောက်တည်ရာ၌ "ကော ဟာပ္ပဋိစ္စန္နာယော။ပ။ သင္ခိသံဝစ္ဆရပဋိစ္စန္နာယော" ဟူ

သော၀စကားအလာကဲ့သို့ မိမိလိုသော သင်္ချာကိုထုတ်ကာ ပွါးများစေခြင်းငှါတခုစီတခုစီ အသီးအခြားပြည့်စုံအောင် သာပြထားသော၀စကားဟု မှတ်အပ်၏၊ တခုတခုတိုး၍ရေတွက်ရမည်ဟု အထင်မှတ်မှားတတ်ကြ၏ဟုမိန့်၏။

ဤကဲ့သို့ ''ငါးခုထက်မနဲ၊ဆယ်ခုထက်မများ''ပွါးများရန်ပြထားရာတွင် ''ကန္နီဆရာတော်,မဟာမြိုင်ကြီးဆရာတော်'' ဘုရားကြီးများက ''ငါးခုလဲမကဆယ်ခုလဲမကျ၊ရှစ်ခုမှာ'' ပဋိပဒါမျ၍ ဘာ၀နာယောဂီတို့၏''သုခပဋိပဒါ''ချမ်းသာစွာ ပွါးများအားထုတ် ရေတွက်နိုင်စေခြင်းအကျိုးငှါ ''ရှစ်ခု'' ကိုသာ တ၀ါရဟု အမြဲမှတ်ခါ ရေတွက်ကြကုန်ရာ၏။

### ရေတွက်ပုံအစီအစဉ်မှာ

၀င်လေထွက်လေတစ်၊ ၀င်လေထွက်လေနှစ်၊
၀င်လေထွက်လေသုံး၊ ၀င်လေထွက်လေလေး၊
၀င်လေ ထွက်လေငါး၊ ၀င်လေထွက်လေခြောက်၊
၀င်လေ ထွက်လေခုနစ်၊ ၀င်လေ ထွက်လေရှစ်။

[တ၀ါရ၊]

မှတ်ချက်။ [ပါဠိလို၀ါရ, ဗမာလိုအကြိမ်ဟုရ၏၊ ထို့ကြောင့် ဗမာလိုတကြိမ်ဟု သိ။]

### သံသယနှင့်သန္နိဋ္ဌာန

ထို၀ါရသည်လည်း (၁) သံသယ၀ါရ၊ (၂) သန္နိဋ္ဌာန၀ါရဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်—

(၁) ''သံသယ၀ါရ''ဆိုသည်ကား''တစ်မှရှစ်'' တိုင် ရုံအတွင်း ရေတွက်ရာအာရုံခြောက်ပါးတို့တွင် တပါးပါး သောအာရုံသို့ပြေး၀င်ခဲ့သော်ငြား၊ ''နီ၀ရဏ'' ငါးပါးတို့

တွင်တပါးတပါးသို့ပြေးဝင်ခဲ့သော်၎င်း၊ ''အကုသလစိတ်'' သုံးပါးတို့တွင် တပါးပါးသို့ ပြေးဝင်ခဲ့သော်၎င်း ''သံသယ ဝါရ''မည်၏၊ ဝါ-ဝါရကျိုး ဝါရပေါက်ဟုမှတ်၊ ''တဝါရ'' ဟူ၍ပင် မမှတ်ယူအပ်။ ''ကာယဝိညတ်,ဝစီဝိညတ်'' ဖြစ်ပါမူ အဘယ်ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း၊ဝါရဟူ၍မျှ မဆိုအပ် တော့ပေ၊ ထို့ကြောင့်–ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို ငြိမ် သက်စွာထားပြီးကာ ပွါးများအားထုတ်ကြကုန်ရာ၏။

(၂) ''သန္နိဋ္ဌာနဝါရ'' ဆိုသည်ကား ထိုသို့ပြဆိုခဲ့ပြီး အသီးသီးသော အာရုံခြောက်ပါး''နီဝရဏ''ငါးပါး''အကု သလစိတ်''သုံးပါးတို့သို့ တကြိမ်တခါမျှ မပြေးသွားမူ၍ ''တစ်မှရှစ်''တိုင်အောင် ဝင်တိုင်းထွက်တိုင်း မှတ်မိပါမူ ''သန္နိဋ္ဌာနဝါရ'' မည်ပေရာ၏၊ တဝါရဟုမှတ်၊ မှန်ကန် အောင်မြင်သော ဝါရပေတည်း။

### အာဝဇ္ဇနနှင့်အနွာဝဇ္ဇန

(၁) ''အာဝဇ္ဇန''ဆိုသည်ကားဘာဝနာယောဂီသည် ''တစ်,နှစ်''စသည် ရေတွက်နေခိုက်''လူသံ'' စသည်တို့တွင် တခုခုသောအသံကိုကြားလိုက်ရာ ကြားကာမျှသာဖြစ်၍ ဘာသံပါလိမ့်စသည် မစုံစမ်းမဆင်ခြင်မိပါမူ''သဒ္ဒါရုံ'' ကို ကြားကာမျှ''အာဝဇ္ဇန''ဟုခေါ်ရ၏၊ဝါရမပျက်သေးပေ။

(၂) ''အနွာဝဇ္ဇန''ဆိုသည်ကား ဤအသံကား လူသံ ပေတည်း၊ ယောကျ်ားသံလေလော, မိန်းမသံလေလော, မည်သူ့အသံပါလိမ့်စသည်ဖြင့် ဤသို့အာရုံနောက် စိတ် ပါကာ စုံစမ်းဆင်ခြင်မိပါမူ''အနွာဝဇ္ဇန'' ဟု ခေါ်ရ၏၊ ဝါရလည်းပျက်ပေတော့၏၊ အလွန်နှ့အလွန် နူးညံ့သိမ်မွေ့လှ ပေတော့သည်တကား၊

---

## အာနာပါနအစ ဂဏန

အာဒိကမ္မိကေန ကုလပုတ္တေန ပဌမံ ဂဏနာယ
ဧတံ ကမ္မဋ္ဌာနံ မနသိကာတဗ္ဗံ။
[ဝိသုဒ္ဓိမဂ် အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ။]

အာဒိကမ္မိကေန၊ အာနာပါနအလုပ် အစစွာအား ထုတ်စီးဖြန်းသော။ ကုလပုတ္တေန၊ အမျိုးကောင်း သားသည်။ ပဌမံ၊ ရှေးဦးစွာ။ ဂဏနာယ၊ ရေတွက်ခြင်းနည်း ဖြင့်။ ဧတံကမ္မဋ္ဌာနံ၊ ဤအာနာပါနကမ္မဋ္ဌာန်းကို။ မနသိ ကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

[အဓိပ္ပါယ်ထင်ရှားပြီ။]

### အနှေးအမြန်အစဉ်အမှန် နှစ်တန်ရေတွက်နည်း

ဤသို့ဖော်ပြခဲ့ပြီး နှေးနှေးရေတွက်သော "ဓညမာမက" စပါးခြင်နည်းဖြင့် ပွါးများဖန်များကာ ဘာဝနာအဝါး ဝလာသောအခါ ဝင်လေထွက်လေတို့သည် အထူးလိမ် မာ သွက်လက်လျင်မြန်စွာ ဖြစ်ပေါ်လာတတ်သည်လည်း တကြောင်း၊စိတ်၏လျင်မြန်မှုကြောင့် ဝင်လေနှင့် ထွက်လေ အကြား တပါးသောအာရုံသို့ ပြေးသွားတတ်သော ဝိ တက်တရားဆိုးတို့ ဝင်လာတိုးတတ်သည်လည်းတကြောင်း၊ ဤနှစ်ပါးသော အကြောင်းတို့ကြောင့် အဋ္ဌကထာဆရာ သည် လျင်မြန်စွာ ရေတွက်သော "ဂေါပါလက" နွား ကျောင်းသား၏ နွားရေတွက်နည်း ကဲ့သို့ လျင်မြန်စွာ လည်း ရေတွက်ပွါးများကြကုန်ရာ၏၊ ထို့ကြောင့် ဝိသုဒ္ဓိ မဂ် အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ၌—

ဂဏနပဋိပန္နဿ ဟိ ကမ္မဋ္ဌာနေ ဂဏနဗလေနေဝ
စိတ္တံ ဧကဂ္ဂံ ဟောတိ။

ဟိ၊ အကျိုးကိုပြဦးအံ့။ ဂဏနပဋိပဗ္ဗေ၊ ရေတွက်ခြင်းနှင့်စပ်သော။ ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်း၌။ ဂဏနဗလေနေဝ၊ ရေတွက်ခြင်းအားဖြင့်သာလျှင်။ စိတ္တံ၊ ဘာဝနာစိတ်သည်။ ဧကဂ္ဂံ၊ တည်ကြည်သည်။ ဟောတိ၊ မုချမသွေဖြစ်ပါပေ၏။

"ထိုးဝါး"၏ထောက်ခံခြင်းအစွမ်းကြောင့် ကြမ်းသောရေအယဉ်၌ လှေသည် ရပ်တည်နိုင်ဘိသကဲ့သို့ ဤအတူလျင်စွာလျင်စွာ ရေတွက်သောထိုပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းသည် မပြတ်ဖြစ်သကဲ့သို့ ဖြစ်၍ထင်၏၊ ထိုနောက် မပြတ်ဖြစ်၏ဟုသိ၍ အတွင်း၌ရှင်း, အပ၌ရှင်း လေကိုမသိမ်းဆည်းမူ၍ ရှေးနည်းအတိုင်းသာလျှင် လျင်သောအဟုန်ဖြင့် ရေတွက်အပ်၏။

အဘယ်မျှလောက်ကြာအောင် ထိုဝင်သက် ထွက်သက်လေကို ရေတွက်အပ်သနည်းဟူမူ ရေတွက်ခြင်းနှင့်ကင်း၍ ဝင်သက်ထွက်သက်အာရုံ၌ သတိကောင်းစွာ တည်သည်တိုင်အောင် ရေတွက်အပ်၏၊ အဘယ်ကြောင့်နည်း ဟူမူကား—

ဗဟိဒ္ဓိဝိသဋဝိတက္ကဝိစ္ဆေဒံ ကတွာ အဿာသ-ပဿာသာရမ္မဏေ သတိသဏ္ဌာပနတ္ထံ ယေဝ ဟိ ဂဏနာ။

[ဝိသုဒ္ဓိမဂ် အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ။]

ဂဏနာ၊ ရေတွက်ခြင်း ဂဏနာမည်သည်။ ဗဟိဒ္ဓိဝိသဋဝိတက္ကဝိစ္ဆေဒံ၊ အပသို့ပျံ့လွင့်သော ဝိတက်အလျဉ်ပြတ်ခြင်းကို။ ကတွာ၊ ပြု၍။ အဿာသပဿာသာရမ္မဏေ၊ ဝင်သက်

ထွက်သက်အာရုံ၌။ သတိသဏ္ဍာပနတ္တံ ယေဝဟိ၊ သတိခိုင်မြဲစွာထားခြင်းငှါသာလျှင်။ ဂဏနာ၊ ရေတွက်ခြင်း ဖြစ်သောကြောင့်တည်း။

ဘာဝနာယောဂီ–ဤကဲ့သို့ ရေတွက်ရှုမှတ်ရာ “ဝင်လေ ထွက်လေ”တစုံမှတစ်၊ ရှစ်စုံကိုတဝါရခေါ်၊ ထိုတဝါရမှာ “ဝင်လေသိ ထွက်လေသိ”ဖြစ်ပေရကား တဆယ့်ခြောက်ပါးအသိတရားရပေ၏၊ ထို့ကြောင့် ဘဝပေါင်း အသင်္ချေအနန္တ ကုန်ဆုံးပင်ကုန်ဆုံးကြသော်လည်း ဤကဲ့သို့သဘာဝမဂ္ဂင်နှင့် သင့်လျော်လှသော တကဲ့ “ပဓာန” အလုပ်ပွါးများအားထုတ်ကာ ရှုမှတ်မှုမရှိ၍သာ သံသရာ ဘဝါဘဝ ရှည်ကြာစွာကျင်လည်ကြရလေသတည်း။

---

## သာမန်လူစား မဟောကြား

နာဟံ ဘိက္ခဝေ မုဋ္ဌဿတိဿ အသမ္ပဇာနဿ အာနာပါနဿတိံ ဝဒါမိ။

[ဉပရိပဏ္ဏာသပါဠိတော် အနုပဒဝဂ် အာနာပါနဿတိသုတ်။]

ဘိက္ခဝေ၊ သံသရာကို ဘေးဟုရှုကြသော အို–ချစ်သား, ချစ်သမီးများတို့။ မုဋ္ဌဿတိဿ၊ သတိလွတ်သော။ အသမ္ပဇာနဿ၊ ပညာအဆင်အခြင် ကင်းသောသူအား။ အာနာပါနဿတိံ၊ အာနာပါနဿတိဘာဝနာကို။ အဟံ၊ သင်တို့ဆရာငါဘုရားသည်။ နဝဒါမိ၊ ဟောတော်မမူ။-ဟုမိန့်တော်မူခဲ့ပေ၏။

ဤ“အာနာပါနဿတိ”ကမ္မဋ္ဌာန်းသည်ကား ခဲခက်၏၊ ခဲခက်သောဘာဝနာဖြစ်၏၊ဘုရား,ပစ္စေကဗုဒ္ဓါ, ဘုရားသား

တော် ယောက်ျားမြတ်တို့၏သာလျှင် နှလုံးသွင်းရာ ဌာန ဖြစ်၏၊ သိမ်သိမ်ငယ်ငယ်မဟုတ်၊ သာမန်လူစားများနည်း နာကျကျ သဘာဝအညီ မိုဝဲနိုင်သည်မဟုတ်၊ အကြင်အကြင်သို့ နှလုံးသွင်း၏၊ ထိုနှလုံးသွင်းသောအတိုင်း ငြိမ်သက်သည်လည်းဖြစ်၏၊ သိမ်မွေ့သည်လည်း ဖြစ်၏၊ ထို့ကြောင့် ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌ အားကြီးသောသတိကိုရင်း, ပညာဉာဏ်ကိုရင်း အလိုရှိအပ်လေသည်၊ သိမ်မွေ့နူးညံ့သောအဝတ်ကို ချုပ်သောအခါ သိမ်မွေ့သေးငယ်သော အပ်ကိုရင်း, ထို့ထက် သိမ်မွေ့သေးငယ်သော အပ်နဖားထွင်းသော စူးကိုရင်း အလိုရှိအပ်သကဲ့သို့ ဤအတူ နူးညံ့သိမ်မွေ့သော အဝတ်နှင့်တူသော ဤအာနာပါနကမ္မဋ္ဌာန်းကို ပွါးစေသောကာလ၌ အပ်နှင့်တူသော သတိကိုရင်း,အပ်နဖားထွင်း စူးနှင့်တူသောထိုသတိနှင့်ယှဉ်သော အားကြီးသော ပညာကိုရင်း အလိုရှိအပ်ပေ၏။

[ဝိသုဒ္ဓိမဂ် အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသမှ။]

---

## စုံစမ်းမေးမြန်း ကမ္မဋ္ဌာန်း

ဥဂ္ဂဟော စ ပရိပုစ္ဆာ၊ ဥပဋ္ဌာနံ အပ္ပနာပိ။
လက္ခဏံ ပဋ္ဌသန္ဓိကံ၊ ပဌမံ ဥဂ္ဂဏှေတဗ္ဗံ။
[ပါရာဇိကဏ်အဋ္ဌကထာ တတိယပါရာဇိက ပဒဘာဇနီယဝဏ္ဏနာ။]

ဥဂ္ဂဟောစ၊ ကမ္မဋ္ဌာန်းကို သင်ကြားရခြင်းရင်း။ ပရိပုစ္ဆာစ၊ သံသယမကင်းသည်ကို ဆွေးနွေးမေးမြန်းရခြင်းရင်း၊ ဥပဋ္ဌာနံစ၊ နိမိတ်ထင်ခြင်းကို သတိပညာဖြင့် မှတ်သားခြင်းရင်း။ အပ္ပနာစ၊ အပ္ပနာရောက်ကျသည်ကိုမှတ်

သွားခြင်းငှင်း။ လက္ခဏံစ၊ ကမ္မဋ္ဌာန်း၏သဘောကို မှတ်
သွားခြင်းငှင်း။ ဣတိ၊ဤသို့။ ပဥ္စသန္ဓိကံ၊ ငါးပါးသော
အစပ်အဆက် အဆစ်အပိုင်းရှိသော အာနာပါနဿတိ
ကမ္မဋ္ဌာန်းကို။ပဌမံ၊ရှေးဦးစွာ။ဥဂ္ဂဟေတဗ္ဗံ၊သင်ယူအပ်၏။
[ထင်ရှားပြီ။]

## အာနာပါနအမှားတော်ပုံ

ဘုရားအလောင်းသည် "ဒုက္ကရစရိယာ" ကျင့်တော်မူ
စဉ် "အာနာပါန"ကမ္မဋ္ဌာန်းစီးဖြန်းပုံအမှားကို အကျဉ်း
အားဖြင့် ဖော်ပြပေအံ့၊ ငါတို့ဘုရားလောင်းသည် "ဒုက္ကရ
စရိယာ" ကျင့်တော်မူစဉ် "ဝင်လေထွက်လေ" မရှိသော
အကျင့်၊ ဝါ-လေကိုအောင့်၍ထားခြင်း အကျင့်ကို ဖြစ်စေ
အံ့ဟု ကြံတော်မူ၍ ခံတွင်းမှငှင်း, နှာခေါင်းမှငှင်း ဝင်လေ
ထွက်လေကို မဖြစ်ရအောင်ပိတ်၍ထားလေ၏၊ ထိုသို့ ဝင်
လေထွက်လေတို့ကို မဖြစ်ရအောင် အောင့်ပိတ်၍ထား
ကုန်သည်ရှိသော် နားပေါက်မှထွက်ကုန်သော လေတို့၏
"ဟူးဟူး" မြည်သော ပြင်းပြစွာသောအသံသည် ပန်းပဲ
သမားတို့၏ဖားဖိုမှ"ဟူးဟူး" မြည်သောလေထွက်သကဲ့သို့
ဖြစ်၏၊ဤသို့ဖြစ်သော်လည်း အားထုတ်အပ်သော "ဝီရိယ"
ကို မလျှော့၊ တွန့်တိုဆုတ်နစ်ခြင်းမရှိ၊ ထင်သောသတိရှိ၏၊
မေ့လျော့ခြင်းမရှိ၊ ကိုယ်သည် ပူပန်ခြင်းနှင့်တကွဖြစ်၏၊
ထိုပူပန်ခြင်းမှ ငြိမ်းအေးခြင်းမရှိ၊ ထိုသို့ဆင်းရဲသော အား
ထုတ်ခြင်းကြောင့် လွန်စွာအားထုတ်သောဘုရားလောင်း
အား ဖြစ်ကုန်သော ဆင်းရဲဝေဒနာတို့သည် စိတ်ကိုလွှမ်း

မိုးနှိပ်စက်၍ ထက်ဝန်းကျင်မှသိမ်းယူ၍မတည်ကုန်၊ "ဈာန်, မဂ်,ဖိုလ်" တရားထူးကို ရခြင်း၏အကြောင်းလည်းမဖြစ်။
[မဇ္ဈိမပဏ္ဏာသပါဠိတော် မဟာသစ္စကသုတ်မှ။]

ဤကဲ့သို့—ဘုရားအလောင်းတော်သည် "ဒုက္ကရစရိယာ" ကျင့်စဉ်အခါက မှားသောနည်းဖြင့် "အာနာပါန" ကမ္မဋ္ဌာန်း စီးဖြန်းပုံကို သူတော်ရှင်အပေါင်းတို့သည် ဤကဲ့သို့ အယူမမှားကြစေရန် ထည့်သွင်းဖော်ပြလိုက်ပေ၏။

---

## အာနာပါနအမျိုးမျိုး

ဘုရားမဖြစ်မီ ရှေးရှေးကျသော "ပဉ္စဝဂ္ဂီ" ငါးဦးဟု ခေါ်ဝေါ်ကြသော "ဟိန္ဒူရသေ့ကြီး" တို့ထံမှ ဆင်းသက်၍ လာသော "ဟိန္ဒူအာနာပါန" ဒိပနီကျမ်းအမျိုးမျိုး၌၎င်း၊ "အမေရိကံနိုင်ငံ,ဥရောပနိုင်ငံ,တိဘက်နိုင်ငံ" ယောဂီဆရာကြီးများရေးသားသော "အာနာပါန" ဒိပနီ ကျမ်းကြီးများ၌၎င်း အာနာပါနလုပ်နည်းသုံးမျိုးကို တွေ့ရှိရပေ၏။

(၁) ဝင်လေထွက်လေကို ညီမျှအောင် နှေးနှေး ညင်ညင် သာသာ ရှုရှိုက်ခြင်း "ပကတိသဘာဝ" နည်း,

(၂) ဝင်လေအောင့် ထွက်လေအားဖြင့်၎င်း၊ ဝါ-ဝင်လေထွက်လေ ရှုရှိုက်ခြင်း၏အကြား၌ လေကိုအောင့်ထားခြင်းအားဖြင့် သုံးဆင့်၊ အချို့ကျမ်းမှာ "ဝင်ထွက်အောင့်" အားဖြင့် ၎င်းထွက်လေအဆုံးနှင့် ဝင်လေအကြား၌ လေကိုအောင့်ထားခြင်း သုံးဆင့်ရှုရှိုက်ခြင်း "ပဝတ္တိ" နည်း,

(၃) လေကိုမရှုရှိုက်ဘဲ တကြိမ်တခါတည်းဖြင့် ဝင်လေထွက်လေကို အောင့်ပိတ်ထားခြင်း "ကုမ္ဘက" နည်း၊

ဂုင်းသုံးနည်းအနက် ဒုတိယနည်းနှင့် တတိယနည်းတို့ကို ကား ဘုရားမဖြစ်မီ "ဒုက္ကရစရိယာ" ကျင့်တော်မူစဉ် "ပဥ္စ ဝဂ္ဂီ" ဟိန္ဒူရသေ့ကြီးတို့နှင့် ရှေးဦးစွာတွေ့ဆုံ၍ ၎င်း "ပဥ္စ ဝဂ္ဂီ" ငါးဦးတို့ထံမှရရှိသော "အာနာပါန" လုပ်နည်း ဖြစ်၏ဟု ဟိန္ဒူယောဂီကျမ်းများ၌ဆို၏၊ ၎င်းနည်းအတိုင်း မြတ်စွာဘုရားကိုယ်တော်ဘိုင် လွန်မင်းစွာ ကြိုးစားအား ထုတ်ကျင့်တော်မူသော်လည်း သမာဓိကို မဖြစ်စေနိုင်၊လေ ကိုသိမ်မွေ့စေခြင်းမဖြစ်၊ ကိုယ်၏ပင်ပန်းခြင်း, စိတ်၏ပင် ပန်းခြင်းမျှသာဖြစ်၍ ဘုရားပယ်တော်မူ၏၊ သို့သော် ၎င်း ဒုတိယနည်းကို အများအားဖြင့် ယခုအခါ "ဟိန္ဒူ,အမေ ရိကံ,အင်္ဂလိပ်,တိဘက်ယောဂီ" ဆရာကြီးများသည် အား ထုတ်ကြပေ၏၊ စာရေးသူကိုယ်တိုင် "အိန္ဒိယ" မဇ္ဈိမဒေ သဝယ် "ဗာရာဏသီ" ပြည်အနီး ဂင်္ဂါမြစ်ကြီး၏ကမ်းခြေ တွင် အများအပြားတွေ့မြင်ခဲ့ရပေ၏။

ထို့ကြောင့်— ဘုရားသခင် သဗ္ဗညုတဉာဏ်တော်ရှင် ကိုယ်တော်တိုင် ရွေးချယ်စီစစ်သူ ကိုယ်တိုင်ဖြစ်တော်မူခဲ့ သော စာလာပေကျ သဘာဝအစစ် နည်းစံနစ်ကို အသစ် အသစ်ပြုပြင်ပြောင်းလွဲကာ ဘုရားသခင်၏သာသနာတော် ကို မပြုမှား မပြစ်မှားမိကြစေရာ၊ စေတနာကောင်းအဖြာ ဖြာနှင့်"မိကျောင်းမင်း ရေကင်းပြကာ" တိုက်တွန်းနှိုးဆော် လိုက်ရပါကြောင်း ယောဂီသူတော်ကောင်းတို့။

---

## မိမိသမာဓိ ရှိမရှိသိရန်

"သတိမမူ ဂူမမြင်၊သတိမူလျှင် မြူကိုမြင်" ဟူသောစကား ပုံကဲ့သို့ ငါတို့သည် အမိဝမ်းကကျွတ်တဲ့အချိန်ကစ၍ ယခု

အချိန်ကျအောင် လူသတ္တဝါတို့၏ ဝင်သက် ထွက်သက် လေတို့သည် ဘဝင်ကျနေခိုက်မှာပင် ဗမာနာရီတနာရီလျှင် ဝင်လေ (၃၆၀), ထွက်လေ (၃၆၀)၊ စက်နာရီ တနာရီ သော် ဝင်လေ (၉၀၀), ထွက်လေ (၉၀၀) ရှိပေရကား စက်တနာရီလျှင် ရှစ်ခု တဝါရဖြင့်ရေတွက်သော် ဝါရ ပေါင်း (၁၁၀) နှင့် နှစ်ဝါရခွဲရပေ၏၊ ဤကား- ''ထိန,မိဒ္ဓ, ဝိတက်များ'' မဝင်ပါမှ အမှန်ကျရနိုင်ပေသည်၊ သို့အတွက် စက်တနာရီတွင် ပကတိမှန်မှန်ရေတွက်နည်းဖြင့် ဝါရ ပေါင်း (၁၁၀) ရက မိမိ၏သမာဓိအား ကြီးထွားလာပြီ ဟု ဝမ်းမြောက်ကာ ကြိုးစားအားထုတ်ကြကုန်ရာ၏။

ဤ ''ပဋ္ဌမနည်း'' ၌ ဣရိယာပုထ်လေးပါးလုံး အား ထုတ်နိုင်၏၊ ''စင်္ကြံ''သွားလျက်အားထုတ်လိုပါက ဝင်လေ ကိုညာခြေလှမ်းသည်နှင့်ကိုက်ညီအောင်,ထွက်လေကိုဘယ် ခြေလှမ်းသည်နှင့် ကိုက်ညီအောင် လှမ်းကာလှမ်းကာ ပွါး များကြကုန်ရာ၏၊ ကျန် ဣရိယာပုထ်များမှာ ထိုင်နည်း အတိုင်းပင် အားထုတ်ရာသတည်း။

---

## အာရမ္မဏသက်တိကနှင့် ကသိဏသက်တိက

ဤ ''ပဋ္ဌမနည်း'' တွင်- (၁) အာရမ္မဏသက်တိက အား၊ (၂) ကသိဏသက်တိကအား ဟူ၍ နှစ်ပါးပြား ပေ၏၊ ထိုနှစ်ပါးတို့တွင် ဘာဝနာယောဂီသည် အားထုတ် ၍မကြာမြင့်မီပင် အာရုံနိမိတ်သည် ထင်လာခဲ့၏၊ ဤသို့ နိမိတ်အာရုံ ထင်ရှားလှစွာသော ဘာဝနာယောဂီသည် ''အာရမ္မဏသက်တိက'' အားနှင့် ပြည့်စုံသောသူမည်၏၊

အကြင်ဘာဝနာယောဂီကား စက်တနာရီအတွင်း ဝါရပေါင်း (၁၁၀) မျှ အနည်းဆုံးရပါမူ "ကသိဏသက်တိက" အားနှင့် ပြည့်စုံသောသူမည်ပေ၏၊ ထိုအားနှစ်ပါးတို့တွင် တပါးပါးနှင့်ညီကာမျှဖြင့်"ဒုတိယနည်း"သို့မကူးအပ်သေး၊ နှစ်ပါးလုံး ညီမှ"ဒုတိယနည်း"သို့ ကူးပြောင်းကာ ပွါးများ အားထုတ်ကြ ကုန်ရာ၏။

---

## မဂ္ဂင်စောင့်ပုံကိုပြခြင်း

"ဘာဝနာယောဂီ"သည် မိမိနှာသီးဝ လက်တသစ်ခန့် မျှ ပမာဏမှတပါး ရှေ့,နောက်,ဝဲ,ယာ,အထက်,အောက် စသည်တို့သို့ အာရုံပြုကာ မကြည့်မကြံအပ် မအောက်မေ့ အပ် မသိမမြင်အပ်၊ အဘယ်ကြောင့် ဆိုပါသော် ဤပဌမ နည်းဖြင့် "သဓောကာရီ" သတိပြုကာ သမာဓိ တည်စ ဖြစ်၍ ထိုသမာဓိ၌ မဂ္ဂင်သုံးပါး လုံခြုံအောင် စောင့်သုံးရ ပေ၏၊ အကယ်၍ အားထုတ်စဉ်တွင် ဝင်လေထွက်လေ တို့ကို ဝီရိယဖြင့်ချီးပင့်၍ ဆက်ကာဆက်ကာ အားထုတ်နေ ခိုက် မချီးပင့်မိမူ၍ တကြိမ်မျှ ရပ်တန့်နေမိအံ့ "သမ္မာဝါ ယာမမဂ္ဂင်"ပေါက်၏၊ ဝီရိယကောင်းစွာနှင့် ချီးပင့်တိုင်း ချီးပင့်တိုင်း မမှတ်မိမူ၍ သတိမေ့လျော့၍နေမိအံ့ "သမ္မာ သတိမဂ္ဂင်" ပေါက်၏၊ ဝီရိယက ချီးပင့်တိုင်း သတိက အမှတ်ပြုပါလျက် မိမိသတိစိုက်ထားရာ ဌာနတွင် မတည် မူ၍ အာရုံတပါးသို့ ပြေးသွားပါမူ "သမ္မာသမာဓိမဂ္ဂင်" ပေါက်၏၊ မဂ္ဂင်ပေါက်က လိုလားသော အကျိုးသို့ မရောက်ပေ၊ ထို့ကြောင့်— ဤပဌမနည်း၌ တခုခုသော

အာရုံကို မြင်ပါမူလည်း မကြည့်ရှုမိစေရာ၊ အကယ်၍ အားထုတ်နေစဉ် မိမိရှေ့မှ"အနီး,အရောင်,ပတ္တမြား,ကြယ်" လောက်ပင် တောက်သော အရောင်ကို မြင်သော်လည်း မကြည့်ရှုရသေးရာ၊ မိမိနှလုံးသွင်းမြဲတိုင်းဖြစ်သော "၁-၂-၃"စသောဝါရကိုသာ မဂ္ဂင်လို၍ အာရုံတပါး စိတ်မသွားဘဲမြဲစွာသောသတိဖြင့် ဖွဲ့ချည်ထားကာ ပွါးများရာ၏။ "သတိ"ဖြင့်မိမိစိတ်ကိုဖွဲ့ချည်၍ "သန္နိဋ္ဌာန" ဝါရပေါင်း "၂၅-၃၀"စသည်ဖြင့် ဇွဲရိယာပုထ်တခုတခု၌ ရသမျှအားထုတ်စအခါဝယ် နဲနဲ နဲနဲ အားထုတ်ကြကုန်ရာ၏၊ ထို့ကြောင့်—

အပ္ပကေနပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။
[ဓမ္မပဒအဋ္ဌကထာ အပ္ပမာဒဝဂ် စူဠပန္ထကဝတ္ထု။]

ဝိစက္ခဏော၊ အဆင်အခြင် သမ္ပဇဉ်နှင့် ပြည့်စုံသော။ မေဓာဝီ၊ ပညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ အပ္ပကေန၊ အနည်းငယ်မျှဖြစ်သော။ ပါဘတေနပိ၊ တံစက်အောက်၌ ခံထားသော အိုးသို့ကျသော ရေပေါက်ကဲ့သို့ ဆည်းပူးအပ်သော ကုသိုလ်ကံဖြင့်လည်း။ အဏုံ၊အနည်းငယ်သော။ အဂ္ဂိံ၊ မီးကို။ သန္ဓမံ၊ မှုတ်သည်ရှိသော်။ မဟန္တံအဂ္ဂိက္ခန္ဓံ၊ မီးပုံ ကြီးသည်။ ဇောတိ ဇ္ဇဝ၊ တိုးပွါး၍ လာသကဲ့သို့။ တထာ၊ ထို့အတူ။ အတ္တာနံ၊ မိမိကိုယ်ကို။ သမုဋ္ဌာပေတိ၊ ကောင်းသောအကျိုး ပွါးတိုးခါခါ ဖြစ်စေရာသတည်း။

ပဥ္စမနည်း ပြီး၏။

# ဒုတိယ ဒုက
## ဒုတိယနည်းကို ပြခြင်း

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

[မဟာသတိပဋ္ဌာနသုတ်၊]

ဒီဃံဝါ၊ ရှည်စွာ မူလည်း။ အဿသန္တော၊ ဝင်လေရှူလတ်သော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ဝင်လေရှူ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ထွက်လေ ရှိုက်လတ်သော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ထွက်လေ ရှိုက်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။ အဿသန္တော၊ ဝင်လေရှူလတ်သော်။ ရဿံ၊ တိုစွာ။ အဿသာမီတိ၊ ဝင်လေ ရှူ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါ၊ တိုစွာ မူလည်း။ ပဿသန္တော၊ ထွက်လေ ရှိုက်လတ်သော်။ ရဿံ၊ တိုစွာ။ ပဿသာမီတိ၊ ထွက်လေရှိုက်၏ဟူ၍။ ပဇာနာတိ၊ သိ၏။

ဤသို့ "ပဌမဒုက"၏ အခြားမဲ့၌ "ဒုတိယဒုက" ကိုဟောတော်မူ၏၊ ထိုဒုတိယဒုကဟု ဆိုအပ်သော ဒုတိယနည်းကို ပွါးများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် "ပြောလာမှု"သာ၍ကောင်း၏၊ ထင်ရှားစေအံ့– အာရုံပြောခြင်းသည် (၁)မမေးဘဲနှင့်ပြောသောသူ၊(၂)မေးမှပြောသောသူ၊ (၃) မမေးဘဲလည်းမပြော, မေးသော်လည်းမပြောသောသူ ဟူ၍ သုံးယောက်ရှိ၏၊ ထိုသုံးယောက် တို့တွင်–

(၁) အကြင်သူသည် နိမိတ်အာရုံလည်းရ, ရေတွက်မှုလည်းရခဲ့အံ့ ဒုတိယနည်းဖြင့် "မမေးဘဲပြော" သောသူမည်၏၊ ဒုတိယနည်းသို့ ပြောင်းရခြင်း,

(၂) အကြင်သူကား ဝါရရေတွက်မှုသာရ၍ အာရုံကား တစုံတခုမျှမထင်မြင်လာ၊ထင်မြင်မည်လောဟု ဒုတိယနည်းကို အားထုတ်စေကာ မေးကာမှတစုံတရာထင်မြင်လာမှု"မေးမှပြော"သောသူဟုမှတ်ကာ ဒုတိယနည်းသို့ပြောင်းပေးရခြင်း,

(၃) အကြင်သူကား ဘာသာလည်း မထင်၊ ဒုတိယနည်းနှင့် မေးသော်လည်းမရ၊ ဝါရရေတွက်မှုကား ရလည်းရ၏၊ ကြာလည်းကြာလှလေပြီ၊ ဤသူကား သဒ္ဓါတရားလည်းရှိ၏၊ မလိမ်တတ်၊ ဝီရိယလည်းရှိ၏၊ ထိုသူကို "မမေးဘဲလည်းမပြော မေးသော်လည်းမပြော" သောသူဟု ဆရာက ဆ၍ ဒုတိယနည်းသို့ ပြောင်းပေးရခြင်း သုံးယောက်တည်း။

ဤကဲ့သို့ ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သတ္တဝါတို့၏ အလိုက် စရိုက်နှင့် လျော်ညီစွာ"ဒီဃဗန္ဓန,ရဿဗန္ဓန"ခေါ် ရှည်တိုရှုနည်း နှစ်ဌာနတိုဖြင့် ခွဲခြား၍ ပြထားလေရာ အချို့သောသူတို့သည် "မြွေ, ဆင်,ကျွဲ,နွား" တို့ကဲ့သို့ ဝင်လေ ထွက်လေကို ရှည်ရှည်ရှုလေ့ရှိကုန်၏၊အချို့သောသူတို့ကား"ခွေး,ယုန်"တို့ကဲ့သို့ ဝင်လေထွက်လေကိုတိုတိုရှုလေ့ရှိကုန်လေ့ရှိကြပေ၏၊ထိုနှစ်ပါးသော "ဒီဃဗန္ဓန,ရဿဗန္ဓန" တို့တွင် ယခုအခါ၌ကား များသောအားဖြင့်"ဒီဃဗန္ဓန"သာ အလွန်များကြ၍ငင်း၊ ပဌမနည်းက လေတို၌လိမ်မာပြီးဖြစ်သောကြောင့်

ၛင်း၊ ငါတို့၏ ဆရာတော်ဘုရားကြီးများထံမှ "အာစရိယ ဟတ္ထမုဒ္ဒိနယ" ခေါ် လက်ဆုပ်လက်ကိုင် ရအပ်သော "ဒိဃဗန္ဓန" နည်းသက်သက်ဖြင့်သာ အားထုတ်ရာတွင် "သမာဓိ" တရား ကြီးထွားတိုးတက်ခြင်း မြန်ပေသော ကြောင့်ၛင်း "ရဿဗန္ဓနနည်း" မဘက် "ဒိဃဗန္ဓနနည်း" သက်သက်ဖြင့်သာ ညွှန်ပြပေအံ့။

---

## ပွားများအားထုတ်ပုံ အာကာရ သုံးပါးကိုပြခြင်း

ဤ "ဒိဃဗန္ဓန" ခေါ် ရှည်ရှည်ရှုနည်းကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်အား "ဆရာဖြစ်သူက" (၁) အဒ္ဓါနာကာရ၊ (၂) ဆန္ဒဝသာကာရ၊ (၃) ပါမောဇ္ဇာ သာကာရ ဟူ၍ အာကာရကြီးသုံးပါးကို မှတ်၍ တပါး တပါး၌ (၁) အဿာသာကာရ၊ (၂) ပဿာသာကာရ၊ (၃) အဿာသပဿာသာကာရတို့ဖြင့် "သုခုမ,သုခုမ တရ,သုခုမတမ" သို့ရောက်အောင် သွင်းရာ၏။

**ထင်ရှားစေအံ့**–အဘယ်ကဲ့သို့ သွင်းရမည်နည်းဟူမူကား (၁) "အဒ္ဓါနကာရ"–မိမိ၏နှာသီးဝဝယ် အမှတ်သတိကို မြဲစွာတွယ်ပြီးကာ ငါ၏ထွက်လေကို ရှည်ရှည်ရှိုက်မည်ဟု ဖြည်းညှင်းသာယာ အလွန်နူးညံ့သိမ်မွေ့စွာ နှာဝမှ ဆေး လိပ်မီးခိုးများလွှတ်သလို လွှတ်ရမည်၊ထို့အတူ ငါ၏ဝင် လေကိုရှည်ရှည်ရှုမည်ဟုထွက်လေဆုံးသည်နှင့်တကွ နှာသီး ဝသို့ရောက်အောင် ဖြည်းညှင်းသာယာ အလွန်နူးညံ့သိမ်မွေ့ စွာရှုသွင်းရာ၏၊ ထိုကဲ့သို့အားထုတ်ရာ၌ မိမိနှာဝကို ဖြောင့်

စွာထား၍ နှာဝမဖြောင့်သော်လည်း မိမိစိတ်ကဖြောင့်၏ဟု အမှတ်ပြုကာ မိမိ၏ရှေ့နှာဝကစ၍ နှစ်တောင့်ထွာမျှ ပမာဏယေ နှာသီးဝနှင့်အနိမ့်အမြင့်ညီမျှစွာ တမျဉ်းကြိုးများ တန်းထားဘိသကဲ့သို့ စိတ်ဖြင့်မှန်းကာ ထွက်လေကစ၍ ဒါးကြိမ်,ခြောက်ကြိမ်,ခုနစ်ကြိမ်,ရှစ်ကြိမ်စသည်ဖြင့် တွန်း၍ တွန်း၍ ပို့ရာ၏၊ ထို့အတူ ဝင်လေကိုလည်း နဲနဲ နဲနဲ ဆွဲ၍ ဆွဲ၍ယူရာ၏၊မိမိနှာဝမှ တမျဉ်းကြိုး တန်းထားဘိသကဲ့သို့သော အရပ်ဖြောင့်ဖြောင့်မှ ရှေ့,နောက်,ဝဲ,ယာ,အထက်,အောက်,ပတ်ဝန်းကျင် ရပ်ဒိသာသို့ မကြည့်လင့်။

ဥပမာ— အဘယ်လိုနည်းဟူမူကား တောင်သူလူမျိုးသူငယ်ကလေးတို့သည် စပါးရိုးကို တထွာခန့်မျှဖြတ်ကာ ထိပ်မှလေးမြွာခွဲ၍ မြေကြီးတွင် တီကျစ်၍ထုတ်အပ်သော တီသီးလုံးကလေးကို စပါးရိုးထိပ်တင်ကာ ပါးစပ်ဖြင့် မော့ပြီး ညင်သာလှစွာအားပင့်၍ ဆင့်ကာ ဆင့်ကာ မှုတ်တင်လိုက်သောအခါ တီလုံးကလေးမြင့်တက်သွားသလို ထို့အတူ လေကိုညင်သာစွာ လျှော့၍ လျှော့၍ ချလိုက်ရာ စပါးရိုး၏ထိပ်ဝသို့ တီလုံးကလေးငြိမ်သက်စွာ ကျလာဘိသကဲ့သို့ ဤအတူ ယောဂီပုဂ္ဂိုလ်သည်လည်း အလွန်နူးညံ့သိမ်မွေ့စွာ အားထုတ်လေ့လာရာ၏။

[ဗိုင်းဝင့်ဥပမာ, ပွတ်ကြိုးဆွဲဥပမာတို့သည်း နည်းတူပင်တည်း။]

ထိုသို့—အားထုတ်သောသူတို့တွင် ထွက်လေ၏ ရှည်ရှည်ရှိက်ခြင်းကိုသာ မှတ်သောသူသည် "ပဿာသာကာရ အဒ္ဓါန" ပုဂ္ဂိုလ်မည်၏၊ဝင်လေ၏ ရှည်ရှည်ရှုခြင်းကိုသာ မှတ်သောသူသည် "အဿာသာကာရ အဒ္ဓါန"ပုဂ္ဂိုလ်မည်

၏၊ ဝင်လေ ထွက်လေ၏ ရှည်ရှည်ရှုခြင်း, ရှိက်ခြင်းတို့ကို မှတ်သောသူသည် "အဿာသပဿာသကာရ အဒ္ဓါန" ပုဂ္ဂိုလ်မည်ပေ၏။

[သုခုမံ ဘို။]

(၂) "ဆန္ဒဝသကာရ"–ထို အဒ္ဓါနာကာရဖြင့် နှစ်တောင့်ထွာဟူသော မိမိနယ်ကို မလွန်စေမူ၍ မဂ္ဂင်သုံးပါးဖြင့် စောင့်ရှောက်စေလျက် အားထုတ်အပ်သော ယောဂီပုဂ္ဂိုလ်သည် တရှူထက်တရှူ တရှိုက်ထက်တရှိုက် တထိုင်ထက်တထိုင် တနေ့ထက်တနေ့ မိမိ၏ဘာဝနာ၌ သာယာသဖြင့် အစိုးတရရှိလှ၍ တိုး၍တိုး၍ အားထုတ်လိုသော ဆန္ဒဖြင့် "ကုသလစ္ဆန္ဒ" ဖြစ်၍ တိုး၍ဘိုး၍ အားထုတ်သော ယောဂီသည် "ဆန္ဒဝသကာရ" သို့ ရောက်ပေ၏။

ထို "ဆန္ဒဝသကာရ" အားရှိလှသဖြင့် ဘိုး၍တိုး၍ အားထုတ်သောသူသည် ဝင်လေထွက်လေ၏ ရှုန့်ရင်းခြင်း မရှိ လေဟုန်ကိုစီး၍လိုက်သော ငှက်ကြီးကဲ့သို့ အလွန်နူးညံ့ခြင်းသို့ရောက်လေ၏၊ ဤစကားသည်မှန်၏၊ ပူပန်ခြင်း ကင်းသောသူသည် ဝင်လေထွက်လေ၌ အလွန်လိမ်မာလှ၍ အလွန်နူးညံ့ခြင်းသို့ ရောက်လေ၏။

[သုခုမတရဘို။]

(၃) "ပါမောဇ္ဇဝသကာရ"– ထိုအလွန်နူးညံ့ခြင်းသို့ ရောက်သောယောဂီအား ထို "ဆန္ဒဝသကာရ" အစွမ်းသည် "သုခုမတရ" အကြိမ်များစွာဖြစ်လှ၍ မိမိစိတ်သည် ငြိမ်သက်လှသည်ဖြစ်၍ ကမ္မဋ္ဌာန်း၏ ခရီးသို့ သက်ခြင်းကြောင့် မထင်မြင်ဘူးသော "ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်"

တို့ကို ထင်မြင်ရခြင်းကြောင့် "ပါမောဇ္ဇဝသာကာရ" သို့ ရောက်လေ၏၊ ထို "ပါမောဇ္ဇဝသာကာရ" သို့ရောက်သော ယောဂီအား ပကတိသော ဝင်လေထွက်လေကို လွှတ်၍ နိမိတ်ဟူသော အာရုံ၌ တည်လေတော့၏။

[သုခုမတာမတ္တံ။]

ထို "ပါမောဇ္ဇဝသာကာရ" ရောက်လျှင် "ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်" တို့ ထင်မြင်လာရမြဲပေတည်း၊ (အမှာ—ဤဋီကာရှင် "ဗဒရတိတ္ထ" ဆရာ ရှင်ဓမ္မပါလကြီးကား "ဥဏ္ဏာ" နည်းအားဖြင့် "ပဋိဘာဂနိမိတ်" ကို ပြတော်မူသည်။) ဤသို့ "ပါမောဇ္ဇဝသာကာရ" သို့ရောက်သော ယောဂီအား မိမိရအပ်သော "အာနာပါန" ကို မှီ၍ဖြစ်သောနိမိတ်ကို အစဉ်တစိုက်လိုက်၍ကြည့်အပ်၏၊ "အဘယ်ကြောင့်" ဆိုပါသော် ဤ အဿာသပဿာသနိမိတ်သည် လည်း "အဿာသ ပဿာသ" မည်ပေတော့၏၊ ထို့ကြောင့် အစဉ်တစိုက်လိုက်၍ ရှုအပ်၏။

[ဤသို့ပြခဲ့သည်ကား မဟာဋီကာမှ။]

ဤသို့သော စကားအစဉ်ဖြင့် ပဌမနည်းဖြင့် "သတောကာရီ"၏အဖြစ်ကိုပြခဲ့၏၊ ဤဒုတိယနည်းတို့ဖြင့် ကိုးပါးသော အာကာရတို့တွင် တပါးပါးသော အာကာရသို့ တက်၍တက်၍ အဆုံးဖြစ်သော "ပါမောဇ္ဇဝသာကာရ" ဖြင့် "သတုပဋ္ဌာန"ကိုပြရ၏၊ ထိုသတုပဋ္ဌာနသို့ရောက်မှ ကလျာဏစသောဘုံသို့တက်နိုင်မည်။

---

## နိမိတ်ပေါ်ပုံကိုပြခြင်း

ထို''သတုပဋ္ဌာန''သို့ရောက်က နိမိတ်တို့ ထင်မြင်ရ၏ဟု ဆိုသော် အဘယ်သို့ထင်မြင်ရမည်နည်း၊ ယောဂီပုဂ္ဂိုလ်၏ ''ဝီရိယ,သတိ,သမာဓိ''တို့ ဘာဝနာအဟုန် ဂုဏ်ကြောင့်အလိုအလျောက်ပေါ်ပေါက်လာရသော ''ဥဂ္ဂဟ,ပဋိဘာဂ'' နိမိတ်သည် သမာဓိကိုရသောသူ၏ ဘာဝနာသညာကြောင့် ဖြစ်သောတရားထူးတခုပေတည်း။

[ဝိသုဒ္ဓိမဂ်,မဟာဋီကာတို့မှ။]

ထိုတရားထူးသည် အကြင်အခါ မိမိယူအပ်သော အာနာပါနဟူသော ''ပရိကံ'' အားရှိလတ်သော် စိတ်ဖြင့်ကောင်းစွာ ထွက်လေဝင်လေဟု''သညာ''ကယူခဲ့အံ့၊ ဝါ-ဝင်လေပြီထွက်လေပြီဟူ၍ထင်မြင်ခဲ့အံ့၊ ထိုအခါ၌ မျက်စိဖြင့်မြင်သကဲ့သို့၊ ဝါ-မီးခိုးကို နှာခေါင်းမှ လွှတ်၍ကြည့်သကဲ့သို့ မိမိ၏စိတ်အား ထင်မြင်ခဲ့၏၊ ထိုသို့ထင်မြင်သော တရားထူးတခုသည် ''ဥဂ္ဂဟ'' နိမိတ်ခေါ်သောတရားသည် တည်လေ၏။

[သဂြိုဟ်မှ။]

ထိုထင်မြင်သော ''ဥဂ္ဂဟ'' နိမိတ်သည် အမြဲမဟုတ်၊ အချို့သောသူတို့အား''သောက်ရှူးကြယ်''အချို့သောသူတို့အား ''ပတ္တမြားလုံး'' အချို့သောသူတို့အား ''ပုလဲလုံး'' အချို့သောသူတို့အား ''ဝါစေ့'' သစ်သားနှစ်''တံကျင်'' အချို့ ''ဆောက်လုံးကြိုး,ပန်းဆိုင်း,မီးခိုး,တိမ်ညွန့်'' စသည်တို့ကဲ့သို့ထင်မြင်လာရ၏၊အမြဲမဟုတ်။

[ဝိသုဒ္ဓိမဂ်မှ။]

## နိမိတ်၌စိတ်ကိုထားကာပွါးများပုံ ဘာဝေတဗ္ဗသုံးပါးကိုပြခြင်း

ထိုအဋ္ဌကထာတို့၌ များစွာဆိုအပ်သော နိမိတ်တို့တွင် တပါးပါးသောနိမိတ်ကို ထင်မြင်ခါစဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ရအပ်သော "ဥဂ္ဂဟ" နိမိတ်ကိုယူဆောင်၍ (၁)"ဘာဝေတဗ္ဗ၊ (၂)သမန္နာဟရိတဗ္ဗ၊ (၃) တက္ကာဟတ ဝိတက္ကာဟတ"တို့သို့ ရောက်အောင် စီးဖြန်းမယုတ် အားထုတ်အပ်၏။

[ဝိသုဒ္ဓိမဂ်။]

ထင်ရှားစေအံ့—(၁) ထိုသုံးပါးတို့တွင် ဥဂ္ဂဟနိမိတ်၌ နေ့ရောည့်ပါ အခါခပ်သိမ်းပွါးများခြင်းသည်"ဘာဝေတဗ္ဗ" မည်၏၊ (၂) ထိုနေ့ရောညဉ့်ပါ ပွါးများအပ်သော ဥဂ္ဂဟနိမိတ်၌သာလျှင် မိမိစိတ်ကို ထားခြင်းသည် "သမန္နာဟရိတဗ္ဗ" မည်၏၊ (၃) ထိုနေ့ရောညဉ့်ပါ ပွါးများအပ်သောဥဂ္ဂဟနိမိတ်၌ ဘာဝနာစိတ်ကို သမ္ပယုတ်တရားတို့နှင့် ရှေးရှုကြံဆောင်ခြင်း, ဝိဇသသဖြစ်သော ဘာဝနာစိတ်ကို သမ္ပယုတ်တရားတို့နှင့်တကွ ရှေးရှုကြံဆောင်ခြင်းသည်"တက္ကာဟတ ဝိတက္ကာဟတ"မည်၏၊ ကြမ်းကြုတ်သောဥဂ္ဂဟနိမိတ်၌ ကြမ်းသောအလျောက်,နူးညံ့သော ဥဂ္ဂဟနိမိတ်၌ နူးညံ့သောအလျောက် ရှေးရှု ကြံဆောင်အပ်၏-ဟူလို။

ဤသို့လျှင် ပြအပ်ပြီးသောစကားအစဉ်ဖြင့် ကမ္မဋ္ဌာန်းဆရာက "အာကာရသုံးပါး"သို့ရောက်အောင် သွတ်သွင်း

ပြီးကာ "ဘာဝေတဗ္ဗသုံးပါး"တို့ဖြင့် ပွါးများအားထုတ်ကြစေကုန်ရာ၏။

---

## သဘာဝမကျ ယောဂီသုံးဝ ကိုပြခြင်း

ထို ဥဂ္ဂဟအာရုံနိမိတ်သည် ၌"အာကာရ သုံးပါး, ဘာဝေတဗ္ဗသုံးပါး" တို့ဖြင့် ပွါးများအားထုတ်အပ်သော ယောဂီပုဂ္ဂိုလ်သည်–

(၁) "အဘိက္ကမ ပဋိက္ကမ"ဟူသော နောက်ဆုတ်ထိုင်တယောက်။

(၂) "ပဋိက္ကမ အဘိက္ကမ" ဟူသော ရှေ့တိုးထိုင်တယောက်။

(၃) "ဠိတိ"ဟူသောရပ်၍ ငုတ်တုတ်ထိုင်တယောက် ဟူ၍သုံးယောက်ရှိ၏။

### ထင်ရှားစေအံ့-

(၁) ထိုသုံးယောက်သောသူတို့တွင် အကြင်သူ၏ပေါ်လာသောဥဂ္ဂဟနိမိတ်သည် နောက်ကျ၍၊ ထိုနောက်ကျသောဥဂ္ဂဟနိမိတ်ကို ရှည်ရှည်ရှုခြင်းဖြင့် ပွါးများဘန်များလတ်သော် ဖြူဖွေးစွာဖြစ်တတ်၏၊ ထိုနည်းတူစွာ ပွါးများလတ်သော် "ခတောက်ပန်း,တံမြက်ညွန့်,မရမ်း" စသည်တို့ကဲ့သို့ဖြစ်တတ်၏၊ ထိုနည်းတူစွာ ရက်များလတ်သော်အဆင်းပျောက်၍ အလွန်ကြည်လင်ခြင်းသို့ ရောက်လေ၏၊ထိုအခါ မိမိ၏အာရုံကို ဩဒ်– ငါ၏ဥဂ္ဂဟနိမိတ်သည် အဆင်းပျောက်ခဲ့ပြီ၊ အလွန်ကြည်လင်သော "ဆီးနှင်းရေ" ၏အရောင်ကဲ့သို့ဝင်း၊ "ဆီ"၏အရောင်, "ဖလ်"၏အရောင်ကဲ့

သို့ရင်း,"တံလျှပ်"၏အရောင်, "မီးပေါက် မီးပွါး" ၏အရောင်,နှုတ်ခမ်းလေဖြင့် ပြင်းစွာမှုတ်အပ်သော "ရေမှုန်" တို့၏အရောင်ကဲ့သို့ရင်း ရှုရမည်ကို မရှုမူ၍ ငါမြင်သော မီးခိုးကို မမြင်ပါခဲ့၊ မြင်စေရဦးမည်ဟူ၍ မီးခိုးအရောင် စသည်တို့ကဲ့သို့သောအရောင်ကို တဖန်ပြန်၍ အာရုံပြုခြင်း သည်"နောက်ဆုတ်"ထိုင်မည်၏။

(၂) အကြင်သူသည် မိမိမြင်လာသော ဥဂ္ဂဟနိမိတ် ကား မီးခိုးတိမ်ညွန့်ကဲ့သို့သာ ရှိသေးသည် ဖြစ်ပါလျက် မိမိ၏အာရုံကား "ဆီ,နှင်း,ရေ" စသောအကြည်သုံးပါးတို့ အရောင်ကိုအာရုံပြုနေခြင်းသည်"ရှေ့တိုး"ထိုင်မည်၏။

(၃) အကြင်သူသည် မြင်လာသောဥဂ္ဂဟနိမိတ်ကား "မီးခိုး,တိမ်ညွန့်" စသည်ကိုမြင်ရ၏၊ ထိုပဌမမြင်ရသော အာရုံကိုသာအာရုံပြု၏၊ နိမိတ်ကတိုးသော်လည်း အာရုံက မလိုက်၊ ထိုသူသည်"ငုတ်တုတ်"ထိုင်မည်၏။

ထိုနောက်ဆုတ်ထိုင်, ရှေ့တိုးထိုင်, ငုတ်တုတ်ထိုင် တို့သို့ မသက်မူ၍ "အနုပုဗ္ဗိကပဋိပဒါပါက" ခေါ် အစဉ်သဖြင့် ရှေ့သို့ ပေါ်လာသမျှ နိမိတ်ကို အာရုံပြုကာ ပွါးများ အားထုတ်ခြင်းဖြင့်နောက်ကျသောဥဂ္ဂဟသည် တနေ့ထက် တနေ့ ရင့်သန်သဖြင့် အဆင်းပျောက်ခြင်းဟု ဆိုအပ် သော ကြည်လင်သန့်ရှင်းခြင်းသို့ ရောက်လေရာ၏။

## ကြည်လင်ခြင်း နှစ်ပါးကို ခွဲခြား၍ပြခြင်း

ထိုကြည်လင်သန့်ရှင်းခြင်းသည်လည်း (၁) ဥဂ္ဂဟ၏ ကြည်လင်ခြင်း၊ (၂) ပဋိဘာဂ၏ ကြည်လင်ခြင်းဟူ၍ နှစ်ပါးပြား၏၊ ထိုနှစ်ပါးတို့တွင်—

(၁) အကြင်သူသည် တရံတခါမျှ နိမိတ်ကို မမြင်ဘူးသေး၊ထိုသို့မမြင်ဘူးသေးသောသူ၏ ထင်မြင်သော''ဥဂ္ဂဟနိမိတ်''သည် မည်းညစ်၏၊ မသန့်ရှင်း၊အမှိုက်စိုကိုမီးတိုက်အပ်သော ''မီးခိုး''စသည်နှင့် တူ၏၊ထိုမီးခိုးနှင့် တူသောနိမိတ်သည်ရံခါရံခါသာရ၏၊ ရံခါရံခါမရ၊''ဥပဋ္ဌာနမဏ္ဍ'' ခေါ် ထင်ကာမျှသာတည်း၊ ''ဥဂ္ဂဟ''မဟုတ်၊ အကြင်သူသည် ထိုနိမိတ်၏အာရုံကို ယူတိုင်းယူတိုင်းရ၏၊ ထိုသူသည် ''ဥဂ္ဂဟ''မည်၏၊ ထိုယူတိုင်းယူတိုင်းရသော ဥဂ္ဂဟနိမိတ်သည် ပဌမ ရစကပင် ကြည်လင်အံ့၊ ''ဥဂ္ဂဟ''၏ကြည်လင်ခြင်းမည်၏၊ မိမိအလိုသို့ မလိုက်သေး၊ ပွါး၍မရသေး။

(၂) အကြင်သူ၏ ''ဥဂ္ဂဟ''သည် ယူတိုင်း ယူတိုင်းလည်းရ၏၊ တရက်ထက်တရက်လည်း ကြည်လင်၏၊ မိမိ၏အလိုသို့လည်း လိုက်၏၊ ပွား၍လည်းရ၏၊ ထိုနိမိတ်သည် ''ပဋိဘာဂ''သို့ သက်သည်ဖြစ်၍ ပဋိဘာဂ၏ ကြည်လင်ခြင်းမည်၏။

---

## ဥဂ္ဂဟမှ ပဋိဘာဂသို့ရောက်အောင်ပွါးခြင်း

အဘယ်သို့သက်၍ အဘယ်သို့ကြည်လင်ကာ အဘယ်သို့ပွါး၍ ရပါသနည်းဟူမူကား ယူတိုင်း ယူတိုင်း ရသော''ဥဂ္ဂဟနိမိတ်''သည်မည်းညစ်ခဲ့အံ့၊ အမှိုက်မီးခိုး, ရေနံမီးခိုး

တို့ကဲ့သို့ရှိအံ့၊ထိုမည်းညစ်သော "ဥဂ္ဂဟနိမိတ်" ကိုပင် နေ့ ရေးညှဉ့်ပါ အခါခါ အထပ်ထပ် ရှုအပ်ရှုက်အပ်၏၊ ထိုသို့ ရှုဘန် ရှုက်ဘန်များလတ်သော် "လဲဝါဠမ်း" ကဲ့သို့ငှင်း၊ ဆောင်းလတို့၏ "တိမ်တောင်" တို့ကဲ့သို့ငှင်း၊ "ဇလပ်ဖြူ ပန်း" တို့ကဲ့သို့ငှင်း၊"ခတောက်ပန်း"တို့ကဲ့သို့ငှင်း စသည် ဖြင့်ဖြစ်၏၊ဤသို့စသည်ဖြစ်လာမှု "ပဋိဘာဂ" သို့သက်၏။

ထိုပဋိဘာဂသို့ သက်သော နိမိတ်ကို ရှေးနည်းတူစွာ ရှုဘန်ရှုက်ဘန်များလတ်သော် အလွန်ကြည်သော "ရေ" ကဲ့သို့ငှင်း၊"ဆီရောင်,ဖလ်ရောင်"ကဲ့သို့ငှင်း၊ "မီးပေါက်မီး ဇွား"ကဲ့သို့ငှင်း ထင်မြင်လာမှု မိမိစိတ်က ရှည်စေလိုမှု ရှည်၏၊ တိုစေလိုမှုတို၏၊ ကြီးစေလိုမှုကြီး၏၊ အကယ်၍ ထက်ခဲ့ပါမူ ကောင်းကင်သို့ငှင်း,စကြဝဠာသို့ငှင်း ရောက် အောင်လွှတ်လိုက်နိုင်၏၊ ဤကား သက်ပုံ,ကြည်ပုံ, ပွါးပုံ တည်း။

[မဟာဋီကာမှ။]

ဘာဝနာဝသေန ဟိ နိမိတ္တုပဋ္ဌာနံ၊ ပဋိဘာဂ-
နိမိတ္တံ ပန တသ္မိံ ဥပ္ပန္နေ ဘာဝနာ ထိရာ တိ
ကတွာ ဝဍ္ဎိယမာနံ ဝေပုလ္လတိတိဝုတ္တံ။
[မဟာဋီကာ။]

ဟိ-သစ္စံ၊မှန်၏။ ဘာဝနာဝသေန၊ ဘာဝနာ၏ အစွမ်း ဖြင့်။ နိမိတ္တုပဋ္ဌာနံ၊ နိမိတ်ကိုပွါးခြင်းသည်။ ဟောတိ၊ ဖြစ်နိုင် ၏။ ပဋိဘာဂနိမိတ္တံပန၊ ပဋိဘာဂနိမိတ်သည်ကား။ တသ္မိံ၊ ထိုပဋိဘာဂနိမိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ဘာဝနာ၊ အာရုံရှိသော ဘာဝနာစိတ်သည်။ ထိရာ၊ မြဲမြံခိုင်ခံ့ တည်

တံ့၏။ ဗုတိကတ္ဝာ၊ ဤသို့နှလုံးပြု၍။ ဝမိုယမာနံ၊ ပွါးစေလိုသည်ရှိသော်။ဝမုတိ၊ အလိုရှိတိုင်း ကျယ်ပြန့်တိုးပွါး၍ နိမိတ်ကိုကစားနိုင်၏။ ဗုတိ၊ ဤသို့သောအဓိပ္ပါယ်ကို။ဝုတ္တံ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ မိန့်မှာလေ၏။

[အကျယ်သိလိုက ဝိသုဒ္ဓိမဂ်မှာရှု။]

နိမိတ္တေ ဌပယံ စိတ္တံ၊
နာနာကာရံ ဝိဘာဝယံ။
ဓိရော အဿာသပဿာသေ၊
သကံ စိတ္တံ နိဗန္ဓတိ။

[ဝိသုဒ္ဓိမဂ် အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ။]

ဓိရော၊ ပညာ, သမာဓိ ရှိသောယောဂီသည်။ အဿာသ ပဿာသေ၊ ထွက်လေဝင်လေ နှစ်ပါး၌။ နာနာကာရံ၊ အထူးထူးသော အခြင်းအရာကို။ ဝိဘာဝယံ၊ စွန့်လွှတ်ပယ်ဖျောက်လျက်။ နိမိတ္တေ၊ ခြင်းရာထွေပြား ထင်ရှားမရ ပဋိဘာဂနိမိတ်၌။ စိတ္တံ၊ ဝင်းဝင်းလျှံဖိတ် ဘာဝနာစိတ်ကို။ ဌပယံ၊ ထားလျက်။ သကံစိတ္တံ၊မိမိစိတ်ကို။ နိဗန္ဓတိ၊ အပ္ပနာဖြင့်ဖွဲ့၏။ ဝါ၊ ဈာန်စိတ်ဖြစ်စေ ဝင်စားစေ၏။

နိမိတ္တံ ရက္ခတော လဒ္ဓ၊ ပရိဟာနိ န ဝိဇ္ဇတိ။
အာရက္ခမှိ အသန္တမှိ၊လဒ္ဓံ လဒ္ဓံ ဝိနဿတိ။

[ဝိသုဒ္ဓိမဂ် ပထဝီကသိဏနိဒ္ဒေသ။]

နိမိတ္တံ၊ ရပြီးသော ပဋိဘာဂ နိမိတ်ကို။ ရက္ခတော၊ စကြာမင်းလောင်း သားကောင်းသန္ဓေ မွေးမေ စောင့်သကဲ့သို့ ကောင်းမွန်စွာ စောင့်ရှောက်အပ်သော ယောဂီအား။ လဒ္ဓပရိဟာနိ၊ ရပြီးသော ဉပစာရဈာန်၏ ဆုတ်ယုတ်ပျက်စီးခြင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ အာရက္ခမှိ၊ အာရုံ

နိမိတ်ကို စောင့်ရှောက် ခြင်းသည်။ အသန္တမှို၊ မရှိခဲ့လတ်သော်။ လဒ္ဓိလဒ္ဓိ၊ ရတိုင်း ရတိုင်းသော ဥပစာရ ဈာန်သည်၊ ဝိနဿတိ၊ ပျောက်ကွယ်တိမ်ကော လျှောကျလေ၏။

ထိုသို့ လာသောစကားအရ စောင့်ရှောက်ရပုံ အခြင်းအရာကား "**အသပ္ပါယ ခုနစ်ပါး, သပ္ပါယ ခုနစ်ပါး, အပ္ပနာကောသလ္လ ဆယ်ပါး**"တို့ဖြင့် မယိမ်းမယိုင် ကြံ့ခိုင်တည်မြဲစွာ စောင့်ရှောက်ကြ ကုန်ရာ၏၊ ထို အစီအစဉ် များကား "**ဥယျောဇနကထာ**"တွင် ပြခဲ့ပြီ၊ ရှုလေတော့။

## ဒုတိယနည်း မဂ္ဂင်စောင့်ပုံကို ပြခြင်း

၍ ဒုတိယဒုက၌ မဂ္ဂင်စောင့်ပုံမှာ နှာသီးဝမှ မိမိ မှန်းထားသော ဌာနသို့ လေကိုရင်း, ၎င်း၏ နိမိတ်ကိုရင်း ချီးပင့်ခါ ဆင့်၍ဆင့်၍လွှတ်ခြင်း၊ ထိုအမှတ်မှ နှာသီးဝသို့ ချီးပင့်ကာဆင့်၍ဆင့်၍ ရှုခြင်းသည် "**သမ္မာဝါယာမ**"မဂ္ဂင်မည်၏၊ အားပင့်တိုင်း အမှတ်သတိ ရှိခြင်းသည် "**သမ္မာသတိ**" မဂ္ဂင်မည်၏၊ အာရုံတပါးသို့ မပြေးသွား စေမူ၍ မိမိ၏ နိမိတ်၌သာအာရုံစိုက်ကာ တည်တံ့စွာနေခြင်းသည် "**သမ္မာသမာဓိ**" မဂ္ဂင်မည်၏။

ဒုတိယနည်း ပြီး၏။

---

တတိယ ဒုက

## တတိယနည်းကိုပြခြင်း

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာ-မီတိ သိက္ခတိ။

[မဟာသတိ ပဋ္ဌာနသုတ်။]

သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသောဝင်လေ၏ အစ, အလယ်,အဆုံး သုံးပါးလုံးကိုထင်စေလျက်။အဿသိဿာမိတိ၊ ဝင်လေကို ရှူအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။ သဗ္ဗကာယပဋိသံဝေဒီ၊အလုံးစုံသောထွက်လေ၏ အစ,အလယ်,အဆုံး သုံးပါးလုံးကို ထင်စေလျက်။ ပဿသိဿာမိတိ၊ ထွက်လေကို ရှိုက်အံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။

ဤဒေသနာတော်နှင့်လျော်ညီစွာ ''တတိယဥက'' ကို ပွါးများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ''အနုဗန္ဓန,ဖုသန''နှစ်နည်းယှက်ကာ ဝင်လေထွက်လေသို့ အစဉ်လိုက်ခြင်းဟု ဆိုအပ်သော ''အနုဗန္ဓန''၊ထိရာထိရာ၌သာန၌ သိမှတ်ခြင်းဟု ဆိုအပ်သော ''ဖုသန'' နည်းတို့ဖြင့်ပြုကာ ပွါးများအားထုတ်ကြကုန်ရာ၏။

---

## ပွါးများအား၊ထုတ်ပုံကိုပြခြင်း

''ဘာဝနာယောဂီ'' သည် ဒုတိယနည်းဝယ် အပြင်အပ ''ဗဟိဒ္ဓ'' သို့ လွှတ်ကာ လေ့လာပါများ၍ ဝင်လေ ထွက်လေတို့ နူးညံ့သိမ်မွေ့၍ ''ပဋိဘာဂနိမိတ်'' ၌လိမ်မာကျွမ်းကျင်လှသည်ရှိသော် ''ဗဟိဒ္ဓ'' ခေါ် ပြင်ပအာရုံကို သိမ်းကာ မိမိ၏''အဇ္ဈတ္တ'' ခေါ် ခန္ဓာကိုယ်တွင်းသို့သွင်းလျက် ဝင်လေမှစ၍ ''အာရုံနှင့် အာရမ္မဏိက''ခေါ် လေနှင့်သတိတရားတို့ကို တပါတည်းညီညွတ်စေလျက် ဝင်လေ၏အစကား နှာသီးဖျား,အလယ်ကား ရင်ချိုင့်,အဆုံးကား ချက်၊ ထွက်လေ၏အစကား ချက်,အလယ်ကား ရင်ချိုင့်,အဆုံး

ကား နှာသီးဖျား၊ ဤကဲ့သို့ ခန္ဓာကိုယ်အတွင်း သက်ကာ တက်ကာ နှလုံးသွင်းရှုမှတ်ကြရာ၏။

**ထင်ရှားစေအံ့–** ဤကဲ့သို့ နှလုံးသွင်း ဆင်ခြင်ပါများ လတ်သော် "ဒုတိယ နည်း"က ရခဲ့သော အလွန်ကြည်လင် သန့်ရှင်းသော"ပဋိဘာဂနိမိတ်"သည်ပင် ဝင်သကဲ့သို့ထွက် သကဲ့သို့ငှင်း၊"ပြဒါးချိန်"ထည်းကပြဒါးလုံးသည်အာလယ် တည့်တည့်အမှတ်ကိုတိုက်ကာ အစအဆုံး ပြေးနေဘိသ ကဲ့သို့ငှင်း၊"ပုလင်း"ဖြူဖြူတွင် ရေထည့်နေသည်ကို မြင်ရဘိ သကဲ့သို့ငှင်း၊ စသည်အားဖြင့် တလိမ့်လိမ့် တရိပ်ရိပ် သက် ကာ တက်ကာနေသည်ကို မျက်ဝါးထင်ထင် ရှုမြင်ရဘိသ ကဲ့သို့ "ယောဂီ"၏ ဉာဏ်ဝမှာ ထင်မြင်လာရပေတော့၏။

ထိုသို့ထင်မြင်လာသောနိမိတ်၏"အစ,အလယ်,အဆုံး" သုံးပါးလုံးကို ရှုကြည့်မှတ်သားကာ ဘာဝနာယောဂီ နှလုံးသွင်းဆင်ခြင်ရမည်မှာ ဝင်လေအခိုက်၌အစဖြစ်သော နှာသီးဝမှထကာ "လယ်,ဆုံး" ဟူ၍ငှင်း၊ ထွက်လေ အခိုက်မှာ အဆုံးဖြစ်သော ချက်မှထကာ "လယ်,စ"ဟူ၍ ငှင်း နှလုံးသွင်းဆင်ခြင်ကာ ရှုမှတ်ရာ၏။

---

## ထင်မြင်ပုံထူးခြားပုဂ္ဂိုလ်လေးစားကိုပြခြင်း

ဤကဲ့သို့ "အနုဗန္ဓန,ဖုသနာကာရ" တို့ဖြင့် နှလုံးသွင်း ရှုမှတ်ရာ (၁) "အာဒိလဒ္ဓ" ပုဂ္ဂိုလ်၊ (၂) "မဇ္ဈေလဒ္ဓ" ပုဂ္ဂိုလ်၊ (၃) "အန္တောလဒ္ဓ"ပုဂ္ဂိုလ်၊ (၄) "တယောလဒ္ဓ" ပုဂ္ဂိုလ်ဟူ၍ လေးမျိုးလေးစား ပြားနိုင်လေသေး၏။

**ထင်ရှားစေအံ့**— (၁) အကြင်ဘာဝနာ ယောဂီသည် ဤကဲ့သို့ ရှုမှတ်ပွါးများလေရာ နှာသီးဝ တဌာနသာ မှတ်မိပါ၍ ရင်လယ်သို့ရောက်ရာ၌ငင်း,ချက်သို့ ရောက်ရာ၌ငင်း မမှတ်မိပေ၊ ထိုသူသည် "**အာဒိလဒ္ဓ**" ပုဂ္ဂိုလ်မည်၏။

(၂) အကြင်သူသည် ရင်လယ် တဌာနသာမှတ်မိပါ ၍ ချက်သို့ရောက်ရာ၌ငင်း,နှာသီးဖျားသို့ ရောက်ရာ၌ငင်း မမှတ်မိပေ၊ ထိုသူသည် "**မဇ္ဈေလဒ္ဓ**" ပုဂ္ဂိုလ်မည်၏။

(၃) အကြင်သူသည် ချက် တဌာနသာမှတ်မိပါ၍ ရင် လယ်သို့ ရောက်ရာ၌ငင်း, နှာသီးဖျားသို့ ရောက်ရာ၌ငင်း မမှတ်မိပေ၊ ထိုသူသည် "**အန္တောလဒ္ဓ**" ပုဂ္ဂိုလ်မည်၏။

(၄) အကြင်ဘာဝနာယောဂီကား ဝင်လေထွက်လေ ၏ "နှာသီးဝ, ရင်လယ်,ချက်၊ ချက်, ရင်လယ်, နှာသီးဝ" ဟူသော သုံးပါးလုံးတို့၌ အစဉ်လျှောက်၍ ထိတိုင်းထိတိုင်း မှတ်မိ၏ သိ၏၊ ထိုသူသည်သာလျှင် "**တယောလဒ္ဓ**"ပုဂ္ဂိုလ် မည်ပေ၏၊ ဤသို့ဝိသုဒ္ဓိမဂ် အဋ္ဌကထာပြတော်မူအပ်သော ပုဂ္ဂိုလ်တို့တွင် လေးယောက်မြောက်ဖြစ်သော "**တယော လဒ္ဓ**" ပုဂ္ဂိုလ်သည်သာ အလိုရှိအပ်ပါသောကြောင့် "**တယောလဒ္ဓ**" ပုဂ္ဂိုလ်ဖြစ်သောင် ကြိုးဆောင်အားထုတ် ကြကုန်ရာသတည်း။

---

## အာနာပါနပဂုဏ—လေ့လာပုံကိုပြခြင်း

ဤကဲ့သို့အားထုတ်ရာတွင် "**နှာသီး,ရင်လယ်,ချက်**" ဟု ဆိုအပ်သော ဝင်လေ ထွက်လေ၏ အစ,အလယ်, အဆုံး သုံးပါးလုံးတို့ကို ရှုမှတ်၍ထင်မြင်ကာမျှသည်"**ပဋိသံဝေဒီ**"

မျှသာရှိပေသေး၏၊ ခန္ဓာကိုယ်၏ အစ,အဆုံး ထင်ရှားစွာ ပွါးများကုန်ဆုံးခြင်းဟု ဆိုအပ်သော "သဗ္ဗကာယအဋ္ဌကွရ" ဖြစ်စေခြင်းငှါ နှလုံးသွင်းဆင်ခြင်ရာတွင် ဝင်လေ၏ အစကား "ဦးထိပ်"၊ အလယ်ကား "ရင်ချိုင့်"၊ အဆုံးကား ထိုင်လျှင် "တင်ပါးဆုံ" အိပ်လျှင် "ခြေဖျား" တိုင်အောင် အစ,အလယ်,အဆုံး သုံးပါးလုံးတို့ကို ထင်ရှားစွာ လေ့လာပွါးများကြကုန်ရာ၏။

ဤသို့ပြုကာ ရှုမှတ်ပွါးများကြလေရာ "အဇ္ဈတ္တနှင့်ဗဟိဒ္ဓ၊ ဗဟိဒ္ဓနှင့်အဇ္ဈတ္တ" အကြားမလပ် တစပ်တည်းဖြစ်ကာ ခန္ဓာကိုယ်သဏ္ဍာန်ဒြပ်ကြီး ပျောက်ပျက်ကြေမွကာ အလင်းကလာပ်ကြီးမျှသာ ထင်ရှားစွာဖြစ်ပေါ်လာပေ၏ဟူလို။

[ပါဠိအာဂုံ အလိုရှိပါက မူလပဏ္ဏာသ, သုံ့မဟာဝါ အဋ္ဌကထာ,ဋီကာကြီးတို့၌ ရှုတော်မူကြပါကုန်၊ ဤကား "သဗ္ဗကာယ"သာမညဖြစ်သော "အဋ္ဌကွရ" ယူနည်းပေတည်း။]

---

## အဇ္ဈတ္တဥ္ဓာန သုံးဝသော ထင်ပုံကိုပြခြင်း

ဤတတိယနည်းကို ဝိသေသအားဖြင့် အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် "အစ,အလယ်,အဆုံး" သုံးပါးလုံးကို မှတ်၍မှတ်၍ ရှုဘန်ရှုက်ဘန် များလှပါမူ မိမိ၏ ဉာဏ်ဝဝယ် ထင်မြင်၍ လာရသည်မှာ- (၁) "မဏ္ဍလုပဋ္ဌာန"၊(၂)"ဥပမာ ပဋ္ဌာန"၊(၃) "သကလုပဋ္ဌာန"ဟူ၍ သုံးမျိုးသုံးစားရှိပေ၏။

ထင်ရှားစေအံ့-(၁) "မဏ္ဍလုပဋ္ဌာန"-မိမိခန္ဓာကိုယ်၏ အလယ်၌ မှန်တုံးမှန်တိုင်စသည် မဏ္ဍိုင် စိုက်ထားသကဲ့ သို့ ထင်မြင်သောသူသည် "မဏ္ဍလုပဋ္ဌာန်" ပုဂ္ဂိုလ်မည်၏၊ ထိုသူသည်"အပ္ပနာ"သို့မတက်မူ၍ "ဝိပဿနာ"သို့ သွား လိုပါမူ မိမိထင်မြင်သော"မဏ္ဍိုင်"နိမိတ်ကို ပွါးကာ ပွါး ကာ ကိုယ်လုံးကျွတ်အောင် စားစေရာ၏၊ ဤစကား၌— ငါတို့ကျေးဇူးတော်သခင် ဆရာရှင်တို့အား "အပ္ပနာ"သို့ တက် ရန် စူးစမ်း၍ လျှောက်ထားရာ ကျမ်းဂန်နည်းကို သာပြ၍"ဟဒယဝတ္ထု"နည်းကိုကား (အဇ္ဈတ္တကာယလေးပါး သွင်းပုံကိုကား) ပြတော်မမူကြ၍ မုချမရေးဝံ့၊ အကြင် ပညာရှိတို့သည် "အဇ္ဈတ္တကာယ" သွင်းပုံ၌သံသယမဲ့ခဲ့၏၊ ထိုပညာရှိတို့သည် အကျယ်တဝင့်ဘွင့်ပြ ဆုံးမတော်မူကြ စေသတည်း၊ ငါတို့ကား-ဝိပဿနာသက်ပုံကိုသာ "ယထာ ရုဟ"ယူဘူး၏။

(၂) "ဥပစ္ဆုပဋ္ဌာန"—မိမိခန္ဓာကိုယ်၏ထက်ခြမ်းစား ထင်မြင်သောသူသည် "ဥပစ္ဆုပဋ္ဌာန" ပုဂ္ဂိုလ်မည်၏၊ ထို ပုဂ္ဂိုလ်သည်လည်း ရှေးနည်းတူစွာ ပွါးကာပွါးကာ ကိုယ် လုံးကျွတ်အောင်စားစေရာ၏၊(၃)"သကလုပဋ္ဌာန" - မိမိ ကိုယ်ခန္ဓာကိုယ်ဌာနသဏ္ဌာန်ဒြပ်ကွယ်ပပြီးကာကောင်လုံး ကျွတ်ထင်မြင်ပါမူ "သကလုပဋ္ဌာန" ပုဂ္ဂိုလ်မည်၏၊ ထို ပုဂ္ဂိုလ်သည်လည်း ကောင်လုံးကျွတ်သောအတိုင်း နိမိတ်၏ "အစ,အလယ်,အဆုံး"သုံးပါးလုံးကို မှတ်၍မှတ်၍ ရှုအပ် ရှိက်အပ်၏၊ ဝါ-ရှုကာရှိုက်ကာ ပွါးများအားထုတ်ကြကုန် ရာ၏။

## တနည်း-မဏ္ဍလ,ဩဒါတ်ကိုညှိ၍ပြခြင်း

ထိုသို-ရှုနည်းရှုကိန်နည်း ကိုလည်း- (၁) "မဏ္ဍလ"၊ (၂)"အနုမဏ္ဍလ"၊ (၃)"မဟာမဏ္ဍလ"ဟူ၍၎င်း၊ (၁) "ဩဒိ"၊ (၂) "အနုဩဒိ"၊ (၃)"အနုဩဒိ" ဟူ၍၎င်း သုံးမျိုးသုံးစားသုံးပါးပြားပြန်သေး၏။

ထင်ရှားစေအံ့-(၁) "မဏ္ဍလ" ဟူသည် ယခင်နည်းပြ သုံးဝသော"မဏ္ဍလုပဋ္ဌာန, ဥပဗ္ဗုပဋ္ဌာန, သကလုပဋ္ဌာန"သို့ ရောက်အောင် အားထုတ်သောသူသည် "မဏ္ဍလ"လည်း မည်၏၊"ဩဒိ"လည်းမည်၏။

(၂) ထို"မဏ္ဍလ,ဩဒိ"တို့ထက်အလွန် မိမိ၏ပဋိဘာဂကို စူးစမ်းလိုသော ယောဂီသည် မိမိ၏ ခန္ဓာကိုယ်ကို အလယ်ဗဟိုထားကာအထက်တဆယ့်နှစ်တောင်,အောက်တဆယ့်နှစ်တောင်, ပတ်ဝန်းကျင်- ဝဲယာ တဆယ့်နှစ်တောင် ပမာဏမှန်းဆကာ ဝင်လေ၏အစကား အထက်တဆယ့်နှစ်တောင်, အလယ်ကား မိမိကိုယ်, အဆုံးကား အောက်တဆယ့်နှစ်တောင်ဟူ၍ ဝင်လေကိုရှု၍ အာရုံပြုကာ ပွါးများရာ၏၊ ထို.အတူ- ထွက်လေအခါမှာလည်း အောက်မှစ၍ အလယ်အထက်ကျအောင် အာရုံပြုကာ ပွါးများရာ၏၊ ထိုသို့ရှု၍ ထက်,အောက်,ဘီလာ ဆယ်မျက်နှာတို့၌ အာကာသဂင်္ဂါမှ ကျလာသော ရေလုံးကြီးကဲ့သို့၎င်း၊ တိရစ္ဆာနတောင်တန်းသို့တိုက်ခါ အထက်သို့ဖြာ၍ တက်သောရေဆိုင်ကြီးကဲ့သို့၎င်း၊ ဝင်လေ ထွက်လေအား လျော်စွာ ထင်မြင်၍ လာခြင်းသည် "အနုမဏ္ဍလ"လည်း မည်၏၊"အနုဩဒိ"လည်းမည်၏။

[မိုးအလျှံဥပမာ,တံလျှပ်ဥပမာတို့လည်း နည်းတူမှတ်လေ။]

(၃) ထိုနည်းအတူ "အခုမင်္ဂလ,အနဂ္ဂေါဓိ" တို့ထက်အလွန် မိမိပဋိဘာဂကို စူးစမ်းလိုသော ယောဂီသည် မိမိ၏ပဋိဘာဂကို ဝင်လေ၏"အစ" အထက်ကောင်းကင်အဆုံးမမြင်ရာကစ၍ မိမိကိုယ်ကို အလယ် အောက် ဟင်းလင်းအပြင် အဆုံးမမြင်ရာ ကောင်းကင်ကို အဆုံးပြုကာ ပတ်ဝန်းကျင် ဝဲယာကိုလည်း အဆုံးမမြင် အာရုံပြုကာ ဝင်လေကို ရှုရာ၏၊ ထို့အတူ– ထွက်လေအခါမှာလည်း အောက်မှအစ, မိမိကအလယ်, အထက်အာကာသ အဆုံးကျအောင် သက်ကာသက်ကာ ရှုမှတ် ပွါးများရာ၏၊ အဘယ်ကဲ့သို့ပါနည်းဟူမူ"ဝါယောသံဝဋ္ဋ"၌ လေတို့တိုက်ဖျက် ကြေမွ လွင့်ပျောက်ကြကာ ခပ်သိမ်းသော တော, တောင်, ရေ, မြေ, စကြဝဠာ,မြင်းမိုရ်စသည်တို့ပါ မကျန်လတ်သော် အထက်ကောင်းကင်နှင့် အောက်ကောင်းကင် တစပ်တည်းဖြစ်ကာ ကမ္ဘာပြုမိုယ်းရွာရာ၌ အဆီးအတားမရှိ၊ အောက်ကောင်းကင်တိုင် သက်သည်ကို ကြည့်ရှုရသလို ယောဂီပုဂ္ဂိုလ်၏ ဝင်လေထွက်လေအားလျော်စွာ ထင်မြင်၍ လာခြင်းသည် "မဟာမင်္ဂလ" လည်းမည်၏၊ "အနဂ္ဂေါဓိ"လည်းမည်၏။

ထိုသုံးပါးသော"မင်္ဂလ"သုံးပါးသော"ဩဓိ"တို့တွင် ပဌမဖြစ်သော"မင်္ဂလ,ဩဓိ"၌သာ မိမိ၏ပဋိဘာဂ အာရုံကိုအမြဲထားရာ၏၊"အခုမင်္ဂလ, မဟာမင်္ဂလ, အနဂ္ဂေါဓိ, အနဂ္ဂေါဓိ" တို့၌ကား ကွန့်မြူးစူးစမ်းရုံမျှသာ ရံခါရံခါ ရှုကြရာသတည်း။

## တတိယနည်းမဂ္ဂင်စောင့်ပုံ

"ဘာဝနာယောဂီ"သည် မိမိရအပ်သော ပဋိဘာဂကို အဇ္ဈတ္တသို့သွင်းကာ "အစမှအလယ်, အလယ်မှအဆုံး၊ အဆုံးမှ အလယ်, အလယ်မှအစ" သို့ကျအောင်လို့လပြု၍ အားပင့်ခါခါ ရှုရိုက်ခြင်းသည် "သမ္မာဝါယာမ" မဂ္ဂင်မည်၏၊ အားပင့်၍ ရှုတိုင်းရှိုက်တိုင်း အစ,အလယ်, အဆုံး သုံးပါးလုံးကိုအမှတ်ပြုကာ သိ၍နေခြင်းသည်"သမ္မာသတိ"မဂ္ဂင်မည်၏၊ အာရုံတပါးသို့ စိတ်မပြေးသွားမူ၍ မိမိ၏ မဏ္ဍလဌာန အစ,အလယ်,အဆုံး သုံးပါးလုံး၌သာ တည်တံ့စွာနေခြင်းသည် "သမ္မာသမာဓိ" မဂ္ဂင်မည်၏။

တတိယနည်း ပြီး၏။

---

စတုတ္ထ ဒုက

## စတုတ္ထနည်းကို ပြခြင်း

> ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။
>
> [မဟာသတိပဋ္ဌာနသုတ်။]

ကာယသင်္ခါရံ၊ အရှူပြင်း၍ ရုန့်ရင်းသော ဝင်သက်လေကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်းရှူခြင်းဖြင့် ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ဝင်သက်လေကို ရှူအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။ ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန့်ရင်းသော ထွက်သက်လေကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း

ရှိက်ခြင်းဖြင့် ငြိမ်းစေလျက်၊ ပဿသိဿာမိတိ၊ ထွက်သက်လေကို ရှိက်အံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့်ကျင့်၏။

ဤသို့လျှင်– စတုတ္ထနည်းကို အားထုတ်လိုသော ဘာဝနာယောဂီသည် ဒြေ်-ယခု ငါအားထုတ် ခဲ့အပ်သော နည်းသုံးပါးတို့တွင် (၁)''ပဌမနည်း''ဖြင့် မိမိ၏အာရုံကို တပါးသို့ မပြေးသွားစေမူ၍ တခုသော နှာသီးဖျား၌သာ ထား၍ ဝင်လေ ထွက်လေကို မှတ်မိရုံမျှသာ ဟူသော ''သတောကာရီ''၊ (၂)''ဒုတိယနည်း''ဖြင့် နှာသီးဖျား၏ ရှေ့တူရူ နှစ်တောင့်ထွာစသော အရပ်၌ တမျဉ်းကြိုးတန်း သကဲ့သို့ ထွက်လေဝင်လေဟူသော အာရုံ''ဥဂ္ဂဟနိမိတ်''၏ အစ,အလယ်,အဆုံး၊ ''ပဋိဘာဂနိမိတ်''၏အစကိုသာ ထင်ရုံမျှ ဟူသော''သတုပဋ္ဌာန''၊ (၃)''တတိယနည်း''ဖြင့် အပြင်အပ ဗဟိဒ္ဓအာရုံဖြစ်သော လွန်စွာကြည်လင် သန့်ရှင်းသော ပဋိဘာဂနိမိတ်ကို''အဇ္ဈတ္တ''သို့ မဝင်လျှင်ဝင်အောင်, မစားလျှင် စားအောင်,မထင်လျှင်ထင်အောင် ပြုနိုင်ခဲ့သော အမှုကို ဝင်လေထွက်လေဖြင့် ပြုရုံမျှဟူသော ''သတိဒုဣရကာရီ''မျှသာ ရှိချေသေးသည်။

ထိုသို့ အားထုတ်အပ်သောနည်းသုံးပါး၌ ငါ၏အဿာသ,ထိုအဿာသ၏နိမိတ်၊ ပဿာသ,ထိုပဿာသ၏နိမိတ်တို့သည် ရုန့်ရင်းကြမ်းကြုတ် လှသေး၏၊ ထိုရုန့်ရင်း ကြမ်းကြုတ်လှသော အဿာသ,ပဿာသကို ငြိမ်သက်သာယာ ဖြည်းညှင်းစွာ ငြိမ်းစေတော့အံ့ဟူ၍ ကိုယ်,စိတ်နှစ်ပါးကို ''ပဌမနည်း''တွင် ပြခဲ့သော သိမ်းဆည်းခြင်းတို့ဖြင့် သိမ်းဆည်းပြီးကာ အားထုတ်ကြကုန်ရာ၏။

ထင်ရှားစေအံ့– နှစ်ပါးသော သိမ်းဆည်းခြင်း ဟု ဆိုအပ်သော "ကာယပရိဂ္ဂဟိတ, စိတ္တပရိဂ္ဂဟိတ" တို့ကို အထူးသဖြင့် သိမ်းဆည်းပြီးကာ ဘာဝနာယောဂီသည် မိမိ ရှေးက "ဒုတိယနည်း"၌ ယူခဲ့ဘူးသော "ဥဂ္ဂဟနိမိတ်"နှင့်တူသော နှာသီးဖျား၌ လူတို့၏ "မီးလင်းဖို"၏ အခိုးထုတ်ရာ ခေါင်းတိုင်ပေါက်မှ ရံခါရံခါ လေ၏အဟုန်ကြောင့် ထွက်ပေါ်လာသော မီးတောက်ငယ်ကဲ့သို့ မိမိ၏နှာသီးဖျား၌ ဝင်လေထွက်လေဖြင့်"ပဋိဘာဂ နိမိတ်"ကို အာရုံပြု၍တဖန် အားထုတ် ပြန်လတ်သော် နှာသီးဖျား၌ လက်လေးသစ်ခန့်, တမိုက်ခန့် ကွန့်မြူးစမ္ပယ် လာသော "အဃာသ, ပဃာသ"၏ ပဋိဘာဂကို မြင်လတ့်။

ထိုမြင်လာသော "ပဋိဘာဂနိမိတ်" ကိုငါသည်ငြိမ်းစေအံ့၊ ရှန့်ရင်းကြမ်းကြွတ်သော ဝင်လေထွက်လေ ကိုလည်း ငြိမ်းစေအံ့ဟူ၍"ဝင်လေ"ဖြင့် ၎င်းနိမိတ်ကို ရှေးဦးစွာ သိမ်းကာ ရှုသွင်းလိုက်ရာ၏၊ သိမ်းရှုပြီး၍ တဖန်ထွက်သက်လေကိုကား "ဖြည်းညှင်းသာယာစွာ" အထူး သာယာစေလျက် လွှတ်ရာ၏၊ ၎င်းနည်းတူ "ဒုတိယ" စသော ဝင်လေထွက်လေတို့ကို သာနိုင်သမျှသာစေ၍ ဝင်စေထွက်စေရမည်၊ မိမိသည်မှုကား အသက်ရှူခြင်း,ရှိုက်ခြင်း၌ အားထုတ်ခြင်း မပြုမူ၍ ဝင်လေထွက်လေ၏ "ပဋိဘာဂနိမိတ်"၏ သက်တိုတက်တိုကိုသာ ရှု၍ရှု၍ အလွန်ငြိမ်သက်စွာ နေရကား မိမိစိတ်သည်"အပ"သို့မလွင့်၊ ကမ္မဋ္ဌာန်း၌သာ အာရုံယူ၍ နေသောကြောင့် ငြိမ်သက်ခြင်း, အထူးသဖြင့် ငြိမ်သက်ခြင်းဟု ဆိုအပ်သော "သန္တ,ဂူပသန္တ" သို့ ရောက်သည်ဖြစ်၍ ကောင်လုံးကျွတ် လောင်သော "မီးပုံကြီး"အလယ်၌

နေသကဲ့သို့၎င်း၊ "လမင်း,နေမင်း" ကြီးများ အိမ်ဖွဲ့နေ သကဲ့သို့၎င်း၊ "လ-သာသာ"အခါ လွင်ပြင်မှာ ဆိတ်ငြိမ်လှစွာ တကိုယ်တည်း လေညှင်းခံကာ နေရဘိသကဲ့သို့၎င်း ဖြစ်ရှာလေတော့၏။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ,မဟာဋီကာတို့မှ။]

ထိုမိမိစိတ် ငြိမ်သက်လတ်သော် စိတ်ကြောင့် ဖြစ်သော "ဝါယောဓာတ်"နှင့်တကွ ဝိညတ္တိဘာဂ ဖြစ်သော ရုပ်တို့သည် ပေါ့ပါးနူးညံ့ ခိုင်ခံ့ခြင်းသို့ ရောက်ရသော ကြောင့် ကြွင်းသော "ကံ,ဥတု,အာဟာရ" တို့ကြောင့်ဖြစ်သော ရုပ်တို့သည်လည်း ပေါ့ပါးနူးညံ့ ခိုင်ခံ့ခြင်းသို့ရောက်ရရှာ၍ "စိတ်" ကိုမှီ၍ဖြစ်သော ဝင်လေထွက်လေတို့သည်လည်း နူးညံ့ခြင်း,အထူးသဖြင့် နူးညံ့ခြင်း,အထူးသဖြင့်အလွန်နူးညံ့ခြင်းသို့ရောက်လေ၏။

[မဟာဋီကာ။]

၌ကဲ့သို့ "သုခုမ,သုခုမတရ,သုခုမတမ" ဟု ဆိုအပ်သော နူးညံ့ခြင်း, အထူးသဖြင့်နူးညံ့ခြင်း, အထူးသဖြင့် အလွန်နူးညံ့ခြင်းသို့ ရောက်သည်ဖြစ်၍ အထူးသဖြင့် ငြိမ်သက်ခြင်းရှိသော ဘာဝနာယောဂီသည် ယခုအခါ၌ ဝင်လေထွက်လေတို့သည် ရှိမှရှိလေသေးသလော, မရှိလေသလောဟု စူးစမ်း၍ကြည့်ရခြင်းသို့ရောက်ကာ ရုန့်ရင်းကြမ်းကြုတ်လှစွာသောဝင်လေထွက်လေတို့ကိုသိမ်းလိုက်၍ "ပဋိဘာဂ" နိမိတ်ကိုသာ နူးညံ့လှစွာသော ဝင်လေဖြင့် "သက်တုံ" ကိုသာရှု၍၎င်း၊ နူးညံ့လှစွာသော ထွက်လေဖြင့် "တက်တုံ"ကိုသာရှု၍၎င်း၊ ငြိမ်သက်စွာ နေ၍ ရှုသောအခါတို့၌ မိမိ၏ကိုယ်သည် နေရာမှလွတ်၍

"ကောင်းကင်" သို့တက်သကဲ့သို့ရှိရင်း၊ "ကြီးထွား" လာသကဲ့သို့ရှိရင်း၊ "ရှည်ခြင်း,တိုခြင်း" ရှိသကဲ့သို့ရှိရင်း၊ "လုံးခြင်း, ပြားခြင်း" ရှိသကဲ့သို့ရှိရင်း စသည်ဖြင့် ထင်လာရပေ၏။
[ဝိသုဒ္ဓိမဂ်။]

ထိုသို့ စတုတ္ထနည်း၏ ကိုယ်,စိတ်နှစ်ပါးတို့ဖြင့် သိမ်းဆည်း၍ အားထုတ်သော ဘာဝနာယောဂီအား "သဏ္ဍာန,ရူပသဏ္ဍာန,သုခုမ, ဝိဓေတဗ္ဗကာရပဗ္ဗ, လဟုက" ဟုဆိုအပ်သော ငြိမ်သက်ခြင်း, အထူးသဖြင့်ငြိမ်သက်ခြင်း, နူးညံ့သိမ်မွေ့ခြင်း,ဝင်လေထွက်လေတို့၏ ရှိမရှိ စူးစမ်းလောက်အောင် ခန္ဓာကိုယ် ပေါ့ပါးခြင်းသို့ရောက်စေလျက် အထူးသဖြင့် အလွန်နှေ့ညှာမယုတ် အားထုတ်အပ်သည်ရှိသော် "ပ-ဘာဝနတရား" လေးပါး၏အညစ်အကြေးတို့ကို ကြဉ်ရှောင်ရခြင်း၊ "ပ-ဘာဝနတရား" လေးပါးတို့၏ ပြည့်စုံရာသည်ကို သိရခြင်းဟူ၍ နှစ်ပါးအပြားရှိပေသတည်း။

---

## ပ-ဘာဝနတရား၏အညစ်အကြေး ရှစ်ပါးကိုပြခြင်း

မိမိ၏ကိုယ်စိတ်နှစ်ပါးကို သိမ်းဆည်းပြီးကာ အလွန်ငြိမ်သက် နူးညံ့သိမ်မွေ့လှစွာ မိမိကိုယ်ဝယ် ဝင်လေ၏ ပဋိဘာဂနိမိတ်ကို ရှုစဉ်၌ရင်း၊ ထွက်လေ၏ ပဋိဘာဂ နိမိတ်ကို ရှုစဉ်၌ရင်း၊(၁) "အာ-နမန" ရှေးရှုညွတ်ခြင်း၊(၂) "ဝိ-နမန" နံပါးသို့ညွတ်ခြင်း၊ (၃) "သံ-နမန" ထက်ဝန်းကျင်ညွတ်ခြင်း၊ (၄)"ပ-နမန" နောက်သို့ညွတ်ခြင်း၊ (၅) "ဥန္နမန" စဉ်းငယ် ရှေးရှုလှုပ်ခြင်း၊ (၆) "ဖန္ဒန"

စဉ်းငယ်နံပါးသို့လှုပ်ခြင်း၊(၇) "စလန" စဉ်းငယ် ထက်ဝန်းကျင်လှုပ်ခြင်း၊ (၈) "ကမ္ပန" စဉ်းငယ် နောက်သို့လှုပ်ခြင်းအားဖြင့်"ပ-ဘာဝန"အညစ်အကြေး"ရှစ်ပါး"တို့နှင့်ဂုဏ်း၊ ရှစ်ပါးလုံးမဟုတ်သော်လည်း တပါးပါးနှင့်ဂုဏ်း ယှဉ်စေသော ဘာဝနာယောဂီသည် "ပ-ဘာဝန" တရားလေးပါးတို့နှင့် မပြည့်စုံသည်ဖြစ်၍ ဘာဝနာ၏ပြီးဆုံးခြင်းသို့ မရောက်သေးပေ၊ ထိုရှစ်ပါးသော အညစ်အကြေးတို့နှင့်ဂုဏ်း၊ ရှစ်ပါးလုံးမဟုတ်သော်လည်း တပါးပါးနှင့်သော်ဂုဏ်း၊ မယှဉ်စေမူ၍ "မယိမ်းမယိုင် မလှုပ်မရှား ကျောက်ထုရုပ်" ကဲ့သို့ တည်တံ့ငြိမ်သက်စွာ ပွါးများအားထုတ်နိုင်သော ဘာဝနာယောဂီမှသာ "ပ-ဘာဝန"တရားလေးပါးတို့နှင့်ပြည့်စုံသည်ဖြစ်၍ ဘာဝနာ၏ ပြီးဆုံးခြင်းသို့ရောက်၏။

[ပဋိသမ္ဘိဒါမဂ်,ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ထို့ကြောင့်—

အာနာပါနဿတိ ယဿ ပရိပုဏ္ဏာ အဘာဝိတာ၊ ကာယောပိ ဣဉ္ဇိတော ဟောတိ စိတ္တံပိ ဟောတိ ဣဉ္ဇိတံ၊ ကာယောပိ ဖန္ဒိတော ဟောတိ စိတ္တံပိ ဟောတိ ဖန္ဒိတံ။

[ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊]

ယဿ၊ အကြင်ဘာဝနာယောဂီ၏။ အာနာပါနဿတိ၊ အာနာပါနဿတိသည်။ ပရိပုဏ္ဏာ၊ အပြည့်အစုံ။ အဘာဝိတာ၊ မထင်။ ဘဿ၊ ထိုဘာဝနာယောဂီ၏။ ကာယောပိ၊ ကိုယ်သည်လည်း။ ဣဉ္ဇိတော၊ တုန်သည်။ ဟောတိ၊ဖြစ်၏။

စိတ္တံပိ၊ စိတ်သည်လည်း။ ဣဋ္ဌိတံ၊ တုန်သည်။ ဟောတိ၊ ဖြစ်၏။ ကာယောပိ၊ ကိုယ်သည်လည်း။ ဖန္ဒတော၊ လှုပ်သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တံပိ၊ စိတ်သည်လည်း။ ဖန္ဒိတံ၊ လှုပ်သည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့—ပဋိသမ္ဘိဒါမဂ် မိန့်မှာတော်မူချက်အရ ယခု အခါ ဘာဝနာယောဂီတို့သည် ဘာဝနာအလုပ် အားထုတ် ခိုက်တွင် ရှုမှတ်မှုသဘာဝမပြည့်မစုံကြ၍ ကိုယ်,စိတ်နှစ်ပါး တုန်လှုပ်ချောက်ချား တိမ်းပါးယွင်းရော် ဘာဝနာလမ်း ချော်သည်ကို ဉာဏ်ယှဉ်တော်မူမိကြပါကုန်။

> အနာပါနဿတိ ယဿ ပရိပုဏ္ဏာ သုဘာဝိ
> တာ၊ ကာယောပိ အနိဉ္ဇိတော ဟောတိ စိတ္တံပိ
> ဟောတိ အနိဉ္ဇိတံ၊ ကာယောပိ အဖန္ဒိတော
> ဟောတိ စိတ္တံပိ ဟောတိ အဖန္ဒိတံ။
> [ဋ္ဌင်းပါဠိတော်။]

ယဿ၊ အကြင်ဘာဝနာယောဂီ၏။ အာနာပါနဿတိ၊ အာနာပါနဿတိသည်။ ပရိပုဏ္ဏာ၊ အပြည့်အစုံ။ သုဘာဝိတာ၊ ကောင်းစွာထင်၏။ တဿ၊ ထိုဘာဝနာယောဂီ၏။ ကာယောပိ၊ ကိုယ်သည်လည်း။ အနိဉ္ဇိတော၊ မတုန်သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တံပိ၊ စိတ်သည်လည်း။ အနိဉ္ဇိတံ၊ မတုန်သည်။ ဟောတိ၊ ဖြစ်၏။ ကာယောပိ၊ ကိုယ်သည် လည်း။ အဖန္ဒိတော၊ မလှုပ်သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တံပိ၊ စိတ်သည်လည်း။ အဖန္ဒိတံ၊ မလှုပ်သည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့—ပဋိသမ္ဘိဒါမဂ် ပါဠိတော်စကား ထင်ရှားစွာ ရှိပါပြီးလျက် ယွင်းပျက်မှောက်မှား ဘာဝနာခရီးမှား

စေမှု၍ တုန်လှုပ်ချောက်ချား ယိမ်းယိုင်မှုများကို ဘာဝ နာ၏ အညစ်အကြေးတရားဟု သတိပြုကာ ရှောင်ရှား ပယ်မြစ်တော်မူကြပါကုန်။

## ပ-ဘာဝနာတရားလေးပါးကို ပြခြင်း

ဝေဝသန္တေ ဝါတုပလဒ္ဓိယာစ ပဘာဝနာဟောတိ၊ အဿာသပဿာသာနဉ္စ ပဘာဝနာ ဟောတိ၊ အာနာပါနဿတိယာစ ပဘာဝနာ ဟောတိ၊ အာနာပါနဿတိသမာဓိဿ စ ပဘာဝနာ ဟောတိ။

[ပဋိသမ္ဘိဒါမဂ် ပါဠိတော်။]

ဝေဝပဿမ္ဘနေ၊ ဤသို့ အညစ်အကြေးရှစ်ပါးမှ ကင်း စင်သည်ဖြစ်၍ ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေ ချုပ်စေသည်၊ သန္တေ၊ ဖြစ်လတ်သော်။ (၁) ဝါတုပလဒ္ဓိ ယာ၊ ဝင်လေထွက်လေကို အာရုံမှုသောအားဖြင့် ကပ်၍ သိသောစိတ်၏။ ပဘာဝနာစ၊ ဖြစ်ခြင်းသည်လည်း။ ဝါ၊ ပွါးခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ (၂) အဿာသ ပဿာသာနံ၊ ဝင်လေထွက်လေတို့၏။ ပဘာဝနာစ၊ ဖြစ် ခြင်းသည်လည်း။ ဝါ၊ ပွါးခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ (၃) အာနာပါနဿတိယာ၊ ဝင်လေ ထွက်လေ လျှင် အာရုံရှိသောသတိ၏။ ဝါ၊ ဝင်လေ ထွက်လေနိမိတ် လျှင် အာရုံရှိသောသတိ၏။ ပဘာဝနာစ၊ ဖြစ်ခြင်းသည် လည်း။ ဝါ၊ ပွါးခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ (၄) အာနာပါနဿတိသမာဓိဿ၊ အာနာပါနဿတိနှင့် ယှဉ်

သောသမာဓိ၏။ ဝါ၊ အာနာပါနနိမိတ်သတိနှင့်ယှဉ်သော တည်ကြည်ခြင်း၏။ ပဘာဝနာစ၊ ဖြစ်ခြင်းသည်လည်း။ ဝါ၊ ပွါးခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။

ထင်ရှားစေအံ့-(၁)"ဝါတုပလဒ္ဓပဘာဝန" ကား ဝင်လေထွက်လေကိုအာရုံပြုကာ ရှုမှတ်သောစိတ်၏ ဖြစ်ခြင်းတည်း၊ (၂) "အဿာသပဿာသပဘာဝန"ကား ဝင်လေထွက်လေတို့၏ဖြစ်ခြင်းတည်း၊ (၃) "အာနာပါနဿတိ-ပဘာဝန"ကား ဝင်လေထွက်လေလျှင် အာရုံရှိသောသတိ၏ဖြစ်ခြင်းတည်း၊(၄)"အာနာပါနဿတိသမာဓိပဘာဝန" ကား ဝင်လေထွက်လေ သတိနှင့်ယှဉ်သော သမာဓိ၏ဖြစ်ခြင်းတည်း၊ ဤပဘာဝနတရား လေးပါးသို့ ဆိုက်ရောက်အောင် အားထုတ်အပ်သော ဘာဝနာယောဂီသည် ရှန့်ရင်းကြမ်းကြုတ်သောဝင်လေ ထွက်လေတို့သည် ငြိမ်းကုန်လျက် အလွန်နူးညံ့သိမ်မွေ့သော ဝင်လေ ထွက်လေမျှသာကျန်ပေတော့၏၊ထိုနူးညံ့သွစ္စာသော ဝင်ထွေသက်လေကား ပဋိဘာဂနိမိတ်၏ဖြစ်ခြင်းကြောင့် အာနာပါနလျှင်ပြဌာန်းခြင်းရှိသော"ပဋိဘာဂနိမိတ်"၊ ထိုပဋိဘာဂနိမိတ်၌သာ အာရုံကိုတခုတည်းထားခြင်းအားဖြင့် (၁)"အာနာပါန"၊(၂)"အာနာပါနသတိ"၊ (၃) "အာနာပါနဿတိသမာဓိ"သုံးပါးတို့သည် ပြည့်စုံရသည်ဖြစ်၍ "အာနာပါနပဋ္ဌမစတုက္ကအာဒိကမ္မိကပုဂ္ဂလ"ဟု ဆိုအပ်သော အာနာပါနဂလေးနည်းကို ပွါးများအားထုတ်စဖြစ်သော ပုဂ္ဂိုလ်၏ "ဥပစာရ"သို့ရောက်သော အပ္ပနာသို့သက်ဝင်နိုင်လောက်သောဘာဝနာ၏ပြီးဆုံးခြင်းသို့ရောက်ပေတော့သတည်း။

အနုက္ကမေန ပရမသုခုမ ဘာဝပတ္တာယ ဝသေန
နိမိတ္တုပတ္တိယာ အာနာပါနဿတိယာ အာနာ
ပါနဿတိသမာဓိဿ စ ဘာဝနာ ဝုတ္တာ။
[မဟာဋီကာ။]

အနုက္ကမေန၊ ပြဆိုအပ်ပြီးသော အသီးသီးသောအစဉ် အတိုင်းအားဖြင့်။ ပရမ သုခုမ ဘာဝပတ္တာယ၊ အလွန် နူးညံ့သိမ်မွေ့သော ဝင်လေ ထွက်လေ ဖြစ်ခြင်းသို့ ရောက် သောအဖြစ်၏၊ ဝသေန၊ အစွမ်းဖြင့်။ နိမိတ္တုပတ္တိယာစ၊ ပဋိဘာဂနိမိတ်ဖြစ်ခြင်း၏လည်းကောင်း။ အာနာပါနဿ တိယာစ၊ အာနာပါနဿတိ၏လည်းကောင်း။ အာနာ ပါနဿတိ သမာဓိဿစ၊ အာနာပါနဿတိနှင့် ယှဉ်သော သမာဓိ၏လည်းကောင်း။ ဘာဝနာ၊အာဒိကမ္မိက ပဌမ စတုက္က၏ ဘာဝနာသည်။ ဝုတ္တာ၊ ပြီးဆုံးတော့သည် သာလျှင်တည်း။

---

## ဤစတုက္ကနည်း၌ ထင်မြင်တတ်ပုံ အခြင်း အရာသုံးပါးကိုပြခြင်း

ဤ"ပ-ဘာဝန" တရားလေးပါးသို့ ရောက်အောင်ပွါး များအားထုတ်သော ဘာဝနာယောဂီအား-(၁)"သုည တာကာရ"၊ (၂) "ဝဏ္ဏာကာရ"၊ (၃)"အသုဘာကာရ"၊ ဟုဆိုအပ်သော အာကာရသုံးပါးတွင် တပါးပါး ထင်ရမြဲ ပင်တည်း၊ ထင်ရှားစေအံ့-(၁)"သုညတာကာရ" ဆိုသည် မှာ မိမိကိုယ်,ဦးခေါင်းမှစ၍ ခြေဖျားသို့ ရောက်အောင် လေးတောင်မျှ ပမာဏ မဏ္ဍလအတွင်း၌ လွန်စွာကြည်

လင်သန့်ရှင်းသော မှန်တုံး,မှန်တိုင်,မှန်ရုပ်ကြီးကဲ့သို့ဂုဏ်း၊ မီးတုံး,မီးလျှံ,မီးရုပ်ကြီးကဲ့သို့ဂုဏ်း၊ တခုခုသော အဆင်းနှင့်တကွ ဖလ်တုံး, ဖလ်တိုင်, ဖလ်ရုပ်ကြီးကဲ့သို့ဂုဏ်း ထင်မြင်ခဲ့ပါမူ "သုညတ" အခြင်းအရာကို ထင်ခြင်းပေတည်း၊ (၂)"ဝဏ္ဏာကာရ"ဆိုသည်မှာ မိမိကိုယ်၌ ငွမ်းပုံ, ငွမ်းစိုင်, ငွမ်ပုံကြီးကဲ့သို့ဂုဏ်း၊ နီသောကမ္ဗလာ, ရွှေသောကမ္ဗလာ,မောင်းသောကမ္ဗလာ စသည်တို့ကဲ့သို့ဂုဏ်း ထင်မြင်ခဲ့ပါမူ "ဝဏ္ဏ"၏ အခြင်းအရာကို ထင်ခြင်းပေတည်း၊ (၃)"အသုဘာကာရ" ဆိုသည်မှာ မိမိကိုယ်၌ အရိုးစု, အသားစု, အူသိမ်, အူမအစရှိသော ကြောက်မက်ဘွယ်တို့ကိုဂုဏ်း ထင်မြင်ခဲ့ပါမူ မတင့်တယ်သော "အသုဘ" အခြင်းအရာကိုထင်ခြင်းပေတည်း။

ထိုသို့ထင်မြင်လာသောအာကာရတို့တွင်"ဝဏ္ဏ,အသုဘ" ထင်မြင်လာသောသူသည် ဂုဏ်းထင်မြင်လာသောဝင်လေထွက်လေ နိမိတ်ကို ကြိမ်ဘန်များစွာ သုံးသပ်ဘန်များလတ်သော် လွန်စွာကြည်လင်သန့်ရှင်းလာကာ ပွတ်သစ်စသော"ခရုသင်း"၊ အိတ်တွင်းမှထုတ်သော"မှန်"၊ကောင်းကင်ယံ၌"လဝန်း"၊မိုယ်းတိမ်ညိုဝကဖြူလှသော"ဥဈုင်း"၊ ကဲ့သို့ တခုခုသူ့အာရုံနှင့်သူ တွေ့ကြုံကြလျက် မြဲလာသော အခါကာလ"သုညတ"သဘောသို့သက်ကာ တလက်လက် တဝင်းဝင်းတောက်လောင်သော မီးလျှံတွင်း၌ သက်ဆင်းထိုင်နေရသကဲ့သို့သော"ပဋိဘာဂ" နိမိတ်သို့ ဆိုက်ရောက်လေ၏။

[ဝိသုဒ္ဓိမဂ်။]

## ဥပစာရဘာဝနာ သက်လာသည်ကို ပြခြင်း

ထိုကောင်လုံးကျွတ် ကြည်လင်သန့် ရှင်းသော "ပဋိဘာဂနိမိတ်" ထင်မြင်လာ၍ ဘာဝနာယောဂီအား ပဋိဘာဂနိမိတ် ထင်မြင်လာသောအခါ "ကာမစ္ဆန္ဒ,ဗျာပါဒ" အစရှိသော "နီဝရဏ"တရား ငါးပါးတို့သည် ၎င်းပဋိဘာဂ နိမိတ်ကို အာရုံပြုသော အတွင်းတို့၌ ဖဲ့ခွါဆုတ်ရှားကြလျက် ကိလေသာတို့သည် ကုန်ခန်းသကဲ့သို့ ငြိမ်သက်စွာ နေကြ၍ သာလျှင် မိမိစိတ်သည် "ဥပစာရဘာဝနာ-ဥပစာရသမာဓိဘုံ"၌ တည်ရှာလေ၏။

> တတော ပဋ္ဌာယ ပရိဗန္ဓဝိပ္ပဟီနာ ကာမာဝစရ-သမာဓိသင်္ခါတာ ဥပစာရဘာဝနာ နိပ္ဖန္နာနာမ ဟောတိ။

[သဒ္ဒြိုဟ်။]

တတော၊ ထိုပဋိဘာဂနိမိတ် ထင်မြင်သည်မှ။ပဋ္ဌာယ၊ စ၍။ ပရိဗန္ဓဝိပ္ပဟီနာ၊ ပယ်အပ်ပြီးသော နီဝရဏ တည်းဟူသော ဘေးရန်ရှိသော၊ ကာမာဝစရ သမာဓိသင်္ခါတာ၊ ကာမာဝစရ သမာဓိဟု ဆိုအပ်သော။ ဥပစာရ ဘာဝနာ၊ ဥပစာရ ဘာဝနာသည်။ နိပ္ဖန္နာနာမ၊ ဖြစ်လာသည် မည်သည်။ ဝါ၊ ပြီးပြည့်စုံသည် မည်သည်။ ဟောတိ၊ ဖြစ်၏။

[ဝိသုဒ္ဓိမဂ်,အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ,သုမင်္ဂလဋီကာ နည်းတူဘွင့်၏၊ မဟာဋီကာ အထူးမဘွင့်။]

ဤဥပစာရဘုံသို့ ရောက်ရာ၌လည်း "စတုဓာတုနည်း" ကို သိမ်းလိုက်ပြီး၍ မိမိ၏(၁)"ဝင်လေ"ကိုငင်း၊(၂)"ထွက်လေ"ကိုငင်း၊(၃) ထို"ဝင်လေထွက်လေ"တို့၏ ပဋိဘာဂနိမိတ်ကိုငင်း၊ ထိုသုံးပါးသော နှလုံးသွင်းအပ်သော မနသိ

ကာရတရားတို့ကို အာရုံမပြု မကြည့်ရှုသော ဘာဝနာယော ဂီသည် "ဥပစာရဘုံ" သို့မဆိုက်၊ "အပ္ပနာဘုံ" သို့ကား အဘယ်ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း၊ အကြင်ဘာဝနာ ယောဂီကား ထိုသုံးပါးသော မနသိကာရ တရားတို့ကို အာရုံပြုလျက်ကြည့်ရှုဆင်ခြင်၏၊ ထိုသူသည်သာလျှင်"ဥပစာ ရဘုံ"သို့ ဆိုက်လေ၏၊"အပ္ပနာဘုံ"သို့ တက်ခြင်းငှါလည်း ခံ့တော့၏။

[ဝိသုဒ္ဓိမဂ်။]

"ဥပစာရဘုံ"သို့ ဆိုက်ရောက်ပြီးသော ဘာဝနာယောဂီ သည် ရံခါရံခါ မိဒိရအပ်သော "ပဋိဘာဂနိမိတ်"ကို အာရုံ ပြုရသောကြောင့်"နီဝရဏ"တရားတို့မှကင်းကွာ၍"ဝိက္ခမ္ဘ နပဟာန်"သို့ သက်လေ၏၊ရံခါရံခါမှာမူကား ထိုပဋိဘာဂ နိမိတ်အာရုံကို လွှတ်၍ ဘဝင်သို့ငင်း,တပါးသောအာရုံသို့ ငင်း သက်လေ၏၊ အဘယ့်ကြောင့် ဆိုသော် မိမိ၏ "ပဋိ ဘာဂနိမိတ်"လျှင် အာရုံရှိသော "ဥပစာရသမာဓိ" အား အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဈာန်ဟူသော အားအစွမ်း မရှိသေးသည်၏ အဖြစ်ကြောင့်ပေတည်း၊ ဥပမာ-အဘယ် ကဲ့သို့နည်းဟူမူ ထ၍ မသွားနိုင်သေးသောသူငယ်ကလေး ကို မိဘတို့က လက်ဖြင့်ကိုင်၍ ရပ်စေသောအခါ၌ ရံခါ ရံခါ၌ကား တန့်ရပ်၍ မတ်တတ်တည့်တည့်ခနနိုင်၏၊ ရံခါ ရံခါ၌ကား တန့်ရပ်ခြင်းငှါ မစွမ်းနိုင်ရှာ၊ ရှေ့သို့ငင်း, နောက်သို့ငင်း ကိုယ်ကို ဆောင်ရွက်နိုင်သော "ဝီရိယပါ ယောဇာတ်" တည်းဟူသော အားမရှိခြင်းကြောင့် လဲရှာ ရဘိ၏ သို့တည်း။

[ဝိသုဒ္ဓိမဂ်။]

## အလုပ်တို့၏ ဝေါဟာရကို ပြခြင်း

ထိုဥပစာရ ဆိုက်ခြင်းတို့တွင် အလုပ်တို့၏ ဝေါဟာရ ခေါ်ဝေါ်ရသည်မှာ-(၁)"ရုပ်ဥပစာ"၊(၂)"နာမ်ဥပစာ" ဟူ၍ နှစ်ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင်-(၁)"ရုပ်ဥပစာ" ဆိုက်ပုံကား ထိုစတုတ္ထနည်းကို သိမ်းလိုက်သောအခါ ဝင် လေ ထွက်လေကို ငြိမ်းသည်ထက်ငြိမ်း သာသည်ထက်သာ သည် ဖြစ်လတ်သော် မိမိကိုယ်သည် "လေခေါင်းအိုးကြီး" ကဲ့သို့ရင်း,မှိုင်းပြည့်သော"မီးအိမ်ပုံကြီး"ကဲ့သို့ရင်း ဖောင်း ပွပြည့်ဖြိုး တိုးတက်မြောက်ပင့် ချီးမြှင့်ဝဲပုံ သကဲ့သို့ ဖြစ် သောအခါ၌"ရုပ်ဥပစာ"ဆိုက်သည်ဟုခေါ်၏၊(၂)ထိုနည်း တူစွာ စတုတ္ထနည်းကို သိမ်းလိုက်သောအခါ၌ မိမိ၏ကိုယ် ဟုခေါ်အပ်သော လေးတောင်မျှ "မဏ္ဍလ"အတွင်း လွန် မင်းစွာ ကြည်လင်သန့်ရှင်းလှသော ဝင်လေထွက်လေ"ပဋိ ဘာဂနိမိတ်"ကို မြင်ရခြင်းသည်ပင် "နာမ်ဥပစာ" ဆိုက် သည်ဟု ခေါ်လေ၏။

---

## စတုတ္ထနည်း မဂ္ဂင်စောင့်ပုံကိုပြခြင်း

ဘာဝနာ ယောဂီသည် ဝင်လေထွက်လေတို့၏ အစမှ သည် အဆုံးသို့ ရောက်အောင်, အဆုံးမှသည် အစသို့ကျ အောင် ဖြည်းညှင်းသာယာ နူးညံ့လှစွာ ရှုခြင်းရှုက်ခြင်း ဖြင့် ပွါးများအားထုတ်ခြင်းသည် "သမ္မာဝါယာမ" မဂ္ဂင် မည်၏၊ ဖြည်းညှင်း သာယာ နူးညံ့လှစွာ ရှုခြင်းရှုက်ခြင်း ဖြင့် သိမ်းဆည်းတိုင်း အမှတ်ပြု၍ သိခြင်းသည် "သမ္မာ သတိ"မဂ္ဂင်မည်၏၊ အာရုံတပါးသို့ မပြေးမသွား မိမိ၏

ဝင်လေထွက်လေ ပဋိဘာဂ၌သာ စိတ်ကိုထားကာ ငြိမ်သက်တည်ကြည်ခြင်းသည်''သမ္မာသမာဓိ''မဂ္ဂင်မည်၏။

အမှာ—ဤသည်တို့ကား ''လင်္ကာဒီပနီ'' စသည်တို့နှင့်ယှက်၍ ရေးအပ်သော အစီအစဉ်ပေတည်း၊ စေ့စေ့စုံစုံ ရှိအောင် ကိုကား ဆရာနှင့်လက်ထပ်ယူကြရမှ သာ၍ ပြည့်စုံမည်၊ တယောက်သောသူ၏ခေတ်သည် တယောက်သောသူ၏ခေတ်နှင့်မတူ ကွဲပြားကြသည် များလှ၏၊ ကွဲပြားခြင်းများသော်လည်း ခရီးကို လိမ်မာလှသော ခရီးလမ်းညွှန်ကဲ့သို့''ဆရာ''သည် ခရီးလမ်း၏ အဆုံးအဆုံးကို သိမြင်တတ်သည်သာ''ပဓာန''ပေတည်း။

စတုတ္ထနည်း ပြီး၏။

---

## အာနာပါန ပရိဏာ-လေ့လာပုံကိုပြခြင်း

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

[မဟာသတိပဋ္ဌာနသုတ်။]

ဣတိ-ဧဝံ ဝုတ္တပကာရေန၊ဤသို့ဆိုအပ်ပြီးသောအပြားအားဖြင့်။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌လည်းဖြစ်သော။ ကာယေ၊ ဝင်လေထွက်လေအပေါင်း၌။ ကာယာနုပဿီ၊ ဝင်လေထွက်လေအပေါင်းကို အဘန်တလဲလဲ ရှုမှတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌လည်း။ ကာယေ၊ ဝင်လေထွက်လေအပေါင်း၌။ ကာယာနုပဿီ၊

ဝင်လေထွက်လေအပေါင်းကို အဘန်တလဲလဲ ရှုမှတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါမိမိသန္တာန်, ရံခါ အပယသန္တာန်၌လည်း။ ကာယေ၊ ဝင်လေထွက်အပေါင်း၌။ ကာယာနုပဿီ၊ ဝင်လေထွက်လေ အပေါင်းကို အဘန်တလဲလဲ ရှုမှတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဤသို့ဟောတော်မူအပ်သော ဒေသနာတော်၏သဘောတော်သည်ကား "ပဌမနည်း"စသည်တို့၌"ပဂုဏ" ဟုဆိုအပ်သော လေ့လာအပ်သည်၏ အဖြစ်ကိုဟောတော်မူခြင်းဖြစ်ပေသည်၊ ထိုသို့လေ့လာခြင်းတို့သည်လည်း ဝင်လေထွက်လေ၊ထိုဝင်လေ ထွက်လေ၏ "ဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ်" တို့ကို ရမှသာ လေ့လာနိုင်သည်ဖြစ်၍ (၁) "ပဌမနည်း" ၌ကား ရခဲလှ၏၊ (၂) "ဒုတိယနည်း"ဖြင့်ကား "ဗဟိဒ္ဓ" သန္တာန်ဝယ် အမျိုးမျိုးသော လေ့လာခြင်းဖြင့် လေ့လာနိုင်၏၊ (၃)"တတိယနည်း"ဖြင့်ကား"အဇ္ဈတ္တဗဟိဒ္ဓ" သန္တာန်နှစ်ပါးလုံး၌ အမျိုးမျိုးသောလေ့လာခြင်းဖြင့်လေ့လာနိုင်၏၊ (၄) "စတုတ္ထနည်း"ဖြင့် ကား "အဇ္ဈတ္တ" သန္တာန်၌ လေ့လာနိုင်လေ၏၊ လေ့လာပုံကို"တတိယနည်း"က ပြခဲ့ပြီ။

ထို ဒေသနာနယပဌမစတုက္ကဖြင့် "သီလ" ထက်ကဲလွန်၍ မွန်မြတ်သော "အဓိစိတ္တ" သိက္ခာဘုံသို့ တက်၍ "သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ" တည်းဟူသော မဂ္ဂင်တရားသုံးပါးတို့နှင့်လုံလောက်သဖြင့်"ဥပစာရသမာဓိ, အပ္ပနာသမာဓိ"နှစ်ပါးတို့တွင် ယခုပြသ ရေးသားခဲ့အပ်သော နည်းတို့နှင့်ပြည့်စုံသော ဘာဝနာယောဂီသည် "ဥပ

စာရသမာဓိ,စိတ္တဝိသုဒ္ဓိ” အဖြစ်သို့ ရောက်သည်ကိုလည်း ဟောတော်မူပေသတည်း။

## သမာဓိ၏အကျိုးကိုပြခြင်း

“မြတ်စွာဘုရား....သမာဓိ”ဟုဆိုအပ်သော စိတ်၏တည်ကြည်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း”ဟုလျှောက်၍၊ အို–“အာနန္ဒာ....” စိတ်၏တည်ကြည်ခြင်းသည် ဟုတ်မှန်တိုင်း သိမြင်ခြင်းတည်းဟူသော အကျိုး,အာနိသင်ရှိ၏ ဟု မိန့်တော်မူ၏။

“မြတ်စွာဘုရား...”ဟုတ်မှန်တိုင်း သိမြင်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း ဟုလျှောက်၏၊အို–“အာနန္ဒာ ..”ဟုတ်မှန်တိုင်း သိမြင်ခြင်းသည် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း,ရာဂ ကင်းခြင်း အကျိုး, အာနိသင်ရှိ၏-ဟု မိန့်တော်မူ၏။

“မြတ်စွာဘုရား....”ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း, ရာဂကင်းခြင်းသည် အဘယ်အကျိုးရှိပါသနည်း၊ အဘယ်အာနိသင် ရှိပါသနည်း-ဟု လျှောက်၏၊အို–“အာနန္ဒာ...”ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း,ရာဂကင်းခြင်းသည် “အရဟတ္တဖိုလ်”ကိုသိမြင်သောဉာဏ်ဟူသော အကျိုး,အာနိသင်ရှိ၏-ဟု မိန့်တော်မူ၏။

[ဒသင်္ဂုတ္တရပါဠိတော် အာနိသံသဝဂ်ကိမတ္ထိယသုတ်။]

## သမထမှ ဝိပဿနာကူးပုံကို ပြခြင်း

ဤဝိပဿနာဉာဏ်,မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ မည်သည် အလွန်အလွန် နက်နဲခက်ခဲ သိမ်မွေ့လှပေ၏၊ ထို့ကြောင့်–

ဝိပဿနာကို ကူးလိုတက်လို ပွါးများ အားထုတ်လိုသော ဘာဝနာယောဂီသည် "ဈာန်"မှငင်း၊ "ဥပစာရ" မှငင်း တက်ထိုက်ပေ၏၊ အဘယ်ကြောင့်ဆိုပါသော် ကာမာဝစရ သမာဓိဟု ဆိုအပ်သော "ဥပစာရသမာဓိ"၊ ရူပဈာန်,အရူပဈာန်ဟုဆိုအပ်သော"အပ္ပနာသမာဓိ"၊ ဤသမာဓိနှစ်ပါးသည် မဂ်၏အဆောက်အဦဖြစ်၍ "ဝိဇ္ဇာဝိသုဒ္ဓိ" မည်ပေသောကြောင့်တည်း။

[သင်္ဂြိုဟ်ဋီကာဟောင်းကြီးမှ၊ ဝိသုဒ္ဓိမဂ်လည်း နည်းတူ ဘင့်၏၊ ဋီကာကျော်ကား အထူးမဘင့်။]

## ဥပစာမှ ဝိပဿနာကူးပုံကိုပြခြင်း

ဤ အပ္ပနာသမာဓိ, ဥပစာရသမာဓိ နှစ်ပါးတို့တွင် "ဥပစာရသမာဓိ"မှ ဝိပဿနာသို့ အဘယ်ကြောင့် ကူးလွယ်ဘိသနည်းဟူမူ အဋ္ဌကထာကြီး ငါးစောင်တို့တွင် စူဠဝါ အဋ္ဌကထာမှတပါး ကြွင်းသော အဋ္ဌကထာကြီး လေးစောင်တွင် သာသနာတော်၏ "တတိယ" သုံးထောင်အတွင်း ပဥ္စမဈာန်၏အခြားမဲ့၌ အဘိညာဏ်ကို ရသော "တေဝိဇ္ဇခေတ်"ရှိပေသည်ဟုမိန့်တော်မူကြပါသော်လည်း ကျမ်းဂန်လာသောနည်းကိုမှီး၍"နယဂ္ဂါဟ ဟဇ္ဈမုနိ"ဟုဆိုအပ်သော လက်ဆုပ် လက်ကိုင် နည်းယူဘူးသော ဆရာကောင်းကိုတွေ့ရမှသာလျှင်ရရှိနိုင်မည်၊ယခုအခါမူ မန္တန်ရွတ်ခါ မြေလျှိုး မိုယ်းပျံနိုင်သော "ဂန္ဓာရီမန္တန်" ကိုကား တတ်လိုသူများလှပေ၏၊ သို့ရာတွင် ငင်းမန္တန်ကို သင်ပြတတ်သောသူ ရှားလှသကဲ့သို့ငင်း၊ထိုမှတဖြာ ဘာဝနာယောဂီဉာဏ်ဝမှာ ခြေ်–ငါသည် ကမ္မဋ္ဌာန်းကို အား

ထုတ်နိုင်သော ခန္ဓာကိုယ် အတ္တဘောထူးကိုလည်း ရပေ၏၊ ကျေးဇူးတော်ရှင် မြတ်စွာဘုရား ထင်ရှား ပွင့်ထွန်းတော်မူသော "ဗုဒ္ဓုပ္ပါဒနဝမခဏ" ကိုလည်း ရခဲ့ပေ၏၊ထိုဗုဒ္ဓုပ္ပါဒနဝမခဏတော်ကြီးကိုကား အလွန်ရခဲလှ၏၊ "ချာန်" တရားဟူသည်ကို ငါငံ့လင့်၍ မနေနိုင်တော့ပြီ၊ လျင်မြန်စွာ သာလျှင် သံသရာကြီး၏ ဝဋ်ဒုက္ခကြီးမှ ကူးတော့အံ့ ဟူ၍ နှလုံးပိုက်သောကြောင့်ဝင်း၊ ထိုနှစ်ပါးသော သမာဓိတို့တွင် "ဥပစာရသမာဓိ" ရရုံမျှနှင့်ပင် "ဝိပဿနာဥာဏ်" သို့ တက်ထိုက် ပေ၏။

တဿ ဟိ ဒုလ္လဘတာယ အပ္ပနာဓိဂမံ အ-
နာဂမယမာနော၊ ပဝေဝ တု ယော ပုဂ္ဂလော ဥပစာရသမာဓိမှိယေဝ ဌတွာ ဝိပဿနာယ ကမ္မံ ကရောတိ သီဃံ သံသာရဒုက္ခံ သမတိက္ကမိဿာ မီတိ။

[မဟာဋီကာ။]

ဟိ-သစ္စံ၊ မှန်၏။ တဿ၊ ထို ဗုဒ္ဓုပ္ပါဒ နဝမ ခဏကို။ ဒုလ္လဘတာယ၊ ရခဲသည်အဖြစ်ကြောင့်။ အပ္ပနာဓိဂမံ၊ အပ္ပနာချာန်ကို ရခြင်းကို။ အနာဂမယမာနော၊ မငံ့မဆိုင်းဘဲ။ ပဝေဝတု၊မဆွကလျှင်။ ယောပုဂ္ဂလော၊ အကြင်ဘာဝနာယောဂီသည်။ဥပစာရ သမာဓိမှိယေဝ၊ ဥပစာရသမာဓိ၌သာလျှင်။ ဌတွာ၊ တည်၍။သီဃံ၊ လျင်မြန်စွာ။ သံသာရဒုက္ခံ၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲကို။ သမတိက္ကမိဿာမိ၊ လွန်မြောက်စေအံ့။ ဣတိမနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ ဝိပဿနာယ၊ ဝိပဿနာ၏။ ကမ္မံ၊ အမှုကို။ ကရောတိ၊ ပြုရပေတော့၏။

## ဘေးကိုပြကာစိတ်ကိုဆုံးမရန်ဂါထာ

အန္ဓေ၀ါဝိယ မဟာရညေ၊ သဗ္ဗာဘဝေသု ဂစ္ဆတိ။
ဒုက္ခက္ခန္ဓ မနုဘောန္တော၊ တုဝံ စိတ္တ အသာသနံ။

စိတ္တ၊ မျောက်၏ပမာ သံသရာဝယ် ရှည်ကြာပျော်ပိုက်ဟယ့်စိတ်မိုက်။ တုဝံ၊ အချော့ကြိုက် အမြှောက်ကြိုက် ဆော့ရမှုကြိုက်တတ်တဲ့သင်စိတ်မိုက်ကို။အသာသနံ-အသာသနန္တော၊ သင်၏အကြိုက် အလိုလိုက်ကာ ငါမဆုံးမမိခဲ့ သည်ဖြစ်လေသောကြောင့်။ ဒုက္ခက္ခန္ဓံ၊ အို-မှုကတဖြာ နာမှုကတသွယ် သေမှုကိုတော့ ပြေးမလွယ် ပဋိသန္ဓေ တဘန် ဆက်တွယ်ပြန်သဖြင့် စက်သဘွယ် ထွက်မသွယ် တကယ် ဆိုးဝါးလှတဲ့ သံသရာ့ရန်စွယ် အန္တရာယ်ဘေးဆိုးကြီးကို။ အနုဘောန္တော၊ လူးလာစုံဆန် ကြိမ်ဘန်များစွာစံစား ခါခါ ခံစားရပါလျက်။ မဟာရညေ၊ တောအုပ်ကြီး အသွင် ဘဝသံသရာခရီးစဉ်၌။ အန္ဓော၀ိယ၊ ကမ်းမမြင် လမ်းမမြင် ဉာဏ်မြင်ပေတိုး ကြောင်တောင်ကန်း ကြက် ဖြုန်းကြီးကဲ့သို့၊သဗ္ဗာဘဝေသု၊ဆင်းရဲဘွယ်တွေက အထောင် အရာ ချမ်းသာဘွယ်ရာကလေးကတချက် ခပ်သိမ်း ဥဿုံ အလုံးစုံသော ဘဝသံသရာအဆက်ဆက်တို့၌။ ဂစ္ဆတိ၊ သမထ,ဝိပဿနာ ဤမဂ္ဂင်ရတနာလမ်းခရီးကို မပွါးမစီး သမျှကာလပတ်လုံးလျှင် မုချမသွေ ခံစားခါခါ သွားရပါဦးတော့မည်သာတကား။

သမာဝိ ကဏ္ဍော နိဋ္ဌိတော။
သမာဝိ ခဏ်း ပြီး၏။

# ပညာ ကဏ္ဍ

## ဝိပဿနာ ပညာခဏ်း

သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒ-ယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

[မဟာသတိပဋ္ဌာနသုတ်။]

ကာယသ္မိံ၊ ဝင်လေထွက်လေအပေါင်း၌။ ဝါ၊ ဝင်လေထွက်လေ၏ ပဋိဘာဂ နိမိတ်အပေါင်း၌။ (မဟာဋီကာကို ထောက်သည်၊ ရှေ့နောက်တို့၌လည်း ဤနည်းအတူမှတ်။) သမုဒယဓမ္မာနုပဿီဝါ၊ ကိုယ်,နှာခေါင်း,စိတ်ကို စွဲ၍ဖြစ်သောသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝါ၊ ဝတ္ထုရုပ်,နှာခေါင်းဖု,စိတ်ကို စွဲ၍ဖြစ်သော နိမိတ်၏ဖြစ်ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ (သုတ်မဟာဝါ အဋ္ဌကထာကို ထောက်သည်။) ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ၌။ ဝယဓမ္မာ နုပဿီဝါ၊ ကိုယ်, နှာခေါင်း, စိတ်တို့၏ချုပ်ခြင်းဟူသော ပျက်စီးကြောင်းသဘောကို။ ဝါ၊ ကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ ကိုယ်,နှာခေါင်း,စိတ်တို့၏ဖြစ်ကြောင်းသဘော,ပျက်ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝါ၊ ၍။ ဝိဟရတိ၊ နေ၏။

ဤကဲ့သို့–ဥပစာရ သမာဓိ ''စိတ္တဝိသုဒ္ဓိ'' ကို ဟောတော်မူသည်၏ အခြားမဲ့၌ ''ဒိဋ္ဌိဝိသုဒ္ဓိ'' စသည်ကို ဟော

တော်မူခြင်းငှါရင်း၊ ဝါ- ''သတိပဋ္ဌာန်'' ကို ဟောတော်မူသည်၏ အခြားမဲ့၌ သတိပဋ္ဌာန်၏ ''ဘာဝနာ'' ကို ဟောတော်မူခြင်းငှါရင်း၊ ဝါ- ''အဓိစိတ္တသိက္ခာ''ကို ဟောတော်မူသည်၏အခြားမဲ့၌ ''အဓိပညာသိက္ခာ''တို့ကို ဟောတော်မူခြင်းငှါရင်း၊ ဝါ- ''ဒုက္ခပဋိပဒါ,သုခပဋိပဒါ'' ကို ဟောတော်မူသည်၏ အခြားမဲ့၌ ''ခိပ္ပါဘိညာ,ဒန္ဓာဘိညာ'' တို့ကိုဟောတော်မူခြင်းငှါရင်း၊ဝါ-''သမထဉာဏ်''တို့ကို ဟောတော်မူသည်၏ အခြားမဲ့၌ ''ဝိပဿနာဉာဏ်'' မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ဟောတော်မူခြင်းငှါရင်း (သမုဒယဓမ္မာ နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ) စသည်တို့ကို မိန့်တော်မူလေသတည်း။

ထိုသို့ ပြတော်မူအပ်သော ဒေသနာ နယ၌ တိဟိတ်ပဋိသန္ဓေ ပညာဖြင့် ပညာရှိကုန်သော ဘာဝနာယောဂီတို့သည် ''စတုဗ္ဗနည်း'' ကို သိမ်းဆည်းပြီး၍ ''ဥပစာရဘုံ'' သို့ ရောက်သောအခါ ''မဏ္ဍလ''ဟု ဆိုအပ်သော ဤကိုယ်၏အတွင်း၌ အရှိန်မစဲ တသဲသဲ တရိပ်ရိပ်ဖြစ်၍ နေသောရုပ်တို့ကိုလည်းကောင်း၊ ''ဝိညာဏ်,ဖဿ,ဝေဒနာ'' ဟူသော ''ပဥ္စက'' တို့ဖြင့် သိအပ်, တွေ့အပ်, ခံစားအပ်သည်ဖြစ်၍ ရပ်တည်ခြင်းမရှိသော နာမ်တရားတို့ဖြစ်ခြင်းတို့ကိုလည်းကောင်း၊ ထိုဆိုအပ်ပြီးသော ရုပ်နာမ်တရားတို့၏ ''ပျက်ခြင်း'' ကိုလည်းကောင်း၊ထိုရုပ်,နာမ်တရား နှစ်ပါးတို့၏ ''ဖြစ်ခြင်း,ပျက်ခြင်း''ကိုလည်းကောင်း ရှု၍ရှု၍နေကြကုန်၏ဟူလို။

## သမထယာနိကနှင့် ဝိပဿနာယာနိကကိုပြခြင်း

ထိုရုပ်နာမ်တို့၏ ဖြစ်ခြင်းကို ၎င်း, ပျက်ခြင်းကို ၎င်း, ဖြစ်ခြင်း- ပျက်ခြင်းကို၎င်း ရှု၍နေရာ၌လည်း "သမထယာနိက" ပုဂ္ဂိုလ်တို့၏ ရှုခြင်း၊ "သုဒ္ဓဝိပဿနာယာနိက" ပုဂ္ဂိုလ်တို့၏ရှုခြင်းအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်ဥပစာရသမာဓိ, အပ္ပနာသမာဓိနှစ်ပါးနှင့် ပြည့်စုံသောသူသည် "သမထ ယာနိက"ပုဂ္ဂိုလ်မည်၏၊ ထိုသမထယာနိကပုဂ္ဂိုလ်သည် နာမ်ကိုရှေ့သွားပြု၍ ရှုအပ်၏။

> သမထော ဧဝ ယာနံ သမထယာနံ၊တံ ဧတဿ အတ္ထီတိ သမထယာနိကော၊ ဈာနေ ဈာနူပစာရေ ဝါ ပတိဋ္ဌာယ ဝိပဿနံ အနုယုဉ္ဇန္တဿေတံ နာမံ။
>
> [မဟာဋီကာ။]

သမထောဧဝ၊ သမထသည်သာလျှင်။ ယာနံ၊ ယာန်တည်း။ သမထယာနံ၊ သမထသည်သာလျှင်ယာန်။တံ၊ ထိုသမထယာန်သည်။ ဧတဿ၊ထိုဥပစာ,အပ္ပနာရဟာပုဂ္ဂိုလ်အား။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သမထယာနိကော၊ သမထယာနိကမည်၏။ ဧတံ၊ ထိုသမထယာနိကဟူသောအမည်သည်။ ဈာနေဝါ၊ ဈာန်၌၎င်း။ ဈာနူပစာရေဝါ၊ ဈာန်၏ဥပစာ၌၎င်း။ ပတိဋ္ဌာယ၊ တည်၍။ ဝိပဿနံ၊ ဝိပဿနာကို။ အနုယုဉ္ဇန္တဿ၊ အားထုတ်သောဘာဝနာယောဂီ၏။နာမံ၊အမည်တည်း၊

"သမထကမ္မဋ္ဌာန်း"တို့တွင် တပါးပါးကိုမျှမယူမူ၍ ဥပစာရသမာဓိ, အပ္ပနာသမာဓိနှစ်ပါးတို့တွင် တပါးပါး

နှင့်မပြည့်စုံသောသူသည်“ဝိပဿနာ”ကို အားထုတ်ခြင်းရှိပါမူ“သုဒ္ဓဝိပဿနာယာနိက”ပုဂ္ဂိုလ်မည်၏၊ ထိုသုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်မှာကား ရုပ်ကိုရှေ့သွားပြု၍ရှုအပ်၏။

> ဝိပဿနာဘိနိဝေသော ဝိပဿနာယာနိကဿ ပန သမထံ အနိဿာယာတိ အာဟ သုဒ္ဓဝိပဿနာယာနိကေ ာတိ။
>
> [မဟာဋီကာ။]

ဝိပဿနာယာနိကဿ ပန၊ ဝိပဿနာယာနိကပုဂ္ဂိုလ်အားကား။ ဝါ၊သမထမဘက် သက်သက်သော ခဏိကသမာဓိသာလျှင် ယာန်ရှိသောပုဂ္ဂိုလ်အားကား။ သမထံ၊ ဥပစာရသမာဓိ,အပ္ပနာသမာဓိဟု ဆိုအပ်သော သမထဘာဝနာကို။ အနိဿာယ၊ မမှီမူ၍။ ဝိပဿနာဘိနိဝေသော၊ ဝိပဿနာကို နှလုံးသွင်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုဒ္ဓဝိပဿနာယာနိကော တိ၊သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ဟူ၍။ အာဟ၊မိန့်ဆိုတော်မူပြီ။

“သမထယာနိက” ပုဂ္ဂိုလ်သည် နာမ်ကိုရှေ့သွားပြု၍ “သုဒ္ဓဝိပဿနာယာနိက” ပုဂ္ဂိုလ်ကား ရုပ်ကိုရှေ့သွားပြု၍ ရှုအပ်၏ဟု သုတ်မဟာဝါ ဋီကာဆရာ မိန့်မှာတော်မူသည် မှာမှန်ပေ၏၊“ဆရာကြီး”တို့ကား ဤဥပစာရဘုံ၌နေသော ဘာဝနာယောဂီသည် “သမထယာနိက” ကား ဟုတ်ပေ၏၊ သို့သော်လည်း ဈာန်အင်္ဂါတို့ကို ဝိသေသ မ-လျက် သုတ်မဟာဝါအဋ္ဌကထာ, ဋီကာဆရာတို့ ပြတော်မူသည် ဖြစ်၍ မိမိသန္တာန်၌ သိမ်းဆည်းအပ်သော ဥပစာရ သမာ

မိဝယ် ဈာန်အင်္ဂါမရှိရကား "သုဒ္ဓဝိပဿက"ပုဂ္ဂိုလ်ကဲ့သို့ "ရုပ်" ကိုရှေးသွားပြု၍ သိမ်းဆည်းပါမူ လျောက်ပတ် လိမ့်မည်ဟု ယူတော်မူကြ၏၊ ပဋိဘာဂနိမိတ်ကို သိသော "နာမ်တရား"ကစ၍ နာမ်ကိုရှေးသွားပြုလျက် သိမ်းဆည်း ခဲ့ပါမူလည်း "ဈာနေ ဈာနူပစာရေဝါ" ဟူသောမဟာဋီ ကာဆရာ၏အယူနှင့် ညီတန်ပေ၏ဟူ၍ ယူတော်မူကြ၏၊ ဤ၌ကား ထင်ရှားရာရုပ်ကိုသာ ရှေးသွားပြုကာ သိမ်း ဆည်း၍ပြပေတော့အံ့သတည်း။

---

## ပရိဂ္ဂဟလေးပါးကို ပြခြင်း

ထိုသို့သိမ်းဆည်းခြင်း နှစ်ပါးတို့တွင်- (၁) ရှေးဦးစွာ ရုပ်ကို သိမ်းဆည်းခြင်း "ရူပပရိဂ္ဂဟ"၊ (၂) ပြီးမှနာမ်ကို သိမ်းဆည်းခြင်း "နာမပရိဂ္ဂဟ"၊ (၃) ထိုရုပ်နာမ်နှစ်ပါး တို့၏ ဖြစ်ကြောင်းကို သိမ်းဆည်းခြင်း "ပစ္စယပရိဂ္ဂဟ"၊ (၄) အကြောင်းငါးပါးနှင့် တကွဖြစ်သောရုပ်နာမ်တရား နှစ်ပါးတို့၏ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ဟူသော အခွန့်ကာ လကို သိမ်းဆည်းခြင်း "အဒ္ဓါနပရိဂ္ဂဟ" ဟူသောသိမ်း ဆည်းခြင်းလေးပါးဖြင့် သိမ်းဆည်းပြီး၍ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်းဟုဆိုအပ်သော "ဥဒယ"၊ပျက် ခြင်းဟုဆိုအပ်သော "ဝယ"၊ဖြစ်ခြင်း,ပျက်ခြင်းဟု ဆိုအပ် သော"ဥဒယဝယ"ရှု၍နေအပ်၏၊နေရမည်၊နေကြပါလေ။

**မှတ်ချက်။** [စာတွင် ပရိဂ္ဂဟသုံးပါးသာ ရှိသော်လည်း သမ္မသန ဉာဏ်နှင့်မကွဲမည်စိုးသောကြောင့် အဒ္ဓါနပရိဂ္ဂဟထားသည်။]

## ဓမ္မတာနှင့် ပစ္စတ္တိနှစ်ပါးကို ခွဲခြား၍ပြခြင်း

ဤကဲ့သို–ရုပ်နာမ်တရား နှစ်ပါးကို သိမ်းဆည်းရာ၌လည်း (၁) "ဓမ္မတာနည်း"၊ (၂) "ပစ္စတ္တိနည်း" ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထင်ရှားစေအံ့–(၁) "ဓမ္မဿ ဘာဝေါ ဓမ္မတာ"။ "ဓမ္မဿ၊ သဘောအတိုင်း။ ဘာဝေါ၊ ဖြစ်ခြင်းတည်း။ ဓမ္မတာ၊ သဘောအတိုင်းဖြစ်ခြင်း-ဟု ဆိုအပ်သော "ဘာဝတဒ္ဓိတ်" ဝိဂြိုဟ်အရသံသရာပဋ္ဌမ သတ္တဝါရယ်လို့ ဖြစ်လာစမှ အနုပါဒိသေသ နိဗ္ဗာန်တိုင် ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ခဏမစဲ တသဲသဲ ဖြစ်ပျက်၍ နေခြင်းသည် မည်သူမျှမပြုပြင်ရ၊ သူ့သဘာဝအတိုင်းမဆိုင်းမတွ ဖြစ်ပျက်ကြသော "ဓမ္မတာ" သဘောတရားမည်ပေ၏။

(၂) "ပစ္စတ္တံ ပစ္စတ္တိ"။ "ပစ္စတ္တံ၊ ပြုပြင်၍ အကြောင်းညီညွတ်မှုဖြစ်ခြင်း။ ပစ္စတ္တိ၊ ပြုပြင်၍အကြောင်းညီညွတ်မှုဖြစ်ခြင်း-ဟုဆိုအပ်သော "ဘာဝသာဓန" ကိတ်ဝိဂြိုဟ်အရ ပစ္စက္ခမျက်မှောက်အခါ မျက်စိနှင့်အဆင်း တွေ့ဆုံထိခိုက်ခြင်းကြောင့် စက္ခုဝိညာဏ်ခေါ် နာမ်တရားဖြစ်ပေါ်၍ လာသလို ရှိရှိသမျှပြုပြင်မှု ဖြစ်ကြခြင်းသည် ပစ္စတ္တိနည်းမည်၏၊ ဤနည်းနှစ်ပါးတွင် ရှေးဦးစွာ "ဓမ္မတာနည်း" ကို ပြ၍ နောက်မှ "ပစ္စတ္တိနည်း" ကို သွတ်သွင်း၍ ပြပေအံ့။

---

## ဓမ္မတာနည်းဖြင့် ရုပ်ကိုသိမ်းဆည်းရန်

### သုတမယ, ဘာဝနာမယ နှစ်ဌာနကိုပြခြင်း

ထိုလေးပါးသော သိမ်းဆည်းခြင်း တို့တွင်လည်း ရုပ်ကို သိမ်းဆည်းခြင်းသည် (၁) "အာဂမသုတ" ဖြင့် သိမ်း

ဆည်းခြင်း၊ (၂)"အဓိဂမသုတ"ဖြင့် သိမ်းဆည်းခြင်းဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်-(၁)အကြင်သူသည် "ခန္ဓာ,အာယတန,ဓာတ်,သစ္စာ,ပဋိစ္စသမုပ္ပါဒ်"စသော နည်းတို့၌ လိမ်မာလျှ၍ ဤသည်ကား ရုပ်,ဤသည်ကား နာမ်စသည်ဖြင့် "သုတမယဉာဏ်" ဖြင့် သိမ်းဆည်းခြင်းသည် "အာဂမသုတ"ဖြင့် သိမ်းဆည်းခြင်းမည်၏၊ (၂) အကြင်သူကား"အာဂမသုတ"ရှိသော်ငြား၊ မရှိသော်လည်း ဆရာကောင်းတို့ထံ ချဉ်းကပ်ပြီးက"သမာဓိ" ဘာဝနာကို ထူထောင်၍"ယထာဘူတ" အားရှိလှသဖြင့် ရုပ်တရားတို့၏ ဖြစ်ပွါးချုပ်ပျက်ဟန်ကို"ပစ္စက္ခဉာဏ်"ဖြင့် ကေန်တိတိ မြင်ရက"ဘာဝနာမယဉာဏ်"ဖြင့်သိမ်းဆည်းခြင်းသည်"အဓိဂမသုတ"ဖြင့် သိမ်းဆည်းခြင်း မည်၏။

[မူလပဏ္ဏာသသုတ် အဋ္ဌကထာ။]

ထိုသို့ အာဂမသုတ ရှိ၍ပင် ဖြစ်စေ, အဓိဂမသုတရှိ၍ပင် ဖြစ်စေ, နှစ်ပါးလုံးနှင့် ပြည့်စုံ၍ဖြစ်စေ ရုပ်ကိုသိမ်းဆည်းလိုသော ဘာဝနာယောဂီသည် "စတုဓာတုနည်း" က ခိုမိရရှိခဲ့သော (၁) ဝင်လေထွက်လေ၏ ပဋိဘာဂကိုငင်း၊ (၂) ထိုဝင်လေထွက်လေ၏ ပဋိဘာဂ၏ အာလောကခေါ် အရောင် အလင်းကြောင့် ပစ္စက္ခဉာဏ်ဝဲ၌ ထင်မြင်၍လာရသော မရေမတွက်နိုင်အောင် များပြား လှစွာသော "ဝဏ္ဏရုပ်"တို့ကိုငင်းပေါင်းလက်သည်ရှိသော်(၁)အဇ္ဈတ္တသ၏ ပဋိဘာဂ၊ (၂) ပဇ္ဈတ္တသ၏ ပဋိဘာဂ၊ (၃) ဝဏ္ဏရုပ်ဟု သုံးပါးသာရှိ၏၊ ထိုသုံးပါးတို့ကို တပေါင်းတည်းပြု၍ "ဧဝံရူပံ-ဧဝံရူပံ" ဟူ၍ငင်း၊ "ရူပ-ရူပ" ဟူ၍ငင်း သိမ်းဆည်းအပ်၏။

တတ္ထ အဿာသပဿာသကမ္မိကော ဣမေ အဿာသပဿာသာ ကိံနိဿိတာ၊ ဝတ္ထုနိဿိတာ၊ ဝတ္ထုနာမ ကရဇကာယော၊ ကရဇကာယောနာမ စတ္တာရိ မဟာဘူတာနိ ဥပါဒါရူပဉ္စေတိ ဧဝံ ရူပံ ပရိဂ္ဂဏှာတိ။ ။

[မူလပဏ္ဏာသအဋ္ဌကထာ, သုတ်မဟာဝါ အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ္ဂ စတုက္ကင်္ဂုတ္တရ ဋီကာတို့မှာလည်း နည်းတူ၊]

တတ္ထ၊ထိုအဿာသ ပဿာသကမ္မိက သိမ်းဆည်းခြင်း, ဈာနကမ္မိက သိမ်းဆည်းခြင်း နှစ်ပါးတို့တွင်။ အဿာသပဿာသ ကမ္မိကော၊ဝင်လေထွက်လေကို သိမ်းဆည်းသော ဘာဝနာ ယောဂီသည်။ ဣမေ အဿာသ ပဿာသာ၊ ဤဝင်လေ ထွက်လေတို့သည်။ ကိံနိဿိတာ၊ အဘယ်ကိုမှီ၍ ဖြစ်ကုန်သနည်း။ ဝတ္ထုနိဿိတာ၊ဝတ္ထုရုပ်ကိုမှီ၍ဖြစ်ကုန်၏။ ဝတ္ထုနာမ၊ ဝတ္ထုရုပ် မည်သည်ကား။ ကရဇကာယော၊ ကရဇကာယပေတည်း။ ကရဇကာယောနာမ၊ ကရဇကာယ မည်သည်။ စတ္တာရိ မဟာဘူတာနိစ၊ မဟာဘုတ် လေးပါးတို့ငင်း။ ဥပါဒါရူပဉ္စ၊ ဥပါဒါရုပ်ငင်း။ ဣတိ ဧဝံ၊ ဤသို့။ ရူပံ၊ ရုပ်ကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

---

## ပစ္စက္ခဉာဏ်နှင့် အနုမာနဉာဏ်ကိုပြခြင်း

"ပစ္စက္ခဉာဏ်"ဝဲ့ ထင်မြင်လာ၏ ဟူရာ၌ ဝိပဿနာ ရှုမှတ်သောဉာဏ်သည်(၁)"အနုမာနဉာဏ်"၊(၂)"ပစ္စက္ခ ဉာဏ်ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်-(၁) "အနုမာနဉာဏ်"ဆိုသည်မှာ ရုပ်ဓာတ်,နာမ်ဓာတ်,ခန္ဓာ, အာယတန,ဓာတ်,သစ္စာ,ပဋိစ္စသမုပ္ပါဒ် စသော ပရမတ္ထ

သဘာဝတို့၏ ဖြစ်ပျက်ပုံ အမူအရာတို့ကို မှန်းကာဆကာ ဥပမာပြုကာ ရှုမှတ် ပွါးများ မှုသည် "အနုမာနဉာဏ်" မည်၏။

(၂)"ပစ္စက္ခဉာဏ်"ဆိုသည်မှာ ရုပ်ဓာတ်,နာမ်ဓာတ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသော ပရမတ္ထ သဘာဝတို့၌ ကျွမ်းကျင်လိမ်မာလှ၍ငင်း၊မလိမ်မာ လှသော်လည်း ဆရာကောင်းတို့၏ အဆုံးအမတို့ကို နာခံ မှတ်သားကာ ဘာဝနာတို့ကို ကြိုးစားအားထုတ်၍ ရုပ် နာမ် ခန္ဓာတို့၏ ဖြစ်ခြင်း, ပျက်ခြင်း တို့ကို မျက်ဝါးဆတ် ဆတ် တပ်အပ်ထင်ထင် လက်ပေါ်၌ တင်ထားအပ်သော မီးတောက်တို့၏ ငြိမ်းပျောက်ခြင်းကို မြင်ရဘိ သကဲ့သို့ "အနိစ္စ,ဒုက္ခ,အနတ္တ" လက္ခဏာတို့ကို မှချမြင်ရခြင်းသည် "ပစ္စက္ခဉာဏ်"မည်၏။

[မူလပရိယာယသုတ် အဋ္ဌကထာမှာ အကျယ်ရှုတော်မူကြပါ။]

---

## ရုပ်နာမ်တို့၏ ဖြစ်ပျက်ခြင်းကို ပြခြင်း

"ပစ္စက္ခဉာဏ်"ဝ၌ ထင်မြင်လာရသော"ဝဏ္ဏရုပ်"တို့ကို ဟူရာ၌ ထိုစတုတ္ထနည်းကို သိမ်းလိုက်ပြီးသော ဘာဝနာ ယောဂီသည် မိမိ၏ပဋိဘာဂ အာလောက သညာ အတွင်း ၌ အရှိန်မစဲ တသဲသဲဖြစ်ပေါ်၍ ထင်မြင် လာရသော သဘောတရားတို့ကား "ဝဏ္ဏရုပ်"တို့ကို ပဋိဘာဂ၏ အာ လောကကြောင့် မြင်ရကုန်၏၊ ထိုဝဏ္ဏရုပ်ဟု ဆိုအပ် သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍ နေလာသော ဤ ကရဇကာယ သည်ကား အဃာသ, အဃာသ၏ ပဋိ

ဘာဂနှင့်စပ်ရမြဲ၊ ပဿာသ, ပဿာသ၏ပဋိဘာဂနှင့် စပ်ရမြဲ"ဓမ္မတာ"ပေတည်း၊ ထို့အတူအဿာသ,အဿာသ၏ပဋိဘာဂ၊ ပဿာသ, ပဿာသ၏ ပဋိဘာဂ သည်လည်း "ဝဇ္ဇုရိုဝ်"ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲဖြစ်ပေါ်၍ နေလာသော ကရဇကာယနှင့် စပ်ရမြဲ"ဓမ္မတာ"ပေတည်း၊ အဘယ့်ကြောင့် နည်းဟူမူ ပဋိဘာဂနိမိတ်၏ ထင်ခြင်းကြောင့်တည်း၊ ဝါ-ပဋိဘာဂနိမိတ်၏ အာလောကကြောင့်ပေတည်း။

[အာဂုံလိုမူ သုတ်မဟာဝါ, မူလပဏ္ဏာသ အဋ္ဌကထာ, ဋီကာတို့မှာ ယူတော်မူကြပါ။]

ဓမ္မာဒါသံ ဂဟေတွာန၊ ဉာဏာဒဿနပတ္တိယာ။
ပစ္စဝေက္ခိ ဌမိ ကာယံ၊တုဋ္ဌိ သန္တရ ဗာဟိရံ။
[ထေရာပါဠိတော် ကုလ္လမထေရ် ဝတ္ထု။]

အာဝုသော၊ ဘာဝနာယောဂီ ဖြစ်တော် မူကြသော အို- ငါ့ရှင်တို့။ အဟံ၊ ကုလ္လတွင်မည် ငါမထေရ်သည်။ ဉာဏာဒဿန ပတ္တိယာ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို ရစေ ရောက်စေခြင်းငှါ။ ဓမ္မာဒါသံ၊ သမထအဟုန်ကြောင့် ဖြစ်ပေါ်၍ လာရပေသော သမာဓိ တည်းဟူသော မျက်မှန် မှန်ပြောင်းကြီးကို။ ဂဟေတွာန၊ မပျင်း မရိ လုံ့လရှိစွာ ကိုင်ယူချိန်တပ်ပြီး၍။ တုဋ္ဌိ၊ အနှစ်သာရ အတ္တမဘက် အချည်းနှီးသက်သက် မျှသာဖြစ်သော။သန္တရ ဗာဟိရံ၊ ထက်အောက် ဝန်းကျင် အတွင်း အပြင်နှင့်တကွ ဖြစ်သော။ ဌမိကာယံ၊ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာဟု စွဲကာ သမုတ် ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးကို။ ပစ္စဝေက္ခိံ၊

သမထ ထူထောင် ပဋိဘာဂ နိမိတ်ရောင်ဖြင့် ကြီးစည် စွေ့ခစွ ရှုကြည့်ဆင်ခြင်ပြီတကား။

## ရုပ်နာမ်တို့၏ များပုံကိုပြခြင်း

"ဝဇ္ဇုရုပ်"ကို မြင်ရ၏ဆိုသော် ဝတ္ထုရုပ်တခုကိုသာ မြင်ရခြိမဟုတ်ပါလော၊ အဘယ့်ကြောင့် "မရေမတွက်နိုင်အောင်များပြားလှစွာသော"ဟူသော ဝိသေသနကို ဆိုဘိသနည်း ဟူပါမူ-ဤဝတ္ထုရုပ်မည်သည့် နာမ်ခန္ဓာတို့၏ မှီရာတည်း၊ ထိုနာမ်ခန္ဓာတို့လည်း မျက်စိတမှိတ်, လျှပ်တပြက်, လက်ဖျစ်တတွက် ကာလအတွင်းတခု၌ "ကုဋေအသိန်းမက"ဖြစ်၍ချုပ်ကုန်၏၊ ထိုနာမ်ခန္ဓာမှီသော ဝတ္ထုရုပ် ရုပ်ခန္ဓာတို့သည်လည်း "ကုဋေငါးထောင်မက"ဖြစ်၍ချုပ်ကုန်၏၊ နာမ်ခန္ဓာကုဋေတသိန်းချုပ်ခဲ့လျှင်ရုပ်ခန္ဓာ(ငါးထောင်ရှစ်ရာ ရှစ်ဆယ် နှစ်ကုဋေ သုံးသန်း ငါးသိန်း နှစ်သောင်းကိုးထောင်လေးရာ တဆယ်တခုနှင့် ဆယ့်ခုနစ်ပိုင်း ဆယ့်သုံးပိုင်း)ချုပ်ရရှာပြန်၏၊ ထိုနာမ်ခန္ဓာများဘိုင်း ရုပ်ခန္ဓာများလှ၍ မရေမတွက်နိုင်လောက်အောင် ဖြစ်၍ပျက်သည်ကို မြင်ရပေ၏။

> ကေဋ္ဌရက္ခဏော ကောဋိသတသဟဿသင်္ချာ
> ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။
> [သမ္မောဟဝိနောဒနီအဋ္ဌကထာ။]

ကေဋ္ဌရက္ခဏော၊ လက်ဖျစ်တတွက်သော ခဏ၌၊ ကောဋိသတ သဟဿသင်္ချာ၊ ကုဋေတသိန်း အရေအတွက်ရှိသော၊ ဝါ၊ ဂဏန်းသင်္ချာ မရေတွက်နိုင်သဖြင့် များစွာဖြစ်

ခြင်းရှိသော။ (မူလဋီကာ)။နာမံ၊ နာမ်တရားသည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈတိ၊ ချုပ်၏။

ထိုသို့ နာမ်ရုပ်များတိုင်း "ရူပခန္ဓာ" များလှ၍ ရေတွက်ပိုင်းခြား ဂဏန်းထားခြင်းငှါ မဝံ့လောက်အောင် လက်ဖျစ်တတွက် အတွင်းကာလ၌ဖြစ်သော စိတ္တက္ခဏကား "စပါးတင်းပေါင်း"(ရှစ်ထောင် ငါးဆယ် ကိုးတင်းခြောက်ပြည်) မျှလောက်သောစပါးစေ့တို့နှင့် ဥပမာနှိုင်းယှဉ်၍ "မိလိန္ဒပဉှာ" ပါဠိတော်မှာ ရှင်နာဂသိန် ပြတော်မူရှာပေသတည်း။

---

## ထင်မြင်ရာ သဘာဝသုံးဌာနကို ပြခြင်း

ထိုသို့ ပဋိဘာဂ၏ အာလောကကြောင့်"ပဋ္ဌာနဥာဏ်" ဝ၌ ထင်မြင်လာရသော ဂဏန်းသင်္ချာရေတွက်နိုင်သော "ဝဏ္ဏရုပ်"ကို သိမ်းဆည်းသော ကာလ၌လည်း (၁) "သန္တိ"အားဖြင့် ထင်ခြင်း၊(၂) "ဩဒိ"အားဖြင့် ထင်ခြင်း၊ (၃) "ပဋ္ဌ"အားဖြင့် ထင်ခြင်းဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင်–(၁) တကိုယ်လုံးကို သတိမလပ် တစပ်တည်းကဲ့သို့ ထင်မြင်ခဲ့ပါမူ "သန္တိ" မည်၏၊ (၂)ထိုသန္တိသည် အာရုံကိုမပြတ်နိုင်သေးရကား မိမိကိုယ်ကို လည်လောက်တပိုင်း,ရင်လောက်တပိုင်း, ခါးလောက်တပိုင်း စသည်ဖြင့် သုံးပိုင်း,လေးပိုင်း,ငါးပိုင်း ဆစ်၍ဆစ်၍ ရှုရာ၏၊ ထိုသို့ဆစ်၍ဆစ်၍ ရှုတိုင်းရှုတိုင်း ထင်မြင်ခဲ့ပါမူ"ပဋ္ဌ"မည်၏၊(၃)ထိုပဋ္ဌသည်လည်း အာရုံကိုမပြတ်နိုင်သေးရကား မိမိကိုယ်ကို အာရုံယူနိုင်သမျှ လက်လေးသစ်

ခန့်,တမိုက်ခန့်ပိုင်း၍ပိုင်း၍ ရုပ်ကိုအာရုံပြုလျက်"ရုပ်-ရုပ်" ဟုထင်မြင်ခဲ့ပါမူ "ဩဓိ"မည်ပေ၏။

> တတ္ထတတ္ထေဝ ပဗ္ဗပဗ္ဗံ သန္ဓိသန္ဓိ ဩဓိဩဓိ ဟုတွာ တတ္တကပါလေ ပက္ခိတ္တတိလံဝိယ တဋ-တဋာယန္တာ ဘိဇ္ဇန္တိ။
>
> [သီလက္ခန္ဓအဋ္ဌကထာ သာမညဖလသုတ်။]

တတ္ထတတ္ထေဝ၊ ထိုထိုအတ္တဘော်၌ပင်လျှင်။ သန္ဓိသန္ဓိ၊ အစပ်အစပ်။ ပဗ္ဗပဗ္ဗံ၊ အဆစ်အဆစ်။ ဩဓိဩဓိ၊ အပိုင်းအပိုင်း။ ဟုတွာ၊ ဖြစ်၍။ တတ္တကပါလေ၊ လောလောပူသော အိုးကင်းထည်း၌။ ပက္ခိတ္တတိလံဝိယ၊ ထည့်အပ်သော နှမ်းစေ့ကဲ့သို့။ တဋတဋာယန္တာ၊ ဖျစ်ဖျစ် ဖျောက်ဖျောက်ဟူသော အသံကို ပြုကုန်၏သို့။သဒ္ဒါရာ၊ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ (ထည့်)။ဘိဇ္ဇန္တိ၊ ဖြစ်ကမကြာ ပျက်ရှာကြလေကုန်၏။

---

## အလုပ်ခွင်စကားအစွန်းသုံးပါးကိုပြခြင်း

ဤကဲ့သို့–အဖန်ဖန် အထပ်ထပ် သုံးသပ်အပ်သည်ရှိသော် အရှိန်မစဲ တသဲသဲဖြစ်ပေါ်၍နေသော ဤရုပ်ကား "ဝဏ္ဏရုပ်"မည်သတတ်၊ ဤဝဏ္ဏရုပ်သည် ငါ၏နှလုံးအိမ်တလက်ဘက်မျှလောက်သော ဖသွေးဥ်မှီ၍ဖြစ်၏၊ ထိုသို့ဖြစ်သောအတိုင်း ငါ၏သန္တာန်တကိုယ်လုံး၌ အရှိန်မစဲ တသဲသဲ တဖွားဖွား ထင်ရှားစွာ မြင်လာရ၏၊ ထိုမြင်လာရသော "ဝဏ္ဏရုပ်"၏အရင်းမူလကား အဘယ်ကဲ့သို့ ရှိသနည်းဟု စုံးစမ်းလတ်သော် (၁) "အန္တရ" (၂) "ဗာဟိရ" (၃) "မဟာရန္တရ"ဟု အစွန်းသုံးပါးကို တွေ့မြင်ရပေလတ္တံ့။

ထိုသုံးပါးတို့တွင်(၃) မိမိ၏ နိမိတ်၏ထိပ်ဝ မဏ္ဍလ ဠာန ပသာဒမဇ္ဈုံ အပြင်ဝယ် ငယ်စွာသော ပုန်းညက်စေ့ ပမာဏရှိလောက်သောအချပ်၌တဖျတ်ဖျတ်ခုန်၍ပွင့်လျက် နေသော အခြင်းအရာကို မြင်ရ၏၊ထိုအခြင်းအရာကို အစ ပြု၍ မဏ္ဍလ တပြင်လုံးကို ရှုလတ်သော် တဖျတ်ဖျတ်ခုန် လျက်နေကြသော အခြင်းအရာကား ဘာဝနာ ယောဂီ၏ "ဓမ္မတာ"အားဖြင့် မိမိ၏ရှေ့တူရူဌာန၌ ထင်လာရသကဲ့သို့ မြင်လာရခြင်း ဓမ္မတာသည်"ဗဟိရန္တရ" အစွန်း၌ မိမိ၏ "ဝဏ္ဏရုပ်"ကိုမြင်ရခြင်း"ဓမ္မတာ"တပါးပင်တည်း။

သို့မဟုတ်-အပြင်အပ ဗဟိဒ္ဓဖြစ်သော ရုပ်ကို မြင်ရာ, ကြားရာ, နံရာ, လျက်ရာ, တွေ့ထိကိုင်တွယ်ရာမှစ၍ အသိ မလပ်စေမူ၍ အခါခါ အထပ်ထပ် မပြတ်ရှုမှတ်ရခြင်း အခြင်းအရာသည် ခန္ဓာကိုယ်မှအပ အပြင်ကျူလွန်းလှသော "ဗဟိရန္တရ"အစွန်းဟူ၍ မှတ်အပ်၏၊ ထို့ကြောင့်—ကျေး ဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မိန့်ဟ တော်မူသည်မှာ—

> ဧထ တုမှေ ဘိက္ခဝေ ဧမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိ- ယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စ- ဝေက္ခထ။
>
> [သင္ဂါယနတနဝဂ္ဂသံယုတ်ပါဠိတော်ဂဟပတိဝဂ် ပိဏ္ဍော လဘာရဒွါဇသုတ်။]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေး ရှုပြား အို—ချစ်သား, ချစ်သမီးများတို့။ တုမှေ၊ နိဗ္ဗာန်

လိုလား သင်သူတော်ကောင်းအများတို့သည်။ ထေ၊ သာသနာတော်နယ်ဝင် သူတော်စင် ဖြစ်ရအောင် ကြည်လင်စွာလာခဲ့ကြပါကုန်လော့။ ပါဒတလာ၊ ခြေဘဝါးအပြင်မှ။ ဥဒ္ဓံ၊ ဆံဖျားတိုင်အောင်။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ ခြေဖဝါးအပြင်တိုင်အောင်။ တစပရိယန္တံ၊ အရေပြားဖြင့် ဖုံးအုပ် ပိုင်းခြားအပ်သော။ နာနပ္ပကာရဿ၊ အထူးထူးအပြားပြား များလှစွာသော။ အသုစိနော၊ မစင်ကြယ်သောပစ္စည်းဖြင့်။ ပူရံ၊ ပြည့်နှက်၍ နေသော။ ဣမမေဝကာယံ၊ အသျှားတလံ အနံတထွာ ကေသာအစ ဒွတ္တိံသ အစုမျှသာဖြစ်သော ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးကို။ ပစ္စဝေက္ခထ၊ သမထထူထောင် ဝိပဿနာအမြင်သန်အောင် အခါခါအထပ်ထပ် သတိချပ်ကာ ရှုမှတ်ပွါးများကြပါကုန်လော့။

(၂) ထို''ဗဟိရန္တရ'' အစွန်းကား ဝေးလွန်းသောအစွန်းပေတည်း၊ ငါသည်ဤဗဟိရန္တရဖြင့် အဘယ်မှူ၍ရောင့်ရဲလွယ်ကာ ရပ်တန့်၍ နေရပါအံ့နည်းဟု မိမိ၏ဦးခေါင်းထိပ်ထက်ကို ဉာဏ်ဖြင့်စိုက်ကာ နာနာကြည့်လတ်သော် အရှိန်မစဲ တသဲသဲဖြစ်ပျက်၍နေသော ဝဏ္ဏရုပ်ကိုမြင်ရပြန်၏၊ ထိုသို့မြင်ရသော ဝဏ္ဏရုပ်သည် ''ဗာဟိရ'' မည်၏၊ ထိုဗာဟိရအစွန်းကခနေ၍ အောက်ကိုစိုက်ကာ ရှုလိုက်ပြန်သော် တကိုယ်လုံး၏ဝဏ္ဏရုပ်တို့ ဖြစ်ပျက်ဟန်ကိုမြင်ရ၏၊ ထိုသို့မြင်ရခြင်းသည် ဗာဟိရ အစွန်းကစ၍ ဝဏ္ဏရုပ်တို့ကိုမြင်ရခြင်း''ဓေ့တာ''တပါးပင်တည်း။

တာ ခါတူသုညာဏေန ဝိနိဗ္ဗိဇ္ဈိတွာ ဝိနိဗ္ဗိဇ္ဈိတွာ
ဒိဿမာနာ ဟတ္ထေန ပရိမဇ္ဇိယမာနော ဖေဏ
ပိဏ္ဍောဝိယ ဝိလိယံ ဂစ္ဆန္တိ။
[မဟာဋီကာ။]

တာ၊ ထိုသမူဟဃန, ကိစ္စဃန, အာရမ္မဏဃန, သန္တတိဃနတို့သည်။ ခါတူသု၊ ခါတ်တို့၌။ ညာဏေန၊ ဝရဇိန်လက်နက် မိုယ်းကြိုးစက်ကဲ့သို့ မှုန့်မှုန့်ညက်ညက် ရက်ရက်ရဲရဲ ဝက်ဝက်ခွဲနိုင်သော ဝိပဿနာ ဝရဇိန်ညာဏ်ဖြင့်။ ဝိနိဗ္ဗိဇ္ဈိတွာဝိနိဗ္ဗိဇ္ဈိတွာ၊ ရက်ရက်ရဲရဲ ဝက်ဝက်ခွဲ၍။ ငါ၊ ထုတ်ချင်းထွင်းဖောက်၍။ ဒိဿမာနာ၊ ဆံဖျားမှ ခြေဖျားကျအောင် ညာဏ်ဝရဇိန်ချိန်ရွယ်ကာ ရှုကြည့်လိုက်သည့်ရှိသော်။ ဟတ္ထေန၊ လက်ဖြင့်။ ပရိမဇ္ဇိယမာနော၊ ဆုပ်နယ်အပ်သော။ ဖေဏပိဏ္ဍောဝိယ၊ ရေမြှုပ်စိုင်ကြီးကဲ့သို့။ ဝိလိယံ၊ ကြေပျက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဤအရာဝယ် မူလဋီကာ၌- (၁) "**သမူဟဃန**"၊ (၂) "**ကိစ္စဃန**"၊ (၃) "**အာရမ္မဏဃန**"၊ (၄) "**သန္တတိဃန**" ဟူ၍ လေးပါး၊ မဟာဋီကာ၌ကား "**သန္တတိဃန**" မပါမူ၍ သုံးပါးသာပြပေ၏၊ ထင်ရှားစေအံ့-(၁) "**သမူဟဃန**" ဆိုသည်မှာ ရုပ်မှုန့်ကလာပ်မှုန့်မှအစ သုံးဆယ့်နှစ်ပါး သောကောဋ္ဌာသ အစုအဝေးကို တပေါင်းတည်းထင်မှတ်ကာ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာဟု စွဲလမ်းခြင်းပေတည်း၊ (၂) "**ကိစ္စဃန**" ဆိုသည်မှာ ပထဝီ, အာပေါ် အစရှိသော အထူးထူးသောဓာတ်၊ ဖဿ, ဝေဒနာ အစရှိသောအထူးထူးသော သဘာဝတို့၏ကိစ္စတွေကို တပေါင်းတည်း ထင်

မှတ်ကာ''ငါသွားတယ်, ငါလာတယ်''စသည်ဖြင့် စွဲလမ်းခြင်းပေတည်း၊ (၃) ''အာရမ္မဏဃန''ဆိုသည်မှာ မျက်စိနှင့်အဆင်း, နားနှင့်အသံ အစရှိသော အထူးထူးသော အာရုံတွေကို တပေါင်းတည်းထင်မှတ်ကာ ''ငါမြင်တယ်, ငါကြားတယ်'' စသည်ဖြင့် ထင်မှတ်စွဲလမ်းခြင်းပင်တည်း၊ (၄)''သန္တတိဃန''ဆိုသည်မှာ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ခဏမစဲ တသဲသဲ ချုပ်ဆုံးဖြစ်ပျက်နေဟန်ကို ဝိပဿနာဉာဏ်အမြင်မသန်ဘဲ ''ဟိုနေ့ကငါ သည်နေ့မှာလဲငါဘဲ'' ဟု တပေါင်းတည်းထင်မှတ်ကာစွဲလမ်းခြင်းပေတည်း။

ဤကဲ့သို့ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာဟု ''အတ္တဇီဝ''စသည်အမှတ်မှားမှုသည် ''သညာဝိပလ္လာသ''၊ အသိမှားမှုသည်''စိတ္တဝိပလ္လာသ''၊အမြင်မှားမှုသည် ''ဒိဋ္ဌိဝိပလ္လာသ'' ဖြစ်ပေသောကြောင့် ''ဃန'' ဖုံးလွှမ်းသည်မည်၏၊ ထိုအထူးထူးသော ဓာတ်,ကိစ္စ, အာရုံအစဉ်တို့ကို သူ့သဘောအတိုင်းပိုင်းခြား၍ ရှုမှတ်ပွါးများမှုသည်အမှတ်မှန်, အသိမှန်, အမြင်မှန်တရားဖြစ်ပေသောကြောင့် ''ဃန''ကိုချေမှုန်းဖျက်ဆီးနိုင်သည်မည်ပေတော့၏။

(၁) ထို''ဗာဟိရ''အစွန်းကား မနီးလွန်းမဝေးလွန်းသောအစွန်းတည်း၊ အဇ္ဈတ္တသို့ ကောင်းစွာမသက်သေး၊ ဤ''ဗာဟိရ''ဖြင့် ငါသည် အဘယ့်ကြောင့် တင်းတိမ်ရောင့်ရဲကာ ရပ်တန့်၍နေရပါအံ့နည်းဟု မိမိ၏ နှလုံးအိမ်သို့ သတိဖြင့် စိုက်ကာ နာနာရှုကြည့်လတ်သည်ရှိသော် မိမိ၏ ရင်လယ်အုံတွင်း၌ မီးပန်းများ မီးရှို့ထားဘိသကဲ့သို့၎င်း၊ ပန်ကာစကြာများ လယ်နေဘိသကဲ့သို့၎င်း၊ ရေများဝဲ

လယ်နေဘိသကဲ့သို့ရင်း၊ လေပွေများ မွှေ့နေဘိသကဲ့သို့ ရင်း စသည်ဖြင့် အရှိန်မစဲ တသဲသဲဖြစ်ကာ မြင်လာတတ်၏၊ ထိုသို့မြင်လာသော ဟဒယ, ပဒေသ, အဇ္ဈတ္တမှစ၍ တချက်တည်းသောအာရုံဖြင့် တကိုယ်လုံးကို ရှုလိုက်သော် "ပရမာဏုမြူ"ပမာဏရှိသော ရုပ်မှုန့်ကလာပ်တို့ တဖျတ်ဖျတ် ဖြစ်ပေါ်နေသော အခြင်းအရာကား ငါ၏ရင်လယ် ကစ၍ဖြစ်သောအခြင်းအရာတည်းဟု တချက်တချက်သော အာရုံဖြင့်သာ တကိုယ်လုံးထင်မြင်၍နေသော ဝတ္တုရုပ်ကို ကိုမြင်ရခြင်းသည် "အန္တရ"ဖြင့်မြင်ရခြင်း "ဓမ္မတာ" တပါး ပင်တည်း။

တဿာ ကလာပတောပိ မနသိကာတဗ္ဗတာ ဝုတ္တော။
[မဟာဋီကာသမာဓိနိဒ္ဒေသ။]

တဿာ၊ ထိုသို့ဃနတရား ဖုံးလွှမ်းထားသည်၏ အဖြစ် ကြောင့်။ ကလာပတောပိ၊ရုပ်မှုန့်ကလာပ်အားဖြင့်လည်း။ မနသိကာတဗ္ဗတာ၊ ကလာပ်ကြားကို ဉာဏ်ဖြင့်လျှိုကာ ခါခါရှုမှတ် နှလုံးသွင်းအပ်သည်၏အဖြစ်ကို။ဝုတ္တာ၊ မိန့်ဆို တော်မူအပ်၏။

မိမိကိုယ် မဏ္ဍလ ဤကာယကို အတောင်ဖြင့်ဘွဲ့ရ သော် "လေးတောင်"မျှရှိ၏၊ ထိုအတောင်ကိုနှစ်ပိုင်းပြုသော် "တထွာ"ဖြစ်၏၊ထိုတထွာကိုဆယ့်နှစ်ပိုင်းပြုသော် "တလက် သစ်"ဖြစ်၏၊ ထိုလက်သစ်ကို ခုနစ်ပိုင်းပြုသော် "စပါးလုံး" မျှဖြစ်၏၊ ထိုစပါးကို ခုနစ်ပိုင်းပြုသော် "သန်းဦးခေါင်း"မျှ ဖြစ်၏၊ ထိုသန်းဦးခေါင်းကို ခုနစ်ပိုင်းပြုသော် "လိက္ခာမြူ" တခုဖြစ်၏။

တနည်း–ပေတွင် ကည်စ်ဖြင့် စာရေးခြစ်သောအခါဖြစ် ပေါ်လာသော အမှုန့်ပမာဏ "လေခမြူ" တခုဖြစ်၏၊ ထို လိက္ခာမြူကို သုံးဆယ့်ခြောက်စိတ် ပြုသော် "ရထရေဏုမြူ" တခုဖြစ်၏၊ (ဤရထရေဏုမြူဆိုသည်မှာ လှည်းရထား သွားသောအခါ ထလာသော ဖုံမှုန့်ကို ဆိုသည်။) ထိုရထရေဏုမြူ ကို သုံးဆယ့်ခြောက်စိတ်ပြုသော် "တဇ္ဇာရီ" တခုဖြစ်၏၊ (တဇ္ဇာရီမြူဆိုသည်မှာ နံရံပေါက်တွင် နေရောင်ဝင်သည် ကာလ မြင်ရသောမြူမှုန်တည်း။)ထိုတဇ္ဇာရီမြူကိုသုံးဆယ့်ခြောက် စိတ်ပြုသော် "အဏုမြူ" တခုဖြစ်၏၊ (အဏုမြူကားအလွန် ကြည်လင်လှသော မျက်စိရှိသောသူငယ်များသာ မြင်နိုင်ရာ၏။) ထိုအဏုမြူကို သုံးဆယ့် ခြောက်စိတ်ပြုသော်"ပရမာဏုမြူ" တခုဖြစ်၏၊ဤပရမာဏုမြူကား ပကတိမျက်စိဖြင့် မမြင်နိုင် တော့ပေ၊ သမာဓိမျက်စိဖြင့်သာ မြင်နိုင်ရာ၏၊ (အဘိဓာန်)။ ထို့ကြောင့်မိမိကိုယ်ကိုပရမာဏုမြူမျှအမှုန့်ပြုရသည်ရှိသော် လေး ပြည်သားမျှပမာဏရှိတန်ရာပေ၏၊ (အဘိဓမ္မာဝတာရ ဋီကာ)။ထိုပရမာဏုမြူမျှ ပမာဏရှိသော ရုပ်မှုန့် တို့သည် လက်ဖျစ်တတွက်အတွင်းမှာပင်"ငါးထောင်ရှစ်ရာရှစ်ဆယ် နှစ်ကုဋေ သုံးသန်း ငါးသိန်း နှစ်သောင်း ကိုးထောင် လေး ရာ တဆယ့်တကြိမ်မျှ ဖြစ်ပျက်ကြပေကုန်၏။

တေ ပန ကလာပါ ပရမာဏုပရိမာဏာ
ဟောန္တီတိ တပ္ပရိယာပန္နာနံ ပထဝီဓာတုအာဒီနံ
ကော သို သရီရေ ပရိမေယျပရိစ္ဆေဒံ ဒဿေတုံ
စုဏ္ဏတော မနသိကာတဗ္ဗတာ ဝုတ္တာ။

[မဟာဋီကာ သမာဓိနိဒ္ဒေသ။]

ဓါတုပန ကလာပါ၊ ထိုရုပ်မှုန့် ကလာပ်ဘို့သည်ကား။ ပရမာဏု ပရိမာဏာ၊ ပရမာဏုမြူမျှ အတိုင်း အရှည်ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့၊ (တွေ့၊) ဤအရာ၌။ တပ္ပရိယာပန္နာနံ၊ ထိုကလာပ်၌ အကျုံးဝင်ကုန်သော။ ပထဝီဓာတုအာဒီနံ၊ ပထဝီဓာတ် အစရှိသည်တို့၏။ ကေသွိံ သရိရေ၊ တခုသော ခန္ဓာကိုယ်၌။ ပရိမေယျပရိစ္ဆေဒံ၊ နှိုင်းယှဉ်အပ်သော အပိုင်းအခြားကို။ ဒဿေတုံ၊ ပြခြင်းငှါ။ စုဏ္ဏတော၊ ကလာပ်မှုန့်အားဖြင့်။ မနသိကာတဗ္ဗတာ၊ နှလုံးသွင်းကာ ရှုမှတ်အပ်သည်၏အဖြစ်ကို။ ဝုတ္တာ၊ မိန့်ဆိုအပ်ပေ၏။

ထို ''အန္တရ'' ဖြင့် ရုပ်ကို သိမ်းဆည်းနိုင်ပါမူ အစွန်းသုံးပါးတို့တွင် အတွင်း အကျဆုံး ဖြစ်၍ အကောင်းဆုံးပေတည်း၊ ထိုသို့အန္တရဖြင့်ဖြစ်စေ, နောက်ကပြခဲ့သော ''ဩဓိ'' ဖြင့် ဖြစ်စေ မိမိရုပ်ကို သိမ်းဆည်းအပ်၏၊ သိမ်းဆည်းဘန်များလတ်မူ ဘာဝနာယောဂီ၏ဉာဏ်ဝ၌ အချို့သော • သူတို့အား ''စတုဓာတုနည်း'' သိမ်းဆည်းရုံနှင့်၊ အချို့မှာ ''ရုပ်'' ကို သိမ်းဆည်းရုံနှင့်၊ အချို့မှာ ''သမ္မသန'' သို့ရောက်မှ ထင်မြင်လာရမြဲဓမ္မတာတည်း၊ ဤကား အလုပ်လမ်းရိုးတို့၏ ဝေါဟာရအစဉ်တည်း။

---

## လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကိုပြခြင်း

ရုပ္ပနလက္ခဏံ ရူပံ ဝိကိရဏရသံ အဗျာကတပစ္စုပဋ္ဌာနံ ဝိညာဏပဒဋ္ဌာနံ။

[သမ္မောဟဝိနောဒနီ အဋ္ဌကထာ။]

ရုပ်၊ရုပ်တရားသည်။ ရုပ္ပန လက္ခဏံ၊ ရှေ့နောက်အစဉ် အသွင်မတူလျှင်း ဘောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏ ရသံ၊ ဖရိုဖရဲ ကြဲခြင်းကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနံ၊ အကျိုးမပေးတတ်,အာရုံကို မခံစားတတ်ခြင်းလျှင် ရှေးရှု ထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာနံ၊ ဘာဝနာ ယောဂီ၏ ဝိပဿနာ ဝိညာဏ်လျှင်နီးစွာသော အကြောင်း ရှိ၏။

ဤကဲ့သို့ ရုပ်တရားကြီးသည် (၁) ''လက္ခဏ''၊ (၂) ''ရသ''၊(၃) ''ပစ္စုပဋ္ဌာန်''၊ (၄)''ပဒဋ္ဌာန်'' အားဖြင့် အမှတ်ပြု၍ သိမှုတရားလေးပါးပြားသတည်း၊ ထိုလေးပါး တို့တွင်(၁) ''လက္ခဏ''ဆိုသည်မှာ ထိုရုပ်တရား၏ သဘော ပင်၊ ရုပ်တရား၏ သဘောမှာ အချမ်း, အပူ အစရှိသော ဆန့်ကျင်ဘက်တရားတို့ကြောင့် အပေါင်းပြည်တ်ဒြပ် ရုပ် လုံး ရုပ်ခဲကြီးသည် ပြိုကွဲပဲ့ရွဲ့ ပိန်တဲ့ချည် ဝတဲ့ချည် ဖြူချည် တခါ ဝါချည်တလဲ မဲချည်တတန် စသောအားဖြင့်ဘောက် ပြန် ပျက်စီးတတ်သော သဘော(သဘာဝလက္ခဏာ) ရှိ၏၊ (၂)''ရသ''ဆိုသည်မှာ ဆောင်ရွက်မည့် အလုပ်ကိစ္စ ပေ တည်း၊ ရုပ်ဆောင်ရွက်မည့် ကိစ္စမှာ ဓား, လှံ အစရှိ သော ဆန့်ကျင်ဘက် တရားများနှင့် တွေ့ထိသောအခါ ခိုင် မာခြင်းမရှိ ပကတိသဘောမှ ရွေ့လျောပျက်စီး၍ ဖရိုဖရဲ ကြဲခြင်းအမှုကို ဆောင်ရွက်ခြင်း (ပြုလုပ်ခြင်းကိစ္စရသ) ရှိ ၏၊(၃)''ပစ္စုပဋ္ဌာန်''ဆိုသည်မှာ အကျိုးတရားပင်တည်း၊ ရုပ်၏အကျိုးတရားမှာ ဘယ်အာရုံမှမခံစားတတ် ဘာကျိုး မှမပေးတတ်၊ နောက်ဆုံးကာလ မြေကြီး ဩဇာမျှသာ အကျိုးပေးခွင့် (ပစ္စုပဋ္ဌာန်)ရှိ၏၊(၄) ''ပဒဋ္ဌာန်''ဆိုသည်

မှာ အကြောင်းတရားပင်တည်း၊ ရုပ်တရားဖြစ်ရခြင်း အကြောင်းမှာ ဝိညာဏ်တရားတည်းဟူသော အကြောင်း (ပဒဋ္ဌာန်)ကြောင့် ဖြစ်ရပေ၏။

ထို့ကြောင့်–အရှိန်မစဲ တသဲသဲဖြစ်ပျက်ကာ ဖောက်ပြန်သော ရုပ်တရားအစုကို ဉာဏ်ဖြင့်ရှုကာ ရုပ်တရား၏ သဘောအားဖြင့်ရှင်း၊ ဆောင်ရွက်သည့်ကိစ္စအားဖြင့်ရှင်း၊ အကျိုးအားဖြင့်ရှင်း၊ ဖြစ်ကြောင်းအားဖြင့်ရှင်း သိကြပြီးကာ "သဘောလက္ခဏာ"သာလျှင် ရှုမှတ်ပွါးများသည့်ဘာဝနာမယဉာဏ်တွင်ပဓာန ဖြစ်ပေရကား သဘောလက္ခဏာ အားဖြင့် "ဖောက်ပြန်သည်"ဟူ၍ရှင်း၊ အမည်အားဖြင့် "ရုပ်-ရုပ်"ဟူ၍ရှင်း သတိမလပ် ရှုမှတ်မှု ပညာ ယှဉ်ကပ်ခါခါ ပွါးများ အားထုတ်ကြကုန်ရာသတည်း။

## ရုပ်တရားမှတပါး မြင်ကောင်းသော တရား မရှိသည်ကို ပြခြင်း

ဣဓ ဘိက္ခဝေ ဘိက္ခု ရူပသုခမေန သမန္နာဂတော ဟောတိ ပရမေန၊ တေန စ သုခမေန အညံ ရူပသုခမံ ဥတ္တရိတရံ ဝါ ပဏီတတရံ ဝါ န သမနုပဿာမိ။

[အင်္ဂုတ္တိုရ်ပါဠိတော် စရဝဂ် သုခမသုတ်။]

ဘိက္ခဝေ၊ သံသရာကို ဘေးဟုရှုကြသော အို- ချစ်သား, ချစ်သမီးများတို့။ဣဓ၊ဤ သာသနာတော်၌။ဘိက္ခု၊ ရဟန်းသည်။ပရမေန၊မြတ်သော။ရူပသုခမေန၊ ရုပ်မှုန့်ကလာပ်၌ နူးညံ့သည်ထက်နူးညံ့ခြင်းနှင့်။သမန္နာဂတော၊ပြည့်စုံသည်။

ဟောတိ၊ ဖြစ်၏။ တေနစ သုခုမေန၊ ထိုရုပ်မှုန့်ကလာပ်တို့၏ နူးညံ့သိမ်မွေ့ခြင်းမှ။ အညံ၊တပါးသော။ ရူပသုခုမံ၊ ရုပ်မှုန့်ကလာပ်၏ သိမ်မွေ့ခြင်းထက်၊ ဥတ္တရိတရံဝါ၊ လွန်သည်ထက် လွန်သော တရားကိုငှင်း၊ ပဏီတတရံဝါ၊ မြတ်သည့်ထက် မြတ်သောတရားကိုငှင်း၊ အဟံ၊ ငါဘုရားသည်။ နသမနုပဿာမိ၊ မြင်တော်မမူ။

ရုပ်တရားသည် အလွန်သိမ်မွေ့၏၊ ရုပ်တရားမှတပါးသိမ်မွေ့သော တရားကို မြတ်စွာဘုရား ရွှေဉာဏ်တော်မှလည်း ရှုမြင်တော်မမူနိုင်၊ ရုပ်တရားထက် သိမ်မွေ့သော တရားတစုံတခုကိုမျှ မတောင့်တအပ်, မရှာအပ်ဟု မှတ်၊ ထို့ကြောင့်—

တေန စ ရူပသုခုမေန အညံ ရူပသုခုမံ
ဥတ္တရိတရံ ဝါ ပဏီတတရံ ဝါ န ပဿတိ။
[ငှင်း။]

တေန စရူပသုခုမေန၊ထိုရုပ်တရား၏သိမ်မွေ့ခြင်းမှ။အညံ၊တပါးသော။ ရူပသုခုမံ၊ သိမ်မွေ့သော ရုပ်တရားကိုငှင်း။ ဥတ္တရိတရံဝါ၊ လွန်၍ သိမ်မွေ့နူးညံ့သော တရားကိုငှင်း။ ပဏီတတရံဝါ၊ မြတ်သည်ထက် မြတ်သော တရားကိုငှင်း။ နပဿတိ၊ မတောင့်တ။

ထို့ကြောင့်—တရိပ်ရိပ် ဖြစ်ပျက်နေသော ရုပ်တရားကို သမာဓိဉာဏ်ဖြင့် ထင်မြင်အောင်ရှု၊ ရှု၍မြင်က "ယထာဘူတ" ဟုတ်မှန်သည့် အတိုင်း ထင်မြင်သော သဘာဝလမ်းမှန်ကြပေပြီ ဟု မှတ်အပ်၏။

## မိဖိရုပ်ကို ရှုတ်ချကာ ဆုံးမရန် ဂါထာ

ဟန္ဒ တံ သိက္ခာပေဿာမိ၊ ပရဘောဂ ဝိဓမာဟကာ။
ယံ [illegible] မံ အမှဝေသေန၊ စိရံ ဒိန္နတ္တ မာနယိ။

[လယ်တီဆရာတော်။]

ပရဘောဂ၊ မှတ်,ခြင်,သန်း,ကြမ်းပိုး ပိုးမျိုးအပေါင်း သိန်းသောင်း များစွာ တပါးသော သတ္တဝါတို့၏ အစာ ထမင်း မှီတင်းနေအိမ်လည်း ဖြစ်ထသော။ ဝိဓမာဟကာ၊ အရိယာမျက်စိ မရှိသသူ အများလူတို့ အယူဘောက်ပြား အမှားတွေဝေ မိုက်မဲစေတတ်သော ဟယ်-ငါ့ရုပ်။ ယံတွံ၊ အသိုးအပုပ် မသာကိုယ် ကတိုးထုပ်မှာ ထင်မြင်အောင် ဟန်ဆောင်ကာ လှည့်ပတ် တတ်သော အကြင်နင်ရုပ်သည်။ အမှဝေသေန၊ ငါမဟုတ်ဘဲ ငါရုပ်ငါသောင် ပြီစွာဆောင်သဖြင့်။ စိရံ၊ အနမတဂ် သံသာစက်တွင် မဆင်စဆုံး ဘဝသံသရာ ရှည်သမျှ ကာလဘက်လုံး။ မံ၊ ငါ့ကို။ ဒိန္နတ္တံ၊ ထိန်းကျောင်း မွေးကျွေး နှင့် အခရေးကြောင့် အေးကာပူကာခနေသာဘဲ ဘေးရှာလုပ်ကြီ တရိမကင်းပင် ပန်းခြင်းသို့။ အာနယိ၊ ရှည်ပေးခေါင်ဆိ ဆောင်ယူခဲ့လေပြီ။ တံ၊ ထိုနင်ရုပ်ကို။ ဟန္ဒ၊ ယခု။ အဟံ၊ သံသရာ ထွက်လမ်း စုံစမ်းရှာဖွေ တွေ့ရပေသော ငါသည်၊ သိက္ခာပေဿာမိ၊ ဟောင်သူအရေးကောင်း ထွန်းသွားမြောင်းသို့ ခါကောင်း သမယ ဤဘဝ၌ လုံ့လယှဉ်၍ အင်စုံညီသျှက် ချာယီပြုကတော့ ကျင့်မလှေ့ဖြင့် ညဉ့်နေ့ဆက်နွယ် သက်ခတွယ်ဘဲ ယက်ဝယ် စကြီ နှစ်တန်ယာပိုတ် မိဋ္ဌာန် စိုက်

လျက် အမြိုက်လုံလု ကိုယ်အစုဝယ် ရှုစားတွင်တွင် ဆိုးမသင်၍ လျှင်လျှင် ပြပေတော့အံ့သည် တကား။

ရူပ ပရိဂ္ဂဟ ပြီး၏။

## စမ္ပတာနည်းအားဖြင့် နာမ်ကိုသိမ်းဆည်းရန်

### သုတမယ, ဘာဝနာမယ နှစ်ဌာနကို ပြခြင်း

ရုပ်ကို သိမ်းဆည်းပြီးသော ဘာဝနာ ယောဂီသည် နာမ်ကို သိမ်းဆည်းရာ၏၊ ထိုနာမ်ကို သိမ်းဆည်းရာ၌လည်း "အာဂမသုတ,အဓိဂမသုတ"ဟု သိမ်းဆည်းခြင်း နှစ်ပါးပင် ရှိထိုက်၏၊ (၁) အကြင် ဘာဝနာယောဂီသည် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်စသောနည်းတို့၌ လိမ်မာလှ၍ ဤနေရာ၌ စိတ်ကား ဤရွေ့ ဤမျှ ရထိုက်၏၊ အဘယ် စိတ်တို့ပေတည်း၊ စေတသိက်ကား ဤ၍ ဤမျှ ရထိုက်၏၊ အဘယ် စေတသိက်တို့ပေတည်း ဟု သုတမယ ဉာဏ်ဖြင့် သိမ်းဆည်း ခြင်းသည် အာဂမသုတဖြင့် သိမ်းဆည်းသည် မည်၏။ (၂) အကြင်သူကား အာဂမသုတ ရှိသော်ငင်း၊ မရှိသော်လည်းဆရာကောင်းတို့ထံ ချည်းကပ်ပြီးကာ သမာဓိဘာဝနာကို ထူထောင်၍"ယထာဘူတ"အားရှိလှသဖြင့် နာမ်တရားတို့၏ ဖြစ်ပွါး ပျက်ဟန်ကို ပစ္စက္ခဉာဏ်ဖြင့်"ပဉ္စက" သုံးပါးတို့၏ အဘို့တို့ကို ဆိုက်စေလျက် ဘာဝနာမယ ဉာဏ်ဖြင့် သိမ်းဆည်း ခြင်းသည် အဓိဂမ သုတဖြင့် သိမ်းဆည်းသည် မည်၏၊ ထိုသို့ အာဂမသုတ ရှိ၍ပင် ဖြစ်စေ, အဓိဂမသုတ ရှိ၍ပင်ဖြစ်စေ, နှစ်ပါးလုံးနှင့် ပြည့်စုံ၍ ဖြစ်စေ

နာမ်ကို သိမ်းဆည်း လိုသော ဘာဝနာ ယောဂီသည် "ရူပပရိဂ္ဂဟ"၌ ပြခဲ့သော ဝင်လေ ထွက်လေ၏ ပဋိဘာဂ အာလောက သညာကြောင့် ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်လာ ရသော မရေမတွက် နိုင်လောက်အောင် များပြားလှစွာ သော ဝတ္ထုရုပ်တို့ကို အာရုံပြုသော စိတ်, စေတသိက် တို့ကို"ဝေ့နာမ်-ဝေ့နာမ်"ဟူ၍၎င်း၊"နာမ်-နာမ်"ဟူ၍၎င်း၊ ပဌက အစွမ်းအားဖြင့် "သိသည်-သိသည်" ဟူ၍၎င်း သိမ်းဆည်း အပ်၏။

တတော တဒါရမ္မဏာ ဖဿ ပဉ္စမကေ နာမန္တိ။
[သုတ်မဟာဝါ,မူလပဏ္ဏာသ အဋ္ဌကထာ။]

တတော၊ ထိုရုပ်ကိုသိမ်းဆည်းပြီးသည်နောင်မှ။ တဒါ ရမ္မဏာ၊ ထိုရုပ်လျှင် အာရုံရှိကုန်သော။ ဖဿပဉ္စမကေ၊ ဖဿလျှင် ငါးခုမြောက်သောတရားတို့ကို။ နာမံ၊ အာရုံကို သိတတ် ညွတ်တတ်သောနာမ်တည်း။ ဣတိ၊ ဤသို့။ နာမံ၊ နာမ်တရားကို၊ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

ဤ၌ ဖဿ ထင်ရှားလျှင် အာရုံကို ခံစားမှု ဝေဒနာ၊ မှတ်သားမှု သညာ၊သမ္ပယုတ်တရားတို့ကိုစေ့ဆော်မှု စေတ နာ၊သိမှု ဝိညာဏ်၊ ဤငါးပါးလုံး ထင်ရှား၍ လာအောင် ဆင်ခြင်ရမည်။

ထိုစကားရပ်၌ (၁) အဿာသ,အဿာသ၏ ပဋိဘာဂ၊ ပဿာသ, ပဿာသ၏ပဋိဘာဂ၊ (၂) အာလောက သညာ၊ (၃)ပစ္စက္ခဉာဏ်၊ (၄)ဝတ္ထုရုပ်၊ ဤစကားလေး ရပ်တို့သည်လည်း"ရူပပရိဂ္ဂဟ" ကပြခဲ့သောနည်းကို မှီး၍ သိအပ်၏။

## နာမ်၏ပစ္စက္ခသုံးဌာနကိုပြခြင်း

အထူးအားဖြင့်ကား နာမ်၏ပစ္စက္ခဉာဏ် ယူရာဝယ် ရုပ်တို့၏ပစ္စက္ခကဲ့သို့ ထင်မြင်လာသည် မဟုတ်၊ စင်စစ်သော်(၁) "ဖဿပဉ္စက"၊ (၂) "ဝေဒနာပဉ္စက"၊ (၃) "ဝိညာဏပဉ္စက"တို့ဖြင့် သက်ဝင်၍အာရုံနှင့် အာရမ္မဏိက တွေ့ရှိမှု, ခံစားရှိမှု,သိရှိမှုဖြစ်၍ ထင်မြင်ခြင်းသည်ပင် နာမ်တရား၌ပစ္စက္ခဉာဏ်မည်၏။

[ဝိသုဒ္ဓိမဂ်။]

အဘယ်ကဲ့သို့နည်းဟူမူ မိမိ၏ လက်ျာဘက် လက်ညှိုးထိပ်ကို ၎င်းလက်ျာဘက် လက်ညှိုးဖြင့် သုံးသပ်ခြင်းငှါ မတတ်နိုင်သကဲ့သို့ နာမ်ကိုရှုကြည့်သော ဝိပဿနာစိတ်ဖြင့် ၎င်းကြည့်ရှုသောဝိပဿနာစိတ်ကို ကြည့်ရှုခြင်းငှါ မတတ်နိုင်၊ ထို့ကြောင့် ရုပ်တို့ကဲ့သို့ ပစ္စက္ခဉာဏ်ဝ၌အရှိန်မစဲ တသဲသဲဖြစ်ပျက်၍နေသည်ကို မြင်ရသည်မဟုတ်၊နာမ်၏အစွမ်းအားဖြင့် တွေ့ရှိ, ခံစားရှိ, သိရှိမှုနှင့်ပင် နာမ်တရား၏ ပစ္စက္ခဉာဏ်ဟူ၍ မှတ်ကြရမည် ဘာဝနာယောဂီတို့၊ ဤကားသင်တို့ငါတို့အရာမဟုတ်၊ သိခဲပေစွ၊

[အနုပဒသုတ်အဋ္ဌကထာ။]

---

## အာရုံနှင့် အာရမ္မဏိက

ဤ၌–အာရုံ ဟူသည် ဘာဝနာယောဂီ၏ ပစ္စက္ခဉာဏ်ဝဝယ် အရှိန်မစဲတသဲသဲဖြစ်ပေါ်၍နေသော ဂဏန်းသင်္ချာမရေတွက်နိုင်မှု များပြားလှစွာသော ဝဏ္ဏရုပ်သည် အာ

ရုံမည်ပေ၏၊ ထိုအာရုံကို ရှုမှတ်သောအာရမ္မဏိက တရားဟူသည် ထိုထိုသို့သောဝတ္ထုရုပ်တို့ကို အာရုံပြုသော သုံးပါးသော ပဋ္ဌကတို့ဖြင့် မှတ်အပ်သော ကာမာဝစရကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၁)၊ အညသမာန်းစေတသိက်(၁၃)၊ သောဘဏစေတသိက် (၂၀)၊ပေါင်း (၃၄)ပါးသောစိတ်, စေတသိက် တရားတို့သည်၎င် အာရမ္မဏိကတရားမည်ပေ၏။

[ဝိသုဒ္ဓိမဂ်။]

မှတ်ချက်။ [ပဝတ္တိနည်း နာမပရိဂ္ဂဟ၌ ထင်ရှားလတံ့၊]

ဖဿပဋ္ဌက

ဘာဝနာ ယောဂီ၏ ပစ္စက္ခ ဉာဏ်ဝယ ထင်မြင်လာရသောဝတ္ထုရုပ်တည်းဟူသော အာရုံတရား စသည်များကို ညွတ်လိုက်သော ရှေးဦးစွာဝိပဿနာ ကုသိုလ်စိတ် ယှဉ်သော"ဖဿ" စေတသိက်ဟူသော အာရမ္မဏိက တရားနှင့် ဤတရားစုကား ဘောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်တရားစုတည်းဟု ရှေးဦးစွာ အာရုံနှင့် အာရမ္မဏိကတရားတို့တွေ့ထိခြင်းအရင်းမူလကို ပြဋ္ဌာန်းကာ ခေါ်ဝေါ်သမုတ်အပ်လေသောကြောင့်"ဖဿပဋ္ဌက"မည်၏၊ဤဖဿပဋ္ဌကဟူရာ၌ ဖဿချည်းသာ မဟုတ်သေး၊ စင်စစ်မှာမူ ဖဿနှင့်သဟဇာတ်ဖြစ်ကြသော"ဝေဒနာ,သညာ,စေတနာ,ဝိညာဏ်"၊ဤတရားလေးပါး တို့သည်လည်းကောင်း၊ ဤသဟဇာတ် တရားအပေါင်း၌ ကြွင်းသော စေတသိက်တရား (၂၉) ပါးတို့သည်လည်းကောင်း မိမိတို့၏ခန္ဓာအစွမ်းအားဖြင့် သူ့လက္ခဏာနှင့်သူ ပါကြရလေကုန်၏။

### ဝေဒနာပစ္စက

ဤဝေဒနာပစ္စက၌လည်း ၎င်းနည်းတူပင် "ဝေဒနာ" စေတသိက်ဟူသော အာရမ္မဏိကနှင့် ဤတရား စုကား ဘောက်ပြန်ခြင်း အစရှိသော ရုပ်တရားတို့တည်းဟု ရှေးဦးစွာခံစားအပ်သောရုပ်၏ အာရုံတရားသည် အာရမ္မဏိကနှင့် အာရုံတရားတို့ ခံစားခြင်းမူလကို ပြဋ္ဌာန်း၍ ခေါ်ဝေါ်အပ်သောကြောင့်"ဝေဒနာပစ္စက"မည်၏၊ ဤဝေဒနာပစ္စက၌လည်း ဝေဒနာချည်းသာမဟုတ်သေး၊ စင်စစ်မှာမူ ဝေဒနာနှင့်သဟဇာတ်ဖြစ်ကြသော "သညာ, ဖဿ, စေတနာ, ဝိညာဏ်"၊ ဤတရားလေးပါးတို့သည်၎င်း၊ ဤမှတပါး သဟဇာတ်တရားအပေါင်း၌ကြွင်းသော (၂၉) ပါးသော စေတသိက်တရားတို့သည်၎င်း မိမိတို့ ခန္ဓာအစွမ်းအားဖြင့် သူ့လက္ခဏာနှင့်သူ ပါကြရလေကုန်၏။

### ဝိညာဏပစ္စက

ဤ ဝိညာဏပစ္စက၌လည်း ၎င်းနည်းတူ ဝိပဿနာ ဝိညာဏ်စိတ်ဟူသော အာရမ္မဏိကတရားနှင့် ဤတရား စုကား ဘောက်ပြန်ခြင်း အစရှိသော ရုပ်တရားတို့တည်း ဟုရှေးဦးစွာ သိအပ်သော ရုပ်၏အာရုံတရားသည် အာရမ္မဏိကနှင့်အာရုံတရားတို့ "သိ"ခြင်းမူလကို ပြဋ္ဌာန်း၍ ခေါ်ဝေါ်အပ်သောကြောင့်"ဝိညာဏပစ္စက"မည်၏။

ဤဝိညာဏပစ္စက၌လည်း ဝိညာဏ်ချည်းသာ မဟုတ်သေး၊ စင်စစ်မှာမူ ဝိညာဏ်နှင့်သဟဇာတ်ဖြစ်ကြကုန်သော "ဝေဒနာ, သညာ, ဖဿ, စေတနာ"၊ ဤတရားလေးပါးတို့ သည်၎င်း၊ ဤမှတပါးသဟဇာတ်တရားအပေါင်း၌ ကြွင်း

ကျန်သော ၂၉-ပါးသော စေတသိက်တရားတို့သည်ငင်း မိမိတို့၏ခန္ဓာအစွမ်းအားဖြင့် သူ့လက္ခဏာနှင့်သူ ပါကြ ရလေကုန်၏။

[ဝိသုဒ္ဓိမဂ်။]

## တဝတ္ထု၊ တအာရုံ

ဘာဝနာယောဂီသည် ပြဆိုခဲ့ပြီးသော စိတ်,စေတသိက် တရားတို့ကို သုံးပါးသောပဋ္ဌကသို့ သက်စေလျက် ပစ္စက္ခ ဉာဏ်ဝဉ် အရှိန်မစဲတသဲသဲဖြင့် တွေ့မြင်၍နေရသော ဝတ္ထု ရုပ်တို့ကို အာရုံပြုကာ ရှုမှတ်၍နေသော စိတ်,စေတသိက် တရားတို့၏ တဝတ္ထု, တအာရုံတည်းဖြစ်သော နာမ် တရားတို့၏အပေါင်းကို တပေါင်းတည်းပြု၍ သိမ်းဆည်း အပ်၏၊ တခုတခုသောစိတ္တက္ခဏ၌ဖြစ်သော နာမ်တရားတို့ ၏အပေါင်းကို မသိမ်းဆည်းအပ် မသိမ်းဆည်းနိုင်ဟူလို။

ရူပါရူပဓမ္မာနံ အာယုပရိမာဏသင်္ခါတဿ ခဏဿ ဝသေန သမ္မသနံနာမ သဗ္ဗညုဗုဒ္ဓါနံ ဧဝ ဝိသယော သိယာ၊ န သာဝကာနံ။

[သံယုတ်အဋ္ဌကထာ။]

ရူပါရူပဓမ္မာနံ၊ ရုပ်,နာမ်တရားတို့၏။ အာယုပရိမာ ဏသင်္ခါတဿ၊ အသက်အတိုင်းအရှည်ဟု ဆိုအပ်သော။ ခဏဿ၊ ဥပါဒ်, ဌီ,ဘင်ခဏ၏။ ဝသေန၊ အစွမ်းဖြင့်။ သမ္မသနံ နာမ၊ သုံးသပ်ခြင်းမည်သည်။ သဗ္ဗညုဗုဒ္ဓါနံ ဧဝ၊ ဘုရားရှင်တို့၏ သာလျှင်။ ဝိသယော၊ အရာသည်။ သိယာ၊ ဖြစ်ရာ၏။ သာဝကာနံ၊သာဝကတို့၏။ ဝိသယော၊ အရာသည်။ နသိယာ၊မဖြစ်ရာ။

သာမံလူစားမဆိုထားနှင့် ငါတို့ကျေးဇူးရှင်သခင်သာရိပုတ္တရာကြီး သော်မှ တဝတ္ထုတအာရုံတဝီထိတို့၏ အဆုံး, အလယ်, အစ၊ အစ,အလယ်,အဆုံးကို သိမ်းဆည်းတော်မူရသေး၏။

ထေရေန ဟိ ဝတ္ထုဒ္ဒေဝ အာရမ္မဏာဋ္ဌ ပရိဂ္ဂ-ဟိတံ။

[အနုပဒသုတ် အဋ္ဌကထာ။]

ဟိ၊ထင်စွာဆိုဦးအံ့။ထေရေန၊အရှင်သာရိပုတ္တရာသည်။ ဝတ္ထုဒ္ဒေဝ၊ တပါးသောဝတ္ထုကိုဎင်း။ အာရမ္မဏာဋ္ဌ၊ တခုသော အာရုံကိုဎင်း။ ပရိဂ္ဂဟိတံ၊ သိမ်းဆည်းတော်မူအပ်၏။

အဘယ်ကဲ့သို့ တပေါင်းတည်းပြု၍ သိမ်းဆည်းအပ်သနည်းဟူမူ နာမ်တရားတို့၏ သဘောတို့ မည်သည်ကား ဤစိတ်နှင့် ဤစေတသိက်ကို ယှဉ်စေအံ့၊ ဤစိတ်နှင့် ဤစေတသိက်တို့ကို မယှဉ်စေအံ့ဟူ၍ တစုံတယောက်သောသူမျှ ပေါင်းဆုံယှဉ်တွဲခြင်းငှါ မတတ်ကောင်း၊ စင်စစ်မှာမူ စိတ္တနိယာမအားလျော်စွာ ဘာဝနာယောဂီ၏ ပစ္စက္ခဉာဏ်ဝဝယ် ဝတ္ထုရုပ်တို့၏ ဖြစ်ပျက်လျက် ထင်မြင်လာရသော သဘောတရားအပေါင်းကို အာရုံပြုသော စိတ်,စေတသိက်တို့၏အပေါင်းတို့ကို "နမနလက္ခဏာ" တပေါင်းတည်းပြု၍ သိမ်းဆည်းအပ်၏၊ ဘာဝနာယောဂီ၏ဉာဏ်ဝ၌ ထိုသို့ ထင်မြင်အပ်သော ဓမ္မတာသဘောတရားတို့ကို အာရုံပြုလိုက်သောစိတ်,စေတသိက်တရားတို့သည် မနောဒွါရ၌ အစွမ်းအားဖြင့် သုံးပါးသော ပဉ္စကသို့သက်လေ၍ ထင်ရှားလှစွာ

ဤတရားစုကား နာမ်တရားတို့ ပေတည်းဟု သိရကုန်တော့၏။

[ဝိသုဒ္ဓိမဂ်။]

## ရှန်ဟုန်မစဲ သူ့ရာမဲ့သို့

ထိုသို့နာမ်တရားတို့ကို သိမ်းဆည်းပါသော်လည်း သုံးပါးသော ပစ္စယသို့ မသက်မူ၍ မိမိ၏အသိဉာဏ် လေးဖင့်ရကား အကယ်၍ မသိနိုင် မမြင်နိုင်ဖြစ်ငြားအံ့၊ ထိုသို့ဖြစ်သော်လည်း အားကိုမလျှော့မူ၍ ဓမ္မတာ၏အစွမ်းဖြင့် မြင်သောရုပ်တို့ကို အဘန်တလဲလဲ ထပ်၍ထပ်၍ ရှုအပ်၏၊ ထိုသို့ရှုသောသူ၏ အသိဉာဏ်ဖြစ်သော ပစ္စကတရားသည်ပင် လွန်စွာသန့်ရှင်း၍ လာရ၏၊ နာမ်တရားတို့၏ ထင်ခြင်းသို့လည်းရောက်ရကုန်၏။

[ဝိသုဒ္ဓိမဂ်။]

## လက္ခဏာရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို ပြခြင်း

နမနလက္ခဏံ နာမံ၊ သမ္ပယောဂရသံ၊ အဝိ-
နိဗ္ဘောဂ ပစ္စုပဋ္ဌာနံ၊ ဝိညာဏ ပဒဋ္ဌာနံ။
[သမ္မောဟဝိနောဒနီ အဋ္ဌကထာ။]

နာမံ၊ အာရုံခြောက်ထွေ ကြံသိလေငြား နာမ်တရားသည်။ နမနလက္ခဏံ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိ၏၊ သမ္ပယောဂရသံ၊ ကောင်းစွာအညီအညွတ် ကေုပ္ပါဒအစရှိသော အပြားအားဖြင့် ယှဉ်ခြင်းကိစ္စရှိ၏။ အဝိနိဗ္ဘောဂ ပစ္စုပဋ္ဌာနံ၊ မခွဲခြမ်း မဝေဘန်ခြင်းလျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏၊ ဝိညာဏပဋ္ဌာနံ၊ ဘာဝနာ ယောဂီ၏ ဝိပဿနာဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။

(၁) နာမ်တရား၏"လက္ခဏာ"ကား အာရုံသို့ညွတ်ခြင်းသဘောရှိ၏၊(၂)"ရသ"ဆိုသည်မှာစိတ်, စေတသိက်တရားနှစ်ပါးဟု ဆိုအပ်သော နာမ်တရားတို့သည် အတူဖြစ်ခြင်း,အတူပျက်ခြင်း အလုပ်ကိစ္စကို ဆောင်ရွက်ခြင်း၊(၃)"ပစ္စုပဋ္ဌာန်"ဆိုသည်ကား ဤစိတ်နှင့် ဤစေတသိက်ယှဉ်စေရမည်၊ ဤစိတ်နှင့် ဤစေတသိက်ကား မယှဉ်စေရဟု မခွဲခြမ်းမဝေဘန်မူ၍ "နိယာမ"အတိုင်းသာ ဖြစ်စေခြင်းအကျိုးရှိခြင်း၊(၄) "ပဒဋ္ဌာန်"ဆိုသည်မှာ ဤနာမ်တရားသည် ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်သာ ဖြစ်ပေါ်၍လာရခြင်းပေတည်း။

ထို့ကြောင့်–အရှိန်မစဲ တသဲသဲဖြစ်ပျက်၍ နေသော "ဓမ္မ၊ရုပ်"တို့ကို ရှုမှတ်၍နေသော နာမ်တရား၏ သဘောလက္ခဏာအားဖြင့်၎င်း, ဆောင်ရွက်သည့် ကိစ္စအားဖြင့်၎င်း,အကျိုးတရားအားဖြင့်၎င်း, ဖြစ်ကြောင်းတရားအားဖြင့်၎င်း ဆင်ခြင်ပြီးကာ ဘာဝနာအရာတွင် သဘော"လက္ခဏာ"သာလျှင် လိုရင်းပဓာနဖြစ်ပေရကား သဘောလက္ခဏာအားဖြင့် "ညွတ်သည်-ညွတ်သည်" ဟူ၍၎င်း၊ "သိသည်-သိသည်"ဟူ၍၎င်း သတိမလပ် ရှုမှတ်မှုပညာအခါခါ ယှဉ်ကပ်ကာ ပွါးများ အားထုတ်ကြကုန်ရာသတည်း။

---

## မိမိစိတ်ကိုရှုတ်ချကာ ဆုံးမရန်ဂါထာ

ဟန္ဒာဟံ တံ ဒမေဿာမိ၊မဟာစောရ တမောရတ၊
သံ တွံ မံ အမှဝေသေန၊ စိရံ ဥပ္ပထ မာနယိ။
[လယ်တီဆရာတော်။]

တမောရတ၊ ကာမဂုဏ်သိုက် တောအမိုက်ဝယ် နှစ်မြိုက်မြူးထူး အပျော်ကြူးထသော။ မဟာစောရ၊ ငါငါအဟန် တူစွာဘန်၍ လူ့ထံနတ်ရွာ ပြဟ္မာတရိုးတွင် ဆိုးသည့်သူခိုးဗိုလ်ကြီး ဟယ့်ဘုံသုံးမီး။ယံတွံ၊အချော့ကြိုက် အမြော့ကြိုက် ဆော့ရမှုကြိုက်တတ်သည့်အကြင် နှင်စိတ်မိုက်သည်။ အမှုဝေသေန၊ ငါမဟုတ်ဘဲ ငါရုပ်, ငါယောင်ပြီစွာဆောင်သဖြင့်။ စိရံ၊ အနမတဂ် သံသာစက်တွင် မထင်စ,ဆုံး ဘဝသံသာရာ ရှည်သမျှကာလပတ်လုံး။ မံ၊ငါ့ကို။ ဥပ္ပထံ၊ဘဝသုံးပါး ခရီးမှားသို့။ အာနယိ၊သွေးဆောင်ခေါ်ယူခဲ့လှလေပြီ။တွံ၊ နှင်စိတ် မိုက်ကို။ ဟန္ဒ၊ ယခုအဟံ၊ သံသရာထွက်လမ်း စုံစမ်းရှာဖွေတွေ့ရပေသော ငါသည်။ ဒမေဿာမိ၊တံတိုင်းသီလ အစွတ္တထောင် နှောင်ကြို သတိဝီရိယကြိမ်ချက် အားကုန်နှက်၍ ရက်စက်မညှာ ဆုံးမရပါတော့ အံ့သည်တကား။

ဓမ္မတာနယ နာမပရိဂ္ဂဟ ပြီး၏။

---

## ပဝတ္တိနည်းဖြင့်ရုပ်ကို သိမ်းဆည်းခြင်း

ဤပဝတ္တိနည်း၌ (၁)ရုပ်နာမ်၊(၂)ခန္ဓာ၊(၃)အာယတန၊(၄)ဓာတ်-ဟူ၍လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် တပါးတပါး၌ ရုပ်နာမ်တို့ကို အကြွင်းနှင့်တကွ ရေတွက်၍ သိမ်းဆည်းခြင်း, အကြွင်းမရှိရေတွက်၍ သိမ်းဆည်းခြင်း ဟူ၍နှစ်ပါးပြားပြန်ရကား ဤ၌ နည်းရရုံသဘာဝအကြွင်းနှင့်တကွ အကျဉ်းမျှပြပေအံ့၊အကျယ်လိုမူ ကန္နီဆရာတော်၏ ယောဂီပါရဂူကျမ်းမှာ ရှုတော်မူကြပါကုန်။

"ရူပ္ပတီတိရူပံ"။ ။ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ဣတိ တသ္မာ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်မည်၏။-ဟူသောဝစနတ္ထနှင့် အညီ "ပဝတ္တိ" နည်းအားဖြင့် ရုပ်ကိုသိမ်းဆည်းလိုသော ဘာဝနာယောဂီသည် မိမိအားထုတ်အပ်သောအာနာပါန ၌ရအပ်သော ရုပ်တရားကား သစ္စသင်္ခေပအဋ္ဌကထာ အလိုအားဖြင့် ပထဝီ,အာပေါ,တေဇော,ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ–ဟူ၍ "သုဒ္ဓဋ္ဌက" ကလာပ်တစည်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာအလိုအားဖြင့် သဒ္ဒရုပ်ထည့်၍ "သဒ္ဒ နဝက" ကလာပ်တစည်း၊ ၎င်းသုဒ္ဓဋ္ဌက ကလာပ်နှင့် သမ္ဗန္ဓိကစပ်၍ဖြစ်ကြသော ပထဝီ,အာပေါ,တေဇော,ဝါ ယော,ဝဏ္ဏ,ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ, ဝတ္ထု-ဟူ၍ "ဝတ္ထု ဒသက"ကလာပ်တစည်း၊ ပေါင်းသည်ရှိသော် တဆယ့်ရှစ် ပါး၊တနည်း-တဆယ့်ကိုးပါးရုပ်တရားတို့ကို ရအပ်ကုန်၏။

တနည်း–လက်သန်း အဋ္ဌကထာ သဂြိုဟ်ဆရာ၏အလို အားဖြင့် ၎င်းဝါယောကာယဖြင့် ပြအပ်သော ရူပကာယ တဆယ့်ရှစ်ပါးတို့တွင်- "ဖောဋ္ဌဗ္ဗ" ဖြင့် ရေတွက်အပ် သောကြောင့် "ကာယဒသက" ကလာပ်ကို လောင်းစွက် ပြန်၍ နှစ်ဆယ့်ရှစ်ပါးသော ရုပ်တရားတို့ကို ရေတွက်အပ် ကုန်၏။

တနည်းကား–ဖောဋ္ဌဗ္ဗကာယဖြင့်ရအပ်သော နှစ်ဆယ့် ရှစ်ပါးသော ရုပ်တို့တွင် "ဘာဝဒသက" ဥတုဇသုဒ္ဓဋ္ဌက, အာဟာရဇသုဒ္ဓဋ္ဌကတို့ကိုလည်း ရေတွက်အပ်သည်၏အ ဖြစ်ကြောင့် ငါးဆယ်လေးပါးသော ကမ္မဇ,စိတ္တဇ,ဥတုဇ, အာဟာရဇ ရုပ်တို့ကို ရအပ်ကုန်၏၊ ထိုတွင် စိတ္တဇဝါ

ယော သုဒ္ဓဋ္ဌက ကလာပ်ထည့်၍ ကလာပ်တူချောက(၆၂) ပါးသော ရုပ်တို့ကို ရအပ်ပေ၏။

ရုပ် ၆၂–ပါးယူပုံကား

''ဝတ္ထုရုပ်'' ၌ ရအပ်ကုန်သော ကာယဒသက (၁၀) ဘာဝဒသက (၁၀) ဝတ္ထုဒသက (၁၀) စိတ္တဇ (၈) ဥတုဇ (၈) အာဟာရဇ (၈)၊ ''ဖောဋ္ဌဗ္ဗာယတန'' ၌ ရအပ်ကုန်သော ကာယဒသက(၁၀)ဘာဝဒသက(၁၀) စိတ္တဇ (၈) ဥတုဇ (၈) အာဟာရဇ (၈)''ဝင်လေထွက်လေ''သက်သက် သုဒ္ဓဋ္ဌက (၈)၊ထိုတွင် တူသောကလာပ် တို့ကို ချေ၍ အကြွင်း (၆၂) ပါးပြု၍ ယူတော်မူကြကုန်။ [အမှာ။]

ထို (၆၂) ပါးသော ရုပ်တရားတို့ကို တပေါင်းတည်း ပြုကာ သဘောလက္ခဏာ၏ အစွမ်းအားဖြင့် ''ဘောက်ပြန်သည်-ဘောက်ပြန်သည်'' ဟူ၍၎င်း၊ အမည်၏အစွမ်းအား ဖြင့် ''ရုပ်-ရုပ်'' ဟူ၍၎င်း သိမ်းဆည်းအပ်၏။

---

## ပဝတ္တိနည်းဖြင့်နာမ်ကိုသိမ်းဆည်းခြင်း

''နမတီတိ နာမံ''။ ။နမတိ၊အာရုံသို့ညွတ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နာမံ၊ နာမ်မည်၏၊-ဟူသော ဝစနတ္ထနှင့်အညီ ''ပဝတ္တိနည်း'' အားဖြင့် နာမ်ကို သိမ်း ဆည်းလိုသော ဘာဝနာယောဂီသည် အာနာပါနကို ပွါး များအားထုတ်ခိုက်၌ ရအပ်သောနာမ်တရားကား အဘယ် မျှရှိပါသနည်းဟု စူးစမ်းဆင်ခြင်လတ်သည်ရှိသော်–

ယော သုဒ္ဓဋ္ဌက ကလာပ်ထည့်၍ ကလာပ်တူချကာ(၆၂) ပါးသော ရုပ်တို့ကို ရအပ်ပေ၏။

### ရုပ် ၆၂–ပါးယူပုံကား

“ဝဏ္ဏရုပ်” ၌ ရအပ်ကုန်သော ကာယဒသက (၁၀) ဘာဝဒသက (၁၀) ဝတ္ထုဒသက (၁၀) စိတ္တဇ (၈) ဥတုဇ (၈) အာဟာရဇ (၈)၊ “ဖောဋ္ဌဗ္ဗာယတန” ၌ ရအပ်ကုန်သော ကာယဒသက(၁၀)ဘာဝဒသက(၁၀) စိတ္တဇ (၈) ဥတုဇ (၈) အာဟာရဇ (၈)“ဝင်လေထွက်လေ”သက်သက် သုဒ္ဓဋ္ဌက (၈)၊ထိုတွင် တူသောကလာပ်တို့ကို ချေ၍ အကြွင်း (၆၂) ပါးပြု၍ ယူတော်မူကြကုန်။
[အမှာ။]

ထို (၆၂) ပါးသော ရုပ်တရားတို့ကို တပေါင်းတည်း ပြုကာ သဘောလက္ခဏာ၏ အစွမ်းအားဖြင့် “ဖောက်ပြန်သည်–ဖောက်ပြန်သည်” ဟူ၍၎င်း၊ အမည်၏အစွမ်းအားဖြင့် “ရုပ်–ရုပ်” ဟူ၍၎င်း သိမ်းဆည်းအပ်၏။

---

## ပဝတ္တိနည်းဖြင့်နာမ်ကိုသိမ်းဆည်းခြင်း

“နမတီတိ နာမံ”။ ။နမတိ၊အာရုံသို့ညွတ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နာမံ၊ နာမ်မည်၏၊–ဟူသော ဝစနတ္ထနှင့်အညီ “ပဝတ္တိနည်း၊” အားဖြင့် နာမ်ကို သိမ်းဆည်းလိုသော ဘာဝနာယောဂီသည် အာနာပါနကို ပွါးများအားထုတ်ခိုက်၌ ရအပ်သောနာမ်တရားကား အဘယ်မျှရှိပါသနည်းဟု စူးစမ်းဆင်ခြင်လတ်သည်ရှိသော်–

ဤသို့ သင်္ဂဟအဋ္ဌကထာ မိန့်မှာတော်မူသည်နှင့်အညီ "ဖဿ,ဝေဒနာ,သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ,ပီတိ, ဆန္ဒ"ဟူသော အညသမာန်းစေတသိက် တဆယ့်သုံးပါး၊ "သဒ္ဓါ,သတိ,ဟိရီ, ဩတ္တပ္ပ,အလောဘ, အဒေါသ,တတြမဇ္ဈတ္တတာ,ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ,ကာယလဟုတာ,စိတ္တလဟုတာ,ကာယမုဒုတာ,စိတ္တမုဒုတာ,ကာယကမ္မညတာ, စိတ္တကမ္မညတာ,ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ,စိတ္တုဇုကတာ" ဟူသော သောဘဏ စေတသိက်တဆယ့်ကိုးပါး၊ ပညိန္ဒြေ စေတသိက်တပါးအားဖြင့် ပေါင်း (၃၃) သုံးဆယ့်သုံးပါးသော စေတသိက်တို့သည် ကာမာဝစရကုသိုလ်စိတ်၌ ယှဉ်၍ဖြစ်ရကား (၃၄) သုံးဆယ့်လေးပါးသော နာမ်တရားတို့ကို ရအပ်ကုန်၏။

[ဝိရတီစေတသိက် သုံးပါးကား ဝိရမိတဗ္ဗဝတ္ထုကို အာရုံပြုသဖြင့် မရအပ်၊ အပ္ပမညာ စေတသိက်နှစ်ပါးကား သတ္တပညတ်ကို အာရုံပြုသဖြင့် မရအပ်။]

ထိုနာမ်တရားပေါင်း (၃၄) သုံးဆယ့်လေးပါးတို့ကို တပေါင်းတည်းပြုကာ လက္ခဏာ၏အစွမ်းအားဖြင့် "ညွတ်သည်-ညွတ်သည်" ဟူ၍၎င်း, ပစ္စက၏ အစွမ်းအားဖြင့် "သိသည်-သိသည်"ဟူ၍၎င်း သိမ်းဆည်းအပ်၏။

## နာမရူပပရိစ္ဆေဒဉာဏ်ကိုပြခြင်း

ဤ၌ ဝတ္ထုဒသကကိုပင် ဝတ္ထုရုပ်ခေါ်၍ အဿာသပဿာသသုဒ္ဓဋ္ဌကကိုဖောဋ္ဌဗ္ဗာယတနခေါ်၏၊ သဘောတူ

ရာကို ပေါင်းသည်ရှိသော် ဝတ္ထုရုပ် (၅၄)၊ အဿာသ ပဿာသ သုဒ္ဓဋ္ဌက(၈)၊ ပေါင်း (၆၂)ပါး ရုပ်တရား ရ၏၊ နာမ်တရားကား ပဉ္စကသုံးပါး၏ အစွမ်းအားဖြင့် ရှုမှတ်သောစိတ်နာမ် (၁)၊ ၎င်းရှုမှတ်သော ဝိပဿနာ ကုသိုလ်စိတ်နှင့်ယှဉ်သော စေတသိက်နာမ်(၃၃)၊ ပေါင်း (၃၄) ပါးနာမ်တရားရပေ၏၊ ရုပ်,နာမ်နှစ်ရပ် ပေါင်း လတ်သည်ရှိသော် ရုပ်ပေါင်း(၆၂)၊ နာမ်ပေါင်း (၃၄)၊ အားလုံးပေါင်း (၉၆)ပါးဖြစ်၏၊ ဤ(၉၆) ပါးသော ပရမတ္ထတရားတို့သည်"ဝင်လေ ထွက်လေ"အခိုက်၌ ရအပ် ကုန်သောပရမတ္ထတရားတို့မည်ကုန်၏။

---

## ပညတ်နှင့် ပရမတ်

သုံးဆယ်တဌာနဘုံဘဝတွင် "ငါ,သူတပါး,ယောကျာ်း, မိန်းမ,ဖြူ,မဲ"စသည်သက်ရှိ၊တော, တောင်, ရေ, မြေ, သမုဒ္ဒရာ,သစ်ပင်စသည် သက်မဲ့၊ အလုံးစုံ ရှိရှိသမျှသက်ရှိ သက်မဲ့ ခေါ်ဝေါ်ပြောဆိုမှု ဟူသမျှသည် ပညတ်တရား ဟူ၍မှတ်၊ ထိုပညတ်တရားမှ အဆီကိုစစ်၍ အနှစ်ကို ထုတ် ယူလိုက်သည်ရှိသော် ဘောက်ပြန်ပျက်စီးတတ်သော အာ ရုံ မပြုတတ် မသိတတ်သော သဘောတရားသည် "ရုပ်" မည်၏၊ အာရုံပြုတတ် သိတတ်သော သဘောတရားသည် "နာမ်"မည်၏၊ ဤရုပ်တရား, နာမ်တရား နှစ်ပါးသာ လျှင် ပရမတ်အစစ် ကေန်ဖြစ်၏ဟူ၍မှတ်။

## ပညတ်အာရုံနှင့် ပရမတ်အာရုံ ရောပုံ

''သုတမယ''ဉာဏ်ခေါ် ကြားဘူးသော အသိဖြင့်၎င်း၊ ''စိန္တာမယ''ဉာဏ်ခေါ် ပရိယတ္တိကိုမှီ၍ ဝေဘန်ကြံတွေးသဖြင့်၎င်း၊ ကြားချက်,တွေးဆချက်ကို မှုထား၍ မျက်စိနှင့်အဆင်းကိုမြင်ရာ၌ အဆင်းဟာ ''ရုပ်ဘဲ'' မြင်တာဟာ ''နာမ်ဘဲ''ဟု အကြားပြော အတွေးပြောပြောကာ သိအပ်သော''ရုပ်နာမ်မျိုး''သည် သဘာဝရုပ်နာမ်၊ ဝါ-ပရမတ်ရုပ်နာမ်မဟုတ်သေးပေ၊ အတွေးရုပ်နာမ်နှင့် မှုရင်းစွဲကပ်နေသော ကိလေသာ မျက်မှန်စိမ်းမချွတ်ဘဲ ကြည့်၍ပြောသော''မိန်းမ,ယောက်ျား''ရုပ်, နာမ်၊''ခွေး,လူ'' စသောရုပ်နာမ်မျိုးသာဖြစ်၏၊ ထို့ကြောင့် ထိုလိုအခိုက်မျိုးမှာ ယိုလိုမြင်သောသိသော''မြင်သိ'' မျိုးသည်ကိလေသာနှင့်ကြည့်သဖြင့် ကိလေသာ၏ ထင်အာရုံ ဖြစ်သော ပညတ်အသွင်ကိုသာ မြင်နေသိနေတော့သည်၊ ထိုသို့မြင်သိသဖြင့်ပရမတ်အမြင်မထင်လာဘဲ''ထမင်း, ဟင်း, ရေ, အဝတ်,သစ်ပင်''စသော ပညတ်မှုအတိုင်းသာ ထင်မြင်နေတော့သည်။

ဤကဲ့သို့''ပြောတော့အဟုတ်၊လုပ်တော့အလွဲ၊သေလျှင်ငရဲ'' ဆိုသကဲ့သို့ အပြောကပရမတ်,အမြင်အသိက ပညတ်ပင်ရှိနေသေးသဖြင့် ထိုအမြင်အသိမျိုးသည် ပညတ်နှင့်ပရမတ် အာရုံမှန်မကွဲဘဲ ရောနှောကာပြောသော ရောနှောကာ မြင်သော ကိလေသာ၏အမြင်ဟု ခေါ်သည်၊ ဉာဏ်၏အမြင်ဟုမခေါ်၊ ဝါ-ဉာဏ်အစစ်ဖြင့်ရုပ်နာမ်အစစ်ကို မြင်သည်ဟု မခေါ်ရ မခေါ်နိုင်သေးပေ။

## ရုပ်နာမ်အစစ်မြင်ပုံ

ကိလေသာကွာ၍ ဝိပဿနာဉာဏ်ပေါ်နေချိန်တွင် ရုပ်နာမ်စစ်ထင်ပုံမှာ အသွင်ကွယ်မှု, အမာခံမရှိမှု,ရပ်တည်ချက်မရှိမှု,ဖြစ်ခိုက်ပျက်ခိုက် ထင်နေမှုကိုသာ ထင်နေ,သိနေချိန်သည် ရုပ်နာမ်အစစ်ကိုမြင်ချိန်ဟု ခေါ်တော့သည်၊ ''ထို့ကြောင့်''၍အချိန်ကား စကားရည်လုနေချိန်မဟုတ်၊ တကယ်အစစ်အမှန်ကို ရှာကြံစိစစ်ပြီးကာ ပွါးများအားထုတ်ပြုလုပ်ကြိုးစားရန်ကာလ အချိန်ကျပေပြီ။

ရူပိနော ဓမ္မာ၊ အရူပိနော ဓမ္မာ။

[ဓမ္မသင်္ဂဏီပါဠိတော်။]

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ် မုချစင်စစ် ပရမတ်မျှသာဖြစ်ကုန်သော သဘောတရားတို့သည်၊ သန္တိ၊ သင်တို့ငါတို့သန္တာန်၌ ထင်ရှားပကတိ ရှိကြပါပေကုန်၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ် မုချစင်စစ် ပရမတ်မျှသာဖြစ်ကုန်သော သဘောတရားတို့သည်၊ သန္တိ၊ သင်တို့ငါတို့သန္တာန်၌ ထင်ရှားပကတိ ရှိကြပါပေကုန်၏။

၌ကဲ့သို့ပင်-ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ် မှတ်တမ်းတင်တော် မူအပ်သည်နှင့်အညီ သုံးဆယ့်တဌာန ဘုံဘဝ၌ ရှိသမျှများစွာ သတ္တဝါ သင်္ခါရတို့တွင် အလွန့်အလွန် သေးငယ်လှစွာသော ခွေးလှေး,မြေလှေး, ကမြင်းမနီမှအစ ယူဇနာပေါင်း (၄၀၀၀)လေးထောင်ရှိရာ အရပ်ကြီးမြင့်လှစွာသော ''မဟာအသူရာ'' နတ်မင်း

ကြီးတိုင်အောင်ကျေးဇူးတော်ရှင်ဘုရားမြတ်ပေးအပ်တော်မူသော ပရမတ်တည်းဟူသော "ဓာတ်မှန်ပြောင်းကြီး"နှင့် ချိန်တပ်ကာ ဓာတ်ခွဲ၍ကြည့်လိုက်သည့်ရှိသော် ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်အစု ဓာတ်နှစ်ခုသာ တွေ့မြင်ရာ၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာ ထောက်ခံတော်မူသည်မှာ—

နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော။
[ဝိသုဒ္ဓိမဂ်။]

ဣဓ၊ ဤသုံးဆယ့်တတိုက် သင်္ခါရနယ်ကြီး အတွင်း၌။ သစ္စတော၊ ပရမတ်စစ် ဓာတ်ခေတ် ဆိုင်ရာ သစ္စာသဘော မှန်သောအားဖြင့်။ နာမဉ္စ၊ ညွတ်ကိုင်းကာ သိတတ် နာမ်ပရမတ် တရားရင်း။ ရူပဉ္စ၊ ဖောက်ပြန် ပျက်စီးတတ် ရုပ်ပရမတ် တရားရင်း။ ဒွေဓယဝ၊ နှစ်ပါး တို့သည်သာလျှင်။ အတ္ထိ-သန္တိ၊ ထင်ရှားပကတိ ရှိကြပေကုန်၏။

---

## ရုပ်နာမ်နှစ်ဖြာ ဆင်ခြင်ရန်သင်္ဂဟဂါထာ

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။
[ဝိသုဒ္ဓိမဂ်။]

အင်္ဂသမ္ဘာရာ၊ ဝင်ရိုးစက်ဘီး အသီးသီးတို့ ဖွဲ့စည်းပေါင်းဆုံ အဆောက်အအုံကြောင့်။ ရထောဣတိသဒ္ဒေါ၊ လူသူအများ စီးနင်းသွားဘို့ ရထား ခေါ်အပ် နာမည်ပညတ်သည်။ ဟောတိယထာ၊ ဖြစ်ပေါ်လာသကဲ့သို့။ ဧဝံ၊ ဤအတူ။ ခန္ဓေသု၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးတို့သည်။

သန္တေသု၊ ထင်ရှားပေါင်းဆုံ ရှိကြကုန်သော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟု ခေါ်ဝေါ်ပြဲဘို့ သမ္မုတိမှတ် နာမည် ပညတ်သည်။ ဟောတိ၊ ရုပ်, နာမ်နှစ်ပါး မကွဲပြားက ထင်မှားဘွယ်ရာ ဖြစ်ပေါ်လာပေသည် တကား။

ရဇ္ဇုယောဂါ ဒါရုယန္တံ၊သဗျာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမည သမာယုတံ။
[သင်္ဂဟ။]

ရဇ္ဇုယောဂါ၊ အရုပ်ကြိုးနှင့် အသင့်ဆွဲတပ် တွဲစပ်မိခြင်းကြောင့်။ ဒါရုယန္တံ၊သစ်သားဖြင့်လုပ် မင်းသမီး မင်းသားရုပ်သည်။ သဗျာပါရံဝ၊ သွား,ရပ်,က,ခုန် ဗျာပါရ ရှိပုံကဲ့သို့။ ခါယတိ၊ ရှုသူစိတ်တွင် မှတ်ထင်ရလေ၏။ ဧဝံ၊ ဤအတူ။ သုညံ၊ အနှစ်သာရ အတ္တဓာတ် အသက်မှ ကင်းဆိတ်သော။ နာမရူပံ၊နာမ်ရုပ်နှစ်ဖြာ ငါးခန္ဓာသည်။ အညမည သမာယုတံ၊ အချင်းချင်းကပ် ပေါင်းစပ်မိသည် ဖြစ်၍။ သဗျာပါရံဝ၊သွား,ရပ်,ထိုင်,လျောင်း လိုရာပြောင်း လျက် အကြောင်းအား လျော်စွာ ဗျာပါရရှိနေသကဲ့သို့။ ခါယတိ၊ ရုပ်, နာမ်နှစ်ပါး မကွဲပြားက အများစိတ်တွင် ထင်မြင်စွဲလမ်း ရလေသည် တကား။

ယမကံ နာမရူပဉ္စ၊ ဥဘော အညောညနိဿိတာ။
ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။
[ဇိနာလင်္ကာရ ဋီကာ။]

ယမကံ၊အစုံဖြစ်သော။ နာမဉ္စ၊နာမ်တရားငင်း။ ရူပဉ္စ၊ ရုပ်တရားငင်း။ ဥဘော၊ နှစ်ပါးစုံသော နာမ်ရုပ်တို့သည်။ အညောညနိဿိတာ၊ တပါးသည် တပါးကိုမှီ၍ တည်

ကုန်၏။ တဘော၀ေ၊ ထို့ကြောင့် သာလျှင်။ ကောသ္မိ၊ တပါးပါး သည်။ ဘိဇ္ဇမာနသ္မိ၊ ပျက်သည် ရှိသော်။ ဥဘော၊ နှစ်ပါးစုံသော နာမ်,ရုပ်တရားတို့သည်။ ပစ္စယာ၊ ပစ္စည်းတရား ချုပ်ခြင်း ဟူသော အကြောင်း ကြောင့်။ ဘိဇ္ဇန္တိ၊ မုချမသွေ ချုပ်ပျက်ကြရ လေကုန်တော့သည် တကား။

ဤကဲ့သို့-သမ္ဗဟုလသုတ္တ ပေါရာဏဂါထာစသည်တို့ဖြင့် မိမိမြင်သော "ဉာဏ်"၊ ကေန်ရောက်အပ်သော "တရား"၊ ၎င်းနှစ်ပါးတို့၏ လက္ခဏာတို့နှင့် မှန်စွာပြည့်စုံသော ဘာဝနာ ယောဂီသည် နှစ်လီသော "နာမ်,ရုပ်"ကို အဟုတ်ကြီး သိရှာ၍ ရှေးခါခုတိုင် မစွန့်နိုင်၍ လက်မှိုင်ကြီးချ ငါဟူသော ဝါဒသည် အစသတ်ပြုတ်လေ၍ တွေဝေသောမှောင်မိုက် အဝိဇ္ဇာ လောင်တိုက်ကို မီးတိုက်၍ခပင်း ယထာဉာဏ် တောက်လင်းလျက် သားရင်း "ဂူဠ္ဌသေက္ခ"၊ ညီ "ကလျာဏ"တို့၏ ရအပ်သော "ဗုဒ္ဓိ"၊ ဒိဋ္ဌိဉာဏ်"သုဒ္ဓိ"နှင့် ဒွိနိစ္စယ ခေါ်ဝေါ်ရသော "နာမရူပဝဝတ္ထာန" သင်္ခါရ ပရိစ္ဆေဒ တေဇမသုံ ဉာဏ်တော်ဘုံသို့ ခိုလှုံစံမြန်းခဲ့ဘော် မူပေသတည်း။

---

## ပဝတ္တိနယ ခန္ဓာအားဖြင့် ပြခြင်း

ဇာတိဇရာ ဗျာဓိမရဏ ဒုက္ခာဒိဟိ အနေ-
ကေဟိ ဒုက္ခေဟိ ခဇ္ဇတိ ခါဒိယတီတိ ခန္ဓော။

ဇာတိဇရာ ဗျာဓိမရဏ ဒုက္ခာဒိဟိ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း ဆင်းရဲ အစရှိကုန်သော။

အနေကေဟိ ဒုက္ခေဟိ၊တပါးမက များလှစွာသော ဆင်းရဲ အပေါင်းတို့သည်။ ခဇ္ဇတိ ခါဒိယတိ၊ ခဲစားအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခန္ဓော၊ ခန္ဓာမည်၏။

ဟူသော ဝစနတ္ထနှင့်အညီ ခန္ဓာသည်(၁)“ရူပက္ခန္ဓာ”၊ (၂)“ဝေဒနာက္ခန္ဓာ”၊ (၃)“သညာက္ခန္ဓာ”၊(၄)“သင်္ခါရက္ခန္ဓာ”၊(၅)“ဝိညာဏက္ခန္ဓာ”ဟူ၍ ငါးပါးအပြားရှိပေ၏။ “ပစ္စတ္တိနည်း” အားဖြင့် မိမိအားထုတ်အပ်သော အာနာပါန ကမ္မဋ္ဌာန်း၌ ခန္ဓာအားဖြင့် ဘယ်နှစ်ပါး ရထိုက်သနည်းဟု စူးစမ်းလိုသော ဘာဝနာယောဂီသည် နောက်က ရေတွက်၍ ပြခဲ့သော (၈၆)ပါးသော ရုပ်နာမ်တရားတို့တွင် (၆၂)ပါးသော ရုပ်တရားသည်“ရူပက္ခန္ဓာ”မည်၏၊ (၃၄)ပါးသော နာမ်တရားတို့တွင် ဝေဒနာစေတသိက်သည် “ဝေဒနာက္ခန္ဓာ” မည်၏၊ သညာ စေတသိက်သည် “သညာက္ခန္ဓာ”မည်၏၊ဝေဒနာ,သညာမှ ကြွင်းသော(၃၀) ပါးသော စေတသိက်တရားတို့သည်“သင်္ခါရက္ခန္ဓာ”မည်၏၊ ဝိပဿနာ ကုသိုလ်စိတ်သည်“ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ငါးပါးရပေ၏။

“ခန္ဓာငါးပါး”အစဉ်အားဖြင့် ဖြစ်ပေါ်လာပုံမှာ ဘာဝနာ ယောဂီသည် အာနာပါနကို အာရုံပြုရာ အစစွာ အာရုံနှင့် အာရမ္မဏိက တွေ့ဆုံ ကျရောက်သကဲ့သို့ ဖြစ်သော သဘောသည် “ဖဿ”ဟု ခေါ်၏၊ ထိုဖဿတရား ကြိတ်ဝါး၍ ထားအပ်သော ဝါယော အတွေ့ အာရုံကို ခံစားတဲ့သဘော ခံစားတဲ့အမူအရာ ခံစားမှုသည်“ဝေဒနာ”ဟု ခေါ်၏၊ ထိုဝါယော အတွေ့အာရုံကို အမှတ်ပြုကာ သိတဲ့သဘော သိတဲ့အမူအရာ အမှတ်ပြု၍ သိမှုသည်

"သညာ"ခေါ်၏၊ထိုဝါယော အတွေ့အာရုံဝယ် ယှဉ်ဘော်ယှဉ်ဘက် တရားတို့ကို အားထုတ်ပြုပြင် စီစဉ်တဲ့သဘော စီစဉ် အားထုတ်မှုသည် "စေတနာသင်္ခါရ" ဟု ခေါ်၏၊ ဝါယော အတွေ့အာရုံကို ဦးတိုက်သိတဲ့သဘော ဦးတိုက်၍ သိမှုသည်"ဝိညာဏ်"ခေါ်၏၊ ဤသို့လည်း ခန္ဓာငါးပါး ဖြစ်ပေါ်လာပုံကိုလည်း သိအပ်၏။

ထိုငါးပါးတို့တွင် (၁) တိုးတွေ့တွန်းကန် လှုပ်ရှားတဲ့ ဝါယောအစုကို "ရူပက္ခန္ဓာ"၊ (၂) ခံစားမှုအစုကို "ဝေဒနာက္ခန္ဓာ"၊ (၃) အမှတ်ပြု၍ သိမှုအစုကို"သညာက္ခန္ဓာ"၊ (၄) ဖဿနှင့်တကွ ပြုပြင်အားထုတ်မှုအစုကို "သင်္ခါရက္ခန္ဓာ"၊(၅) ဦးတိုက်သိမှုအစုကို "ဝိညာဏက္ခန္ဓာ"၊ဤကား ဖဿ၏အစွမ်းဖြင့် ခန္ဓာငါးပါးယူပုံပေတည်း။

ဤကဲ့သို့– ရုပ်ဘဲ, နာမ်ဘဲ, ခန္ဓာဘဲ လို့ မဆုံးဖြတ်နိုင်သောကြောင့်၎င်း၊ အစဉ်၏စွမ်းအားဖြင့် ပေါင်းစုကာ ခဲနေသော ပုံသဏ္ဌာန်ဒြပ်တည်းဟူသော "သန္တတိဃန" အပေါင်း၏အစွမ်းအားဖြင့် ပေါင်းစုကာ ခဲနေသောပုံ သဏ္ဌာန် ဒြပ်တည်းဟူသော "သမူဟဃန" တို့ကို မဖြတ်တောက် မချေမှုန်းနိုင်သောကြောင့်၎င်း၊ ဤရုပ်,နာမ် ခန္ဓာကိုပင် ငါဟုထင်မှတ်စွဲလမ်းကာ တယောက်တည်း တစုတည်းဘဲ ဟု ယူသည်၏အစွမ်းအားဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမဘဲဟု မှောက်မှောက်မှားမှား ပြင်းစွာတွေဝေတဲ့ "သတ္တသမ္မောဟ" တရားတို့သည် ဝင်လာကြပေကုန်၏။

## သဏ္ဌာယဒိဋ္ဌိနှစ်ဆယ်တို့ကိုပြခြင်း

### ရူပက္ခန္ဓာ

ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ
အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။
[ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ဓမ္မကထိကဝဂ်,ဉပရိပဏ္ဏာသပါဠိတော်
ဒေဝဒဟဝဂ် မဟာပုဏ္ဏမသုတ်။]

ရူပံ၊ ရုပ်ကို။ အတ္တတော၊ မီးရောင်မီးလျှံ မပြားဟန်
သို့ "ရုပ်"ကား ငါ,ငါကား "ရုပ်" ဟူ၍။သမနုပဿတိ၊
အမြဲရှု၏။ အတ္တာနံ၊ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ် ဟူ
သော "နာမ်" အတ္တကို။ ရူပဝန္တံဝါ၊ အရိပ်ရှိသောသစ်
ပင်ကဲ့သို့ "ရုပ်" ရှိ၏ဟူ၍လည်း။သမနုပဿတိ၊ အမြဲရှု၏။
အတ္တနိဝါ၊ ဝေဒနာစသော "နာမ်" အတ္တ၌မူလည်း။ ရူပံ၊
ရုပ်ကို။ သမနုပဿတိ၊ ပန်းရနံ့ကဲ့သို့ရှု၏။ အတ္တာနံ၊
ဝေဒနာစသော "နာမ်" အတ္တကို။ ရူပသ္မိံဝါ၊ ရုပ်၌မူ
လည်း။ သမနုပဿတိ၊ ကြုတ်၌ပတ္တမြားကဲ့သို့ရှု၏။

(၁) ရုပ်သည်ပင်ငါ, ငါသည်ပင် ရုပ်ဟူ၍ "ရုပ်"နှင့်
ငါ,ငါနှင့် "ရုပ်" မကွဲမပြား အမှတ်မှားခြင်းတပါး၊ (၂)
ရုပ်ရှိသောငါ, ရုပ်နှင့်ပြည့်စုံသောငါ ဟူ၍ ရုပ်နှင့်မကင်း
"ငါ" အတ္တကိုဆ၍ အမှတ်မှားခြင်းတပါး၊ (၃) ငါ၌
ရုပ်တည်၏, ရုပ်သည်ငါ၌တည်၏ဟူ၍ အမှတ်မှားခြင်း
တပါး၊ (၄) ရုပ်၌ငါတည်၏, ငါသည် ရုပ်၌တည်၏ဟူ၍
အမှတ်မှားခြင်းတပါး၊ ဤသို့ ရူပက္ခန္ဓာ၌ "သဏ္ဌာယဒိဋ္ဌိ"
လေးပါး။

ဆောင်။ ရုပ်လျှင်ငါဘဲ၊ ငါ့ရုပ်ဘဲဟု၊ ငါ၌ရုပ်တည်၊ငါတည်
ရုပ်မှာ၊ ဤလေးဖြာ၊ သဏ္ဌာ ရုပ်ဒိဋ္ဌိ။

## ဝေဒနာကၡန္ဓာ

ဝေဒနံ အတ္တတော သမနုပဿတိ၊ ဝေဒနာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝေဒနံ၊ ဝေဒနာယ ဝါ အတ္တာနံ။

ဝေဒနံ၊ ခံစားမှုအစု ဝေဒနာကို။အတ္တတော၊ ဝေဒနာကား ငါ,ငါကား ဝေဒနာဟူ၍။ သမနုပဿတိ၊ အမြဲရှု၏။ အတ္တာနံ၊ရုပ်,သညာ,သင်္ခါရ,ဝိညာဏ်ဟူသော''ရုပ်နာမ်'' အတ္တကို။ ဝေဒနာဝန္တံဝါ၊ ဝေဒနာရှိ၏ဟူ၍လည်း။ သမနုပဿတိ၊အမြဲရှု၏။အတ္တနိဝါ၊''ရုပ်နာမ်'' အတ္တ၌မှုလည်း။ ဝေဒနံ၊ ဝေဒနာကို။ သမနုပဿတိ၊ အမြဲရှု၏။ အတ္တာနံ၊ ''ရုပ်နာမ်'' အတ္တကို။ ဝေဒနာယဝါ၊ ဝေဒနာ၌မှုလည်း။ သမနုပဿတိ၊ အမြဲရှု၏။

**မှတ်ချက်။** [ပဌမအချက်၌ နာမ်ဘရားသက်သက်ကို ငါစွဲယူထားသည်၊ နောက်သုံးချက်ကား မိမိမှဘပါး ရုပ်,သညာ, သင်္ခါရ,ဝိညာဏ်တည်းဟူသော ရုပ်နာမ်နှစ်ပါးတို့ကို ငါဟုစွဲယူပုံကို သတိပြုပါ၊ နောက်လည်း နည်းတူမှတ်လေ။]

(၁) ဝေဒနာသည်ငါ,ငါသည်ပင်ဝေဒနာဟူ၍အမှတ်မှားခြင်းတပါး၊ (၂) ဝေဒနာရှိသောငါ,ငါသည်ဝေဒနာရှိ၏ဟူ၍ အမှတ်မှားခြင်းတပါး၊ (၃) ငါ၌ဝေဒနာတည်၏, ဝေဒနာသည် ငါ၌တည်၏ဟူ၍ အမှတ်မှားခြင်းတပါး၊ (၄) ဝေဒနာ၌ ငါတည်၏, ငါသည်ဝေဒနာ၌တည်၏ဟူ၍ အမှတ်မှားခြင်းတပါး၊ ဤသို့ဝေဒနာကၡန္ဓာ၌ ''သက္ကာယဒိဋ္ဌိ'' လေးပါး။

**ဆောင်။** ဝေ-လှင်ငါဘဲ၊ငါ့ဝေဘဲဟု၊ငါ၌ဝေတည်၊ငါတည် ဝေမှာ၊ ဤလေးဖြာ၊ သက္ကာ ဝေဒိဋ္ဌိ။

### သညာက္ခန္ဓာ

သညံ အတ္တတော သမနုပဿတိ၊ သညာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သညံ၊ သညာယ ဝါ အတ္တာနံ။

သညံ၊ မှတ်သားမှုအစုသညာကို။ အတ္တတော၊ သညာကားငါ, ငါကားသညာဟူ၍။ သမနုပဿတိ၊ အမြဲရှု၏။ အတ္တာနံ၊ ရုပ်,ဝေဒနာ,သင်္ခါရ,ဝိညာဏ်ဟူသော "ရုပ်နာမ်" အတ္တကို။ သညာဝန္တံဝါ၊ သညာရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ အမြဲရှု၏။ အတ္တနိဝါ၊ "ရုပ်နာမ်" အတ္တ၌မှုလည်း။ သညံ၊ သညာကို။ သမနုပဿတိ၊ အမြဲရှု၏။ အတ္တာနံ၊ "ရုပ်နာမ်" အတ္တကို။ သညာယဝါ၊ သညာ၌မှုလည်း။ သမနုပဿတိ၊ အမြဲရှု၏။

(၁) သညာသည်ငါ,ငါသည်ပင်သညာဟူ၍ အမှတ်မှားခြင်းတပါး၊ (၂) သညာရှိသောငါ, ငါသည်သညာရှိ၏ဟူ၍ အမှတ်မှားခြင်းတပါး၊ (၃) ငါ၌သညာတည်၏, သညာသည် ငါ၌တည်၏ဟူ၍ အမှတ်မှားခြင်းတပါး၊ (၄) သညာ၌ငါတည်၏, ငါသည်သညာ၌ တည်၏ဟူ၍ အမှတ်မှားခြင်းတပါး၊ ဤသို့သညာက္ခန္ဓာ၌ "သက္ကာယဒိဋ္ဌိ" လေးပါး။

ဆောင်။ သဥ်လျှင်ငါဘဲ၊ ငါ့သဥ်ဘဲဟု၊ ငါ့ထဲသဥ်တည်၊ ငါတည် သဥ်မှာ၊ ဤလေးဖြာ၊ သက္ကာ သဥ်ဒိဋ္ဌိ။

### သင်္ခါရက္ခန္ဓာ

သင်္ခါရေ အတ္တတော သမနုပဿတိ၊ သင်္ခါရဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သင်္ခါရေ၊ သင်္ခါရေသု ဝါ အတ္တာနံ။

သင်္ခါရေ၊ ပြုပြင်စေ့ဆော်မှု အစုသင်္ခါရတို့ကို။ အတ္တ တော၊ သင်္ခါရကားငါ၊ ငါကား သင်္ခါရဟူ၍။ သမနု ပဿတိ၊ အမြဲရှု၏။ အတ္တာနံ၊ ရုပ်, ဝေဒနာ သညာ, ဝိညာဏ်ဟူသော ရုပ်နာမ်အတ္တကို။သင်္ခါရဝန္တံဝါ၊သင်္ခါရ ရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ အမြဲရှု၏။ အတ္တနိဝါ၊ ရုပ်နာမ်အတ္တ၌မှုလည်း။ သင်္ခါရေ၊ သင်္ခါရတို့ကို။ သမနု ပဿတိ၊ အမြဲရှု၏။ အတ္တာနံ၊ ရုပ်နာမ် အတ္တကို။ သင်္ခါ ရေသုဝါ၊ သင်္ခါရတို့၌မှုလည်း။ သမနုပဿတိ၊ အမြဲရှု၏။

(၁) သင်္ခါရသည်ငါ,ငါသည်ပင် သင်္ခါရဟူ၍ အမှတ် မှားခြင်းတပါး၊ (၂) သင်္ခါရရှိသောငါ,ငါသည် သင်္ခါရ ရှိ၏ဟူ၍ အမှတ်မှားခြင်းတပါး၊ (၃) ငါ၌သင်္ခါရတည်၏, သင်္ခါရသည် ငါ၌တည်၏ဟူ၍ အမှတ်မှားခြင်းတပါး၊(၄) သင်္ခါရ၌ငါတည်၏,ငါသည် သင်္ခါ၌တည်၏ဟူ၍ အမှတ်မှား ခြင်းတပါး၊ ဤသို့ သင်္ခါရက္ခန္ဓာ၌ "သက္ကာယဒိဋ္ဌိ" လေး ပါး။

ဆောင်။ ခါလျှင်ငါဘဲ၊ ငါ့ခါဘဲဟု၊ ငါ၌ခါတည်၊ ငါတည် ခါမှာ၊ ဤလေးဖြာ၊သက္ကာ ခါဒိဋ္ဌိ။

ဝိညာဏက္ခန္ဓာ

ဝိညာဏံ အတ္တတော သမနုပဿတိ၊ဝိညာဏ ဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝိညာဏံ၊ ဝိညာ- ဏသ္မိံ ဝါ အတ္တာနံ၊ဧဝံ ခေါ ဘိက္ခု၊ သက္ကာယ- ဒိဋ္ဌိ ဟောတိ။

ဝိညာဏံ၊ ဦးတိုက်ခါသိမှု အစုဝိညာဏ်ကို။ အတ္တ တော၊ ဝိညာဏ်ကားငါ,ငါကား ဝိညာဏ်ဟူ၍။ သမနု

မျက်လှည့်ပြသော အမှုကြီးနှင့်တူသော ဥပမာရှိ၏။ဇာတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ အာဒိစ္စနွယ်ဘွား မြတ်ဘုရားသည်။ ဒေသိတာ၊ ဟောဘော်ညွှန်ပြ ဆုံးမတော်မူခဲ့ပါပေသတည်း၊

## ပစ္စတ္တိနယ အာယတနအားဖြင့်ပြခြင်း

အာယတံ သံသာရဒုက္ခံ နယန္တိ ပဝတ္တေန္တီတိ အာယတနာနိ။

တေနာနိ၊ ထိုစက္ခုစသော သဘောတရား တို့သည်။ အာယတံ၊ ရှည်စွာသော။ သံသာရဒုက္ခံ၊ သံသရာ၌ ဖြစ်သောဆင်းရဲကို။ နယန္တိပဝတ္တေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ တာနိ၊ ထိုစက္ခုစသောသဘောတရားတို့သည်။အာယတနာနိ၊ အာယတနတို့မည်ကုန်၏။-ဟူသောဝစနတ္ထနှင့်အညီ"အာယတန"သည် ရူပါယတန, သဒ္ဒါယတန,ဂန္ဓာယတန,ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတနဟူ၍"ဗာဟိရာယတန" ခြောက်ပါး၊ စက္ခာယတန,သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန,မနာယတနဟူ၍ "အဇ္ဈတ္တိကာယတန" ခြောက်ပါးအားဖြင့်(၁၂)ပါးအပြားရှိ၏။

"ပစ္စတ္တိ"နည်းအားဖြင့် မိမိအားထုတ်အပ်သော အာနာပါနကမ္မဋ္ဌာန်း၌ အာယတနအားဖြင့် အဘယ်မျှ ရထိုက်ပါသနည်းဟု စူးစမ်းလိုသော ဘာဝနာယောဂီသည် နောက်ကရေတွက်၍ပြခဲ့သော (၉၆)ပါးသော ရုပ်နာမ်တရားတို့တွင် မိမိ၏ အဿာသပဿာသဝယ် ဝင်ထွက်ရာ

ဆောင်။ (၁) ဤနည်းလေးတန်၊ငါးပါးခန်၊ ဝိသံအတ်ဒိဋ္ဌိ၊

(၂) ငါနှင့်မဆိုင်၊ ငါပိုင်မဟုတ်၊ ငါသမုတ်သည့်၊ နာမ်ရုပ်ကိုမြှောင်၊ ငါအကောင်၊ ရှိယောင်ထင်ဘိ၊ယူဒိဋ္ဌိ။

(၃) ရုပ်နာမ်နှစ်ဖြာ၊ခန္ဓာငါးစု၊ ခွဲဝေရှုက၊ ငါဟုမထင်၊ ငါမမြင်ဘဲ၊ ကြောင်တောင်လွဲ၊ ဇွတ်စွဲငါရှိ၊ယူဒိဋ္ဌိ။

(၄) ဤဒိဋ္ဌိငါ၊ မလွတ်ပါက၊ ဗုဒ္ဓဆူဆူ၊ ချွတ်တော်မူ၊ ထိုသူ မကျွတ်သိ။

ဤ နာမရူပပရိစ္ဆေဒ ဉာဏ်ဖြင့် ''ဒိဋ္ဌိဝိသုဒ္ဓိ'' ကိုပြုပေရကား ဒိဋ္ဌိသည်–(၁) နိယတမိစ္ဆာဒိဋ္ဌိ၊ (၂) ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ၊ (၃) အန္တဂ္ဂါဟိကဒိဋ္ဌိ၊ (၄) ပုဗ္ဗန္တာပရန္တာနုကပ္ပိကဒိဋ္ဌိ၊(၅)သက္ကာယဒိဋ္ဌိဟူ၍ ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင် နိယတမိစ္ဆာဒိဋ္ဌိ သုံးပါး,ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ ဆယ်ပါးတို့ကို အစစ္စာ ကံ,ကံ၏အကျိုးကို ယုံကြည်သည်ဖြစ်၍ သရဏဂုံ စသည်တို့ကိုမြဲမြံစွာ ဆောက်တည်ခဲ့လျှင်ပင် ''ဒိဋ္ဌိဝိသုဒ္ဓိ''ဖြစ်၏၊ အန္တဂ္ဂါဟိက ဒိဋ္ဌိ ဆယ်ပါး,သက္ကာယဒိဋ္ဌိ နှစ်ဆယ်,ပုဗ္ဗန္တာပရန္တာ နုကပ္ပိကဒိဋ္ဌိ ခြောက်ဆယ်နှစ်ပါးတို့ကိုကား အလွန်အားရှိသော ဝိပဿနာဉာဏ်ဖြင့် ရှုန့်ရင်းသောဒိဋ္ဌိတို့ကို ပယ်နိုင်သည်ဖြစ်မှ ''ဒိဋ္ဌိဝိသုဒ္ဓိ''ဖြစ်၏၊ ထို့ကြောင့် ဤအရာ၌ 'သက္ကာယဒိဋ္ဌိ'' သာ ပဓာနဖြစ်၍ သက္ကာယဒိဋ္ဌိတို့၏စွဲယူဟန်ကို ပြလိုက်ရပေ၏။

ဤ သက္ကာယဒိဋ္ဌိတည်းဟူသော အတ္တခေါ် ငါစွဲသည် (သန္တ+ကာယ+ဒိဋ္ဌိ) ဟု သုံးပုဒ်ခွဲကာ ''သန္တော သံဝိဇ္ဇ

မာနော ကာယော သက္ကာယော''။ ။သန္တော သံဝိဇ္ဇမာနော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်းတည်းဟူသော ကိုယ်တည်း။ သက္ကာယော၊ ထင်ရှားရှိသော ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်းတည်းဟူသော ကိုယ်။-ဟူသော ဝစနတ္ထနှင့်အညီ ယခု ခဏ ယခုဘဝမှ ရုတ်တရက်ဖြစ်ပေါ်လာသည်မဟုတ်၊ စင်စစ်မှာမူ သံသရာတွင် ကျင်လည်ခဲ့သမျှ ရှေးယခင်ဘဝတို့ကပင်လျှင် အစဉ်တလစပ် အမျှင်မပြတ်ဘဲ အတွင်ကပ်လျက်ပါခဲ့ပေသည်၊ ထို့ကြောင့်—

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဍယှမာနောဝ မတ္ထကေ၊
သက္ကာယဒိဋ္ဌိပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

[သဂါထာဝဂ္ဂသံယုတ်ပါဠိတော် အနာထပိဏ္ဍိကဝဂ် သုဒတ္တ ဒေဝပုတ္တသုတ်။]

သပ္ပုရိသာ၊ သက္ကာယဝယ် ဒိဋ္ဌိတွယ်သည်ကို ဖြတ်ပယ်လိုကြောင်း အို-ဘာဝနာယောဂီ သူတော်ကောင်းတို့။ သတ္တိယာ၊ ထက်မြက်စွာလှသော လှံမကြီးဖြင့်။ ဩမဋ္ဌော ဝိယ၊ ရင်ညွန့်ရင်ဝ၌ လှလှ ကြီးစူးရှသကဲ့သို့ရင်း။ မတ္ထကေ၊ ဦးခေါင်းတခုလုံး၌။ ဍယှမာနောဝ၊ ဟုန်းဟုန်း ပြောင်ပြောင် မီးတောက်လောင်သကဲ့သို့ရင်း။ သက္ကာယ ဒိဋ္ဌိပဟာနာယ၊ သက္ကာယဝယ်ဒိဋ္ဌိတွယ်သည်ကိုပယ်ခွါစွန့်ပစ်ခြင်းငှါ။ သတော၊ မြော်မြင်တတ်သိ ပညာရှိသော။ ဘိက္ခု၊

အာရုံမြွေဟောက် ဆိပ်အတောက်ကို ရှုံကြောက်လှသော ရဟန်းသည်။ ပရိဗ္ဗဇော၊သတိစွဲ၍ သဲသဲမဲမဲ အားထုတ်ကြ ကုန်ရာသတည်း။

ဤကဲ့သို–သက္ကာယဒိဋ္ဌိ အစွဲရှိရခြင်းမှာ "**အရင်းစစ် အမြစ်မြေက**" ဆိုသလို ဘာမျှအနှစ်သာရ အတ္တမပါ ငါးပါးသောခန္ဓာတို့ကြောင့်သာ ဖြစ်ပေါ်၍ လာရပေ၏၊ ထို့ကြောင့် ကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ် ကြီးက မိန့်ဟတော်မူသည်မှာ–

ဖေဏပိဏ္ဍူပမံ ရူပံ၊ဝေဒနာ ပုဗ္ဗုဠူပမာ၊
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာ ဒိစ္စဗန္ဓုနာ။
[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဗုဒ္ဓဝဂ် ဖေဏပိဏ္ဍသုတ်။]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော်တွေး၍ ငြား အို–ချစ်သား,ချစ်သမီးအများတို့။ ရူပံ၊ ဘောက်ပြန် တတ်ငြား ရုပ်တရားသည်။ ဖေဏပိဏ္ဍူပမံ၊ ဇီဝ, အတ္တ မဘက် သက်သက်သော ရေမြှုပ်ခဲကြီးနှင့်တူသော ဥပမာ ရှိ၏။ ဝေဒနာ၊ ခံစားတတ်စွာ ဝေဒနာသည်။ ပုဗ္ဗုဠူ ပမာ၊အနှစ်သာရ ဘာမျှမဘက် ရေကြည်ပွက်နှင့်တူသော ဥပမာရှိ၏။ သညာ၊ မှတ်သားတတ်စွာ ဤသညာသည်။ မရီစိကူပမာ၊အနှစ်သာရ ဘာမျှမစပ် တံလျှပ်နှင့်တူသော ဥပမာရှိ၏။ သင်္ခါရာ၊ ပြုပြင်တတ်စွာ သင်္ခါရတို့သည်။ ကဒလူပမာ၊ အနှစ်မပါ အကာချည်း ရှာမရသော၄က် ပျောတုံးကြီးနှင့်တူသော ဥပမာကုန်ရှိ၏။ ဝိညာဏံ၊ သိမှု ကေန် ဤဝိညာဏ်သည်။ မာယူပမံ၊အနှစ်အမာ ရှာ၍ခရ

ကာလမှစ၍ ကာယာယတန၌ ရအပ်သော ကာယဒသ က,ဘာဝဒသက,စိတ္တဇသုဒ္ဓဋ္ဌက,ဥတုဇသုဒ္ဓဋ္ဌက,အာဟာရ ဇသုဒ္ဓဋ္ဌကပေါင်း(၄၄)ပါးသည်"**ကာယာယတန**"မည်၏၊ ဖောဋ္ဌဗ္ဗာယတန၌ ရအပ်သော စိတ်ကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်သည်"**ဖောဋ္ဌဗ္ဗာယတန**" မည်၏၊ ဝတ္ထုဒ သကသည်"**ဓမ္မာယတန**"တခွဲမည်၏၊ ပေါင်းရုပ်အာယတ နနှစ်ခုခွဲ၊ ဝိပဿနာကုသိုလ်စိတ်သည် "**မနာယတန**"မည် ၏၊ စေတသိက်(၃၃) ပါးသည် "**ဓမ္မာယတန**"တခွဲမည်၏၊ ပေါင်းနာမ်အာယတနတခုခွဲ၊ နှစ်ရပ်ပေါင်းသော် အာနာ ပါနအခိုက်၌"**အာယတန**"လေးပါးရ၏။

၍ အာယတနသဒ္ဒါသည် အကြောင်းကို ဟော၏၊ ဖြစ်ရပုံမှာ စက္ခုနှင့်ရူပါရုံ တွေ့ဆုံ ခိုက်တိုက်မိခြင်း တည်း ဟူသော အကြောင်းကြောင့် စက္ခုဝိညာဏ်နာမ် စသော တရားများ ဇာသိတတန်းကြီးဖြစ်ပေါ်လာကာ သံသရာ ဝယ် အမျှင်မပြတ် တလစပ် ထပ်ကာထပ်ကာ ဖြစ်ပျက်ပုံ အမှုအရာကို ယထာဘူတ မသိကြသမျှကာလပတ်လုံး ဘဝ သံသရာခရီး မဆုံးနိုင်ကြပေသတည်း။

---

## ပဝတ္တိနယ ဓာတ်အားဖြင့်ပြခြင်း

အတ္တာနော သဘာဝံ ဓာရေန္တီတိ ဓာတုယော။

အတ္တနော၊ မိမိ၏။ သဘာဝံ၊ ဖုဿန အစရှိသောသ ဘောကို။ ဓာရေန္တိ၊ ဆောင်တတ်ကုန်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓာတုယော၊ ဓာတ်တို့မည်ကုန်၏။- ဟူသော ဝစနတ္ထနှင့်အညီ၊"**ဓာတ်**"သည် စက္ခုဓာတ်,သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, ရူပဓာတ်, သဒ္ဒ

ဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, စက္ခုဝိ ညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏ ဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနော ဓာတ်, ဓမ္မဓာတ်, မနောဝိညာဏဓာတ်အားဖြင့် (၁၈) ပါးအပြားရှိ၏။

"ပစ္စတ္တိ"နည်းအားဖြင့် မိမိအားထုတ်အပ်သော အာ နာပါနကမ္မဋ္ဌာန်း၌ "ဓာတ်" အားဖြင့် အဘယ်မျှရထိုက် ပါသနည်းဟု စူးစမ်းလိုသော ဘာဝနာ ယောဂီသည် နောက်ကရေတွက်၍ပြခဲ့သော (၉၆)ပါးသော ရုပ်နာမ် တရားတို့တွင် မိမိ၏ အဿာသပဿာသ ဝင်ထွက်ရာကာ လတို့မှစ၍ ကာယဓာတ်၌ ရအပ်သော ကာယဒသက, ဘာဝဒသက, စိတ္တဇသုဒ္ဓဋ္ဌက, ဥတုဇသုဒ္ဓဋ္ဌက, အာဟာ ရဇသုဒ္ဓဋ္ဌက၊ ပေါင်း (၄၄) ပါးသည် "ကာယဓာတ်" မည်၏၊ ဖောဋ္ဌဗ္ဗဓာတ်၌ရအပ်သော စိတ်ကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်သည်"ဖောဋ္ဌဗ္ဗဓာတ်"မည်၏၊ ဝတ္ထုဒသ ကကလာပ်သည် "ဓမ္မဓာတ်"တခွဲမည်၏၊ ပေါင်းရုပ်ဓာတ် နှစ်ခုခွဲရ၏၊ ဝိပဿနာကုသိုလ်စိတ်သည် "မနောဝိညာဏ ဓာတ်"မည်၏၊ စေတသိက် (၃၃)ပါးသည် "ဓမ္မဓာတ်" တခွဲမည်၏၊ ပေါင်းနာမ်ဓာတ်တခုခွဲရ၏၊ နှစ်ရပ်ပေါင်း သော် အာနာပါနအခိုက်၌ ဓာတ်လေးပါးရ၏။

"ဓိဋ္ဌိ"တို့ကြံဆအပ်သော အတ္တသည် အထင်အရှား မရှိ၊ "ကာရက,ဝေဒက"ဟု နာမည်တပ်၍ ပြုလုပ်တတ်, ခံစားတတ်သည်ဟု ဆိုသော်လည်း တကယ်မပြုလုပ်တတ်, မခံစားတတ်၊ ပြုလုပ်ခြင်း,ခံစားခြင်း သဘောကို မဆောင်

ရွက်နိုင်၊ စက္ခု စသော တရားတို့ကား မိမိ သဘောကို ဆောင်ရွက်နိုင်၏၊ မိမိ သဘောအတိုင်း တည်ရှိ၏၊ ဤသို့ မိမိနှင့် ဆိုင်ရာသဘောကို ဆောင်ရွက် နိုင်သောကြောင့် ''ဓာတု''ဓာတ်ဟူသော အမည်ကို ရကြပေ၏။

## ဇီဝအတ္တနှင့် ပရမအတ္တ

အတ္တသည် ဇီဝအတ္တ, ပရမအတ္တဟူ၍ နှစ်ပါးအပြား ရှိ၏၊ ထိုနှစ်ပါးတို့တွင် ''ဇီဝအတ္တ''ကို သာသနာပ ဖြစ်သော''တိတ္ထိ''တို့ အမျိုးမျိုးကြံဆကာ စွဲလမ်း၍လာကြကုန်၏၊ ကြံဆပုံမှာ မျက်စိ, နား, နှာ စသော အင်္ဂါ ခြေလက်နှင့်တကွ ခန္ဓာကိုယ် တခုလုံး အတ္တ၏ တည်နေရာ အိမ်ကြီးတည်း၊ ''အတ္တ''သည် ထိုအိမ်၌တည်လျက် အမျိုးမျိုးသော အမှုကို ပြုလုပ်စီမံ၏၊ ရှေးက ကောင်းမှု,မကောင်းမှု အကျိုးကိုလည်း ခံစား၏၊ ယခုဘဝ ပြုသမျှသော လုံ့လ ဝီရိယ အကျိုးကိုလည်း ခံစား၏၊ အချို့က ထိုအတ္တခေါ်သော သဘောကလေးသည် နှလုံးအိမ်၌ တည်နေ၏၊ ပရမာဏုမြူမျှ ပမာဏရှိသဖြင့် အလွန်သေးငယ်၏ဟု ယူဆ၏၊ အချို့က သားမြီးဖျားကို အစိတ်တရာ စိတ်၍ တစိတ်မျှ ပမာဏရှိ၏ ဟုယူဆကြ၏၊ အချို့က ခန္ဓာကိုယ်ပမာဏရှိ၍ ခန္ဓာကိုယ် ကြီးလျှင် အတ္တကြီး၏၊ ခန္ဓာကိုယ် ငယ်လျှင် အတ္တငယ်၏ဟု ယူဆ၏၊ အချို့က ခန္ဓာကိုယ်အတွင်း၌ ဝင်သက် ထွက်သက်တို့၏ သွားလာရာ အကြောမကြီး နှစ်ခုရှိ၏၊ ကျောရိုး၏ ဝဲယာ တဘက်တချက်၌တည်၏၊ အခြားသော အကြော မ-ကြီး တခုကား အထက်သို့ တည့်တည့်မတ်မတ် တက်သွားကာ ဦးခေါင်းမှာရှိသော အပေါက် တ

ခုသို့ ဆိုက်ရောက်၏၊ (ထိုအပေါက်ဖြင့် ထွက်သွားသော အတ္တသည် ဗြဟ္မာ့ပြည်သို့ ရောက်သောကြောင့် ထိုဦးထိပ်က အပေါက်ကို "ဗြဟ္မရန္ဓ"ဗြဟ္မာ့ပြည် သွားကြောင်းလမ်း ပေါက်ဟု ခေါ်သတဲ့။) ထိုအကြောကြီး သုံးခု၏ အလယ် တည့်တည့်မှာ "လ"ရောင်နှင့်တူသော အရောင်ဝိုင်းရှိ၏၊ ထိုအရောင်ဝိုင်း၏ အလယ်၌ (လေငြိမ်ရာထွန်းထားသော မီးကဲ့သို့)မလှုပ်မလှုက် တောက်ပလျက် တည်သည်ဟု ယူဆကြ၏၊ အချို့က အတ္တသည် ခန္ဓာကိုယ် အတွင်း ဝင်ထွက် သွားလာခြင်းကို ပြုနိုင်၏၊ လိပ်ပြာကဲ့သို့ ပုံသဏ္ဍာန်ရှိ၏၊ ထိုလိပ်ပြာ အသက် အတ္တ ခေါ်သော အကောင်ကလေးသည် လူများကဲ့သို့ လှတဲ့ လိပ်ပြာ, မလှတဲ့ လိပ်ပြာ ဟု နှစ်မျိုး ရှိသတဲ့၊ ထို့ကြောင့် နတ် များက လိပ်ပြာ လှသူကို ကောက်ယူသည်ဟု ယူဆကြသည့်ပြင် ထိပ်လန့်၍လိပ်ပြာစင်သွားသဖြင့် လိပ်ပြာကို ပြန်ခေါ်ရခြင်း, လိပ်ပြာသိပ်ရခြင်း၊ ထိုမှတပါး ကလေးငယ်ငယ်နှင့် မိခင်များသေဆုံးကြရာ မိခင်၏ အတွေ့ ပွေ့ကာဖွေ့ကာ ရင်ခွေ့ကို မလှုံရရှာ၍ ကလေး ငိုသည်ကိုပင် မိခင် လိပ်ပြာနှင့် ကလေးလိပ်ပြာ မကွဲသေး၍ဟု ယူဆကာ မှန့်,ချိန်ခွင် စသည်တို့ဖြင့် လိပ်ပြာ ခွဲသည်များကို "စာရေးသူ" လေးငါးနှစ်သား လောက်တုန်းက ကိုယ်တိုင်တွေ့မြင်ခဲ့ရပေ၏။

ဤသို့ (၁) ခန္ဓာကိုယ်ထဲမှာ အလိုအတိုင်း အစိုးရတဲ့ ငါကောင် ရှိသည်ဟု ထင်တာက "သာမိအတ္တ"စွဲမည်၏၊ (၂) ခန္ဓာကိုယ်ထဲမှာ အမြဲတမ်း တည်နေတဲ့ ငါကောင် ရှိသည်ဟု ထင်တာက"နိဝါသီအတ္တ" စွဲမည်၏၊(၃)ကိုယ်, နှုတ်, စိတ် အမှုအရာ ဟူသမျှကို ငါကောင်ကပင် ပြုလုပ်

သည်ဟု ထင်တာက "ကာရကအဏ္ဏ" စွဲမည်၏၊ (၄)အကောင်းအဆိုး ဟူသမျှကို ငါကောင်ကပင် ခံစားသည်ဟု ထင်တာက "ဝေဒကအဏ္ဏ" စွဲမည်၏။

ဤကဲ့သို့—ရုပ် နာမ် သဘော, ရုပ်နာမ်၏ ဖြစ်ကြောင်း သဘောကို မသိနိုင်ကြ၍ သာသနာပ ပညာရှိကြီးတို့ ပုံသဏ္ဌာန်အမျိုးမျိုး တည်နေရာအရပ်ရပ်နှင့်တကွ "အဏ္ဏ" ကို အမျိုးမျိုးကြံဆ ပြောဆိုခဲ့ကြလေသည်။

ထိုဇီဝအတ္တကို သက္ကတ "ဟိန္ဒူလို" အာတ္မာ (ပါဠိလို အာတုမာ)ဟု ခေါ်၏၊ "ပါဠိတော်" များ၌ "ဇီဝ, သရီရ, ပုဂ္ဂလ, သဏ္ဌ"ဟု အမျိုးမျိုး ရှိကြ၏၊ "အာရဗီဘာသာလို" ရူဟ်၊ "အင်္ဂလိပ်လို" ဆိုးလ်၊ "ဗမာလို" အသက် ဟု ခေါ်ကြ၏၊ ဤအတ္တသည် တကယ်ကေန် အမှန်ရှိ၏ ဟု ထင်မှတ်သော အယူသာလျှင် "အဏ္ဏဒိဋ္ဌိ"တည်း၊ အများ ပြောနေကျ အတိုင်း ငါ, သူတပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ စသည် ခေါ်ဝေါ်ပြောဆိုမှုများသည်ကား လောကဝေါဟာရ ခေါ်ဝေါ်ပြောဆိုမှုသာတည်း၊ "အဏ္ဏ ဒိဋ္ဌိ" မဟုတ်၊ ဘုရား,ရဟန္တာ တို့သော်မှ လောက ဝေါ ဟာရ အရ ငါဟူ၍၎င်း,ငါ၏ကိုယ်ဟူ၍၎င်း ပြောဆိုတော်မူကြပေသေး၏။

---

## အဏ္ဏ,ကလျာဏ မြင်ပုံ သဘာဝကို ပြခြင်း

နိမိတ္တန္တိ သဗ္ဗမ္ပိ သင်္ခါရနိမိတ္တံ၊ ယောဂါဝစရ-
ဿ ဟိ သင်္ခါရာ သသဏ္ဌာနာ ဝိယ ဥပဋ္ဌဟန္တိ၊
တသ္မာ နိမိတ္တန္တိ ဝုတ္တန္တိ။
[ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။]

နိမိတ္တန္တိ၊ နိမိတ်ဟူသည်ကား။ သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ သင်္ခါရနိမိတ္တံ၊ သင်္ခါရနိမိတ်တည်း။ ဟိ-သစ္စံ၊ မှန်၏။ ယောဂါဝစရဿ၊ ဘာဝနာယောဂီအား။ သင်္ခါရာ၊ သင်္ခါရ တရားတို့သည်။ သသဏ္ဍာနာဝိယ၊ ဒြပ်သဏ္ဍာန် ပုံဟန်အစားစား ထင်ရှားရှိကုန်သကဲ့သို့။ ဥပဋ္ဌဟန္တိ၊ထင်လာတတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ နိမိတ္တန္တိ၊ နိမိတ်ဟူ၍။ သင်္ခါရာ၊ သင်္ခါရ တရားတို့ကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

[ဝိသုဒ္ဓိမဂ် မဟာဋီကာ,မူလဋီကာ,အနုဋီကာ တို့မှာလည်း အဓိပ္ပါယ်တူပင် လာ၏။]

ဤသို့ ခန္ဓာငါးပါး သင်္ခါရ တရားတို့သည် ဘာဝနာ ယောဂီတို့၏ဉာဏ်၌ ဒြပ်သဏ္ဍာန် ပုံဟန်အစားစား ရှိသကဲ့သို့ ထင်လာကြသည် ဆိုပါလျှင် အန္ဓဗာလ ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့နှင့် အမြင်ချင်း မည်သို့ခြားနား ကြ၊ ပါ သနည်း ဟူမူ အန္ဓဗာလ ပုထုဇ္ဇန်တို့မှာ ဓမ္မဝဝတ္ထာ နဉာဏ်အလင်းကို မရရှိကြလေသောကြောင့် ခန္ဓာငါးပါးတို့မှ ထွက်ပေါ်လာသော "သန္တတိ,သမူဟ,ကိစ္စ" အရိပ်အရောင် တို့ကို အရိပ်မှန်း,နိမိတ်မှန်း လုံးဝမသိကြဘဲ ထို အရိပ်အရောင် တို့ကိုပင် အကောင်,ဒြပ်,ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်,ဗြဟ္မာ အစစ်ဟူ၍ အဟုတ်ရှိ တကယ်ရှိအနေနှင့် အစွဲကြီးစွဲ အသွဲကြီးလွဲ အမှောက်ကြီး မှောက်ကာ သံသရာ၌ ကျင်လည်ကြရပေ၏။

"ဓမ္မဝဝတ္ထာနဉာဏ်" အလင်းကို ရကြကုန်သော ကလျာဏ ပုထုဇ္ဇန်ပုဂ္ဂိုလ် တို့မှာကား ခန္ဓာငါးပါး သင်္ခါရ တရားတို့၏အရှိန်အဝါဖြင့်ထင်လာပေါ်လာသော"သန္တတိ,

သမူဟ, ကိစ္စ''တို့၏အရိပ်နိမိတ်တို့သည် အပေါ်ရံအပြင်သား အရိပ်အရောင်မျှသာ ဖြစ်ကြပေသည်၊ တကယ်ရှိ အဟုတ်ရှိ မျိုး မဟုတ်ကြချေ၊ ရုပ်ဓာတ်,နာမ်ဓာတ် တို့သည်သာ အဟုတ်ရှိ အမှန်ရှိ ဖြစ်ကြပေသည်ဟု အသိဉာဏ် ပေါက်ရောက်ကြပေကုန်၏၊အန္တ,ကလျာဏတို့ သဘာဝထင်ပုံချင်း တူကြပါသော်လည်း ဤဆိုအပ်ပြီးသော ထူးခြားကွဲလွဲချက်တို့ကို ဉာဏ်သက်၍ သိရှိကြပါလေ။

## ပရမအတ္တ

ဤကမ္ဘာ လောကကြီးနှင့်တကွ သတ္တဝါတွေအနန္တကို ''မဟာဗြဟ္မာမင်းကြီး'' တည်ထောင် ဖန်ဆင်းသည်ဟူသော အယူဝါဒသည် လူ့ပြည်လောက၌ ကမ္ဘာဦးကပင် တစတစ ပြန့်ပွါးခဲ့ရလေသည်၊ ထိုအယူဝါဒ အလိုမဟာဗြဟ္မာကြီးသည် ကမ္ဘာကို ဖန်ဆင်းနိုင်သော ''ပရမအတ္တ''(အလွန်မြတ်သော မပျက်စီးနိုင်သော အတ္တတော်ကြီး)ပေတည်း။

ထိုမဟာဗြဟ္မာကို ''ပရမအတ္တ''ဟု ခွဲလမ်းခဲ့ရာမှ တစတစ ဆင်းသက်၍ နောက်လူတို့ လက်ထက်၌ကား ဤပုဂ္ဂိုလ်ဘဲဟု လက်ညှိုးညွှန်ကာ ပုဂ္ဂိုလ်ကို မပြနိုင်ကြသော်လည်း (ကောင်းကင်၌ တိုက်ကြီးတည်သလို) စိတ်ကူးဖြင့် မှန်းဆလျက် ဤကမ္ဘာလောကကြီးနှင့် တကွ သတ္တဝါတွေ အနန္တကို ဖန်ဆင်းသူဟု ယူဆအပ်သော ထိုပရမအတ္တကိုပင် သက္ကတ''ဟိန္ဒူ''သာသာအားဖြင့်''ဤသွရ,ပရမီသွရ,ပရမတ္မာဟုရင်း၊ ''ပါရှင်''ဘာသာအားဖြင့် ''ခုဒါ-ခိုဒါ''ဟုရင်း၊ ''အာရဗီ'' ဘာသာ အားဖြင့် ''အလ္လာဘ်''ဟုရင်း၊''အင်္ဂလိပ်''ဘာသာအားဖြင့်''ဂေါဒ်''

ဟုဇင်း၊ ''ဗမာ''ဘာသာအားဖြင့် ''ထာဝရဘုရား-အမြဲ တည်သောဘုရား''ဟုဇင်း အမျိုးမျိုးနာမည်တပ်၍ စွဲမှတ် ခဲ့ကြလေသည်။

အချို့က''ဇီဝအတ္တ''သည်''ပရမအတ္တ''၏အစိတ်အပိုင်း ဖြစ်၍ ခန္ဓာအိမ်ပျက်ချိန်ကျသည့်အခါ မူလဖန်ဆင်းလိုက် သော ပရမအတ္တအထံသို့ သွားသည်ဟူ၍ဇင်း၊အချို့ကခန္ဓာ အိမ်အဟောင်း ပျက်စီးသည့်အခါ ခန္ဓာအိမ်အသစ်ကို စီ မံဖန်တီးလျက် ထိုခန္ဓာအိမ်သစ်သို့ ရွှေ့ပြောင်းနေထိုင်တတ် သောကြောင့် ခန္ဓာအိမ်သာ ပျက်၏၊ အတ္တကား အပျက် အစီးမရှိ အမြဲတည်သည် ဟူ၍ဇင်း စွဲလမ်းမှတ်ထင်ကြ လေ၏။

ဤသို့စွဲလမ်းရာ၌ ခန္ဓာငါးပါးတွင် အချို့က ဝိညာ ဏက္ခန္ဓာကို အတ္တဟုစွဲလမ်း၍ အချို့က ရူပက္ခန္ဓာကိုစွဲ လမ်း၏၊အချို့က စေတသိက်ခန္ဓာတပါးပါးကိုစွဲလမ်း၏၊ဤ ကဲ့သို့ ခန္ဓာငါးပါး၌ ''အတ္တ'' ဟုစွဲလမ်းသော အမှုကို ''သက္ကာယဒိဋ္ဌိ''ဟုခေါ်၏၊ မည်သည့်ဒိဋ္ဌိမဆို ဤသက္ကာယ ဒိဋ္ဌိမှ ဆက်သွယ်ဖြစ်ပေါ်ရသဖြင့် ဤ သက္ကာယဒိဋ္ဌိ သည် ''မိစ္ဆာဒိဋ္ဌိ''ဟူသမျှ၏ အရင်းခံမျိုးစေ့ ဖြစ်သည်ဟု သဠာယတနသံယုတ် စိတ္တဝဂ်၌ မိန့်တော်မူချက်ရှိပေ၏။

---

## အနတ္တ

''နအတ္တာအနတ္တာ''။ ။အတ္တာ၊အတ္တသည်။ န၊ မဟုတ်။ အနတ္တာ၊ အတ္တမဟုတ်။-ဟူသော ဝစနတ္ထနှင့်အညီ ရုပ်, နာမ်အားဖြင့်ဇင်း၊ ခန္ဓာ, အာယတန,ဓာတ်အားဖြင့်ဇင်း

အထပ်ထပ်ဝေခွဲ၍ ပတ်ဝန်းကျင်ထက်အောက် မွှေနှောက် ခါခါ ရှာဖွေပါသော်လည်း ပြခဲ့သော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အသက်, လိပ်ပြာ ရှာ ကြံမရ၊ "အတ္တ"မဟုတ်သဖြင့်"အနတ္တ" တရားများသာ တည်း၊ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်တို့၌ပြခဲ့သော အတ္တမျိုးမရှိ၊ ထို့ကြောင့် အလုံးစုံသော ရုပ်,နာမ်,ခန္ဓာ တို့သည် "အနတ္တ"ပင်တည်း၊ ရုပ်, နာမ်, ခန္ဓာမှတပါး နိဗ္ဗာန်, ပညတ်တရားတို့၌လည်း ထို"အတ္တ"မျိုးမရှိ၊ သို့ဖြစ် ၍ သင်္ခတ, အသင်္ခတ တရားဟူသမျှ"အနတ္တ" ချည်းသာ တည်း။

[အနိစ္စ,ဒုက္ခဟူရာ၌ သင်္ခါရ(သင်္ခတ) တရားသာရ၏၊ အနတ္တဟူရာ၌ကား သင်္ခါရ(သင်္ခတ)နှင့် အသင်္ခတနိဗ္ဗာန်, ပညတ်တရားအားလုံးရ၏။]

## သဿတဥစ္ဆေဒလွတ်ခဲ့စွ

ဧတ္တ ဟိ အတ္ထိတာတိ သဿတံ၊ နတ္ထိတာတိ ဥစ္ဆေဒေါ၊ အယံ တာဝ ဝဋ္ဋနိဿိတာနံ အာသ ယော။

[ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။]

ဟိ၊ ထင်စွာဆိုအံ့။ ဧတ္တ၊ ဤသဿတ,ဥစ္ဆေဒ အယူဝါ ဒ၌။ အတ္ထိတာတိ၊ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသော ဝတ္ထု၏ထင်ရှားရှိသော အဖြစ်သည်၊ ဝါ၊မိန်းမမရှိပါဘဲ လျက် ရှိ၏ဟု ယူသော အဖြစ်သည်သည်။ သဿတံ၊ သဿတအယူမည်၏။ နတ္ထိတာတိ၊ထင်ရှားမရှိသော ဝတ္ထု ၏ ထင်ရှားမရှိသောအဖြစ်သည်၊ဝါ၊ ယောကျ်ားသေသည်

စသည် ယူခြင်းသည်၊ ဥစ္ဆေဒေါ။ ဥစ္ဆေဒအယူမည်၏။ အယံ၊ ဤသို့ယူခြင်းသည်၊ တာဝ၊ ရှေးဦးစွာ၊ ဝဋ္ဋနိဿိတာနံ၊ ဝဋ်၌မှီကုန်သော ပုထုဇ္ဇန်မိုက်တို့၏။ အာသယော၊ အလိုပါပေတည်း။

ဆောင်။ (၁) မရှိပါဘဲ၊ အရှိစွဲ၊ ယူမြဲသဿတ။
(၂) မရှိပါဘဲ၊ မရှိစွဲ၊ ယူမြဲဥစ္ဆေဒ။
(၃) ဤနှစ်ပါးပင်၊ ယူမစင်၊ လူတွင်အန္ဓက။
(၄) ဤနှစ်ပါးပင်၊ အယူစင်၊ လူတွင်ကလျာဏ။

ဤ "သက္ကာယဒိဋ္ဌိ" ၂၀-တွင် အစငါးခုသည် "အတ္တ" စွဲမည်၏၊ ကျန် ၁၅-ခုသည် "အတ္တနိယ" စွဲမည်၏၊ အစငါးခုသည် "ဥစ္ဆေဒဒိဋ္ဌိ" မည်၏၊ နောက် ၁၅-ခုသည် "သဿတဒိဋ္ဌိ" မည်၏၊ ဥပါဒိန္နက ငါးခု၊ အနုပါဒိန္နက ၁၅-ခု၊ ပေါင်း "သက္ကာယဒိဋ္ဌိ" (၂၀) ဟူ၍မှတ်။

---

## ဒိဋ္ဌိအစ အတ္တက

အတ္တဂ္ဂါဟပုဗ္ဗင်္ဂမော သဿတုစ္ဆေဒဂ္ဂါဟော။
[အင်္ဂုတ္တရဋီကာ။]

သဿတုစ္ဆေဒဂ္ဂါဟော၊ သဿတ, ဥစ္ဆေဒအစွဲမှန်သမျှသည်။ ဝါ၊ သဿတ, ဥစ္ဆေဒဒိဋ္ဌိ အယူအမျိုးမျိုးသည်၊ အတ္တဂ္ဂါဟပုဗ္ဗင်္ဂမော၊ အတ္တစွဲလမ်းမှုလျှင် ရှေ့သွားရှေ့ဆောင်ရှိ၏။

ဤကဲ့သို့ ဋီကာဆရာ မိန့်မှာတော်မူသည့်အတိုင်း ဇီဝအတ္တ, ပရမအတ္တ နှစ်ဌာနကို သဘောမကျသမျှ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိအစွဲရှိကြရပေ၏။

## ဒိဋ္ဌိဖြစ်ရာရှစ်ဌာန

(၁) "ဥပါဒါနက္ခန္ဓာ" ငါးပါးဖြစ်ခြင်းကြောင့် ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး၊ (၂) "မသိ"ခြင်းကြောင့် ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး၊ (၃) "အမှတ်မှား"ခြင်းကြောင့် ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး၊ (၄) "အတွေးအထိ" စိတ်အာရုံကြောင့် ဒိဋ္ဌိဖြစ်ခြင်း အကြောင်းတပါး၊ (၅) "မသင့်မတင့်" နှလုံးသွင်းခြင်းကြောင့် ဒိဋ္ဌိဖြစ်ခြင်း အကြောင်းတပါး၊ (၆) "ကြံစည်"ခြင်းကြောင့်ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး၊ (၇) မကောင်းသော "အဆွေခင်ပွန်း"နှင့် ပေါင်းသင်းမိခြင်းကြောင့်ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး၊ (၈) မသူတော်တို့၏ "အမှားတရားစကား"ကို နာခံရခြင်းကြောင့် ဒိဋ္ဌိဖြစ်ခြင်းအကြောင်းတပါး၊ ဤရှစ်ပါးတို့တွင် တပါးပါးကြောင့်ဒိဋ္ဌိဖြစ်ကြရပေ၏။

ဆောင်။ ခန္ဓ-အဝိဇ္ဇာ၊ သညာ-ဖဿော၊ အ ယော-တက္က၊
ပါပ-ဃောသာ၊ ဤရှစ်ဖြာ၊ ဒိဋ္ဌိဖြစ်ကြောင်းပါ။

ဤကဲ့သို့-ပြခဲ့သည်အတိုင်း အမျိုးမျိုးတင်၍ ဆင်ခြင်လိုက်သည့်အခါ သိမှုကား "စိတ်"၊ ခံစားမှုကား "ဝေဒနာ"၊ မှတ်သားမှုကား "သညာ"၊ ပြုလုပ်အားထုတ်မှုကား "သင်္ခါရ"၊ ဖေါက်ပြန်တတ်သောဤခန္ဓာကိုယ်ကြီးကား "ရုပ်"တည်း၊ ဤ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်မှတပါး "အတ္တ"ဟူသော တရားတမျိုး မရှိတော့ပြီဟု သိမြင်နိုင်၏၊ ဤသို့ ပိုင်းခြား၍သိမြင်ခြင်းသည်ပင် "အတ္တ"စွဲလမ်းမှုဟူသော အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သောကြောင့် "ဒိဋ္ဌိဝိသုဒ္ဓိ" မည်၏။

## ပရမတ္ထ သဘာဝ အထပ်ထပ်ပြရခြင်း

မြတ်စွာဘုရား သခင်သည် ပရမတ္ထတရားများကို အဘယ်ကြောင့်လျှင် ထပ်ကာထပ်ကာ ပြရပါသနည်းဟူမူကား(၁)"နာမသမ္မူဠ"(၂)"ရူပသမ္မူဠ"(၃) "နာမရူပသမ္မူဠ"ပုဂ္ဂိုလ်သုံးမျိုးလုံးကိုပင် သိမ်းကျုံးချီးမြှောက်တော်မူလိုသောကြောင့် ခန္ဓာ စသော ဒေသနာတော်အရပ်ရပ်ကို အထပ်ထပ်ဟောတော်မူပေသည်။

ထင်ရှားစေအံ့– (၁)"နာမသမ္မူဠ"ပုဂ္ဂိုလ်ဆိုသည်မှာ နာမ်တရား၌ တွေဝေသော ပုဂ္ဂိုလ်ကိုဆိုသည်၊ "ခန္ဓာ"ဒေသနာတော်ကား ရုပ်တရားတပါးသာထား၍နာမ်တရားကို လေးမျိုးခွဲခြားကာ ဟောထားသဖြင့် ထိုနာမသမ္မူဠ ပုဂ္ဂိုလ်များနှင့် အထူးသင့်မြတ်ပေသည်၊(၂)"ရူပသမ္မူဠ" ပုဂ္ဂိုလ်ဆိုသည်မှာ ရုပ်တရားများကို နားမလည်နိုင်ကြ တွေဝေကြသော ပုဂ္ဂိုလ်ကိုဆိုသည်၊"အာယတန"ဒေသနာတော်ကား နာမ်တရားကို ပါကာမျှထားကာ ရုပ်တရားများကိုကား ဆယ်ပါးနှင့် ဓမ္မာယတနတစိတ် တိုင်အောင်ခွဲခြားဟောပြသဖြင့် ရူပသမ္မူဠပုဂ္ဂိုလ်များနှင့် အထူး သင့်မြတ်ပေသည်၊ (၃)" နာမရူပသမ္မူဠ " ပုဂ္ဂိုလ် ဆိုသည်ကား ရုပ်,နာမ်တရားနှစ်ပါးလုံး၌တွေဝေကြသောပုဂ္ဂိုလ်ကို ဆိုသည်၊"ဓာတု"ဒေသနာတော်ကား ရုပ်နာမ်နှစ်ပါးလုံးကိုပင် ချဲ့ထွင်ဟောပြထားသဖြင့် နာမရူပသမ္မူဠ ပုဂ္ဂိုလ်များနှင့် အထူးသင့်မြတ်ပေသည်၊ ထို့ကြောင့် အထပ်ထပ်ဟောတော်မူသည်၊စင်စစ်မှာမူကား တခုခုသောရုပ်,နာမ်, ခန္ဓာ,အာယတန, ဓာတ်တို့ကို "ဓမ္မတာနှင့်ပဝတ္တိ" ပဝတ္တိ

နှင့်စမ္မတာရော၍ သိနိုင် မြင်နိုင် ထင်နိုင်ပါမူ ကိစ္စပြီးတော့သည် သာတည်း၊

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ နပဿတိ။
အပဿံ ဗဇ္ဈတေ မုဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။
[သုတ်မဟာဝါ, ဝိသုဒ္ဓိမဂ်, မူလပဏ္ဏာသအဋ္ဌကထာ သတိပဋ္ဌာနသုတ်ဖွင့်။]

ယံ၊ အကြင်မိန်းမ,ယောကျ်ားစသည်ကို။ ပဿတိ၊အမိပေးသော မျက်စိဖြင့်မြင်၏။ တံ၊ ထိုအမိပေးသော မျက်စိဖြင့်မြင်ရသော မိန်းမ,ယောကျ်ားစသည်ကို။ နဒိဋ္ဌံ၊ဘုရားပေးသောမျက်စိဖြင့် မမြင်။ ယံ၊ အကြင်ရုပ်နာမ် ခန္ဓာစုကို။ ဒိဋ္ဌံ၊ ဘုရားပေးသောမျက်စိဖြင့်မြင်၏၊ တံ၊ ထိုဘုရားပေးသော မျက်စိဖြင့်မြင်သောရုပ်,နာမ်ခန္ဓာအစုကို။ နပဿတိ၊ အမိပေးသောမျက်စိဖြင့် မမြင်။ အပဿံ၊ မြင်အပ်သည်ကိုတော့မမြင် မမြင်အပ်သည်ကိုသာ မြင်တတ်သော။ မုဠှော၊ မိုက်မဲသော သတ္တဝါသည်။ ဗဇ္ဈတေ၊ ကာမဂုဏ်ညွှတ်ကွင်း၌မိ၏။ ဗဇ္ဈမာနော၊ မာရ်မင်းထောင်ထားအပ်သော ကာမဂုဏ်ညွှတ်ကွင်း၌မိသော။ သောမုဠှော၊ထိုမိုက်မဲသောသတ္တဝါသည်။ နမုစ္စတိ၊ အို,နာ,သေရေး အပါယ်ဘေးတို့ ရောထွေးပေါင်းလတ် သံသရာစက်ရဟတ်မှ မုချဧကန် မလွတ်မြောက်နိုင်ပေတကား။

နာမရူပပရိစ္ဆေဒဉာဏ်,ဒိဋ္ဌိဝိသုဒ္ဓိပြီး၏။

---

## ပစ္စယပရိဂ္ဂဟဉာဏ်ကိုပြခြင်း

ထိုကဲ့သို့-ပြဆိုခဲ့ပြီးသော''ဇီဝအတ္တ,ပရမအတ္တ'' နှစ်ဌာနတို့တွင် ''နာမရူပ ပရိစ္ဆေဒဉာဏ်''ဖြင့်''ဇီဝအတ္တ''အယူကို

ဖျက်ဆီးနုတ်ပယ်နိုင်ခြားသော်လည်း ထိုရုပ်နာမ်ဓမ္မတို့နှင့်တကွ တော,တောင်, ရေ,မြေအထွေထွေတို့ကို ဖန်ဆင်းတည်ထောင်၍ပေးတတ်သော''ပရမအဏ္ဏ''ခေါ်အတ္တတော်ကြီးသည် ရှိပေသေး၏ဟု စွဲယူမှတ်မှားခြင်းသည်ကား ရှိပေသေး၏၊ ဤရုပ်,နာမ် ဓမ္မ သဘာဝတို့ကား အကြောင်းမရှိဘဲနှင့်လည်း မဖြစ်ပေါ်လာနိုင်၊ ''ထာဝရ''ဘုရား, မဟာဗြဟ္မာ, ပရမီသွာနတ်တို့ တန်ခိုးကမ္ဘဗိဒ်ဝှဒ္ဓိပါဒ်, ဈာန်အဘိညာဏ်ဖြင့် ဖန်ဆင်းတည်ထောင်၍ထားသည်ဟု ဆိုသည်မှာ ဟုတ်များ ဟုတ်လေရော့သလားဟု ''နာမ်,ရုပ်'' တို့၏ အကြောင်းကို ဆင်ခြင်လေရာ ''ဝိစိကိစ္ဆာ''မကင်း၊ သို့လောသို့လော တွေးတောယုံမှားခြင်းရှိတတ်ပေရာ၏။

ထိုကဲ့သို့-ဖြစ်တတ်သော်လည်း''ဆရာကောင်း'' တို့အထံ၌သင်အပ်ပြီးသော အတတ်ရှိသော''ပါရိဟာရိယ'' ပညာနှင့်ပြည့်စုံသော သမားလူလိမ္မာသည် တစုံတယောက်သောသူနာက ခေါ်ပင့်အပ်နှံအပ်သည်ရှိသော် ထိုသူနာ၏ ရောဂါကို မြင်လျှင် ၎င်းရောဂါ၏ ဖြစ်ကြောင်းကား အဘယ်တရားတို့နည်း၊ ၎င်းရောဂါသည်ဘယ်အကြောင်းကြောင့် ဖြစ်သနည်း၊ ၎င်း ရောဂါ၏ ဖြစ်ကြောင်းကား အကြောင်း ဘယ်နှစ်ပါးရှိသနည်းဟု ဤသို့ စသည်ဖြင့် စူးစမ်းရှာဖွေလတ်သော် ရောဂါ၏ဖြစ်ကြောင်း ၎င်းသမုဋ္ဌာန်တို့ကို ကေန်တိတိ ဉာဏ်မျက်စိဖြင့် သိမြင်ဘိသကဲ့သို့-

ထိုနည်းတူစွာ ဆရာကောင်း ခြောက်ယောက်တို့တွင် တယောက်ယောက်သော သူတို့၏အထံ၌ ကေန်သင်အပ်အားထုတ်အပ်ပြီးသော ''ပါရိဟာရိယ'' ပညာနှင့်ပြည့်စုံ

သော လိမ်မာသော ဘာဝနာယောဂီသည်လည်း- (၁) "ဓမ္မတာနည်း"၊ (၂) "ပစ္စတ္တနည်း"တို့ဖြင့် လက်ဝယ်တင်ထား ပတ္တမြားကို မျက်ဝါးထင်ထင်မြင်အပ်သော အမြင်ဉာဏ်ဟူသော "ဓမ္မတာ"၊ ထိုထိုဓမ္မတာတို့၌ ရုပ်,နာမ်တို့၏ အရေအတွက် "ဂဏန"၊ ရုပ်,နာမ်တို့၏အပိုင်းအခြား "ပရိစ္ဆေဒ"၊ ရုပ်,နာမ်တရားတို့၏ဖြစ်ရာ "ဌာန"၊ ရုပ်,နာမ်တရားတို့၏ "လက္ခဏ,ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်" သဘာဝတို့ကို ကေန်သိသော အသိဉာဏ်ဟူသော"ပစ္စတ္တ" နှစ်ပါးတို့ဖြင့် ရုပ်ဓမ္မ,နာမ်ဓမ္မတို့ကို သိမ်းဆည်းပြီး၍ ထိုရုပ်,နာမ်နှစ်ပါးတို့သည်၊ ဝါ-ခန္ဓာငါးပါးတို့သည်၊ ဝါ-အာယတန လေးပါးတို့သည်၊ ဝါ-ဓာတ်လေးပါးတို့သည်၊ ဝါ-ပရမတ္ထတရား (၉၆) ပါးတို့သည် အကြောင်းကင်း၍ ဖြစ်သည်မဟုတ်၊ အကြောင်းနှင့်တကွဖြစ်၏၊ ထိုအကြောင်းနှင့်တကွဖြစ်သော်လည်း "ဣဿရ နိမ္မာန ဝိသမဟေတု"ဟု ဆိုအပ်သော ဖြဟ္မာ,ဗိဿနိုးစသော တန်ခိုးကြီးသောသူတို့ ဖန်ဆင်း၍ ဤနာမ်,ရုပ် နှစ်ပါးသည်ဖြစ်လာရသည်မဟုတ် ဟု သိအပ်၏၊ အဘယ်ကြောင့်နည်းဟူမူ "အဇ္ဈတ္တ,ဗဟိဒ္ဓ" နှစ်ဌာနသို့ ဉာဏ်ကွန့်မြူးကာ စူးစမ်းရှာဖွေပါသော်လည်း နာမ်,ရုပ်တရားမှတပါး အစိုးရသူစသည်တို့၏ မရှိခြင်းကြောင့်ပေတည်း။

[ ဝိသုဒ္ဓိမဂ်။ ]

ထို နာမ်,ရုပ် နှစ်ပါးသည် အကြောင်းမရှိသည်မဟုတ်၊ အကြောင်းနှင့်တကွဖြစ်၏ဟူသော် ၎င်း နာမ်,ရုပ်နှစ်ပါး၏ အကြောင်းကား အဘယ်တရားတို့နည်းဟု စူးစမ်းလတ်သော်—

အဝိဇ္ဇာ တဏှာ ပါဒါနံ၊
ကမ္မံ ဟေတု စတုဗ္ဗိဓော။
တေသ ရူပကာယဿ၊
အာဟာရော ပစ္စယော ဘဝေ။
[ပေါရာဏက သင်္ဂဟဂါထာ။]

တေသ ရူပကာယဿ၊ ထိုရူပကာယ၏။ အဝိဇ္ဇာ တဏှာပါဒါနံ၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်ငှင်း။ ကမ္မဉ္စ၊ ကံငှင်း။ ဣတိ၊ ဤသို့။ ဟေတု၊ ဇနက အကြောင်းသည်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသည်။ ဘဝေ၊ ဖြစ်၏။ အာဟာရော၊ အာဟာရသည်။ ပစ္စယော၊ ဥပထမ္ဘက အကြောင်းသည်။ ဘဝေ၊ ဖြစ်၏။

ဗြဲ–ငါတို့၏ သုံးလောကထွင့်တင် ဘုရားရှင်၏အယူတော်နှင့်ရှင်းလိုက်တော့ ဟိုလွန်ခဲ့သော အတိတ်ဘဝက သိစရာအဝဝကို မသိမမြင်အောင် ဆီးတားပိတ်ပင်တတ်သော "အဝိဇ္ဇာ"တရား၊ ထိုအဝိဇ္ဇာတရားကြောင့် အမှန်ကျ မသိမမြင်ပြီဆိုမှဖြင့် မီးရောင်ကို ရွှေတောင်မှတ်ကာ တိုးမှားရှာသော ပိုးဖလံမျိုးကဲ့သို့ငှင်း၊ သင်ဓုန်းသွားတွင် ပျားရည် တင်သည်ကို အာသာပက်စက် လျက်မိသော သူအ-ကဲ့သို့ငှင်း၊ သုံးဆယ်တဌာန ဘုံဘဝတို့တွင် လူဖြစ်ရကောင်းနိုးနိုး နတ်ဖြစ်ရကောင်းလေဟန် ဗြဟ္မာဖြစ်ရန် ကဘမျိုး ဘဝဇာတ်အမျိုးမျိုးတို့ကို တပ်နှစ်သက်ကာ လိုချင်လာခြင်းတည်းဟူသော "တဏှာ"တရား၊ ထိုတဏှာတရားကို အလိုလိုက်မှားပြီဆိုမှဖြင့် "ဆားငံရေနောက်၊ တော်တိုင်းသောက်က၊ သောက်လေ သောက်လေ၊ တော်မပြေတည်း"

ဟူသကဲ့သို့ အထွေထွေအမျိုးမျိုး တဆထက်တဆတိုးပြီး ''ဖွတ်ကြီးတော့ မိကျောင်း၊ မြွေကြီးတော့ နဂါးလောင်း တဏှာကြီးတော့ သူရဲပြောင်းသလို''မရမနေနိုင်စွဲလမ်းမှုကြီး လာသော တဏှာတရားအကြီးစားကိုပင် ''ဥပါဒါန်'' ခေါ်ရပြန်၏။

ထိုဥပါဒါန်တရား စွဲလမ်းမှုများပြီဆိုမှဖြင့် သုံးဆယ်တဌာနဘုံဘဝတို့တွင် မိမိလိုချင်သောဘဝ စိတ်အထင်မှန်းဆပြီး အာသာငင်းငင်း ဘင်တွင်းကို အထင်ကြီးကာ ဆင်းမှားရှာသော သူကန်းကဲ့သို့ ဒိုရ,နာရ,သေရ ဖန်ဖန် ပဋိသန္ဓေအတန်တန်နှင့် ဘောက်ပြန်ချွတ်ယွင်း သုံးဆယ်တဌာန ဝဋ်ဘုံတွင်းကို သက်ဆင်းလိုသော ''ဆန္ဒ''အားကြီးလှသဖြင့်''ဝဋ္ဋနိဿိတ'' ခေါ် ဒါန,သီလ, ဘာဝနာ အဖြာဖြာသော ကုသိုလ်ကံ, အကုသိုလ်ကံတရားတို့ကို ပြုမှားခြင်း တည်းဟူသော ''ကံ'' တရား။

[ဤကား အတိတ်အကြောင်းတရား လေးပါးတည်း။]

ဤအတိတ်အကြောင်းတရား လေးပါးတို့က လူ့ဘုံလူ့ဘဝ စသည်တို့၌ ပဋိသန္ဓေအနေအားဖြင့် ပစ်ချလိုက်ခြင်းကြောင့် ဤလူ့ဘုံလူ့ဘဝ စသည်တို့တွင် သတ္တဝါကောင်ကလေးအဖြစ်ဖြင့် ဖြစ်မြောက် အောင်မြင်လာ၍ ပစ္စုပ္ပန် ပစ္စုပ္ပန်ကာလအတွင်းမှာ အသက်တဆယ်, နှစ်ဆယ် ။ပ။ တရာစသည့် အသက်ရှည်ကြာလေအောင် ကြိုးဆောင် စောင့်ရှောက်၍ထားတတ်တဲ့ ''ထာဝရဘုရား, မဟာဗြဟ္မာ,ပရမိဿွာနှင့် အထက်ဆရာကြီး,အောက်ဆရာကြီး, ဘိုးဘိုးကြီး'' စသော အမျိုးမျိုးသောနတ်များက စောင့်ရှောက်ထားသည်, ဖန်ဆင်းထားသည် စသည်ဖြင့် အမျိုး

မျိုးသော မလိမ်မာသောဆရာတို့၏ နှိုးဆော်တိုက်တွန်း ချက်များကို လိုက်မှားပြီးကာ ထိုဆရာတို့၏မျက်နှာတော်ကို ကော်ရော် ပ-သ ဖူးမျှော်ကန်တော့ရသော "နာနာသဏ္ဌာ ရ-ဥဿောကန" ဘေးဆိုးကြီးတို့ကို စွဲလမ်းမှတ်ယူကာ အသက်ဘေးမှ ကာကွယ်ရေးအနေဖြင့်၎င်း၊ စီးပွါးချမ်း သာရေးအနေဖြင့်၎င်းပူဇော်စရာတွေကအဖုံဖုံ ပ-သ စရာ တွေကအတန်တန် အိမ်ဦးခန်းတွင်နေစရာပင်အလပ်မကျန် အောင် အမှတ်မှားကာ စွဲလမ်းယူဆကြရှာလေ၏။

ငါတို့ထိပ်တင် ကျေးဇူးတော်ရှင် ဘုရားသခင်၏ ဒေသ နာစမ္ပခန်နှင့် ရှင်းလိုက်တော့ ဘယ်သင်းမှမမှန်၊ မိမိ၏ ပဋိသန္ဓေ တည်နေစဉ်ကပင် အမိစားမျိုသမျှ "အာဟာရ"၊ ထိုမှတခါ ဘွားမြောက် ကျွတ်လွတ်၍လာပြန်ရာ အမိနို့ ရည်ကစ၍ ယခု အသက်အယွယ်ကျအောင် နေ့စဉ်နှင့် အမျှ စားသောက် မျိုသွင်းရသော "အာဟာရ" တရား ထောက်ပံ့ စောင့်ရှောက်ထားခြင်းကြောင့်သာ အသက် ရှည်ကြာ တည်နေရပါတကား၊ ဘယ်ဘုရား,ဘယ်ဗြဟ္မာ, ဘယ်ပရမီသွာ နတ်တို့မှ ဟန်ခိုး ကမ္ဘဇိဒ် ဇုဒ္ဓိပါဒ်,ဈာန်, အဘိညာဏ်ဖြင့် ဖန်ဆင်း စောင့်ရှောက်ထားသည်မဟုတ် ပါ တကားဟု"ဟေတု"အကြောင်း၊"ပစ္စယ"အကြောင်း၊ "ပဋိစ္စ" အကြောင်းအားဖြင့် အကြောင်းရင်းကြီးသုံးပါး ကိုမြင်လေ၏။

ထိုသုံးပါးတို့တွင်"အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ"၊ ဤလေးပါးတို့ကား"ဇနက"ဖြစ်၍ "ဟေတု" အကြောင်း မည်၏၊ "အာဟာရ"သည်"ဥပထမ္ဘက" ဖြစ်၍ "ပစ္စယ" အကြောင်းမည်ပေ၏။

ဇနကောဟေတုအက္ခာတော၊ ပစ္စယောအနုပါလကော။
ဟေတု ကုံရသ ဗီဇန္တု၊ ပစ္စယာ ပထဝါဒယော။
[၄င်း။]

ဇနကော၊ ဖြစ်စေတတ်သောအကြောင်းကို။ ဟေတု၊ ဟေတုအကြောင်းဟူ၍။ အက္ခာတော၊ ဆိုအပ်၏။ အနုပါလကော၊ အစဉ်စောင့်ရှောက်တတ်သော အကြောင်းကို။ ပစ္စယော၊ ဥပထမ္ဘကအကြောင်းဟူ၍။ အက္ခာတော၊ ဆိုအပ်၏။ တု၊ ဥပမာအားဖြင့် ထင်စွာပြဦးအံ့၊ ဗီဇံ၊ မျိုးစေ့သည်၊အကုံရသ၊ အညွန့်အညှောက်၏။ ဟေတု၊ ဖြစ်စေတတ်သော ဇနက အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ပထဝါဒယော၊ မြေ, ရေ အစရှိသည်တို့သည်။ ပစ္စယာ၊ ထောက်ပံ့ စောင့်ရှောက် တတ်သော ဥပထမ္ဘက အကြောင်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

အစိတ်အားဖြင့်သော်ကား ထို"ဟေတု" အကြောင်းလေးပါးတို့တွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်သုံးပါးကိုသည် "အမိ"နှင့်တူသည်ဖြစ်၍ မှီရာအားဖြင့် ကျေးဇူးပြုတတ်သော"ဥပနိဿယ-ဟေတု"အကြောင်းမည်၏။

ဣတိမေ ပဉ္စဓမ္မာ ဟိ၊ ဟေတုပစ္စယတံ ဂတာ၊
အဝိဇ္ဇာဒယော တယော တတ္ထ၊မာတာဝ ဥပနိဿယာ။
[၄င်း။]

ဣတိ၊ ဤသို့။ အဝိဇ္ဇာဒယော၊အဝိဇ္ဇာအစရှိကုန်သော။ ဣမေပဉ္စဓမ္မာဟိ၊ ဤငါးပါးသော အကြောင်း တရားတို့သည်သာလျှင်။ ဟေတုပစ္စယတံ၊ဟေတုအကြောင်း, ပစ္စယအကြောင်းအဖြစ်သို့။ ဂတာ၊ရောက်ကုန်၏။ တတ္ထ၊ ထိုငါး

ပါးသော အကြောင်းတရား တို့တွင်။ အဝိဇ္ဇာဒယော၊ အဝိဇ္ဇာအစရှိကုန်သော။ တယော၊ သုံးပါးသောတရား တို့သည်။ မာတာဝ၊ အမိကဲ့သို့။ ဥပနိဿယာ၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်ကုန်၏။

''ကံ''သည် ''အဘ''နှင့်တူသည်ဖြစ်၍ ဖြစ်စေခြင်းငှါ ကျေးဇူးပြုတတ်သော ''ဇနကဟေတု'' အကြောင်းမည်၏၊ ''ပစ္စယ''အကြောင်း၌''အာဟာရ''သည်နို့ထိန်းနှင့်တူသည် ဖြစ်၍ စောင့်ရှောက်၍ ကျေးဇူးပြုတတ်သော ''သန္ဓာရက ပစ္စယ''အကြောင်းမည်၏။

ဇနကံ ပန ကမ္မန္တု၊ ပုတ္တဿ ဟိ ပိတာ ဝိယ။
ဓာတိဝိယ ကုမာရဿ၊အာဟာရော ပစ္စယော ဘဝေ။
[ရင်း။]

ပန၊ အဘို့တပါးကိုဆိုဦးအံ့။ ကမ္မန္တု- ကမ္မံဝေ၊ ကံ သည်သာလျှင်။ ပုတ္တဿ၊ သားကို။ ဇနကော၊ ဖြစ်စေတတ် သော။ပိတာဝိယ၊ အဘကဲ့သို့။ ဇနကံ၊ ဖြစ်စေတတ်သော အကြောင်းသည်၊ ဘဝေ၊ ဖြစ်၏။ ကုမာရဿ၊ သတို့သား ကို၊ အနုပါလကာ၊ အစဉ် စောင့်ရှောက်တတ်သော။ ဓာတီဝိယ၊ နို့ထိန်းကဲ့သို့၊ အာဟာရော၊ အာဟာရသည်။ ပစ္စယော၊ အထောက်အပံ့ဖြစ်သော အကြောင်းသည်။ ဘဝေ၊မုချမသွေ ဖြစ်ပါချေ၏။

ဤကား၊–ပဋိသန္ဓေအခါ ပစ်ချတတ်သော ကံကြောင့် ဖြစ်သောရုပ်တို့၏ ''ဟေတုပစ္စယ'' အကြောင်းတို့တည်း၊ ပဋိသန္ဓေ ဝိညာဏ်စသော နာမ်တို့၏ ဖြစ်ခြင်းမူလလည်း ရင်းအဝိဇ္ဇာ, တဏှာ,ဥပါဒါန်,ကံ, အာဟာရအကြောင်း

ငါးပါးတို့ပင် "**အ-ပကာရက**" အပေါင်း၏ အစွမ်းအားဖြင့် ရထိုက်ပေ၏၊ ထိုသို့ဟုတ်ပါသော်လည်း "**ပကာရက**" အစိတ်၏အပြားအားဖြင့် "**ပစ္စယပရိဂ္ဂဟ**" ကို ထင်စွာပြသင့်ပေ၏။

[မဟာဋီကာ။]

## ပဋိစ္စအကြောင်းကိုပြခြင်း

ဝဋ္ဋချုပ်၌အမြဲမပြတ်ဖြစ်တတ်သော (၁) "**ဘဝင်စိတ်**"၊ (၂) "**ဓမ္မာရုံ**"၊ (၃) "**မနောဝိညာဏ်**"၊ ၎င်းသုံးပါးတို့ ပေါင်းဆုံယှဉ်တွဲမိခြင်းတည်းဟူသော "**ပဋိစ္စ**" အကြောင်းကြောင့် "**မနောသမ္ဖဿ**" တည်းဟူသော "**ဖဿ ပဉ္စမက**" နာမ်သည် ဖြစ်ပေါ်လာရ၏ဟု ကေန်သိအပ်၏၊ ထိုသို့အကြောင်းသုံးပါး သုံးပါးတို့ကြောင့် "**ဖဿပဉ္စမက**" နာမ်ကို "**ပကာရက**" အစိတ်၏အစွမ်းအားဖြင့် "**ပဋိစ္စ**" အကြောင်းနှင့်သိမ်းဆည်းအပ်၏။

[ဝိသုဒ္ဓိမဂ်။]

(၁) စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ-ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေ-တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

[ထိုထိုပါဠိတော်။]

စက္ခုဥ္စ၊ စက္ခုဓာတ်ကိုင်၎င်း။ ရူပေစ၊ ရူပဓာတ်တို့ကို၎င်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခု ဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ် သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမှုသည်။ ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာ ဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ဘဝဟူသောအကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသောအကြောင်းကြောင့်။ ဇရာ မရဏာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ၊အိုခြင်း,သေခြင်း,စိုးရိမ်ခြင်း,ငိုကြွေးခြင်း, ဆင်ရဲခြင်း, နှလုံးမသာယာခြင်း, သက်ကြီးရှိက်တငင် ပင်ပန်းခြင်းတို့သည်။သမ္ဘဝန္တိ၊ဖြစ်ကုန်၏။ဧဝံ၊ဤသို့။ကေဝလဿဒုက္ခက္ခန္ဓဿ၊သုခမဘက် သက်သက်ဒုက္ခ အစုဖြစ်သော။ တေဿ၊ ထိုဝဋ်တရား၏။ သမုဒယော၊ အဘန်ဘန်ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

(၂) သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ပ။

[အားလုံးတူပြီ၊ အထက်အတိုင်းသွားလေ။]

သောတဉ္စ၊ သောတဓာတ်ကိုရင်း။သဒ္ဒေ စ၊ သဒ္ဒဓာတ်တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။သောတဝိညာဏံ၊သောတဝိညာဏဓာတ်သည်။

(၃) ဃာနဉ္စပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ပ။ ဃာနဓာတ်, ဂန္ဓဓာတ်, ဃာနဝိညာဏဓာတ်ဟုဆိုလေ။

(၄) ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။ပ။ ဇိဝှါဓာတ်, ရသဓာတ်, ဇိဝှါဝိညာဏဓာတ်ဟုဆိုလေ။

(၅) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ-ဝိညာဏံ။ပ။ကာယဓာတ်,ဖောဋ္ဌဗ္ဗဓာတ်,ကာယဝိညာဏဓာတ်ဟုဆိုလေ။

(၆) မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ ။ပ။မနောဓာတ်,ဓမ္မဓာတ်,မနောဝိညာဏဓာတ်ဟုဆိုလေ။

''စက္ခု'' ကိုမှီး၍ ''သောတ, ဃာန, ဇိဝှါ, ကာယ, မန'' တို့ကိုလည်းသိလေ၊ ထိုသို့ ''ပကာရန္တ'' အစိတ်၏ အစွမ်းအားဖြင့် ''ပဋိစ္စ''အကြောင်းသည် ဒွါရခြောက်ပါး၌ လေးပါး ငါးလီ, သုံးပါးတလီ ဟူသောအကြောင်းတို့ကြောင့် ''ဖဿပဉ္စမက'' ဟူသော နာမ်တို့ဖြစ်ကုန်၏၊ အကြောင်း မရှိက မဖြစ်နိုင်ကုန်။

[မဟာတကျောသခ်ယသုတ် အဋ္ဌကထာ။]

ထို ''ဟေတု'' အကြောင်း ''ပစ္စယ''အကြောင်းတို့သည် ဆောင်ပို့အပ်သည်ဖြစ်၍ ''ပဋိစ္စ'' အကြောင်းသို့ ရောက်

သော "ရုပ်,နာမ်" နှစ်ပါးတို့သည် ၎င်းဟေတုပစ္စယ ကမ္မသတ္တိသည်လျှင် စောင့်ရှောက်ခြင်း, ထောက်ပံ့ခြင်း ရှိရလျက်"ပဋိစ္စ"အကြောင်းရင်း ခြောက်ပါးတို့ဖြင့် ပဋိသန္ဓေမှစ၍ စုတိစိတ်သို့တိုင်အောင် တဘဝတဘဝ၏ရုပ်နာမ်ကို ဆီထည့်၍ထွန်းညှိအပ်သော မီးစာသည် မီးစား၍ကုန်လောက်ပါလျက်နှင့် ဆီကိုထပ်၍ထပ်၍ထည့်ပြန်သော် မီးသောက်အောင် မီးလျှံ၏အစဉ် ခံရှာသကဲ့သို့"ကဗဠီကာရဟာရ" တည်းဟူသော ဩဇာကို ထပ်၍ထပ်၍ထည့်သွင်းပြန်ရကား ကမ္မဇရုပ် အားရှိသလောက် ဆယ်နှစ်,အနှစ်နှစ်ဆယ် ။ပ။ အနှစ်တရာ သေည်ဘို့တိုင်တိုင် အစဉ်ဖြစ်လျက် ဆောင်၍တည်ရှာလေ၏၊ ထိုအာဟာရသည်လည်း "ရုပ်အာဟာရ,နာမ်အာဟာရ" ဟု နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် ဘာဝနာအခြေတွင် သာမညအနေနှင့်သာ သိမ်းဆည်းရပေ၏။

[အလိုရှိပါက "သမ္မာဒိဋ္ဌိသုတ်အဋ္ဌကထာ"စသည်မှာရှု]

ထိုသို့ပြခဲ့ပြီးသော "ပဋိစ္စ" အကြောင်းခြောက်ပါးတို့တွင်လည်း ယခုကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်အပ်သော အခါ၌ကား "မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ" စသည်ဖြင့် ဟောတော်မူအပ်သော ဝိပဿနာ နာမက္ခန္ဓာနှင့် သဟဇာတ်ဖြစ်သော ပဋိဘာဂနိမိတ် အာလောကသညာ၌ ထင်လာရသော ရုပ်တရား, နာမ်တရားတို့ အကြောင်းဖြစ်သော "ပစ္စုပ္ပန်" ရုပ်နာမ်နှစ်ပါးတို့၏ (၁) "ဓမ္မာရုံ"၊ (၂) ဝတ္ထုရုပ်၌ ပုရေဇာတဖြစ်သော "ဘဝင်စိတ်"၊ (၃) ဝိပဿနာကို နှလုံးသွင်းခြင်းတည်းဟူသော "မနသိကာရ"၊ ၎င်းအကြောင်းသုံးပါးတို့ကိုစွဲ၍ "ဖဿပဉ္စ

မက” ဟူသော ဤနာမ်ဖြစ်၏ဟူ၍ သိမ်းဆည်းရမည်၊ အဘယ်ကြောင့်ဆိုသော် ပဉ္စဒွါရ အာရုံဖြစ်ခိုက်တို့၌ မဂ်ကို မကူးနိုင်၊ မနောဒွါရ ဝိပဿနာအာရုံဖြစ်ခိုက်၌သာ မဂ်ကို ကူးနိုင်ခြင်းကြောင့်တည်း။

[ကိဋ္ဌာဂိရိသုတ် အဋ္ဌကထာ,ဓမ္မပဒအဋ္ဌကထာ။]

ဘာဝနာယောဂီသည် ထိုသို့မနောဒွါရဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းအပ်သောကြောင့် ဤမနောဒွါရ “ပဋ္ဌိန္”အကြောင်းဖြင့် ဖြစ်ပေါ်၍နေလာသော ရုပ်နာမ်တရားတို့အား ရှေးဦးစွာ ပဋိသန္ဓေအခါ “ဟေတု” အကြောင်း “ပစ္စယ” အကြောင်းဟု ဆိုအပ်သော ရှေးရှေးသောဘဝက “အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,အာဟာရ” သည် ပစ်ချလိုက်ရသည်ဖြစ်၍ ၎င်းပဝတ္တိကာလ ဟု ဆိုအပ်သော ယခုကမ္မဋ္ဌာန်းစီးဖြန်းသော အခါ၌လည်း မျက်ဝါးထင်ထင်မြင်လာရသော “ရုပ်”၊ ရုပ်ကဲ့သို့ မမြင်အပ်သော်လည်း ဒိဋ္ဌသိလိုက်အပ်သော “နာမ်” နှစ်ပါးတို့၏ မနောဟူသော “ဘဝင်”၊ ရုပ်နာမ်ဟူသော “ဓမ္မာရုံ”၊ နှလုံးသွင်းခြင်းတည်းဟူသော “မနသိကာရ”၊ ဤ“ပဋ္ဌိန္” အကြောင်းသုံးပါးသည်လည်း အဝိဇ္ဇာစသော ဟေတုပစ္စယ အကြောင်းငါးပါး ပြုပြင်၍ဖြစ်၏ဟူ၍၎င်း၊ အတိတ်အကြောင်းတရားငါးပါးကို ပစ္စုပ္ပန် အကြောင်းသုံးပါး၌ပေါင်း၍ (ပစ္စယပစ္စုပ္ပန္န ဓမ္မမဏ္ဍ မေဝေတံ၊) ယခုဖြစ်ဆဲဖြစ်သော ရုပ်နာမ်နှစ်ပါးသည် အတိတ်အကြောင်းငါးပါးကြောင့် ဖြစ်ပေါ်လာသော ပစ္စုပ္ပန်အကြောင်းသုံးပါးတို့သည် ပြုပြင်၍ဖြစ်သည်ကို ရည်၍ “ပြုပြင်သည်” ဟူ၍၎င်း အကြောင်းကို သိမ်းဆည်းအပ်၏။

န ဟေတ္ထ ဒေဝေါ ဗြဟ္မာ ဝါ၊
သံသာရဿတ္ထိ ကာရကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဟေတုသမ္ဘာရပစ္စယာ။

[ ပေါရာဏက သင်္ဂဟ ဂါထာ။ ]

ဧတ္ထ၊ဤရုပ်,နာမ်အပေါင်း အကြောင်းသင့်စွာ ဖြစ်ပေါ်၍နေရာ၌။ သံသာရဿ၊ အဆက်မပြတ် ဖက်စပ်တုံ့ပြန် ရုပ်,နာမ်ခန္ဓာ သံသရာကို။ ကာရကော၊ မဖြစ်ဖြစ်အောင် တည်ထောင်ဖန်ဆင်းနိုင်သော။ ဒေဝေါဝါ၊ ကျေးဇူးကိုတင် ဂုဏ်အင်ကိုမှတ် ပျပ်ဝပ်ရှိခိုးဘို့ ဗိဿနိုးနတ်မင်းကြီး သည်၎င်း။ ဗြဟ္မာဝါ၊ ကမ္ဘာကိုစနိုင်သည့် ထာဝရသခင် အရှင် ဗြဟ္မာမင်းကြီးသည်၎င်း။ နတ္ထိ၊ ရှေ့နောက် ပေါင်းလစ် အကြောင်းစစ်က စံနစ်ကောန် မရှိရိုးအမှန်ပင် တည်း။သုဒ္ဓဓမ္မာ၊ အနှစ်သာရ အတ္တမဘက် သက်သက် သော ရုပ်နာမ်တရားဘို့သည်။ ဟေတုသမ္ဘာရ ပစ္စယာ၊ အကြောင်းအဆောက်အအုံ လောက်လုံသိုက်မြိုက် တိုက် ဆိုက်ခြင်း တည်းဟူသော အကြောင်းကြောင့် သာလျှင်။ ပဝတ္တန္တိ၊ အများမျက်မြင် အထင်အရှား ဖြစ်ပွါးပေါ် ပေါက်ကြရပေကုန်သည်ဘကား။

ပစ္စယပရိဂ္ဂဟဉာဏ်ပြီး၏။

---

## အဒ္ဓါနပရိဂ္ဂဟဉာဏ်ကိုပြခြင်း

ဤသို–အတိတ်အကြောင်း ငါးပါးကြောင့် ဖြစ်သော ပဋိသန္ဓေနာမ်,ရုပ်အတိတ်အကြောင်းငါးပါးလျှင် အရင်း

ရှိသောပစ္စုပ္ပန်အကြောင်းသုံးပါး၊ ထိုအကြောင်း၃-ပါးတို့ကြောင့်ဖြစ်သော ပဝတ္တိနာမ်ရုပ်တို့ကို သိမ်းဆည်းပြီးသော ဘာဝနာယောဂီအား ဤအကြောင်း၄ါးပါး, အကြောင်းသုံးပါးနှင့်တကွ ဖြစ်စေအပ်သောနာမ်,ရုပ်တရား နှစ်ပါးတို့သည် ယခုအခါ ပစ္စုပ္ပန်ဘဝ ဤခဏ၌ ဖြစ်သကဲ့သို့ ရှေးရှေးသောအတိတ်ဘဝ ထိုထိုကာလ တို့၌လည်း ၎င်းနည်းတူ ဖြစ်ဘူးခဲ့လေပြီ၊ နောင်လာလတ္တံ့ အနာဂတ်ဘဝ ထိုထိုကာလတို့၌လည်း ၎င်းနည်းတူ ဖြစ်လတ္တံ့ဟူ၍ ပစ္စုပ္ပန်ကာလ ရုပ်, နာမ်ဓမ္မ သင်္ခါရတို့ကို မြင်သဖြင့် အတိတ်,အနာဂတ်ကာလ ထိုနှစ်ဌာနတို့၌လည်း ပိုင်းဖြတ်ယုံကြည်စွာ နှလုံးထား၍ အတိတ်,အနာဂတ် ကာလနှစ်ပါးကို ပစ္စုပ္ပန်ကာလ၌ပေါင်း၍ ဤခန္ဓာ၄ါးပါး ရုပ်နာမ်တရားတို့သည်''ဖြစ်ဆဲ-ဖြစ်ဆဲ''ဟူ၍ကာလသုံးပါးဟူသော အခွန့်ကိုသိမ်းဆည်းရမည်။

[ဝိသုဒ္ဓိမဂ်။]

ထို့ကြောင့်—ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဥပရိပဏ္ဏာသပါဠိတော် ဝိဘင်္ဂဝဂ် ဘဒ္ဒေကရတ္တသုတ်၌ မိန့်ဟတော်မူခဲ့သည်မှာ—

အတီတံ နန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံတံ၊ အပ္ပတ္တံ စ အနာဂတံ။

အတီတံ၊ အတိတ်ကာလ၌ဖြစ်သော ရုပ်, နာမ် ဓမ္မသင်္ခါရကို။ နန္ဝာဂမေယျ၊ အစဉ်လျှောက်ကာ လိုက်၍မရှုရာ။ အနာဂတံ၊ အနာဂတ်ကာလ၌ဖြစ်သောရုပ်, နာမ်ဓမ္မသင်္ခါရကို။ နပဋိကင်္ခေ၊ အာသာငန်းငန်း စွဲလမ်းတောင့်တ

ခြင်းကိုမပြုရာ။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ အတီတံ၊ အတိတ်ကာလ၌ဖြစ်သော။ ယံဓမ္မံ၊ အကြင်ရုပ်, နာမ်ဓမ္မ သင်္ခါရသည်။ အတ္ထိ၊ ရှိ၏။ တံဓမ္မံ၊ ထိုရုပ်,နာမ်ဓမ္မသင်္ခါရသည်။ ပဟီနံ၊ ကွယ်ပျောက်ခဲ့လေပြီ။ အနာဂတံ၊ အနာဂတ်ကာလ၌ ဖြစ်သော။ ယံဓမ္မံ၊ အကြင်ရုပ်, နာမ်ဓမ္မသင်္ခါရသည်။ အတ္ထိ၊ ရှိ၏။ တံဓမ္မံ၊ ထိုရုပ်,နာမ်, ဓမ္မသင်္ခါရသည်။ အပ္ပတ္တံ၊ ဥပါဒ်,ဋ္ဌီ,ဘင်သို့ မရောက်သေး။ တသ္မာ၊ ထို့ကြောင့်။နပ္ပဋိကင်္ခေ၊ ရှုခြင်းငှါအလိုမရှိရာ။

ဘာဝနာယောဂီသည် ယခုပစ္စုပ္ပန်မှ အပ လွန်လေပြီးသော ရှေးရှေးသောဘဝအတိတ်ကာလ ရုပ်,နာမ် ဓမ္မ သင်္ခါရတို့ကိုလည်း အစဉ်လျှောက်၍ ရှုကြည့်နေဘွယ် မလိုပေ၊အဘယ့်ကြောင့်ဆိုပါသော်—

လွန်လေပြီးသော ရုပ်, နာမ် ဓမ္မ သင်္ခါရတို့သည်ကွယ်ပျောက်ရုပ်သိမ်းချုပ်ငြိမ်းခြင်းသို့ ရောက်ခဲ့လေပြီ၊ ထို့အတူ အနာဂတ်ကာလ နောင်မှဖြစ်လတ္တံ့သော ရုပ်, နာမ် ဓမ္မသင်္ခါရတို့ကိုလည်း ရှုဆင်ခြင်ဘွယ်မလိုသေး၊ အဘယ့်ကြောင့်ဆိုသော် မရောက်သေးသော ရုပ်, နာမ်ဓမ္မ သင်္ခါရတို့သည် ဖြစ်ပျက်ခြင်းဟု ဆိုအပ်သော ဥပါဒ်, ဋ္ဌီ, ဘင်တည်းဟူသော သင်္ခါရသဘောသို့ပင်မသက်သေးပေ၊ ထို့ကြောင့် အတိတ်, အနာဂတ် ကာလနှစ်တန်ကို ပစ္စုပ္ပန်သို့ပေါင်းကာ ရှုဆင်ခြင်အပ်ကြောင်း ထပ်လောင်းကာမိန့်တော်မူသည်မှာ—

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ။
[၄င်း။]

ယော၊ အကြင်ဘာဝနာယောဂီသည်။ ပစ္စုပ္ပန္နဥ္စ၊ ယခုပစ္စက္ခ ဖြစ်ပျက်သမျှသော။ ယံဓမ္မံ၊ အကြင်ရုပ်, နာမ်ဓမ္မသင်္ခါရကို။ တတ္ထတတ္ထ၊ ထိုထိုဖြစ်ဆဲပျက်ဆဲသော ကာလ၌။ ဝိပဿတိ၊ ဉာဏ်ဖြင့်ကပ်ကာ ရှုမှတ်ရာ၏။ တံဓမ္မံ၊ ထိုရုပ်, နာမ်ဓမ္မ သင်္ခါရကို။ အသံဟီရံ၊ မရွေ့မပြောင်းမိ။ အသံကုပ္ပံ၊ မပျက်မစီးမိ။ ဝိဒွါ၊ ပညာရှိသော။ သော၊ ထိုဘာဝနာယောဂီသည်။ အနုဗြူဟယေ၊ အဖန်တလဲလဲ ထပ်လဲဖန်ခါ ရှုမှတ်ပွါးများရာ၏။

ဘာဝနာယောဂီ၏ ပစ္စက္ခ ဉာဏ်ဝဝယ် အတိတ်အကြောင်း ငါးပါးလျှင် အကြောင်းရင်းရှိသော ပစ္စုပ္ပန်အကြောင်းသုံးပါးကြောင့် ဖြစ်ပေါ်၍နေသော အရှိန်မတဲတသဲသဲသော "ပစ္စုပ္ပန်ကာလ"ရုပ်, နာမ်ဓမ္မ သင်္ခါရ တို့ကိုသာ မျက်ခြေပြတ်မခံ ဇွဲသန်သန်ထားကာ အဖန်ဖန် အထပ်ထပ် ပွါးများအားထုတ်အပ်ပေ၏၊ ဘာ့ကြောင့်နည်းဆိုသော်—

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ၊
န ဟိ နော သင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ၊
[ဍင်း။]

အဇ္ဇေဝ၊ နေ့, ရက်မရွှေ့ ယခုနေ့ပင်လျှင်။ အာတပ္ပံ၊ ကုသိုလ်လုံ့လ ဟူသမျှကို။ ကိစ္စံ- ကာတဗ္ဗံ၊ ပြုအပ်၏။ သုဝေ၊နက်ဖြန်၌။ မရဏံ၊ သေရအံ့သည်ကို။ကော၊အဘယ်ပညာရှိသည်။ ဇညာ၊ သိနိုင်ရာအံ့နည်း။ နော၊ ငါတို့အား။ မဟာသေနေန၊ များသော စစ်သည်ရှိသော။ တေနမစ္စုနာ၊ သေကွင်းမဖြစ် ထိုသေမင်းညစ်နှင့်။ သင်္ဂရံ၊ နေ့, ရက်

ကိန်းတွက် အချိန်းအချက်သည်။ နဟိ-နှေ၊ မရှိသည်သာ လျှင်တည်း။

မှန်လှပါပေသည်–အကြောင်းကား မိမိတို့၏အားထုတ်သင့် အားထုတ်အပ်သော"ဒါန, သီလ, ဘာဝနာ" အဖြာဖြာသော ပြုဘွယ်ကိစ္စအဝဝတို့ကို ယနေ့ပင်လျှင် လုံ့လ မယုတ် အားထုတ် ပြုကျင့်ကြရာ၏၊ နက်ဖန် သေမည်, သဘက်ခါ သေမည် စသည်ဖြင့် သေရမည့်နေ့ရက်ကိုမှန်းဆလို့ပင် မသိ မမြင်နိုင်၊ မရဏာခေါ် ရှင်သေမင်းကြီးနှင့် စာချုပ်စာတမ်း ပြုလုပ်ထားဘာ နေ့,ရက်ကာလဘို့ ကိုချိန်းချက်ဆုံးဖြတ် ထားခြင်းမရှိလေသောကြောင့်တည်း။

ဧဝံ ဝိဟာရိံ အာတာပိံ၊ အဟောရတ္တ မတန္ဒိတံ။
တံ ဝေ ဘဒ္ဒေကရတ္တောတိ၊သန္တော အာစိက္ခတေ မုနိ။
[၄င်း။]

ဧဝံ၊ ဤကဲ့သို့။ အတန္ဒိတံ၊ ပျင်းရိခြင်းမရှိသည်ဖြစ်၍။ အဟောရတ္တံ၊ နေ့ညဥ့်ပတ်လုံး။ အာတာပိံ၊ ပြင်းစွာအားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍။ ဝိဟာရိံ၊ နေလေ့ရှိသော။ တံ၊ ထိုရဟန်းကို၊ ဝေ၊ စင်စစ်။ ဘဒ္ဒေကရတ္တောတိ၊ ကောင်းသော နေ့ညဥ့်ရှိသော "ဘဒ္ဒေကရတ္တ"ပုဂ္ဂိုလ်ဟူ၍။ သန္တော၊ ကိလေသာအပူ ငြိမ်းတော်မူခဲ့လေပြီးသော။ မုနိ၊ မုနိတကာတို့၏ ထိပ်တင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ အာစိက္ခတေ၊ ဟောကြားတော် မူအပ်ပါပေ၏။

ဤကဲ့သို့- ပစ္စက္ခဉာဏ်ဝဝယ် အရှိန်မစဲ တသဲသဲဖြစ်ပျက်လျက်နေသော ရုပ်,နာမ် ဓမ္မသင်္ခါရတို့ကို ဖျင်းရိခြင်းမဘက် ပြင်းစွာ အားထုတ်လျက် ရှိသော ဘာဝနာယောဂီပုဂ္ဂိုလ်ကို ကျေးဇူးတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ကောင်းသောနေ့ညဥ့်ရှိသော"၊ ဝါ-လောကီမင်္ဂလာ အဖြာဖြာတို့ထက် ဆထက်ထောင်ရာ မကသာသော ဝိပဿနာ မင်္ဂလာနှင့် နေ့ညဥ့်မပြတ်ပွါးများ အားထုတ်အပ်သော "ဘဒ္ဒေကရတ္တ" ပုဂ္ဂိုလ် ဟူ၍ ဘွဲ့ထူးတံဆိပ် ခပ်နှိပ်ချီးမြှင့်တော် မူပေသတည်း။

---

## ယုံမှားခြင်း တဆယ့်ခြောက်ပါးကို ပြခြင်း၊

ဤကဲ့သို့-အတိတ်, အနာဂတ်,ပစ္စုပ္ပန် ကာလသုံးတန်ကို အဘန်တလဲလဲ သိမ်းဆည်း ရှုဆင်ခြင်သော ဘာဝနာယောဂီအား အတိတ်အဇ္ဈနှ်ကို သိမ်းဆည်း သောအခါ အတိတ် ခန္ဓာငါးပါးကို အာရုံပြု၍ (၁) ငါသည် လွန်လေပြီးသောဘဝ ရှေးကာလ၌"ဖြစ်ဘူးလေပြီလော"၊ (၂)"မဖြစ်ဘူးလေသေးသလော"၊ (၃) အဘယ်သို့သောသူ"ဖြစ်ဘူးလေသနည်း"၊(၄) အဘယ်သို့မြဲသောအခြင်းအရာဖြင့်"ဖြစ်ဘူးလေသနည်း"၊ (၅) အဘယ်သို့သော သူဖြစ်၍ အဘယ်သို့သောသူ "ဖြစ်ဘူးလေသနည်း"၊ ဤသို့ အတိတ် ဘဝ လွန်ခဲ့သည် အတိတ် ကာလ၌ ဖြစ်သော "ယုံမှားခြင်းငါးပါး"ကို ပယ်ဖျောက် နိုင်လေ၏။

ဆောင်။ ဖြစ်ဘူးသလား၊ မဖြစ်လားနှင့်၊ ငါအား ဘယ်သူ၊
ခြင်းရာယူ၊ ဘယ်သူဖြစ်၍၊ဘယ်သူနည်း။

ရှင်းနည်းတူ– အနာဂတ်ဘဝ နှောင် ဖြစ်လတံ့သော ကာလတို့ကို အာရုံပြု၍– (၁) ငါသည် အနာဂတ်ဘဝ နောက်ကာလ၌''ဖြစ်လတံ့လေလော''၊ (၂) ''မဖြစ်လတံ့လေလော''၊ (၃) အဘယ်သို့သောသူ ''ဖြစ်ရလတံ့နည်း'' (၄) အဘယ်သို့မြဲသော အခြင်းအရာ အားဖြင့် ''ဖြစ်ရလတံ့နည်း''၊ (၅) အဘယ်သို့သော သူဖြစ်၍ အဘယ်သို့သော သူသည်''ဖြစ်ရလတံ့နည်း''၊ ဤသို့ အနာဂတ်ဘဝ နောက်ကာလ၌ ဖြစ်သော ''ယုံမှားခြင်းငါးပါး''ကို ပယ်ဖျောက်နိုင်ပေ၏။

ဆောင်။ ဖြစ်လတံ့လား၊ မဖြစ်လားနှင့်၊ ငါအား ဘယ်သူ၊ ခြင်းရာယူ၊ ဘယ်သူဖြစ်၍၊ ဘယ်သူနည်း။

ရှင်းနည်းတူ–ပစ္စုပ္ပန် ခန္ဓာ, ကောဋ္ဌာသ ကို အာရုံပြု၍ ပစ္စုပ္ပန်ကာလ ယခုဓလာ၌ (၁) ငါသည်''ဟုတ်ပါလေ၏လော''၊ (၂) ''မဟုတ်လေသလော''၊ (၃) အဘယ်သို့သော သူသည်''ဖြစ်လေသနည်း''၊ (၄) အဘယ်သို့မြဲသောအခြင်းအရာအားဖြင့်''ဖြစ်လေသနည်း''၊ (၅) ဤသတ္တဝါသည် အဘယ်ဘဝမှ ''လာသနည်း''၊ (၆) ထို သတ္တဝါသည် အဘယ်ဘဝ အဘယ်ကာလသို့''သွားသည်ဖြစ်လတံ့နည်း''၊ ဤသို့ ပစ္စုပ္ပန်ဘဝ ယခုမျက်မှောက် ကာလ၌ ဖြစ်သော ''ယုံမှားခြင်းခြောက်ပါး''ကို ပယ်ဖျောက် နိုင်လေ၏။

ဆောင်။ ဟုတ်လေသလား၊ မဟုတ်လားနှင့်၊ ငါအားဘယ်သူ၊ ခြင်းရာယူ၊ သူသည် ဘယ်ကလာ၊ သူသာ ဘယ်သို့သွား။

[ဤအား ယုံမှားခြင်း (၁၆)ပါး ပယ်ဖျောက်ပုံတည်း၊ အာဂုံကိုလိုမူ ဝိသုဒ္ဓိမဂ် ကင်္ခါဝိတရဏဝိသုဒ္ဓိ နိဒ္ဒေသမှာ ယူကြပါကုန်။]

## တနည်း-ယုံမှားခြင်းရှစ်ပါးကို ဖျောက်ပုံ

အတ္တနိယျာတန စသော သရဲဏာဂုံကြီး လေးပါးတို့တွင် တပါးပါးကို တည်သော ဘာဝနာ ယောဂီသည် (၁)''ဗုဒ္ဓေကင်္ခတိ''ဘုရား၌ယုံမှား၏၊(၂)''ဓမ္မေကင်္ခတိ'' တရားတော်၌ ယုံမှား၏၊ (၃)''သံဃေကင်္ခတိ''သံဃာတော်၌ ယုံမှား၏– ဟူသော ရဲတနာသုံးပါး၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်လေ၏၊(၄)ငါးပါး,ရှစ်ပါး,ကိုးပါး, ဆယ်ပါးသော လူတို့၏ သီလများ၊ ရဟန်းတို့၏ စတုပါရိသုဒ္ဓိသီလတို့ကို မကျိုး မပေါက် မပြောက် မကျားအောင် ကျင့်သုံးသော သူတို့သည် ''သိက္ခာယကင်္ခတိ'' အကျင့်၌ ယုံမှား၏-ဟူသော ယုံမှားခြင်းကို ပယ်ဖျောက် နိုင်လေ၏၊ (၅)ရှေးဘဝ ရှေးကာလ၌ ဖြစ်ပြီးသော အကြောင်းငါးပါးနှင့် တကွသော ရုပ်,နာမ်တို့သည် ဖြစ်၍ဖြစ်၍ ပျက်ခဲ့လေသည်၊ငါ,သူတပါး ဖြစ်ပျက်သည်မဟုတ်ဟု မိမိ၏ သံသယ ကင်းလျှင်''ပုဗ္ဗန္တေကင်္ခတိ''ရှေ့အစွန်း၌ယုံမှား၏-ဟူသော ယုံမှားခြင်းကို ပယ်ဖျောက်နိုင်လေ၏၊ (၆)နောက်ဘဝ နောက်ကာလ၌ ဖြစ်လတ္တံ့သော အကြောင်း ငါးပါးနှင့် တကွ ရုပ်, နာမ် တို့သည် ဖြစ်၍ ဖြစ်၍ ပျက်ကြလတ္တံ့၊ ငါ,သူတပါး ဖြစ်ပျက်သည် မဟုတ်ဟု မိမိ၏ သံသယ ကင်းလျှင်ပင် ''အပရန္တေကင်္ခတိ'' နောက်အစွန်း၌ ယုံမှား၏-ဟူသော ယုံမှားခြင်းကို ပယ်ဖျောက်နိုင်လေ၏၊ (၇) ရှေ့နောက်ဘဝ ကာလတို့၌ ဖြစ်ပြီး, ဖြစ်လတ္တံ့သော အကြောင်းငါးပါးနှင့် တကွသော ရုပ်,နာမ်တို့သည် ဖြစ်၍ ပျက်ပြီးပြီ၊ ဖြစ်၍ ပျက်လတ္တံ့၊ ငါ,သူတပါးဖြစ်ပျက်သည် မဟုတ်ဟု မိမိ၏ သံသယ ကင်းလျှင်ပင် ''ပုဗ္ဗန္တာ

ပရန္တေကာစ်တိ''ရှေ့အစွန်း နောက်အစွန်း၌ ယုံမှား၏–ဟူသော ယုံမှားခြင်းကို ပယ်ဖျောက်နိုင်လေ၏၊ (၈) ရှေ့နောက်ကာလနှင့်တကွ ယခုပစ္စုပ္ပန်ဘဝကာလ၌ ဖြစ်ဆဲဖြစ်သော အကြောင်းငါးပါးနှင့်တကွသော ရုပ်,နာမ်တို့သည် ဖြစ်၍ပျက်ဆဲဖြစ်၏၊ ငါ,သူတပါးဖြစ်၍ ပျက်သည် မဟုတ်ဟု မိမိ၏ သံသယကင်းလျှင်ပင်''ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒေကာစ်တိ''ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းကြောင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရား၌ယုံမှား၏-ဟူသောယုံမှားခြင်းကို ပယ်ဖျောက်နိုင်လေ၏။

ဘာဝနာယောဂီသည် ဤနည်းကိုဆောင်၍ အတိတ်, အနာဂတ်၌လည်း နာမ်,ရုပ်၏ အကြောင်းကို မြင်သည်ရှိသော် အစွန့်သုံးပါးတို့၌ ယုံမှားခြင်း (၁၆)ပါး (၈)ပါး ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရပေတော့သတည်း၊ ဤမှ တပါး အနည်းနည်းသော ''ရူပပရိဂ္ဂဟ, အရူပ ပရိဂ္ဂဟ'' တို့ဖြင့်လည်း ယုံမှားခြင်းတို့ကို ကင်းပျောက်စေအပ်၏။

ထိုသို–ယုံမှားခြင်း ကင်းပျောက်ဘူးသော ဘာဝနာယောဂီအား ဖြေဲ–ငါဟုခေါ်သော ဤ သင်္ခါရနိမိတ္တသဏ္ဌာန်ဝယ် ကံသည်ပြုပြင်၍ ဝိပါက်မျှဖြစ်ချေ၏ဟူသော ''ကမ္မဝဋ်''ကြောင့်''ဝိပါကဝဋ်''၊''ကိလေသာဝဋ်''ကြောင့် ''ဝိပါကဝဋ်''တို့ အစမထင် သံသရာတခွင်က စ၍ဖြစ်ဟန်ကို မြင်တော်မူရပြန်ပေ၏။

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊
ဝိပါကော ကမ္မသမ္ဘဝေါ၊

ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊
ဝဋံ လောကော ပဝတ္တတိ။
[ဝိသုဒ္ဓိမဂ်။]

ကမ္မာ၊ ကံစသော ငါးပါးသော ကမ္မဝဋ် တည်းဟူသော အကြောင်းတရားကြောင့်။ဝိပါကာ၊ဝိညာဏ်စသော ငါးပါးသော ဝိပါကဝဋ်တည်းဟူသော အကျိုးဝိပါက် တရားတို့သည်။ ဝတ္တန္တိ၊ မုချမသွေ ဖြစ်ပေါ်၍ လာကြပေ ကုန်၏။ ဝိပါကော၊ ဝိပါကဝဋ်တရား ငါးပါးသည်။ ကမ္မသမ္ဘဝေါ၊ အဝိဇ္ဇာစသော ကမ္မဝဋ်တရား ငါးပါးလျှင် ဖြစ်ကြောင်းရှိပေ၏။ ကမ္မာ၊ ကမ္မဝဋ်တည်းဟူသော အ ကြောင်းကြောင့်။ ပုနဗ္ဘဝေါ၊ ဘဝသစ်၌ အသစ်တဖန်ဖြစ် ရပြန်ခြင်းသည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။ဝဋံ၊ ဤ သို့ အဆက်ဆက်။ လောကော၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတည်းဟူသော သတ္တလောကကြီးသည်။ ပဝတ္တတိ၊ ဆက်ကာဆက်ကာ ဖြစ်ရပါပေသည်ဘကား။

[ကိလေသဝဋ်မှာ ကမ္မဝဋ်၌ထည့်သွင်း၍ယူ။]

ဤကဲ့သို့''ကမ္မဝဋ်,ဝိပါကဝဋ်''တို့ဖြစ်ဟန်ကို အမှန်မြင် သော ဘာဝနာယောဂီသည် စင်စစ်အားဖြင့် ယုံမှားခြင်း (၁၆) ပါး (၈)ပါးတို့ကို ပယ်ဖျောက်ကာဤသင်္ခါရသန္တ တိအရာဝယ် အမှန်မှာမူ အကြောင်းတရားကြောင့် အကျိုး တရားဖြစ်ရုံမျှသာ ရှိပါတကား၊ပြုလုပ်ဖန်ဆင်းတတ်သော ''ကာရက''ပုဂ္ဂိုလ်,ခံစားတတ်သော ''ဝေဒက''ပုဂ္ဂိုလ်, ငါ,သူတပါး, ယောကျ်ား, မိန်းမမရှိပါတကားဟု သိမြင် လျက် အကြောင်းနှင့် တကွသော ရုပ်,နာမ် ဓမ္မ သင်္ခါရ ကို ကေန်မုချ မြင်တော်မူရပြန်ပေ၏။

ကမ္မဿ ကာရကော နတ္ထိ၊
ဝိပါကဿ စ ဝေဒကော၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဧဝမေတံ သမ္မဒဿနံ။
[ဝိသုဒ္ဓိမဂ်၊]

ကမ္မဿ၊ ကုသိုလ်,အကုသိုလ်ကံကို။ ကာရကော၊ ပြုလုပ်တတ်သော ပုဂ္ဂိုလ်,သတ္တဝါသည်။ နတ္ထိ၊ မရှိပါချေတကား။ ဝိပါကဿ၊ အကျိုးဝိပါတ်တရားကို။ ဝေဒကော စ၊ ခံစားတတ်သော ပုဂ္ဂိုလ်,သတ္တဝါသည်လည်း။ နတ္ထိ၊ မရှိရိုးအမှန်ပေတည်း။ သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ်,သတ္တဝါနှင့် မရောမယှက် သက်သက်သော နာမ်, ရုပ် တရားနှစ်ပါးတို့သည်သာလျှင်။ ပဝတ္တန္တိ၊ အကြောင်းကိုက်ဆုံ ဖြစ်ပေါ်၍လာကြကုန်၏။ ဧဝမေတံ-ဧဝံ ဧတံ ဒဿနံ၊ ဤသို့သော မြင်ခြင်းသည်သာလျှင်။ သမ္မဒဿနံ၊ မဘောက်မပြန် အမှန်မယွင်း မြင်ရခြင်း မည်ပါပေသတည်း။

ဤကဲ့သို့ "နာမ်,ရုပ်" နှစ်ပါး၏အကြောင်းကို ကောင်းစွာသိမ်းဆည်းလျက် အစွန့်သုံးပါး၌ ယုံမှားခြင်း (၁၆) ပါး (၈)ပါးတို့ကို ကူးမြောက်ပြီးသော ဉာဏ်အမြင်သည် (၁) အကြောင်းတရားကို သိမ်းဆည်းနိုင်သောကြောင့် "ပစ္စယပရိဂ္ဂဟဉာဏ်"၊ (၂) မဂ်ဖိုလ်ဟူသောအကျိုးတရားတို့၏ တည်ရာ ဝိပဿနာဉာဏ်တည်းဟူသော အကြောင်းတရား၌တည်နိုင်သောကြောင့် "ဓမ္မဋ္ဌိတိဉာဏ်"၊ (၃) သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဟုတ်မှန်သော သဘောကို သိနိုင်

သောကြောင့်"ယထာဘူတဉာဏ်"၊ (၄)မချွတ်မသွေ်း မှန်မ
ဖောက်မပြန် အမှန်ကိုသိမြင်နိုင်သောကြောင့်"သမ္မာသမ္ဗုဒ္ဓ
ဉာဏ်"၊(၅)အထက်ဝိပဿနာဉာဏ်ဆယ်တန်တို့၏ အနီး
သို့ကပ်၍လျောက်ပတ်စွာ သိနိုင်သောကြောင့်"အနုလောမ
ဝိပဿနာဉာဏ်"၊ (၆)ဝါတာတပ,ဘယ,ဘေရဝ,အရတိ,
ရတိ, နိဝါတ, နိမာန, ခန္တိဟု ဆိုအပ်သော လေ,နေပူ,
ကြောက်မက်ဖွယ်သောဘေး,ပျင်းရိခြင်း,ပျော်မွေ့ခြင်း,ကိုယ်
ကိုနှိမ်ချခြင်း,စိတ်မာနကို နှိမ်ချခြင်း,သည်းခံနိုင်ခြင်းစသည်
တို့တည်လာရသည်ဖြစ်သောကြောင့် "ဒိဋ္ဌိဉာဏ်"ဟူသော
အမည်၊ ဤခြောက်လီသောအမည်ထူးတို့နှင့်တကွ (၁၆)
ပါး (၈)ပါးအပြားရှိသော ဝိစိကိစ္ဆာ တရားတို့ကို ပယ်
ခွါခုတ်ပိုင်း ဉာဏ်မုန်တိုင်းဖြင့် လူ့တိုင်းဒေသ လူ့ဌာနဝယ်
သာမည်မဟုတ် လောကုတ်မဂ်ဉာဏ် ဤခလေးတန်တို့၏
တည်နိုင်ရန်သော"ပတိဋ္ဌ"၊(၁) လေးဝဇလာ ကဲ့ပမာသို့
သက်သာရာဟူသော"အဿာသ"၊ (၂)ယခုဘဝ မဂ်မရ၍
လက်စမဖြတ်သေးသော်လည်း ပါယ်မြေမရောက် လမ်း
မကောက်ဘဲ ထက်အောက်လူနတ် ကံပစ်၍ ရပ်ရသော
"နိယတဂတိ"၊(၃) အာဒိဒဿနဉာဏ်ထူးရသည့် မဟန္တ
သောတာပန် မဟုတ်ပြန်သော်လည်း လေးတန်သောသစ္စာ
ကို ဝိပဿနာကာရဖြင့် ကေန္တသိတော်မူသော "စူဠသော
တာပန်"၊(၄)လေးတန်သော ဂုဏာမဟတ္တဘွဲ့တံဆိပ်တို့ဖြင့်
ခပ်နှိပ်အပ်သော ဂုဏ်ထူးဝိသေသကြောင့် "ကင်္ခါဝိတရဏ
ဝိသုဒ္ဓိ"ဘုံစခန်း၌ ခေတ္တမျှ ပျော်စံမြန်းရလေသတည်း။

## လောကီသစ္စာလေးပါးပိုင်းခြားသိပုံ

ဤစကား၌ "သစ္စာလေးပါးတရားကို သိ၏" ဟူရာဝယ် ဘာဝနာယောဂီသည် "ပုဗ္ဗကိစ္စ" လေးပါးတို့တွင်- (၁) "ရူပပရိဂ္ဂဟ, နာမပရိဂ္ဂဟ" နှစ်ပါးဟူသော နာမရူပ ဝဝတ္ထာနဉာဏ်ဖြင့် "ဒုက္ခသစ္စာ" ကို ပိုင်းခြား၍သိ၏၊ (၂) "ပစ္စယပရိဂ္ဂဟ, အဒ္ဓါနပရိဂ္ဂဟ" နှစ်ပါးဟူသော ဓမ္မဋ္ဌိတိဉာဏ်ဖြင့် "သမုဒယသစ္စာ" ကိုပယ်၏၊ (၃) ထိုဉာဏ်၏နောက်အဘို့၌ ဖြစ်ခြင်း,ပျက်ခြင်းကိုသိသော "အနုလောမ ဝိပဿနာ" ဟူသော လောကီဝိပဿနာမဂ်ဖြင့် "မဂ္ဂသစ္စာ"ကို ပွါး၏၊ (၄) ထိုသို့ လောကီဝိပဿနာမဂ်ဖြင့် ရုပ်,နာမ်, ခန္ဓာ တို့၏ဖြစ်ခြင်း ပဝတ္တကို သိမြင်သဖြင့် ရုပ်,နာမ်,ခန္ဓာ တို့၏ မဖြစ်ခြင်း အပဝတ္တ နိရောဓ၌ ကေန်ညွှတ်ကိုင်းသော "အဇ္ဈာသယဓာတ်ကြီး" သည် "နိရောဓသစ္စာ" ကို မျက်မှောက်ပြုသည် မည်တော့၏။

[အာရုံလိုမှု မဟာဋီကာမှာယူ၊]

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

[ဝိသုဒ္ဓိမဂ်၊]

ပန၊ ဤ ဉာဏ်အရာဝယ် အကျိုးကြီးကျယ်သည်ကို ဆိုလိုက်ပါဦးအံ့။ ဣမိနာဉာဏေန၊ ဤဆိုအပ်ခဲ့ပြီးသော ယထာဘူတဉာဏ်ဟုဆိုအပ်သော ပစ္စယပရိဂ္ဂဟဉာဏ်နှင့်။

သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ပွါးများအားထုတ်သော ဘာဝနာ ယောဂီသည်။ ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာ တော်၌။ လဒ္ဓဿာသော၊ ရအပ်သောသက်သာရာရှိသည်။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာရှိသည်။ နိယ တဂတိကော၊ မြဲသောဂတိရှိသော။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ မုချကိန်း သေ ဖြစ်ရပါပေ၏၊

ဘာဝနာယောဂီသည် ဤသို့သောနည်းဖြင့် ရုပ်,နာမ် ခန္ဓ သင်္ခါရအာရုံတို့၏ ဖြစ်ခြင်း,ပျက်ခြင်းတို့ကို ကေန္တ အားဖြင့် မျက်ဝါးထင်ထင် ပစ္စက္ခဉာဏ်ဖြင့်မြင်ရ၍ တေ ဘူမ္မက ဝဋ္ဋဒုက္ခဟူသော ရုပ်,နာမ် တို့တွင်-(၁) ယခုငါ မြင်ရသော ရုပ်တရားကား ဘယ်၍ ဘယ်မျှရှိ၏, ငါ သိရသော နာမ်တရားကား မည်သည့်နာမ် ဘယ်၍ဘယ်မျှ ရှိ၏ဟု သိခြင်း၊ (၂) ထို ရုပ်,နာမ်တို့၌ ခင်မင်တွယ်တာ ခြင်းမရှိခြင်း၊ (၃) ၎င်းရုပ်,နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း တို့ကို လောကီဝိပဿနာဉာဏ်ဖြင့် ရှုနိုင်ခြင်း၊ (၄) ၎င်း ရုပ်,နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းတို့ကို မြင်က ထို ရုပ်,နာမ် တို့၏ မဖြစ်ခြင်း, မပျက်ခြင်းရှိသောနိဗ္ဗာန်ကို အာရုံညွတ် ကိုင်းစေခြင်း၊ ဤသို့သော ''သစ္စာလေးပါး'' ကို လောကီ ဝိပဿနာပညာဖြင့် မျက်မှောက်ပြုရုံမျှနှင့် ငါသည် လော ကုတ္တရာမဂ်ကို ရလေပြီဟု ထင်မှတ် မှားယွင်းတတ်သည်၊ အဘယ်ကြောင့် နည်းဟူမူ ထိုသို့သော ဉာဏ်မျိုးသည် လောကုတ္တရာစိတ်၏ အဓိပတိ မတပ်သောကြောင့်

တည်း၊ စင်စစ်မူကား "ဂူဠ္ဍသောတာပန်" ပုထုဇ္ဇန် "ကလျာဏ" အနွယ်သို့သက်ရှိမျှသာတည်း။
အဒ္ဓါန ပရိဂ္ဂဟ ပြီး၏။
ပစ္စယ ပရိဂ္ဂဟ,အဒ္ဓါန ပရိဂ္ဂဟဉာဏ်
ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ ပြီး၏။

## ပရိညာသုံးပါးကိုပြခြင်း

မဂ်ဟုတ်သည်မဟုတ်သည်ကို ယုံကြည်ရှိးရင်း နှလုံးသွင်းနိုင်သော"မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ" ကိုကူးမြောက်အားထုတ်လိုသော ကင်္ခါဝိတရဏာဝိသုဒ္ဓိနှင့် ပြည့်စုံပြီးသော ဘာဝနာယောဂီသည် သမ္မသနဉာဏ်ကို လွန်စွာကြိုးပမ်း ထမ်းဆောင်အားထုတ်သောအခါ၌ "ဩဘာသ" စသော ဝိ၁ဿနာ၏ အညစ်အကြေးခေါ် "ဝိပဿနုပက္ကိလေသ" တရားဆယ်ပါးလုံးသော်ရင်း၊ ထိုဆယ်ပါးတို့တွင် တပါးပါးနှင့်သော်ရင်း တွေ့ကြုံသောအခါဝယ် ဤတရားကား လောကုတ္တရာမဂ်မဟုတ်၊ ဩဘာသစသော တရားသာတည်းဟု ကောန်မဂ်ဟုတ်သည် မဟုတ်သည်၌ ဆုံးဖြတ်နိုင်သောဉာဏ်သည် "မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ"မည်၏။
[အာဂုံလိုမူ ဝိသုဒ္ဓိမဂ်မှာယူ။]

ဘာဝနာယောဂီသည် "သမ္မသနဉာဏ်"၊ ဇမ္ဗူဒိပ်ခေါ် "ကလာပ သမ္မသနဉာဏ်"၊ သီဟိုဠ်ခေါ် "နယဝိပဿနာဉာဏ်" ဟူ၍ သုံးမည်ရ သုံးဘွဲ့ခံ သုံးတန်သောအမည်ကို ရသော သမ္မသနဉာဏ်ကို ပွါးများအားထုတ်လိုလတ်သော် ရှေးဦးစွာ လောကီ "ပရိညာ"သုံးပါးကို ပိုင်းခြားဝေဘန်၍ သိအပ်၏၊ ပရိညာသုံးပါးကား—

(၁) "ဥဂ္ဃဋိတညူ" ⎫
(၂) "ဝိပဉ္စိတညူ" ⎬ ဟူ၍ သုံးပါးအပြားရှိ၏။
(၃) "ပဒပရမ" ⎭

(၁) "ဥဂ္ဃာတပရိညာ"
(၂) "တီရဏပရိညာ"
(၃) "ပဟာနပရိညာ"

ဟူ၍ သုံးပါးအပြားရှိ၏။

ထင်ရှားစေအံ့—ထိုသုံးပါးသော ပရိညာတို့တွင် (၁) "ဉာတပရိညာ" ဆိုသည်မှာ ဘာဝနာယောဂီသည် မိမိအာရုံပြုသော ကမ္မဋ္ဌာန်း၏အတွင်း၌ အကျုံးဝင်သော ရုပ်,နာမ် တရားတို့၏ "လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်" တို့၏သဘောကို ကောင်းစွာ သိခြင်းသည်ပင် ဉာတပရိညာမည်၏၊ (၂) "တီရဏပရိညာ" ဆိုသည်မှာ ဘာဝနာယောဂီ၏ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း၏ အာရုံအတွင်း၌ အကျုံးဝင်သော ရုပ်, နာမ် ဓမ္မ သင်္ခါရ တရားတို့ကို "အနိစ္စ, ဒုက္ခ, အနတ္တ" ဟူသော သာမညလက္ခဏာသုံးပါးတို့တွင် တပါးပါးဖြင့်ဖြစ်စေ,သုံးပါးလုံးဖြင့်ဖြစ်စေ သုံးသပ်ဆင်ခြင်သော "အာရမ္မဏိက" ဝိပဿနာပညာဖြင့် ကောင်းစွာ ပိုင်းခြားဆုံးဖြတ်သော သုံးသပ်သောဉာဏ်သည် တီရဏ ပရိညာမည်၏၊ (၃) "ပဟာနပရိညာ" ဆိုသည်မှာ ဘာဝနာယောဂီ၏ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း၏ အာရုံအတွင်း၌ အကျုံးဝင်သော ရုပ်,နာမ် ဓမ္မ သင်္ခါရ တရားတို့ကို လက္ခဏာရေးသုံးပါးဖြင့် သုံးသပ် ဆင်ခြင်သောအခါ "အနိစ္စ" ကို ဆင်ခြင်ခြင်းက "နိစ္စ" ဟူသော သညာ၊ "နိစ္စ" ၌တပ်သော "ဆန္ဒရာဂ, ဒုက္ခ" ကို ဆင်ခြင်ခြင်းက "သုခ" ဟူသောသညာ၊ "သုခ" ၌ တပ်သော "ဆန္ဒရာဂ, အနတ္တ" ကို ဆင်ခြင်ခြင်းက "အတ္တ" ဟူသောသညာ၊ "အတ္တ" ၌ တပ်သော "ဆန္ဒရာဂ" တို့ကို ဥပစာအပ္ပနာ မသက်မီ "တဒင်္ဂပဟာန်" ဖြင့် ပယ်ခြင်း,ဥပ

စာ အပ္ပနာသို့သက်၍"ဝိဏ္ဏနပဟာန်"ဖြင့် ပယ်ခြင်းသည် ပဟာနပရိညာ မည်၏။

[ဝိသုဒ္ဓိမဂ်, ပဋိသမ္ဘိဒါမဂ်,မူလပဏ္ဏာသ အဋ္ဌကထာ။]

ထိုသို့ ပြခဲ့ပြီးသော ပရိညာသုံးပါးတို့တွင် နောက်က ပြခဲ့ပြီးသော ဝိပဿနာ၏ ပုဗ္ဗကိစ္စ လေးပါးတို့၌ ရူပပရိဂ္ဂဟ,နာမပရိဂ္ဂဟ ဟူသော "ဒိဋ္ဌိဝိသုဒ္ဓိ"၊ ပစ္စယ ပရိဂ္ဂဟ, အဒ္ဓါန ပရိဂ္ဂဟဟူသော "ကင်္ခါဝိတရဏဝိသုဒ္ဓိ" နှစ်ပါးတို့ကို အသီးအသီး လက္ခဏာတို့ကို ထိုးထွင်း၍ သိခြင်းသည် အစိုးရလျက်"ဉာတပရိညာ"၏ နယ်မည်၏၊ ရုပ်, နာမ် တရား နှစ်ပါးတို့ကို ကလာပသမ္မသနဉာဏ်သို့ သက်၍ စီးဖြန်းသော ကာလမှစ၍ ဥဒယဗ္ဗယ ဉာဏ်သို့ ဆိုက် ရောက်သည် တိုင်အောင် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိနယ် ကို အလုံးစုံတို့အား ဆက်ဆံသော သာမညလက္ခဏာကို ထိုးထွင်း၍သိခြင်းသည် အစိုးရလျက် "တီရဏပရိညာ"၏ နယ်မည်၏၊ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် အားသန် ထက်မြက်လှ၍ သင်္ခါရတို့၏ ပျက်ခြင်းကိုသာ ထင်၍နေ သော ဘာဝနာယောဂီအား ၎င်းပျက်ခြင်းသည် ဘင်ဉာဏ် မည်၏၊ ထိုဘင် ဉာဏ်မှစ၍ အထက် အထက် ဖြစ်သော ဘယ (ပ) အနုလောမ ဉာဏ်တိုင်အောင် ပဋိပဒါဉာဏ ဒဿန နယ်အတွင်း၌ကား လောကီသစ္စာ,လောကီ အဘိ ညာဏ်, လောကီပဟာန ပရိညာ ဘာဝနာတို့ အား ကောင်း လှသဖြင့် ဆန္ဒရာဂကို ပယ်ဖျောက် နိုင်သော် "ပဟာန ပရိညာ"၏ နယ်မည်၏၊ ထိုသုံးပါးသော ပရိညာ တို့တွင် ဉာတပရိညာ၏ အစီအရင် စသည်ကို ပြခဲ့ပြီး သော ပုဗ္ဗကိစ္စလေးပါးဖြင့် သိအပ်၏၊ တီရဏပရိညာ၏

အစီအရင်ကို ဤဆိုလတ္တံ့သောနည်းကို အစဉ်မှီးသဖြင့် သိအပ်၏။

မှတ်ချက်။ [အနိစ္စစသော လက္ခဏာသုံးပါးကို မဂ်ဖိုလ်သို့ ရောက်ဘို့ရာ ယာဉ်ရထနာနှင့် တူသောကြောင့် ပါဠိလို "ယာနတ္တယ" ဗမာလို လက္ခဏာယာဉ် သုံးပါးဟု ခေါ်၏။]

---

## သမ္မသနဉာဏ်ကို ပြခြင်း

"သမ္မသနဉာဏ်"ဆိုသည်ကား ရုပ်,နာမ် ဓမ္မသင်္ခါရကို အနိစ္စ စသည်ဖြင့် လက္ခဏာ ယာဉ်သို့တင်၍ သုံးသပ်တတ်သော ဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်၏၊ ရှေးဝိသုဒ္ဓိ လေးပါးအခိုက်၌"အနိစ္စ"စသည်မရှုသေး၊"သီလဝိသုဒ္ဓိ" ၌ သီလကိုသာ စင်ကြယ်အောင် အားထုတ်ခဲ့ရ၏၊ "စိတ္တဝိသုဒ္ဓိ"၌ စိတ်စင်ကြယ်၍ သမာဓိရအောင် အားထုတ်ခဲ့ရ၏၊"ဒိဋ္ဌိဝိသုဒ္ဓိ"၌ ရုပ်,နာမ် တရား တို့ကို ပိုင်းခြား၍သိခဲ့ရ၏၊"ကင်္ခါဝိတရဏဝိသုဒ္ဓိ"၌ ရုပ်,နာမ် တို့၏အကြောင်းရင်းကို ရှာဖွေခဲ့၏၊ ယခုအခါ"မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ" ဖြစ်ဘို့ရာ အကြောင်းနှင့်တကွ ပိုင်းခြား၍ သိရပြီးသော တေဘူမက ရုပ်,နာမ် ဓမ္မတို့ကို လက္ခဏာယာဉ်သုံးပါးသို့ တင်၍ သမ္မသနဉာဏ်ဖြင့် သုံးသပ် ဆင်ခြင် ရပေ တော့မည်။

တီရဏ ပရိညာဖြင့် သမ္မသနဉာဏ်မှစ၍ ဥဒယ ဝယ ဉာဏ် ရင့်သန် ကြီးပွါးလျက် ဆယ်ပါးသော ဝိပဿနာ ဉာဏ်ကို ကေန်တိတိ မြင်လိုဘိသော ဘာဝနာယောဂီ သည် အသွယ်သွယ်အဝဝ များပြားလှစွာသော ပွါးများပုံ

နည်းနယတို့တွင် အကျဉ်းမျှသာ ဖြစ်ပေသော သခေ်ပ ဝါရဖြင့် နည်းရရုံပြပေအံ့။

[အကျယ်လိုမူ ပဋိသမ္ဘိဒါမဂ်, ဝိသုဒ္ဓိမဂ်, ယောဂီပါရဂူကျမ်း စသည်တို့၌ ယူတော်မူကြပါကုန်။]

ထိုသခေ်ပဝါရ၌လည်း(၁)''လက္ခဏာဝဝတ္ထာနဝါရ''= ယံကိဉ္စိရူပံ။ ပ။ လက္ခဏာတော ဝဝတ္ထပေတိ- စသည်ဖြင့် လက္ခဏာကို မှတ်သောဝါရ၊ (၂)''ဟေတုဝါရ''=အနိစ္စံ ခယဋ္ဌေန စသည်ဖြင့် လက္ခဏာ တို့၏ အကြောင်းကို ကြားသောဝါရ၊ (၃)''ဟေတုပတိဋ္ဌာပနဝါရ''= အနိစ္စံ, သင်္ခတံ- စသည်ဖြင့် အကြောင်းတို့၏ တည်ရာ ဖြစ်သော အကျိုးကို ကြားသောဝါရ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့ကို သာမညအားဖြင့် ပေါင်းကာ ဝိပဿနာ ဉာဏ် ဆယ်ဖြာကို ပြပေအံ့၊ အဘယ့်ကြောင့် ဆိုသော် ထိုသုံးပါးတို့တွင် လက္ခဏာဝဝတ္ထာနဝါရဖြင့်ပင် လော ကုတ္တရာ တရားထူး ယူနိုင်ပုံကို အနတ္တလက္ခဏာသုတ် စသည်တို့၌ ရှင်တော်ဘုရားဟောကြားတော် မူခြင်းကြောင့် ပေတည်း။

အမှာ။ [ဤပြသတ့ံသော ဝိပဿနာဉာဏ် ဆယ်တန်ကို ပဋိ သမ္ဘိဒါမဂ် ပါဠိတော်,အဋ္ဌကထာတို့နှင့်ကိုက်ညီစွာ အုဋ္ဌဖို ဆရာ တော် စီစဉ်အပ်သော ဝိပဿနာ အမွှန်းသုံးဂါထာနှင့်တကွ ဉာဏ် စဉ်ဆယ်ပါး ပါဌ်အနက်များကို ကျက်မှတ်လွယ်ကူ ကြစိမ့်သောငှါ ၎င်း,အဓိပ္ပါယ်အနက် ကွင်းအကွက်ကို အချက်ကျကျ သိမြင်ရသော် သဘာဝမှန် အမြဲသန့်၍ ကောနတိတိ မဂ်ထိဖိုလ်ရောက် အသိပေါက် ကြ စေခြင်းငှါ၎င်း ထည့်သွင်း၍ပြမည်ဖြစ်ပေ၏။]

## ဝိပဿနာ အမွန်း သုံးဂါထာ

(၁) အနမတဂ္ဂသာဂရေ သဒါ၊
ဘယာဒိကိလ္လေ ဝ အဘူတဘူတာ၊
သဗ္ဗေ တာဝ ပုနပုနာဝတ္တာ၊
ခေမံ ယာဝ စ န ဂမိဿန္တေ။

(၂) ဘယာဒိကိလ္လေပိ တတော ဝ ဆေတွာ၊
ပဒန္တုတြုံ သဇ္ဇိနာပိ ပါရံ၊
ဇဟံဗဟုနော အရိယာပဟိ တေသံ၊
နိဗ္ဗာနသောပါဏမဟာဝိမုက္ခံ။

(၃) တံတံ မဂ္ဂဖလမဂ္ဂံ၊
လက္ခဏာဉာဏာဘာဝနံ၊
အဋ္ဌ သံဝေဂစိတ္တံ ဝ၊
ဘော ဘာဝေတွာ ဘဏာမ တံ။

(၁) သဗ္ဗေ- အသေသကော၊ ကြွင်းမဲ့လုံးစုံ ခပ်သိမ်း ကုန်သော။ အဘူတဘူတာ၊ရုပ်ကိုယ်ခန္ဓာမဲ့ ချို့တဲ့သောအား မထင်ရှားကုန်သော စတုဝေါကာရ အရူပ သတ္တဝါ, ရုပ် ကိုယ်ခန္ဓာများ ဖြစ်သောအားဖြင့် ထင်ရှားကုန်သော ပဉ္စ ဝေါကာရ ကာမ-ရူပ သတ္တဝါ, ဧကဝေါကာရ အသည သတ္တဝါတို့သည်။ ယာဝစ- ယတ္တကံ ကာလံ၊ အကြွင်းမဲ့ လောက် မျက်မှောက်ထင်ထင် သစ္စာဘရား မြတ်လေးပါး ကို ပိုင်းခြားကုန်စင် မမြင်သမျှကာလပတ်လုံးလျှင်။ ခေမံ- အဘယံ၊ ဘေးမရှိမှန် မြတ်နိဗ္ဗာန် သောင်ကမ်းသို့။ နဂမိဿန္တေ၊ ကူးသန်း ထုဘ်ချောက် မရောက်ရကုန် သေး။ တာဝ-တတ္တကံ ကာလံ၊ ထိုသို့ ကူးသန်းထုဘ် ချောက် မရောက်သမျှ ကာလပတ်လုံးပင်။ သဒါ-သဗ္ဗ

ကာလံ၊ ဖြစ်ပျက်ကြီလာ အကမ္ဘာဘာ အခါခါဘိုင်။ ဘယာဒီကိစ္စေ၀၊ ဘ၀အထူးထူး ပြောင်းကူးဖောက်ပြန် ပဋိသန်မကင်း ဆင်းရဲခြင်းဟု ဆိုအပ်သော ဇာတိဒုက္ခ၊ ထင်ရှား, မထင်ရှားသောအားဖြင့် နှစ်ပါးရုပ်ကိုဝ် အိုရခြင်းတည်းဟူသောဇရာဒုက္ခ၊ မန္တာခိဋ္ဌ စသည်ဆယ်ပါး အပြားအားဖြင့် ဖောက်ပြားယွတ်ယို အိုရခြင်းဟုဆိုအပ်သော ၀ယဒုက္ခ၊ ကိုးဆယ် ခြောက်ဖြာ ရောဂါခပင်း နှိပ်စက်ခြင်း တည်းဟူသော ဒုက္ခဒုက္ခ၊ အာယုသက်တမ်း မလှမ်းမဆက် အသက်နှင့်ကိုယ် တိုပျက်ရခြင်း တည်းဟူသော ဝိပရိဏာမ ဒုက္ခ၊ နာမ်, ရုပ်အသက် သုံးချက်ခဏ ငယ် လွယ်ကူပြုန်းတီး ပျက်စီးရခြင်းတည်းဟူသော သင်္ခါရဒုက္ခ၊ လယ်ယာကိုင်းလုပ် မှုဆိုးတံငါ မင်းမှာခ-ညောင်း လူအပေါင်းနှင့် ရောင်း၀ယ်ဖောက်ကား ကုန်ကစား သောသူတို့၏ ဆူလယ်မပျက် အသက်မွေးရန် ရှာကြံရခြင်းတည်းဟူသော ပရိယေသနဒုက္ခ၊ မချစ်သသူ လူနှင့်တကွ ပေါင်းဖော်ရခြင်းတည်းဟူသော အပ္ပိယသမ္ပယောဂဒုက္ခ၊ ချစ်သသူနှင့်ပေ အတူမနေ ကွေကွင်းရခြင်းတည်းဟူသော ပိယဝိပ္ပယောဂဒုက္ခ၊ သမ္ဘုတိ, ခဏ, သမုစ္ဆေဒ အားဖြင့် သုံးပါးသောသေခြင်းဟု ဆိုအပ်သော မရဏဒုက္ခ၊ ဆာလောင်,မွတ်သိပ် အဆိပ်နှင့်မြွေ မီး,ရေ,လက်နက်အားဖြင့် ခုနစ်ပါးသော သေခြင်းဟု ဆိုအပ်သော မရဏဒုက္ခ၊ သလိပ်,သည်းခြေ, လေ, ကြံဒေါသ, အာဟာရ,ဥတု, ဥပက္ကမ, ဝိပါကအားဖြင့် ရှစ်ပါးသော သေခြင်းဟုဆိုအပ်သော မရဏဒုက္ခ၊ ငရဲ, တိရိစ်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါးတို့၌ ကြီးမားသော ဆင်းရဲခြင်း

ဟုဆိုအပ်သော အပါယဒုက္ခ၊ ဩကာသလောက ဘဝ နှောင်အိမ်၌ အပူရှိန်မစဲ ဆင်းရဲအစုံစုံ အဖုံဖုံအခန်းခန်း ဘေးဘျမ်းအပေါင်းတို့သည် ကောင်းစွာ ရောနှောက်၍ ထက်အောက် ချောက်ချားလျက် ဘမ်းစားနှိပ်စက်ရာဖြစ် သော။ အနမတဂ္ဂသာဂရေ၊ အစ, အမြိတ် စွန်း ရိပ်မထင် မမြင်တိမ်မြုပ်သော သမုဒ်အဏ္ဏဝါ သံသရာရေကြော၌။ ပုနပ္ပုနာဝတ္တာ၊ ရှောင်တခင်ခင် စုတ်စုတ်ငင် ဝင်မျော၍ ပေါလောလောကြိမ်ဖန်နှင့် မရဏာသန် ဇောဂါးတန် ကြွေပျက်သဖြင့် ကြောက်မက် လန့်ဘွယ် ကျယ်လောင် လောင်ဟစ်ကြွေးလျက် သေဘေးကြီးကိုယ်စီရောက်ကုန်ပြီ။

(၁) သဇ်နာဝပိ၊ ခြောက်ဆယ့်နှစ်ဖြာ မိစ္ဆာဝါဒ့်ရှိ များ ဒိဋ္ဌိနှင့် ကပ်ငြိပါသဏ္ဌာ ထိုမှတသွန် ငါးပါးမာန်ကို လုပ်ကြံ အောင်မြင် ဘုရားရှင်ဘည့် ဓမ္မဥ္စရ သုံးလောကမျက် မှန် သယမ္ဘူဦး အမှူးလည်းရှိတော်မူကုန်သော။ ဗဟုံဗဟု နော၊ အဋ္ဌမဟာ ငယ်စွာပကတိ မုနိသုံးပါး သရုပ်အား ဖြင့် များမြတ်ကုန်သော။ အရိယာဟိ-အရိယာပနု၊သူခတော် မြတ်စွာ အရိယာ ပုဂ္ဂိုလ်တို့သည်ကား။ တေဘယာဒိ ကိဏ္ဏေပိ၊ ထိုသမုဒ်အဏ္ဏဝါ သံသရာရေကြော၌ ရောနှော ချောက်ချားလျက် ဘမ်းစားနှိပ်စက်ကြကုန်အဖုံဖုံ အခန်း ခန်း ဘေးဘျမ်းအပေါင်းတို့ကိုလည်း။ ဆေတွာဝ၊သမုစ္ဆေဒ ပဟာန် မင်္ဂလေးဉာဏ်သံလျက်ဓားဖြင့် ပယ်ရှားခုတ်ထွင် ၍သာလျှင်။ တတော၊ ထိုသမုဒ်အဏ္ဏဝါ သံသရာရေကြော မှ။ ပါရံ-ဝါဋ္ဌပုဋ္ဌတီရံ၊ ထောက်မှီစွဲလမ်းရာ သောင် ကမ်းသဘွယ်ဖြစ်သော။ ပဒန္တံ၊ ဘေးမရှိမှန် မြတ်နိဗ္ဗာန် သောင်ကမ်းသို့။ ဥတြုံ၊ ကူးမြောက်စုံညီရောက်ကုန်ပြီ။

(၃) ဘောသပ္ပုရိသာ၊ဘာဝနာအလုပ် အားပါးထုတ်လျက် ကိုယ်နှုတ်ပျော့ပျောင်း အို–သူတော်ကောင်းတို့။ အဇ္ဈ-ဣမသ္မိံကာလေ၊စည်းဝေးညီညာ ဤအခါ၌။ တေသံ၊ ထိုသူတော်မြတ်စွာ အရိယာပုဂ္ဂိုလ်တို့၏။ နိဗ္ဗာနသော ပါကာမဟာဝိမောက္ခံ၊ ဝိမောက္ခထူး နိဗ္ဗာန်သောင်ဦးသို့ ကူးမြောက်ရာလမ်းကြောင်း မြစောင်းတန်း ရွှေပြာသာဒ် တံခါး မြတ်သဘွယ်လည်း ဖြစ်ထသော။ တံတံမဂ္ဂဖလမဂ္ဂ၊ ထိုထိုတသင်း ရန်ခပင်းတို့ ပျောက်ကင်းမြုပ်တိမ်၍ ချမ်းငြိမ်သာမောသော မင်္ဂဖိုလ်ဇောရှစ်အင် တန်နွားပျော်စံရာစခန်းခွင်သို့ ရောက်ဝင်ရာစင်စစ် နတ်လမ်းမ သဘွယ်လည်းဖြစ်ထသော။ တံလက္ခဏာဉာဏာဘာဝနံ၊ ထိုဝိပဿနာဉာဏ် ဆယ်တန်ဆင့်ပွါး ဖြစ်အင်များကို။ သံဝေဂစိတ္တံဝ၊ သူငါတို့ကိုယ်ခန္ဓာ သံသရာရေကြော မျောအံ့သောအရေး၌ဘေးဘျမ်းကြီးရောက်သကဲ့သို့ ကြောက်လှသော သံဝေဂစိတ်ကိုသာလျှင်။ ဘာဝေတွာ၊ မိစ္ဆာဟောင်းကွာဉာဏ်ပညာဖြင့် ကောင်းစွာထင်ရှား ပွါးစေကုန်၍။ မယံ၊ ငါတို့သည်။ ဘဏာမ၊ သာယာနှုးညံ့ ရွတ်ဆိုပွါးများ အားထုတ်ကြပါကုန်စို့အံ့။

(၁) ဣဒံ မေ ရူပံ အတီတာ နာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓံ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီ–တံ ဝါ ယံဒူရေ သန္တိကေ ဝါ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခံ၊ အသာရ–ကဋ္ဌေန အနိဿရဋ္ဌေန အ ဝသဝတ္တနဋ္ဌေန အနတ္တာ၊ဝေံ သမ္မာသနံ သမ္မာသနေ ဉာဏံ။

[ရူပက္ခန္ဓာဘို့။]

မေ၊ ငါ၏။ အတီတာနာဂတပစ္စုပ္ပန္နံ၊ ရုပ်၏ခဏတွယ
သို့ရောက်ပြီး, ရောက်လတံ့, ရောက်ဆဲဖြစ်သော။ ယံရူပံ၀ါ၊
အကြင်ရူပက္ခန္ဓာတည်းဟူသော ရုပ်သည်၎င်း။ မေ၊ငါ၏၊
အဇ္ဈတ္တံ၊ မိမိကိုယ်သန္တာန်၌ဖြစ်သော။ယံရူပံ၀ါ၊ အကြင်
ရူပက္ခန္ဓာတည်းဟူသော ရုပ်သည်၎င်း။ မေ၊ငါ၏၊ ဗဟိဒ္ဓံ၊
ဆင်,မြင်း,ကျွဲ,နွား,သား,မြေး,ရွှေရံ, အပသန္တာန်၌ ဖြစ်
သော။ ယံရူပံ၀ါ၊ အကြင်ရူပက္ခန္ဓာတည်းဟူသော ဣန္ဒြိယ
ဗဒ္ဓ, အနိန္ဒြိယဗဒ္ဓရုပ်သည်၎င်း။ မေ၊ ငါ၏။ ဩဠာရိကံ၊
ဝတ္ထုအာရုံ ထိခိုက်ပုံကြောင့် ဖြစ်ပုံထူးဆန်း ကြမ်းတန်း
ရုန့်ရင်းသော။ ယံရူပံ၀ါ၊ အကြင်ရူပက္ခန္ဓာတည်းဟူသော
စက္ခာယတနစသည်အပြား တဆယ့်နှစ်ပါးသော ရုပ်သည်
၎င်း။ မေ၊ငါ၏။ သုခုမံ၊ ဝတ္ထုအာရုံ မဟုတ်ပုံကြောင့် ဖြစ်
ကြံမဆန်း မကြမ်းတန်းသော။ ယံရူပံ၀ါ၊အကြင်ရူပက္ခန္ဓာ
တည်းဟူသော ဣတ္ထိန္ဒြိယ စသည်အပြား တဆယ့်ခြောက်
ပါးသော ရုပ်သည်၎င်း။ မေ၊ ငါ၏။ဟီနံ၊ ကိုယ်စိတ်မသန့်
ယုတ်ညံ့သော။ ယံရူပံ၀ါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူ
သော အနိဋ္ဌရုပ်သည်၎င်း။ မေ၊ ငါ၏။ပဏီတံ၊ ကိုယ်စိတ်
ကြည်ညို အလိုရှိအပ်မြတ်သော။ ယံရူပံ၀ါ၊ အကြင်ရူ
ပက္ခန္ဓာ တည်းဟူသော ဣဋ္ဌရုပ်သည်၎င်း။ မေ၊ ငါ၏။ ဒူ
ရေ၊ သုခုမရုပ် သဘောဟုတ်၍ မုချမထင် မမြင်နိုင်သေး
ခက်ခဲရေးကြောင့် ဝေးသည်ဟု ဆိုအပ်အော။ ယံရူပံ၀ါ၊
အကြင်ရူပက္ခန္ဓာ တည်းဟူသော ဣတ္ထိန္ဒြိယစသည်အပြား
တဆယ့်ခြောက်ပါးသော ရုပ်သည်၎င်း။ မေ၊ငါ၏၊ သန္တိ
ကေ၊ ဩဠာရိကရုပ် ဗျုပ္ပတ်ထူးဆန်း ကြမ်းတန်းခြင်း
ကြောင့် စွဲလမ်းထင်ထင် အမြင်ရင့်သီး နီးသည်ဟု ဆိုအပ်

သော။ ယံရူပံ ဝါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူသော စက္ခာယတန စသည်အပြား တဆယ့်နှစ်ပါးသော ရုပ်သည်ရှင်း။ အတ္ထိ-သန္တိ၊ ထင်ရှားပကတိရှိကုန်၏။ ဇာဒံရူပံ၊ ဤရုပ်အပေါင်းသည်။ ခယတ္ထေန၊ ရွေ့လျောဖောက်လဲ ပျောက်ပဲတတ်သော အနက်သဘောကြောင့်။ ဝယတ္ထေန၊ခန်းခြောက်ပြုန်းတီး ပျက်စီးတတ်သောအနက်သဘောကြောင့်။အနိစ္စံ၊ အတည်အစွဲ အမြဲမရှိပါတကား။ ဘယတ္ထေန၊ ခြင်္သေ့, သစ်,ကျား ဘေးရန်များနှယ် ကြောက်မက်ဘွယ်ဖြစ်သော အနက်သဘောကြောင့်။ ပီဠနတ္ထေန၊ နှိပ်စက်ညှဉ်းပန်း နွမ်းနယ်စေတတ်သော အနက်သဘောကြောင့်။ဒုက္ခံ၊ ငြိုငြင်ဆင်းရဲ သည်းခံနိုင်ခဲစွ တကား။ အသာရကတ္ထေန၊ အနှစ်မရှိ ပုတိညစ်ကြေး ပုပ်ဆွေးတတ်သော အနက်သဘောကြောင့်၊ အနိဿရတ္ထေန၊ စီရင်လွှမ်းမိုး အစိုးမရသော အနက်သဘောကြောင့်။ အ ဝသဝတ္တနတ္ထေန၊လိုရာလိုရပ် မလိုက်တတ်သော အနက်သဘောကြောင့်။ အနတ္တာ၊ ငါဟု သမုတ် ကိုယ်မဟုတ်ပါတကား။ ဧဝံ၊ ဤသို့။ သမ္မသနံ၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ် မည်၏။

(၂) အယံ မေ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ ခယတ္ထေန ဝယတ္ထေန အနိစ္စာ၊ ဘယတ္ထေန ပီဠနတ္ထေန ဒုက္ခာ၊ အသာရကတ္ထေန အနိဿ-

ရပ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ၊ ဝေဝံ သမ္မသနံ သမ္မသနေ ဉာဏံ။

[ဝေဒနာက္ခန္ဓာဘို့။]

မေ၊ ငါ၏။ အတီတာ နာဂတပစ္စုပ္ပန္နာ၊ ခဏတ္တယသို့ ရောက်ပြီး, ရောက်လတံ့, ရောက်ဆဲဖြစ်သော။ ယာဝေဒနာဝါ၊ အကြင် ဝေဒနာက္ခန္ဓာ တည်းဟူသော ဝေဒနာ ခြောက်ပါးသည်ရှင်း။

[ဝေဒနာခြောက်ပါးကား-စက္ခုသမ္ဖဿဇာ ဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ,ကာယသမ္ဖဿဇာဝေဒနာ,မနောသမ္ဖဿဇာဝေဒနာခြောက်ပါးတည်း၊]

မေ၊ ငါ၏။ အဇ္ဈတ္တာ၊ မိမိကိုယ်သန္တာန်၌ ဖြစ်သော။ ယာဝေဒနာဝါ၊အကြင်ဝေဒနာက္ခန္ဓာ တည်းဟူသော ဝေဒနာခြောက်ပါးသည်ရှင်း။ မေ၊ ငါ၏၊ ဗဟိဒ္ဓါ၊ ဆင်, မြင်း, ကျွဲ,နွား,သား,မြေး, ချွေရံ အပသန္တာန်၌ဖြစ်သော။ ယာဝေဒနာဝါ၊ အကြင် ဝေဒနာက္ခန္ဓာတည်းဟူသော ဝေဒနာခြောက်ပါးသည်ရှင်း။ မေ၊ ငါ၏။ ဩဠာရိကာ၊ ရုန့်ရင်းကြမ်းတန်းသော။ ယာဝေဒနာဝါ၊ အကြင်ဝေဒနာက္ခန္ဓာ တည်းဟူသောဝေဒနာခြောက်ပါးသည်ရှင်း။မေ၊ငါ၏။သုခုမာ၊သိမ်မွေ့နူးညံ့သော။ယာဝေဒနာဝါ၊အကြင်ဝေဒနာက္ခန္ဓာ တည်းဟူသော ဝေဒနာ ခြောက်ပါးသည်ရှင်း။ မေ၊ ငါ၏။ ဟီနာ၊ ကိုယ်စိတ်မသန့် ယုတ်ညံ့သော။ ယာဝေဒနာဝါ၊ အကြင်ဝေဒနာက္ခန္ဓာတည်းဟူသော ဝေဒနာခြောက်ပါးသည်ရှင်း။ မေ၊ငါ၏။ ပဏီတာ၊ ကိုယ်စိတ်ကြည်ညို အလိုရှိအပ်မွန်မြတ်သော။ ယာဝေဒနာဝါ၊ အကြင် ဝေဒနာက္ခန္ဓာ

တည်းဟူသော ဝေဒနာခြောက်ပါးသည်ဝင်း။ မေ၊ ငါ၏။ ဒုရေ၊ဇာတိဖြစ်ရေး မတူသေးကြောင့် ဝေးသည်ဟု ဆိုအပ်သော။ယာဝေဒနာဝါ၊အကြင်ဝေဒနာကွန္ဒာတည်းဟူသော ဝေဒနာခြောက်ပါးသည်ဝင်း။ မေ၊ ငါ၏။ သန္တိကေ၊ဇာတိ သဘော တူနှော၍ရင့်သီး၍ နီးသည်ဟုဆိုအပ်သော။ ယာ ဝေဒနာဝါ၊ အကြင်ဝေဒနာကွန္ဒာ ဘည်းဟူသော ဝေဒနာ ခြောက်ပါးသည်ဝင်း။အတ္တိ-သန္တိ၊ ထင်ရှားပကတိ ရှိကုန် ၏။ အယံဝေဒနာ၊ ဤဝေဒနာအပေါင်းသည်။ ခယတ္တေန၊ ရွှေ့လျော ဖောက်လဲ ပျောက်စဲတတ်သော အနက်သဘော ကြောင့်။ဝယတ္တေန၊ခန်းခြောက်ပြုန်းတီး ပျက်စီးတတ်သော အနက်သဘောကြောင့်။ အနိစ္စာ၊ အတည်အစွဲ အမြဲမရှိပါ တကား။ ဘယတ္တေန၊ ခြသေ့်, သစ်, ကျား ဘေးရန်များ နယ် ကြောက်မက်ဘွယ်သော အနက်သဘောကြောင့်။ ပီဠနတ္တေန၊ နှိပ်စက်ညှဉ်းပန်း နွမ်းနယ်စေတက်သော အနက်သဘောကြောင့်။ ဒုက္ခာ၊ငြိုငြင်ဆင်းရဲ သည်းခံနိုင်ခဲစွ တကား။ အသာရကတ္တေန၊အနှစ်မရှိ ပုတိညစ်ကြေး ပုပ် ဆွေးတတ်သော အနက်သဘောကြောင့်။ အနိဿရတ္တေန၊ စီရင်လွှမ်းမိုး အစိုးမရသော အနက်သဘောကြောင့်။ အဝသဝတ္တနတ္တေန၊ လိုရာလိုရပ် မလိုက်တတ်သောအနက် သဘောကြောင့်။ အနတ္တာ၊ ငါဟုသမုတ် ကိုဝ်မဟုတ်ပါ တကား။ ဧဝံ၊ ဤသို့။ သမ္မသနံ၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ သမ္မသနေညာဏ်၊သမ္မသနညာဏ်မည်၏။

(၃) အယံ မေ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ

ခယတ္ထေန ဝယတ္ထေန အနိစ္စာ၊ ဘယတ္ထေန ဝိပ္ပ-
နတ္ထေန ဒုက္ခာ၊ အသာရကတ္ထေန အနိဿရတ္ထေ-
န အ ဝသဝတ္တနတ္ထေန အနတ္တာ၊ ဧဝံ သမ္မသနံ
သမ္မသနေ ဉာဏံ။

[သညာက္ခန္ဓာဘို့၊]

မေ၊ ငါ၏။ အတီတာနာဂတပစ္စုပ္ပန္နာ၊ ခဏတ္တယသို့
ရောက်ပြီး, ရောက်လတံ့, ရောက်ဆဲဖြစ်သော။ ယာသညာ
ဝါ၊ အကြင် သညာက္ခန္ဓာတည်းဟူသော သညာခြောက်
ပါးသည်ရှင်း။

[သညာခြောက်ပါးကား ရူပသညာ, သဒ္ဒသညာ, ဂန္ဓ
သညာ,ရသသညာ,ဖောဋ္ဌဗ္ဗသညာ,မေ္မသညာ၊ ခြောက်ပါး
တည်း။]

မေ၊ ငါ၏။ အဇ္ဈတ္တာ၊ မိမိကိုယ်သန္တာန်၌ဖြစ်သော၊
ယာသညာဝါ၊အကြင် သညာက္ခန္ဓာတည်းဟူသော သညာ
ခြောက်ပါးသည်ရှင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ ဆင်,မြင်း,
ကျွဲ,နွား,သား,မြေး,ချွေရံ အပသန္တာန်၌ဖြစ်သော။ ယာ
သညာဝါ၊ အကြင်သညာက္ခန္ဓာတည်းဟူသော သညာ
ခြောက်ပါးသည်ရှင်း။ မေ၊ ငါ၏။ ဩဠာရိကာ၊ ရုန့်ရင်း
ကြမ်းတန်းသော။ ယာသညာဝါ၊ အကြင် သညာက္ခန္ဓာ
တည်းဟူသော သညာခြောက်ပါးသည်ရှင်း။ မေ၊ ငါ၏။
သုခုမာ၊ သိမ်မွေ့နူးညံ့သော။ ယာသညာဝါ၊ အကြင်
သညာက္ခန္ဓာတည်းဟူသော သညာခြောက်ပါးသည်ရှင်း။
မေ၊ ငါ၏။ ဟီနာ၊ ကိုယ်စိတ်မသန့် ယုတ်ညံ့သော။ ယာ
သညာဝါ၊ အကြင်သညာက္ခန္ဓာတည်းဟူသော သညာ
ခြောက်ပါးသည်ရှင်း။ မေ၊ ငါ၏။ ပဏီတာ၊ ကိုယ်စိတ်

ကြည့်ညို အလိုရှိအပ် မွန်မြတ်သော။ ယာသညာ၀ါ၊ အကြင် သညာက္ခန္ဓာတည်းဟူသော သညာ ခြောက်ပါး သည့်ဝင်း။ မေ၊ ငါ၏။ ဒူရေ၊ ဇာတိဖြစ်ရေး မတူသေး ကြောင့် ဝေးသည်ဟု ဆိုအပ်သော။ ယာသညာ၀ါ၊အကြင် သညာက္ခန္ဓာတည်းဟူသော သညာခြောက်ပါးသည့်ဝင်း။ မေ၊ ငါ၏။ သန္တိကေ၊ဇာတိသဘော တူနှောရင့်သီး၍ နီး သည်ဟုဆိုအပ်သော။ ယာသညာ၀ါ၊ အကြင်သညာက္ခန္ဓာ တည်းဟူသော သညာခြောက်ပါးသည့်ဝင်း။ အတ္ထ-သန္တိ၊ ထင်ရှားပကတိရှိကုန်၏။ အယံသညာ၊ ဤသညာအပေါင်း သည်။ ခယတ္တေန၊ ရွှေလျောဖောက်လဲ ပျောက်စဲတတ် သော အနက်သဘောကြောင့်။ ဝယတ္တေန၊ ခန်းခြောက် ပြုန်းတီး ပျက်စီးတတ်သော အနက်သဘောကြောင့်။ အနိစ္စာ၊ အတည်အစွဲ အမြဲမရှိပါတကား။ ဘယတ္တေန၊ ခြင်္သေ့,သစ်,ကျား ဘေးရန်များနှယ် ကြောက်မက်ဘွယ် သောအနက်သဘောကြောင့်။ပီဠနတ္တေန၊နှိပ်စက်ညှဉ်းပန်း နွမ်းနယ်စေတတ်သော အနက်သဘောကြောင့်။ ဒုက္ခာ၊ ငြိုငြင်ဆင်းရဲ သည်းခံနိုင်ခဲစွတကား။ အသာရကတ္တေန၊ အနှစ်မရှိ ပုတိညစ်ကြေး ပုပ်ဆွေးတတ်သော အနက် သဘောကြောင့်။ အနိဿရတ္တေန၊ စီရင်လွှမ်းမိုး အစိုးမရ သော အနက်သဘောကြောင့်။ အဝသဝတ္တနတ္တေန၊ လိုရာ လိုရပ် မလိုက်တတ်သော အနက်သဘောကြောင့်။ အနတ္တာ၊ ငါဟုသမုတ် ကိုဝ်မဟုတ်ပါတကား။ဝေ၊ ဤသို့။ သမ္မသနံ၊သုံးသပ်ဆင်ခြင်ခြင်းသည်။ သမ္မသနေဉာဏံ၊ သမ္မ သနဉာဏ်မည်၏။

(၄) ဣမေ မေ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယေ ဒူရေ သန္တိကေ ဝါ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေနပီဠနဋ္ဌေန ဒုက္ခာ၊အသာရကဋ္ဌေန အနိဿရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ၊ ဧဝံ သမ္မသနံ သမ္မသနေ ဉာဏံ။

[သင်္ခါရက္ခန္ဓာဘို့]

မေ၊ ငါ၏။ အတီတာ နာဂတ ပစ္စုပ္ပန္နာ၊ ခဏတ္တယ သို့ရောက်ပြီး, ရောက်လတံ့, ရောက်ဆဲဖြစ်ကုန်သော။ ယေ သင်္ခါရာဝါ၊ အကြင်သင်္ခါရက္ခန္ဓာတည်းဟူသော စေတသိက် ငါးဆယ် သင်္ခါရတို့သည်ဇင်း။

[စေတသိက် ၅၂-ပါးတို့ဘွင်ဝေဒနာ,သညာမှကြွင်း သော စေတသိက် ၅၀-တည်း။]

မေ၊ ငါ၏။ အဇ္ဈတ္တာ၊ မိမိကိုယ်သန္တာန်၌ဖြစ်ကုန်သော။ ယေသင်္ခါရာဝါ၊ အကြင် သင်္ခါရက္ခန္ဓာတည်းဟူသော စေတသိက်ငါးဆယ်သင်္ခါရတို့သည်ဇင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ ဆင်,မြင်း, ကျွဲ, နွား, သား, မြေး,ချွေရံ အပသန္တာန်၌ဖြစ် ကုန်သော။ ယေသင်္ခါရာဝါ၊ အကြင် သင်္ခါရက္ခန္ဓာတည်း ဟူသော စေတသိက်ငါးဆယ် သင်္ခါရတို့သည်ဇင်း။ မေ၊ ငါ၏။ ဩဠာရိကာ၊ ရုန့်ရင်းကြမ်းတန်းကုန်သော။ ယေ သင်္ခါရာဝါ၊ အကြင်သင်္ခါရက္ခန္ဓာတည်းဟူသော စေကသိက် ငါးဆယ် သင်္ခါရတို့သည်ဇင်း။ မေ၊ ငါ၏။ သုခုမာ၊ သိမ် မွေ့နူးညံ့ကုန်သော။ ယေသင်္ခါရာဝါ၊ အကြင်သင်္ခါရက္ခန္ဓာ တည်းဟူသော စေတသိက်ငါးဆယ် သင်္ခါရတို့သည်ဇင်း။

မေ၊ ငါ၏။ ဟီနာ၊ ကိုယ်စိတ်မသန့် ယုတ်ညံ့ကုန်သော။ ယေသံ့ါရာဝါ၊ အကြင် သံ့ါရက္ခန္ဓာတည်းဟူသော စေတသိက်ငါးဆယ် သံ့ါရတို့သည်ဧင်း။မေ၊ငါ၏။ပဏီတာ၊ ကိုယ်စိတ်ကြည်ညို အလိုရှိအပ် မွန်မြတ်ကုန်သော။ ယေသံ့ါရာဝါ၊အကြင်သံ့ါရက္ခန္ဓာတည်းဟူသော စေတသိက်ငါးဆယ် သံ့ါရတို့သည်ဧင်း။ မေ၊ ငါ၏။ ဒူရေ၊ ဇာတိဖြစ်ရေး မတူသေးကြောင့် ဝေးသည်ဟု ဆိုအပ်ကုန်သော။ ယေသံ့ါရာဝါ၊ အကြင် သံ့ါရက္ခန္ဓာတည်းဟူသော စေတသိက်ငါးဆယ် သံ့ါရတို့သည်ဧင်း။မေ၊ငါ၏။သန္တိကေ၊ ဇာတိသဘော တူနှောရင့်သီး၍ နီးသည်ဟု ဆိုအပ်ကုန်သော။ ယေသံ့ါရာဝါ၊ အကြင် သံ့ါရက္ခန္ဓာတည်းဟူသော စေတသိက်ငါးဆယ် သံ့ါရတို့သည်ဧင်း။ အတ္တိ-သန္တိ၊ ထင်ရှားပကတိရှိကုန်၏။ ဣမေသံ့ါရာ၊ ဤသံ့ါရအပေါင်းတို့သည်။ခယတ္တေန၊ရွှေလျှောဖောက်လဲ ပျောက်စဲတတ်သော အနက်သဘောကြောင့်။ ဝယတ္တေန၊ ခန်းခြောက်ပြုန်းတီး ပျက်စီးတတ်သော အနက်သဘောကြောင့်။ အနိစ္စာ၊ အတည်အတွဲ အမြဲမရှိပါတကား။ ဘယတ္တေန၊ခြင်္သေ့,သစ်,ကျား ဘေးရန်များနှယ် ကြောက်မက်ဘွယ်သော အနက်သဘောကြောင့်။ ပီဠနတ္တေန၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အဖန်တလဲလဲ နှိပ်စက်ညှဉ်းပန်းနှမ်းနယ်ဒေတတ်သော အနက်သဘောကြောင့်။ ဒုက္ခာ၊ ငြိုငြင်ဆင်းရဲ သည်းခံနိုင်ခဲစွတကား။ အသာရကတ္တေန၊ အနှစ်မရှိ ပုတီညစ်ကြေး ပုပ်ဆွေးတတ်သော အနက်သဘောကြောင့်။ အနိဿရတ္တေန၊ စီရင်လွှမ်းမိုး အစိုးမရသော အနက်သဘောကြောင့်။ အဝသဝတ္တနတ္တေန၊ လိုရာ

လိုရပ်မလိုက်တတ်သောအနက်သဘောကြောင့်။ အနတ္တာ၊ ငါဟုသမုတ် ကိုဝ်မဟုတ်ပါတကား။ ဧဝံ၊ ဤသို့။သမ္မသနံ၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ သမ္မသနေညာဏံ၊ သမ္မသန ညာဏ်မည်၏။

(၅) ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံဝါ ယံ ဒူရေ သန္တိကေ ဝါ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဝိဥ-နဋ္ဌေ န ဒုက္ခံ၊ အသာရကဋ္ဌေန အနိဿရဋ္ဌေန အဝသ ဝတ္တနဋ္ဌေန အနတ္တာ၊ ဧဝံ သမ္မသနံ သမ္မ-သနေ ညာဏံ။

[ဝိညာဏက္ခန္ဓာဘို။]

မေ၊ ငါ၏။ အတီတာနာဂတပစ္စုပ္ပန္နံ၊ ခဏတ္တယသို့ ရောက်ပြီး,ရောက်လတံ့, ရောက်ဆဲဖြစ်သော။ ယံဝိညာဏံ ဝါ၊ အကြင်ဝိညာဏက္ခန္ဓာတည်းဟူသော ဝိညာဏ်ခြောက် ပါးသည်ရင်း။

[ဝိညာဏ် ခြောက်ပါးကား-စက္ခုဝိညာဏ်, သောတ ဝိညာဏ်,ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ် ခြောက်ပါးတည်း။]

မေ၊ ငါ၏။ အဇ္ဈတ္တံ၊ မိမိကိုယ်သန္တာန်၌ ဖြစ်သော။ ယံဝိညာဏံဝါ၊ အကြင် ဝိညာဏက္ခန္ဓာ တည်းဟူသော ဝိညာဏ်ခြောက်ပါးသည်ရင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ ဆင်, မြင်း,ကျွဲ,နွား,သား,မြေး, ချွေရံအပသန္တာန်၌ဖြစ်သော။ယံ ဝိညာဏံဝါ၊ အကြင်ဝိညာဏက္ခန္ဓာတည်းဟူသောဝိညာဏ် ခြောက်ပါးသည်ရင်း။ မေ၊ ငါ၏။ ဩဠာရိကံ၊ ရုန့်ရင်း ကြမ်းတန်းသော။ ယံဝိညာဏံဝါ၊ အကြင် ဝိညာဏက္ခန္ဓာ

တည်းဟူသော ဝိညာဏ်ခြောက်ပါးသည်ရှင်း။ မေ၊ ငါ၏။
သုခုမံ၊ သိမ်မွေ့နူးညံ့သော။ ယံဝိညာဏံဝါ၊ အကြင်ဝိညာ
ဏက္ခန္ဓာတည်းဟူသော ဝိညာဏ် ခြောက်ပါးသည်ရှင်း။
မေ၊ ငါ၏။ ဟီနံ၊ ကိုယ်စိတ်မသန့် ယုတ်ညံ့သော။ ယံဝိညာ
ဏံဝါ၊ အကြင် ဝိညာဏက္ခန္ဓာတည်းဟူသော ဝိညာဏ်
ခြောက်ပါးသည်ရှင်း။ မေ၊ ငါ၏။ ပဏီတံ၊ ကိုယ်စိတ်
ကြည်ညို အလိုရှိအပ် မွန်မြတ်သော။ ယံဝိညာဏံဝါ၊
အကြင် ဝိညာဏက္ခန္ဓာ တည်းဟူသော ဝိညာဏ်ခြောက်
ပါးသည်ရှင်း။ မေ၊ ငါ၏။ ဒူရေ၊ ဇာတိဖြစ်ရေး မတူသေး
ကြောင့် ဝေးသည်ဟုဆိုအပ်သော။ ယံဝိညာဏံဝါ၊ အကြင်
ဝိညာဏက္ခန္ဓာ တည်းဟူသော ဝိညာဏ်ခြောက်ပါးသည်
ရှင်း။ မေ၊ ငါ၏။ သန္တိကေ၊ ဇာတိသဘော တူနှောရင့်သီး
၍ နီးသည်ဟုဆိုအပ်သော။ ယံဝိညာဏံဝါ၊ အကြင်ဝိညာ
ဏက္ခန္ဓာ တည်းဟူသော ဝိညာဏ်ခြောက်ပါးသည်ရှင်း။
အတ္တိ-သန္တိ၊ ထင်ရှားပကတိရှိကုန်၏။ ဣဒံဝိညာဏံ၊ ဤဝိ
ညာဏ်အပေါင်းသည်။ ခယတ္တေန၊ ရွေ့လျော ဖောက်လဲ
ပျောက်စဲတတ်သော အနက်သဘောကြောင့်။ ဝယတ္တေန၊
ခန်းခြောက်ပြုန်းတီး ပျက်စီးတတ်သော အနက်သဘော
ကြောင့်။ အနိစ္စံ၊ အတည် အစွဲ အမြဲမရှိပါတကား။
ဘယတ္တေန၊ ခြင်္သေ့,သစ်,ကျားဘေးရန်များနှယ် ကြောက်
မက်ဘွယ်သော အနက်သဘောကြောင့်။ ပီဠနတ္တေန၊ ဖြစ်
ခြင်း,ပျက်ခြင်းတို့ဖြင့် အဘန်တလဲလဲ နှိပ်စက် ညှဉ်းပန်း
နှမ်းနယ်စေတတ်သော အနက်သဘောကြောင့်။ ဒုက္ခံ၊ ငြိုငြင်ဆင်းရဲ သည်းခံနိုင်ခဲစွတကား။ အသာရကတ္တေန၊ အ
အနှစ်မရှိ ပုတီညစ်ကြေး ပုပ်ဆွေးတတ်သော အနက်သ

ဘောကြောင့်။ အနိယဿရတ္ထေန၊ စီရင်လွှမ်းမိုး အစိုးမရ သောအနက်သဘောကြောင့်။ အဝသဝတ္တနတ္ထေန၊ လိုရာ လိုရာ မလိုက်တတ်သောအနက်သဘောကြောင့် အနတ္တာ၊ ငါ၊ ဟုသမုတ်ကိုင်မဟုတ်ပါတကား။ ဧဝံ၊ ဤသို့။ သမ္မသနံ၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ် မည်၏။

## သုံးသပ်ပုံကား

အတိတ်ဟုဆိုအပ်သော ရှေးဖြစ်ပြီးသော အကြင်ရုပ် သည်ရှိ၏၊ ထိုအတိတ်ရုပ်သည် ထိုအတိတ်ဘဝ၌သာလျှင် ချုပ်ငြိမ်းကုန်ပျောက်လေပြီ၊ ဤပစ္စုပ္ပန်ဘဝသို့ မရောက် လာ၊ သို့ဖြစ်၍ရုပ်သည် ကုန်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့် အနိစ္စမည်၏ဟုဤသို့သုံးသပ်၏။

အနာဂတ်ဖြစ်သော အကြင်ရုပ်သည် အခြားမဲ့ဖြစ်လ တံ့သောဘဝ၌ဖြစ်လတံ့၊ ထိုအနာဂတ်ရုပ်သည်လည်း ထို အခြားမဲ့ဖြစ်သော အနာဂတ်ဘဝ၌သာလျှင် ချုပ်ပျောက် ကုန်ငြိမ်းလတံ့၊ ထိုအနန္တရဘဝမှ အခြားသော နောက်တ ဘဝသို့မသွားလတံ့၊ သို့ဖြစ်၍ ကုန်တတ်ပျက်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့် အနိစ္စမည်၏ဟု ဤသို့ သုံးသပ်၏။

ပစ္စုပ္ပန်ဖြစ်သော အကြင်ရုပ်သည် ရှိ၏၊ ထိုပစ္စုပ္ပန်ရုပ် သည်လည်း ဤပစ္စုပ္ပန်ဘဝ၌သာလျှင်ချုပ်ငြိမ်းကုန်ပျောက် ဆဲဖြစ်၏၊ ဤပစ္စုပ္ပန်ဘဝမှ နောက်ဘဝသို့မသွား၊ သို့ဖြစ်၍ ကုန်တတ်ပျက်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့် အနိစ္စမည်၏ဟု ဤသို့သုံးသပ်၏။

ဤသုံးပါးသော''တိက်'' တရားအတူ နောက်နောက် ဖြစ်သော''ဒုက်လေးပါး''တို့ကိုလည်း အဇ္ဈတ္တသည် ဗဟိဒ္ဓ သို့မရောက်၊ ဗဟိဒ္ဓသည် အဇ္ဈတ္တသို့မရောက်၊ ဩဠာရိက သည် သုခုမသို့မရောက်၊ သုခုမသည်ဩဠာရိကသို့မရောက်၊ ဟီနသည်ပဏီတသို့မရောက်၊ ပဏီတသည်ဟီနသို့မရောက်၊ ဒူရသည်သန္တိကသို့မရောက်၊သန္တိကသည် ဒူရသို့မရောက်၊ မိမိမိမိတို့၏ ဖြစ်ရာ၌သာလျှင် ချုပ်ငြိမ်း၏၊ ထိုဖြစ်ရာမှအ ခြားတပါးသို့မသွား၊ သို့ဖြစ်၍ ကုန်တတ်ပျက်တတ်သော အနက်ကြောင့် အနိစ္စမည်၏ဟု ဤသို့သုံးသပ်၏။

**မှတ်ချက်။** [''တိက်''ဆိုသည်မှာ ပါဠိလို ''တိက'' သုံးခုအ ပေါင်းကိုဆိုသည်၊ ''ဒုက်''ပါဠိလို''ဒုက'' နှစ်ခုအ ပေါင်းကို ဆိုသည်၊ ဤသို့ တိက်တပါး, ဒုက်လေးပါး ပေါင်းပါဠိလို အာကာရ– ဗမာလိုအခြင်းအရာဆယ့်တ ပါးဟုမှတ်။]

---

## လက္ခဏာသုံး၀ ပဓာန

**အနိစ္စ ခယဋ္ဌေန**–ကုန်ခန်း ပျက်စီး တတ်ခြင်းကို ထောက်လျှင် ရုပ်နာမ်တို့၏ မမြဲကြောင်း ထင်ရှားပေ၏၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီးနောက် မပျက် စီးနိုင်ဘဲ ခိုင်မြဲမှသာလျှင် နိစ္စဟုဆိုရာ၏ ၊ယခုမှာ ဖြစ် ပြီးနောက် ဘင်ခဏတွင် ချုပ်ပျောက် ပျက်စီး၏၊ ထို့ ကြောင့် ရုပ်,နာမ်တို့သည် အနိစ္စပါတကား။

**ဒုက္ခံဘယဋ္ဌေန**– မိမိ သန္တာန်၌ရှိသော ရူပက္ခန္ဓာခေါ် ရုပ်တရား ကြီးသည် ကေန် ပျက်ရဦးမည်၊ ပျက်ရမည့် အရာမှန်လျှင်လည်း ကေန်ကြောက်မက်ဘွယ် ကောင်းလှ ၏၊ ရူပက္ခန္ဓာတွင် ပထဝီစသော ဓာတ်ကြီးလေးပါးသည်

မြွေဆိုးကြီး လေးကောင်နှင့် တူ၏၊ ရာဇဝတ်မှ သင့်၍ "မောင်မင်းသည် ဤမြွေဆိုးကြီး လေးကောင်ကို အစာ မှန်မှန်ကျွေး၍ မွေးမြူရမည်၊ အစာကျွေးပုံ မဟန်တဲ့ဘနေ့ မှာအစာကို မကျေနပ်သောမြွေကမောင်မင်းကို ကိုက်သတ် လိမ့်မည်"ဟု အမိန့် ချမှတ် ခံရသူသည် ထိုမြွေဆိုးကြီး လေးကောင်ကို အလွန်ကြောက်ရွံ့စွာ အစာမှန်မှန်ကျွေးရာ မှ သူတို့အလိုမကျသဖြင့် အကိုက်ခံရတော့သကဲ့သို့ ထို့ အတူ ဤဓာတ်ကြီးလေးပါးကို အာဟာရမှန်မှန်ပေးနေရာမှ အာဟာရမတွေ့ခြင်းကြောင့်ဖောက်ပြန်ပျက်စီးလျက် ရောဂါ အမျိုးမျိုး ဖြစ်ကာ သေ,ကြေ, ပျက်စီးကြရ လေသည်၊ သို့အတွက် ဤရုပ်ခန္ဓာသည် ကြောက်စရာဖြစ်၍ ဧကန် ဒုက္ခတုံးကြီးပါတကား၊ ဤသို့စသည်ဖြင့် ရုပ်,နာမ်အားလုံး ဝယ် ကြောက်မက်ဘွယ် ကောင်းသော အချက်တွေများ လှပေ၏။

**အနတ္တာအသာရကဏ္ဍ**— ရှေး၌ ပြခဲ့သော အနိစ္စ ဒုက္ခသာဖြစ်၍ အနှစ်သာရမရှိကြသဖြင့် ရုပ်နာမ်အားလုံး အနတ္တချည်းပါ တကား၊ ဤလက္ခဏာ သုံးပါးသည် တပါးနှင့်တပါး ဆက်သွယ်လျက် ရှိ၏၊ (၁) အနှစ်မရှိသော ကြောင့် မခိုင်မြဲဘဲ ပျက်စီးရ၏၊ ပျက်စီးတတ် သဖြင့် လည်း ကြောက်မက်ဘွယ် ဒုက္ခတုံးဖြစ်၏၊ (၂) မပျက်မစီး ခိုင်မြဲ၍ မဆင်းရဲလိုဘဲလျက် ပျက်စီးရ, ဆင်းရဲရသဖြင့် အစိုးမရ အနတ္တချည်း ဖြစ်၏၊ ဤသို့လက္ခဏာ တပါးနှင့် တပါး ဆက်သွယ်လျက်ရှိသောကြောင့် တပါးမျှကောင်း စွာထင်မြင်လျှင် အခြားလက္ခဏာ နှစ်ပါးလည်း အလိုလို ထင်ရှားလာနိုင် ပေသည်၊ ထို့ကြောင့်—

အနိစ္စသညိနော မေဃိယ အနတ္တ သညာ
သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာနသမုဂ္ဃါတံ
ပါပုဏာတိ၊ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

[နဝင်္ဂုတ္တရ ပါဠိတော် သမ္ဗောဓိဝဂ် မေဃိယသုတ်။]

မေဃိယ၊ အို– ချစ်သားမေဃိယ။ အနိစ္စသညိနော၊ အနိစ္စသညာ တင်လာသော ပုဂ္ဂိုလ်အား။ အနတ္တသညာ၊ အနတ္တဟု ထင်လာမှုသည်။ သဏ္ဌာတိ၊ အလိုလိုသာတည် လာရတော့၏။ အနတ္တသညီ၊ အနတ္တဟု ထင်လာမှုရှိ သောသူသည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ သာလျှင်။ အသ္မိမာန သမုဂ္ဃါတံ၊ ငါဟူသော မာန်မာန ကင်းကွာရခြင်းဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့၊ ပါပုဏာတိ၊ ရောက်လေတော့၏။

ဘုရားသခင် မပွင့်မီကာလ သာသနာပမှာလဲ "အနိစ္စ နှင့်ဒုက္ခ"တရားများ အရှိသားဘဲ၊ "အနတ္တ"သာ မရနိုင် ခြင်းဖြစ်ပါသည်၊သို့အတွက် အနိစ္စနှင့်ဒုက္ခကို ရှုဆင်ခြင်ရန် မလိုဟု ပြောဆိုလေ့ရှိကြပါသည်၊ ထိုသာသနာပ အနိစ္စ နှင့်ဒုက္ခမျိုးမှာ"သမ္မုတိ"အနိစ္စနှင့် ဒုက္ခမျိုးသာ ဖြစ်ကြရ ပါသည်၊ "ပရမတ္ထ" သဘာဝ ယထာဘူတ ကျနသည့် အနိစ္စစစ်,ဒုက္ခစစ် မဟုတ်ဟုမှတ်ပါ။

**ထင်ရှားစေအံ့–"သမ္မုတိအနိစ္စ"** ဆိုသည်မှာ တဘဝ တခါ သေတာမျိုး၊ ယခုနှစ်,ယခုလ,ယခုရက်ရှိ၍ နောက် နှစ်, နောက်လ, နောက်ရက် ကျော် မရှိ၍ ပျက်တာမျိုး စသည်ဖြင့် လူတို့ခေါ်ဝေါ် သမုတ်အပ်သော "သမ္မုတိ" သေရ ပျက်စီးရခြင်းကို မြင်မှ ထင်ကြသည့် အနိစ္စမျိုး

ဖြစ်ပါသည်၊ "သမ္မုတိဒုက္ခ"မှာမူ သက္ကာယ မကောင်းသော ဖျားနာရခြင်း, ပူပန်သောက များရခြင်း, ငရဲ၌ခံရခြင်း, အို-နာ-ကျိုး-ကန်း ရှိရခြင်း စသည်တို့ကို ခေါ်ပါသည်၊ ၎င်း အနိစ္စ, ဒုက္ခမျိုးကိုကား သုံးဆယ့်တဘုံ သားတိုင်းပင် ထင်မြင်သိကြလျက် နေပါသည်၊ "အနတ္တ"ကိုမူ သမ္မုတိ အနေမျိုးမှ မသိမမြင်ကြရဘဲ တငါတည်းသာ ငါ-နေကြ ကာ ဘဝတွေ ကမ္ဘာတွေသာ လဲသော်လည်း ငါကား မပြောင်းမလဲ၊ ဒီတငါတည်းသာ ဘဲဟု ထင်နေ ကြရ၍ ဟိုတုန်းကအနတ္တကိုသာမမြင်ရတာ၊အနိစ္စနှင့်ဒုက္ခကိုတော့ အသိကြရ သားဘဲဟု ကမ္ဘဋ္ဌာန်း ရှုနေဆဲ အတွင်း၌ပင် "ပညတ်,ပရမတ်"မကွဲဘဲ အထင်အမှတ် လွဲနေကြခြင်းပင် ဖြစ်ပါသည်။

ပရမတ်အစစ် ဓာတ်အနှစ်ဖြစ်သော"အနိစ္စ,ဒုက္ခ"ကိုမူ ယခုသာသနာတော် တွင်းမှာပင် သိမြင်နိုင်ရန် ခဲခက် သည်ကို စဉ်းစား၍ကြည့်က သိနိုင်ကြပေရာ၏၊ "အနတ္တ" ကိုမူကား မြတ်စွာဘုရား သာသနာတော်မှအပ သာသ နာပကာလ ဘယ်လိုပညာရှိသော်မှ သမုတ်ခေါ်ဝေါ်ခြင်း ငှါ မစွမ်းနိုင်ကြလေရာ။

အနတ္တလက္ခဏံ ဝိနာ၊ ဗုဒ္ဓုပ္ပါဒါ န ပညာယတိ။

[နဝင်္ဂတ္တရ ဋီကာ။]

ဗုဒ္ဓါပ္ပါဒါ၊ မြတ်စွာဘုရား ထင်ရှားစွာ ပွင့်တော်မူ သော ဗုဒ္ဓုပ္ပါဒ နဝမခဏကို။ ဝိနာ၊ ကြဉ်ထား၍၊ အနတ္တ လက္ခဏံ၊ အနတ္တ လက္ခဏာသည်။ နပညာ ယတိ၊ မသိ မမြင် မထင်နိုင်ချေ၊

ဤ"ဋီကာဆရာ" ဖွင့်ပြတော်မူလိုရင်းမှာ ဘုရားသခင် ပွင့်တော်မူပါမှ သဏ္ဍာယ ဒိဋ္ဌိကွယ်ပကာ အနတ္တကို ထင် မြင်နိုင်ပေသည်ဟုဆိုလို၏၊ မှန်လှပါပေသည်-စင်စစ်သော် ကား ထိုသာသနာ ပ သိလာကြရသည့် သမ္မုတိသစ္စာ အနိစ္စ,ဒုက္ခမျိုးမှာ အနတ္တအစစ်ကို မမြင်နိုင်ပါ၊ ပရမတ္ထ သဘာဝ ယထာဘူတ ကျန်သည့် အနိစ္စ,ဒုက္ခမှာ မျက်စိ တမှိတ်ခန့် ကာလ အတွင်းမှာပင် "ရုပ်"က ကုဋေ ငါး ထောင်ကျော်၊ "နာမ်"က ကုဋေတသိန်း ဖြစ်ပျက်နေတဲ့ ခဏိက အနိစ္စနှင့် ခဏိက မရဏ ဒုက္ခသာလျှင် ဖြစ်ပါသည်၊ ထိုခဏိက အနိစ္စနှင့် ခဏိက မရဏ ဒုက္ခသာလျှင် တခဏ ကလေးမျှ တားမရ ဆီးမနိုင် ငါမပိုင် အစိုးမရသည့် အနတ္တလက္ခဏာ အစစ် ဖြစ်ပါသည်။

အနတ္တ လက္ခဏေ ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံ နာမ။
[နဝင်္ဂုတ္တရ ဋီကာ။]

အနတ္တလက္ခဏေ၊ အနတ္တလက္ခဏာကို၊ ဒိဋ္ဌေ၊ မြင် သည်ရှိသော်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို၊ ဒိဋ္ဌံနာမ၊ မြင်သည်မည် ၏။

ထို့ကြောင့်–အနတ္တအစစ်ကို မြင်ပါမှ နိဗ္ဗာန်ကို မြင် ကြောင်း ဤဋီကာဖြင့် ထင်ရှားလှပေ၏၊ ထိုအနတ္တစစ်ကို လည်း အနိစ္စ စစ်ကိုမြင်ပါမှ ထင်မြင်နိုင်ကြောင်း ပြခဲ့ပြီး သော "မေဃိယသုတ်" တွင် ရှင်တော်မြတ်ဘုရား မှတ် တမ်းတင်ထားသည်ကို ထောက်ဆကာ သိမြင်နိုင်ရာ၏။ ထို့ကြောင့်"အနိစ္စ,ဒုက္ခ,အနတ္တ"ဟု လက္ခဏာ သုံးခုကို အ ဆီညှစ်၍ အနှစ်ကိုထုတ်ယူသော် ဖြစ်ခြင်း, ပျက်ခြင်းပင်

တည်း၊ ထိုဖြစ်,ပျက်ရခြင်းသည် မမြဲခြင်းကြောင့် တည်း၊ မမြဲသည်ကို အနိစ္စဟုဆို၏၊ထို့ကြောင့် အနိစ္စသည်သာလျှင် ရှေးဦးစွာပင် သိရရန် "ပဓာန" လိုရင်း တရားဖြစ်ကြောင်း ပရမတ္ထဒီပနိဋီကာ ကမ္မဋ္ဌာန်းပိုင်း၌—

> ဝိသေသတော ပန ရူမသ္မိံ ဉာဏော အနိစ္စ-
> လက္ခဏာဒဿနမေဝ ပဓာနံ၊ တသ္မိံ ဒိဋ္ဌေယေဝ
> ဣတရာနိ ကမေန ဒိဋ္ဌာနိ ဟောန္တိ။
>
> [ပရမတ္ထ ဒီပနိဋီကာ။]

ဝိသေသတော ပန၊ အထူးအားဖြင့်ကား။ ရူမသ္မိံဉာဏော၊ ဤဝိပဿနာဉာဏ်အရာ၌။ အနိစ္စလက္ခဏာ ဒဿနမေဝ၊ အနိစ္စလက္ခဏာကိုမြင်ခြင်းသည်သာလျှင်။ ပဓာနံ၊ လိုရင်းဖြစ်သော ပဓာနသဘောသည်။ဟောတိ၊ဖြစ်၏။တသ္မိံ၊ ထိုအနိစ္စလက္ခဏာကို။ ဒိဋ္ဌေယေဝ၊ မြင်အပ်သော်သာလျှင်။ဣတရာနိ၊ ဤမှတပါးသော ဒုက္ခ, အနတ္တလက္ခဏာ တို့ကို။ ကမေန၊ အစဉ်အားဖြင့်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မှန်လှပါပေသည်-လက္ခဏာရေး သုံးပါးတွင် တပါးမြင်လျှင် ကြွင်းနှစ်ပါးလည်း တပါတည်း မြင်ကြောင်းကို အင်္ဂုတ္တရ အဋ္ဌကထာဆရာ မိန့်မှာတော်မူသည်မှာ—

> ဧတေသု တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ
> ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ၊ တေန ဝုတ္တံ အနိစ္စ
> သညိနော မေဃိယ အနတ္တသညာ သဏ္ဌာ-
> တီတိ။

ဧတေသု တီသု လက္ခဏေသု၊ ဤသုံးပါးသောလက္ခဏာ တို့တွင်။ ကေသဉ္စိ၊ တပါးကို။ ဒိဋ္ဌေ၊ မြင်အပ်သည်ရှိသော်။ ဣတရဒွယံ၊ ဤမှတပါး အကြွင်းနှစ်ပါးကို။ဒိဋ္ဌမေဝ၊ အလိုလိုထင်မြင်ပြီး ဖြစ်လေတော့သည်။ ဟောတိ၊ဖြစ်၏၊တေန၊ ထို့ကြောင့်၊ အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတီတိ၊- သဏ္ဌာတိဟူ၍။ ဝုတ္တံ၊ မြတ်စွာဘုရား မိန့်ကြားတော်မူအပ်၏။

လက္ခဏာရေး—သုံးပါးတွင် တပါးကိုတော့ မြင်ပါပြီး၊ သုံးပါးစလုံးတော့မြင်လာရန် ရှုတုန်းပါဘဲဆိုလျှင် ထိုမြင်သောလက္ခဏာသည် အစစ်မဟုတ်၊ တပါးသူပြော၍ ရောင်ဝါးကာ ထင်မြင်သော လက္ခဏာဟုမှတ်၊ပရမတ်စစ်လျှင် တပါးမြင်က သုံးပါးစလုံးမြင်ပြီး ဖြစ်ရတော့၏၊ အဘယ်ကြောင့်ဆိုပါသော် သုံးပါးလုံး "ဖြစ်,ပျက်"ချည်းပင် ဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် အနိစ္စကတမျိုး,ဒုက္ခကတဖုံ,အနတ္တက တပါးတုံဟု ဆိုရသော တရားမျိုးမဟုတ်၊ တရားကိုယ်မှာ တခုတည်း၊ လက္ခဏာသာကွဲသည်ဟုမှတ်၊ သို့ရာတွင် "အနိစ္စ"ကပို၍ ထင်ရှားသောအခါ,"ဒုက္ခ"က ပို၍ထင်ရှားသောအခါ, "အနတ္တ"ကပို၍ ထင်ရှားသော အခါထင်ရှား၏၊ ထို့ကြောင့် လက္ခဏာရေး တပါးတည်း နှင့် နိဗ္ဗာန်မရောက်၊ သုံးပါးလုံး ထင်ရှားပြီးမှ ရောက်ကြောင်းမမှတ်သင့်ကြောင်း အဋ္ဌကထာ၌—

ကေလက္ခဏာဒဿနမတ္တေနေဝ ဟိ မဂ္ဂဝုဋ္ဌာနံ နာမ န ဟောတိ။

ဟိသစ္စံ၊ မှန်လှပါပေ၏။ ကေလက္ခဏာဒသနမတွေ့ နေဝ၊ တပါးတည်းသော လက္ခဏာကို မြင်ကာမျှဖြင့်သာ လျှင်။ မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်ဟုဆိုအပ်သောထခြင်းမည်သည် နဟောတိ၊ မဖြစ်။

ထို့ကြောင့်—သုံးပါးလုံးကိုထင်မြင်မှသာလျှင် မဂ္ဂဝုဋ္ဌာနဖြစ်နိုင်၏ဟု အသေအချာမှတ်၊ သို့သော်လည်း အထူးကြောင့်ကြ စိုက်ရတော့သည်မဟုတ်၊ မမြဲတာမြင်တော့ ဆင်းရဲထင်၍၊ မမြဲလို့ဆင်းရဲတော့ အစိုးမရတာကို အလိုလိုသိ၍၊ ထို့ကြောင့် တပါးကိုထင်မြင်ပါလျှင် ကြွင်းနှစ်ပါးသည်လည်း လွယ်ကူစွာ ထင်မြင် လာရပေတော့သတည်း။

ဤလက္ခဏာယာဉ်သုံးပါးကုန် သဘောပေါက်ပြီး ဘာဝနာယောဂီသည် "မဂ္ဂဝုဋ္ဌာန" ဖြစ်လုဆဲဆဲ ရှေးအဘို့၌ တချိန်တည်း ပုဂ္ဂိုလ်၏ အာဘောဂ နှလုံးသွင်းသုံးမျိုးမဖြစ်နိုင်၊ အနိစ္စဟု နှလုံးသွင်းနေစဉ် မဂ်ကိုရအံ့၊ ထိုမဂ်သည် "အနိမိတ္တမဂ်"ဟုခေါ်၏၊ ဒုက္ခဟူ၍ နှလုံးသွင်းနေစဉ် ရသောမဂ်ကို "အပ္ပဏိဟိတမဂ်"ဟုခေါ်၏၊ အနတ္တဟူ၍ နှလုံးသွင်းနေစဉ် ရသောမဂ်ကို "သုညတမဂ်"ဟုခေါ်၏၊ တရားကိုယ်အားဖြင့် တူညီသော်လည်း ပုဂ္ဂိုလ်၏ ထင်ရှားစွဲမြဲသော "အာဘောဂ-နှလုံးသွင်း"ကို လိုက်၍ မဂ်၏ အမည် သုံးပါးဖြစ်ရလေသတည်း။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

[ဓမ္မပဒပါဠိတော် မဂ္ဂဝဂ် အနိစ္စလက္ခဏာဝတ္ထု။]

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ရုပ်, နာမ် ဓမ္မ သင်္ခါရတို့သည်၊ အနိစ္စာ၊ အတည်အတံ့ အမြဲမရှိကြလေကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်။ ပဿတိ၊ ရှုမှတ်၏။ အထ၊ ထိုသို့ရှုမှတ်နိုင် သည်ရှိသော်။ ဒုက္ခေ၊ ဖြစ်ခြင်း, ပျက်ခြင်း, ဆင်းရဲရခြင်း ဒုက္ခအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်းငြီးငွေ့၍ လာလေ တော့၏။ သေ-သော၊ ဤသို့ ပျင်းမုန်းငြီးငွေ့၍ လာခြင်း သည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ လွတ်ကင်းစင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းစင်စစ် ကေန် ပင် ဖြစ်လေတော့၏တကား။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂေါ ဝိသုဒ္ဓိယာ။

[ငင်းဒုက္ခလက္ခဏာဝတ္ထု။]

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ရုပ်, နာမ် ဓမ္မ သင်္ခါရတို့သည်။ ဒုက္ခာ၊ ဖြစ်ကမှန်စွာ ပျက်တတ်ရာသော သဘောကြောင့် ဆင်းရဲအတိသာ ဖြစ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာဉာဏ် ပညာဖြင့်။ ပဿတိ၊ ရှုမှတ်၏။ အထ၊ ထိုသို့ ရှုမှတ်နိုင်သည်ရှိ သော်။ ဒုက္ခေ၊ ဖြစ်ခြင်း, ပျက်ခြင်း, ဆင်းရဲရခြင်း ဒုက္ခ အပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်းငြီးငွေ့၍ လာလေတော့၏။ သေ-သော၊ ဤသို့ပျင်းမုန်းငြီးငွေ့၍ လာခြင်းသည်၊ ဝိသုဒ္ဓိ ယာ၊ ကိလေသာလွတ်ကင်း စင်ကြယ်ခြင်း၏၊ မဂ္ဂေါ၊ နိဗ္ဗာန်

ရောက်ကြောင်း လမ်းကောင်းစင်စစ် ကေနပ်ပင် ဖြစ်လေတော့၏တကား။

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

[ဓမ္မပဒ အနတ္တလက္ခဏာဝတ္ထု။]

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ သင်္ခတာ, သင်္ခတ ဓမ္မအပြား တရား အပေါင်းတို့သည်။ အနတ္တာ၊ အတ္တ သဘာဝမဟုတ်ကြလေကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင် အခါ၌။ ပညာယ၊ ဝိပဿနာဉာဏ်ပညာဖြင့်။ ပဿတိ၊ ရှုမှတ် ၏။ အထ၊ ထိုသို့ရှုမှတ်နိုင်သည်ရှိသော်။ ဒုက္ခေ၊ ဖြစ်ခြင်း, ပျက်ခြင်း,ဆင်းရဲရခြင်းဒုက္ခအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်း ငြီးငွေ့၍လာလေတော့၏။ ဧသ-ဧသော၊ ဤသို့ ပျင်းမုန်းငြီး ငွေ့၍လာခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ လွတ်ကင်း စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန် ရောက်ကြောင်း လမ်း ကောင်းစင်စစ် ကေနပ်ပင်ဖြစ်လေတော့၏ဘကား။

---

## အတီတတိတ်

ထိုကဲ့သို့ပြခဲ့ပြီးသော "တိက်"တပါး၊ "ဒုက်" လေး ပါး၊ပေါင်း(၁၁)ပါးသော အာကာရအခြင်းအရာတရား သည် (၁)"အဒ္ဓါ"၊ (၂)"သန္တတိ"၊ (၃)"သမယ"၊ (၄)"ခဏ" ဟူ၍ လေးပါးပြားပေ၏၊ ထင်ရှားစေအံ့- (၁)"အဒ္ဓါ"ဆိုသည်မှာ ယခုဘဝ၏ ရှေးရှေးဘဝအစွန်နှ ကာလ၌ဖြစ်သော အတိတ်ရုပ်သည် အဒ္ဓါ အတိတ်ရုပ်မည်

၏၊ စုတိစိတ်၏ နောက်တဘ၀ အခွန့်ကာလရုပ်သည် အဒ္ဓါ အနာဂတ်ရုပ်မည်၏၊ စုတိပဋိသန္ဓေနှစ်ခုအကြား တဘ၀၏ အခွန့်ကာလရုပ်သည် အဒ္ဓါပစ္စုပ္ပန်မည်၏၊(၂)"သန္တတိ" ဆိုသည်မှာ သဘောတူတခုတခုသော ဥတုကြောင့်ဖြစ်သော ရုပ်သည်၎င်း, တခုတခုသော အာဟာရကြောင့်ဖြစ်သော ရုပ်သည်၎င်း ၎င်းတဥတု အာဟာရတခုအတွက် ရုပ်တို့၏ ဖြစ်ခြင်းအစဉ်တခုသည် သန္တတိပစ္စုပ္ပန်မည်၏၊ ထို့အတူ ရှေး၌ဖြစ်သော ရုပ်အစဉ်တခုသည် သန္တတိအတိတ်မည် ၏၊ နောက်၌ဖြစ်သော ရုပ်အစဉ်တခုသည် သန္တတိ အနာ ဂတ်မည်၏၊ စိတ္တဇ၌ကား တခုသောဝီထိ,တခုသော ဇော ဖြင့် ပိုင်းခြား၍ယူလေ၊ ကမ္မဇအတွက် အထူးမဖွဲ့ကောင်း၊ စိတ်, ဥတု, အာဟာရတို့၏ အထောက်အပံ့မျှသာရှိ၏၊ (၃) "သမယ"ဆိုသည်မှာတခုသောခဏ တနံနက်,တနေ့, တညဥ့်စသည်ဖြင့် တခုတခုသော အခါအတွင်း၌ဖြစ်သော ရုပ်သည် သမယပစ္စုပ္ပန်မည်၏၊ ၎င်းတခုတခုသောအခါမှ ရှေးဖြစ်သောရုပ်သည် သမယ အတိတ်မည်၏၊ ၎င်းနည်း တူ နောက်နောက်အခါ၌ဖြစ်သောရုပ်သည် သမယ အနာ ဂတ်မည်၏၊ သမယ ယူရာ၌လည်း မျက်စိ တမှိတ်ကစ၍ ယူလေ။

(၄) "ခဏ"ဆိုသည်မှာ ဥပါဒ် , ဋ္ဌီ, ဘင် သုံးခုတို့၏ အပေါင်း၌ အကျုံးဝင်သောရုပ်သည် ခဏပစ္စုပ္ပန်မည်၏၊ ၎င်းဥပါဒ်၏ ရှေး၌ဖြစ်သောရုပ်သည် ခဏအတိတ်မည်၏၊ ဘင်၏နောက်၌ဖြစ်သော ရုပ်သည် ခဏအနာဂတ်မည်၏၊ ဤလေးပါးတို့တွင် ယခုပြခဲ့ပြီးသောခဏအတိတ်, အနာ ဂတ်, ပစ္စုပ္ပန်သည်သာလျှင် မုချစကားမျိုးဖြစ်၍ ဤကမ္မ

ဠာန်းကို စီးဖြန်းသောအရာ၌ မုချအလိုရှိအပ်ပေ၏၊ အဠါ စသောသုံးပါးတို့ကို ဥပစာစကားမျိုးဖြစ်၍ ဥပစာဖြင့် သာအလိုရှိအပ်ပေ၏။

[ဝိဘင်းအဋ္ဌကထာ၊]

---

## အဇ္ဈတ္တဒုက်

"အဇ္ဈတ္တ,ဗဟိဒ္ဓ" ဖြစ်သောဒုက်၌ အဇ္ဈတ္တသည် (၁) "ဂေါစရဇ္ဈတ္တ"၊(၂)"နိယကဇ္ဈတ္တ"၊(၃)"အဇ္ဈတ္တဇ္ဈတ္တ"၊ (၄)"ဝိသယဇ္ဈတ္တ" ဟူ၍ လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် (၁)အကြင်ဘာဝနာယောဂီသည် သမာဓိ၏ အာရုံဖြစ်သောကမ္မဋ္ဌာန်း၌ ကာမာဝစရကုသိုလ်,ကြိယာစိတ်တို့ဖြင့် ထိုက်သည်အားလျော်စွာ မွေ့လျော်သောကောင်းစွာတည်ကြည်သောစိတ်သည် "ဂေါစရဇ္ဈတ္တ" မည်၏၊ (၂) မိမိသန္တာန်၌ အကျုံးဝင်သော၊ ဝါ-မိမိကိုစွဲ၍ ဖြစ်သောသင်္ခါရတရားတို့၌မှုလည်း ဤတရားတို့ကားသင်္ခါရတို့သာတည်း၊ "သတ္တ,ဇီဝ" မဟုတ်ဟု ရှုလေ့ရှိသည်ဖြစ်၍ နေသောစိတ်သည်"နိယကဇ္ဈတ္တ"မည်၏၊ (၃)ခြောက်ပါးကုန်သော အပေါင်းဖြစ်သော နိယကဇ္ဈတ္တ၌ ဖြစ်ကုန်သော၊ ဝါ-အပေါင်းဖြစ်သော နိယကဇ္ဈတ္တ၌အစိတ်အဖြစ်ဖြင့် တည်ကုန်သော အာယတနတို့သည် "အဇ္ဈတ္တဇ္ဈတ္တ" မည်၏၊ (၄)အကြင်အရိယာသူမြတ်တို့သည် အလုံးစုံသော ရူပါရုံစသော သင်္ခတနိမိတ်တို့ကို နှလုံးမမူခြင်းကြောင့်၎င်း, နိဗ္ဗာန်ဟူသောအသင်္ခတနိမိတ်ကိုသာလျှင် နှလုံးမူခြင်းကြောင့်၎င်း အစိုးရသောအရာဖြစ်၍ဖြစ်သော အကြင်

သုညတဖလသမာပတ်ကို ပြည့်စုံစေ၍ နေနိုင်သော အရိယာသူမြတ်သည် "ဝိသယဋ္ဌ" မည်၏။

[အဋ္ဌသာလိနီ၊]

ထို"အဋ္ဌ"လေးပါးတို့တွင် သမာဓိ၏နယ် စိတ္တဝိသုဒ္ဓိ၏အတွင်း သမထအရာ "ဂေါစရဋ္ဌ" ကို အလိုရှိအပ်၏၊ ပုဗ္ဗကိစ္စကို သိမ်းဆည်းသည်မှစ၍ ဝိပဿနာဉာဏ် ဆယ်တန်တို့အတွင်း၌ "နိယကဋ္ဌ"ကိုအလိုရှိအပ်၏၊ အရိယာဘုံသို့တက်ပြီးသော်လည်း ဝိပဿနာတို့ကိစ္စကို အထက်မဂ်အလို့ငှါ အားထုတ်သော ဘာဝနာယောဂီအား လည်းဧင်းနိယကဇ္ဈတ္တသည်ပင်၊ ထို့ကြောင့် ဝိပဿနာ အရာနိယကဇ္ဈတ္တကို အလိုရှိအပ်၏၊ ဒိဋ္ဌဓမ္မဝိဟာရ အကျိုးငှါ အကြင်အခါ၌ သုညတဖလ သမာပတ်ကို ဝင်စား၏၊ ထိုအခါ"ဝိသယဋ္ဌ" ကို အလိုရှိအပ်၏၊ သူ့နေရာနှင့်သူ ထက်မြက် ကြပေ၏၊ ဤအဇ္ဈတ္တလေးပါးတို့တွင် ဤ ဝိပဿနာဉာဏ်၏အရာ"နိယကဋ္ဌ"ကိုသာအလိုရှိအပ်၏။

[အဋ္ဌသာလိနီ။]

မိမိသည် စီးဖြန်းအားထုတ်သော"နိယကဋ္ဌ"အာရုံဖြစ်သော ရုပ်တရားဖြစ်စေ, နာမ်တရားဖြစ်စေ ထိုကမ္မဋ္ဌာန်း၏ အာရုံမှတပါး ရုပ်ဗဟိဒ္ဓ, နာမ်ဗဟိဒ္ဓ တို့သည် ဖွဲ့သည်လည်း ဖြစ်ကုန်သော မဖွဲ့သည်လည်း ဖြစ်ကုန်သော သင်္ခါရတရားတို့သည် "ဗဟိဒ္ဓ"မည်သော တရားတို့မည်ကုန်၏။

[အဋ္ဌသာလိနီ။]

## ဩဠာရိက ဒုက်

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ ဟု ဆိုအပ်သော ပထဝီ, တေဇော, ဝါယော အားဖြင့် ပေါင်း (၁၂)ပါးသော ရုပ်တို့သည် ဝိသယီ, ဝိသယ ဖြစ်၍ ထိခိုက် သည်၏ အစွမ်းဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် "ဩဠာရိကရုပ်" မည်၏၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, ဟဒယဝတ္ထု, ဩဇာ, အာကာသ, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့်ပေါင်း (၁၆)ပါးသောရုပ်တို့သည် ဝိသယီ, ဝိသယဖြစ်၍ ထိခိုက်သည်၏ အစွမ်းဖြင့် မယူအပ်သည်၏ အဖြစ်ကြောင့်"သုခုမရုပ်" မည်၏။

[ဝိသုဒ္ဓိမဂ်,ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။]

မှတ်ချက်။ [ကမ္မဋ္ဌာန်း စီးဖြန်းသော လက္ခဏာစသော အာရုံသည် ဝိသယမည်၏၊စီးဖြန်းသောစိတ်သည် ဝိသယီ မည်၏။]

---

## ဟီန ဒုက်

ထို"ဟီန,ပဏီတ"သည် ပရိယာယ, နိပ္ပရိယာယ ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အကနိဋ္ဌ ဗြဟ္မာတို့ ရုပ်သည် ပဏီတ၊ သုဒဿီ ဗြဟ္မာတို့ ရုပ်သည် ဟီန၊ ထို့အတူ အောက်အောက် သတ္တဝါတို့ ရုပ်သည် ဟီန၊ အထက် အထက်ဖြစ်သော သတ္တဝါတို့ ရုပ်သည် ပဏီတ၊ ဤအတိုင်း အယုတ် အမြတ်ကို အဝိစိကျအောင် ပရိ

ယာယ် အားဖြင့် သိအပ်၏၊ မုချအားဖြင့် သော်ကား အကြင်အကြင် အာယတနဖြစ်၍ ဖြစ်သောရုပ်၌ အကု သိုလ်၏ အကျိုးကြောင့် ဖြစ်သော ဝိညာဏ်သည် ဖြစ်၏၊ ထို အကုသလဝိပါက် ဝိညာဏ်၏ အာရုံဖြစ်သော ရုပ် သည် ဟီနရုပ်မည်၏၊ အကြင်အကြင် အာယတန ဖြစ်၍ ဖြစ်သောရုပ်၌ ကုသိုလ်၏ အကျိုးကြောင့် ဖြစ်သော ဝိညာဏ်သည် ဖြစ်၏၊ ထိုကုသလဝိပါက် ဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည် ပဏီတရုပ် မည်၏။

[ပဋိသမ္ဘိဒါမဂ်, ဝိသုဒ္ဓိမဂ်,သမ္မော အဋ္ဌကထာတို့မှ။]

---

## ဒူရ ဒုက်

ယခင်"ဩဠာရိကဒုက်၌ ဆိုခဲ့ပြီးသော အကြင်"သုခုမ" ရုပ်သည်ရှိ၏၊ ထိုသုခုမ ရုပ်သည်ပင်လျှင် သိမ်မွေ့သည် ဖြစ်၍ ထိုးထွင်း၍ သိနိုင်ခဲသော သဘောရှိသည်၏ အဖြစ် ကြောင့် ဉာဏ်နှင့်ဝေးသည်ဖြစ်၍"ဒူရ"ရုပ်မည်၏၊ ဤသုခု မရုပ်မှ တပါးသော တဆယ့် နှစ်ပါးသော ဩဠာရိက ရုပ်သည် ရှုနိုင်းသည် အဖြစ်ဖြင့် ထိုးထွင်း၍ သိလွယ် သော သဘော ရှိသည်၏ အဖြစ်ကြောင့် ဉာဏ်၏ အနီး၌ ဖြစ်၍"သန္တိကေ"ရုပ် မည်၏။

[ပဋိသမ္ဘိဒါမဂ်, ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။]

နာမက္ခန္ဓာ လေးပါးတို့၏ အတိတ်စသော တဆယ့် တပါးသော အခြင်းအရာတို့ကိုကား ဝေဒနာတပါး ပြက ကွင်းသုံးပါး သိနိုင်လောက်သောကြောင့် ဝေဒနာက္ခန္ဓာ တပါးကို ပြပေအံ့၊ ထိုနာမက္ခန္ဓာ လေးပါးတို့တွင် ဝေဒ

နာဂန္ဓာ၌ အတိတ်စသည်တို့ကား"သန္တတိခဏ"၏ အစွမ်း အားဖြင့် နှစ်ပါးသာ ရထိုက်၏၊ ထိုတွင် တခုသောဝီထိ, တခုသောအာရုံအတွင်း၌ ဖြစ်သောဝေဒနာသည် သန္တတိ ပစ္စုပ္ပန်မည်၏၊ ၎င်းတဝီထိ, တအာရုံ၏ ရှေး၌ဖြစ်သော ဝီထိအာရုံ၌ယှဉ်သော ဝေဒနာသည် သန္တတိ အတိတ် မည်၏၊ ၎င်းနည်းတူ နောက်၌ဖြစ်သော ဝေဒနာသည် သန္တတိ အနာဂတ်မည်၏။

ဥပါဒ်, ဌီ, ဘင် အစွမ်းဖြင့် ဖြစ်ဆဲဖြစ်သော ဝေဒနာ သည်"ခဏပစ္စုပ္ပန်"မည်၏၊ ပုရေဇာတအဖြစ်ဖြင့် ရှေးဖြစ် သောစိတ်၌ယှဉ်သော ဝေဒနာသည် "ခဏအတိတ်"မည်၏၊ ၎င်းနည်းတူ ပစ္ဆာဇာတ အဖြစ်ဖြင့် နောက် ဖြစ်သော စိတ်၌ ယှဉ်သော ဝေဒနာသည် "ခဏအနာဂတ်"မည်၏။

[ဤကား တိက်သသော။]

ဒုက် လေးပါးဘို့တွင်"အဇ္ဈတ္တ"ဒုက်၌ လေးပါးသော အဇ္ဈတ္တတို့တွင် နိယကဇ္ဈတ္တအာရုံ၌ ရှိသော ဝေဒနာသည် "အဇ္ဈတ္တ"မည်၏၊ ထိုနိယကဇ္ဈတ္တ အာရုံ၏ အပ၌ ရှိသော ဝေဒနာသည်"ဗဟိဒ္ဓ"မည်၏၊ ဩဠာရိကဒုက်၌ အကုသိုလ် စိတ်၌ ယှဉ်နိုက် ဝေဒနာသည် "ဩဠာရိက"၊ ကုသိုလ်, ဝိပါက်, ကြိယာတို့၌ ယှဉ်နိုက် ဝေဒနာသည် "သုခုမ" မည်၏။

[အကျယ်သိမှု ပဋိသမ္ဘိဒါမဂ်, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့မှာယူ။]

"ဟီန"ဒုက်၌ အကြင်ဝေဒနာသည် ရုန့်ရင်းကြမ်းကြုတ် ၏၊ ဒုက္ခနှင့်စပ်လွယ်၏၊ ထို ဝေဒနာသည် "ဟီန"ဝေဒနာ မည်၏၊ အကြင်ဝေဒနာသည် မကြမ်းကြုတ် နူးညံ့၏၊ သုခ နှင့် စပ်လွယ်၏၊ ထိုဝေဒနာသည် "ပဏီတ" ဝေဒနာ

မည်၏၊"ရူပ"ဒုက်၌ အကြင်ဝေဒနာသည် အကုသိုလ်စိတ်၌ ယှဉ်၏၊ထိုဝေဒနာသည် ကုသိုလ်,အဗျာကတ ဖြစ်ကုန်သော ဝေဒနာတို့မှ ဝေးလှ၍ "ရူပ" ဝေဒနာမည်၏၊ အကုသိုလ် ဖြစ်ကုန်သော ဝေဒနာနှင့်ကား နီးလှ၍"သန္တိက"ဝေဒနာ မည်၏၊ ကုသိုလ်,အဗျာကတ၌ ယှဉ်ကုန်သော ဝေဒနာ တို့သည် အကုသိုလ် ဖြစ်ကုန်သော ဝေဒနာတို့မှ ဝေးလှ၍ "ရူပ" ဝေဒနာမည်၏၊ ကုသိုလ် ,အဗျာကတဖြစ်ကုန်သော ဝေဒနာ တို့နှင့်ကား နီးလှ၍"သန္တိက" ဝေဒနာမည်၏။

[ဤကား ဒုက်သဘော။]

ဤနည်းအတူ ဝေဒနာက္ခန္ဓာနှင့်တကွ ဖြစ်ကြကုန်သော "သညာ,သင်္ခါရ,ဝိညာဏ်" တို့၏လည်း အတိတ်အစရှိ သော တဆယ့်တပါးသော "ဝိဘာဂ"ကို ဤဝေဒနာနှင့် အတူသာလျှင် သိအပ်၏။

ဤသို့ပြခဲ့ပြီးသော"တိက်,ဒုက်"တို့ကို အနုလုံ, ပဋိလုံအ တိတ်မှသည် သန္တိက၊ သန္တိကမှသည် အတိတ်တိုင်အောင် အကြိမ်ကြိမ်အဘန်ဘန် သုံးသပ်ပြီး၍ မိမိ၏ ပဋိဘာဂ အာလောကသညာ ဥပစာပစ္စက္ခ၌ ထင်လာမြင်လာသော ရုပ်အပေါင်းကို ကောင်းစွာ "သန္တတိ" ပြတ်အောင် ဝိပဿနာစိတ်ဖြင့် တရိပ်ရိပ် "အနိစ္စ,အနိစ္စ"ဟု နေ့ရက် ကြာညောင်း လ,နှစ်ကိုပေါင်း၍ ကောင်းကောင်းကြီး ဆင်ခြင်ကြရမည်၊ ဘာဝနာ ယောဂီတို့။

[ဤကား ရုပ်သဘော။]

ဤသို့သောနည်းဖြင့် နာမ်တရားတို့၏"တိက်,ဒုက်"တို့ကို လည်း အနုလုံ,ပဋိလုံ အတိတ်မှသည် သန္တိက၊ သန္တိကမှ သည် အတိတ်တိုင်အောင် အကြိမ်ကြိမ်အဘန်ဘန် သုံး

သပ်ပြီး၍ ရုပ်အပေါင်းကို အာရုံပြုသော နာမ်အပေါင်းကိုငင်း၊ မိမိ၏နှလုံးအိမ်၌ ဟန့်ရပ် ထောက်တည်လျက်ထားခြင်းငှါစွမ်းနိုင်သော မိတိသမာဓိဂုဏ်နှင့်ပြည့်စုံသော ဘာဝနာယောဂီသည် နှလုံးအိမ်၌ရပ်၍ ပဌမစိတ်ကို ဒုတိယစိတ်က"အနိစ္စ"။ပ။နဝမစိတ်ကို ဒသမစိတ်က "အနိစ္စ" ဟူ၍ အနိစ္စသည်ပင်လျှင် အာရုံ၊ အာရုံသည်ပင်လျှင် အနိစ္စဖြစ်စေ၍ သန္တိဂုဏ်နှင့် ပြည့်စုံသော နာမ်အပေါင်းကိုငင်း ကောင်းစွာ"သန္တတိ"ပြတ်အောင် ဝိပဿနာစိတ်ဖြင့် တရိပ်ရိပ်"အနိစ္စ,အနိစ္စ"ဟု နွေ့ရက်ကြသညောင်း လ,နှစ်ကိုပေါင်း၍ ကောင်းကောင်းကြီး ဆင်ခြင်ကြရမည်- ဘာဝနာယောဂီတို့။

[ဤကား နာမ်သဘော။]

ငင်းရုပ်,နာမ် နှစ်ပါးတို့တွင် ရုပ်ကိုအာရုံပြု၍ အနိစ္စရှုက နာမ်လည်းအနိစ္စဖြစ်၍ ပါမြဲ၊ နာမ်ကိုအာရုံပြု၍ အနိစ္စရှုက ရုပ်လည်းအနိစ္စဖြစ်၍ ပါမြဲ"ဓမ္မတာ"သာတည်း။

ရူပံ ပန အရူပံ အရူပံ ဝါ ရူပံ ဩဟာယ ပဝတ္တိတုံ န သက္ကောန္တိ။

[သမ္မောအဋ္ဌကထာ။]

ပန၊ရုပ်,နာမ် နှစ်ပါး၏သဘောကို ဆိုပေအံ့။ ရူပံ၊ရုပ်တရားသည်။ အရူပံ၊ နာမ်တရားကို။ အရူပံဝါ၊ နာမ်တရားသည်မူလည်း၊ ရူပံ၊ရုပ်တရားကို။ဩဟာယ၊ စွန့်၍။ ပဝတ္တိတုံ၊ ပဝ္တ္တိကာရဘုံ၌ ဖြစ်ခြင်းငှါ။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။

# ရုပ်၏ထင်မြင်ပုံ သဘာဝဥပမာ ငါးပါးကိုပြခြင်း

န ကေဝလဥ္စ နိစ္စ နဝါ၊သူရိယုဂ္ဂမနေ ဥဿာဝ-ဗိန္ဒု ဝိယ ဥဒကပုဗ္ဗုဠော ဝိယ ဥဒကေ ဒဏ္ဍ-ရာဇိဝိယ အာရဂ္ဂေ သာသပေါ ဝိယ ဝိဇ္ဇုပ္ပါ-ဒေါ ဝိယ ပရိတ္တဋ္ဌာယိနော။

[ပဋိသမ္ဘိဒါမဂ်,ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊]

ကေဝလဥ္စ၊ သက်သက်ကား၊ နိစ္စနဝါ၊ အမြဲအမြဲ အသစ်အသစ်သော သင်္ခါရတရားတို့သည် သာလျှင်။ န၊ မဟုတ်ကုန်သေး။ (ဤသင်္ခါရတရားတို့သည် တိုသော အသက်ရှိကုန်၏ဟု မိမိ၏ဉာဏ်ဖြင့် သိရှုံသာ မဟုတ်သေးဟူလို။) (၁) သူရိယုဂ္ဂမနေ၊ နေထွက်သောအခါ၌။ ဥဿာဝဗိန္ဒု ဝိယစ၊ ကြွေကျသော ဆီးနှင်းပေါက်ကဲ့သို့ရင်း။ (၂) ဥဒကပုဗ္ဗုဠောဝိယစ၊ ရေပွက်ကဲ့သို့ရင်း။ (၃) ဥဒကေ၊ ရေ၌၊ ဒဏ္ဍရာဇိဝိယစ၊ တောင်ဝှေးဖြင့် ရေးခြစ်အပ်သော အရေးကဲ့သို့ရင်း။ (၄) အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပေါဝိယစ၊ မုန်ညင်းစေ့ကဲ့သို့ရင်း၊ (၅)ဝိဇ္ဇုပ္ပါဒေါ ဝိယစ၊လျှပ်စစ်နွယ်ရောင် ပြက်သကဲ့သို့ရင်း။ ပရိတ္တဋ္ဌာယိ နော-ပရိတ္တဋ္ဌာယိနောတိစ၊ တိုစွာသော ကာလမျှသာ တည်ခြင်းရှိကုန်၏ဟူ၍လည်း။(ဥပဋ္ဌဟန္တိ၊ထင်မြင်ကုန်၏။) (ပြန်စပ်)။

ဤသို့ အကြိမ်ကြိမ်အတန်တန် ရုပ်တရားတို့၏ ဖြစ်ပျက်ဟန်ကို ရှုဖန်များလှသော ဘာဝနာယောဂီအား အမြဲ

မပြတ် တရိပ်ရိပ်ဖြစ်ပျက်ပုံကို၊ ဝါ-အသစ်အသစ် ဖြစ်၍ အဟောင်းအဟောင်း ချုပ်ပျက်ဟန်ကို ကေန်တိတိ မိမိ၏ မျက်စိဖြင့်ကြည့်ရှု၍ မြင်ရဘိသကဲ့သို့ ပစ္စက္ခဉာဏ်ဝဝယ် မုချ ထင်ထင် သိမြင်ရပေတော့၏၊ အဘယ်ပုံမြင်ရပါသနည်း ဟူမူ-(၁) နေအရုဏ်တက်၍ နေထွက်သောအခါ၌ ပြိန်း မြက်ပင်တို့၏အဖျား၌ တသားတည်းခဲ၍နေသော ဆီးနှင်း ပေါက်တို့သည် တဖြောက်ဖြောက်ကြွေကျသည်ကို မြင်ရဘိ သကဲ့သို့၎င်း၊(၂)ထုံးချောင်းဂယက်ကျောက်စပျက်ဝဲကွေ့ ၌ ရေဝှေ့၍ထဘ်အပ်သောရေပွက်ကို မြင်ရဘိသကဲ့သို့၎င်း၊ (၃) ကြည်လင်ငြိမ်သက်လှသော ရေအပြင်ဝယ် နှင်တံ တောင်ဝှေးတို့ဖြင့် ရေးခြစ်လိုက်သောအခါ အလွှာအလွှာ အလိပ်လိပ် တရိပ်ရိပ်သော ရေလှိုင်းအစဉ်ကို မြင်ရဘိသ ကဲ့သို့၎င်း၊ (၄) ပွတ်ဆောက်အပ်ဖျား၌ တင်ထားသော မုန်ညင်းစေ့,လလေ့အပ်သောလူး, နှမ်းစေ့တို့၏ တရွေ့ ရွေ့တရိပ်ရိပ် တဖိတ်ဖိတ် ကြွေကျသည်ကိုမြင်ရဘိသကဲ့သို့ ၎င်း၊ (၅) မိုယ်းလာအခါ ဝသန္တာဝယ် ညိုပြာရီမှောင်တိမ် တောင်တိမ်လိပ်တို့၏ အတွင်း၌ လေပြင်းမီးခတ် နဂါး ပတ်တွင်း လေဟုန်ဆင်း၍ တဝင်းဝင်း တောက်ပအပ် သော လျှပ်စစ်နွယ်ရောင် မြားအမြောင်ကို မြင်ရဘိသကဲ့ သို့၎င်း အလွန်လျင်မြန်၍ တိုသောအသက်ရှိသောရုပ်တို့၏ ဖြစ်ဟန်ပျက်ဟန်ကို ကေန်မုချ ထင်မြင်လာရကုန်၏၊ ဤဥပ မာငါးပါးကို ပြခြင်းသည် မိမိသန္တာန်၌ အတိုင်းထက်အ လွန် တိုသောဖြစ်ခြင်းကို ပြခြင်းငှါ "နိဒဿနဥပမာ" သာရှိ သေး၏၊ ထိုဥပမာတို့နှိုင်းယှဉ်ရာ ဥပမေယျဖြစ်သော ဤ ရုပ်သင်္ခါရတို့က သာ၍လျင်မြန်ခြင်းရှိကြပေကုန်၏။

ထိုသို့ ရုပ်တို့၏ဥပမာသို့ သက်ရောက်သောကာလတိုင်းတိုင်း အားထုတ်သော ဘာဝနာယောဂီအား နာမ်တရားတို့၏ ဖြစ်ပျက်ဟန်ကို ဒွါရ၏ အစွမ်းအားဖြင့် သိလာရပေတော့၏၊ အထူးအားဖြင့်ကား ရုပ်တရားတို့မှာ ထင်မြင်၍ဖြစ်လျက် ထင်မြင်၍ပျက်ရမြဲတည်း၊ နာမ်တရားတို့မှာ (၁)အာရုံကိုတွေ့ထိ၍ရင်း, (၂) အာရုံ၏အရသာကိုခံစား၍ရင်း, (၃) အာရုံကိုသိ၍ရင်း, ဖြစ်လျက် တွေ့ထိ၍ရင်း, ခံစား၍ရင်း, သိ၍ရင်း ပျက်မြဲသာတည်း။

ရုပ်နာမ်နှစ်ပါး, ခန္ဓာငါးပါး သင်္ခါရတရားတို့ကို ဤပြဆိုခဲ့သည့်အတိုင်း အခါခါ အထပ်ထပ် သုံးသပ်၍ ဥပမာငါးပါးတို့တွင် တပါးပါးသို့ သက်သည်ဖြစ်စေ၊ သို့မဟုတ်နှစ်ပါး, သုံးပါးစသည်သို့ သက်၍နေမှု မိမိနှလုံးအိမ်၏လက်ရှိသစ်မျှ ပမာဏ၌ ရုပ်လျက် နေ့ရက်များစွာရှုကြည့်၍ရင်း, ရသောအာရုံကိုမလွှတ်မူ၍ရင်း အားထုတ်ခဲ့လျှင် တပါးပါး၌ ရုပ်ရမြဲတည်း၊ ထိုသို့ရုပ်လာသောဥပမာအာကာရကို မလွှတ်စေမူ၍ဖြစ်ခြင်း, ပျက်ခြင်းတို့ကို "ဥဒယ,ဝယ" သို့သက်၍ အထက်ဝိပဿနာဉာဏ်, မဂ်ဉာဏ်သို့တိုင်အောင် အားထုတ်ကြကုန်ရာသတည်း။

မှတ်ချက်။ [ဤသမ္မသနဉာဏ်အရာ "ဥပါဒ်,ဌီ, ဘင်" ခဏငယ်သုံးချက်၏အစွမ်းအားဖြင့်သုံးသပ်ရန်။]

[သမ္မသနဉာဏ်ပြီး၏။]

## ဥဒယဝယဉာဏ်ကိုပြခြင်း

"သမ္မသနဉာဏ်"ရင့်သန်ပြီးနောက်တိုးတက်အားထုတ်သည့်အခါ အတိတ်, အနာဂတ်တို့ကို မယူမူ၍ သန္တတိ

ခဏ ပစ္စုပ္ပန်အစွန်းဖြင့် ဖြစ်ဆဲဖြစ်သော "အာနာပါန" ပဋိဘာဂနိမိတ်၏အတွင်း၌ နိယကဇ္ဈတ္တ၏ အာရုံဖြစ်သော (၆၂) ပါးသော ရုပ်အပေါင်းသည် ပစ္စုပ္ပန်မည်၏၊ ထို ပစ္စုပ္ပန်ဖြစ်သော ရုပ်အပေါင်း၏စ၍ ဖြစ်ခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏လက္ခဏာသည် "ဥဒယ" ဖြစ်ခြင်း မည်၏၊ ဘောက်ပြန် ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏လက္ခဏာသည် "ဝယ"ပျက်ခြင်းမည်၏၊အကြင် ရုပ်ဥဒယဝယဖြစ်ပျက်ကို အဖန်ဘလဲလဲ ရှုသောပညာသည် "ဥဒယဝယ"ဝိပဿနာဉာဏ်မည်၏။

မှတ်ချက်။ [ဥဒယအဖြစ်,ဝယအပျက်၊ဝယ၌ဝကိုနှစ်ခုပြုကာ ထို၌ နှစ်လုံးကို ဗ္ဗ နှစ်လုံးပြု၍ ဥဒယဗ္ဗယဟုဖြစ်၏။]

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊တဿ နိဗ္ဗတ္တိ လက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊အနုပဿနာ ဉာဏံ။
[ဝိသုဒ္ဓိမဂ်။]

ဇာတံ၊ ဖြစ်ဆဲဖြစ်သော။ ရူပံ၊ ရုပ်အပေါင်းသည်။ ပစ္စုပ္ပန္နံ၊ ခဏပစ္စုပ္ပန် မည်၏။ တဿရူပဿ၊ ထိုခဏ ပစ္စုပ္ပန်ဖြစ်သော ရုပ်အပေါင်း၏။ နိဗ္ဗတ္တိလက္ခဏံ၊ စ၍ ဖြစ်ခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည်။ ဥဒယော၊ ဖြစ်ခြင်းမည်၏၊ ဝိပရိဏာမလက္ခဏံ၊ ရုပ် အပေါင်း၏ ဘောက်ပြန်ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏လက္ခဏာသည်။ ဝယော၊ ပျက်စီးခြင်းမည်၏။ ယာအနုပဿနာ၊ အကြင်ဥဒယဝယကို အဘန်တလဲလဲ ရှုသောပညာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပညာသည်။ ဉာဏံ ဥဒယဝယဝိပဿနာဉာဏ်မည်၏။

ထိုသို့ရုပ်၏ ဥပဒါဝါးပါးတွင် တပါးပါး၏ အာကာရဖြင့် "သမ္မသန" ဟူ၍ပြခဲ့သော တဆယ့်တပါးသော အာကာရကို တပေါင်းတည်းပြုကာ ဖြစ်ခြင်း ပျက်ခြင်းတို့ကိုသာ ပစ္စုပ္ပန်တည့်တည့် ဖြစ်ဆဲပျက်ဆဲ အခိုက်ကို လိုက်ကာ ရှုမှတ်သုံးသပ်အပ်၏၊ "ရိမ်ခနဲ-ရိမ်ခနဲ"ဖြစ်စေ, "သိမ့်ခနဲ-သိမ့်ခနဲ" ဖြစ်စေ သန္တတိအစဥ် သန့်၍သန့်၍ ပြတ်သားထင်ရှား လာလိမ့်မည်ဟုလို၊ ထိုကဲ့သို့ သိမ့်ခနဲ သိမ့်ခနဲနေသောအခါ "အနိစ္စ-အနိစ္စ"ဟု နှုတ်ရက်များစွာ အားထုတ်ရမည်။

နာမ်တရားတို့မှာလည်း ဤရုပ်တရားနှင့်အတူ အတိတ်, အနာဂတ်တို့ကိုလွှတ်၍ ခဏပစ္စုပ္ပန် အစွမ်းဖြင့် ဖြစ်ဆဲဖြစ်သော"အာနာပါန" ပဋိဘာဂနိမိတ်၏ အတွင်း၌ နိယကဇ္ဈတ္တ၏ အာရုံ,အာရမ္မဏိကဖြစ်သော (၃၄) ပါးသော နာမ်အပေါင်းသည် (အစိတ်အစိတ်အားဖြင့်ကား (၃၄) ပါးတို့တွင် (၁)ဝေဒနာသည် (၂) သညာသည် (၃) သင်္ခါရသည် (၄)ဝိညာဏ်သည် စသည်ဖြင့်ဆိုလေ၊) ခဏပစ္စုပ္ပန်မည်၏၊ ထိုပစ္စုပ္ပန်ဖြစ်သော နာမ်အပေါင်း၏၊ ဝါ- ဝေဒနာ၏။ပ။ဝိညာဏ်၏စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည် ဖြစ်ခြင်း "ဥဒယ" မည်၏၊ ဘောက်ပြန် ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည် ပျက်ခြင်း"ဝယ"မည်၏၊ အကြင်နာမ်၏ "ဥဒယဝယ"ကိုအဘန်တလဲလဲရှုသောပညာသည် "ဥဒယဝယ"ဝိပဿနာဉာဏ်မည်၏။

ဇာတံ နာမံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိ လက္ခဏံ ဥဒယော၊ ဝိပရိဏာမ လက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

နယာဟာရ နည်းဆောင်ကမူ—

ဇာတာ ဝေဒနာ၊ ဇာတာ သညာ၊ ဇာတာ သင်္ခါရာ၊ ဇာတံ ဝိညာဏံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိ လက္ခဏံ ဥဒယော၊ ဝိပရိဏာမ လက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

[ဇရာမရဏ တိုင်အောင် သွားနိုင်၏၊ ပေယျာလကို နောက်နည်းအတိုင်းမှတ်။]

ဇာတံ၊ ဖြစ်ဆဲဖြစ်သော။ နာမံ၊ နာမ်အပေါင်းသည်။ ပစ္စုပ္ပန္နံ၊ ခဏပစ္စုပ္ပန်မည်၏။ တဿနာမဿ၊ ထိုခဏပစ္စုပ္ပန်ဖြစ်သော နာမ်အပေါင်း၏။ နိဗ္ဗတ္တိလက္ခဏံ၊ စ၍ဖြစ်ခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏ လက္ခဏာသည်။ ဥဒယော၊ ဖြစ်ခြင်းမည်၏။ ဝိပရိဏာမလက္ခဏံ၊ နာမ်အပေါင်း၏ ဘောက်ပြန်ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏လက္ခဏာသည်၊ ဝယော၊ ပျက်စီးခြင်းမည်၏။ ယာအနုပဿနာ၊ အကြင်ဥဒယဝယကို အဘန်တလဲလဲ ရှုသောပညာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပညာသည်။ ဉာဏံ၊ ဥဒယဝယဝိပဿနာဉာဏ်မည်၏။

[ကျန်ပုဒ်များကို ဤနည်းကိုမှီး၍သိလေ၊]

ဖြစ်ခြင်း ပျက်ခြင်းကို အဘန်တလဲလဲ ရှု၍နေသော ဘာဝနာယောဂီသည် ဤသို့သောနည်းဖြင့် ရုပ်နာမ်တရားတို့၏ စ၍ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတ၏လက္ခဏာ

ဖြစ်သော ဖြစ်ခြင်းကို အသစ်ဖြစ်သော အခြင်းအရာကို "ဥဒယ" ဟူ၍ အဘန်လဲလဲရှု၏၊ ဘောက်ပြန်ခြင်းဟူ၍ မှတ်အပ်သော သခ်တ၏ လက္ခဏာ ဖြစ်သော ကုန်ပျက်ခြင်းကို "ဝယ"ဟူ၍ အဘန်တလဲလဲရှု၏၊ ထိုဘာဝနာယောဂီသည် ဤသို့သော အခြင်းအရာအားဖြင့် သိ၏၊ ဤရုပ်နာမ်၏ဖြစ်သည်မှ ရှေး၌မဖြစ်သေးသော အကြင်အစုမှ ဤဖြစ်ရာသို့ လာရာ၏၊ ထိုအစုသည်ဂင်း ထိုဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲသည်ဂင်း မရှိ၊ အဘယ်ကြောင့်နည်းဟူမူကား မရအပ်သေးသော အတ္တဘော၏ အချင်းခပ်သိမ်း မရှိသည်၏ အဖြစ်ကြောင့်တည်း။

ဖြစ်ဆဲဖြစ်သော ရုပ်နာမ်၏လည်း စုန့်စုန့်တက်သော အစုမှဂင်း, ဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲမှဂင်း လာခြင်းသည် မရှိ၊ ချုပ်ဆဲဖြစ်သော ရုပ်နာမ်၏လည်း တူရူထောင့်အရပ် စသည်သို့ကပ်၍ သွားခြင်းသည်မရှိ၊ ချုပ်ပြီးသော ရုပ်နာမ်၏လည်း တခုသောအရပ်၌ စုန့်စုန့်တက်သော အစုအားဖြင့်ဂင်း, ဟုတ်ဟုတ်ငြားငြားသော အစိုင်အခဲအားဖြင့်ဂင်း, မြေ၌မြှုပ်ထားသောအားဖြင့်ဂင်း တည်ခြင်းမည်သည်မရှိတော့သည်သာတည်း။

ဥပမာ–အားဖြင့်သော်ကား စောင်းသံသည် အသံဖြစ်သည်မှ ရှေးကာလက အစိုင်အခဲစွဲ၍ ရှိနင့်သော မည်သည်လည်းမရှိ၊ ဖြစ်ဆဲသောအသံသည် အစိုင်အခဲစွဲသော အစုမှ လာသည်လည်းမဟုတ်၊ ချုပ်ဆဲသောအသံ၏လည်း တူရူထောင့်စပ် အရပ်တပါးသို့ သွားခြင်းလည်းမရှိ၊ ချုပ်ပြီးသောအသံသည်လည်း ထိုထိုအရပ်တပါး၌ ပေါင်းစု၍လည်း မတည်၊ စင်စစ်သော်ကား စောင်းကိုဂင်း, ကြိုးကို

ငှင်း,တီးသောသူ၏ လုံ့လကိုငှင်း အကြောင်းသုံးပါးကိုစွဲ၍ ရှေးကမရှိမူ၍ ယခုမှဖြစ်၏၊ ဖြစ်ပြီး၍လည်း အရှည်မတည် ချုပ်ပျောက်၏၊ ဤဥပမာ အတူသာလျှင်တည်း။

[ဝိသုဒ္ဓိမဂ်။]

ဤ''ဥဒယ,ဝယ''ဉာဏ်ကိုအကြောင်းရှ်လောကကာလပတ်လုံး အထက်ဝိပဿနာ ဉာဏ်သို့တက်ကာ မဂ်ဉာဏ်ကို မကူးသေး၊ ထိုရွေ့လောက် ကာလပတ်လုံး ဤဥဒယဝယကို မလွှတ်အပ်၊ စင်စစ်မှာမူ သောဘာပတ္တိ မဂ်ဉာဏ်ကို ကူးပြီးသော်လည်း ဖလသမာပတ်ကို ဝင်စားလိုသော သေက္ခအားငှင်း၊ အထက်အထက် မဂ်ဉာဏ်၏ အကျိုးငှါ ဝိပဿနာကို အားထုတ်သော သေက္ခအားငှင်း၊ ဤဥဒယဝယကို မလွှတ်အပ်၊ ဝိပဿနာ ဘာဝနာအားထုတ်သော ဘာဝနာပဓာန ပုဂ္ဂိုလ်၏ ''ပဓာနနန်း''ထိုင်ပြီဟူလို၊

[ဤကား အကျဉ်းနည်းတည်း။]

---

## ဥဒယဝယ အကျယ်ပြခြင်း

ဤဥဒယဝယသဘာဝကိုအစိတ်အစိတ်အကျယ်အားဖြင့် နှလုံးသွင်းလိုသောဘာဝနာယောဂီအား မိမိ၏ ''**အာနာပါန**'' ပဋိဘာဂ နိယကဇ္ဈတ္တ အာရုံ၏ အတွင်း၌(၉၆) ပါးတည်းဟူသော ရုပ်နာမ်နှစ်ပါး, ခန္ဓာငါးပါးဟူသော သင်္ခတတရားတို့ကို ရုပ်အစုအားဖြင့် ရူပက္ခန္ဓာ(၆၂) ပါး၊ နာမ်အစုအားဖြင့် ဝေဒနာက္ခန္ဓာ (၁)ပါး၊ သညာက္ခန္ဓာ (၁)ပါး၊သင်္ခါရက္ခန္ဓာ (၃၁)ပါး၊ ဝိညာဏက္ခန္ဓာ (၁) ပါး အားဖြင့် ပေါင်းငါးပါး အပြားအားဖြင့် (၉၆) ပါး ရှိပေသတည်း၊

## ရူပက္ခန္ဓာ၌ဥဒယဉာဏ်ငါးပါး

အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊ တဏှာသမုဒယာ ရူပသမုဒယော၊ ကမ္မသမုဒယာ ရူပသမုဒယော၊ အာဟာရသမုဒယာ ရူပသမုဒယော၊ နိဗ္ဗတ္တိလက္ခဏံပိ ရူပဿ ဥဒယော။

အဝိဇ္ဇာသမုဒယာ၊ ရှေးဘဝ၌ မောဟတည်းဟူသော အဝိဇ္ဇာဖြစ်၍ပြီးခဲ့ခြင်းကြောင့်။ ရူပသမုဒယော၊ ရူပက္ခန္ဓာတည်းဟူသော ရုပ်ဖြစ်၍နေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာသမုဒယာ၊ရှေးဘဝ၌တဏှာဖြစ်၍ပြီးခဲ့ခြင်းကြောင့်။ ရူပသမုဒယော၊ သည်။ ဟောတိ၊ ၏။ ကမ္မသမုဒယာ၊ ရှေးဘဝ၌ကုသိုလ်အကုသိုလ်ကံတို့၏ဖြစ်၍ပြီးခဲ့ခြင်းကြောင့်။ ရူပသမုဒယော၊ သည်။ ဟောတိ၏။ (ဤကား အတိတ် အကြောင်းသုံးပါး။) အာဟာရ သမုဒယာ၊ ယခုဘဝ ကဗဠီကာရ အာဟာရ၏ ထင်ရှား ရှိနေခြင်းကြောင့်။ ရူပသမုဒယော၊ သည်။ ဟောတိ၊ဖြစ်၏။ နိဗ္ဗတ္တိလက္ခဏံပိ၊ ပေါ်စဖြစ်စ ဥပါဒ်စဖြစ်သော သင်္ခတလက္ခဏာ သည်လည်း။ ရူပဿ၊ ရုပ်၏။ ဥဒယော၊ ဖြစ်ခြင်း မည်ပါပေ၏။

[ဤကား ပစ္စုပ္ပန်အကြောင်းနှစ်ပါး၊ပေါင်းငါးပါး။]

---

## ရူပက္ခန္ဓာ၌ ဝယဉာဏ်ငါးပါး

အဝိဇ္ဇာနိရောဓာ ရူပနိရောဓော၊ တဏှာနိရောဓာ ရူပနိရောဓော၊ ကမ္မနိရောဓာ ရူပနိရောဓော၊ အာဟာရနိရောဓာ ရူပနိရောဓော၊ ဝိပရိဏာမလက္ခဏံပိ ရူပဿ ဝယော။

အဝိဇ္ဇာနိရောဓာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် နောင်မဖြစ်ပြန်လာ အဝိဇ္ဇာ၏ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ အနာဂတ်ရုပ်၏ မဖြစ်လာဘဲ ချုပ်ပြတ်စဲခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာနိရောဓာ ။ပ။ တဏှာ၏ ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ သည်။ ဟောတိ၊ ၏။ ကမ္မနိရောဓာ။ပ။ ကံ၏ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ သည်။ ဟောတိ၊ ၏။ (ဤကား အတိတ်အကြောင်း သုံးပါး။) အာဟာရနိရောဓာ၊ မစားမသောက်သဖြင့် အာဟာရ၏မရှိခြင်းဟူသော ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ သည်။ ဟောတိ၊၏။ဝိပရိဏာမလက္ခဏံပိ၊ ဘောက်ပြန်ပျက်စီးခြင်း ဘင်ဟူသောသင်္ခတလက္ခဏာသည်လည်း။ ရူပဿ၊ ရုပ်၏။ ဝယော၊ ပျက်ခြင်းမည်ပါပေ၏။

[ဤကား ပစ္စုပ္ပန် အကြောင်းနှစ်ပါး၊ပေါင်းဝယဉာဏ်ငါးပါး၊နှစ်ရပ်ပေါင်း ဥဒယ ဝယဉာဏ် ဆယ်ပါး၊နောက်၌လည်း ဤနည်းကိုမှီး၍ သိလေ။]

---

## ဝေဒနာက္ခန္ဓာ၌ ဥဒယဉာဏ်ငါးပါး

အဝိဇ္ဇာသမုဒယာ ဝေဒနာသမုဒယော၊ တဏှာသမုဒယာ ဝေဒနာ သမုဒယော၊ ကမ္မသမုဒယာ ဝေဒနာသမုဒယော၊ဖဿသမုဒယာ ဝေဒနာသမုဒယော၊ နိဗ္ဗတ္တိလက္ခဏံပိ ဝေဒနာယ ဥဒယော။

မှတ်ချက်။ [ဝေဒနာသမုဒယော- ယခုဘဝ၌ ဝေဒနာ၏ဖြစ်ခြင်းသည်ဟုဆို၊ ဖဿသမုဒယာ- ယခုဘဝ၌ ဖဿ၏ထင်ရှားရှိသည်၏အဖြစ်ကြောင့် ဟုဆို၊ ဝေဒနာယ-ဝေဒနာ၏ဟုဆို၊ ကျန်အလုံးစုံတူပြီ။]

## ဝေဒနာကၡန္ဓာ၌ ဝယဉာဏ်ငါးပါး

အဝိဇ္ဇာနိရောဓာ ဝေဒနာနိရောဓော၊ တဏှာ-
နိရောဓာ ဝေဒနာနိရောဓော၊ ကမ္မနိရောဓာ
ဝေဒနာနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရော-
ဓော၊ ဝိပရိဏာမလက္ခဏံပိ ဝေဒနာယ ဝယော။

[ပေါင်း ဝေဒနာကၡန္ဓာ၌ ဥဒယဝယဉာဏ်ဆယ်ပါး။]

---

## သညာကၡန္ဓာ၌ ဥဒယဉာဏ်ငါးပါး

အဝိဇ္ဇာသမုဒယာ သညာသမုဒယော၊တဏှာ
သမုဒယာ သညာသမုဒယော၊ ကမ္မသမုဒယာ သ-
ညာသမုဒယော၊ ဖဿ သမုဒယာ သညာသမုဒ
ယော၊ နိဗ္ဗတ္တိလက္ခဏံပိ သညာယ ဥဒယော။

[သညာ၏ဟု လွှဲဆို။]

---

## သညာကၡန္ဓာ၌ ဝယဉာဏ်ငါးပါး

အဝိဇ္ဇာနိရောဓာ သညာနိရောဓော၊ တဏှာ-
နိရောဓာ သညာနိရောဓော၊ကမ္မနိရောဓာ သညာ-
နိရောဓော၊ ဖဿနိရောဓာ သညာနိရောဓော၊ဝိပ-
ရိဏာမလက္ခဏံပိ သညာယ ဝယော။

[ပေါင်း သညာကၡန္ဓာ၌ ဥဒယဝယဉာဏ်ဆယ်ပါး။]

## သင်္ခါရက္ခန္ဓာ၌ ဥဒယဉာဏ်ငါးပါး

အဝိဇ္ဇာသမုဒယာ သင်္ခါရသမုဒယော၊ တဏှာသမုဒယာ သင်္ခါရသမုဒယော၊ ကမ္မသမုဒယာ သင်္ခါရသမုဒယော၊ ဖဿသမုဒယာ သင်္ခါရသမုဒယော၊ နိဗ္ဗတ္တိလက္ခဏံပိ သင်္ခါရာယ ဥဒယော။

[သင်္ခါရ၏ဟု လွဲဆို။]

## သင်္ခါရက္ခန္ဓာ၌ ဝယဉာဏ်ငါးပါး

အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ တဏှာနိရောဓာ သင်္ခါရနိရောဓော၊ ကမ္မနိရောဓာ သင်္ခါရနိရောဓော၊ ဖဿနိရောဓာ သင်္ခါရနိရောဓော၊ ဝိပရိဏာမလက္ခဏံပိ သင်္ခါရာယ ဝယော။

[ပေါင်းသင်္ခါရက္ခန္ဓာ၌ ဥဒယဝယဉာဏ်ဆယ်ပါး။]

## ဝိညာဏက္ခန္ဓာ၌ ဥဒယဉာဏ်ငါးပါး

အဝိဇ္ဇာသမုဒယာ ဝိညာဏသမုဒယော၊ တဏှာသမုဒယာ ဝိညာဏသမုဒယော၊ ကမ္မသမုဒယာ ဝိညာဏသမုဒယော၊ နာမရူပသမုဒယာ ဝိညာဏသမုဒယော၊ နိဗ္ဗတ္တိလက္ခဏံပိ ဝိညာဏဿ ဥဒယော။

[ဝိညာဏ်၏ဟု လွဲဆို၊ နာမရူပ၌ နာမ်ရုပ်၏ဟုဆို။]

## ဝိညာဏက္ခန္ဓာ၌ ဝယဉာဏ်ငါးပါး

အဝိဇ္ဇာနိရောဓာ ဝိညာဏနိရောဓော၊ တဏှာနိရောဓာ ဝိညာဏနိရောဓော၊ ကမ္မနိရောဓာ

ဝိညာဏာနိရောဓော၊ နာမရူပနိရောဓော ဝိညာဏာ-
နိရောဓော၊ ဝိပရိဏာမလက္ခဏံပိ ဝိညာဏာသ
ဝယော။
[ပေါင်းဝိညာဏက္ခန္ဓာ၌ ဥဒယဝယဉာဏ်ဆယ်ပါး။]

ဧဝံ ဥဒယဗ္ဗယာနုပဿနံ ဥဒယဗ္ဗယေ ဉာဏံ။

ဧဝံ၊ ဤသို့။ ဥဒယဗ္ဗယာနုပဿနံ၊ ရုပ်,နာမ်တရားခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သုံးသပ်ဆင်ခြင်ခြင်းသည်။ ဥဒယဗ္ဗယေဉာဏံ၊ ဥဒယဗ္ဗယဉာဏ် မည်ပါပေ၏။
[အကျယ်လိုမူ ပဋိသမ္ဘိဒါမဂ်မှာ ယူပါလေ။]

ဤသို့ ဥပမာငါးပါးတို့တွင် တပါးပါးဖြင့် ထင်မြင်အောင်ရှုလျက် အစိတ်အစိတ်အားဖြင့် ပြခဲ့ပြီးသော အမျိုး (၅၀) သော "ဥဒယ,ဝယ" လက္ခဏာတို့ကို ထိုးထွင်း၍ တည်သော ဘာဝနာယောဂီသည် ရှေးဦးစွာအနုပိုင်းခေါ် "တရုဏဥဒယဗ္ဗယ" ဝိပဿနာဉာဏ်တော်ကို ရလေ၏။
[ဝိသုဒ္ဓိမဂ်။]

---

## အနိစ္စ လက္ခဏာလေးပါးကိုပြခြင်း

အနိစ္စံ ဥပ္ပါဒဝယဝန္တတော ဝိပရိဏာမတော
တာဝကာလိကတော နိစ္စပဋိက္ခေပတော တိ။
[သမ္မောဟဝိနောဒနီ အဋ္ဌကထာ အာယတနဝိဘင်း။]

ဥပ္ပါဒဝယဝန္တတော၊ ဥပါဒ်, ဘင်လျှင်။ ဝါ၊ ဖြစ်, ပျက်ခြင်းလျှင် အဆုံးရှိသောအားဖြင့်၎င်း။ ဝိပရိဏာမတော၊ ဖောက်ပြန်တတ်သောအားဖြင့်၎င်း။ တာဝကာလိကတော၊ အခိုက်အတန့်အားဖြင့်၎င်း။ နိစ္စပဋိက္ခေ

ပတောစ၊ နိစ္စ၏၊ ဝါ- မြဲခြင်း၏ဆန့်ကျင်ဘက်အားဖြင့် ၎င်း။ ဇာတိ၊ ဤလေးပါးသောအကြောင်းဖြင့်။ နာမရူပံ၊ နာမ်,ရုပ်သည်။ အနိစ္စံ၊ အနိစ္စမည်ပါပေ၏။

[အဓိပ္ပါယ်သိလွယ်ပြီ။]

---

## အနိစ္စကို အစဉ်ဖုံးလွှမ်းပုံကိုပြခြင်း

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမန-
သိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။]

တာဝ၊ ရှေးဦးစွာ။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်းပျက်ခြင်းတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ သန္တတိယာ၊ အစဉ်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ နဥပဋ္ဌာတိ၊ မထင်နိုင်ပေသတည်း။

ဤ "**အနိစ္စလက္ခဏာ**" သည် အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့် အဘယ်တရားသည် ဖုံးလွှမ်းအပ်သည် အဖြစ်ကြောင့် မထင်ပါသနည်းဟူမူကား– အကြင် ဘာဝနာယောဂီသည် ရုပ်,နာမ် ဓမ္မသင်္ခါရတို့၏ ဖြစ်ပွါးပျက်ချုပ်ဟန်ကို ကောင်းနှလုံးမသွင်းခြင်းကြောင့်၎င်း၊ ရုပ်,နာမ်တရားတို့၏ ပွါးဆင့် ဆက်လက်၍ မပျက်သော အစဉ်ကို ငါပင်ဟု ထင်မှတ်သဖြင့် "**အစဉ်**" သည်ဖုံးလွှမ်းခြင်းကြောင့်၎င်း "**အနိစ္စလက္ခဏာ**" သည် မထင်နိုင်၊ အကယ်၍ ဖြစ်ခြင်း,ပျက်ခြင်းကို နှလုံးသွင်းအံ့၊ ရုပ်,နာမ်တို့၏ အစဉ်ကို သိအံ့၊ အနိစ္စသည် မုချမသွေ ထင်နိုင်ပေတော့သတည်း။

## ဒုက္ခ လက္ခဏာ လေးပါးကို ပြခြင်း

အဘိဏှသမ္ပဋိပီဠနတော ဒုက္ခမတော ဒုက္ခ-
ဝတ္ထုတော သုခပဋိက္ခေပတော တိ ဒုက္ခံ။
[သမ္မောဟဝိနောဒနီ အဋ္ဌကထာ အာယတနဝိဘင်း။]

အဘိဏှသမ္ပဋိပီဠနတော၊ မပြတ်နှိပ်စက် တတ်သော အားဖြင့်၎င်း။ ဒုက္ခမတော၊ သည်းခံနိုင်ခဲသောအားဖြင့်၎င်း၊ ဒုက္ခဝတ္ထုတော၊ ဒုက္ခ၏အကြောင်း အားဖြင့်၎င်း။ သုခပဋိက္ခေပတော၊ သုခ၏ဆန့်ကျင်ဘက် အားဖြင့်၎င်း။ ဣတိ၊ ဤလေးပါးသော အကြောင်းတို့ဖြင့်။ နာမရုပ်၊နာမ်, ရုပ် တရားနှစ်ပါးသည်။ ဒုက္ခံ၊ ဒုက္ခမည်ပါပေ၏။

---

## ဒုက္ခကို ဣရိယာပုထ်ဖုံးလွှမ်းပုံကို ပြခြင်း

ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိ
ကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။
[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။]

ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ အဘိဏှသမ္ပဋိ ပီဠနဿ၊ အစဉ်မပြတ် အဘန်တလဲလဲ နှိပ်စက်ခြင်းကို။ အမန သိကာရာ၊ နှလုံး မသွင်းခြင်းကြောင့်။ ဣရိယာ ပထေဟိ၊ ဣရိယာပုထ်တို့သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်း အပ်သည်၏ အဖြစ်ကြောင့်။ နဥပဋ္ဌာတိ၊ မထင်နိုင်ပေ သတည်း။

ဤ''ဒုက္ခလက္ခဏာ''သည် အဘယ် တရားကို နှလုံး မသွင်းခြင်း ကြောင့် အဘယ် တရားသည် ဖုံးလွှမ်းအပ် သည် အဖြစ်ကြောင့် မထင်ပါသနည်းဟူ မူကား– အကြင်

ဘာဝနာ ယောဂီသည် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ခြင်းဖြင့် နှိပ်စက်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့်ရှင်း၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းဟုဆိုအပ်သော ဣရိယာပုထ်တို့သည်ဖုံးလွှမ်းအပ်သည် အဖြစ်ကြောင့်ရှင်း ဒုက္ခကိုမထင်နိုင်၊ အကယ်၍ အဘန်တလဲလဲ နှိပ်စက်သည်ကို နှလုံးသွင်းအံ့၊ ရူပကာယ၏ ဣရိယာပုထ်ကို ပိုင်းဖြတ်အံ့၊ ဒုက္ခကို မုချမသွေ ထင်နိုင်ပေတော့သတည်း။

---

## အနတ္တလက္ခဏာလေးပါးကို ပြခြင်း

သုညတော အဿာမိကတော အကာမကာရိ-
ယတော အတ္တပဋိက္ခေပတော တိ အနတ္တာ။
[သမ္မော အဋ္ဌကထာ အာယတနဝိဘင်း။]

သုညတောစ၊ သာမိ,နိဝါသီ,ကာရက,ဝေဒက,အဓိဋ္ဌာယက ဟု ကြံဆ ခေါ်ဆိုအပ်သော "ကိုယ်"မှ ဆိတ်သော အားဖြင့်ရှင်း။ အဿာမိကတောစ၊ အစိုးရသူ မရှိသော အားဖြင့်ရှင်း။ အကာမကာရိယတောစ၊ အလိုအလျောက် မပြုအပ်သော အားဖြင့်ရှင်း။ အတ္တပဋိက္ခေပတောစ၊ "တိတ္ထိ"တို့ကြံဆအပ်သော သတ္တ,နိဝါသီ, ကာရက,ဝေဒက, သယံဝသီ ဟု ဆိုအပ်သော"အတ္တ"၏ ဆန့်ကျင်ဘက် အားဖြင့်ရှင်း။ ဣတိ၊ ဤလေးပါးသော အကြောင်းတို့ဖြင့်။ နာမရူပံ၊နာမ်,ရုပ်တရားနှစ်ပါးသည်။ အနတ္တာ၊ အနတ္တ မည်ပါပေ၏။

## အနတ္တကို ဃနဖုံးလွှမ်းပုံကို ပြခြင်း

အနတ္တလက္ခဏံ နာနာဓာတု ဝိနိဗ္ဘောဂဿ
အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။
[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊]

အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ နာနာဓာတု ဝိနိဗ္ဘောဂဿ၊ ပထဝီ-အာပေါ စသော အထူးထူးသောဓာတ်, ဖဿ-ဝေဒနာ စသော အထူးထူး သောသဘာဝဓမ္မကို အသီးအသီး ခွဲခြမ်း ဝေဘန်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်း ခြင်းကြောင့်။ ဃနေန၊ ''ဃန''သည်။ ဝါ၊ တခဲနက် အခဲသည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ နဥပဋ္ဌာတိ၊ မထင်နိုင်ပေသတည်း။

၍''အနတ္တလက္ခဏာ''သည် အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့် အဘယ်တရားသည် ဖုံးလွှမ်းအပ်သည် အဖြစ်ကြောင့် မထင်ပါသနည်းဟူမူကား- အကြင်ဘာဝနာယောဂီသည် ပထဝီ-အာပေါ စသော အထူးထူးသောဓာတ်,ဖဿ-ဝေဒနာ စသော အထူးထူးသောသဘောကို အသီးအသီး မိမိတို့၏ လက္ခဏာအားဖြင့် ဝေဘန်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်၎င်း၊ သမူဟဃန, ကိစ္စဃန,အာရမ္မဏဃန တို့သည် ဖုံးလွှမ်းအပ်သည် အဖြစ်ကြောင့်၎င်း ''အနတ္တ''ကို မထင်နိုင်၊ အကယ်၍ အထူးထူးသော ဓာတ်, အထူးထူးသော နာမ်ရုပ်ကို ဝေဘန်ခြင်းကို နှလုံးသွင်းအံ့၊ သမူဟ, ကိစ္စ, အာရမ္မဏ ဟူသော ''ဃန''ကို ပိုင်းခြား၍ သိအံ့၊ ''အနတ္တ''ကို မုချမသွေ ထင်နိုင်ပေတော့သတည်း။

## ရူပသတ္တက
## ရုပ်တရား၌ ခုနစ်ပါးသောရူပုံကို ပြခြင်း

အာဒါနနိက္ခေပနတော၊
ဝယောဝုဍ္ဎတ္ထင်္ဂါမိတော။
အာဟာရတော စ ဥတုတော၊
ကမ္မတောစာပိ စိတ္တတော။
ဓမ္မတာ ရူပတော သတ္တ၊
ဝိတ္ထာရေန ဝိပဿတိ။

[ပေါရာဏ ဂါထာ။]

အာဒါနနိက္ခေပနတော စ၊ ဘဝသစ်ကိုယူခြင်း, ဘဝဟောင်းကို စွန့်ပစ်ခြင်းအားဖြင့်ရှင်း။ ဝယောဝုဍ္ဎတ္ထင်္ဂါမိတော စ၊ အရွယ်ကြီးရင့်ပြီးသော ရုပ်တို့၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့်ရှင်း။ အာဟာရတော စ၊ အကြောင်းဖြစ်သောအာဟာရအားဖြင့်ရှင်း။ ဥတုတော စ၊ အကြောင်းဖြစ်သောဥတုအားဖြင့်ရှင်း။ ကမ္မတော စာပိ၊ အကြောင်းဖြစ်သောကံအားဖြင့်ရှင်း။ စိတ္တတော စ၊ အကြောင်းဖြစ်သောစိတ်အားဖြင့်ရှင်း။ ဓမ္မတာရူပတော စ ၊အဝိညာဏကအလိုလိုဖြစ်ကြသော သံ, ကြေး, သလွဲ, ပုလဲ, ရွှေ, ငွေ, တောင်, မြေ, သစ်ပင်စသော ဓမ္မတာရုပ်အားဖြင့်ရှင်း။ ဣတိ၊ ဤသို့။ သတ္တ-သတ္တဓာ၊ ခုနစ်ပါးသော အခြင်းအရာတို့ဖြင့်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဝိပဿတိ၊ ထိုထိုကောဋ္ဌာသသို့ သုံးပါးသော လက္ခဏာကိုတင်၍ ဆင်ခြင်သုံးသပ် ရှုမှတ်အပ်၏။

## အနုပဿနာ ဘာဝနာကိုပြခြင်း

(က) ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက ''အနိစ္စ''တရားမည်၏၊(၂) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက''အနိစ္စလက္ခဏာ''မည်၏၊ (၃) ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက ''အနိစ္စာနုပဿနာ'' ဉာဏ်မည်၏။

(ခ) ဖြစ်ပျက်နှစ်ရပ် နှိပ်စက်အပ်တဲ့ရုပ်နာမ်ခန္ဓာက ''ဒုက္ခ''တရားမည်၏၊ (၂) ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်တာက ''ဒုက္ခလက္ခဏာ'' မည်၏၊ (၃) ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟုသိတာက ''ဒုက္ခာနုပဿနာ'' ဉာဏ်မည်၏။

(ဂ) သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ ရုပ်,နာမ်ခန္ဓာက''အနတ္တ''တရားမည်၏၊ (၂)မိမိအလိုအတိုင်းမဖြစ်တာက ''အနတ္တ'' လက္ခဏာမည်၏၊(၃)ရှုမှတ်ဆဲမှာ မိမိအလိုအတိုင်းမဖြစ်တာကိုတွေ့ရ၍ အစိုးမရ ငါကောင်မဟုတ်ဟု သိတာက''အနတ္တာနုပဿနာ''ဉာဏ်မည်၏။

---

## ၁—အာဒီနဝါနုပဿနာ

တခုသော ဘဝသစ်ကို ယူ၍ ဘဝဟောင်းကို စွန့်ရာအကြား၌ ဖြစ်ကုန်သော ရုပ်တို့သည် ဖြစ်၍ ပျက်ခဲ့၏၊ ဘောက်ပြန်တတ်၏၊ အခိုက်အတန့်မျှ ဖြစ်၏၊ မြဲသော

သဘောကိုပယ်တတ်၏၊ အမြဲမရှိကုန်ဟု "အနိစ္စ"ကို ရှုခြင်းဖြစ်သောရုပ်တို့သည် ငြိသို့ရောက်၍ပင်ပန်းကုန်၏၊ ပင်ပန်းကုန်၍ ပျက်တတ်၏၊ ဤသို့ ဖြစ်ခြင်း,ပျက်ခြင်းဖြင့် နှိပ်စက်ကုန်၏ဟု "ဒုက္ခ" ကိုရှုခြင်း၊ ဖြစ်သော ရုပ်တရားတို့သည် ငြိသို့မရောက်စေလင့်၊ ငြိသို့ရောက်သော ရုပ်တရားတို့သည် မအိုစေလင့်၊ အိုသောရုပ်တရားတို့သည် မပျက်စေလင့်ဟု တောင့်တ၍မရခြင်း,အစိုးမရခြင်းကြောင့်"အနတ္တ" ဟုရှုခြင်း၊ဤသို့ တဘာလုံး၏အကြား၌ဖြစ်သော ရုပ်တို့ကို "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ရှုခြင်းသည် "အာဒါနနိက္ခေပ" မည်၏။

---

## ၂—ဝယောဝုဍ္ဎိရူပံ

"ပဌမ"အရွယ်၌ဖြစ်သောရုပ်သည် "ဒုတိယ"အရွယ်သို့မရောက်မီ ချုပ်ခဲ့၏၊ ထို့ကြောင့် "အနိစ္စ, ဒုက္ခ,အနတ္တ" မည်၏၊ "ဒုတိယ"အရွယ်၌ဖြစ်သောရုပ်သည် "တတိယ" အရွယ်သို့မရောက်မီချုပ်ခဲ့၏၊ ထို့ကြောင့် "အနိစ္စ,ဒုက္ခ, အနတ္တ"မည်၏၊ "တတိယ" အရွယ်၌ဖြစ်သော ရုပ်သည် သေသည်မှ နောက်သို့မရောက်မူ၍ ချုပ်ခဲ့၏၊ ထို့ကြောင့် "အနိစ္စ, ဒုက္ခ,အနတ္တ"မည်၏။

ငါးနည်းဘူ(၁)"မန္ဒဒသက" ဆယ်နှစ်အတွင်း အသိအလိမ္မာနည်းသောအရွယ်၊ (၂) "ခိဍ္ဍာဒသက" အနှစ်နှစ်ဆယ်အတွင်း အပျော်အမြူးများသောအရွယ်၊ (၃) "ဝဏ္ဏဒသက" အနှစ်သုံးဆယ် အတွင်း အဆင်းလှသောအရွယ်၊ (၄)"ဗလဒသက" လေးဆယ်အတွင်း ခွန်အား

ဗလကောင်းသောအရွယ်၊ (၅) "ပညာဒသက"ငါးဆယ်အတွင်းဉာဏ်ပညာထက်သောအရွယ်၊(၆)"ဟာနိဒသက" ခြောက်ဆယ်အတွင်း အလုံးစုံကိုယ်အား, ဉာဏ်အားဆုတ်ယုတ်လျော့ပါးသောအရွယ်၊ (၇) "ပဗ္ဘာရဒသက"ခုနစ်ဆယ်အတွင်း ရှေ့သို့ကိုင်းသောအရွယ်၊ (၈) "ဝင်္ကဒသက" ရှစ်ဆယ်အတွင်း ထွန်ကိုင်းကဲ့သို့ကုန်းသောအရွယ်၊ (၉) "မောမူဟဒသက"ကိုးဆယ်အတွင်း မေ့မောသောအရွယ်၊ (၁၀) "သယနဒသက" တရာအတွင်း အိပ်ရာမှမထနိုင်သော အရွယ်ဟူသော ဆယ်နှစ်စီ ပိုင်းကာ "ဒသက" အားဖြင့်ဋင်း။

ထိုနည်းတူ–ပဌမငါးနှစ်, ဒုတိယ ငါးနှစ်။ပ။ လေးနှစ်, သုံးနှစ်,နှစ်နှစ်,တနှစ်,ဒက္ခိဏာယာန်,ဥတ္တရာယာန်,ဝသန္တ-မိုးဥတု,ဟေမန္တ-ဆောင်းဥတု,ဂိမှာန-နွေဥတု၊ဝဿာန, သရဒ–မိုးဥတု၌ ရတုနှစ်ပါးနှစ်လ စီ၊ဟေမန္တ,သိသိရ–ဆောင်းဥတု၌ ရတုနှစ်ပါးနှစ်လစီ၊ ဝသန္တ,ဂိမှ–နွေဥတု၌ ရတုနှစ်ပါးနှစ်လစီ၊ တန်ခူးလ။ပ။ တပေါင်းလ၊ ကာဠပက္ခ–လဆုတ်၊ဇုဏှပက္ခ–လဆန်းတရက်၊နေ့–ည၊ပုဗ္ဗန္ဟ–နံနက်ပိုင်း၊ မဇ္ဈန္ဟ–မွန်းတည့်ပိုင်း၊ သာယန္ဟ– ညနေပိုင်း၊ ပဌမယာမ–ညဉ့်ဦးယာမ်၊ မဇ္ဈိမယာမ– ညဉ့်လယ်ယာမ်၊ ပစ္ဆိမယာမ–မိုးသောက်ယာမ်၊အဘိက္ကမ–ရှေ့သို့တက်ခြင်း၊ ပဋိက္ကမ–နောက်သို့ဆုတ်ခြင်း၊ အာလောကန– တည့်တည့်ကြည့်ခြင်း၊ ဝိလောကန– စောင်း၍ကြည့်ခြင်း၊ သမိဉ္ဇန–ကွေးခြင်း၊ ပသာရဏ–ဆန့်ခြင်း၊ ဥဒ္ဓရဏ– ခြေကြွခြင်း၊ အတိဟရဏ– ခြေကိုရှေ့သို့ဆောင်ခြင်း၊ ဝီတိဟရဏ–ကွင်း၍ ဆောင်ခြင်း၊ ဝေါသဇ္ဇန– အောက်သို့လွှတ်ခြင်း၊

သန္တိကေပန–မြေနှင့်ချခြင်း၊ သန္တိရူဗ္ဗနာ–ဒုတိယခြေကိုကြွခြင်း တို့၌ဖြစ်သော ရုပ်တို့သည် ရှေ့ဖြစ်သော ရုပ်သို့မရောက်မီ ချုပ်ခဲ့၏၊ ထို့ကြောင့်"အနိစ္စ,ဒုက္ခ,အနတ္တ"မည်၏၊ဤသို့လျှင် ရှုခြင်းသည်"ဝယောဝုဍ္ဍ"မည်၏။

## အားလုံးပေါင်း၍ရှုမှတ်ရန်လက်ာ

သုံးပါးသက်ရွယ်၊ ဆယ်ဒသက၊ ပဥ္စကဘည့်၊ စတုက-ဘိ၊ ဒွိနှင့်ကော၊ ဒက္ခိဏာ-ဥတ္တရာ၊ သုံးဖြာဥတု၊ ရတုခြောက်သွယ်၊ မာသရယ်နှင့်၊ လကွယ်-လဆန်း၊ ဒိဝန်း-ရတ္တိ၊ ဆဗွိအခါ၊ ကိရိယာဆ၊ ဥဒ္ဓရဟု၊ စသည်ခြောက်ခု၊ ထိုထိုစု၌၊ ရှိမှုဥဿုံ၊ အလုံးစုံသည်၊ ရှေ့တုံမဖြစ်၊ တဆစ်တရပ်၊ တစပ်တသင်း၊ နှမ်းအိုးခင်းထက်၊နှမ်းစေ့ကျက်သို့၊ကွဲပျက်ကြေမွ၊"အနိစ္စ"သည်..၊"ဒုက္ခ,အနတ္တာ"ချည်းသာတည်း။

## ၃–အာဟာရဇရုပ်၌ရှုပုံ

ဆာမွတ်သော အခါ၌ဖြစ်သော ရုပ်သည် ဝဖြိုးသော အခါသို့ မရောက်မူ၍ ချုပ်၏၊ ဝဖြိုးသောအခါ၌ဖြစ်သော ရုပ်သည် ဆာမွတ်သော အခါသို့ မရောက်မူ၍ ချုပ်၏၊ ထို့ကြောင့် "အနိစ္စ, ဒုက္ခ, အနတ္တ"မည်ကုန်၏၊ ဤကား "အာဟာရဇ"ရုပ်၌ရှုပုံမည်၏။

## ၄–ဥတုဇရုပ်၌ရှုပုံ

အေးသောအခါ၌ ဖြစ်သောရုပ်သည် ပူသောအခါသို့ မရောက်မီ ချုပ်၏၊ ပူသောအခါ၌ ဖြစ်သော ရုပ်သည် အေးသောအခါသို့မရောက်မီချုပ်၏၊ ထို့ကြောင့် "အနိစ္စ, ဒုက္ခ,အနတ္တ"မည်၏၊ ဤကား"ဥတုဇ"ရုပ်၌ ရှုပုံမည်၏။

## ၅—ကမ္မဇ ရုပ်၌ရှုပုံ

စက္ခုဒွါရ၌ ဖြစ်သော ငါးဆယ့် လေးပါးသော ရုပ်သည် သောတဒွါရသို့ မရောက်မီချုပ်၏၊ (စက္ခုဒသက, ကာယဒသက,ဘာဝ ဒသက,စိတ္တဇ,ဥတုဇ,အာဟာရဇ,သုဒ္ဓဋ္ဌကအားဖြင့်(၅၄)ပါးဖြစ်၏၊ ၎င်းနည်းတူသောတ,ဃာန,ဇိဝှါတို့၌ဖြစ်၏၊ကာယ၌ကား စက္ခုဒသကကို နှုတ်၍ (၄၄)ပါးဖြစ်၏၊မနောဒွါရ၌ကား ဝတ္ထုဒသကကိုထည့်၍(၅၄)ပါးဖြစ်၏။) ထို့ကြောင့်''အနိစ္စ,ဒုက္ခ,အနတ္တ''မည်၏၊ ဤကား''ကမ္မဇ'' ရုပ်၌ ရှုပုံမည်၏။

---

## ၆—စိတ္တဇ ရုပ်၌ရှုပုံ

ဝမ်းမြောက်သော အခါ၌ဖြစ်သော ရုပ်သည် နှလုံးမသာယာသော အခါသို့ မရောက်မီ ချုပ်၏၊ ထို့ကြောင့် ''အနိစ္စ,ဒုက္ခ,အနတ္တ''မည်၏။ ၎င်းနည်းတူ ''ဒေါမနဿ, သောမနဿ, လောဘ, ဒေါသ, မောဟ'' ကစ၍ နေဝသညာ နာသညာတိုင်အောင်ရှုလေ၊ ဤကား ''စိတ္တဇ'' ရုပ်၌ ရှုပုံမည်၏။

**မှတ်ချက်။** [အာဟာရ,ဥတုတို့၌ ရုပ်အရေအတွက် အာဟာရသမုဋ္ဌာန်, ဥတုသမုဋ္ဌာန်တို့နှင့်တူ၍ ကာယာယတနဒွါရတပါးတည်းသာဖြစ်၍ မထူးသောကြောင့်၎င်း၊ စိတ္တဇ၌လည်း စိတ္တသမုဋ္ဌာန်နှင့်တူ၍ မနာယတနဒွါရ တပါးတည်းသာဖြစ်၍ မထူးသောကြောင့် ၎င်း အာဟာရဇ, ဥတုဇ, စိတ္တဇတို့၌ ရုပ် အရေအတွက် အဋ္ဌကသာရှ် ပြတော် မမူကုန်။]

## ၇-ဓမ္မတာရုပ်၌ရှုပုံ

နီသော ရုပ်သည် ဖြူသောရုပ်သို့ မရောက်မီ ချုပ်၏၊ ပျော့သော ရုပ်သည် မာသော ရုပ်သို့မရောက်မီ ချုပ်၏။ ထို့ကြောင့် "အနိစ္စ,ဒုက္ခ,အနတ္တ" မည်၏၊ ဤနည်းတူ အဝိညာဏက ရုပ်တို့၌ ရှုလေ၊ ဤကား "ဓမ္မတာ" ရုပ်၌ ရှုပုံမည်၏။

ရူပသတ္တကပြီး၏။

---

## အရူပ သတ္တက

## နာမ်တရားတို့၌ ခုနစ်ပါးသော ရှုပုံကိုပြခြင်း

ကလာပတော ယမကတော၊ခဏိကာ ပဋိပါဋိတော။
ဒိဋ္ဌိမာန ဥဂ္ဃာဋနာ၊ နိကန္တိ ပရိယာဒနာ။
ဣစ္စေဝံ သတ္တဓာ နာမံ၊ ဝိတ္ထာရေန ဝိပဿတိ။
[သင်္ဂဟ ဂါထာ။]

ကလာပတော၊ နာမ်တရား အပေါင်း အစု အားဖြင့်၎င်း။ ယမကတော၊ ရုပ်နာမ်အစုံအစုံ အားဖြင့်၎င်း။ခဏိကာ၊ ရှေ့စိတ်ကို နောက်စိတ်က"အနိစ္စ"စသည် ရှုခြင်း ခဏိက အားဖြင့်၎င်း။ ပဋိပါဋိတော၊ ပဌမမှ ဒသမတိုင် အောင် ရှုခြင်း အစဉ် အားဖြင့်၎င်း။ ဒိဋ္ဌိ မာန ဥဂ္ဃာ ဋနာ၊ ဒိဋ္ဌိကိုပယ်ဖြတ်, မာနကို သတ်သော အားဖြင့်၎င်း။ နိကန္တိ ပရိယာဒနာ၊ တဏှာကို ကုန်စေသော အားဖြင့် ၎င်း။ ဣစ္စေဝံ၊ ဤသို့။ သတ္တဓာ၊ ခုနစ်ပါးသော အခြင်း အရာဖြင့်။ ဝိတ္ထာရေန၊ အကျယ် အားဖြင့်။ နာမံ၊ နာမ် တရားကို။ ဝိပဿတိ၊ ရှုမှတ်အပ်၏။

## ၁–ကလာပရှုပုံ

အောက်"ရူပသတ္တက"တို့၌ ရှုမှတ်ခဲ့သော ဝိပဿနာစိတ်တို့ကို တပေါင်းတည်း အာရုံပြု၍ ထိုစိတ်တို့သည် "အနိစ္စ,ဒုက္ခ,အနတ္တ"မည်ကုန်၏။

[ဤကား အရိယဝံသ ကထာ၌ လာသော ကလာပ ရှုပုံတည်း။]

တခုတခုသော အာရုံ၌ဖြစ်သော စိတ်သည် တခုတခုသော အာရုံသို့ မရောက်မိ ချုပ်၏၊ ဤသို့ တခုတခုသော ပဋ္ဌက အပေါင်းသည်"အနိစ္စ,ဒုက္ခ,အနတ္တ"မည်၏။

[ဤကား ဝိသုဒ္ဓိကထာ၌ လာသော ကလာပ ရှုပုံမည်၏။]

## ၂–ယမက ရှုပုံ

"ရူပသတ္တက"၌ ရုပ်သည် ချုပ်သည် ရှိသော် နာမ်လည်းချုပ်ခဲ့၏၊ နာမ်သည် ချုပ်သည်ရှိသော် ရုပ်လည်း ချုပ်ခဲ့၏၊ ဤသို့ ရူပ သတ္တက အစဉ်၌ "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ရှုခြင်းသည်"ယမက"မည်၏။

## ၃-၄–ခဏိကနှင့် ပဋိပါဋိရှုပုံ

ရုပ်ကိုဂင်း,နာမ်ကိုဂင်း အာရုံပြုသော စိတ်ကို ဒုတိယစိတ်ဖြင့်၊ ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ တတိယစိတ်ကို စတုတ္ထ စိတ်ဖြင့် "အနိစ္စ,ဒုက္ခ,အနတ္တ" ဟု ရှုခြင်းသည် "ခဏိက"မည်၏၊ ဂင်းနည်းတူ ပဉ္စမစိတ်မှ ဒသမစိတ်တိုင်အောင် ရှုခြင်းသည် ပဋိပါဋိ မည်၏။

## ၅-၆-၇— ဒိဋ္ဌိ ဥဿာဒန, မာန ဥဿာတန, နိကန္တိ ပရိယာဒါန ရုပ်

"ဒိဋ္ဌိ ဥဿာဒန, မာန ဥဿာဒန, နိကန္တိ ပရိယာဒါန" သုံးပါးတို့၌ သုံးသပ်နည်းသည် အသီးအခြား မရှိပြီ၊ အောက် ရူပသတ္တကဖြင့် ရုပ်ကို သုံးသပ်ခြင်းသည် ဤ အရူပ သတ္တကဖြင့် နာမ်ကို သုံးသပ်ခြင်းဖြင့် ဖြစ်ပြီးရကား ရုပ်နာမ်မှတပါး သတ္တဝါကို မမြင်၊ ရုပ်နာမ်သာ ရှိချေ၏၊ သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ ဟု ထင်မှတ်သော "သညာဝိပလ္လာသ" သည် ပျောက်ခဲ့၏၊ ယင်းသို့ သညာဝိပလ္လာသ ပျောက်ခဲ့လျှင် "ဒိဋ္ဌိဝိပလ္လာသ" တို့သည် ပျောက်ခဲ့ကုန်၏၊ ဤသို့ဖြစ်ခြင်းသည် "ဒိဋ္ဌိဥဿာဒန" မည်၏၊ ယင်းကဲ့သို့ ဒိဋ္ဌိဝိပလ္လာသ ပျောက်ခဲ့လျှင် ဒိဋ္ဌိကြောင့် ဖြစ်သော အပါယ် ကျကြောင်း မကောင်းသော "မာန" သည် ပျောက်ခဲ့၏၊ ဤသို့ ဖြစ်ခြင်းသည် "မာနဥဿာဒန" မည်၏၊ ယင်းသို့ မာန ပျောက်ခဲ့လျှင် သိမ်မွေ့စွာသော "တဏှာနိကန္တိ" သည် ပျောက်ခဲ့လေ၏၊ ဤသို့ ဖြစ်ခြင်း သည် "နိကန္တိပရိယာဒါန"မည်၏။

[ဤကား ဝိသုဒ္ဓိကထာ ဝါဒတည်း။]

အရိယဝံသကထာ ဝါဒကား- ငါသည် ဝိပဿနာ ရှု၏၊ ငါ၏ ဝိပဿနာတည်းဟု ယူလျှင်"အတ္တဒိဋ္ဌိ"ဖြစ်၏၊ အတ္တဒိဋ္ဌိဖြစ်လျှင်လည်း ခပ်သိမ်းသောဒိဋ္ဌိဖြစ်တော့သည်၊ ၎င်းအတ္တဒိဋ္ဌိသည် ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိနှစ်ပါး ကိုရသဖြင့်ပင် ပျောက်ပပြီမဟုတ်လောဟူမူ- ဒိဋ္ဌိဝိသုဒ္ဓိစ သည်တို့၌ အတ္တဒိဋ္ဌိကို ခွါသည်ကား "တဒင်္ဂ,ဝိက္ခမ္ဘန"

တို့၏အစွမ်းအားဖြင့် အကယ်၍ ခွါရုံသာ ရှိသေး၏၊ ''သမုစ္ဆေဒ''ဟုဆိုအပ်သော မဂ်ဖြင့် မပယ်ရသေးသော ကြောင့် နူးညံ့သော ဒိဋ္ဌိကို ပယ်သည့်အစွမ်းအားဖြင့် ပယ်ရမည်၊ ကောင်းစွာရှုအံ့, နှလုံးကိုပွါးစေသော အခြင်း အရာဖြင့် ဝိပဿနာရှုအံ့ဟု ယူလျှင် ''မာန''ဖြစ်၏၊တနေ့ ပတ်လုံးပင် ရှုချင်၏၊ ရှုနိုင်၏ဟု ဝိပဿနာကို သာယာနှစ် သက်လျှင်''တဏှာနိကန္တိ''ဖြစ်၏။

သင့်လျော်စွာ တဏှာ, မာန, ဒိဋ္ဌိခွါပုံကား ဝိပဿနာ ရှုအပ်သော ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့ကို ဝိပဿနာ ရှုတတ်သော ရုပ်,နာမ်ဓမ္မ သင်္ခါရတို့သည်သာလျှင် ရှုကြ ကုန်၏၊ သုံးသပ်မှတ်သား သိမ်းဆည်းပိုင်းခြားကုန်၏ဟု ယူမှသာလျှင်''ဒိဋ္ဌိ,မာန,နိကန္တိ'' ပျောက်ပကင်းကွာသည်၊ အထူးအားဖြင့်ကား''အနတ္တ''ကို မြင်သဖြင့်''ဒိဋ္ဌိ''ပျောက် ၏၊ ''အနိစ္စ''ကိုမြင်သဖြင့် ''မာန''ကင်းကွာ၏၊ ''ဒုက္ခ''ကို မြင်သဖြင့် ''နိကန္တိ''ကုန်ခန်း၏၊ ဤသို့ဝိပဿနာ သုံးရပ်တို့ သည် အသီးအသီးဌာန၌တည်ကြ၍ အသီးအသီးကိစ္စကို ပြုတတ်ရကား သုံးသပ်နည်း အသီးအခြား ရှိသည်ပင် တည်း။

[ဤကား အရိယဝံသကထာဝါဒတည်း။]

ဤသို့နာမရူပ သတ္တကဖြင့်''တရုဏ''နသော ဥဒယဝယ ဉာဏ်သို့သက်၍ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိအတွင်းဝယ် ဝိပဿနာ၏ အညစ်အကြေးဟုဆိုအပ်သော''ဥပက္ကိလေသ'' တရား ဆယ်ပါးတို့တွင်တပါးဖြစ်စေ,နှစ်ပါးဖြစ်စေ စသည် ဖြင့် ဖြစ်ပေါ်၍ လာတတ်ပေသတည်း။

## ဥပက္ကိလေသတရားဆယ်ပါးကိုပြခြင်း

ထိုသို့ ဥဒယဗ္ဗယာနုပဿနာ ဟူသော တရုဏ ဝိပဿနာဉာဏ်ကို ရစအခါ အာရဒ္ဓဝိပဿက-ပြင်းစွာအားထုတ်လေ့ရှိသော ဝိပဿနာရှိသော ပုဂ္ဂိုလ်တို့အားဖြစ်မြဲဓမ္မတာဖြစ်သော ''ဒိဋ္ဌိဂါဟ''စသည်တို့၏ အကြောင်းဖြစ်သော ဝိပဿနုပက္ကိလေသ ဆယ်ပါး ဟူသော်ကား—

ဩဘာသော ပီတိ ပဿဒ္ဓိ၊
အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏ မုပဋ္ဌာန၊
မုပေက္ခာ စ နိကန္တိ စ။

ဩဘာသော၊ ဝိပဿနာ ဉာဏ်ကြောင့် ဖြစ်သော။ စိတ္တဇဥတုသမုဋ္ဌာန်ဖြစ်သော ကိုယ်ရောင်ခြည်အလင်းရောင်၊ ဉာဏံ၊ ထက်မြက်သန့်ရှင်း ဘောက်ထွင်းနိုင်သော ပညာ ဉာဏ်ရောင်း၊ ပီတိ၊ ဥဒယဝယဉာဏ် လွန်ထက်သန်၍ အထွဋ်အထိပ်သို့ ရောက်သောအခါ ဖြစ်ပေါ်လာသော ပီတိရောင်း။ ပဿဒ္ဓိ၊ ကိုယ်စိတ်၏ အလွန်ငြိမ်းချမ်းခြင်းရောင်း။ သုခံ၊ ကာမဂုဏ်၌ မွေ့လျော်ခြင်းထက် လွန်ထူးမြတ်သော တရား၏ မွေ့လျော်ခြင်းကို ခံစားရခြင်းသုခရောင်း။ အဓိမောက္ခော၊ ဝိပဿနာဉာဏ်နှင့်ယှဉ်သော အလွန်အားရှိသော ပသာဒ သဒ္ဓါတရားရောင်း။ ပဂ္ဂဟော၊ မလျော့မတင်း စောင်းကြိုးညှင်းသို့ နည်းခင်း ကောင်းစွာ ချီးမြှောက် အပ်သော ဝီရိယရောင်း။ ဥပဋ္ဌာနံ၊ လှုပ်ရှားခြင်းမရှိသော သတိရောင်း။ ဥပေက္ခာ၊ ဥဒယဝယ တရားတို့၌ လျစ်လျူ ဖြစ်သော ဝိပဿနုပေက္ခာ,အာဝဇ္ဇနုပေက္ခာ နှစ်ပါးရောင်း။ နိကန္တိ စ၊

လွန်စွာသိမ်မွေ့သော ဝိပဿနာ၌တွယ်တာငဲ့ကွက် နှစ်သက်တပ်စွန်းသော တဏှာဂုဏ်း။ ရုတ်၊ ဤဆယ်ပါးတို့ပေတည်း။

သြဘာသ–သြဘာသဟူသည် ဝိပဿနာ၏ အရောင်တည်း၊ ထိုဝိပဿနာ၏ အရောင်အလင်းသည် တခါတရံမျှမဖြစ်ဘူးဘဲဖြစ်လာ၍ ဪ–ငါသည် မဂ်ကို ရပေပြီ၊ ဖိုလ်ကိုရပေပြီဟု ထင်မှတ်မှားကာ "အဓိမာန" လွန်ကဲသောမာန လွှမ်းမိုးတတ်၏၊ အားထုတ်မြဲ ကမ္မဋ္ဌာန်းကို လွှတ်၍နေတတ်၏၊ ထိုသြဘာသသည် အချို့မှာနှစ်တောင်ထွာလောက်၊ အချို့မှာလေးတောင်, ငါးတောင်, အဋတောင်တရာ, စကြဝဠာနှံ့မျှ ထင်တတ်၏၊ ၎င်းအရောင်သည် မိမိသာ မြင်ရသော ဝိပဿနာ ဉာဏ်ကြောင့် ဖြစ်သော "စိတ်,ဥတု"ကြောင့်ဖြစ်သောသြဘာသမည်၏။

**မှတ်ချက်။** [မာလိန်တိုင်ဖျား၌ နားသာသော ဝင်းဝင်း လုံးလုံး ပင်လယ်စုန်းကို စုန်းမှန်းမသိသောကြောင့် ဝမ်းမြောက်သာယာမိသော သင်္ဘောသားအားလုံး ပြုန်းတီးပျက်ပြားသကဲ့သို့ဝိပဿနာလမ်းမှားတတ်သည်။]

ဉာဏ–ဘာဝနာယောဂီသည် မိမိသုံးသပ် အပ်သောရုပ်,နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ခြင်းကိုင်း, ပျက်ခြင်းကိုင်း သိကြားရွှယ်ချိန် ဝဇိရဗိန်လက်နက် မိုယ်းကြိုး စက်ကဲ့သို့ ထက်မြက် သန့်ရှင်း ဘောက်ထွင်းနိုင်သော ပညာသည် ဖြစ်၏၊ ဤသို့ဖြစ်ခြင်းကိုမဂ်ဟုထင်တတ်၏၊ ဤကားဉာဏ်၏ သဘောမည်၏။

ပီတိ–ဘာဝနာ ယောဂီသည် ဝိပဿနာ ရှုမှတ်စဉ်ကာလ၌(၁)"ခုဒ္ဒကာပီတိ"–ကြက်သီးထသောအခါ ဖြန်းက

ဖြန်းကနဲ ကိုယ်၌တွေ့ထိသော သဘောမျိုးဖြစ်ခြင်း၊ (၂)''ခဏိကာပီတိ''–လျှပ်လက်သကဲ့သို့ လင်းကနဲ ဝင်းကနဲ အရောင်နှင့်တကွ ပေါ်လိုက်ပျောက်လိုက် ခဏခဏ ဖြစ်ခြင်း၊(၃) ''ဩက္ကန္တိကာပီတိ''– ရေပြင်တွင် မိုယ်းရော လေပါ သဲသဲမဲမဲရွာသောအခါ လှိုင်းတံပိုးကြီးများ ထသကဲ့သို့ဖြစ်ခြင်း၊(ဤပီတိမျိုးကား အလွှတ္တခန္ဓာငါးပါး ဥဒယဝယအစစ်တွေ့ကာ အားထုတ်သူ၏သမာဓိကောင်းမှ တွေ့ရပါသည်၊ ဗဟိဒ္ဓကိုလက္ခဏာတင်၍ ဆင်ခြင်ကာမျှ မတွေ့ရနိုင်ပါ၊) (၄)''ဥဗ္ဗေဂါပီတိ''– ဝါဂွမ်းကဲ့ပမာ ခန္ဓာကိုယ် ပေါ့ပြီးကာ မြောက်ကြွပျံတက်၍နေခြင်း၊ (၅) ''ဖရဏာပီတိ''– ခန္ဓာကိုယ်တခုလုံး ဆီထိသောဝါဂွမ်းပမာ အလွန်နူးညံ့ သိမ်မွေ့စွာ မိမိခန္ဓာဟုပင် သတိမရတော့ဘဲ ပွလာလိုက် ကြုံ့သွားလိုက်ဖြစ်ကာ အေးမြကြည်လင်စွာ ဖြစ်ခြင်းတို့သည် အစဉ်အတိုင်းဖြစ်ကုန်၏၊ ဤသို့ဖြစ်သည်ကို မဂ်ဟု ထင်တတ်၏၊ ဤကားပီတိသဘောမည်၏။

ပဿဒ္ဓိ–ဘာဝနာယောဂီသည် ဝိပဿနာ ရှုမှတ်နေစဉ်ကာလ၌ ကိုယ်စိတ်နှစ်ပါးတို့သည် (၁) ပူပန်ခြင်း မဖြစ်မူ၍ငြိမ်းအေးခြင်း၊ (၂)လေးသည်မဖြစ်မူ၍ ပေါ့ပါးခြင်း၊ (၃)ကြမ်းတန်းသည်မဖြစ်မူ၍နူးညံ့ခြင်း၊(၄)မခံ့သည်မဖြစ်မူ၍ခံ့ခြင်း၊ (၅)ကျင်နာသည်မဖြစ်မူ၍ ဧင်ကြယ်ခြင်း၊(၆) ကောက်သည်မဖြစ်မူ၍ ဖြောင့်ခြင်းဟူသော ဤခြောက်ပါးသော ဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ လေးကျွန်းသေဌနင်း မန္ဓာတ်မင်း, နတ်သိကြားတို့၏ ခံစားအပ်သော စည်းစိမ်ထက် ဆထက်ထောင်ရာမကသာသော ''အမာနုသီ'' မည်သော ဝိပဿနာချမ်းသာကြီးကို ခံစားလျက်နေရ၏၊ ထို

ခြောက်ပါးသောဂုဏ်နှင့် ပြည့်စုံစေ၍နေနိုင်သည်ကို မဂ်ဟုထင်တတ်၏၊ ဤကား ပဿဒ္ဓိသဘောမည်၏။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတီ ဟောတိ၊သမ္မာ ဓမ္မံ ဝိပဿတော။
[ဓမ္မပဒပါဠိတော်။]

သုညာဂါရံ၊ ဆိတ်ငြိမ်သောကျောင်းသို့။ ဝါ၊ ဝိပဿနာသို့။ ပဝိဋ္ဌဿ၊ ဝင်၍။ သန္တစိတ္တဿ၊ ငြိမ်သက်ငြိမ်းချမ်းသောစိတ်ရှိသော။ သမ္မာ၊ အသင့်အားဖြင့်။ ဓမ္မံ၊ ရုပ်နာမ်တရားကို။ဝိပဿတော၊ ဥဒယဗ္ဗယာနုပဿနာတို့၏ အစွမ်းအားဖြင့်ရှုသော။ ဘိက္ခုနော၊ သံသရာဘေးကို ရှုသောဘာဝနာယောဂီအား။ အမာနုသီ၊ ဝိပဿနာ အဇ္ဈတ္တခန္ဓာငါးပါးကို အားမထုတ်သောသူတို့၏ အရာ မဟုတ်သော။ ရတီ၊ ဝိပဿနာနှင့် ယှဉ်သော မွေ့လျော် ခြင်းသည်။ ဟောတိ၊ မုချမသွေ ဖြစ်ပေါ်၍လာရပေသတည်း။

သုခ–ဘာဝနာ ယောဂီသည် ဝိပဿနာ ရှုမှတ်စဉ်ကာလ၌ ဝိပဿနာနှင့်ယှဉ်သော စေတသိက သုခသည် ကိုယ်အလုံးကို စွတ်စို ပျံ့နှံ့စေလျက် အလွန်မြတ်သော ချမ်းသာသည်ဖြစ်၏၊ ဤသို့ချမ်းသာသည်ကို မဂ်ဟုထင် မှတ်တတ်၏၊ ဤကားသုခသဘောမည်၏။

အဓိမောက္ခ–ဘာဝနာ ယောဂီသည် ဝိပဿနာ ရှုမှတ်စဉ်ကာလ၌ ကိလေသာ ချောက်ချားခြင်း ကင်းသဖြင့် အလွန် ကြည်လင်သန့်ရှင်းသော အလွန်အားရှိသောသဒ္ဓါတရားသည်ဖြစ်၏၊ ထိုပသာဒသဒ္ဓါတရားကိုပင် မဂ်ဟု ထင်မှတ်တတ်၏၊ ဤကား အဓိမောက္ခသဘောမည်၏။

ပဂ္ဂဟ–ဘာဝနာယောဂီသည် ဝိပဿနာ ရှုမှတ်စဉ် ကာလ၌ ဝိပဿနာနှင့် ယှဉ်သော မလျော့သော အားမထုတ်လွန်းသော ကောင်းစွာ ချီးပင့်သော ဝီရိယသည် ဖြစ်၏၊ ဤဝီရိယကိုပင် မဂ်ဟုထင်မှတ်တတ်၏၊ ဤကား ပဂ္ဂဟ၏သဘောမည်၏။

ဥပဋ္ဌာန–ဘာဝနာယောဂီသည် ဝိပဿနာ ရှုမှတ်စဉ် ကာလ၌ ဝိပဿနာနှင့် ယှဉ်သော ကျောက်စာ တိုင်နှင့်တူသောသတိသည်ဖြစ်၏၊ ရှေးရှုသော ရုပ်နာမ်တရားတို့ကို နှလုံးသွင်းတိုင်းရ၏၊ ဆင်ခြင်တိုင်းထင်၏၊ သက်ဝင်၏၊ ဤသတိသည်ပင် မဂ်ဟု ထင်မှတ်တတ်၏၊ ဤကား ဥပဋ္ဌာနသဘောမည်၏။

ဥပေက္ခာ–ဘာဝနာ ယောဂီသည် ဝိပဿနာ ရှုမှတ်စဉ် ကာလ၌ သင်္ခါရ တရားတို့ကို လျစ်လျူရှုခြင်း ရှိသည် ဖြစ်၍ သမ္ပယုတ်တရားတို့ကို လျစ်လျူရှုလျက် သင်္ခါရတို့၌ အလွန် အားရှိသော ဥပေက္ခာသည် ဖြစ်၏၊ ထိုဥပေက္ခာကိုပင် မဂ်ဟု ထင်မှတ်တတ်၏၊ ဤကား ဥပေက္ခာသဘောမည်၏။

နိကန္တိ–ဘာဝနာ ယောဂီသည် ဝိပဿနာ ရှုမှတ်စဉ် ကာလ၌ ဩဘာသစသော အထက် ဥပက္ကိလေသတို့ဖြင့် တန်ဆာ ဆင်အပ်သော ဝိပဿနာ၌ အာသာ ငင်းငင်း တွယ်တာခြင်းကို ပြုလျက် သိမ်မွေ့ငြိမ်သက်သော တဏှာသည် ဖြစ်၏၊ ထိုတဏှာကိုသိမ်းဆည်းခြင်းငှါ မတတ်နိုင်၊ ထိုငြိကပ်တတ်သော တဏှာကိုပင်လျှင် မဂ်ဟု ထင်မှတ်တတ်၏၊ ဤကား နိကန္တိသဘောမည်၏။

အကြင် ပညာမဲ့သော ဘာဝနာယောဂီသည် ဤဆယ်ပါးသော "ဥပက္ကိလေသ" တရားတို့တွင် တပါးပါး ဖြစ်လာ၏၊ ထိုအခါ ငါသည် ဤသို့သောတရားထူးကို ရှေး၌ မဖြစ်စဘူး၊ ငါသည် မဂ်သို့ ရောက်သည် ဖြစ်ရာ၏ ဟု ထင်မှတ်မှားတတ်၏၊ ထိုသို့ ထင်မှတ်ခြင်းသည် မဂ်မဟုတ်သည်ကို မဂ်ဟု ထင်မှတ်ခြင်းကြောင့် "အမဂ္ဂ"ခေါ် မဂ်လမ်းလွဲ မည်၏၊အကြင် ပညာရှိသောဘာဝနာယောဂီသည် ဤဆယ်ပါးသော"ဥပက္ကိလေသ"တရားတို့တွင် တပါးပါး ဖြစ်လာသောအခါ ဆရာကို ပြောကြားအပ်၏၊တနည်း–ဤတရားကား ဆရာမှာလိုက်သော ဥပက္ကိလေသ တရားသာတည်း၊ ဤတရား သည်လည်း မြဲသော သဘောမရှိ၊ ဆင်းရဲသော သဘောရှိ၏၊ ကိုယ်လည်းမဟုတ် ဟု လက္ခဏာ ရေးကို တင်၍သုံးသပ်၏၊ ၎င်းဥပက္ကိလေသ တရားဆယ်ပါး၌ တပါးတပါး၀ယ် "တဏှာ,မာန,ဒိဋ္ဌိ"သုံးပါးပြားရကား ဥပက္ကိလေသတရား သုံးဆယ်ဖြစ်၏၊ ထိုသုံးဆယ်သော ဥပက္ကိလေသ တရားကိုကို ရှင်းလင်း၍ ဤဥဒယဝယ စသောဝိပဿနာ ဉာဏ်သည်သာလျှင် မဂ်သို့ ရောက်ကြောင်း ကောင်းသောခရီးဖြစ်ပေ၍"မဂ္ဂ"မည်၏။

## ဝိပဿနုပက္ကိလေသာ ဖြစ်မြဲသာ

ဝိပဿနုပက္ကိလေသာဟိ ပဋိဝေဓပတ္တဿ အရိယသာဝကဿစေဝ ဝိပ္ပဋိပန္နကဿစ နိက္ခိတ္တကမ္မဋ္ဌာနဿ ကုသိတပုဂ္ဂလဿ နုပ္ပဇ္ဇန္တိ၊ သမ္မာပဋိပန္နကဿ ပန ယုတ္တပယုတ္တဿ အာရဒ္ဓ ဝိပဿကဿ ကုလပုတ္တဿ ဥပ္ပဇ္ဇန္တိယေဝ။

[ဝိသုဒ္ဓိမဂ်။]

ဟိ၊ ဗျတိရိက်ကို ထင်စွာဆိုအံ့။ ဝိပဿနုပက္ကိလေသာ၊ ဝိပဿနာ၏ ညစ်ညူးကြောင်း တို့သည်။ ပဋိဝေဓပတ္တာဿ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်သော အရိယသာဝကဿ စေဝ၊ အရိယာသာဝကအားရှင်း။ ဝိပ္ပဋိပန္နကဿစ၊သီလ ပျက်ခြင်းစသော တစုံတခုဖြင့် ပျက်စီးသောအကျင့်ရှိသော ပုဂ္ဂိုလ် အားရှင်း။ နိက္ခိတ္တ ကမ္မဋ္ဌာနဿစ၊ ဝိပဿနာကို အားထုတ်စဉ် အကြားဒွတွင်န့်၍ စွန့်ပစ် ချထားအပ်သော ကမ္မဋ္ဌာန်း ရှိသော ပုဂ္ဂိုလ်အားရှင်း။ ကုသိတပုဂ္ဂလဿစ၊ သီလနှင့် ပြည့်စုံသည် ဖြစ်ပါလျက် ပျင်းရိသော အားဖြင့် ဘာဝနာတရားကို အားမထုတ်သော ပုဂ္ဂိုလ်အား ရှင်း။ နုပ္ပဇ္ဇန္တိ၊ဩဘာသစသည် မဖြစ်နိုင် ကြလေကုန်။ ပန၊အန္တ ယနည်းကို တဖန်ဆိုအံ့။ သမ္မာပဋိပန္နကဿ၊ကောင်းသော အကျင့်ရှိသော။ ယုတ္တပယုတ္တဿ၊ ရှေ့နောက်လုံ့လ နှစ်ပါးစပ်၍ မပြတ် မလပ် အားထုတ်သော။အာရဒ္ဓ ဝိပဿကဿ၊ အားထုတ် အပ်သော ဝိပဿနာ ရှိသော။ ကုလပုတ္တဿ၊ အာစရ ကုလပုတ္တ ဟု ဆိုအပ်သော အမျိုးကောင်း သားအား။ ဉပ္ပဇ္ဇန္တိယေဝ၊ ဩဘာသစသည် ဖြစ်ကုန်သည် သာတည်း။ နာနုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန် သည်ကား မဟုတ်ကုန်။

ဤကဲ့သို့ အဋ္ဌကထာဆရာ မိန့်မှာသည်အတိုင်း ဩဘာသ စသောဉပက္ကိလေသ တရားတို့သည် အရိယာဖြစ်ပြီး ပုဂ္ဂိုလ်အားလည်း မဖြစ်တော့ပြီ၊ သီလ ပျက်စီးပြီးသော ပုဂ္ဂိုလ်အားလည်း မဖြစ်၊ ဝိပဿနာ တရား အားထုတ်စဉ် အကြား၌ တပါးသော မလိမ်မာသူတို့က ဤတရားကား နိဗ္ဗာန်ရောက်ကြောင်း တရားမဟုတ်ဟုပြောကာ ဆွဲဆောင်

ပါသဖြင့် အားထုတ်ဆဲတရားကို စွန့်ပစ်ချထားသော ပုဂ္ဂိုလ်
အားလည်းမဖြစ်၊သီလနှင့်ပြည့်စုံပါလျက် ပျင်းရိသောအား
ဖြင့် ဘာဝနာတရားကို အားမထုတ်သော သူအားလည်း
မဖြစ်၊ ကောင်းစွာ ဝီရိယဖြင့် ချီးပင့်ကာ အားထုတ်အပ်
သော ဘာဝနာရှိသောယောဂီမှာသာ ဥပက္ကိလေသ တပါး
ပါး သည်ဖြင်း,အများအပြား သည်ဖြင်း မုချမသွေ ထင်မြင်
ရမြဲ ဓမ္မတာပေတည်း။

---

## ဥပက္ကိလေသ အစစ်နှင့် အတု

ထိုထို ပြဆိုခဲ့ပြီး အသီးသီးသော ဆယ်ပါးသော
''ဥပက္ကိလေသ''တရားများနှင့် တွေ့ရှိသောအခါ၌ဝယ် ခန္ဓာ
ကိုယ်၏ ယိမ်းယိုင်, လှုပ်ရှားခြင်းမရှိ အလွန် နူးညံ့သိမ်
မွေ့လှစွာ မဂ်ဟုပင် အထင်မှားလောက်အောင် ကျင်နာ
ကိုက်ခဲခြင်း ဝေဒနာတွေပါ အကုန်ငြိမ်းချမ်းကာ ကျောက်
ထုရုပ် ဥပမာကဲ့သို့ တည်ငြိမ်လျက် ဖြစ်ခြင်းသည် ဥပက္ကိ
လေသ အစစ်မည်၏၊ အကြင် ဘာဝနာ ယောဂီသည်
ဝိပဿနာရှုမှတ်၍ ရုပ်မှန်း,နာမ်မှန်းမှ ခွဲခြား၍မသိရသေး၊
နာရီပိုင်း, ရက်ပိုင်း အတွင်းဝယ် ယိမ်းယိုင် လှုပ်ရှား
ငိုလိုငို ရယ်လိုရယ် တုန်တုန်ဆတ်ဆတ် မသပ်ရပ်သော
အမူအရာ၊ လူကောင်းသူကောင်း ပညာရှိအပေါင်းတို့၏
မြင်လို့မှ မတင့်တယ်၊ ဘယ်ဘယ်ညာညာ ထွေရာလေးပါး
ဖြစ်ပေါ်မှု များကား အထင်မှား အပြောမှား ကြသော
ဥပက္ကိလေသ အတုများသာဟု မှတ်ပါ၊ ဤအရာကို ပီတိ
သဘောကြောင့် ဖြစ်သည်ဟု ယူဆကြ၏၊ အမှန်မှာ–ဥဒယ
ဝယ အမြင်သန်လှမှ ဘာဝနာမယ အတွေ့ထူး အမြင်ထူး

အသိထူး သဘာ၀မျိုးပင် နာလည်သော ဆရာများ၏ အပြောကား ရှာလမိုင်း,တောလမိုင်း,မိဿာနတ်ရှိုင်း များနှင့် သမ္မာအယူရှိသော သမ္မာနတ်ပင် ဖြစ်စေကာ သာသနာတော်အရာ မလိမ်မာကြ၍ ပြူမှားပြမှား ပြောမှားကြကာ ၀ိပဿနာ၏ အနှောင့် အရှက်ကို ပြုလုပ်တတ် ကြ၏ဟု ကြားဘူး မှတ်သားဘူး၏။

ထင်ရှားစေအံ့–အဓော မဂ္ဂ ၀ါဒီ စုဠ ဂန္ဓာရီ အန္တယ မန္တ ၀ိဇ္ဇာ သဘွယ်ဖြစ်သော ဂန္ဓဗ္ဗနတ်တို့၏ အာနုဘော်အစွမ်းတို့နှင့် ယှဉ်ခြင်းကြောင့် တဘက်သား၏ စိတ်ကို နှံ့စေ, ထိုင်းစေ, ဘ၀င်ကျစေ၍ တွေ၀ေ မေ့လျော့အောင်လည်း တတ်နိုင်ကြလေ၏၊ ထိုသို့ အပူးခံရမည့်သူ၏ စိတ်သည် တွေ၀ေမေ့လျော့ သိမ်မွေ့မှလည်း ပူး၀င်နိုင်သည်၊ သို့မဟုတ်က မပူး၀င်နိုင်၊ ထိုပုဂ္ဂိုလ်တို့ မခွါမထွက်မခြင်းလူ၏ စိတ်သည် ဘ၀င်မှမထ၊ ၀ါ-မသိ၊ တကိုယ်လုံး ရုပ်တွေမှာ နတ်၏ ရုပ်တွေကဲ့သို့ဖြစ်၍ နတ်အလိုရှိတိုင်း လှုပ်ရှားပြောဆိုရလေတော့၏၊ ထိုနတ်ထွက်ခွါ၍ သွားလျှင် လူဘကိုယ်လုံး ရုပ်တွေသည် အနည်းငယ် ချောင်သလိုဟာသလို ဆာလောင်သလိုဖြစ်၍ နေခဲ့ရကား အနည်းငယ်မျှ မောပန်း၍ ကျန်ရစ်ခဲ့ချတော်၏၊ မိမိဖြစ်ရပုံအလုံးစုံကိုလည်း ဘာမျှပြန်၍ မသိရှိတော်ပေ။

ဤအရာကား အထင်နှင့်ပြစ်မှားလို၍ ရေးသားခြင်းမဟုတ်ပါ၊စာရေးသူကိုယ်တိုင် ဘာ၀နာအရာ မလိမ်မာစဉ်က အများအပြား တွေ့ခဲ့ပြီးသား ဖြစ်ပါကြောင်း စိတ်စေ တနာကောင်းဖြင့် သတိပေးခြင်းမျှ ဖြစ်ပေသတည်း။

## မဂ် အစစ်နှင့် အတု

ဘာဝနာယောဂီသည်''ဥဒယဝယ''အားရှိလှစွာ''ဥပက္ကိလေသ'' အနှောင့် အရှက်မှ ကင်းလွတ်ကာ ဝိပဿနာ ဉာဏ် ဆယ်တန်ပေါက်ရောက်၍''သမုစ္ဆေဒ''ပဟာန်ခေါ် ပယ်သင့်သော ကိလေသာ ရန်သူတော်တွေကို နောက် ထပ်တဖန် မပေါ်လာနိုင်ရန် အကြွင်းမဲ့ ပယ်ဖြတ်လျက် အရိယာဇာတ်ဝင် ပုထုဇ္ဇန် အနွယ်ပြတ်၍ လက်ဝါးပေါ် တွင် နန်းစဉ် ပတ္တမြား တင်ထားပမာ မိမိ ကိုယ်တိုင် မြင်သိရပါသော''မဂ်တရား''သည်ကား မဂ်တရား အစစ် မည်၏၊ ထိုမှတပါး ဥပက္ကိလေသ၌ပင် အကျုံးမဝင်သော ယောဂီ၏ သဘောသွား ဆရာများ၏ ညွှန်ကြားချက်အရ ဖြစ်လို့ရလိုသော ဆန္ဒကြောင့် ရှေး၌ဖြစ်ကြသော ပုဂ္ဂိုလ် တို့ သဘာဝ နောက်ပုဂ္ဂိုလ် အတုလိုက်ကာ ဖြစ်ကြပုံ အခြင်းအရာကို ယောဂီသဘာဝ ဘာမျှမသိ၊ တပါးသော ပုဂ္ဂိုလ်နှင့် မဆက်ဆံ၊ ဘုရား သဗ္ဗညု၏ ဉာဏ်အရာသာ ဖြစ်သော သတ္တဝါတို့၏ ဣန္ဒြေနုရင့် သိသင့် သေရာကို ဆရာဖြစ်သူက ''အဲသည်ဟာ မဂ်ကျဒါ''ဟု ပြောမှ သိရ သော''မဂ်''သည် မဂ်အတုဟု သိရာသတည်း။

---

## ဖိုလ်အစစ်နှင့်အတု

ဘာဝနာယောဂီသည် ထိုဝိပဿနာဉာဏ်တို့၏ ရုပ်,ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ် ဟု ဆိုအပ်သော ''နိမိတ္တ'' အာရုံတို့ကိုလွန်၍ ''အနိမိတ္တ'' ဟု ဆိုအပ်သော သင်္ခါရ နိမိတ်ကင်းသော နိဗ္ဗာန်အာရုံ၌သာလျှင် အကြင်၍လောက်

တည်စေသတည်း-၂ မိဋ္ဌာန်၍ မိမိဝိပဿနာအာရုံကို ငြိမ်စေလျက် အထူးသဖြင့် ငြိမ်စေလျက်လွှာဘ်၏၊ ထိုယောဂီသည် ပိုင်းခြားသည့်အတိုင်း နိဗ္ဗာန်အာရုံ၌ တည်နေခြင်းသည် "ဖိုလ်စစ်" မည်၏၊ ထိုမှတပါး "မဂ်မသိဖိုလ်နှင့်မေး" ဟူသောစကားအရ ငါသည် မဂ်များရနေရော့သလားဟု ရောင်ဝါးဝါးဖြစ်၍ ဖိုလ်ဝင်စားကြည့်လေဦးမှဘဲဟုဝင်စားသောအခါ ဘာမျှမသိသည်ကတမျိုး၊ အသိရှိသော်လည်း လှုပ်ရှားခြင်း, ပြန်မပြောနိုင်ခြင်း, နားကြားခြင်းကတဖုံ၊ အမျိုးမျိုးအဖုံဖုံရေးပြလို့ မကုန်နိုင်လောက်အောင်ဖြစ်ကြပုံကို "ဖိုလ်ဆိုဒါ ဒါဘဲ"ဟုအထင်လွဲခြင်းသည်"ဖိုလ်အတု" ဟု သိရာသတည်း။

## နိဗ္ဗာန်အစစ်နှင့်အတု

ဘာဝနာယောဂီသည် ဝိပဿနာဉာဏ်စိတ်ဖြင့် တောဘူမက သင်္ခါရတရားတို့ကို လောကီဝိပဿနာဉာဏ်ဖြင့် အနိစ္စစသည် အစွမ်းအားဖြင့် ဖျက်ဆီးသောအဆုံး၌ မဂ်စိတ်သည် "ဘုမ္မိလဒ္ဓ" အစွမ်းအားဖြင့်တည်သော ဝဋ်ဒုက္ခအပေါင်းကို ကောင်းစွာပယ်လျက်, ကောင်းစွာငြိမ်းစေလျက် ဖြစ်တော်မူပေ၏၊ ထိုသို့ဖြစ်သောအခါ အေးမြလှစွာသော "ရေအိုးပေါင်းတထောင်" ဖြင့် မိမိ၏ထိပ်ထက်၌ သွန်းလောင်းလိုက်ဘိသကဲ့သို့ နိဗ္ဗာန်အာရုံကို မြင်သောအခါ ဖြစ်ရခြင်းသည် "နိဗ္ဗာန်စစ်" မည်၏၊ (ဥပရိပဏ္ဏာသအဋ္ဌကထာ။) ထိုမှတပါး မိမိကားဘာမျှခသိ၊ထိုဘာမျှမသိခြင်းသည်လျှင် နိဗ္ဗာန်ပင်တည်းဟု ဆရာကပြောသောအခါ

အချို့က“နိဗ္ဗာန်” ဟာ မသိခင်ကတော့လဲ ခက်လိုက်တာ၊ သိပြန်ပါတော့လဲ ဘာမှမဟုတ်ဟုပြောကာ အထင်ပင် သေးသွားပေသေး၏၊ ဤကား “နိဗ္ဗာန်အတု” ပေတည်း။

မှန်ပါသည်–အကြောင်းသော်ကား ကျေးဇူးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ရှေးယခင်အခါသမယ လေးသင်္ချေနှင့်ကမ္ဘာတသိန်းတက်က စ၍မသေ့ ရှာဖွေ ဆည်းပူးတော်မူပါမှ ရအပ်ပေရာ အဘိုးအနဂ္ဃထိုက်တန် လှစွာသော ဤ “မဂ်,ဖိုလ်,နိဗ္ဗာန်”တို့မည်သည် အကြောင်း ကြောင်း ရေးတေးတေး မှေးမှေး,မှိန်မှိန် သိမ်သိမ်, ဖျင်း ဖျင်း အဆံကင်းသောတရားမျိုးမဟုတ်ရကား ဝိပဿနာ ကိုတကယ်ကြိုးစား၍ ပွါးများအားထုတ်သော ပုဂ္ဂိုလ်တို့ မှာ မျက်ဝါးထင်ထင် ပစ္စဝေက္ခဏာပညာသို့တင်ကာ သေ ချာတပ်တပ် မဂ်, ဖိုလ်, နိဗ္ဗာန်တရားများကို ရအပ်ပေပြီ တကားဟု သိမြင်အပ်၏။

[နောက်ဥ္စထင်ရှားလတံ့။]

ထိုကဲ့သို့–အပါယ်လေးပါးတည်းဟူသော ဘေးဆိုးကြီး များကို တားဆီးပိတ်ပင်ကာ ပေးစွမ်းနိုင်သော အံ့ဩဘွယ် ဘနန်း ဘဝဘဝါ သံသရာအဆက်ဆက်က တရံတခါမျှ မတွေ့မကြုံစဘူး မရရှိမခံစားဘူးသော “မဂ်,ဖိုလ်,နိဗ္ဗာန်” တရားကြီးဖြစ်ပါလျက် တပါးသူက “ဒါဟာ မဂ်တရား ဘဲ၊ ဒါက ဖိုလ်” လို့ခေါ်တယ်၊ “အဲဒါဟာ နိဗ္ဗာန်အာရုံ ဘဲ” လို့ ဇက်ရဲ၍ ထွက်ရဲ ဆုံးဖြတ်ရဲသော ပုဂ္ဂိုလ်တို့က ဆုံးဖြတ်၍သာ နေရှာပေရ၊ ဘာဝနာယောဂီမှာဖြင့် အကြောင်ကြောင် ချာတာတာနှင့်ဘဲ မဂ်,ဖိုလ်,နိဗ္ဗာန် ဟု စိတ်မှာစွဲပြီး၊ “တရုစ်ကြီး နိဗ္ဗာန်မေးလွဲသလို” ဤသာသနာ

နှင့် ဤခန္ဓာတွင် ရထိုက်သမျှသော အကျိုးတွေအကုန်လွဲပြီး မဂ်လွဲ, ဖိုလ်လွဲ, နိဗ္ဗာန် လွဲကြီးနှင့်သာ တွေ့ကြုံရကာ တင်းတိမ်အားရ နေရတတ်ကြပေ၏။

**မှတ်ချက်။** [တရုပ်ကြီးကဗမာကို နိဗ္ဗာန်ဆိုဒါဘယ်လိုဟာလဲ ဟုမေးရာ ဗမာလူစွာက မသိတတ်က အသာမနေဘဲ ဆေးလိပ်သောက်ရင်း မီးခိုးကိုမှုတ်ကာ နိဗ္ဗာန်ဆိုဒါဒီမီးခိုးလို ပျောက်သွားဒါဘဲ ဟုပြောပြုရာဗုဒ္ဓဘာသာကို အထင်ကြီး၍ နေသောတရုပ်ကြီးမှာ ခဲလေသမျှသဲရေကျဖြစ်ကာ နိဗ္ဗာန်ကိုပင်မလိုချင်ဖြစ်ပေတော့၏။]

---

## မမေ့အပ်ရာ ဒေသ သုံးဌာန

တိကင်္ဂုတ္တရပါဠိတော် ရထကာရဝဂ် သရဏီယသုတ်၌ အဘိသိက်ခံသောမင်းသည် (၁) ဖွားမြင်ရာအရပ်၊ (၂) အဘိသိက်သွန်းလောင်းရာအရပ်၊ (၃) စစ်အောင်နိုင်ရာအရပ်၊ ဤသုံးပါးသောအရပ်တို့ကို အသက်ထက်ဆုံး မမေ့စကောင်း၊ ထို့အတူ ဘာဝနာယောဂီရဟန်းတို့သည်လည်း (၁) ရဟန်းပြုရာအရပ်၊ (၂) သစ္စာလေးပါးကို သိမြင်ရာအရပ်၊ ဝါ-မဂ်ကိုရရာအရပ်၊ (၃) အရဟတ္တဖိုလ်သို့ရောက်ရာအရပ်၊ ဝါ-ရဟန္တာအဖြစ်သို့ ရောက်ရာအရပ်၊ ဤသုံးပါးသောအရပ်တို့ကို အသက်ထက်ဆုံး မမေ့စကောင်းတဲ့၊ ထို့ကြောင့်- မိမိကိုယ်တိုင် ဒိဋ္ဌဘယ်တော့မှမမေ့မရအောင် လောကီအရသာအဖြာဖြာတို့ထက် ဆထက်ထောင်ရာမကသာသော မဂ်အာရုံ, ဖိုလ်အာရုံ, နိဗ္ဗာန်အာရုံတော်ကြီးကို ကိုယ်တိုင်ဒိဋ္ဌသိမြင်ကြရမည်မှာ အမှန်ပင်တည်း။

## မဂ်ဖိုလ်ကိုပြောကြားခြင်းငါးမျိုး

ပဉ္စင်္ဂုတ္တရပါဠိတော် ကကုဓဝဂ် အညာဗျာကရဏသုတ်၌ ငါအရိယာ မဂ်,ဖိုလ်ကိုရ၏ဟု၊ ဝါ-ငါရဟန္တာဟု ပြောကြားခြင်းတို့သည် ဤငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့နည်းဟူမူကား (၁) ပညာနုံ့သည်ဖြစ်၍ တွေဝေသည့်အဖြစ်ကြောင့် ပြောကြားခြင်းတပါး၊ (၂) ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ ယုတ်မာသော အလိုရမ္မက်သည် နှိပ်စက်အပ်သည်အဖြစ်ကြောင့် ပြောကြားခြင်းတပါး၊ (၃) ရူးသွပ်သည်ဖြစ်၍ စိတ်ပျံ့လွင့်သောကြောင့် ပြောကြားခြင်းတပါး၊ (၄) အဓိမာနလွန်ကဲ၍ ရနိုးခြင်းရှိသည်ဖြစ်၍ပြောကြားခြင်းတပါး၊(၅)ဟုတ်မှန်သည်ဖြစ်၍ သင့်လျော်သော အကြောင်းဖြင့် ပြောကြားခြင်းတပါး၊ ဤကဲ့သို့ ပြောကြားခြင်းတို့သည် ငါးမျိုး ငါးစား ငါးပါးရှိရာ အကယ်၍ ပြောကြားသည်ဖြစ်အံ့၊ ၎င်းပုဂ္ဂိုလ်ကို မိမိဉာဏ်ဖြင့်နှိုင်းချိန်ကာ ဤငါးမျိုးသော ပြောကြားခြင်းတို့တွင် တပါးပါးဖြစ်တန်ရာ၏ဟု ဆုံးဖြတ်ယုံကြည်ပေရာ၏။

---

## အရိယာဖြစ်မဖြစ်- ခြောက်ဌာနစစ်တမ်း

ဥပရိပဏ္ဏာသအဋ္ဌကထာ၌ အရိယာပုဂ္ဂိုလ် မှန်သမျှ မိမိရသိအပ်သော မဂ်တရား,ဖိုလ်တရား, နိဗ္ဗာန်တရားများကို မိမိ''**သောတာပန်**'' ဖြစ်ပြီ၊ ''**သကဒါဂါမ်**'' ဖြစ်ပြီ၊ ''**အနာဂါမ်**''ဖြစ်ပြီ၊''**ရဟန္တာ**''ဖြစ်ပြီဟု တိကျမှန်ကန်စွာ သိရှိရမြဲဓမ္မတာပေတည်း၊ အကြင်ပုဂ္ဂိုလ်သည် မိမိကိုယ်ကို သောတာပန်စသော အရိယာဟုဝန်ခံငြားအံ့၊ ထိုသို့

ဝန်ခံကာမျှဖြင့် မယုံကြည်အပ်သေးပေ၊ ထိုအရိယာဟု ဝန်ခံသောပုဂ္ဂိုလ်အား ခြောက်ပါးသော အရာတို့၌ စစ် တမ်းထုတ်ရာ၏၊စစ်ပုံကား—

(၁) "အဓိဂမပုစ္ဆာ"—ရအပ်သော တရားထူးကို မေးခြင်း။ ။အသင်သည်"ဈာန်,ဝိမောက္ခ"စသောတရား၊ သောတာပတ္တိ"မဂ်,ဖိုလ်" စသောတရားတို့တွင် အဘယ် တရားထူးကို ရအပ်ပါသနည်းဟု ဤကဲ့သို့ပဌမစစ်တမ်းကို မေးမြန်းရာ၏။

(၂) "ဥပါယပုစ္ဆာ"— ဥပါယ်တမည်အားဖြင့် မေး ခြင်း။ ။အသင်သည် ထိုမဂ်ကိုရရာ၌"အနိစ္စ"လက္ခဏာ ကို အဦးပြု၍၊ ဝါ-ရှုမှတ်၍ရအပ်ပါသလော၊ သို့မဟုတ် "ဒုက္ခ,အနတ္တ" လက္ခဏာတို့တွင် တပါးပါးကို အဦးပြု၍၊ ဝါ-ရှုမှတ်၍ ရအပ်ပါသလော၊ သို့မဟုတ် "သမာဓိ"၏ အစွမ်းအားဖြင့် ရအပ်ပါသလော၊သို့မဟုတ် "ဝိပဿနာ" ၏အစွမ်းအားဖြင့် ရအပ်ပါသလော၊ဝိပဿနာတွင်"ရုပ်" ကိုနှလုံးသွင်း၍ ရအပ်ပါသလော၊ သို့မဟုတ် "နာမ်"ကို နှလုံးသွင်း၍ ရအပ်ပါသလော၊ "အဇ္ဈတ္တ"ကို နှလုံးသွင်း ၍ရအပ်ပါသလော၊ သို့မဟုတ်"ဗဟိဒ္ဓ"ကိုနှလုံးသွင်း၍ ရ အပ်ပါသလောဟု ဒုတိယစစ်တမ်းကို မေးမြန်းရာ၏၊

(၃) "ကာလပုစ္ဆာ"—အချိန်အားဖြင့် မေးခြင်း။ ။ အသင်သည် ဤတရားထူးကို "နံနက်အချိန်" စသည်တို့တွင် အဘယ်အချိန်၌ ရအပ်ပါသနည်းဟု တတိယ စစ်တမ်းကို မေးမြန်းရာ၏၊

(၄) "ဩကာသပုစ္ဆာ"—တည်ရာဌာန အားဖြင့် မေး ခြင်း။ ။အသင်သည် နေ့သန့်ရာ, ညဉ့်သန့်ရာ,သစ်ပင်,'ဂူ

ကျောင်းစသည်တို့တွင် အဘယ်အရပ်၌ ရအပ်ပါသနည်း ဟု စတုတ္ထစစ်တမ်းကိုမေးမြန်းရာ၏။

(၅) ''ကိလေသပုစ္ဆာ''–ကိလေသာအားဖြင့် မေးခြင်း။ ။အသင်သည် အဘယ်မဂ်ဖြင့် ပယ်သတ်အပ်သောကိလေသာတို့ကို ပယ်အပ်ပါသနည်းဟု ပဉ္စမစစ်တမ်းကိုမေးမြန်းရာ၏။

(၆) ''ပဋိလဒ္ဓဓမ္မပုစ္ဆာ''–တဖန်ရအပ်သောတရားကိုမေးခြင်း။ ။အသင်သည် သောတာပတ္တိမဂ်စသောတရားထူးတို့တွင် အဘယ်မဂ်ဖိုလ်တို့ကို ရအပ်ပါသနည်း ဟု ဆဋ္ဌမစစ်တမ်းကိုမေးမြန်းရာ၏။

ဤသို့ ပြဆိုခဲ့ပြီး အသီးသီးသောနည်းဖြင့် စစ်ဆေးမေးမြန်းရာ တိကျပြတ်သားစွာ မဖြေကြားနိုင်ဘဲ''အာဂမနုပဋိပဒါ''ခေါ် မဂ်ဖိုလ်ရောက်ကြောင်း အကျင့်၏ စင်ကြယ်ခြင်းမရှိပါမူ အသင်ယခုကျင့်ဆဲ ပဋိပဒါအကျင့်ဖြင့် လောကုတ္တရာ တရားထူးဝိသေသကို မရအပ်ဟု အတိအကျပယ်ချရာ၏၊ ယင်းသို့စစ်တမ်းထုတ်ကြည့်ရာတိကျမှန်ကန်စွာဖြေကြားနိုင်စေကာလည်း''အရိယာ''ဟုယုံကြည်သင့်မှယုံကြည်ရာ၏၊ အဘယ်ကြောင့်ဆိုသော် ဝါကြွားပလွှားလိုသော၊ ဝါ-ဤတရားနှင့်ပတ်သက်၍''ကျောင်း,သက်နီး,ဆွမ်း,ဆေး''လေးပါးသောပစ္စည်းအတွက် ငဲ့ကွက်ကာ ပြောဟောသောပုဂ္ဂိုလ်တို့အား ဤစကားမျိုး,ဤစာမျိုးတို့ကို စောစောကတင်ကြိုကာ ရှာဖွေစုဆောင်း တိကျမှန်ကန်စွာပြောတတ်အောင်လေ့လာထားရသောကြောင့်ပေတည်း။

# ဘုရားရှင်သူအစစ်သူခိုးကြီးငါးယောက်ကို ရွေးစစ်၍ပြခြင်း

အို–ငါ၏ချစ်သားများတို့····လောကကြီး၌ ''ပဉ္စမဟာစောရ''ခေါ် သူခိုးကြီးတို့သည် ငါးယောက် ရှိကြကုန်၏၊ ထိုငါးယောက်သော သူခိုးကြီးဘို့ဟူသည် အဘယ်သည်တို့နည်းဟူမူ(၁)''ရွာ, နိဂုံး, မင်း နေပြည်''တို့၌ အရာအထောင်သောသူခိုးအများခြံရံလှည့်လည်၍လုယက်သတ်ဖြတ်တိုက်ခိုက်သော သူခိုးကြီးကဲ့သို့ ရွာ,နိဂုံး, မင်းနေပြည်တို့၌ အရာအထောင်သော ပရိသတ်အများ ခြံရံလှည့်လည်၍ လူ,ရှင်,ရဟန်းတို့၏ လာဘ်ပူဇော်သက္ကာရအလေးအမြတ်ပြုခြင်းစသည်တို့ကို ခံယူလျက် မိမိဂုဏ်ကို ကျေညာပေးမည့်''ဒလံ''ခေါ် အလံရှူးများ ထားကာ ''သင်္ကန်း, ဆွမ်း,ကျောင်း,ဆေး လေးပါးသော ပစ္စည်းများ တိုးပွါးရရှိလေအောင် ယုတ်မာသောအလိုဆိုးဖြင့် ''ခုဒ္ဒါနုခုဒ္ဒက''ဟု ဆိုအပ်သော အသေးစား အာပတ်သိက္ခာပုဒ် များကို ကျူးလွန်သောရဟန်းယုတ်ဟု ဆိုအပ်သော ''ပဌမ''သူခိုးကြီးတယောက်။

(၂) ဘုရားရှင် ဟောကြားတော်မူအပ်သော ''သုတ်, အဘိဓမ္မာ,ဝိနည်း''ဟု ဆိုအပ်သော ပရိယတ်ကို သင်ယူကာ ပရိသတ်အလယ်၌ ပါဠိ,အဋ္ဌကထာတို့ကို နှိုးနှော၍ သာယာနာပျော်ဘွယ်သော အသံဖြင့် ကြည်ညိုဘွယ် ကောင်းသော သုတ္တန်တရားများကို ဟောကြားလျက် တရား၏အဆုံး၌ အံ့ဘွယ်သရဲဖြစ်ကြသောလူအများက အရှင်ဘုရား··ယခုဟောကြားအပ်သော ပါဠိအဋ္ဌကထာတို့ကို အဘယ်ဆရာ့ထံ၌ သင်ယူပါသနည်းဟု မေးမြန်းသောအခါဆရာ

သမားကို မညွန်ကြားဘဲ မိမိအလိုလိုထိုးထွင်း၍ တတ်သိလေသရောင်ရောင် အူကြောင်ကြောင်နှင့် မိမိကိုယ်ကို ပူလောင်စေသည့် ရဟန်းယုတ်ဟု ဆိုအပ်သော "ဒုတိယ" သူခိုးကြီးတယောက်။

(၃) စင်ကြယ်သော အကျင့်သီလနှင့် ပြည့်စုံသော "ရဟန္တာ"ပုဂ္ဂိုလ်ကို မြင်ခြင်း, ကြားခြင်း, ရှိရှာခြင်း, အရင်း မရှိသော ပါရာဇိက သိက္ခာပုဒ်ဖြင့် စွပ်စွဲသော ရဟန်းယုတ်ဟု ဆိုအပ်သော "တတိယ" သူခိုးကြီးတယောက်၊

(၄) မွေ့ရာ, ခေါင်းအုံး, ကျောင်း, အာရာမ် အစရှိသော ဂရုဘဏ်ပစ္စည်းတို့ဖြင့် လူများကို ဖြားယောင်းချီးမြှောက်သွေးဆောင်သော ရဟန်းယုတ်ဟု ဆိုအပ်သော "စတုတ္ထ"သူခိုးကြီးတယောက်။

(၅) မိမိ၌ထင်ရှားမရှိသော "ဥတ္တရိမနုဿဓမ္မ" ခေါ် လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြောက်သော "ဈာန်,မဂ်,ဖိုလ်"တရားကို ငါဈာန်ရသည်၊ မဂ်ရသည်၊ ဖိုလ်ရသည်ဟု ပြောဆိုသော၊ ဝါ- တပါးသူက "အရိယာ,ရဟန္တာ"ဟုထင်မှတ်၍ မေးမြန်းစုံစမ်းရာမဟုတ်လျှင် မဟုတ်ကြောင်း ဘွင်းဘွင်းနှင့် ရှင်းရှင်းကြီး ဝန်မခံမူ၍ ဝေ့လယ်လယ် အူကြောင်ကြောင် မပြောကောင်းလို့ မပြောသရောင်ရောင် ပွဲတည်းက ဇာတ်ဘုန်းကြီး ဝိနည်းရှောင်သလို ဟိတ်ဟန်လုပ်ခါ မိမိကို ဈာန်,မဂ်,ဖိုလ်တရားဖြင့် အထင်ကြီးစေသော ရဟန်းယုတ်ဟု ဆိုအပ်သော "ပဉ္စမ"သူခိုးကြီးတယောက်။

ဤသို့အားဖြင့် သူခိုးကြီး ငါးယောက်သည် လောက၌ ထင်ရှားရှိပါပေ၏၊ အို–ငါ၏ချစ်သားတို့....ငါဘုရားဟော ကြားညွှန်ပြခဲ့သော သူခိုးကြီး ငါးယောက်တို့တွင် "ဈာန်, မဂ်, ဖိုလ်"မရဘဲ ရသည်ဟု"ဥတ္တရိမနုဿဓမ္မ"ကို မိမိ၌ထင် ရှားမရှိပါဘဲလျက် ထင်ရှားရှိသည့်အနေပြောဆိုတတ်သော "ပဉ္စမ"သူခိုးကြီးသည်ကား ခလောကသုံးပါး၌ အကြီးမား ဆုံး သူခိုးကြီးပါပေတည်း။

[ပါရာဇိကကဏ်ပါဠိတော်။]

"မှန်ပါသည်-ဈာန်, မဂ်, ဖိုလ်"တရားတို့မည်သည်ကျေးဇူး တော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်လေးသင်္ချေ နှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ရှာဖွေဆည်းပူးတော်မူ ပါမှ ရရှိတော်မူအပ်သော တရားထူး ဖြစ်ပေရကား လော ကီရတနာ အဖြာဖြာတို့ထက် ဆထက်ထောင်ရာ မကသော ၍ အဘိုးအနဂ္ဃတန်ဘိုးရှိပေသော ဈာန်, မဂ်, ဖိုလ် တရား ထူးတို့ကို ခိုးယူမှားမိလေသောကြောင့်တည်း။

---

# သဒ္ဓါပညာမလွန်ရာ

## သဒ္ဓါလွန်ခြင်း၏အပြစ်

အကြင်ယုံကြည်မှု"သဒ္ဓါ"လွန်ကဲ၍ အဆင်ခြင်"ပညာ" နဲ့သော ပုဂ္ဂိုလ်သည် ကြည်ညိုထိုက် မကြည်ညိုထိုက် ကိုး ကွယ်ဆည်းကပ်သင့် မကပ်သင့်ကို ဘာမျှမသိ၊ မိမိကိုယ်ပိုင် ဉာဏ်ဖြင့် ဝေဘန်စိစစ်ခြင်းမပြုဘဲ ဉာဏ်ကင်းမဲ့စွာ အချိုး နှိုးကြည်ညိုတတ်ကြလေသည်၊ထိုသဒ္ဓါလွန်၍ ပညာနဲ့သော ပုဂ္ဂိုလ်သည် အလွန်ယုံကြည်လွယ်၍ မကြည်ညို မကိုးကွယ်

မဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်ကိုပင် ကြည်ညိုကိုးကွယ် ဆည်းကပ်တတ်လေသည်၊

[မူလပဏ္ဏာသအဋ္ဌကထာ မူလပရိယာယဝဂ် သတိပဋ္ဌာနသုတ်။]

ယခုကာလ၌ထိုကဲ့သို့"သဒ္ဓါလွန်၍ပညာနဲ့"သောပုဂ္ဂိုလ် အလွန်ပေါများလှသည်အလျောက် သင့်မသင့်ကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဘန်စိစစ်ခြင်းကိုငှင်း၊မိမိကိုးကွယ်ထားသော ပရိယတ္တိအရာ လိမ်မာကျွမ်းကျင်၍ သဒ္ဓါပညာနှင့် ပြည့်စုံသော ဆရာသမား သူတော်ကောင်းများကိုငှင်းမလျှောက်မမေးမူ၍ ဉာဏ်ကင်းမဲ့စွာ အများကြည်ညိုသော ပုဂ္ဂိုလ်ကိုဝိုင်းဝန်းကြကာ(သူကဘဲဟာကယ်ဟုတ်တဲ့လို့လား၊ကိုယ်ကဘဲမသိတတ်လို့လားမသိ၊) ကြည်ညိုကိုးကွယ် ဆည်းကပ်တတ်ကြလေသည်၊ ထို့ကြောင့် အတုအယောင်ပုဂ္ဂိုလ်များ တနေ့တခြားပေါများလာပြီးလျှင် အလိမ်အညာ အမျိုးမျိုးကိုခံကြရသည့်ပြင် ပစ္စည်းတွင်မျှမက လူပါ-ပါသွားကြရသော(ပစ္စည်းငါးပါး,ခြောက်ပါး ဒါယကာများ)ကို မကြာမကြာကြားသိရပေ၏။

---

## ပညာလွန်ခြင်း၏အပြစ်

အကြင်"ပညာလွန်ကဲ"၍ သဒ္ဓါနဲ့သော ပုဂ္ဂိုလ်သည် (စိတ်ကောင်းထားလျှင် ပြီးဒါဘဲ၊ ဒါန, သီလ, ဘာဝနာတွေ အထူးပြုဘွယ်မလို) "ဒါန"က သံသရာ ရှည်စေတတ်သည်စသည်ဖြင့် "ဓမ္မအတုအယောင်" တို့ကို ပြောဆိုပြသကာ"ကေရာဋိယ-ပက္ခ"ဟုဆိုအပ်သော ကောက်ကျစ်စဉ်းလဲသောအဘို့၌ တည်တတ်လေသည်၊ ထိုပညာလွန်၍ သဒ္ဓါနဲ့သောပုဂ္ဂိုလ်သည်ကား ဆေးကြောင့်ဖြစ်သောရော

ဂါဝေဒနာကဲ့သို့ ကုစားရန်ခဲခက်သည်၊ ဝါ-ဘုရားအဆူဆူ ချွတ်သော်လည်း ကုစား၍မရ ဖြစ်တော့၏၊အချို့ ပုဂ္ဂိုလ်တို့ ကားမေ့လျော့ခြင်း''ပမာဒ''၊ဝန်တိုနှမြောခြင်း''မစ္ဆရိယ'' တရားများကြောင့် မိမိလှူဒါန်းရမည်စိုး၍၊ဝါ-မိမိ ပစ္စည်း ကုန်မည်စိုး၍ ဒါနကို မပြုလိုကြပေ၊ ''ဒါနမပြုဘဲ'' နေပြန် လျှင်လည်း ဗုဒ္ဓဘာသာတို့အလျောက် သူတပါးကဲ့ရဲ့ရှုတ်ချ မည့်''ပရူပဝါဒ''ဘေးကိုကြောက်သောကြောင့် ဝိပဿနာ ကိုအားထုတ်သယောင်ယောင် ကြယ်လောင်လောင် စာ ကိုဘာသ်၊ ပရမတ်စကားကို တဖောင်ဖောင်ပြော၊သဘော ကတခြား၊ ကျွေးမွေးသမျှ အကုန်စား၊ တဘက်သား၏ မျက်နှာထားကိုမကြည့်၊ ''ဝါဒိဆိတ်စား, ငါ့စကားနွားရ'' ပြုလုပ်ကြကာ မိမိဒါနမပြုသော အပြစ်ကို ဖုန်းကွယ်လိုကြ သည့်ပြင် ''သူနိုးသေဘော်ညှိသလို''ဘာမျှမသိ အူကြောင် ကြောင် သမားတို့ကိုပါဆွဲဆောင်ဟောပြောမှုများ လုပ်ကြ ပေသေး၏၊ ဤသူတို့ကား မိမိကိုယ်ကိုသာ ကြီးစွာသော အကျိုးဆုတ်ယုတ်စေသည် မဟုတ်သေး၊ ထိုသူတို့စကားကို နားယောင်ကာ မူလသဒ္ဓါတရားက ခပ်နဲ့နဲ့ ''မဲရတဲ့အထဲဝဲ ချောက်ကစွဲသေး''ဆိုသလို ဆရာများ အပြောရဲလှသဖြင့် ဒါနကိုပယ်သူတွေ ပေါများလာရကား အခြားသူတို့ကို လည်း ကြီးစွာသော အကျိုးဆုတ်ယုတ်ပျက်ပြားစေတတ် လေသည်။

''ထိုပညာလွန်၍သဒ္ဓါနဲ့'' သောပုဂ္ဂိုလ်တို့ကို တရား လမ်းမှန် ကျအောင် ဆုံးမသွန်သင်ရန် မလွယ်ကူလှပေ၊ အဘယ့်ကြောင့်ဆိုပါသော် မိမိအယူကိုစွဲနှဲ၍ အလွန်လိုက် နာခဲသောကြောင့်ပေတည်း။

ယို့ကြောင့် "သဒ္ဓါ,ပညာ" မျှကြမှသာ ဘုရားအလို တော် သဘာဝလမ်းမှန်ရာကျပေမည်၊ စာရှုသူတတွေ ဘာ ဝနာချစ်မိတ်ဆွေတို့။

---

## ဆရာယောင်ငါးပါးသတိထား

အခါတပါး ရှင်အာနန္ဒာ၏အလုပ်အကျွေး ဒါယကာ သေ၍ဖြစ်သော "ကုမုဒ" နတ်သားက "ရှင်ဒေဝဒတ်ကြီး" သံဃာသင်းခွဲမည်အကြံအစည် ပြုကြောင်းကို ရှင်မောဂ္ဂ လာန်အား လျှောက်ထားလေရာ ရှင်မောဂ္ဂလာန်က တဆင့်ဘုရားရှင်လျှောက်၍ မိန့်ဗျာဒိတ်တင်ခဲ့သည်မှာ—

(၁) သီလမစင်ကြယ်ပါဘဲသျက်နှင့် စင်ကြယ်၏ဟု ဝန်ခံသူတယောက်,

(၂) အသက်မွေးမစင်ကြယ်ပါဘဲနှင့် စင်ကြယ်၏ဟု ဝန်ခံသူတယောက်,

(၃) ဒေသနာမစင်ကြယ် (မဟောတတ်) ဘဲနှင့် စင် ကြယ်၏ဟု ဝန်ခံသူတယောက်,

(၄) ဝေယျာကရိုဏ်းမစင်ကြယ် (မဝေဘန်တတ်)ဘဲ နှင့် စင်ကြယ်၏ဟု.ဝန်ခံသူတယောက်,

(၅) ဉာဏ်အမြင်မစင်ကြယ် (သောတာပန် စသည် မဟုတ်)ဘဲနှင့်စင်ကြယ်၏ဟု ဝန်ခံသူတယောက်၊

ဤငါးယောက်သောဆရာယောင်တို့ငါဘုရားသာသနာ ဖျက်ဆီးလတ့် ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပေ သတည်း။

## အတုပေါ်ပေါက်အစစ်ပျောက်

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ကဿပသံယုတ် သဒ္ဓမ္မပဋိရူပကသုတ်၌ အရှင်မဟာကဿပက မြတ်စွာဘုရားအား လျှောက်ထားတော်မူသည်မှာ–

"ကျေးဇူးတော်ရှင် မြတ်စွာဘုရား....အကြင့်ကြောင့်ရှေးအခါက အလွန် နည်းသည်သာလျှင် ဖြစ်ကုန်သောသိက္ခာပုဒ်အကျင့်တရားတို့သည် ဖြစ်ကုန်၏၊ အလွန်များစွာကုန်သောရဟန်းတို့သည် အရဟတ္တဖိုလ်၌တည်ကြကုန်၏၊ ဝါ-ရဟန္တာဖြစ်ကြကုန်၏၊ထိုအကြောင်းသည် အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း အရှင်ဘုရား။

အကြင့်ကြောင့် ယခုအခါ၌ အလွန်များစွာကုန်သောသိက္ခာပုဒ်အကျင့်တရားတို့သည်လည်း ဖြစ်ကုန်၏၊ အလွန်နည်းပါးစွာလည်း ရဟန်းတို့သည် အရဟတ္တဖိုလ်၌တည်ကုန်၏၊ထိုအကြောင်းသည် အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု လျှောက်ထားလေ၏။

အို–"ကဿပ.."ဤသို့လျှင် ဤအကြောင်းသည်ဖြစ်၏၊ သတ္တဝါတို့၌ သူတော်ကောင်းတရားသည် ဆုတ်ယုတ်ကုန်သည်ရှိသော် ကွယ်ကုန်သည်ရှိသော် အလွန်များသည်သာလျှင်ဖြစ်ကုန်သော သိက္ခာပုဒ် အကျင့်တရားတို့သည် ဖြစ်ကုန်၏၊ အနည်းငယ်မျှကုန်သောရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

အို–"ကဿပ...."အကြင်မျှလောက် ကာလပတ်လုံးလောက၌သူတော်ကောင်းတရားအတုအယောင်သည်မဖြစ်ပေါ်သေး၊ ထိုမျှလောက်ကာလပတ်လုံး သူတော်ကောင်း

တရား၏ ကွယ်ခြင်းသည်မဖြစ်၊ ဒို–"ကဿပ....."အကြင်အခါ၌ကား သူတော်ကောင်းတရားအတုအယောင်သည် လောက၌ဖြစ်၏။ ထိုအခါ၌ သူတော်ကောင်းတရား၏ ကွယ်ခြင်းသည်ဖြစ်၏၊ "ရွှေတုပေါ်က ရွှေစစ်ကွယ်ပ" ရဘိ သကဲ့သို့တည်း" ဟု မိန့်တော်မူပေ၏။

ဤကဲ့သို့–မိန့်တော်မူချက်ကို စိတ်ဝယ်စွဲကာ "အရိုးကို အရွက်မဖုံးစေရ"၊သာသနာဖျက် မဖြစ်ကြပါလျက် အစစ်, အတု နှစ်ဌာနကို ဤမျှပြက သိလောက်ကြပေပြီ၊ ထို့ကြောင့် အတုအယောင်တွေကိုပယ်ချ စာလာပေလာ အရိုးအစစ်ကိုရှာ၍ ပွါးများအားထုတ်ကြပေရာသတည်း။

ဆောင်။ မှား မှန်အဖြစ်-စစ်ဘိခဲ၏။
မှား အမှန်-ဝေဘန်သိခဲ၏။
မှား မှန်ဝေခွဲ-ပြေခဲဘိ၏။
အမှား လွှန်-အမှန်ကျင့်ခဲ၏။

---

## ဥဒယဝယ အကျိုးပြ

ဤကဲ့သို့ ပြဆိုခဲ့ပြီး အသီးသီးသော ဝိပဿနာ၏ "အန္တရာယ်" အသွယ်သွယ်တို့နှင့် တွေ့ကြုံရသောအခါ တခါတရံမျှ မတွေ့စဘူးထူးမြတ်လှစွာသောကြောင့် မဂ်ဟု မှတ်ခါ ရပ်တန့်ခံစားကာနေတတ်လေ၏။ ဘာဝနာယောဂီသည် သမာဓိဖြင့် ဝိပဿနာရှုမှတ်ရင်း ရနိုင်သောစိတ်မျိုး ဖြစ်သောကြောင့် ဝေဒယိတသုခမျိုးဖြစ်၍ နိဗ္ဗာန်လည်း မဟုတ်၊ နိဗ္ဗာန်ဆိုသည်မှာ လောကုတ္တရာစိတ်ဖြင့်သာ အာရုံပြုနိုင်၏၊ "ဝေဒယိတ" ခံစားသောသုခမဖြစ်၊"သန္တ" ငြိမ်သက်သောသုခသာဖြစ်၏၊ "သန္တိသုခ"ဟူသည်လည်းဖဿာယတန ခြောက်ပါး၌မဖြစ်၊ ဖဿာယတနခြောက်ပါး၌

မဖြစ်သောကြောင့် ဝိညာဏ်ခြောက်ပါးဖြင့် မသိနိုင်ပေ၊ လောကီစိတ် ဝိညာဏ်ခြောက်ပါးဖြင့် မသိနိုင်သောကြောင့် ကား ဝင်စားခါ ခံစားနေတုန်းက ဘယ်လိုအရသာဟု တပါးသူနားလည်ရန်ပြောပြခြင်းငှါ ခဲယဉ်းလှပေရာ၏၊ဤ နေရာ၌ အလွန်နက်နဲ၏၊ ဉာဏ်ရှင်းခဲ၏၊ ကျမ်းဂန်ကလည်း တတ် သဘာဝအလုပ် အားထုတ်သည်လည်း ဖြစ်ပါမှ ပြောပြ၍ သဘောကျလွယ်ပေမည်၊ ဤဝေဒယိတ "သုခ" ကို သံယုတ်ပါဠိတော်မှာ ဘုရားသခင်က "ဒုက္ခ" ဟု မိန့် ပြတော်မူသည်မှာ—

ယံ ကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိန္တိ ဝဒါမိ၊

ယံကိဉ္စိ ဝေဒယိတံ၊ အကြင်တစုံတခုသော ခံစားအပ် သောတရားသည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံခံစား အပ်သောတရားသည်။ဒုက္ခသ္မိံ၊ဆင်းရဲဒုက္ခ၌သာ။ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝဒါမိ၊ မုချကိန်းသေ ဟောကြား တော်မူခဲ့ပါပေ၏။

ဤ "ဥဒယဝယဉာဏ်"၌ ရုပ်,နာမ်တို့၏ ဖြစ်,ပျက်ပုံကို ဥာမာငါးပါးတို့တွင် တပါးပါးသို့သက်ခါ ထင်မြင်၍ရှုမှတ် နိုင်ပါမူ အလွန်အကြူးကြီးမြတ်သောအကျိုးထူးကို ရကြ ပေပြီ၊ အဘယ်မျှလောက် အကျိုးရောက်ပါသနည်းဟူမူ ကား—

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ၊

[ဓမ္မပဒပါဠိတော် ပဋ္ဌာစာရီဝတ္ထု။]

ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ နာမ်,ရုပ်တို့၏ဖြစ်ပုံပျက်ပုံကို။ အပဿံ၊ အိပ်မက်တွင်မျှ မမြင်ရဘူးဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ပေ၏။ အသ၊ ထိုသူ၏။ ဇီဝိတာ၊ အသက်ရှည်မှုထက်။ ဥဒယဗ္ဗယံ၊ နာမ်,ရုပ်တို့၏ ဖြစ်ပုံပျက်ပုံကို။ ပဿတော၊ ရှုမြင်သောပုဂ္ဂိုလ်၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ ကောင်းကျိုးနှင့်စပ် မျိုးမပြတ်၍ မြတ်လှပါပေ၏တကား။

**အဓိပ္ပါယ်**—ဆိုလိုရင်းကား ရုပ်,နာမ်ဖြစ်ပျက်ခေါ် ဥဒယဝယဉာဏ်တခါတရံမျှအမြင်သန်စွာ အားမထုတ်ဘူးသောသူ အသက်တရာ ရှည်ကြာစွာနေရသည်ထက် ဥဒယဝယဉာဏ် မြင်သန်ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းက မြတ်ပေသေး၏ဟု "**ဘုရား**" မိန့်တော်မူသောကြောင့် "**အာယုဝဍ္ဎန**" နှင့် ထွက်ရပ်ပေါက်လိုကြသော ပုဂ္ဂိုလ်ဟူသမျှ သတိချပ်သင့်စွ။

**ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။**
**ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။**

[ဓမ္မပဒပါဠိတော် ငါးရာသောဝိပဿက ရဟန်းတို့ဝတ္ထု။]

ဘိက္ခဝေ၊ အို-ရဟန်းတို့။ ပုဗ္ဗုဠကံ၊ ရေပွက်ကို။ ပဿေယထာ၊ ရှုမြင်ရဘိ သကဲ့သို့ရင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ ရှုမြင်ရဘိ သကဲ့သို့ရင်း။ ဧဝံ၊ ဤအတူ။ လောကံ၊ ရုပ်ခန္ဓာ,သင်္ခါရလောကကို။ အဝေက္ခန္တံ၊ ရှုမှတ်၍မြင်သောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်တော့ပေတကား။

အဓိပ္ပါယ်–ဆိုလိုရင်းကား မိမိတို့၏ ''နိယကဇ္ဈတ္တ''ခေါ် ဆိုရသော ခန္ဓာကိုယ်ကို သမာဓိဉာဏ် အမြင်သန့်စွာ အနုပဿနာခေါ် လက္ခဏာ ယာဉ်တော်နှင့် စူးစိုက်ကာ ရှုမှတ်လိုက်သောအခါ ရေပွက်တံလျှပ်ပမာ ဖြစ်ပျက်ပုံ အမူအရာတွေကို တွေ့မြင်ရပါမှ သေမင်း၏ ''ဥပစာ''လွန် မြောက်၍ နိဗ္ဗာန်တံခါးပေါက်အနီးသို့ ရောက်သောသူ မည်ပေ၏၊ ဤဂါထာ၏အဆုံး၌ ''ရဟန္တာငါးရာ'' ဖြစ်ကြ ကုန်၏၊ ထို့ကြောင့် နောက်တဖန် ပဋိသန္ဓေမနေရ၍ သေ ခြင်းတရားမရှိတော့လေသောကြောင့် သေမင်းရာဇာ မမြင် ရာသတည်း။

---

## လောကီမဂ် မည်ကြောင်း

မဂ္ဂေါဝါယံ လောကိကောတိ နိယျာနာနု-
လောမတော လောကိယ မဂ္ဂေါ ဧဝါယံ၊ ဠတိ
တဿာ မဂ္ဂသစ္စံ ပါကဋံ ဟောတိ။
[ဝိသုဒ္ဓိမဂ်၊]

မဂ္ဂေါဝါယံ လောကိကောတိ- ဟူသည်ကား။ နိယျာ နာနုလောမတော၊ ဝဋ်မှထုတ်ဆောင် တတ်သော လော ကုတ္တရာမဂ်အား လျော်ခြင်းကြောင့်၊ အယံ၊ ဤဖြစ်ခြင်း ပျက်ခြင်းကို မြင်တတ်သော ဥဒယဗ္ဗယ ဝိပဿနာဉာဏ် ပညာသည်။ လောကိယမဂ္ဂေါဧဝ၊ လောကီမဂ် မည်သည် သာလျှင်တည်း။ ဠတိတဿာ၊ ထိုသို့ မဂ်အားလျော်သည် ဖြစ်၍ ဝိပဿနာ၏မဂ်မည်သည်၏အဖြစ်ကြောင့်။ မဂ္ဂသစ္စံ၊ လောကီမဂ်ဖြစ်သောမဂ္ဂသစ္စာသည်။ ပါကဋံ၊ ထင်ရှား သည်။ ဟောတိ၊ဖြစ်၏။

၍“မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ”နှင့်ပြည့်စုံခြင်းတည်းဟူသော အတိုင်းအရှည်ရှိသော ဘာဝနာ ယောဂီသည် သစ္စာသုံးပါးကို ပိုင်းခြား မှတ်သားခြင်းကို ပြုအပ်၏၊ အဘယ်သို့ဖြစ်သနည်းဟူမူကား“ဒိဋ္ဌိဝိသုဒ္ဓိ”ကို ရအပ်သည်ရှိသော် ရှေးဦးစွာနာမ်ရုပ်ကို ပိုင်းခြား မှတ်သားသဖြင့်“ဒုက္ခသစ္စာ”ကို ပိုင်းခြား မှတ်သားခြင်းကို ပြုသည်ဖြစ်၏၊ အဘယ်ကြောင့်နည်း– “ကင်္ခါဝိတရဏဝိသုဒ္ဓိ”ကို ရသည်ရှိသော် အကြောင်းပစ္စည်းကို သိမ်းဆည်း ခြင်းကြောင့်“သမုဒယသစ္စာ”ကိုပိုင်းခြား မှတ်သားခြင်း ပြုသည်မည်၏၊ ၍မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိကိုရသည်ရှိသော် မဖောက်မပြန် အရိယာမဂ်၏ အကြောင်းဖြစ်သော လောကီမဂ်ကို ပိုင်းခြားမှတ်သားခြင်းကြောင့်“မဂ္ဂသစ္စာ”ကို ပိုင်းခြားမှတ်သားခြင်းပြုသည်ဖြစ်၏၊ ၍သို့လောကီသာလျှင် ဖြစ်သော ဉာဏ်ဖြင့် လက်ဦးစွာသစ္စာသုံးပါးတို့ကို ပိုင်းခြားမှတ်သားခြင်းပြုသည် ဖြစ်ပေတော့၏။

---

## ဖော်ဉာဏ်နှင့် ပေါ်ဉာဏ်

၍“ဥဒယဗ္ဗယဉာဏ်”သည် အစဉ်အားဖြင့် မထင်လျှင်ထင်အောင် မမြင်မသိလျှင်မြင်သိလေအောင်ဆရာကောင်းသို့ချဉ်းကပ်ကာပွါးများမှု အဖြာဖြာတို့ဖြင့် ပွါးများအားထုတ်ကာ မပေါ်ပေါ်အောင် ဖော်ထုတ်အပ်သော ဖော်ဉာဏ်မည်၏၊ “ဘင်ဉာဏ်” စသော ရှေ့ဉာဏ်များကားဥဒယဗ္ဗယဉာဏ်ကိုမှီ၍ ဖြစ်ပေါ်ကြသောပေါ်ဉာဏ်များဖြစ်ကြ၏၊ ထို့ကြောင့်ဥဒယဗ္ဗယဉာဏ်ကို အနုလောမဉာဏ်ထိ ရှုမှတ်ရသည်၊ “ဂေါတြဘူဉာဏ်” ရောက်မှ ဥဒယဗ္ဗယ

ကိုဖြတ်သည်၊ မဂ်ဉာဏ်ဆိုမှကင်းပြတ်၏၊ သို့ဖြစ်လျှင်ဘဂ်ဉာဏ်စသည်တို့သို့ မရောက်ဘဲ မဂ်,ဖိုလ်ကိုရနိုင်ပါမည်လားဟူမူ ဤကဲ့သို့ကားမဟုတ်ပေ၊ "ဘင်,ဘယ" စသောစပ်ကြားဉာဏ်များနှင့်ကင်း၍ကား မဂ်,ဖိုလ်ကိုမရနိုင်၊ဘင်ဉာဏ်မှစ၍ အနုလောမဉာဏ်အထိ ရှိသောဉာဏ်များသည်လည်း ဥဒယဝယဉာဏ်နှင့်ကင်း၍မဖြစ်နိုင်၊ အဘယ့်ကြောင့်ဆိုသော်ထိုဉာဏ်များသည်ဥဒယဝယဉာဏ်ကို အာရုံပြုကာရှုမှတ်ရင်း အကြောင်းအားလျော်စွာ ပေါ်ပေါက်ရောက်သွားသောကြောင့်ပေတည်း။

**ထင်ရှားစေအံ့**–ဥဒယဝယသည် ခရီးသွားလူ၏ ခြေနှစ်ချောင်းနှင့်တူ၏၊ ဘယ်မြို့ဘယ်ဌာန ရောက်ရောက် ခြေနှစ်ချောင်းဖြင့် ရောက်ရသည့်ပုံ ဘာဝနာခရီးသည် ယောဂီပုဂ္ဂိုလ်မှာလည်း နိဗ္ဗာန်သို့သွားရန် ဉာဏ်စဉ်တလျှောက် "ဥဒယဝယဉာဏ်"ခြေထောက်ဖြင့်သာသွားရောက်ကြရပေ၏၊ ရောက်သောအခါကျမှရောက်ရာဉာဏ်၏ အမည်ကိုတပ်ကာ ဘင်ဉာဏ်ရောက်သောအခါ "ဘင်ဉာဏ်"ဟု ခေါ်တွင်ရ၏၊ ဤသို့စသည်ဖြင့် ဥဒယဝယဉာဏ်ကို ရှုသွားရင်းစိတ်ပြောင်းပြောင်းသွားသည်ကိုပင် ဉာဏ်စဉ်ရောက်သည်ဟုဆိုလိုပေသတည်း။

ဤသို့မဂ်မဟုတ်သည်ကိုရင်း, မဂ်ဟုတ်သည်ကိုရင်း သိ၍ မဂ်မဟုတ်သည်ကိုမလိုက်ဘဲမဂ်ဟုတ်သော"ဥဒယဝယ" စသောလမ်းမှန်ကိုလိုက်၍ တည်သော ဉာဏ်တော်သည် "မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ" မည်၏၊ ဤကား–လောကသေဌ်နင်း တရားမင်းဘုရားသည် ဟောကြားတော်မူ

အပ်သော "အာနာပါန" ဒေသနာတော်ဝယ် ကျယ်စွာသော နည်းနယတို့ကို အကျဉ်းနည်းရချုံ၍ ပြသအပ်သော "ရူပပရိဂ္ဂဟ" အစ "ဥဒယဝယ" ဉာဏ်တိုင်အောင် ယူရာယူကြောင်း ကောင်းမြတ်သော "သမုဒယဓမ္မာနုပဿီ ဝါကာယသ္မိံ ဝိဟရတိ"။ပ။ဟူသောဒေသနာတော်၏ အကျဉ်းအားဖြင့်ယူအပ်သော အဓိပ္ပါယ်ပေတည်း။

**မှတ်ချက်။** [ဤဉာဏ်၌ ပစ္စုပ္ပန်ကာလ ဥပါဒ်နှင့် ဘင်ကိုသာ ရှုမှတ်သည်ကို သိလေပါ။]

ထိုသို့ ရုပ်,နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်းတို့ကို မြင်၍နေသော ဘာဝနာယောဂီသည် ဤကိုယ်၌"ရုပ်" ဟူသောကိုယ်၊ "နာမ်"ဟူသော ကိုယ်သာရှိ၏၊ သတ္တဝါ မဟုတ်, ပုဂ္ဂိုလ်မဟုတ် စသည်ဖြင့် ဝိပဿနာဉာဏ် သတိတို့သည် အတိုင်းထက် အလွန် ထင်မြင်၍ သာယာခြင်း, ငါဟူသော ယူခြင်းတို့ကို မမှီမူ၍ နေတော် မူနိုင်သည်၏ အဖြစ်ကို ပြတော်မူခြင်းငှါ—

> အတ္ထိကာယောတိဝါပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတောစ ဝိဟရတိ။
>
> [မဟာသတိပဋ္ဌာနသုတ်။]

ကာယော၊ ဝင်လေထွက်လေ အပေါင်းသည်သာလျှင်။ ဝါ၊ ရုပ်အပေါင်း, နာမ်အပေါင်း သည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုဘာဝနာ ယောဂီ၏။ သတိဝါပန၊ အာနာပါန သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှု ထင်လာသည်။ ဟောတိ၊ ဖြစ်၏။ သာသတိ၊ တို

အာနာပါန သတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမဂ္ဂ္ဂာယ၊ အထက်၌ အဆင့်ဆင့် ကာယာနုပဿနာ ဉာဏ်၏ ပွါးခြင်း အတိုင်းအရှည် အကျိုးငှါရင်း။ ဝါ၊ အထက်၌ အဆင့်ဆင့် ဘင်ဉာဏ်, ဘယဉာဏ် စသည်တို့ ပွါးခြင်း အတိုင်းအရှည်အကျိုးငှါရင်း။ ပဋိဿတိမတ္တာယ၊ အထက်၌အဆင့်ဆင့် အာနာပါနသတိ၏ ပွါးခြင်းအတိုင်း အရှည် အကျိုးငှါရင်း။ ဟောတိ၊ ဖြစ်၏။ သောဘိက္ခု၊ ထိုဘာဝနာယောဂီသည်။ အနိဿိတောစ၊ အာနာပါန၌ တဏှာ,ဒိဋ္ဌိ အားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။

ဤကဲ့သို့ ရုပ်,နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပွါးချုပ်ပျက် ဟန်ကို ကောန်မုချ ထင်မြင်ရသော ဘာဝနာ ယောဂီသည် "အဿာသပဿာသပဋိဘာဂ" အာရုံအတွင်း၌ ရူပကာယ, နာမကာယ သာလျှင် ရှိချေ၏၊ စင်စစ် သတ္တဝါ စသည် မရှိချေဟု သတိပြဋ္ဌာန်းလျက် ဝိပဿနာသည်ဖြစ်၏၊ ထို သတိ ပြဋ္ဌာန်းလျက် ဖြစ်သော ဝိပဿနာသည် အထက်၌ အဆင့်ဆင့် ဘင်,ဘယ စသော ဉာဏ်စဉ်တို့၏ ပွါးခြင်း အတိုင်းအရှည်အကျိုးငှါ ဖြစ်ပေသတည်း။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
ဥဒယဝယဉာဏ်ပြီး၏။

---

## ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိအခန်း
## ဘင်ဉာဏ်ကို ပြခြင်း

ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ အပရိဏာယကာ နိဿတ္တာ နိဇ္ဇီဝသဘာဝါ ခယတ္ထေန ဝယတ္ထေန အနိစ္စာ၊

ဘယတ္ထေန ပီဠနတ္ထေန ဒုက္ခာ၊ အသာရကတ္ထေန
အနိဿရတ္ထေန အ ဝသ ဝတ္တနတ္ထေန အနတ္တာ။

ဣဒါနေဝ မေ တံ အာရမ္မဏိက ဝိပဿနိက-
စိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ ဘိဇ္ဇတိ ဝိနဿတိ ဝိပရိ-
ဏာမံ ဂစ္ဆတိ၊ ဒုတိယမ္ပိ တံ အာရမ္မဏိက-
ဝိပဿနိကစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ ဘိဇ္ဇတိ
ဝိနဿတိ ဝိပရိဏာမံ ဂစ္ဆတိ၊ တတိယမ္ပိ တံ
အာရမ္မဏိက ဝိပဿနိကစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ
ဘိဇ္ဇတိ ဝိနဿတိ ဝိပရိဏာမံ ဂစ္ဆတိ၊ ဧဝံ ဘင်္ဂါ-
နုပဿနံ ဘင်္ဂေ ဉာဏံ။

[ဤကား ခန္ဓာငါးပါးတို့ ချုပ်ပျက်ခြင်း၌
ဆင်ခြင်ခြင်း ဘင်ဉာဏ်ဖြစ်ပုံ။]

မေ၊ငါ၏။ ပဉ္စက္ခန္ဓာ၊ခန္ဓာငါးပါးဟု ဆိုအပ်ကုန်သော။ ဣမေဓမ္မာ၊ ဤရုပ်နာမ် တရားတို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ မေ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟု ဆိုအပ်ကုန်သော။ တေဓမ္မာ၊ ထိုရုပ်နာမ်တရားတို့သည်။ အပရိဏာယကာ၊ မဟာဗြဟ္မာ,ပရမိဿရနတ်တို့ တန်ခိုး ကမ္ဘဗိဒ်, ဣဒ္ဓိပါဒ်, ဈာန်, အဘိညာဏ်ဖြင့် ဖန်ဆင်း အပ်သည်လည်း မဟုတ်ကုန်။ နိဿတ္တ နိဇ္ဇီဝ သဘာဝါ၊ သတ္တ, ဇီဝလည်း မဟုတ် မုချစင်စစ် ပရမတ်မျှသာ ဖြစ်ကုန်၏။ တေဓမ္မာ၊ ထို ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်။ ခယတ္ထေန၊ ရွေလျော ဖောက်လွဲပျောက်စဲ တတ်သော အနက် သဘောကြောင့်။ ဝယတ္ထေန၊ ခန်းခြောက် ပြုန်းတီး ပျက်စီးတတ်သော အနက် သဘောကြောင့်။ အနိစ္စာ၊ အတည်အစွဲ အမြဲမရှိပါကုန် တကား။

ဘယတွေ့နှ၊ ခြင်္သေ့, သစ်, ကျား ဘေးရန် များနှယ် ကြောက်မက်ဖွယ်သော အနက် သဘောကြောင့်။ ဝိဠ္ဌ နတွေ့နှ၊ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အဘန်တလဲလဲ နှိက်စက် ညှဉ်းပန်း နွမ်းနယ်စေတတ်သော အနက် သဘောကြောင့်။ ဒုက္ခာ၊ ပြုပြင်ဆင်းရဲ သည်းခံနိုင်ခဲကုန်စွတကား၊ အသာ ရကတွေ့နှ၊ အနှစ်မရှိ ပုတိညစ်ကြေး ပုပ်ဆွေးတတ်သော အနက် သဘောကြောင့်။ အနိဿရတွေ့နှ၊ စိုးရင်လွှမ်းမိုး အစိုးမရသော အနက် သဘောကြောင့်။ အဝသ ဝတ္တ နတွေ့နှ၊ လိုရာလိုရပ် မလိုက်တတ်သော အနက်သဘော ကြောင့်။အနတ္တာ၊ငါဟုသမုတ် ကိုယ်မဟုတ်ပါကုန်တကား။ "ဇာဒါနေဝ"၊ ယခုအခါ၌သာလျှင်။ မေ၊ ငါ၏။ တံအာရမ္မ ဏကိ ဝိပဿနိကစိတ္တံ၊ ထိုလက္ခဏာသုံးစုံ အာရုံစွဲပြီ အမြဲ ရှိသော ဝိပဿနာ စိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်ပြီး၍။ နိရုဇ္ဈတိ၊ ချုပ်ပျောက်လေ၏။ ဘိဇ္ဇတိ၊ ပျက်စီးလေ၏။ ဝိနဿတိ၊ ပျောက်ပျက် လေ၏။ ဝိပရိဏာမံ ဂစ္ဆတိ၊ ဘောက်ပြန်ခြင်းသို့ ရောက်၏။"ဒုတိယမ္ပိ"၊ နှစ်ကြိမ်မြောက် လည်း။ တံ အာရမ္မဏိကဝိပဿနိကစိတ္တံ၊(ဈုပြီးသွားလေ။) "တတိယမ္ပိ"၊ သုံးကြိမ် မြောက်လည်း။ တံ အာရမ္မဏိက ဝိပဿနိကစိတ္တံ၊ (ဈုပြီ။)ဝေ၊ ဤသို့။ ဘင်္ဂါနုပဿနံ၊ကုန် ပျောက် ပြုန်းတီး ပျက်စီးခြင်း သဘောကို နှစ်နော မလပ် သုံးသပ် ဆင်ခြင် ခြင်းသည်။ ဘင်္ဂေဉာဏံ၊ ဘင်္ဂဉာဏ် မည်၏။

ဤသို့"ဥပက္ကိလေသ"မှ လွတ်ကင်းသော လမ်းဖြောင့် သော ဥဒယဝယဉာဏ်ဖြင့် ဟုတ်မှန်သော "အနိစ္စ,ဒုက္ခ, အနတ္တ" လက္ခဏာတို့ကို အဘန်တလဲလဲ စွဲယူသိမ်းပိုက်

နိုင်သော ဘာဝနာယောဂီသည် ရုပ်, နာမ် ဓမ္မတို့၌ ချိန်ဘန် ဆဘန်များ၌ ဉာဏ်အားထက်သန်သည်ရှိသော် ဖြစ်ခြင်း,ပျက်ခြင်းတို့သည် လျင်စွာလျင်စွာထင်ခဲ့ကုန်၏၊ထိုသို့ ထင်ခဲ့ကုန်သည်ရှိသော် "တီရဏပရိညာဏ်" ကူးမြောက်၍ "ပဟာနပရိညာဏ်"ဖြင့် ဖြစ်ခြင်း တည်ခြင်းကို လွှတ်လျက် ကုန်ခြင်း, ပျက်ခြင်း, ချုပ်ခြင်းတို့သည်သာလျှင် "အနိစ္စ, ဒုက္ခ,အနတ္တ" ကို အာရုံပြု၍ ကောင်းစွာတည်ကုန်၏၊ထိုသို့ အာရုံ၏ ပျက်ခြင်း,ချုပ်ခြင်းကို အာရုံပြုကာ ရှုမှတ်သော ဘာဝနာယောဂီသည် ဥဒယဝယဉာဏ်ကိုလွန်၍ ဘင်ဂ်ဉာဏ်၌တည်သည်မည်၏။

[ဝိသုဒ္ဓိမဂ်၊]

ဖြစ်ခြင်းကိုလွှတ်၍ ပျက်ခြင်းကိုရှုရာ၌လည်း အကြင်အကြင် ဘာဝနာယောဂီသည် "အာနာပါန" ပဋိဘာဂ အာရုံ၏အတွင်း၌ (၁) ရုပ်၏ပျက်ခြင်းကိုငှ်း၊ (၂) နာမ် ၏ပျက်ခြင်းကိုငှ်း ဆင်ခြင်၏၊ ထို (၁) ရုပ်၏ပျက်ခြင်း၊ (၂)နာမ်၏ပျက်ခြင်းကို ဆင်ခြင်သောစိတ်၏ ဘင်ကို ဆက်၍ ဆက်၍ အဘန်တလဲလဲရှုခြင်း၌ ငါ၏ဝိပဿနာစိတ်သည် "ပျက်ခဲ့ပြီ-ပျက်ခဲ့ပြီ" ဟု ဝိပဿနာပညာသည် ရှိသတတ်၊ ဤပညာသည်ပင်လျှင် "ဘင်ဂ်ဉာဏ်" မည်၏။

ထိုဘင်ဂ်ဉာဏ်သည်လည်း(၁)မမြဲသောအားဖြင့်ဘင်ကို "အနိစ္စ"ဟု ရှု၏၊မြဲသောအားဖြင့်မရှု၊ (၂) နှိပ်စက်သော အားဖြင့် ဘင်ကို "ဒုက္ခ" ဟု ရှု၏၊ "သုခ"ဟု မရှု၊ (၃) အစိုးမရသောအားဖြင့် ဘင်ကို "အနတ္တ"ဟုရှု၏၊ "အတ္တ" ဟု မရှု၊ ထိုသို့ပျက်ခြင်း၌ ငြီးငွေ့၏-မနှစ်သက်၊ တပ်ခြင်း ကင်း၏-မတပ်မက်၊ တဏှာကိုချုပ်စေ၏-မဖြစ်စေ၊ စွန့်

လွှတ်၏-မစွဲလမ်း၊ ဤသို့စသည်ဖြင့် ရုပ်ကိုဆင်ခြင်သော စိတ်၏ ဘင်ကိုရင်း,နာမ်ကိုဆင်ခြင်သောစိတ်၏ ဘင်ကိုရင်း ရှုမှတ်သောဉာဏ်သည် "ဘင်္ဂဉာဏ်" မည်၏။

[ပဋိသင်္ခါဒါမင်။]

ဤသို့ ရုပ်,နာမ်နှစ်ပါးတို့တွင် တပါးပါးသော တရားကို အာရုံပြုသောစိတ်၏ ပျက်ခြင်းဟုဆိုအပ်သော ဘင်ဉာဏ် သည်အလွန်ထက်သန်သည်ဖြစ်၍"အနိစ္စ"အစရှိသော အ- နုပဿနာဉာဏ် ရင့်သန်လတ်သည်ရှိသော် "အနိစ္စ"ဟုရှုအံ့ မြဲ၏ဟူသောအမှတ်ကိုပယ်၏၊ "ဒုက္ခ" ဟုရှုအံ့ ချမ်းသာ၏ ဟူသောအမှတ်ကို ပယ်၏၊ "အနတ္တ" ဟုရှုအံ့ "အတ္တ"ဟူ သောအမှတ်ကို ပယ်၏၊ ငြီးငွေ့အံ့ နှစ်သက်ခြင်းတဏှာကို ပယ်၏၊ တပ်ခြင်းကင်းအံ့ ရာဂကိုပယ်၏၊ တဏှာကိုချုပ် စေအံ့ တဖန်ဖြစ်ခြင်းကို ပယ်၏၊ စွန့်လွှတ်သည်ဖြစ်အံ့ စွဲလမ်းခြင်းကိုပယ်၏။

ဤသို့ အလုံးစုံသောသင်္ခါရတို့သည် လျင်စွာ လျင်စွာ ပျက်ကုန်လေစွ ဟု မပြတ်မလတ် အထပ်ထပ်ရှုသော ထို ဘာဝနာယောဂီအား ရှစ်ပါးသော အာနိသင်ဖြင့်ခြံရံအပ် သော "ဘင်္ဂါနုပဿနာဉာဏ်" သည် အားရှိသောအဖြစ်သို့ ရောက်သည်ဖြစ်၏။

---

## ရှစ်ပါးသော အာနိသင်

(၁) ဘဝဒိဋ္ဌိ ဟူသော သဿတ ဒိဋ္ဌိကို ပယ်နိုင်ခြင်း။
(၂) အသက်ဇီဝိတ၌ တပ်မက်ခြင်းကို စွန့်ခွါနိုင်ခြင်း။
(၃) နေ့ညမပြတ် ဘာဝနာ၌ လွန်စွာ လွန်စွာအား ထုတ်ခြင်း။

(၄) ယုတ်မာသော အလိုရမ္မက် ဝေးသည်ဖြစ်၍ စင်ကြယ်သော အသက်မွေးခြင်းရှိသည်၏ အဖြစ်။

(၅) ကိစ္စကြီးငယ်တို့၌ ကြောင့်ကြဗျာပါရကို ပယ်နိုင်ခြင်း။

(၆) (အတ္တသိနေဟ-မိမိကိုယ်ကို ချစ်ခင်တွယ်တာမှုမှ ကင်းသည်ဖြစ်၍) ဘေးကင်းသည်၏အဖြစ်။

(၇) သည်းခံနိုင်ခြင်း ကောင်းသောအမှု၌ မွေ့လျော်သောအဖြစ်ကို ရခြင်း။

(၈) ဆိတ်ငြိမ်သော တောကျောင်းသမထ,ဝိပဿနာဘာဝနာဟူသော လွန်ကဲသောကုသိုလ်၌ မမွေ့လျော်ခြင်း, ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက်ခြင်းတို့ကို နှိမ်နင်းဖျက်ဆီးနိုင်သည်၏အဖြစ်။

### ဆောင်ပုဒ်လင်္ကာ

ဘင်္ဂဉာဏ်တွင်၊ ကျိုးရှစ်အင်ကား၊ (၁)သဿတဖျက်၊ (၂)အသက်မခင်၊ (၃)ဘာဝနာယှဉ်များ၊ (၄) သက်မွေးမှားစင်၊ (၅) ဗျာပါကြဉ်လျက်၊ (၆) အတ္တစင်၍၊ လုံးစုံဘေးကင်း၊ (၇)သည်းခံခြင်းနှင့်၊(၈) ကာမမပျော်၊ ကောင်းမှုပျော်ဟု၊ သုတော်သဘာဝ၊ ရှစ်ဌာနသည်....၊ ဘင်္ဂဉာဏ်မြင်၊အာနိသင်တည်း။

**မှတ်ချက်။** [ဤဘင်္ဂဉာဏ်မှ အနုလောမ ဉာဏ်ဘိုင်အောင် ဘင်ကိုချည်းရှု၊ နေရာကျအသိခဲလှ၏။]

ဘင်္ဂဉာဏ်ပြီး၏။

## ဘယဥာဏ်ကိုပြခြင်း

ဣမေသံ မမ ခန္ဓာနံ ဥပ္ပါဒေါ ဘယံ၊ ဣမေသံ မမ ခန္ဓာနံ ပဝတ္တံ ဘယံ၊ ဣမေသံ မမ ခန္ဓာနံ နိမိတ္တံ ဘယံ၊ ဣမေသံ မမ ခန္ဓာနံ အာယူဟနံ ဘယံ၊ ဣမေသံ မမ ခန္ဓာနံ နိပ္ပတ္တိဘယံ၊ ဣမေသံ မမ ခန္ဓာနံ ပဋိသန္ဓိ ဘယံ၊ တေ မမ ပဉ္စက္ခန္ဓာ ဓမ္မာ ခယဋ္ဌေန ဝယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနိဿ-ရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ၊ ဧဝံ ဘယာ-နုပဿနံ ဘယဉာဏံ။

[ဤကား ခန္ဓာငါးပါးတို့၏ဖြစ်ခြင်း၌ ဘေးရန်ကိုဆင်ခြင်ခြင်း ဘယဉာဏ်ဖြစ်ပုံ။]

မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ ဤခန္ဓာငါးပါး ရုပ်,နာမ် တရားသို့၏။ ဥပ္ပါဒေါ၊ ပဋိသန္ဓေနေရခြင်း အစွမ်းဖြင့်ဖြစ် ခြင်းသည်။ ဘယံ၊ အသူတရာမက နက်လှစွာသော ငရဲသို့ ကျရောက်ဆဲအခါကဲ့သို့ ကိုယ်စိတ်နှစ်ပါး ရှိရှားတုန်လှုပ် လျက် ကြောက်မက်ဘွယ်ရှိ၏။ မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ တို့၏။ ပဝတ္တံ၊ ငရဲသို့ရောက်ပြီး ဘိစီးညြလဲ ဆင်းရဲဖန်ဖန် ခံရသောအခါကဲ့သို့ ပဋိသန္ဓေနောက် စုတိရောက်အောင် ဖောက်လွဲဖောက်ပြန် အဖန်ဖန်ဖြစ်ရခြင်းသည်။ ဘယံ၊ ကိုယ်စိတ်နှစ်ပါး ရှိရှားတုန်လှုပ်လျက် ကြောက်မက်ဘွယ်ရှိ ၏။ မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ တို့၏။ နိမိတ္တံ၊ ဖြစ်လာ တွေ့ကြုံ တောဘုမ္မာ သင်္ခါရကာမဂုဏ်သည်။ ဘယံ၊ ၏။ မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ တို့၏။အာယူဟနံ၊ ကုသိုလ်,

အကုသိုလ်ကံ နှစ်ပါးကို ကြိုးစားအားထုတ် လုပ်ကြံရခြင်းသည်။ ဘယံ၊နရကငရဲ မစဲဘိစီး ခံပြီးတချက် နရက်တပါး ကျသွားရောက်ကြောင်း မကောင်းစေ့ဆော် ချွတ်ချော်သောအခါကဲ့သို့ ကိုယ်စိတ်နှစ်ပါး ရိရှားတုန်လှုပ်လျက် ကြောက်မက်ဘွယ်ရှိ၏၊ မမ၊ ငါ၏။ ဋမေသံခန္ဓာနံ၊ တို့၏။ နိပ္ပတ္တိ၊ ဘဝရာဖန် ဖောက်ပြန်အသစ် ဖြစ်ရခြင်းသည်။ ဘယံ၊ နရက်တပါး ကျသွားရောက်ပြန် ခံရသောအခါကဲ့သို့ ကိုယ်စိတ်နှစ်ပါး ရိရှားတုန်လှုပ်လျက် ကြောက်မက်ဘွယ်ရှိ၏၊ မမ၊ငါ၏။ ဋမေသံခန္ဓာနံ၊တို့၏။ပဋိသန္ဓိ၊သံသရာ နှောင်အိမ် ပူရှိန်ဆူဝေ ဘုံသုံးထွေ၌ ပဋိသန္ဓေအမှန် အဖန်ဖန်နေရခြင်းသည်။ ဘယံ၊ ကိုယ်စိတ်နှစ်ပါး ရိရှားတုန်လှုပ်လျက် ကြောက်မက်ဘွယ် ရှိ၏။ မမ၊ ငါ၏၊ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟု ဆိုအပ်ကုန်သော။တေဓမ္မာ၊ ထိုရုပ်နာမ်တရားတို့သည်။ ခယတ္တေန၊ ကြောင့်။ဝယတ္တေန၊ ကြောင့်။ အနိစ္စာ၊ ကုန်။ ဘယတ္တေန၊ ကြောင့်။ပီဠနတ္တေန၊ကြောင့်။ ဒုက္ခာ၊ကုန်၏။အသာရကတ္တေန၊ကြောင့်။ အနိဿရတ္တေန၊ ကြောင့်။ အဝသဝတ္တနတ္တေန၊ ကြောင့်။ အနတ္တာ၊ ကုန်။ ဧဝံ၊ ဤသို့။ ဘယာနုပဿနံ၊ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ကြောက်မက်ဖွယ်အေး ဘေးဘယကို သုံးသပ်ဆင်ခြင်ခြင်းသည်။ ဘယေဉာဏံ၊ ဘယဉာဏ်မည်၏။

အကြင်အကြင် ဘာဝနာယောဂီသည် ရုပ်, နာမ်ဓမ္မသင်္ခါရတို့၏ ချုပ်ပျောက်ပျက်စီးခြင်း အာရုံကိုသာလျှင် အာရုံပြု၍ မှိဝဲငါးပါးများခြင်း, အကြိမ်များစွာပွါးများခြင်းတို့ကို ပြုလတ်သည်ရှိသော် အလုံးစုံသော တေဘူမကသင်္ခါရတို့၌ ချမ်းသာစွာအသက်မွေး၍နေရန် တခဏမျှ

ချမ်းသာရန်အခွင့်ကို မမြင်ရ၍ ကြောက်ရွံ့တတ်သော ယောကျ်ားသည် ခြင်္သေ့, သစ်, ကျား, သူစားကြီးသော ဘီလူးစသည်တို့၏ နေရာကိုရောက်သကဲ့သို့ မိမိ၏ အတိတ် အာရုံ၌ဖြစ်သော ရုပ်နာမ်တရားတို့၏ချုပ်ပြီးခြင်း,ပစ္စုပ္ပန် ဖြစ်သော ရုပ်နာမ်တရားတို့၏ ချုပ်ခြင်း, ဖြစ်လတ္တံ့သော အနာဂတ်ဖြစ်သော ရုပ်နာမ်တရားတို့၏ ချုပ်လတ္တံ့သည် ကို ကေန်မုချမြင်ရသည်ရှိသော် ရပ်တည်မရ မင်းဒဏ် သင့်၍ အသတ်ခိုင်းအပ်သော သားသုံးယောက်၏ မိခင် သည် သုသာန်ဘစ သင်းချိုင်းဝဝယ် သတ်ပြီးဖြစ်သောသား ကြီးကိုရှု၍ ကြောက်ရွံ့ခြင်း,သတ်မည်ဆဲဆဲဖြစ်သော သား လတ်ကိုရှု၍ ကြောက်ရွံ့ခြင်း,သတ်လတ္တံ့သော သားငယ်ကို ရှု၍ ကြောက်ရွံ့တုန်လှုပ်ခြင်း ရှိသကဲ့သို့ အတိတ်,အနာဂတ် ပစ္စုပ္ပန်၌ဖြစ်သော ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၌ လွန်စွာ ကြောက်ရွံ့ဘတ်သော ဉာဏ်သည် ''ဘယဉာဏ်''မည်၏။

[ဝိသုဒ္ဓိမဂ်၊]

မှတ်ချက်။ [ဤဉာဏ်အရာ၌ ကြောက်ခြင်း ဆိုသည်မှာ ခွေး ကြောက် ဝက်ကြောက် မဟုတ်၊ ဉာဏ်နှင့် ယှဉ်၍ ဆင်ခြင်ကာ ကြောက်သည်ဟုမှတ်၊]

ဘယဉာဏ်ပြီး၏။

---

## အာဒီနဝဉာဏ်ကိုပြခြင်း

ဣမေသံ မမ ခန္ဓာနံ ဥပ္ပါဒေါ သာမိသံ အနုပ္ပါဒေါ နိရာမိသံ၊ ဣမေသံ မမ ခန္ဓာနံ ပဝတ္တံ သာမိသံ အပဝတ္တံ နိရာမိသံ၊ ဣမေသံ မမ ခန္ဓာနံ နိမိတ္တံ သာမိသံ အနိမိတ္တံ နိရာမိသံ၊

ဣမေသံ မမ ခန္ဓာနံ အာယူဟနံ သာမိသံ အနာယူဟနံ နိရာမိသံ၊ ဣမေသံ မမ ခန္ဓာနံ နိဗ္ဗတ္တိ သာမိသံ အနိဗ္ဗတ္တိ နိရာမိသံ၊ ဣမေသံ မမ ခန္ဓာနံ ပဋိသန္ဓိ သာမိသံ အပဋိသန္ဓိ နိရာမိသံ၊ တေ မမ ပဥ္စက္ခန္ဓာ ခမ္မာ ခယတ္ထေန ဝယတ္ထေန အနိစ္စာ၊ ဘယဋ္ဌေန ပီဠနဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနိဿရဋ္ဌေန အဝသဝတ္တနဋ္ဌေန အနတ္တာ၊ ဧဝံ ဘာဂဝသေန အာဒီနဝါနုပဿနံ အာဒီနဝေ ဉာဏံ။

[ဤကား ခန္ဓာငါးပါးတို့၏ ပျက်ခြင်း၌ အပြစ်ဒေါသကို ဆင်ခြင်ခြင်းအာဒီနဝဉာဏ်ဖြစ်ပုံ။]

မမ၊ ငါအား။ ဣမေသံခန္ဓာနံ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ ဥပ္ပါဒေါ၊ ပဋိသန္ဓေ နေရခြင်းအစွမ်းဖြင့် ဖြစ်ခြင်းသည်။ သာမိသံ၊ ထိုထိုများစွာ လူဗိုလ်ပါတို့၏ ဟင်းလျာလက်သုတ် ပြုလုပ်အပ်သော ဝက်ကဲ့သို့ ကိလေသမာရ်, ဒေဝပုတ္တမာရ်တို့သည် အဘန်ဘန် နှိမ်နင်းလျက် သေမင်း၏ ဟင်းလျာလက်သုတ် ပရဘုတ် အာဟာရသည်။ ဟောတိ၊ ဖြစ်၏။ အနုပ္ပါဒေါ၊ ပဋိသန္ဓေ ယူနေလွှတ်ကင်း မဖြစ်ရခြင်းသည်။ နိရာမိသံ၊ ကိလေသမာရ်, ဒေဝပုတ္တမာရ်တို့၏ အဘန်ဘန် နှိမ်နင်းခြင်း ကင်းလွတ် လျက် သေမင်း၏ ဟင်းလျာလက်သုတ် ပရဘုတ်အာဟာရ မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။

မမ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ တို့၏။ ပဝတ္တံ၊ ပဋိသန္ဓေ နောက် စုတိရောက်အောင် ဖောက်လွဲဖောက်ပြန် အဘန်ဘန် ဖြစ်ရခြင်းသည်။ သာမိသံ၊ သည်။ ဟောတိ၊ ၏။

အပစ္စတ္တိ၊ ပဋိသန္ဓေနောက် စုတိရောက်အောင် ဖောက်လွဲဖောက်ပြန် အဘန်ဘန် မဖြစ်ရ ခြင်းသည်။ နိရာမိသံ၊ မဟုတ်သည်။ ဟောတိ၊ ၏။

မမ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ တို့၏။ နိမိတ္တံ၊ ဖြစ်လာတွေကြုံ တောဘူမ္မက သခ်ါရ ကာမဂုဏ်သည်။ သာမိသံ၊ သည်။ ဟောတိ၊ ၏။ အနိမိတ္တံ၊ ဖြစ်လာတွေကြုံ တောဘူမ္မက သခ်ါရကာမဂုဏ်မှ အာရုံ သန့်ရှင်း ကင်းလွတ်ခြင်းသည်။ နိရာမိသံ၊ မဟုတ်သည်။ ဟောတိ၊ ၏။

မမ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ တို့၏။ အာယူဟနံ၊ ကုသိုလ်, အကုသိုလ်ကံ နှစ်ပါးကို ကြိုးစား အားထုတ် လုပ်ကြံ ရခြင်းသည်။ သာမိသံ၊ သည်။ ဟောတိ၊ ၏။ အနာယူဟနံ၊ ကုသိုလ်, အကုသိုလ်ကံ နှစ်ပါးကို လုပ်ကြံ ကြိုးစား အားမထုတ် ခြင်းသည်။ နိရာမိသံ၊ မဟုတ်သည်။ ဟောတိ၊ ၏။

မမ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ တို့၏။ နိဗ္ဗတ္တိ၊ ဘဝတဖန် ဖောက်ပြန် အသစ် ဖြစ်ရခြင်းသည်။ သာမိသံ၊ သည်။ ဟောတိ၊ ၏။ အနိဗ္ဗတ္တိ၊ ဘဝ တဖန် ဖောက်ပြန်အသစ် မဖြစ်ရခြင်းသည်။ နိရာမိသံ၊ မဟုတ်သည်။ ဟောတိ၊ ၏။

မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ တို့၏။ ပဋိသန္ဓိ၊ သံသရာ နှောင်အိမ် ပူရှိန်ဆူဝေ ဘုံသုံးထွေ၌ ပဋိသန္ဓေ အမှန် အဘန်ဘန်ဖြစ်ရခြင်းသည်။ သာမိသံ၊ သည်။ ဟောတိ၊ ၏။ အပဋိသန္ဓိ၊ သံသရာနှောင်အိမ် ပူရှိန်ဆူဝေ ဘုံသုံးထွေ၌ ပဋိသန္ဓေအမှန် တဖန်မနေရခြင်းသည်။ နိရာမိသံ၊ မဟုတ်သည်။ ဟောတိ၊ ၏။

မမ၊ ငါ၏။ ပဋ္ဋကန္တာ၊ခန္တာငါးပါးဟုဆိုအပ်ကုန်သော။ တေဓမ္မာ၊ ထို ရုပ်,နာမ်တရားတို့သည်။ခယတ္တေန၊ ကြောင့်။ ဝယတ္တေန၊ ကြောင့်။ အနိစ္စာ၊ ကုန်။ ဘယတ္တေန၊ကြောင့်။ ပီဠနတ္တေန၊ ကြောင့်။ ဒုက္ခာ၊ကုန်၏။အသာရကတ္တေန၊ ကြောင့်။ အနိဿရတ္တေန၊ ကြောင့်။ အဝသဝတ္တနတ္တေန၊ ကြောင့်။ အနတ္တာ၊ ကုန်။ ဧဝံ၊ ဤသို့။ ဘင်္ဂသေန၊ ကုန် ပျောက် ပြုန်းတီး ပျက်စီးခြင်း၏အစွမ်းဖြင့်။ အာဒီနဝါနုပဿနံ၊ အပြစ်ဒေါသကို သုံးသပ်ဆင်ခြင်ခြင်းသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ်မည်၏။

ထိုသို့ ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၏ ပျက်ခြင်းတည်းဟူသော ဘေးကိုမြင်သည်ဖြစ်၍ အဖန်တလဲလဲမှီဝဲအပ်သော ဘာဝနာယောဂီအား အလုံးစုံသော တေဘူမကသင်္ခါရတို့၌ မှီခိုပုန်းအောင်း ကိုးကွယ်ရာကို မထင်မြင်ခြင်းသည် ဖြစ်ခဲ့ပေ၏။ အဘယ်ကဲ့သို့နည်းဟူမူ ချမ်းချမ်းသာသာ အသက်ရှည်လိုသော ကြောက်တတ်သောယောကျ်ားအား မွေလျော်ဘွယ်သော အခြင်းအရာအားဖြင့် တည်သော်လည်း ခြင်္သေ့ သားရဲရှိသဖြင့် မဝင်ဝံ့သော တောအုပ်ကဲ့သို့ ၎င်း၊ ကျားရဲရှိသဖြင့် ဝင်ခြင်းငှါ ခဲယဉ်းသော ဂူကဲ့သို့ ၎င်း၊ မိကျောင်းစသော ရေစောင့်ရက္ခိုသ်ရှိသော ရေကန်ကဲ့သို့ ၎င်း၊ ချိမိုးအပ်သော ဓားသန်လျက်ရှိသော ရန်သူတို့ကဲ့သို့၎င်း၊အဆိပ်ရှိသောအစာအာဟာရကဲ့သို့၎င်း၊ ခိုးသူ, ဓားပြရှိသော ခရီးကဲ့သို့၎င်း၊ အလျှံပြောင်ပြောင် တောက်လောင်သော အိမ်ကဲ့သို့၎င်း၊ မြူမှုထွက်သော စစ်သည်ရှိသော စစ်မြေကဲ့သို့၎င်း၊ သာယာအပ်သောသဘောမှ ကင်းကုန်သည်ဖြစ်၍ ပြည့်စုံခြင်းမှ ကင်းကုန်သည်ဖြစ်၍

ကြီးစွာသောအပြစ်အစုရှိကုန်သည်ဖြစ်၍ ထင်မြင်ကုန်၏။ ဤသို့သောနည်းဖြင့် အဖန်တလဲလဲရှုသော ထိုဘာဝနာယောဂီအား ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့၏အပြစ်ကိုသာ စိစစ်စေ့ငု ကြည့်ရှုတတ်သော "အာဒီနဝဉာဏ်" မည်သည်ဖြစ်ပေသတည်း။

[ဝိသုဒ္ဓိမဂ်။]

အာဒီနဝဉာဏ်ပြီး၏။

---

## နိဗ္ဗိဒါဉာဏ်ကိုပြခြင်း

ဣမေသံ မမ ခန္ဓာနံ ဘိဇ္ဇနံ နာမမေတံ
အဟော ဝတ နိဗ္ဗိဒံ၊ အဟောဝတ ဇေဂုစ္ဆံ၊
အဟောဝတ ပဋိကူလံ၊ အဟောဝတ အနာလယံ၊
ဇဝံ ဘာဂ်ဝသေန နိဗ္ဗိဒါနုပဿနံ နိဗ္ဗိဒေဉာဏံ။

[ဤကား ခန္ဓာငါးပါးတို့ ပျက်ခြင်း၏ အစွမ်းဖြင့် ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း နိဗ္ဗိဒါဉာဏ်ဖြစ်ပုံ။]

မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ ဤခန္ဓာငါးပါး ရုပ်,နာမ်တရားတို့၏။ ဇတံဘိဇ္ဇနံနာမ၊ ထိုသို့ကုန်ပျောက် ပြုန်းတီးပျက်စီးရခြင်းသည်။ အဟောဝတနိဗ္ဗိဒံ၊ ဩော်—ဘဝသုံးစုံဘုံခလေ့မှာ ငြီးငွေ့ဘွယ်ရှိစွတကား။ အဟောဝတဇေဂုစ္ဆံ၊ ဩော်—ဖောက်ပြန်မဟာဘုတ် ဟဒယရုပ်မှာ စက်ဆုပ်ဘွယ်ရှိစွတကား။ အဟောဝတ ပဋိကူလံ၊ ဩော်—နှလုံးမသာ အခါခါပင် ရွံရှာဘွယ်ရှိစွတကား။ အဟောဝတ အနာလယံ၊ ဩော်—တပ်မက်ရှုမြော် မွေ့လျော်စွာမရှိပါတကား။ ဇဝံ၊ ဤသို့။ ဘာဂ်ဝသေန၊ ကုန်ပျောက်ပြုန်းတီး ပျက်စီးခြင်း၏အစွမ်းဖြင့်။ နိဗ္ဗိဒါနုပဿနံ၊ တဏှာ

မတွယ် ငြိးငွေ့ဘွယ်ကို သွယ်လှယ်မပြတ် သုံးသပ်ဆင်ခြင် ခြင်းသည်။ နိဗ္ဗိဒေ ဉာဏံ၊ နိဗ္ဗိဒါဉာဏ်မည်၏။

ထိုဘာဝနာယောဂီသည် ဤသို့အလုံးစုံသော ရုပ်,နာမ် ဓမ္မသင်္ခါရ၌ ရှေးကံကြောင့်ဖြစ်ခြင်းရှိသော ရုပ်,နာမ် အပေါင်းတို့၏ ပေါင်း၍ တည်လာခြင်း အစရှိသောအဖြစ် တို့ကို မြင်သည်ရှိသော် အလုံးစုံသော တေဘူမက သင်္ခါ ရတို့၌ ပျက်စီးခြင်းနှင့်တကွဖြစ်သော သင်္ခါရတရားအ ပေါင်း၌ လွန်စွာငြိးငွေ့သော နိဗ္ဗိဒါဉာဏ်အဖြစ်သို့ရောက် ၏၊ အဘယ်ကဲ့သို့နည်းဟူမူ—

ဟင်္သာကိုးသောင်းတို့၏ အရှင်ဘုရင် "စိတြကူဋ" ရွှေ ဟင်္သာမင်းသည် ရွှံ့ရှာစက်ဆုပ်အပ်သော ဒွန်းစဏ္ဍားရွာ တံခါး၌ တူးထားအပ်သည်ဖြစ်၍ အညစ်အကြေးအလုံးစုံ တို့၏ စွန့်ပစ်ရာဖြစ်သော "တစိ" တွင်း၀၌ တခဏမျှမပျော်၊ ခုနစ်ဘော်သောရေအိုင်၌သာလျှင် နှစ်ခြိုက်မွေ့လျော်ပျော် နိုင်ဘိသကဲ့သို့ငှင်း၊တောသုံးထောင်ကို အစိုးရသော ခြင်္သေ့ မင်းကို ရွှေခင်သွင်း၍ထားဘိသကဲ့သို့ငှင်း၊ ကိုယ်လုံးကျွတ် ဖြူစင်သော ဆဒ္ဒန်ဆင်မင်းကို ပြည်တွင်း၌ ၀စွာကျွေး၍ မွေးမြူပါသော်လည်း တခဏမျှ မပျော်ဘိသကဲ့သို့ငှင်း ထို့ အတူ "ရွှေဟင်္သာမင်း" စသည်နှင့်တူသော ဘာဝနာယောဂီ သည်လည်း တေဘူမက သင်္ခါရ၌ လွန်စွာငြိးငွေ့လှ၍ ခုနစ်ပါးသော အနုပဿနာဉာဏ်,သုံးတန်သောလက္ခဏာ ရေးတို့ဖြင့် အေးမြငြိမ်းချမ်းရာဖြစ်သော "သန္တိပဒ" ခေါ် နိဗ္ဗာန်ကို ကေန်ကိုင်းရှိုင်း သက်ဝင်ပျော်ရှာလေဘိ၏။

[ဝိသုဒ္ဓိမဂ်။]

နိဗ္ဗိဒါဉာဏ်ပြီး၏။

## မုစ္စိတုကမျတာဥာဏ်ကိုပြခြင်း

ဣမေသံ မမ ခန္ဓာနံ ဥပ္ပန္နံ ဝါ ဘိန္နံ ဝါ ဒုက္ခဒုက္ခံ အတိဒုက္ခံ တတော ကဒါ မုစ္စေယျံ၊ သာဓုဝတ မုစ္စနံ သာဓုဝတ အပဂမနံ သာဓုဝတ နိဗ္ဗုတံ၊ ဧဝံ မုစ္စနာနုပဿနံ မုစ္စိတုကမျတာ-ဉာဏံ။

[ဤကား ခန္ဓာငါးပါးတို့ကို မီးပုံကြီးကဲ့သို့ထင်၍ ထိုခန္ဓာတို့မှ လွတ်ရာ လွတ်ခွင့်ကို ဆင်ခြင်ခြင်း မုစ္စိဘုကမျတာဉာဏ်ဖြစ်ပုံ။]

မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ ဤခန္ဓာငါးပါး ရုပ်,နာမ် တရားတို့၏။ ဥပ္ပန္နံဝါ၊ ပဋိသန္ဓေနေရခြင်းအစွမ်းဖြင့် ဖြစ်ခြင်းသည်၎င်း။ ဘိန္နံဝါ၊ စုတိမကင်း ပျက်စီးခြင်း သည်၎င်း။ ဒုက္ခဒုက္ခံ၊ ဆင်းရဲကြီးငယ် သွယ်လှယ် နှိမ်နင်း ပင်ပန်းခြင်း သို့ရောက်၏၊ အတိဒုက္ခံ၊ အလွန်အကဲဆင်းရဲ ခြင်းသို့ ရောက်၏။ တတော၊ ထိုသို့ ပူပြင်း ဆင်းရဲ ခြင်းမှ၊ ကဒါ၊ အဘယ်အခါ၌။ အဟံ၊ ငါသည်။ မုစ္စေယျံ၊ စင်စစ် မချွတ် ကင်းလွတ် ပါအံ့နည်း။ မုစ္စနံ၊ စင်စစ် မချွတ် ကင်းလွတ်ပါမူကား။ သာဓုဝတ၊ ချမ်းသာ ညွတ်ပျောင်း ကောင်းလေစွတကား။ အပဂမနံ၊ ချုပ်ပျောက် သန့်စင် ဘဲကြဉ်ရ မူကား။ သာဓုဝတ၊ ချမ်းသာ ညွတ်ပျောင်း ကောင်းလေစွ တကား။ နိဗ္ဗုတံ၊ အခါခပ်သိမ်း ငြိမ်းလေ မူကား။ သာဓုဝတ၊ချမ်းသာညွတ်ပျောင်း ကောင်းလေစွ တကား။ ဧဝံ၊ ဤသို့။ မုစ္စနာနုပဿနံ၊ ဖောက်ပြန်မရှင်း ဖြစ်ပျက်ခြင်းမှ ကင်းလွတ်ရာ အခွင့်ကို မြော်လင့် မလပ် သုံးသပ် ဆင်ခြင်ခြင်းသည်။ မုစ္စိတုကမျဘာဉာဏံ၊ မုစ္စိတု ကမျတာဉာဏ် မည်၏။

ဤသို့ နိဗ္ဗာနဒါ ဉာဏ်ဖြင့် အလုံးစုံသော တေဘူမက သင်္ခါရတို့၌ အလွန် ငြီးငွေ့ခြင်း ရှိသော ဘာဝနာယောဂီ အား ထိုတေဘူမက သင်္ခါရတရားတို့တွင် တခုသော ရုပ် တရား နာမ်တရား၌လည်း ငြိတွယ်ခြင်းမရှိ အလုံးစုံသော တေဘူမက တရား အပေါင်းမှ လွတ်လို ထွက်မြောက်လို ခြင်း သည်ဖြစ်၏၊ အဘယ်ကဲ့သို့ နည်းဟူမူကား ပိုက်ကွန် ၌မိသော "ငါး"၊ မြွေ၏ ခံတွင်း၌ဝင်ရောက်သော "ဖား"၊ ချိုင့်၌ လှောင်အပ်သော "ခတာကြက်"၊ ကျော့ကွင်းဖြင့် မြဲစွာဘွဲ့အပ်သော "တောသမင်"၊ အလမ္ပာယ်၏လက်ဝယ်သို့ ရောက်သော "မြွေ"၊ ကြီးစွာသော ညွန်တွင်း၌ သက်ဆင်း မိသော "ဆင်"၊ ဂဠုန်မင်း၏ ခံတွင်းသို့ရောက်သော "နဂါး"၊ ရာဟုအသုရိန် ခံတွင်းသို့ ရောက်သော "လ"၊ ရန်သူတို့က ဝိုင်းဝန်းခြံရံအပ်သော "ယောကျ်ား"၊ ဤသို့ အစရှိသောသူ တို့သည် ထိုထို "ဘွန်" အစရှိသော အနှောင်အဖွဲ့မှ လွတ်လို ကုန်သည် ထွက်မြောက် လိုကုန်သည် ဖြစ်သကဲ့သို့ အလုံး စုံသော သင်္ခါရတရားတို့၌ အာလယကင်းသော ခပ်သိမ်း သောသင်္ခါရ၌ အတွင်းဝင်သော တရားအပေါင်းမှ လွတ် ခြင်းငှါ အလိုရှိသော ထိုဘာဝနာယောဂီအား "မုဉ္စိတု ကမျတာဉာဏ်" သည် ဖြစ်ပေတော့သတည်း။

[ဝိသုဒ္ဓိမဂ်။]

မုဉ္စိတုကမျတာ ဉာဏ် ပြီး၏။

---

## ပဋိသင်္ခါ ဉာဏ်ကို ပြခြင်း

ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ အနိစ္စန္တိကတော အနိစ္စာ၊
ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ အဓုဝတော အနိစ္စာ။

ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ တာဝကာလိကတော အနိစ္စာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ ဥဒယဗ္ဗယပရိစ္ဆိန္နတော
အနိစ္စာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ ဒုက္ခမတော ဒုက္ခာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ အတာဏတော ဒုက္ခာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ အလေဏတော ဒုက္ခာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ ဥဒယဗ္ဗယပီဠနတော ဒုက္ခာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ ရိတ္တတော အနတ္တာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ တုစ္ဆတော အနတ္တာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ သုညတော အနတ္တာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ အသာရကတော အနတ္တာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ အနိဿရတော အနတ္တာ။
ဣဓမေ မေ ပဋ္ဌက္ခန္ဓာ ဓမ္မာ အဝသဝတ္တနတော အနတ္တာ။
ဧဝံ ပဋိသင်္ခါနုပဿနံ ပဋိသင်္ခါနေ ဉာဏံ။

[ဤကား ခန္ဓာငါးပါးတို့၌ အဘန်ဘန် အထပ်ထပ် ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း၌ ပဋိသင်္ခါဉာဏ်ဖြစ်ပုံ။]

မေ၊ ငါ၏။ ပဋ္ဌက္ခန္ဓာ၊ ခန္ဓာငါးပါးဟု ဆိုအပ်ကုန်သော။ ဣမေဓမ္မာ၊ ဤ ရုပ် နာမ်တရားတို့သည်။ အနိစ္စန္တိကတော၊ အတည်မမြဲဖောက်လွဲခြင်းအဆုံးရှိသောကြောင့်။ အနိစ္စာ၊ "အနိစ္စ"မည်ကုန်၏။ မေ၊ ငါ၏။ ပဋ္ဌက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ အဓုဝတော၊ အကြိတ်အခဲ အမြဲမတည်သောကြောင့်၊ အနိစ္စာ၊ ကုန်၏။ မေ၊ ငါ၏၊ ပဋ္ဌက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ တာဝကာလိကတော၊ အခိုက်အတန့် တသက်လျှာခန့်မျှဖြစ်ခြင်းကြောင့်။ အနိစ္စာ၊ ကုန်၏။ မေ၊ ငါ၏။ ပဋ္ဌက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊

တို့သည်။ ဥဒယဗ္ဗယပရိစ္ဆိန္နတော၊ ဖြစ်ပျက်မကင်း ပိုင်းခြားခြင်းရှိသောကြောင့်။ အနိစ္စာ၊ ကုန်၏။

မေ၊ ငါ၏။ ပဥ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ ဒုက္ခမတော၊ ငြိုငြင်ဆင်းရဲ သည်းခံနိုင် ခဲသောကြောင့်။ ဒုက္ခာ၊ "ဒုက္ခ"မည်ကုန်၏။မေ၊ငါ၏။ ပဥ္စက္ခန္ဓာ၊ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ အတာဏတော၊ စောင့်ရှောက်ရာ မဟုတ် သောကြောင့်။ ဒုက္ခာ၊ကုန်၏။ မေ၊ငါ၏။ ပဥ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ အလေဏတော၊ မှီခို လည်းလျောင်း ပုန်းအောင်းရာ မဟုတ် သောကြောင့်။ ဒုက္ခာ၊ကုန်၏။ မေ၊ငါ၏။ပဥ္စက္ခန္ဓာ၊ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ ဥဒယဗ္ဗယ ပီဠနတော၊ ရံခါမကင်း ဖြစ်ပျက် ခြင်းတို့ဖြင့် နှိပ်စက် ညှဉ်းပန်းခြင်းကြောင့်။ ဒုက္ခာ၊ ကုန်၏။

မေ၊ ငါ၏။ ပဥ္စက္ခန္ဓာ၊ကုန်သော။ ဣမေဓမ္မာ၊တို့သည်။ ရိတ္တတော၊ ညှိနံ့စက်ဆုပ် အပုပ်ကိုယ်လုံး ပွုံနှံ့ ဖုံး၍ အသုံးမကျသောကြောင့်။ အနတ္တာ၊"အနတ္တ"မည်ကုန်၏။ မေ၊ ငါ၏။ ပဥ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ တုစ္ဆတော၊ ဆင်းရဲခပ်သိမ်း ကိန်းဝပ်ခိုမှီး အချည်းနှီး သာ ဖြစ်ခြင်းကြောင့်။ အနတ္တာ၊ ကုန်၏၊ မေ၊ ငါ၏။ ပဥ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ သုညတော၊ ကိုယ်ဟုဖန်ဖန် ပညတ်သံမှ ဆိတ်ညံခြင်းကြောင့်။ အနတ္တာ၊ ကုန်၏။မေ၊ငါ၏။ပဥ္စက္ခန္ဓာ၊ကုန်သော။ဣမေဓမ္မာ၊တို့သည်။ အသာရကတော၊ အနှစ်မရှိ ပုတိညစ်ကြေး ပပ်ဆွေးတတ် သောသဘောကြောင့်။အနတ္တာ၊ကုန်၏။မေ၊ငါ၏။ပဥ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ အနိဿရတော၊ စီရင် လွှမ်းမိုး အစိုးမရသော သဘောကြောင့်။ အနတ္တာ၊

ကုန်၏၊ မေ ငါ၏၊ ပဋ္ဌကန္တာ၊ ကုန်သော။ ရူမေမမ္ဗာ၊ တို့သည်၊ အဝသဝတ္တနတော၊ လိုရာလိုရပ် မလိုက်တတ်သော သဘောကြောင့်။ အနတ္တာ၊ ကုန်၏။ ဝေ၊ ဤသို့။ ပဋိသင်္ခါနုပဿနံ၊ ခန္ဓာငါးဖြာလက္ခဏာကို မျှားစွာစွဲမှတ်သုံးသပ် ဆင်ခြင် ခြင်းသည်။ ပဋိသင်္ခါနေဉာဏံ၊ ပဋိသင်္ခါနုပဿနာဉာဏ်မည်၏။

ထိုဘာဝနာယောဂီသည် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အလုံးစုံပျက်ခြင်းသဘောရှိကုန်သော တေဘူမက သင်္ခါရတို့မှ လွတ်လိုသည်ဖြစ်၍ အလုံးစုံသောသင်္ခါရ၌ အကျုံးဝင်သောတရားအပေါင်းမှလွတ်ခြင်းငှါ တဖန် ထိုတေဘူမကသင်္ခါရတို့ကို ဤဆိုအပ်ခဲ့ပြီးသောအခြင်းအရာအားဖြင့် ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် လက္ခဏာရေးသုံးပါးကိုတင်၍ သိမ်းဆည်း၏၊ ဤသို့လက္ခဏာရေးသုံးပါးတို့ဖြင့် သင်္ခါရတရားတို့ကို အားနည်းအောင်ပြု၍ ရှုအပ်၏။

အဘယ်ကဲ့သို့ နည်းဟူမူ ငါးဆောင်း အပ်သောယောကျ်ားသည် အဆောတလျင် ရေ၌ ဆောင်းကိုလွှတ်၍ အုပ်သည်ရှိသော် "ရေမြွေဟောက်" ကို အုပ်မိလျက်ငါးဟု ထင်မှတ်၍ လက်ဖြင့်ဆောင်းဝမှ ရေမြွေဟောက်၏လည်ကိုဆုပ်ကိုင်ကာ ငါးကြီးဟူသောအမှတ်ဖြင့် ဆွဲငင်ကြည့်ရှုသည်ရှိသော် "လည်ရေးသုံးဆင့်" ကို မြင်သဖြင့် ရေမြွေဟောက်မှန်းသိ၍ ငြီးငွေ့ကြောက်ရွံ့ရကား ထိုရေမြွေဟောက်ဘေးမှ လွတ်လိုလှ၍ မိမိထိပ်ထက်၌ နှစ်ပတ်သုံးပတ် မွှေ့ရမ်းကာ အားနည်းအောင်ပြု၍ မြွေကိုစွန့်ပစ်ပြီးလျှင် ကမ်းသို့တက်၍ မြွေဘေးမှလွတ်ပေပြီဟု မိမိလာလမ်းကိုကြည့်ရှုလျက် တည်ရှာလေဘိသကဲ့သို့—

၍ ဥပမာ၀ယ် တံငါသည်ကဲ့သို့ ဘာ၀နာယောဂီကို မှတ်အပ်၏၊ မြွေကို ငါးဟု ထင်သကဲ့သို့ ၍ခန္ဓာကိုယ်ကို ရ၍နှစ်သက်သောကာလကို မှတ်အပ်၏၊ဆောင်း၀မှထုတ်၍ လည်ရေးသုံးခုကို မြင်သကဲ့သို့ "သမူဟဃနံ,ကိစ္စဃနံ,အာရမ္မဏဃနံ" သုံးပါးကို ခွဲခြမ်းဝေဘန်၍ လက္ခဏာရေးသုံးပါးကို မြင်လျက် "ဥဒယဝယ,ဘင်္ဂဉာဏ်" ဖြင့် ရှုသကဲ့သို့ မှတ်အပ်၏၊ကြောက်သကဲ့သို့ "ဘယဉာဏ်"၊ မြွေ၏အပြစ်ကို ရှုသကဲ့သို့ "အာဒီနဝဉာဏ်"၊ မြွေ၌ ငြီးငွေ့သကဲ့သို့ "နိဗ္ဗိဒါဉာဏ်"၊မြွေကို လွှတ်ပစ်လိုသကဲ့သို့"မုဉ္စိတုကမျတာဉာဏ်"၊ မြွေကို အားနည်းအောင် မွေ့ရမ်းသကဲ့သို့ ၍ "ပဋိသင်္ခါဉာဏ်" ကို မှတ်အပ်၏။

ပဋိသင်္ခါဉာဏ်ပြီး၏။

---

## သင်္ခါရုပေက္ခာဉာဏ်ကိုပြခြင်း

ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ ရိတ္တာ၊ ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ တုစ္ဆာ၊ ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ သုညာ၊ ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ နိရတ္တကာ၊ အတ္တေန ဝါ အတ္တနိယေန ဝါ န တေဟံ န တေ မမ ဝေံ ဥဒါသိနေန သင်္ခါရုပေက္ခာနုပဿနံ သင်္ခါရုပေက္ခာဉာဏံ။

[၍ကား ခန္ဓာငါးပါးတို့၏ မုန်းခြင်း,ချစ်ခြင်း‌ကို ပယ်ဖျောက်၍ လျစ်လျူဆင်ခြင်ခြင်း သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ။]

မေ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ ဣမေဓမ္မာ၊ ၍ ရုပ်,နာမ် တရားနှစ်ပါးတို့သည်၊

ရိတ္တာ၊ညှိနိုံစက်ဆုပ် အပုပ်ကိုယ်လုံး ပွံ့နွံ့ဖုံး၍ အသုံးမကျ ပါတကား။ မေ၊ ငါ၏။ ပဋ္ဌက္ခန္ဓာ၊ ကုန်သော။ ဣမေ ဓမ္မာ၊ တို့သည်။ တုစ္ဆာ၊ ဆင်းရဲခပ်သိမ်း ကိန်းဝပ်ခိုမှီး အချည်းအနှီးသာတကား။ မေ၊ငါ၏။ ပဋ္ဌက္ခန္ဓာ၊ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ သုညာ၊ ကိုယ်ဟုဖန်ဖန် ပညတ်သံမှ ဆိတ်ညံခဲ့ပါတကား။ မေ၊ ငါ၏။ ပဋ္ဌက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ နိရတ္တကာ၊ အနည်းငယ်မျှ ဝိပါက မျိုး အကျိုးမရှိပါတကား။ အတ္တေနဝါ၊ ငါ၏ကိုယ်အား ဖြင့်ငှင်း။ အတ္တနိယေနဝါ၊ ငါ၏ဥစ္စာအားဖြင့်ငှင်း။ တေ ဓမ္မာ၊ ထိုရုပ်,နာမ်တရားတို့သည်။ အဟံ၊ ငါသည်။ န၊ မဟုတ်ကုန်။ တေဓမ္မာ၊ တို့သည်။ မမ၊ ငါ၏။ နသန္တကာ၊ ဥစ္စာစုပုံ မဟုတ်ကုန်။ ဝေံ၊ ဤသို့။ ဥဒါသိနေန၊ မမုန်း မချစ် လျစ်လျူရှုသဖြင့်။ သင်္ခါရုပေက္ခာနုပဿနံ၊ သင်္ခါရ တရား ထိုငါးပါး၌ ပိုင်းခြားလျစ်လျူ စွဲယူမလပ် သုံးသပ် ဆင်ခြင်ခြင်းသည်။ သင်္ခါရုပေက္ခာဉာဏ်၊ သင်္ခါရုပေက္ခာ ဉာဏ်မည်၏။

ထို ဘာဝနာယောဂီသည် ပဋိသင်္ခါဉာဏ်ဖြင့် အကြိမ် ကြိမ် အဘန်ဘန် အတန်တန် ရှုအပ်သည်ဖြစ်၍ "အဃာသ,ပဃာသ" ပဋိဘာဂ၏အာရုံအတွင်း၌ဖြစ်သော ရုပ်,နာမ် နှစ်ပါး သင်္ခါရတရားတို့သည် "အတ္တ" မှ ဆိတ်ကုန်၏ဟု လက္ခဏာရေးသုံးပါးတို့ဖြင့် သိမ်းဆည်းအပ်သည်ရှိသော် "သောမနဿ,ဒေါမနဿ" ဟု ဆိုအပ်သော နှစ်သက်ခြင်း, မနှစ်သက်ခြင်းတို့သို့ မသက်ရောက်မူ၍ "ဥပေက္ခာ" ဟု ဆိုအပ်သော လျစ်လျူရှုကာ ရှုမှတ်ပွါးများမြဲသာ တည် ရှာလေ၏။

အဘယ်ကဲ့သို့နည်းဟူမူ ချစ်လှစွာသော မယားရှိသော ယောကျ်ားသည် ထိုမယားနှင့်ကင်း၍နေခြင်းငှါ တနေ့ တရက် တနံနက်မျှမစွမ်းနိုင်ရှိလေရာ၊ တရံသောအခါ ထိုမိန်းမသည် တပါးသောယောကျ်ားနှင့် ပေါင်းဘော် ယှဉ်တွဲ မှီဝဲသည်ကို မြင်ရ၍ လွန်စွာအမျက်ထွက်သဖြင့် ထိုမိန်းမ၌ တပ်မက်ခြင်းကင်း၍ ဤမိန်းမယုတ်ဖြင့် ငါ သည် အဘယ်ပြုတော့အံ့နည်း၊ ဤမိန်းမမှ လွတ်ပါမူ ကောင်းလေစွ ဟု အကြိမ်ကြိမ်ကြံ၍ စွန့်လွှတ်ကွာရှင်း လိုက်၏၊မိမိ မိန်းမဟုမထင်မှတ်၊တရံသောအခါ ထိုမိန်းမ သည် တပါးသောယောကျ်ားတို့နှင့် "အတိစာရ" ကျင့်ကြံ သည်ကို မြင်ရသော်လည်း အမျက်ထွက်ခြင်း,ဝမ်းမြောက် ခြင်းမရှိမူ၍ လျစ်လျူရှု၍ နေနိုင်ဘိသကဲ့သို့ ဤဘာဝနာ ယောဂီသည်လည်း မိမိ၏ ရုပ်, နာမ် ဓမ္မ သင်္ခါရတို့၌ **သောမနဿ**,ဒေါမနဿတို့ကို ခွါ၍ "ဥပေက္ခာ" ဖြင့်သာ နေရှာတော်မူပေ၏။

ထို ဘာဝနာယောဂီအား ဤသို့ "ဥပေက္ခာ" အဖြစ်၌ တည်သည်ရှိသော် အလုံးစုံသော သုံးဆယ့်တစ်ဘုံဌာနဝယ် ဖြစ်ရသမျှ သဘာဝတို့၌ မိမိ၏စိတ်သည် ကြက်တောင်, သားရေတို့ကို မီးရှို့ဘိသကဲ့သို့ တွယ်တာခြင်းမရှိ တွန့်၏ ဆုတ်၏ နစ်၏၊ မွေ့လျော်သောအားဖြင့် မပြေးဝင်သည် ဖြစ်၍ "သင်္ခါရုပေက္ခာဉာဏ်" ၌ တည်ရှာပေတော့၏။

ထို သင်္ခါရုပေက္ခာဉာဏ်သည် အကြင်အခါ၌ ပစ္စက္ခ အားဖြင့် မျက်ဝါးတင်ထင် "အနိစ္စ,ဒုက္ခ,အနတ္တ" အဖြစ်ဖြင့် မြင်သိအပ်သော ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းကို ရိပ်ခနဲ လွတ်၍ နိဗ္ဗာန်၏ အာရုံတော်သို့ ပြေးဝင်ရှာလေ၏၊အကယ်

၍ နိဗ္ဗာန်ကိုမမြင်သည်ဖြစ်အံ့၊ မိမိ၏ ပစ္စက္ခဉာဏ်ဝဉ် မြင် အပ်သိအပ်သော ''အနိစ္စ''စသည်ဖြင့် ရှုသောရုပ်,နာမ်ဓမ္မ သင်္ခါရအာရုံ၌သာလျှင် အာရုံပြုသည် ဖြစ်၍ နေရှာပေ၏။

အဘယ်ကဲ့သို့နည်းဟူမူ ''သမုဒ္ဒရာ'' သို့ ကူးလိုသော သင်္ဘောသူကြီးတို့သည် အရပ်မျက်နှာ စုံစမ်းရန် အလို့ငှါ ''ဒိသာကာက''ကျီးတို့ကို ဘမ်းယူ၍ သွားကုန်သတတ်၊ အကြင်အခါ လေလွင့်သည်ဖြစ်၍ ကမ်းမျှမမြင် မျက်စိ လည်သည် ဖြစ်ခဲ့အံ့၊ထိုအခါ ဒိသာကာက ကျီးကိုလွှတ်ကုန် ၏၊ ထိုကျီးသည်တောင်းကင်သို့တက်၍ အရပ်မျက်နှာတို့ကို ကြည့်ရှုလတ်သော် အရှေ့အရပ်၌ ကမ်းကိုမြင်သည်ဖြစ်အံ့၊ အရှေ့အရပ်သို့ပျံလေ၏၊ အကယ်၍ကမ်းကို မမြင်သည်ဖြစ် အံ့၊ အဘန်ဘန် စူးစမ်းပျံလာ၍ လင်းယဉ်တိုင်ထက်၌သာ နားပြန်ရှာသကဲ့သို့တည်း။

[ ဝိသုဒ္ဓိမဂ်။ ]

---

## သင်္ခါရုပေက္ခာဉာဏ်၏ဂုဏ် ၆-ပါး

(၁) နှစ်သက်ခြင်းကြောက်ခြင်းမှ ကင်းရှင်းခြင်းတပါး။
(၂) ချမ်းသာဆင်းရဲမရှိ ပကတိ ဝိပဿနာစိတ်ဖြင့်နေ နိုင်ခြင်း တပါး။
(၃) ကြောင့်ကြမပူ လွယ်ကူစွာရှုမှတ်မှု ရှိခြင်းတပါး။
(၄) အာရုံမှတ်စိတ်နှစ်ပါး ကြာရှည်စွာ တည်မြဲခြင်း တပါး။
(၅) ကြာလေ ကြာလေ သိမ်မွေ့လေ ဖြစ်ခြင်းတပါး။
(၆) အာရုံတခြားသို့ စိတ်မသွားခြင်းတပါး။

ဤခြောက်ပါးသောဂုဏ်နှင့်ပြည့်စုံ၍တည်လာပေ၏။

ဆောင်။ သင်္ခါရုပေက္ခာ၊ဂုဏ်ခြောက်ဖြာကား–
(၁) နှစ်သက်ကြောက်ခြင်း၊ ကင်းသည်တဖြာ။
(၂) ဆင်းရဲစွာနှင့်၊ ချမ်းသာတူမျှ၊
(၃) ကြောင့်ကြပယ်ခွါ၊ လွယ်စွာရှုမှတ်။
(၄) တည့်မတ်ညီညာ၊ ကြာရှည်စွာနှင့်။
(၅) ကြည်စွာသိမ်မွေ့၊ သာ၍မှတ်တုံ။
(၆) အာရုံတခြား၊ ပြန့်မသွားသည်၊ မှတ်သားတင့်ညီ၊ ဂုဏ်ခြောက်မည်တည်း။

သင်္ခါရုပေက္ခာဉာဏ်ပြီး၏။

---

## ဝိပဿနာဉာဏ်တို့ ရောယှက်ပုံကို ပြခြင်း

ဤသို့ပြအပ်ပြီးသော ဝိပဿနာဉာဏ်တို့တွင် "သမ္မသန ဉာဏ်,ဥဒယဉာဏ်"ဖြစ်က "ဝယဉာဏ်,ဘင်္ဂဉာဏ်" နှစ်ပါးတို့သည် ဖြစ်မြဲဓမ္မတာ သာတည်း၊ "အနိစ္စလက္ခဏာ" ၌ တပေါင်းတည်း သင်္ဂြိုဟ်ခြင်းကြောင့်တည်း။

[အနိစ္စ။]

"ဘယဉာဏ်"ဖြစ်ခဲ့လျှင်"အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ်" တို့သည်ဖြစ်မြဲဓမ္မတာတည်း၊ သဒ္ဒါသာပြားသည်၊ အနက် သဘောကား ထူးခြားခြင်း မရှိသောကြောင့်တည်း။

[ဒုက္ခ။]

"မုဉ္စိတုကမျတာဉာဏ်"ဖြစ်ခဲ့လျှင် "ပဋိသင်္ခါဉာဏ်,သင်္ခါ ရုပေက္ခာဉာဏ်"တို့သည် ဖြစ်မြဲဓမ္မတာသာတည်း၊ သဒ္ဒါ သာပြားသည် အနက်သဘောကား ထူးခြားခြင်း မရှိ သောကြောင့်တည်း။

[အနတ္တ။]

တခုသော သမ္မသနဉာဏ်နောင်မှ သုံးပါး သုံးပါးသော ဝိပဿနာဉာဏ်တို့သည် ဖြစ်ကြကုန်၏ ဟူလို။
[ပဋိသမ္ဘိဒါမဂ်။]

## ဝိပဿနာဉာဏ်တို့၏အားကိုပြခြင်း

ထိုဝိပဿနာဉာဏ်တို့တွင် အားတို့သည် (၁) နုသော "တရုဏ" အား၊ (၂) ရင့်သော"ဗလဝ" အားဟူ၍ နှစ်ပါးအပြားရှိကုန်၏၊ ထိုနှစ်ပါးတို့တွင် (၁) "နာမရူပပရိစ္ဆေဒ"ဉာဏ်မှစ၍ "ဘင်္ဂ"ဉာဏ်တိုင်တိုင် ငါးပါးသော ဉာဏ်တို့သည်"တရုဏဝိပဿနာ"အားမည်၏၊(၂)"ဘယ" ဉာဏ်မှစ၍ "သင်္ခါရုပေက္ခာ" ဉာဏ်တိုင်တိုင် ခြောက်ပါးသောဉာဏ်တို့သည်"ဗလဝဝိပဿနာ"အားမည်၏။
[ပဋ္ဌာန်ဗွာရအဋ္ဌကထာ။]

ထိုအားနှစ်ပါးတို့တွင်လည်း (၁) "တရုဏ" အားသည် ဥပမာ ငါးပါးသို့သက်၍တည်၏၊(၂)"ဗလဝ"အားသည် အကြင်အခါ၌ ဝိပဿနာ ဘာဝနာ ယောဂီသည် ဒုက္ခနှင့်နှီးလှ၍ နေသောကာလ၌ ထိုထိုရပ်တိုင်း ထိုင်တိုင်း၌ရင်း၊ မိမိကိုယ်ဟတ္ထပါသ် ဗဟိဒ္ဓ, အဇ္ဈတ္တ တို့၌ မီးတောက်သကဲ့သို့ရင်း လက်ကတီးချိုင်းကြားတို့မှ ချွေးတို့သည် ယိုစီးကုန်၏၊ ဦးခေါင်းထက်မှ အခိုးထွက်သကဲ့သို့ရင်း, ကွဲပြိုသကဲ့သို့ရင်းဖြစ်၏၊ မိမိ၏စိတ်သည် ပင်ပန်း၏၊ အထူးသဖြင့်ပင်ပန်း၏၊ တုန်လှုပ်၏၊ ထိုအခါ "ဒုက္ခ" နှင့် ယှဉ်၍"ဗလဝ"အားသို့ သက်၍တည်၏။
[မဟာသစ္စကသုတ်အဋ္ဌကထာ။]

## ဝိပဿနာဉာဏ်ကိုပစ္စက္ခအားဖြင့် မြင်နိုင်ခြင်း

ဤကဲ့သို့-သမ္မသနဉာဏ်အစ,သင်္ခါရုပေက္ခာဉာဏ် အဆုံး ရှိသော ဝိပဿနာဉာဏ်တို့ကို သုံးသပ်ဆင်ခြင်သော ဘာဝနာယောဂီသည်''အနိစ္စ,ဒုက္ခ,အနတ္တ''တို့၏ ဖြစ်ဟန်ကို လူသာမန်တို့မှန်းဆ၍သိအပ်သော ''အနုမာန'' ဉာဏ်မျိုးမဟုတ်၊ ဟုတ်ဟုတ် ပြားပြား မျက်ဝါးထင်ထင် သိမြင်အပ်သော ကလျာဏ ပုထုဇ္ဇန် သီလဝန်ပညာရှင်တို့ သိတော်မူအပ်သော''ပစ္စက္ခ''ဉာဏ်မျိုးဖြင့် ကေန်သိမြင်အပ်၏။

အဘယ်ကဲ့သို့နည်းဟူမူ မျက်စိအမြင်နှင့် ပြည့်စုံသော မင်းသားပျိုသည် အဘ၏ ဥစ္စာဖြစ်သော အကောက်သုံးခုရှိသော''ပတ္တမြား''ဝယ် အကောက်ပေါက်၌ ကြိုးဖြူ, ကြိုးနီ, ကြိုးနက်တို့ဖြင့် လျှို၍ထားအပ်သော ပတ္တမြားကို ရ၍ စိမ်းစိမ်းဝါးဝါး ကြည့်ရှုပြားသော် ဤကားပတ္တမြား, ဤသည်တို့ကား ကြိုးဖြူ,ကြိုးနီ,ကြိုးနက် တို့တည်းဟု မြင်ရဘိသကဲ့သို့တည်း။

ဤဥပမာ၌ ပတ္တမြားကဲ့သို့ ဤကရဇကာယကို မှတ်ရမည်၊ သီသောကြိုးသုံးမျိုးတို့ကဲ့သို့ ''ဖဿပဉ္စက,ဝေဒနာပဉ္စက,ဝိညာဏပဉ္စက'' ဖြစ်သော ဝိပဿနာဉာဏ်ကို မှတ်ရမည်၊ မျက်စိအမြင်နှင့်ပြည့်စုံသော မင်းသားကဲ့သို့ ဘာဝနာယောဂီကို မှတ်ရမည်၊ ဤ၌ ပတ္တမြားကိုရင်း,သီသောကြိုးတို့ကိုရင်း, ကြည့်သောသူကိုရင်း ပစ္စက္ခချည်းယူသကဲ့သို့ ဤ ''အဿာသပဿာသ'' အာရုံအတွင်း၌ ပစ္စက္ခဖြစ်သော (၆၂) ပါးသောရုပ်တို့ကိုရင်း ဝိပဿနာ နာမက္ခန္ဓာဖြစ်သော''ဖဿပဉ္စက,ဝေဒနာပဉ္စက,ဝိညာဏပဉ္စက'' ဟူသော

ဝိပဿနာဉာဏ်ကိုရင်း၊ ဝိပဿနာရှုမှတ်သော ဘာဝနာယောဂီကိုရင်း ပစ္စက္ခအားဖြင့် ယူကြရမည်၊ ထိုသို့ပစ္စက္ခဖြစ်မှ မဂ်ကိုကူးနိုင်၏၊

[မဟာသကုလုဒါယိသုတ်အဘွင့်။]

ထိုသို့ လက်ဝယ်တင်ထားကြီးတို့ဖြင့် သီထားအပ်သော ပတ္တမြားကို မျက်ဝါးထင်ထင် ရှုမြင်အပ်သောသူကဲ့သို့ ဝိပဿနာဉာဏ် (၉) တန်ကို ကေန်တိတိ သိမြင်သော ဘာဝနာယောဂီသည်လည်း အကြင်အခါ အနုလောမဉာဏ်သို့သက်၍ အထက်မဂ်ဉာဏ်သို့ကူးခြင်းငှါ ခံ့သည်ဖြစ်အံ့၊ ထိုအခါ ဝိပဿနာဉာဏ် (၁၀) တန်တို့သည် လေးပါးသောဓာတ်တို့၏ကိစ္စကို ဆောင်နိုင်ပေတော့၏။

---

## ဝိပဿနာဉာဏ် ဆယ်တန်ကို ဓာတ်လေးပါး၌ သွတ်သွင်း၍ပြခြင်း

**ဓာတ်လေးပါးဟူသည်ကား**

(၁) သမ္ဘာသနဓာတ်, (၂) နိဗ္ဗိဒါဓာတ်,
(၃) ပက္ခန္ဒနဓာတ်, (၄) ဩက္ကမဓာတ်၊
ဤလေးပါးတို့တည်း။
[မိလိန္ဒပဥှာပါဠိတော်။]

(၁) "သမ္ဘာသနဓာတ်" ဟူသည် အကြင်ဘာဝနာယောဂီသည် ကောင်းစွာကျင့်ကြံအပ်သည်ဖြစ်၍ မိမိ၏ နိယကဇ္ဈတ္တအာရုံအတွင်း၌ ရုပ်,နာမ် တရားနှစ်ပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းတို့ကို သမ္မသနဉာဏ်,ဥဒယဝယဉာဏ်, ဘင်ဉာဏ်တိုင်အောင် ပစ္စက္ခအားဖြင့်သုံးသပ်၏၊ ထို ဘာဝနာယောဂီသည် သမ္မသနဓာတ်ကို ဆောင်နိုင်ပေ၏။

ထို ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်းတို့ကို အရှိန်မစဲ တသဲသဲ တရိပ်ရိပ် ဖြစ်ပျက်ဟန်ကို ကောန်မှချ သိမြင်ရသည်ရှိသော် ချမ်းသာဘွယ်, သာယာဘွယ်, နှစ်သက်ဘွယ် တစုံတခုသော ရုပ်တရား, နာမ်တရားတို့ကို အစမှရင်း,အလယ်မှရင်း,အဆုံးမှရင်း ယူအပ်သောဝတ္ထုကိုမမြင်၊ အလျှံပြောင်ပြောင်တောက်သော တနေ့လုံးလောင်အပ်သော သံစိုင်သံခဲ၌ ချမ်းသာနှစ်သက်ဘွယ်ရှိသော ယူအပ်သောဝတ္ထုကို မမြင်သကဲ့သို့ ဤ ရုပ်,နာမ်ဓမ္မ သင်္ခါရတို့၏ အရှိန်မစဲ တသဲသဲ ဖြစ်ပျက်၍နေသော အခါ၌ ချမ်းသာနှစ်သက်ဘွယ်ဖြစ်သော ယူငင်အပ်သော တရားတို့ကို မမြင်ရဘဲလျက်နှင့် သုံးသပ်ရှာပေ၏။

(၂) "နိဗ္ဗိဒါဓာတ်" ဟူသည် ထို ဘာဝနာယောဂီသည် ထိုသမ္မသနဓာတ်ဖြင့် သုံးသပ်လျက် ရုပ်,နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပျက်ခြင်းကိုမြင်ရ၍ ထို ဖြစ်ပျက်ခြင်း၌ ချမ်းသာဘွယ်, သာယာဘွယ်ဖြစ်သော အစ, အလယ်, အဆုံးမှ ယူအပ်သောတရားကို မမြင်သောဘာဝနာယောဂီအား စိတ်၌မပျော်မွေ့ခြင်း,ကိုယ်၌ပူလောင်ခြင်းသို့သက်၏၊ ထို ဘာဝနာယောဂီသည် ပုန်းအောင်းရာ ကိုးကွယ်ရာမရှိသည်ဖြစ်၍ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်တို့ဖြင့် မိမိ၏ ရုပ်,နာမ် တို့၌ရင်း၊ အလုံးစုံသော တေဘူမကသင်္ခါရတို့၌ရင်း လွန်စွာငြီးငွေ့၏၊ ထိုဘာဝနာယောဂီသည် နိဗ္ဗိဒါဓာတ်ကို ဆောင်နိုင်ပေ၏။

အဘယ်ကဲ့သို့နည်းဟူမူ အလျှံပြောင်ပြောင် တောက်လောင်သောမီးပုံတွင်းသို့ ဝင်မှားသော ယောကျ်ားသည်

ပုန်းအောင်း ကိုးကွယ်ရာမရှိသည်ဖြစ်၍ ငြိုးငွေ့သကဲ့သို့ တည်း။

(၃) ''ပဏ္ဍနုနဓာတ်''ဟူသည် ရုပ်တရား, နာမ်တရား တို့၏ ဖြစ်ခြင်းပျက်ခြင်း၌ ဘေးဟုရှုလေ့ရှိသော ဘာဝနာ ယောဂီအား ဤရုပ်,နာမ်တရားသည် ပူလောင်ခြင်းရှိ၏၊ အလျှံပြောင်ပြောင် တောက်လောင်၏၊ များသောဒုက္ခရှိ ၏၊ များသော စိုးရိမ်ပူပန်ဘွယ်ရှိ၏၊ အကယ်၍ ရုပ်,နာမ် တရားတို့၏မဖြစ်ခြင်းရှိသော ငြိမ်သက်သော မြတ်သော အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော ဥပမိ ကင်း သော တဏှာ ရာဂတို့၏ ချုပ်ငြိမ်းရာဖြစ်သောနိဗ္ဗာန်ကို အကယ်၍ရငြားအံ့၊ ကြော်–ကောင်းလေစွ ဟု နှလုံးပြု၍ ရုပ်,နာမ်တရားတို့၏ဖြစ်ခြင်းမရှိသော''နိဗ္ဗာန်''၌မိမိစိတ်ကို မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် တို့ဖြင့် ပြေးဝင်စေ၏၊ ကြည်စေ၏၊ ရှင်စေ၏၊ ငါ့အားကိုး ကွယ်ရာရပြီ၊ ဤ၌ ပဏ္ဍနုန ဟူသည် ရုပ်,နာမ် တရားဘို့ကို ''အနိစ္စ'' စသည်ဖြင့် သုံးသပ်သည်ရှိသော် ကိုယ်ကိုမလှုပ် ရှားစေခြင်း,စိတ်ကိုမပျံ့လွင့်စေခြင်းဟူသော ''ကာယဝိဝေ က,စိတ္တဝိဝေက'' တို့ကို အထူးပြု၍ နိဗ္ဗာန်သို့ အာရုံကို လွှတ်လျက် စီးဖြန်းသည်ရှိသော် တွေဝမိန်းမောသကဲ့သို့ ရုပ်,နာမ်တရားတို့ကို လျစ်လျူရှုလျက်နေ၏၊ မိမိကိုယ်သည် ရှည်သကဲ့သို့ဂုင်း, တိုသကဲ့သို့ဂုင်း စသည်ဖြင့် ဖြစ်သော် လည်း ချမ်းသာခြင်း,ဆင်းရဲခြင်းမရှိ၊ ပကတိသော ဝိပဿ နာဉာဏ်ဖြင့်နေနိုင်ပေ၏၊ ''ပဋ္ဌာရုံ'' တို့သည်လည်း ချုပ်၍ နေကုန်၏ဟူလို၊ ထိုယောဂီသည် ပဏ္ဍနုနဓာတ်ကို ဆောင် နိုင်ပေ၏။

အဘယ်ကဲ့သို့နည်းဟူမူ ခရီးမှားသောယောကျ်ားသည် လမ်းမှန် လမ်းကောင်းကို တွေ့သကဲ့သို့ သံသရာ၌ "မိစ္ဆာမဂ္ဂ" တည်းဟူသော ခရီးမှားသော ယောကျ်ားသည် "နိဗ္ဗာန်" သို့ရောက်ကြောင်း ကောင်းမြတ်သော ခရီးကို မြင်သည်ဖြစ်၍ နိဗ္ဗာန်ကို အာရုံလွှတ်၍ ပြေးဝင်စေ၏၊ ကြည်စေ၏၊ ရှင်စေ၏၊ နှစ်သက်စေ၏၊ နိဗ္ဗာန်ခရီးကို ငါ့အား ရပြီဟူလို။

(၄) "ဩက္ကမခေတ်" ဟူသည် ထိုဘာဝနာယောဂီ သည် ပက္ခန္ဒနခေတ်ဟု ဆိုအပ်သော သင်္ခါရုပေက္ခာဉာဏ် ဖြင့် ရုပ်,နာမ်တရားတို့၏မဖြစ်ခြင်းငှါ ၎င်းပက္ခန္ဒနခေတ် သင်္ခါရုပေက္ခာဉာဏ် တည်းဟူသော ခရီးမှန်ကို အားထုတ် ၏ ရှာမှီး၏၊ ပွါးများ၏၊ အကြိမ်များစွာပြု၏၊ ထိုသို့အား ထုတ်ရာ၌ ထိုနိဗ္ဗာန်သို့ ရောက်ခြင်း အကျိုးငှါ သတိကို တည်စေ၏၊ ဝီရိယကို ခိုင်စေ၏၊ ပီတိကို ရှင်စေ၏၊ ထိုဘာ ဝနာယောဂီအား ထိုဝိပဿနာစိတ်ကို အကြိမ်ကြိမ် အဖန် ဖန် ကောင်းစွာနှလုံးသွင်းသည်ရှိသော် သင်္ခါရတို့၏ ဖြစ် ခြင်းကိုလွန်၍ သင်္ခါရတို့၏ ဖြစ်ခြင်းမရှိသော "နိဗ္ဗာန်" တည်းဟူသော အာရုံတော်ကြီးသည် သက်လာပေ၏၊ ထို ဘာဝနာယောဂီသည် ဩက္ကမခေတ်ကို ဆောင်နိုင်ပေ၏။

ထိုလေးပါးသော ခေတ်တို့တွင်"စတုတ္ထ"ဩက္ကမခေတ် သို့ မကူးနိုင်သေးသည်ဖြစ်အံ့၊ "တတိယ" ပက္ခန္ဒနခေတ်၌ သာ ပြန်လည်၍ တည်ရရှာလေ၏။

"ဘာဝနာယောဂီ"သည် ဝိပဿနာ၏ အထွဋ်အထိပ် သို့ရောက်သည်ဖြစ်၍ သင်္ခါရမှ ထခြင်းဟု ဆိုအပ်သော "ဝုဋ္ဌာနဂါမိနီ"ဝိပဿနာဉာဏ်ဟု ဆိုအပ်သော ပဋိသင်္ခါ

ဉာဏ်,သန္တိရုပေက္ခာဉာဏ်တို့ကိုမှီ၍ပွါးများ ကြိမ်ဘန်များစွာ လေ့လာအားထုတ်အပ်သည် ရှိသော် ''သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာ''တို့သည် လွန်စွာထက်မြက်လှ၍ သြက္ကမဓာတ်ဟု ဆိုအပ်သော မဂ်ဉာဏ်သို့ သက်ဝင်တော့မည်ဖြစ်အံ့၊ထိုအခါ ၎င်းဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်တို့သည် ''အနိစ္စ,ဒုက္ခ,အနတ္တ'' တို့တွင်တပါးပါးကိုနှလုံးသွင်း၍ မနောဒွါရာဝဇ္ဇန်း,ပရိကံ,ဥပစာ, အနုလောမဉာဏ် ဟုဆိုအပ်သောအနုလုံ,ဂေါတြဘူဉာဏ်ဟုဆိုအပ်သော ဂေါတြဘူသို့ပြေးဝင်၍ ၎င်းဂေါတြဘူဉာဏ်သည် မဂ်ဉာဏ်အားအမှတ်ပေး၍သက်ဝင်စေလျက် ချုပ်ငြိမ်းခလေတော့သတည်း။

ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိပြီး၏။

---

## အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကိုပြခြင်း

ယဒါ ဟဝေ မဂ္ဂေါ ဥပ္ပဇ္ဇိဿတိ၊ တဒါ တံန ဝတ္တဗ္ဗာရမ္မဏံ ကတွာ ပရိကမ္မံ ဝါ ဥပစာရံ ဝါ အနုလောမံ ဝါ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ တံသမ္ပယုတ္တံ ဉာဏံ အနုလောမေ ဉာဏံ။

တတော ပရံ နိဗ္ဗာနံ အာရမ္မဏံ ကတွာ ဂေါတြဘူဉာဏံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ တတော ပရံ သကိံ ယေဝမဂ္ဂေါ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ တထာ တတော ပရံ ဒွိက္ခတ္တုံ ဖလမေဝ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ တတော ပရံ ဘဝင်္ဂပါတော ဟောတိ။

[ဤကား ခန္ဒါင်ငါးပါး၌ လက္ခဏာရေးကို အာရုံပြု၍ သစ္စာနုလောမဉာဏ် ဖြစ်ပုံ၊]

ဟာဝေ၊စင်စစ်။ ယဒါ၊ အကြင်အခါ၌။မဂ္ဂေါ၊ မဂ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ့်။ တဒါ၊ထိုအခါ၌။ တံ၊ထိုဝိပဿနာ စိတ်သည်။ နဝတ္တဗ္ဗာရမ္မဏံ၊ ထိုလက္ခဏာရေး သုံးပါးဟု ဆိုအပ်သော အာရုံကို။ ကတွာ၊ အာရုံပြု၍။ ပရိကမ္မံဝါ၊ ပရိကံဇောစိတ်သည်ငင်း။ ဥပစာရံဝါ၊ ဥပစာဇောစိတ် သည်ငင်း။ အနုလောမံဝါ၊အနုလုံဇောစိတ်သည်ငင်း၊ဥပ္ပဇ္ဇိ တွာ၊ဖြစ်၍။ နိရုဇ္ဈတိ၊ချုပ်၏။ တံသမ္ပယုတ္တံ၊ထိုပရိကံစသည် နှင့် အတူတကွယှဉ်သော။ ဉာဏံ၊ ဉာဏ်သည်။အနုလော မေဉာဏံ၊အနုလောမဉာဏ်မည်၏။

တတောပရံ၊ ထိုနောက်မှ။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ အာရမ္မ ဏံကတွာ၊ အာရုံပြု၍။ ဂေါတြဘုဉာဏံ၊ ပုထုဇ္ဇန်ပုဂ် အ နွယ်ယုတ်ကို ပယ်နုတ်နှိပ်ကွပ်၍ အရိယာဇာတ်ကို ပွါးစေ ဖြစ်စေတတ်သော ဂေါတြဘုဉာဏ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ် ၍။ နိရုဇ္ဈတိ၊ ချုပ်၏။

တတောပရံ၊ ထိုနောက်မှ။ သကိံ ယေဝ၊ တကြိမ်သာ လျှင်။ မဂ္ဂေါ၊ သောတာပတ္တိမဂ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ တတောပရံ၊ ထိုနောက်မှ။ တထာ၊ ထို မဂ်ကဲ့သို့အမှန် နိဗ္ဗာန်ကိုအာရုံပြု၍။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဖလမေဝ၊သောတာပတ္တိဖိုလ်စိတ်သည်သာလျှင်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။နိရုဇ္ဈတိ၊ချုပ်၏။တတောပရံ၊ထိုချုပ်ပြီးသောနောက် ၌။ ဘဝင်ပါတော၊ ဘဝင်ကျသည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေသတည်း။

ဤသို့ပြခဲ့ပြီးသော ခေါတ်လေးပါးတို့တွင် "ဒြဗ္ဗမ" ခေါတ်ဟုဆိုအပ်သော သောတာပတ္တိမဂ် ဉာဏဒဿန ဝိသုဒ္ဓိကိုပစ္စက္ခအားဖြင့် သက်ဝင်ပြည့်စုံစေလိုသော ဘာဝ

နာယောဂီသည်“ဥဒယဝယ”အစ “အနုလောမ” အဆုံး ရှိသော ဝိပဿနာဉာဏ်တို့ကို ကြိမ်ဘန်များစွာ ပွါးများ အားထုတ်ပြုလုပ်သည်ရှိသော် ဝိပဿနာ အာနုဘော်အား လျော်စွာ ရှန့်ရင်းကြမ်းကြုတ်ကုန်သော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကို ပယ်ရှားစေအပ်သည်ရှိ သော် အလုံးစုံသော ရုပ်,နာမ် ဓမ္မ သင်္ခါရတို့၌ မိမိစိတ် သည် မပြေးဝင်၊ မတည်၊ နှလုံးမသွင်း၊မကပ်ငြိ၊ ပိန်းကြာ ရွက်တွင် ရေမတင် လျောကျဘိသကဲ့သို့ ဖြစ်၍တည်၏၊ အ လုံးစုံသော“သင်္ခါရနိမိတ်”ဟူသော ဝိပဿနာအာရုံသည် ၎င်း၊ အလုံးစုံသောအရှိန်မစဲ တသဲသဲ တလျှပ်လျှပ် စပ်၍ ဖြစ်တတ်သော ဥပါဒ်နှင့်ဓာ ခန္ဓာဟူသော “ပဝတ္တ”အာရုံ သည်၎င်း၊ အလွန်ကြောင့်ကြသည်ဖြစ်၍ထင်၏၊ ထိုဘာဝ နာယောဂီအား အလုံးစုံသော“နိမိတ္တပဝတ္တ” အာရုံသည် ကြောင့်ကြသောအားဖြင့် ထင်လတ်သော် နှစ်ကြိမ်,သုံးကြိမ် မြောက်သော အနုလောမဉာဏ်၏အဆုံး၌၊ ဝါ-ပရိကံ, ဥပစာ,အနုလုံ၏အဆုံး၌ဝိပဿနာအာရုံဟူသော သင်္ခါရ နိမိတ်မှကင်းသော အစဉ်မလပ် စပ်၍ဖြစ်ခြင်းဟူသော “ပဝတ္တ”အာရုံမှကင်းသော သင်္ခါရမဟုတ်သော သင်္ခါရ ၏ချုပ်ရာဖြစ်သော“နိဗ္ဗာန်”ကို အာရုံပြုလျက် ပုထုဇ္ဇန်ဘို၏ အနွယ်,အမည်,ပညတ်, အရာ, အခိုက်အတန့်ကို လွှမ်းမိုး ဖျက်ဆီး၍ အရိယာတို့၏ အနွယ်, အမည်, ပညတ်, အရာ ဟူသော“အဝတ္ထာ” ဘုံသို့ သက်ဝင်လျက် နိဗ္ဗာန် အာရုံ၌ ရှေးဦးစွာ တည်ခြင်း,နှလုံးသွင်းခြင်း,ဆင်ခြင်ခြင်း ဖြစ်၍ ဖြစ်သော မဂ်စိတ်အား အနန္တရ, သမနန္တရ, အာသေဝန, ဥပနိဿယ, နတ္ထိ, ဝိဂတ ဟူသော

ခြောက်ပါးသော ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူး ပြုလျက် အပြီးသို့ ရောက်သော အဦးဖြစ်သော စေတနာ အားဖြင့် တကြိမ်သာ ဖြစ်တပ်သော ဂေါတြဘူ ဉာဏ်သည် ဖြစ်၍ ချုပ်၏၊ ထို့ကြောင့် ဂေါတြဘူ ဉာဏ်သည် မဂ်စိတ်၏ အာဝဇ္ဇန်းမည်၏။

အဘယ်ကဲ့သို့ ဥပမာတူသနည်း ဟူမူကား ရေမြောင်း ကြီး တခုကို ခုန်လိုသော ယောကျ်ားသည် လျင်မြန်စွာ ပြေးလတ်၍ မြောင်းကြီး၏ ဤမှာဘက်ကမ်း၌ သစ်ကိုင်း ဝယ် ချည်နှောင်၍ ဆွဲအပ်သော ကြိုးကိုရင်း၊ ဒုတ်လှံ ကန်ကိုရင်း ကိုင်၍ ခုန်သည်ရှိသော် ထိုမှာဘက်ကမ်းကို ညွတ်သော ကိုယ် ရှိသည်ဖြစ်၍ ထိုမှာ ဘက်ကမ်း၏ အထက်သို့ ရောက်သည်ဖြစ်၍ ကိုင်သော ကြိုး၊ လှံကန် တို့ကိုလွှတ်၍ ထိုမှာဘက်ကမ်း၌ တည်ဘိ သကဲ့သို့တည်း။

ထို့အတူ—ဘာဝနာ ယောဂီသည်လည်း အလုံးစုံသော တေဘူမက သင်္ခါရဟု ဆိုအပ်သော ဤမှာ ဘက်ကမ်းမှ နိဗ္ဗာန်အာရုံဟု ဆိုအပ်သော ထိုမှာဘက်ကမ်း၌ တည်လို သည် ဖြစ်၍ "ဥဒယဝယဉာဏ်" အစရှိသော ဝိပဿနာ ဉာဏ် အဟုန်တို့ဖြင့် ရုပ်ကိုရင်း၊ နာမ်ကိုရင်း "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" တို့တွင် တပါးပါးဖြင့် ဆွဲကိုင်လျက် နိဗ္ဗာန် တည်း ဟူသော ထိုမှာ ဘက်ကမ်း၌ ကျရှာလေ၏၊ ထိုစကား၌ အနုလောမ ဉာဏ်သည် သစ္စာကို ဖုံးလွှမ်း တတ်သော ကိလေသာဟူသော အမိုက်မှောင်ကို ဖျောက် နိုင်၏၊ နိဗ္ဗာန်ကိုကား အာရုံမပြုနိုင်၊ ဂေါတြဘူ ဉာဏ် သည် နိဗ္ဗာန်ကိုကား အာရုံပြုနိုင်၏၊ ကိလေသာဟူသော အမိုက်မှောင်ကို မဖျောက်နိုင်။

အဘယ်ကဲ့သို့နည်းဟူမူ မျက်စိအမြင်နှင့် ပြည့်စုံသော ယောက်ျားသည် စန်းယှဉ်နက္ခတ်ကို သိအံ့ဟူ၍ အိမ်မှ ထွက်၍ မော်လျက် ကြည့်လတ်သော် ထိုအခါ "လ"ကို တိမ်တိုက်တို့သည် ဖုံးလွှမ်းခြင်းကြောင့် "လ"ကို မမြင်၊ ထိုယောက်ျား ရှုစဉ်အခါ တခုသော လေသည် ထ၍ ထူသောတိမ်တိုက်ကို လွင့်၏၊ ထို့နောင် နှစ်ခုသောလေ သည် ထ၍ မထူ မပါး လှသော တိမ်တိုက်ကို လွင့်၏။ ထို့နောင် သုံးခုသောလေသည် ထ၍ ပါးလျားသော တိမ် တိုက်ကိုလွင့်သည်ရှိသော် ကြည်လင်သန့်ရှင်းစွာ "လ"နှင့် တကွ"နက္ခတ်"ကို မြင်ရဘိ သကဲ့သို့တည်း။

ဤဥပမာ၌ တိမ်တိုက် သုံးခုကဲ့သို့"သစ္စပဋိစ္ဆာဒက"ဟု ဆိုအပ်သော သစ္စာကို ဖုံးလွှမ်း တတ်သော ကိလေသာ အမိုက်မှောင် သုံးပါးကို မှတ်ရမည်၊ လေသုံးပါး ကဲ့သို့ အနုလုံ သုံးပါးကို၊ ဝါ-ပရိကံ, ဥပစာ, အနုလုံ တို့ကို မှတ်ရမည်၊ မျက်စိအမြင်နှင့် ပြည့်စုံသော ယောက်ျားကဲ့ သို့ အလွန်စင်ကြယ်သော နိဗ္ဗာန်အာရုံတော်ကြီးကို မြင်နိုင် သော ဂေါတြဘူဉာဏ်ကို မှတ်ရမည်။

ထိုဂေါတြဘူ ဉာဏ်သည် အာဝဇ္ဇန်း မဟုတ်သော် လည်း မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်၍ အနုလောမ စသော အောက်အောက် ဖြစ်သော ဝိပဿနာ ဉာဏ်တို့ ကဲ့သို့ သင်္ခါရကို အာရုံမပြုမူ၍ မဂ်စိတ်ကို "ငါကဲ့သို့ နိဗ္ဗာန်ကို အာရုံ ပြုပါလော့"ဟု အမှတ်ကို ပေးသကဲ့သို့ ဖြစ်၍ချုပ်၏၊ မဂ်စိတ်သည်လည်း ထို ဂေါတြဘူဉာဏ် ပေးသော နိဗ္ဗာန်အာရုံ အမှတ်ကို မလွှတ်မူ၍ သာလျှင်

အကြား မလပ် တစပ်တည်း လိုက်လျက် မဘောက် မထွင်း မခွဲမစိတ် ဘူးသေးသော "လောဘ,ဒေါသ,မောဟ"အစုတို့ကို ဘောက်ထွင်း ခွဲစိတ်၍သာလျှင် ဖြစ်၏။

အဘယ်ကဲ့သို့ နည်းဟူမူ "သဒ္ဒဝေဓိ"လေးအတတ်ကို တတ်သော လေးသမားကို စူးစမ်းအံ့သော်ငှါ ဆီဆုံပျဉ် လှည့်ကဲ့သို့ ဘောင်တပ်၍ ဘောင်လှည့်တိုင်း ထိခိုက်အပ် သော အမှတ်တိုင်ငယ်ကို စိုက်လျက် ထိုတိုင်ငယ်နှင့် တည့် တည့် ပိတောက်နှစ် ပျဉ်ချပ်တရာကို ထိုယန္တရားမှ "ရှစ်ဥ သဘ"ဝေးသော အရပ်၌ စိုက်ထားစေ၍ လေးသမားကို ယန္တရား ပျဉ်လှည့်ပေါ်၌ ရပ်စေလျက် မျက်နှာကိုအဝတ် စီးကာ အချင်းလေးသမား…ယန္တရားပျဉ်လှည့်ခတ်မိသော အသံ တည့်တည့် ရှစ်ဥသဘ၌ ပိတောက်နှစ် ပျဉ်ချပ် တရာရှိ၏၊ ပစ်ဘိလော့ဟု လေးသမားကို ယန္တရား၌ တင်၍ တပါးသော ယောကျ်ားသည် ယန္တရားကို လည် စေ၏၊ ထိုအခါ လေးသမားသည် ကောင်းစွာ တပ်အပ် သော မြှားရှိသောလေးကို ကိုင်လျက် "ချက်ချက်"ဟူ သော ထိခိုက်သော အသံ၏ အမှတ်ကို မလွှတ်မူ၍ ထို ပိတောက်နှစ် ပျဉ်ချပ်တရာကို ဘောက်ထွင်း ခွဲစိတ်အောင် ပစ်နိုင်ဘိသကဲ့သို့တည်း။

ထို ဥပမာ၌ "ချက်ချက်" ဟူသော တိုင်ငယ်၏ ထိ ခိုက်သော အသံ အမှတ်ကဲ့သို့ "ဂေါတြဘူ"ဉာဏ်ကို မှတ် ရမည်၊ လေးသမား ကဲ့သို့ မဂ်ဉာဏ်ကို မှတ်ရမည်၊ ထိုစကားမှန်၏၊ လေးသမားသည် ချက်ချက် ဟူသော အသံ အမှတ်ကို မလွှတ်မူ၍ ပိတောက်ပျဉ်ကို ဘောက် ထွင်းအောင် ပစ်နိုင်သကဲ့သို့"မဂ်"ဉာဏ်သည်"ဂေါတြဘူ"

၏ ပေးသော အမှတ်ကို မလွှတ်မူ၍ နိဗ္ဗာန် တည်းဟူသော အာရုံတော်ကြီးကို အာရုံပြု၍ အနမတဂ် သံသရာ စက်က တခါ တရံ အိပ်မက်တွင်မျှ မဘောက် မထွင်း မခွဲမစိတ် ဘူးသေးသော "လောဘ, ဒေါသ, မောဟ" အစု မိုက်တောင် ထုတို့ကို အသခ်ဘတခတ် မွှန်မြတ်သော နိဗ္ဗာန်အာရုံတော် ကြီးကို မျက်ဝါး ဆတ်ဆတ် တပ်တပ်ထင်ထင် "ပစ္စက္ခ ဉာဏ်" ဖြင့် ကေန် သိမြင် ရခြင်းကြောင့် ဘောက်ထွင်း ခွဲစိတ်၍ အဘိသိက် မြှောက်ရာတော် မူပေ၏၊ ထို့နောင် "ဖိုလ်စိတ်" နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

[ဝိသုဒ္ဓိမဂ်။]

ဤအသခ်တခတ် မွှန်မြတ်သော နိဗ္ဗာန် အာရုံတော် ကြီးကို မျက်ဝါး ဆတ်ဆတ် တပ်တပ် ထင်ထင် သိမြင်ရ ခြင်း ဟူသော စကားရပ်၌ နက်နဲ ခက်ခဲ သိနိုင်ခက်လှ သည်၊ "အန္ဓ, ကလျာဏ" ပုထုဇ္ဇန် လူသိမျှတို့၏ အရာမဟုတ် ကုန်၊ ပိဋကတ် သုံးပုံကို ပါဠိအားဖြင့်၎င်း၊ အနက်အား ဖြင့်၎င်း၊ အနုသန္ဓေအားဖြင့်၎င်း၊ ရှေ့နောက် အားဖြင့်၎င်း အထက်အောက် ပြန်လှန်လျက် သင်ကြားပို့ချ နိုင်ပါငြား သော်လည်း ထို နိဗ္ဗာန် အာရုံ တော်ကြီးကို တခါဘူးမျှ မျက်မှောက် မပြုဘူးပါက ပညာရှိ မမည်ကုန်၊ "ဝိဉာဏ စရိတ" မျှသာ မည်သေး၏၊ "အနိစ္စ, ဒုက္ခ, အနတ္တ" တို့ကို ဒိဋ္ဌထင်ထင်သိမြင်ရ၍ ဤယနေ့ပင် ရဟန္တာဖြစ်စေရမည် ဟု အားထုတ်ဆဲဖြစ်သော "ကလျာဏ" ပုထုဇ္ဇန်သည် လည်း ပညာရှိမမည်၊ "ပညာဝါပက္ခ" မျှသာရှိသေး၏၊ အကြင်သူသည် အသခ်ဘတခတ် မွှန်မြတ်သော နိဗ္ဗာန်အာ ရုံတော်ကြီးကို တကြိမ်မျှမြင်ဘူး၏၊ ထိုသူသည်သာလျှင်

"ကေန္တပညာရှိ" မည်ပေ၏၊မှန်၏၊အောက်ထစ်ဆုံး သော တာပန်ပုဂ္ဂိုလ်ကို အစထား၍ အထက်ဆုံးအားဖြင့် "ရဟန္တာ" ပုဂ္ဂိုလ်မှသာလျှင် ပညာရှိမည်ပေသောကြောင့် တည်း။ [မဟာဝေဒလ္လသုတ် အဋ္ဌကထာ။]

ထိုသို့ နက်နဲ ခက်ခဲ သိမ်မွေ့လှစွာသော အသံတ မာတ် မွန်မြတ်သောနိဗ္ဗာန်အာရုံတော်ကြီးကို ပစ္စက္ခအား ဖြင့် မျက်မှောက်ပြုလိုက်ရခြင်းကြောင့် ထိုမျက်မှောက် ပြုဆဲခဏမှစ၍ ခန္ဓာငါးပါးတည်းဟူသော ဤလောကဒ္ဓါ ဝါ-မဂ်ကို ရောက်ဆဲဖြစ်သော "ဘူမိလဒ္ဓ" တည်းဟူသော လောက၌ "ဂဟဏုပါဒါန်,ပစ္စယုပါဒါန်" နှစ်ပါးဘို့ဖြင့် (ကာမုပါဒါန်စသော ဥပါဒါန်လေးပါးသည် ဂဟဏုပါဒါန် မည်၏၊အကြောင်းကြောင့် အကျိုးတို့ဖြစ်ခြင်းဟူသော အဝိစ္ဆာ ပစ္စယာ သင်္ခါရာ အစရှိသောအကြောင်း, အကျိုးမချုပ်ငြိမ်း သေးသောတရားသည် ပစ္စယုပါဒါန်မည်၏။) စွဲလမ်းခြင်းမရှိ ဌိတိဘာဝ သန္တတ္တဂုဏ်ကို ပြတော်မူလိုသောသုံးလူ့ဘ ချစ်ဆွေတို့ဆရာမြတ်စွန္တေသည် "သော သတော ဝ အဿသတိ ။ပ။ အနိဿိတော စ ဝိဟရတိ" ဟူသော သမာဓိ,လောကီ ပညာ ဒေသနာကို ထင်ရှားစွာ ဟောပြောပြီးသည်၏ အခြားမဲ့၌—

နစ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝံပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

[မဟာသတိပဋ္ဌာနသုတ်။]

ဟူသော ဒေသနာတော်ကို မိန့်မှာချီးရင့်တော်မူပေ သတည်း။

လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ ဝါ၊ နိဗ္ဗာန်အာရုံကို မြင်ဆဲဖြစ်သော ဘူမိလဒ္ဓ ဟူသောလောက၌။ ကိဉ္စိ၊ တစုံတခုသော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်ကို။ အတ္တာတိဝါ၊ ငါအစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်ငင်း။ အတ္တနိယန္တိဝါ၊ ငါ၏ဥစ္စာဟူ၍ တဏှာအားဖြင့်ငင်း။ နစ ဥပါဒိယတိ၊ ဥပါဒါန်နှစ်ပါးတို့တွင် တပါးပါးဖြင့်မစွဲလမ်း။ဘိက္ခဝေ၊ ချစ်သားတသီး,ချစ်သမီးတို့။ ဝေံပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ဘာဝနာယောဂီသည်။ ကာယေ၊ ရူပကာယ, နာမကာယ၌။ ကာယာနုပဿီ၊ ရူပကာယ,နာမကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေလေတော့၏။

ဤအသင်္ခတဓာတ် မွန်မြတ်သော နိဗ္ဗာန်အာရုံတော်ကြီးကို မျက်မှောက်ပြုရာ၌ အကြောင်းအကျိုးဖြစ်သော ရုပ်, နာမ်တရားတို့၏ ချုပ်ငြိမ်းဟန်ကို ကောန်ပြပေရကား ပဉ္စ ယုပါဒါန်ဖြင့် မစွဲလမ်းသော "နိဗ္ဗာန်" ဟူလို၊ ဂဟဏုပါဒါန်လည်းပါ၏။

[ရထဝိနီတသုတ် အဋ္ဌကထာ။]

အာနာပါနပိုင်းပြီး၏။

---

## ဂါဟကင်းကွာဝိပဿနာ

အဟံ ဝိပဿာမိ မမ ဝိပဿနာတိ ဂဏှာ-
တော တဏှာမာနဒိဋ္ဌိသမုဋ္ဌာနံ နာမ န-
ဟောတိ။ [ဝိသုဒ္ဓိမဂ်။]

အဟံ၊ ငါသည်။ဝိပဿာမိ၊ ဝိပဿနာရှု၏။ မမ၊ ငါ၏။ ဝိပဿနာ၊ ဝိပဿနာတည်း။ ဣတိ၊ ဤသို့။ ဂဏှတော၊

ယူသောယောဂီပုဂ္ဂိုလ်အား။ တဏှာမာနဒိဋ္ဌိသမုဋ္ဌါ တန်နာမ၊ တဏှာမာနဒိဋ္ဌိကို ခွါသည်မည်သည်။ နဟောတိ၊ မဖြစ်။

---

## ဂါဟကင်းကွာ ဝိပဿနာ

အဟံ ဝိပဿာမိ၊ မမ ဝိပဿနာ။

အဟံ၊ ငါသည်။ ဝိပဿာမိ၊ ဝိပဿနာရှု၏။ မမ၊ ငါ၏။ ဝိပဿနာ၊ ဝိပဿနာတည်း။

ဤလိုယူလျှင် "အတ္တဒိဋ္ဌိ" ဖြစ်၏၊ အတ္တဒိဋ္ဌိဖြစ်လျှင်လည်း ခပ်သိမ်းသောဒိဋ္ဌိဖြစ်တော့သည်။

သုဋ္ဌု ဝိပဿာမိ၊ မနာပံ ဝိပဿာမိ၊

သုဋ္ဌု၊ ကောင်းစွာ။ ဝိပဿာမိ၊ ရှု၏။ မနာပံ၊ နှစ်သက်စွာ။ ဝိပဿာမိ၊ ရှု၏။

ဤလိုယူလျှင် "မာန" ဖြစ်၏၊

ဝိပဿိတုံ သက္ကောမိ။

ဝိပဿိတုံ၊ တနေ့ပတ်လုံး ဝိပဿနာကို ရှုခြင်းငှါ။ သက္ကောမိ၊ စွမ်းနိုင်၏။

ဤလို ဝိပဿနာကို သာယာနှစ်သက်လျှင် တဏှာနိကန္တိဖြစ်၏။

သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ
ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ။

သင်္ခါရာဝ၊ သင်္ခါရတရားတို့ကသာလျှင်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဝိပဿန္တိ၊ ရှုကုန်၏။ သမ္မသန္တိ၊ သုံးသပ်ကုန်၏။ ဝဝတ္ထပေန္တိ၊ မှတ်သားကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ပိုင်းခြားကုန်၏။

ဤသို့ယူမှသာလျှင် ဒိဋ္ဌိ,မာန,တဏှာနိကန္တိ ပျောက် ပကင်းကြသည်၊ "အထူးအားဖြင့် အနတ္တ" ကို မြင်သဖြင့် ဒိဋ္ဌိပျောက်၏၊ "အနိစ္စ" ကို မြင်သဖြင့် မာနပျောက်၏၊ "ဒုက္ခ" ကို မြင်သဖြင့် နိကန္တိကုန်ခန်း၏ဟုဆိုသောကြောင့် ဝိပဿနာ၃ရှရာ၌ ပဌမဝိပဿနာစိတ်ကို ဒုတိယဝိပဿနာစိတ်က ဆင်ခြင်ခြင်းမျှသာတည်း။

---

## ခုနစ်ဘဝမလွန်ရ

သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိဘာ ဒိဋ္ဌေ-
ဝဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ ဣစ္စေတံ
ကုသလံ၊သစေ န သက္ကောတိ သတ္တဘဝေ ဒေတိ။

[ကောဂိတ္တ၊ အဋ္ဌကထာ။]

ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကို။ ဘာဝိတာ၊ ပွါးများလေ့လာသည်ရှိသော်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌သာလျှင်။ ဝါ၊ ယခုဘဝ၌သာလျှင်။ အရဟတ္တံ၊ အဟတ္တဖိုလ်သို့။ ဝါ၊ ရဟန္တာအဖြစ်သို့။ ပါပေတုံ။ ရောက်စေခြင်းငှါ။ သစေသက္ကောတိ၊ အကယ်၍စွမ်းနိုင်သည်ဖြစ်အံ့။ ဣစ္စေတံ၊ ဤသို့စွမ်းနိုင်ခြင်းသည်။ ကုသလံ၊ ကောင်း၏။ သစေနသက္ကောတိ၊ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့။ သတ္တဘဝေ၊ ခုနစ်ဘဝအတွင်း၌။ ဒေတိ၊ အရဟတ္တဖိုလ်ချမ်းသာကို မုချမသွေ ပေးစွမ်းနိုင်ပေသတည်း။

# သမထ ဝိပဿနာ နှင့်ဂုဏ်ပုဒ်သော အကျဉ်း ဆောင်ပုဒ်များ

## အာနာပါန သမထလေးပါး

သတိမြဲရာ၊ ပဌမာ၊ ဒု-မှာ ရှည်-တို သိ။
သုံးချက်သိမှာ၊ တ-ဌသာ၊ စ-မှာ ငြိမ်းစေဘိ။

## ဝိပဿနာဉာဏ်ဆယ်ပါး

(၁) ခန္ဓာဒိနည်း၊ ဘွဲ့စည်းပြီးကာ၊ သုံးဖြာလက္ခဏာ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်။
(၂) ဖြစ်ပွါး-ပျက်မှု၊ အစုံရှု၊ ဥဒယဗ္ဗယဉာဏ်။
(၃) အပျက်ကိုသာ၊ ရှုတုံပါ၊ ဘင်္ဂဉာဏ်။
(၄) အပျက်မြင်က၊ ဘယ-မစ္စု၊ ပျက်မှုခပင်း၊ ဘေးသေမင်းဟု၊ ကြောက်ခင်းထွေထွေ၊ ရှုတုံပေ၊ မှတ်လေဘယဉာဏ်။
(၅) ကြောက်ဘွယ်ခပင်း၊ မြင်တုံသျှင်းက၊ ဘေးဘယမျိုး၊ ရုပ်,နာမ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းသိ၊ အာဒိနဝဉာဏ်။
(၆) ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြွေ၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေ နိဗ္ဗိဒါ။
(၇) ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊ လွတ်လိုဘိ၊ မုဉ္စိတုကမျတာဉာဏ်။
(၈) လွတ်လိုလှ၍၊ လွတ်ရတဲ့ငှါ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်ဖိ၊ ပဋိသင်္ခါဉာဏ်။

(၉) အားတိုက်ရှု၍၊ လွှတ်မှုလွှတ်ရန်၊ အမြင်သန်က၊ ရုပ်,နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာညာဏ်။

(၁၀) မဂ်ရောက်လိုသော်၊ အဆော်အနူး၊ မဂ်ခလေးဦးအား၊ အထူးလျော်မှု၊ ကျေးဇူးပြု၊ အနုလောမညာဏ်။

ပညာကဏ္ဍ နိဋ္ဌိတော။
ပညာခဏ်းပြီး၏။

# ပကိဏ္ဏက ကဏ္ဍ

## ပြီးပြွမ်းသော သဘာဝတို့ကို ပြရာအခန်း

## နိဗ္ဗာန်ကို ပြခြင်း

အဘယ်ကြောင့် "နိဗ္ဗာန်" မည်လေသနည်း ဟူမူကား အဘိဓမ္မတ္ထ သင်္ဂဟ အဋ္ဌကထာ, အဘိဓမ္မာဝတာရ အဋ္ဌကထာ, ဋီကာကျော်, သင်္ခိပ်ဋီကာ ဟောင်းတို့ အလိုအားဖြင့်—

"ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ"—ဟုဝိဂြိုဟ် ပြုတော်မူကြ၏။

ယံဓမ္မဇာတံ၊ အကြင်တရား သဘောသည်။ ဝါနတော၊ တဏှာမှ။ နိက္ခန္တံ၊ ကင်းလွတ် ထွက်မြောက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုတရားသဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

ဤကဲ့သို့—အဋ္ဌကထာ, ဋီကာ ဆရာတို့ မိန့်ဆိုတော်မူကြသည်နှင့် အညီ၊ နှစ်သက်တွယ်တာမှု တဏှာအပေါင်းမှ ထွက်မြောက်ခြင်းကြောင့် နိဗ္ဗာန်မည်၏ဟု "သန္နိဋ္ဌာန်ကျ" မှတ်ကုန်ရာ၏။

---

## နိဗ္ဗာန်၏အပြားကို ပြခြင်း

ထိုနိဗ္ဗာန်သည် အဘယ်မျှ အပြားရှိလေ သနည်းဟူမူကား သဘောအားဖြင့်၊ ဝါ-မိမိ၏ကိစ္စလက္ခဏာအား ဖြင့် တပါးတည်းပင် ရှိသော်လည်း သိစေ တတ်သော အကြောင်း၏ အမြွက်အားဖြင့် (၁) ခန္ဓာအကြွင်းရှိသော

"သဥပါဒိသေသ"နိဗ္ဗာန်၊(၂) ခန္ဓာအကြွင်းမရှိသော"အနုပါဒိသေသ"နိဗ္ဗာန်–ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုမှတပါး အခြင်းအရာတို့၏ အပြား အားဖြင့် (၁)"ရာဂ,ဒေါသ, မောဟ"တို့မှ သုဥ်းဆိတ်သည်၏ အဖြစ်ကြောင့်"သုညတ" အမည်ရှိသော နိဗ္ဗာန်၊ (၂)"ရာဂ,ဒေါသ,မောဟ"တည်း ဟူသော အကြောင်းကင်းသည်၏အဖြစ်ကြောင့်"အနိမိတ္တ" အမည်ရှိသော နိဗ္ဗာန်၊ (၃)"ရာဂ,ဒေါသ,မောဟ"တည်း ဟူသော တောင့်တခြင်း ကင်းသည်၏ အဖြစ်ကြောင့် "အပ္ပဏိဟိတ"အမည်ရှိသော နိဗ္ဗာန်၊ ဤသို့လျှင် သုံးပါး အပြားရှိ၏။

[သင်္ဂြိုဟ်။]

ထိုမှ တပါးလည်း အဘိဓမ္မာဝတာရ၌ နိဗ္ဗာန်အပြား ၃၆-ပါး၊ သဠာယတနသံယုတ်၌ ၃၂-ပါး၊ အနုဋီကာ၌ ၃၁-ပါး၊ အဘိဓာန်၌ ၄၆-ပါး အစရှိသော အားဖြင့် "နိဗ္ဗာန်"၏ ပရိယာယ်တို့ကို အသွယ်သွယ် အဝဝ ဟောတော်မူကြကုန်၏၊ ထိုသို့ ဟောတော်မူကြ သော်လည်း (၁)"သဥပါဒိသေသနိဗ္ဗာန်"၊(၂)"အနုပါဒိသေသနိဗ္ဗာန်" နှစ်ပါး၌ သာလျှင် အကျုံးဝင် ကုန်၏၊ ထို့ကြောင့် ရှင်တော်မြတ်ဘုရားက–

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော။ ကတမာ ဒွေ၊ သဥပါဒိသေသာ စ နိဗ္ဗာနဓာတု အနုပါဒိ သေသာ စ နိဗ္ဗာနဓာတူတိ။

[ဣတိဝုတ် ပါဠိတော်။]

ဘိက္ခဝေ၊ ထာဝရ ငြိမ်းချမ်းရေးကို ရလိုကြပြား အို-ချစ်သား,ချစ်သမီးအများတို့။ နိဗ္ဗာနဓာတုယော၊ အစဉ် ထာဝရ ငြိမ်းချမ်းလှတဲ့ နိဗ္ဗာနဓာတ်တို့သည်။ ဒွေမာဒွေ၊ ဤနှစ်ပါးတို့ ပေတည်း။ ကတမာဒွေ၊ အဘယ် နှစ်ပါးတို့ နည်းဟူမူကား။ သဉပါဒိသေသာ၊ ခန္ဓာအကြွင်းရှိသော။ နိဗ္ဗာနဓာတုစ၊ နိဗ္ဗာနဓာတ်ငင်း။ အနုပါဒိသေသာ၊ ခန္ဓာ အကြွင်းမရှိသော။ နိဗ္ဗာနဓာတုစ၊ နိဗ္ဗာနဓာတ်ငင်း။ ဣတိ ဤနှစ်ပါးတို့ ပေတည်း။— ဟူ၍ သချာကန့်လျက် ဟော မြွက်တော်မူသောကြောင့် နှစ်ပါးသာရှိ၏ဟု မှတ်လေ။

## နိဗ္ဗာန်၏ သဘောကို ပြခြင်း

တယိဒံ သန္တိလက္ခဏံ၊ အစ္စုတိရသံ အဿာသ-
ကရဏရသံ ဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ နိပ္ပပဉ္စ-
ပစ္စုပဋ္ဌာနံ ဝါ။

[ဝိသုဒ္ဓိမဂ်၊]

တယိဒံ-တံဣဒံ နိဗ္ဗာနံ၊ထိုမဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ရှေ့ပြည်မြတ်သည်၊ သန္တိလက္ခဏံ၊ ရာဂ၏ကုန်ခြင်း အစရှိသောအားဖြင့် အလုံးစုံသော ဒုက္ခငြိမ်းခြင်း၏ အကြောင်း ဖြစ်သည်၏ အဖြစ်, ကိလေသာ ဟူသော ပူပန်ခြင်း မရှိသည်၏ အဖြစ်တို့ကြောင့် ငြိမ်း ခြင်းလက္ခဏာရှိ၏။ အစ္စုတိရသံ၊ မိမိ၏သဘောကို တရံ တခါမျှ မစွန့်ခြင်းကြောင့် မိမိသန္တိသဘောမှ မရွေ့လျော ခြင်း ဟူသော ဂုဏ်နှင့် ပြည့်စုံ၏။ ဝါ၊ တနည်းကား။ အဿာသ ကရဏ ရသံ၊ သက်သာရာကို ရအောင် ပြုခြင်း

ကိစ္စရှိ၏။ အနိမိတ္တာပစ္စုပဋ္ဌာနံ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဟူသော ခန္ဓနိမိတ်မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့် ခန္ဓာမဟုတ်ဟူ၍ ဉာဏ်သည် အာရုံပြုသောအားဖြင့် ယူအပ်ရကား ခန္ဓနိမိတ်မှ ကင်းဆိတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာဟူသော အနိမိတ္တာပစ္စုပဋ္ဌာန်ရှိ၏။ ဝါ၊ တနည်းကား။ နိပ္ပပဉ္စ ပစ္စုပဋ္ဌာနံ၊ သံသရာကို မြင့်ကြာရှည်လျား စည်ကားပြန့်ပွါးအောင် ချဲ့ထွင်တတ်သော တဏှာ, မာန, ဒိဋ္ဌိ ဟူသော ပပဉ္စတရား တို့ကို နိဗ္ဗာန်လျှင် အာရုံရှိသော အရိယမဂ်ဖြင့် အကြွင်းမဲ့ ပယ်ဖျက်အပ် ပြီးသည်ဖြစ်၍ ပပဉ္စတရား မရှိခြင်း တည်းဟူသော အကျိုးရှိ၏။ ဝါ၊ ပယ်အပ် ပြီးသည်ဖြစ်၍ သံသရာ စက်ရဟတ် ပြတ်ကင်း မကျယ်ပြန့်ခြင်း အကျိုးရှိ၏။

[ပဒဋ္ဌာန် မရအပ်။]

[ဤကား သင်္ခါရဓိသော, အနုပါဒိသေသနှစ်ပါးလုံး၌ ယထာရပ ရထိုက်သောသဘောတို့ပေတည်း။]

ဤသာသနာတော်၌ "သပ္ပုရိသ သံသေဝ" စသောဂုဏ် တို့နှင့် ပြည့်စုံသောသူသည် လောကုတ္တရာတရား ကိုးပါးအား လျော်သော အကျင့်နှင့်ပြည့်စုံသည်ဖြစ်၍ လေးပါးသော အာသဝေါ တရားတို့ကို ကုန်စေသည်ဖြစ်၍ ရဟန္တာသည် ဖြစ်၏၊ ထိုရဟန္တာအား ငါးပါးသော စက္ခုန္ဒြေစသော ဣန္ဒြေတို့သည် အဆုံးစွန်သော ဘဝကို ဖြစ်စေတတ်သော "ဇနက" ကံကြောင့်ဖြစ်သော ရုပ်နာမ်တရားတို့သည်တသက် လျာတည်သမျှ ကာလပတ်လုံး တည်ကုန်သေး သည်သာ

တည်း၊ "ဇာန္န, အနိန္ဒ, သုခ, ဒုက္ခ" တို့ကိုလည်း ဇာန်ြေရှိသေး သည့်အဖြစ်ကြောင့် ခံစားရုံမျှဖြင့် ခံစားသေးသည်သာ တည်း၊ ထို ရဟန္တာအား "ရာဂ, ဒေါသ, မောဟ" တို့သည် ကုန်ခဲ့၏၊ ဤသို့ ကိလေသာမှကြွင်းသော ခန္ဓာငါးပါး ဟူသော ဥပါဒိရှိသေးသော ရဟန္တာ၏အရဟတ္တမဂ်သည် အကြွင်းမဲ့ ပယ်ဖျက်အပ်သည်ဖြစ်၍ "ရာဂ"စသည်တို့၏ ကောန်စင်စစ် တဘန်မဖြစ်ခြင်းကုန်ခြင်းကို "သဉပါဒိသေသ" နိဗ္ဗာန်မည်၏ဟူ၍ ဆိုအပ်၏။

ဤ သဉပါဒိသေသ နိဗ္ဗာနဓာတ်ကို ပြဆိုသောအရာ၌ အရဟတ္တဖိုလ်ကိုသာ မဟုတ်၊ အောက်အောက်ဖြစ်ကုန် သော သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိ ဖိုလ်တို့ကိုလည်း ဥပါဒါပညတ်နည်း,နေယျတ္ထနည်းတို့ဖြင့် သဉပါဒိသေသ နိဗ္ဗာနဓာတ်ဟူ၍ ယူအပ်ထိုက်ပေသည်။

[ဤကား "သဉပါဒိသေသ" နိဗ္ဗာန်၏ သဘောပေတည်း၊]

ဤသာသနာတော်၌ ကိလေသာ အာသဝေါကုန်ပြီး သော ရဟန္တာသည် ဤပစ္စက္ခဘဝ၌ပင်လျှင် အလုံးစုံသော ဝေဒနာတို့သည်၊ ဝါ-ခန္ဓာငါးပါးတို့သည် "တဏှာ, မာန, ဒိဋ္ဌိ" တို့၏ အစွမ်းဖြင့် မစွဲလမ်းတော့သည်ဖြစ်၍ ပူပန်ခြင်း မရှိ ငြိမ်းအေးကုန်လတ့်၊ ပဋိသန္ဓေကိစ္စဘပ်၍ မဖြစ်နိုင် ခြင်းတည်းဟူသော ချုပ်ခြင်းဖြင့် စုတိစိတ်၏ဘင်ခဏ၌ ချုပ် ပြီးသည်၏အခြားမဲ့ဝယ် ဖြစ်လတ့်သောအလုံးစုံသော " ဝေ ဒယိတ" တရားတို့၏ သင်္ခါရဟူသော ပူပန်ခြင်းမှ၊ ဝါ- ခန္ဓာငါးပါးတည်းဟူသော ပူပန်ခြင်းမှ၊ ဝါ-သံသရာတွင် အစဉ်မပြတ် စပ်၍စပ်၍ဖြစ်ခြင်းတည်းဟူသော ပူပန်ခြင်းမှ

ငြိမ်းအေးခြင်းကို၊ ဝါ-အပူဟူသမျှ မြူမျှမကပ်လက်စပြတ် ဇာတ်သိမ်းငြိမ်းအေးခြင်းဘကာတို့ထက် ဆထက်လွန်ကြူး အထူးသဖြင့် အလွန်ငြိမ်းအေးရကား "သိဝ" မည်သော ငြိမ်းအေးခြင်းကို "အနုပါဒိသေသ" နိဗ္ဗာန်မည်၏ဟူ၍ ဆိုအပ်၏။

[ဣတိဝုတ်ပါဠိတော်။]

ထိုနှစ်ပါးတို့တွင် "သဥပါဒိသေသ" နိဗ္ဗာန်သည် ကိလေသာဟူသော ဝဋ်ဒုက္ခမျိုးတို့၏ ချုပ်ငြိမ်းမှုကြီးပေတည်း၊ "အနုပါဒိသေသ" နိဗ္ဗာန်သည် ကိလေသာတည်းဟူသော ဝဋ်ဒုက္ခ, ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတည်းဟူသောဝဋ်ဒုက္ခ၊ ဤဒုက္ခကြီးနှစ်မျိုးတို့၏ ချုပ်ငြိမ်းမှုကြီးပေတည်း၊

ထို့ကြောင့်—ရှင်တော်မြတ်ဘုရားသည် ထိုသိုသော ဒေသနာတော်၌—

ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဟူ၍ ဟောတော်မူသည်။

ကေဝလဿ၊ အလုံးစုံသော။ ဝါ၊ သုခစသည်တို့နှင့် မရောမယှက် သက်သက်သော။ ဒုက္ခက္ခန္ဓဿ၊ ကိလေသဒုက္ခ, ခန္ဓဒုက္ခအစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဝါ၊ မဖြစ်ရာသည်။ ဟောတိ၊ ဖြစ်၏။

[ဂုဏ်းအဘွင့်ကိုလိုမူ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာမှာ ယူ။]

## သဿတ,ဥစ္ဆေဒ မှ လွတ်အောင်ယူဆခြင်း

၎င်း အနုပါဒိသေသနိဗ္ဗာန်ကို ခိုလှုံစံမြန်းသောပုဂ္ဂိုလ်တို့ကို ယူရာ၌ လွန်စွာနေရာကျအောင်ယူနိုင်ခဲ့သည်၊ ထင်ရှားစေအံ့–နိဗ္ဗာန်စံဝင်သောပုဂ္ဂိုလ်သည် နိဗ္ဗာန်စံဝင်သောစုတိစိတ်၏ ဘင်္ဂက္ခဏ၏အခြားမဲ့၌မြဲ၏၊မပျက်မစီး၊ အိုခြင်း, နာခြင်း,သေခြင်း မရှိဟု ယူခဲ့အံ့၊ "သဿတဒိဋ္ဌိ" အယူကို ယူသောသူမည်ပေ၏။

ထို နိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်စံဝင်သောစုတိစိတ်၏ ဘင်္ဂက္ခဏ၏အခြားမဲ့၌ ပြတ်၏၊ချုပ်၏၊ ငြိမ်း၏၊ ဘာမျှမရှိဟုယူခဲ့အံ့၊ "ဥစ္ဆေဒဒိဋ္ဌိ" အယူကို ယူသောသူမည်ပေ၏။

ထိုစကားမှန်၏– ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား,မိန်းမ စသည်တို့သည် "ပညတ်" မျှသာတည်း၊ ၎င်းပညတ်သည် ပင်ကိုကပင်လျှင် အလျှင်းမဲ့မရှိရကား နိဗ္ဗာန်စံယူနေဘွယ်မရှိ၊နိဗ္ဗာန်မစံယူက အရှည်စွဲ၍ မြဲမြဲစွာ အဘယ်မှာ တည်ခြင်း, ပြတ်ခြင်းရှိပါတော့အံ့နည်း၊ မရှိသည် သာကေန်သာတည်း။

[ကထာဝတ္ထုမှ။]

ဤသို့ "သဿတအယူ,ဥစ္ဆေဒအယူ" သို့ သက်ဝင်တတ်သည်ဖြစ်၍ ၎င်းအယူနှစ်ပါးတို့မှ မငြိမတင် ကင်းလွတ်သော "သမ္မာ" အယူသို့ သက်ဝင်အောင် ဤသို့ယူအပ်၏၊ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပသော ရဟန္တာအရှင်မြတ်တို့၏ ရုပ်,ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဟု ဆိုအပ်သော ခန္ဓာငါးပါးသင်္ခါရတရားတို့သည် ပရိနိဗ္ဗာန်မယူမီဝယ် အ

စဉ်မပြတ် စပ်၍ဖြစ်လည်းဖြစ်ကုန်၏၊ချုပ်လည်းချုပ်ကုန်၏၊ ၎င်းအစဉ်မပြတ်စပ်၍ ဖြစ်တတ်,ချုပ်တတ်ကုန်သော ရုပ်' နာမ်ဓမ္မ သင်္ခါရအပေါင်းသည်ပင်လျှင် ပရိနိဗ္ဗာန်စံလွန် သောအခါ၌ ဝါ-စုတိစိတ်တော်၏ ဘင်္ဂက္ခဏမှစ၍ မဖြစ် တော့သည် ချုပ်ငြိမ်းသည်ဖြစ်၏၊ ဤသို့ယူသည်ရှိသော် သာသနာတော်ဝယ် သင့်လျော်လျောက်ပတ်သော ရှင်တော် ဘုရား၏ အယူတော်နှင့်ညီမျှသော "သမ္မာအယူ" ဖြစ်ပေ၏ ဟု ယူအပ်၏ ယူကြလေ။

[ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ။]

---

## နိဗ္ဗာန်၏ချမ်းသာကိုပြခြင်း

မေး။ ဤသို့ အနုပါဒိသေသ နိဗ္ဗာန်ကို ခိုလှုံစံမြန်း တော်မူသော ရဟန္တာအရှင်မြတ်၏ ရုပ်, ဝေ ဒနာ,သညာ,သင်္ခါရ,ဝိညာဏ် တို့သည် တဖန် ဖြစ်ခြင်းမရှိချုပ်ငြိမ်းခဲ့သည်ရှိသော် ခံစားတတ် သော"ဝေဒနာ" စေတသိက်တို့သည် အလျှင်း မဲ့ကုန်သည်ဖြစ်ခဲ့ရကား "အနုပါဒိသေသ" နိဗ္ဗာန်၌ အဘယ်သို့သောသဘောကို "နိဗ္ဗာန သုခ" နိဗ္ဗာန်ချမ်းသာဟူ၍ ယူရမည်နည်း။

ဖြေ။ ၎င်းအနုပါဒိသေသနိဗ္ဗာန်ကို ခိုလှုံစံမြန်းတော် မူပြီးသော ရဟန္တာအား "ဧကျွေသမ္ဘဿ" ကြောင့်ဖြစ်သော ဝေဒနာစသည်တို့သည် ထိုရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ် ဘင်္ဂက္ခဏ၌ တခါတည်းချုပ်ငြိမ်းလေရကား ထိုနိဗ္ဗာန်၌ အကြင်ခံစားသောအခြင်းအရာဖြင့် "ဝေဒနာ" တို့သည်

အလျှင်းမဲ့မရှိကုန်၊ ဤနိဗ္ဗာန်၌ ထိုခံစားသောအခြင်းအရာဖြင့်ဖြစ်သော ဝေဒနာ၏ မရှိခြင်းသည်ပင်လျှင် ကေန်မုချ အသခ်တခေါတ်မြတ်သော''နိဗ္ဗာန်''တော်မည်၏။(သဘောကျနိုင်ခဲ့စွ။)

ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ ယဒေတ္ထ နတ္ထိ ဝေဒယိတန္တိ၊ ဧတဒေဝ ခွေတ္ထ အာဝုသော သုခံ ယဒေတ္ထ နတ္ထိ ဝေဒယိတံ။

[နဝင်္ဂုတ္တိုရ်ပါဠိတော် မဟာဝဂ် နိဗ္ဗာနသုတ်။]

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ယံဝေဒယိတံ၊ အကြင်ခံစားသောအခြင်းအရာအားဖြင့်ဖြစ်သော ဝေဒနာသည်။ နတ္ထိ၊ မရှိ။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ သုခံ၊ ချမ်းသာသည်။ ကိံပန၊ အဘယ်ပါနည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ အရှင်ဥဒါယီက မေးလျှောက်လေ၏။ အာဝုသော ဥဒါယိ၊ ငါ့ရှင်ဥဒါယီ။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ယံဝေဒယိတံ၊ အကြင်ခံစားသောအခြင်းအရာအားဖြင့်ဖြစ်သော ဝေဒနာသည်။ နတ္ထိ၊ မရှိ။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဧတဒေဝ၊ ထိုခံစားသော အခြင်းအရာအားဖြင့်ဖြစ်သောဝေဒနာ၏မရှိခြင်းသည်ပင်လျှင်။ သုခံ၊ချမ်းသာကြီးမည်ပါပေ၏။ (ခေါကားနိပါတ်) ဤကားအနုပါဒိသေသနိဗ္ဗာန်၏သဘောတည်း။

သဒေဝကဿ လောကဿ၊ ဧတေ ဝေါ သုခသမ္မတာ။
ယတ္ထ စေတေ နိရုဇ္ဈန္တိ၊ တံ တေသံ ဒုက္ခသမ္မတံ။

[သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် ဒေဝဒဟဝဂ်ရူပါရာမသုတ်။]

သဒေဝကဿ၊ ဗြဟ္မာသိကြား နတ်အများနှင့် တကွ သော။ လောကဿ၊ ပုထုဇ္ဇန်ဟု ဉာဏ်မြင်ပေတိုး တလော ကလုံးသည်။ ဧတေ၊ ရူပ,သဒ္ဒစသည်အာရုံ ၅ါကာမဂုဏ် တို့ကို။ သုခသမ္မတာ၊ ချမ်းသာဘွယ်ဒေတာင်း အကောင်းဟု သမုတ်အပ်ကုန်ပြီ။ ယတ္ထ၊ အရိယာအများ လွန်လေးစား သည့် တရားမျက်ရှင် အကြင်သို့သောနိဗ္ဗာန်၌။ ဧတေ၊ ရူပ,သဒ္ဒစသည်အာရုံ ၅ါကာမဂုဏ်တို့သည်။ နိရုဇ္ဈန္တိ၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းကြရလေကုန်၏။ တံစ၊ ကာမဂုဏ်အားလုံး ပြုတ်ပြုတ်ပြီးလျက် ဆုံးရာအမှန် ထို နိဗ္ဗာန်ကိုကား။ တေသံ၊ ထိုဉာဏ်မြင်ပေတိုး ပုထုဇ္ဇန်အား လုံးတို့သည်။ ဒုက္ခသမ္မတံ၊ ခံစားဘွယ်အချက် ကင်းသည် တွက်ကြောင့် သက်သက်ရှုတ်ချ၍ ဒုက္ခဟု သမုတ်အပ်လေ တော့သည်တကား။

သုခံ ဒိဋ္ဌ မရိယေဘိ၊ သက္ကာယဿ နိရောဓနံ၊
ပစ္စနိက မိဒံ ဟောတိ၊သဗ္ဗလောကေန ပဿတံ။
[၄င်း၊]

သက္ကာယဿ၊ ပရမတ္ထအားဖြင့် ထင်ရှားဘိတောင်း ခန္ဓာငါးပါး အပေါင်း၏။ နိရောဓနံ၊ ကင်းပျောက်ချုပ် ငြိမ်း ရုပ်သိမ်းရာဖြစ်သော။ သုခံ၊ နိဗ္ဗာနဓာတ် ချမ်းသာ မြတ်ကို၊ အရိယေဘိ၊ အရိယာအရှင် သူတော်စင်တို့သည်။ ဒိဋ္ဌံ၊ ဉာဏ်စက္ခုဖြင့် စေ့ငုထင်ထင် သိမြင်အပ်ပေပြီ။ ဣဒံ၊ များပုထုဇ္ဇန် ဉာဏ်အမြင်ဖြင့် မမြင်နိုင်တန် ၅ါနိဗ္ဗာန်ကို။ ပဿတံ၊ တတ်အပ်ထင်ထင် ကိုယ်တိုင်မြင်သည့် အရှင် အပေါင်း သူတော်ကောင်းတို့မှာ။ သဗ္ဗလောကေန၊ အဂ်ဇ္ဇာ

ဖုံး တကျောတုံးဟု အားလုံးလောက ဟူသမျှနှင့်။ ပစ္စနိကံ ဟောတိ၊ ကျောခြင်းကပ်ယှဉ် ပြေးကြအင်သို့ အစဉ်ဆက် ဆက် ဆန့်ကျင်ဘက်အနေဖြစ်ရလေတော့သည်တကား။

သုသုခံ ၀တ နိဗ္ဗာနံ၊သမ္မာသမ္ဗုဒ္ဓဒေသိတံ။
အသောကံ ဝိရဇံ ခေမံ၊ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။

သမ္မာသမ္ဗုဒ္ဓဒေသိတံ၊ မြတ်စွာဘုရားတို့သည် ဟောကြားတော်မူအပ်သော။နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန် တရားတော် မြတ်ကြီးသည်ကား။ သုသုခံ၀တ၊ တဘက် ပြိုင်ဘက်ကင်း၍ ချမ်းသာခြင်းကြီး ချမ်းသာလေစွတကား။ ယတ္ထ၊အကြင်နိဗ္ဗာန်ရွှေမြို့တော်ကြီး၌။ အသောကံ၊ စိုးရိမ်သောက ဗျာပါရလည်းမရှိပေ။ ဝိရဇံ၊ကိလေသာဟူ ရမ္မက်မြူမှ ကင်းဝေးတော်လှပါပေ၏။ ခေမံ၊ ဘိုးဘေးဓားပြ ဘေးဘယတို့မှ ငြိမ်းချမ်းတော်မူလှပါပေ၏။ တတ္ထ၊ ထို နိဗ္ဗာန် ရွှေမြို့တော်ကြီး၏၊ ဒုက္ခံ၊ ငါးဖြာကာမဂုဏ် ချစ်ကြိုက်ဟုန်ကြောင့် တွေ့ကြုံရတဲ့ဆင်းရဲ ဒုက္ခ ကြီးသည်။ နိရုဇ္ဈတိ၊မုချမသွေ ငြိမ်းချမ်းတော်မူပါပေသတည်း။

ထိုနိဗ္ဗာန်ကို လူသာမန်တို့ ဉာဏ်မျက်စိဖြင့် ကြည့်ရှု တွေ့မြင်ခြင်းငှါမထိုက်၊ လေးကျွန်းသေဌ်နင်း မန္ဓာတ် စကြာမင်းပင်ဖြစ်သော်ငြား, တသောင်းသော လောက ဓာတ်ကို တလျှင်လျှပ် တ၀င်း၀င်း ကိုယ်ရောင်ဖြင့် ထွန်း လင်းနိုင်သော ဗြဟ္မာမင်းကြီးပင်ဖြစ်သော်ငြား မိမိအားကို လိုပင်ကိုယ်ဖြစ်သော ပညာမျက်စိဖြင့် ကြည့်ရှု ထင်မြင် ခြင်းငှါမထိုက်၊ သုံးတိုက်လုံးမှန်က သယမ္ဘူ ထွင်ထား ရှင်တော်ဘုရား၏ သားရင်းအစစ် ဖြစ်တော်မူကြပေသော

ရှစ်ယောက်သော အရိယာတို့အားသာလျှင် မြတ်လှစွာသော မဂ်ဉာဏ်နှင့် ယှဉ်သော ပညာမျက်စိဖြင့်သာလျှင် လက်ပေါ်တင်ထား ပတ္တမြားကိုရှုမြင်ရသကဲ့သို့ အသခ်တဓာတ် မြတ်သောနိဗ္ဗာန်၏အာရုံကို "ပစ္စက္ခ" အားဖြင့် မြင်အပ်မြင်ထိုက်လှပေ၏၊ ထိုသို့ အရိယာအစစ်အဖြစ်သို့ မရောက်သေးသော "ကလျာဏ" ပုထုဇ္ဇန် ပညဝန်ပုဂ္ဂိုလ်တို့အား ရော်ရမ်းမှန်းဆ၍ ဤနိဗ္ဗာန်သည် အဘယ်သို့ရှိမည်၊ ဤသို့ရှိမည်၊ ထိုသို့ရှိမည်စသည်ဖြင့် အာရုံပြုလျက် "အနုမာနဉာဏ်" အားဖြင့် မြင်ခြင်းငှါသာ ထိုက်၏၊ "ပစ္စက္ခ"အားဖြင့်မထိုက်။

[သဂြိုဟ်ဋီကာဟောင်း။]

## နိဗ္ဗာနပိဋိကား

တိ တိ တိ တိ တိ န ဒ မ ဇော ဇော ဇော
ooo ooo ooo ooo ooo ooo ooo ooo

ဇော ဇော ရ နိဗ္ဗာန်၊
ooo ooo ooo *

## မဂ္ဂဝီထိကိုပြခြင်း

"ဥဒယဝယ"စသော ဝိပဿနာဉာဏ် အဆင့်ဆင့်မှ သင်္ခါရုပေက္ခာဉာဏ် တိုင်အောင် အားတက်ကြွးမင်း အတင်းဆန်တက်၍ လာသော ဘာဝနာယောဂီအား မဂ်တည်းဟူသော အပ္ပနာဖြစ်လိုလတ်သော် ဘာဝနာယောဂီ၏ တိဟိတ် ဘဝင်သည် "ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒ" ဟူ၍ ဘဝင် နှစ်ကြိမ်ကျ၏၊ထိုနောင် မနောဒွါရာဝဇ္ဇန်း စိတ်

သည် ရုပ်,နာမ်ဓမ္မ သင်္ခါရဘို့၏"အနိစ္စ,ဒုက္ခ,အနတ္တ"လက္ခဏာ သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍"အာဝဇ္ဇန်း" ကိစ္စနှင့် ဖြစ်၍ချုပ်၏၊ ထိုနောင် မဟာကုသိုလ် သမ္ပယုတ် လေးပါးတွင် တပါးပါးသည် အာဝဇ္ဇန်းကဲ့သို့ အာရုံပြု၍"ပရိကံ,ဥပစာ,အနုလုံ"အမည်နှင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော သုံးကြိမ်ဖြစ်၍ ချုပ်၏၊ ထိုနောင် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇ္ဇန်၏အနွယ်ကို ဖြတ်သော"ဂေါတြဘူ" ကိစ္စနှင့် ဇောတကြိမ် ဖြစ်၍ချုပ်၏၊ ထိုနောင် သောတာ ပတ္တိမဂ်စိတ်သည် (၁)ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊(၂)ဆိုက်သက်သော သမုဒယသစ္စာကို ပယ်ခြင်း၊(၃)နိဗ္ဗာန်ကိုဆိုက်ရောက် မျက်မှောက်ပြုခြင်း၊ (၄) မဂ္ဂသစ္စာကို ပွားခြင်း ဟူသော သာသနာ ကိစ္စကြီး လေးပါးကို တပြိုင်တည်း ဆောင်ရွက်လျက်"မဂ်"အပ္ပနာကိစ္စဖြင့် တကြိမ်ဖြစ်၍ ချုပ်၏၊ ထိုနောင် သောတာပတ္တိ "ဖိုလ်"စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ အပ္ပနာ ဇောကိစ္စနှင့် နှစ်ကြိမ်ဖြစ်၍ ချုပ်၏၊ ထိုနောင်မိမိ၏ တိဟိတ်ဘဝင်ဖြစ်၏၊

---

## ဝိထိပုံစံကား၊

| န | ဒ | မ | ပ | ဥ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ဘွင် |
|---|---|---|---|---|---|---|---|---|---|---|
| ooo | ooo | o၁o | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |

ထို "မဂ္ဂသစ္စာဟေတုက္က, နိရောဓသစ္စာဟေတုက္က" ဆိုက်ခြင်းကို အကြောင်း အဆုံးပြု၍ "ပဓာန"အလုပ် လမ်းရိုးတို့၌ (၁)"ပုဗ္ဗ"၊ (၂)"သန္တိကိရိယ"၊ (၃)"ပဿဒ္ဓိ"ဟူ၍ သုံးပါး အပြားရှိ၏၊ ထင်ရှားစေအံ့·(၁) ဝိပဿနာ ဉာဏ်မှ လွတ်လိုက်ရခြင်းသည်"ပုဗ္ဗ"မည်၏၊ (၂)နိဗ္ဗာန်ကို မြင်

လိုက်ရခြင်းသည်''သန္တိကိရိယ''မည်၏၊ (၃)ဖိုလ်စိတ်တို့၏ ငြိမ်းချမ်းခြင်းသည်''ပဿဒ္ဓိ''မည်၏။

တနည်း–(၁)သိလည်း သိစေ၊(၂) မသိလည်း မသိစေ နှင့်(၃)မြင်လည်း မြင်လိုက်စေ ကိုယူအပ်၏၊ ထိုသုံးပါးတို့ တွင် (၁)ဝိပဿနာဉာဏ်ကို သိခြင်းသည် သိလည်းသိစေ မည်၏၊ (၂) ဝိပဿနာဉာဏ်မှ လွှတ်လိုက် ခြင်းသည် မသိလည်း မသိစေနှင့်မည်၏၊ (၃)နိဗ္ဗာန်ကိုမြင်လိုက်ခြင်း သည် မြင်လည်း မြင်လိုက်စေမည်၏။

တနည်း–(၁)''နိမိတ္တ''၊ (၂)''ဗတ္တ''၊ (၃)''ပဲကား''၊ (၄)''ညာဏ်ကြိ''၊(၅)''သက်းဖ''ဟူ၍ ငါးပါး အပြားရှိ၏၊ (၁)''နိမိတ္တ''၊(၂)''ဗတ္တ''၊(၃)''ပကော''၊ (၄)''ညာဏရို''၊(၅)''သက်ရော'' ဟု ရိုးရိုးစာလုံးနှင့်ဘာသ်လေ၊ ထို ငါးပါး တို့တွင် (၁) ဘာဝနာယောဂီအား ဥဂ္ဂဟနိမိတ်, ပဋိဘာဂ နိမိတ်တို့ကို မြင်ရခြင်းသည် ''နိမိတ္တ''မည်၏၊ (၂)ဝတ္တုရုပ်တို့ကို မြင်ရခြင်းသည် ''ဗတ္တ''မည်၏၊ (၃) ပုဗ္ဗကိစ္စ လေးပါးကို သိမ်းဆည်းရခြင်းသည်''ပကော''မည် ၏၊ (၄) ဝိပဿနာ ဉာဏ်ဆယ်တန်ကို မြင်ရခြင်းသည် ''ဉာဏရို''မည်၏၊(၅)ဝိပဿနာဉာဏ် ဆယ်တန်ကိုလွှတ်၍ နိဗ္ဗာန်ကို အာရုံပြုသဖြင့် မဂ်သို့ ပြောင်းရွှေ့ လိုက်ရခြင်း သည် သက်ရောမည်၏ ဟု ဓမ္မတာသုံးပါး, ဓမ္မတာငါးပါး တို့ကို ''တိဘက်ဆရာကြီး''တို့၏ နည်းဟူ၍ ငါတို့ကျေးဇူးရှင် အဆက်ဆက်မှမှတ်ယူအပ်၏၊

## မဂ္ဂ ပစ္စဝေက္ခဏာ ငါးပါးကို မြင်ခြင်း

"အရိယမဂ်"သို့ ဆိုက်ရောက်ပြီးသော အရိယာပုဂ္ဂိုလ် မြတ်သည် ထို နှစ်ကြိမ်, သုံးကြိမ်သော ဖိုလ်စိတ် တို့၏ အဆုံး၌ သောတာပတ္တိ ဖလဋ္ဌာန် ပုဂ္ဂိုလ်၏ စိတ်သည် ဘဝင်သို့ သက်၏၊ ၎င်းဘဝင် အစဉ်ကိုဖြတ်၍ သောတာ ပန်သည် ငါသည် ဤ"အာရမ္မဏိက" ဖြစ်သော မဂ်စိတ် ဖြင့် "နိဗ္ဗာန်"ကို မြင်ရလေပြီ တကားဟု မိမိရအပ်သော မဂ်ကို မနောဒွါရဝိထိဖြင့် ဆင်ခြင်၏။

[ဝိသုဒ္ဓိမဂ်။]

န ဒ မ ဇော ဇော ဇော ဇော ဇော ဇော ဇော ဘွင် ဘွင်
ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ဤကား သောတာပတ္တိ ဖလဋ္ဌာန် ပုဂ္ဂိုလ်သည် နိဗ္ဗာန် ကို မြင်တတ်သော"အာရမ္မဏိက"ဖြစ်သော မိမိမဂ်စိတ်ကို ဆင်ခြင်သော"မဂ္ဂပစ္စဝေက္ခဏာ"ဝိထိ ဖြစ်ပုံတည်း။

ဤကဲ့သို့–မဂ်ကို ဆင်ခြင်ပြီးသော နောင်မှ ၎င်းသော တာပတ္တိ ဖလဋ္ဌာန် ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မြင်လိုက်သော အာရုံ၏ အဆုံး၌ ကိုယ်စိတ်တို့သည် လွန်စွာ ငြိမ်းချမ်း၏၊ ထိုအခါငါသည် ဤနိဗ္ဗာန်အာရုံကိုမြင်ပြီးဆဲဆဲ၌ ငြိမ်းချမ်း သော၍အကျိုးကို ရအပ်ပေ၏ဟု"ဖိုလ်"ဟု ဆိုအပ်သော အကျိုးကို ဆင်ခြင်၏။

[ဝိသုဒ္ဓိမဂ်။]

န ဒ မ ဇော ဇော ဇော ဇော ဇော ဇော ဇော ဘွင် ဘွင်
ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo

ဤကားသောတာပတ္တိ ဖလဋ္ဌာန် ပုဂ္ဂိုလ်သည် နိဗ္ဗာန် ကို မြင်တတ်သော"အာရမ္မဏိက"ဖြစ်သော မိမိဖိုလ်စိတ် ကို ဆင်ခြင်သော"ဖလပစ္စဝေက္ခဏာ"ဝိထိဖြစ်ပုံတည်း။

(၁) ပယ်ပြီးကိလေသာ၊(၂) ပယ်ကြွင်း ကိလေသာ တို့ကို ဆင်ခြင်ရာ၌ သေက္ခပုဂ္ဂိုလ် တို့အား ဆင်ခြင်မိ သော သူလည်းရှိ၏၊ မဆင်ခြင် မိသော သူလည်းရှိ၏၊ ဆင်ခြင် မိသော သူတို့မှာ ငါသည် ဤအမည် ရှိသော ကိလေသာတို့ကို ပယ်အပ်ပြီ၊ ဤမျှလောက် ကြွင်းကျန် သေးသည်ဟု ဆင်ခြင်၏၊ ဝီထိပုံမှာ နောက်က''ပစ္စဝေက္ခ ဏာ'' မနေ့ဒွါရ ဝီထိအတိုင်း ဖြစ်၏၊ မဆင်ခြင်မိသော သူမှာ မဆင်ခြင်မူ၍''နိဗ္ဗာန်''ကိုသာ ဆင်ခြင်၏။

ထိုပယ် ကြွင်း ကိလေသာကို ဆင်ခြင်ပြီးသောနောင်မှ ''အာရမ္မဏိက''ဖြစ်သော မဂ်ဖိုလ်တို့ဖြင့်''ပစ္စက္ခ''ဒိဋ္ဌ ထင် ထင် သိမြင် လိုက်ရသော နိဗ္ဗာန်၏ အာရုံ တော်ကြီးကို ဩော်-ငါသည် မမြင်ဘူးမြဲ ထူးကဲမွန်မြတ်သော အာရုံဖြစ် ၍ ဖြစ်သော''နိဗ္ဗာန်''ကို အာရုံပြုသောအားဖြင့် ထိုးထွင်း ၍ မြင်လိုက်ရပေပြီ၊ သိလိုက်ရပေပြီဟု မိမိမြင်လိုက်သော နိဗ္ဗာန်ကို ဆင်ခြင်၏။

[ဝိသုဒ္ဓိမဂ်။]

န ဒ မ ဇော ဇော ဇော ဇော ဇော ဇော ဇော ဘွင် ဘွင်
ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ

ဤကား သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်သည် မြင်အပ် သော အာရုံဖြစ်သော ''နိဗ္ဗာန်''ကို ဆင်ခြင်သော နိဗ္ဗာန ပစ္စဝေက္ခဏာ ဝီထိဖြစ်ပုံတည်း။

ဆရာကြီးတို့ကား—နိဗ္ဗာနပစ္စဝေက္ခဏာ ဝီထိကိုတတိယ ထား၍ပြတော်မူကြကုန်၏၊ ထိုသို့ ပြတော်မူကြသော်လည်း ဂုဏ်းမဂ်သို့ရောက်သော ဘာဝနာ ယောဂီအား စိတ္တက္ခဏ

အသွန်လျင်မြန်ရ၍ တပြိုင်နက်တည်းကဲ့သို့သာ ထင်လိုက်ရသည်၊ အကြောင်းမှာမူ(၁) နိဗ္ဗာန်ကိုမြင်၍၊(၂) ငြိမ်း၍၊ (၃) မြင်သောစိတ်ကိုဆင်ခြင်၊ (၄) ငြိမ်းသောစိတ်ကို ဆင်ခြင်၊(၅) မြင်လိုက်သောအာရုံကို ဆင်ခြင်၊ ဤသို့ဆင်ခြင်လိုက်သည်သာ''ဓမ္မတာ''များသောအားဖြင့် ဖြစ်စဉ်ပေတည်း။

ထိုသို့သောတာပတ္တိမဂ်သို့ရောက်ပြီးသော ပုဂ္ဂိုလ်သည် အထက်မဂ်သို့ ရောက်ခြင်းအကျိုးငှါ ''ဥဒယဝယ'' အစရှိသောဝိပဿနာဉာဏ်ကိုအားထုတ်အပ်၏၊ သို့မဟုတ်ကိလေသာတို့ကိုဖျက်ဆီး၍ ''ဒိဋ္ဌဓမ္မသုခဝိဟာရ''ယခုမျက်မှောက်ဖိုလ်ချမ်းသာကို ခံစား၍နေခြင်းအကျိုးငှါ''ဖလသမာပတ်'' ကိုလည်း ဝင်စား၍နေကြကုန်၏။

## ဖလသမာပတ်ကိုပြခြင်း

ထိုဖလသမာပတ်သည်လည်း (၁) ''နိရောဓဖလသမာပတ်''၊(၂) ''သမာပဇ္ဇနဖလသမာပတ်''အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် (၁) နိရောဓဖလသမာပတ်ကိုကား ရျာန်ရသော ''အာနာဂါမ်,ရဟန္တာ''တို့မှာသာ ဝင်စားနိုင်ကုန်၏၊ (၂) ဤသမာပဇ္ဇန ဖလသမာပတ်ကိုကား အလုံးစုံသော ဈာန်ရသော''ပုထုဇ္ဇန်''၊ဈာန်မရသော ပုထုဇ္ဇန်တို့သည် မဝင်စားနိုင်ကုန်၊ အရိယာတို့မှာကား ဈာန်ရသည်ဖြစ်စေ, မရသည်ဖြစ်စေ သောတာပန် ဖြစ်သူမှာ သောတာပတ္တိဖိုလ်စသော ထိုထိုမိမိတို့၏ ဖိုလ်ကို အလုံးစုံသောအရိယာတို့သည် ဝင်စားနိုင်ကုန်၏။

[ဝိသုဒ္ဓိမဂ်၊]

ထိုသို့အရိယာတို့သည် ဝင်စားနိုင်ကုန်သော်လည်း မိမိတို့ရပြီးခါမျှဖြစ်သော ဖိုလ်ဘို့ကိုသာလျှင် ဝင်စားနိုင်ကုန်၏၊ အောက်အောက် ပုဂ္ဂိုလ်မှာ အထက်အထက်ဖိုလ်ကို မဝင်စားနိုင်ကုန်၊ ထိုမိမိတို့၏ ဖလသမာပတ်ကိုဝင်စားလိုလတ်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ချဉ်းကပ်၍ ရုပ်,နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ခြင်း,ပျက်ခြင်းဟု ဆိုအပ်သော "ဥဒယဝယဉာဏ်" စသည်တို့၏ အစွမ်းအားဖြင့် "အနိစ္စ" စသည်ဖြင့် "သမ္မသနဉာဏ်,နိဗ္ဗိဒါဉာဏ်,ပစ္စနုပဿနာဉာဏ်"တို့ကိုလွန်အောင် ရှုအပ်၏၊ ထိုသို့ရှုသောအခါ အစဉ်အတိုင်း ဂေါတြဘူ၏ အခြားမဲ့၌သောတာပန်အား သောတာပတ္တိဖိုလ်၏ အစွမ်းအားဖြင့် "ဖြဿမဉာဏ်"ဟုဆိုအပ်သော နိဗ္ဗာန်အာရုံ၌ မိမိ၏စိတ်သည် မဂ်ကဲ့သို့ ဖြစ်ပြန်၏၊ ဖိုလ်ကိုညွှတ်ခြင်းကြောင့်ကား ဂေါတြဘူ၏ အခြားမဲ့၌ "အာရမ္မဏိက"ဖြစ်သော ဖိုလ်စိတ်သည် အာရုံဖြစ်သော "နိဗ္ဗာန်"၌ မျက်မှောက်ပြု၍ဖြစ်၏၊ မဂ်စိတ်သည် မဖြစ်လာတော့ပေ။ [ဝိသုဒ္ဓိမဂ်။]

ဤသို့ဖလသမာပတ်ကို ဝင်စားသောအခါ သင်္ခါရလျှင်အာရုံရှိသော မနောဒွါရဝီထိတို့သည် ရှေးဦးစွာ အကြိမ်များစွာကျ၍ဖြစ်၏၊ ထိုထိုမနောဒွါရဝီထိတို့ နောင်မှသာလျှင်—

န ဒ မ နု နု နု နု ဖိုလ် ဖိုလ် ဘင်
(များစွာကျ၍)

ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ

ဤဖလသမာပတ္တိဝီထိဖြင့် ဖိုလ်သည် အကြိမ်များစွာ သက်၍ကျ၏၊ "မန္ဒ"ပုဂ္ဂိုလ်ဝီထိဘည်း၊ "တိက္ခ" ပုဂ္ဂိုလ်မှာ အနုလုံသုံးကြိမ်သာချရ၏။

## ဖလသမာပတ်၏ အားနှစ်ပါးကို ပြခြင်း

ထိုသို့ဖလသမာပတ်ကို ဝင်စားသော အခါ၌လည်း (၁) "ဌာနအား" (၂) "ဝုဋ္ဌာနအား" ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့ကို အလွန်လိမ်မာခြင်း ရှိမှသာလျှင် ဝင်စားရာ၏၊ ထင်ရှားစေအံ့။

(၁) "ဌာနအား"-အကြင်ဘာဝနာယောဂီသည် ဥဒယဝယ အစရှိသော ဝိပဿနာဉာဏ် ကိုးပါးဖြင့်သာလျှင် သုံးသပ်နိုင်သေး၏၊ နိဗ္ဗာန်အာရုံသို့ရောက်အောင် မဆောင်နိုင်သေး၊ ထိုပုဂ္ဂိုလ်သည် "ဖလသမာပတ်" ကိုညွှတ်ရှုမျှသာ ရှိသေး၍ ဌာနအားနှင့် မပြည့်စုံသေး။

အကြင်ဘာဝနာယောဂီသည် ထိုဝိပဿနာ ဉာဏ်တို့၏ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော "နိမိတ္တ" အာရုံတို့ကိုလွှန်၍ "အနိမိတ္တ" ဖြစ်သောနိဗ္ဗာန်အာရုံ၌သာလျှင် အကြင်ရွေ့လောက် တည်စေသတည်းဟု အမိဋ္ဌာန်၍ မိမိဝိပဿနာ အာရုံကို "ဖြတ္တမဓာတ်" သို့ သက်အောင်ငြိမ်စေလျက် အထူးသဖြင့်ငြိမ်စေလျက် အထူးသဖြင့် အလွန်ငြိမ်စေလျက် လွှတ်၏၊ ထိုယောဂီသည် ထိုပိုင်းခြားသောကာလပတ်လုံး "နိဗ္ဗာန်" အာရုံ၌ "သန္တမေတံ, ပဏီတမေတံ, နိဗ္ဗာနမေတံ" ဤနိဗ္ဗာန်သည်ကား ငြိမ်သက်လှ၏တကား၊ ဤနိဗ္ဗာန်ကားမွန်မြတ်လှ၏တကား၊ ဤနိဗ္ဗာန်ကား ငြိမ်းအေးလှ၏တကားဟူ၍ဤသို့စသည်ဖြင့် မိမိစိတ်ကို တနေ့လုံးသော်လည်းတည်ခြင်းငှါခံ့၏၊ ထိုယောဂီသည် (၁) သင်္ခါရနိမိတ်ကို နှလုံးမသွင်းခြင်းဟူသော "နိမိတ္တအမနသိကာရ" (၂) နိဗ္ဗာန်အာရုံတော်ကြီးကို နှလုံးသွင်း

ခြင်း ဟူသော "အနိမိတ္တမနသိကာရ"၊ (၃) သင်္ခါရနယ် နိမိတ်မှလွန်၍ဖြစ်ခြင်းဟူသော "အဘိသင်္ခါရ" ဟုဆိုအပ် သော ဌာနအင်္ဂါသုံးပါးနှင့်ပြည့်စုံပေ၍ "ဖလသမာပတ်" ကို ဝင်စားနိုင်သောသူမည်ပေ၏။

[အင်္ဂုတ္တရ အဋ္ဌကထာ။]

(၂)"ဝုဋ္ဌာနအား"အကြောင်းဘာဝနာယောဂီသည် ဌာန အင်္ဂါသုံးပါးကိုပြည့်စုံစေပြီး၍"ဖလသမာပတ်"မှအကြောင်းအ ခါထ၏၊ထိုအခါ(၁)ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ် ဟုဆိုအပ်သော ငါးပါးသော သင်္ခါရ နိမိတ်အာရုံတို့တွင် တပါးပါးကို အာရုံပြုခြင်းဟု ဆိုအပ်သော "နိမိတ္တမနသိ ကာရ"(၂) နိဗ္ဗာန်အာရုံကို လွှတ်၍ အာရုံမပြုခြင်းဟု ဆို အပ်သော"အနိမိတ္တ အမနသိကာရ"၊ ဤင်းအင်္ဂါနှစ်ပါးသို့ သက်ခဲ့လျှင် သမာပတ်မှထရခြင်းဟူသော "ဝုဋ္ဌာန"အင်္ဂါ နှစ်ပါးနှင့်ပြည့်စုံပေ၍ ဝုဋ္ဌာနဖြစ်ပေ၏။

ဤသို့သမာပတ်ကို ဝသီဘော်နိုင်နင်းစွာ အလိုရှိသလို ဝင်စားနိုင်ရန် နေ့ရက်များစွာလေ့လာကြရာ၏။

ကာလဝသေန ဖလသမာပတ္တိံ သမာပဇ္ဇေ။

ကာလဝသေန၊ အချိန်ကာလအပိုင်းအခြားအားဖြင့်။ ဖလသမာပတ္တိံ၊ ဖလသမာပတ်ကို၊ သမာပဇ္ဇေ၊ ဝင် စားနိုင်ပေ၏။

[ဥပရိပဏ္ဏာသ အဋ္ဌကထာ သုညတဝဂ် စူဠသုညတသုတ်၌ လည်း နည်းတူရှိ၏။]

ယံ သမာပတ္တိံ သမာပဇ္ဇော န ကိဉ္စိ ဝေဒိယတိ။

[ဥပရိပဏ္ဏာသ ပါဠိတော်။]

ယံသမာပတ္တိံ၊ အကြင်ဖလသမာပတ်ကို။ သမာပန္နော၊ ဝင်စားသောပုဂ္ဂိုလ်သည်။ ကိဋ္ဌိ၊ တစုံတခုသောဝေဒနာကို၊ နဝေဒိယတိ၊ မခံစားတော့ပေ။

သမာပန္နော နာမ အန္တောသမာပတ္တိယံ
ကဏ္ဏမူလေ ဓမမာနဿ သဒ်ယုဂဠဿာပိ အသ-
နိသန္ဒိပါတဿာပိ သဒ္ဒံ န သုဏာတိ။
[သုတ်မဟာဝါ သင်္ဂြပဥ္စသုတ် အဋ္ဌကထာ။]

သမာပန္နောနာမ၊ သမာပတ်ဝင်စားသောပုဂ္ဂိုလ်မည်သည်ကား။ အန္တောသမာပတ္တိယံ၊ သမာပတ်အတွင်း၌။ ကဏ္ဏမူလေ၊ နား၏အနီး၌။ ဓမမာနဿ၊ မှုတ်အပ်သော။ သဒ်ယုဂဠဿာပိ၊ ခရုသင်းနှစ်ခု၏ငင်း။ အသနိသန္ဒိပါတဿာပိ၊ မိုဃ်းကြိုးကျခြင်း၏ငင်း။ သဒ္ဒံ၊ အသံကို။ န သုဏာတိ၊ မကြားရရှာတော့၏။

ဤဖလသမာပတ်ဝင်စားရာ၌ "ဘာဝမျှမသိ" သတိမေ့၍နေခြင်းမဟုတ် အလုံးစုံ တေဘူမက သင်္ခါရနိမိတ် ချုပ်ငြိမ်း၍ နိဗ္ဗာန်အာရုံငြိမ်သက်လှသောချမ်းသာဟု ဆိုအပ်သော"သန္တိသုခ"ကို မျက်ဝါးထင်ထင် ခံစား၍နေခြင်းပင်ဟု မှတ်ရမည်။

မောဟော ဝိဇ္ဇာ တထာ ညာဏံ။
[အဘိဓာန်။]

မောဟော၊ မသိခြင်း။ အဝိဇ္ဇာ၊ မသိခြင်း။ တထာ၊ ထို့အတူ။ အညာဏံ၊ မသိခြင်း၊-ဟူ၍"အဘိဓာန်"၌ မောဟ၏ပရိယာယ်သုံးပုဒ်ကို ထုတ်၍ပြအပ်သောကြောင့် "ဘာဝမျှမသိ"ဖြစ်၍နေခြင်းကို ပညာရှင်တို့ ဆင်ခြင်ကြကုန်ရာ၏။

## သစ္စာလေးပါးကိုပြခြင်း

အကြင်ဘာဝနာယောဂီသည် ပြအပ်ခဲ့ပြီးသော "အာနာပါန" ကမ္မဋ္ဌာန်း၌ အကြင်အခါ၌ "ရုပ်" ကို သိမ်းဆည်းခြင်း၊ "နာမ်" ကို သိမ်းဆည်းခြင်း ဟု ဆိုအပ်သော သိမ်းဆည်းခြင်းတို့ဖြင့် ရုပ်,နာမ်နှစ်ပါး သင်္ခါရတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ခဲ့၏၊ထိုအခါ "ဝိဋ္ဌန,သန္တတ,သန္တာပ,ဝိပရိဏာမ" ဟု ဆိုအပ်သော နှိပ်စက်ခြင်း,ပြုပြင်ခြင်း, ပူပန်ခြင်း, ဖောက်ပြန်ခြင်း အနက်လေးပါးတို့နှင့်တကွ "ဒုက္ခသစ္စာ" လေးပါးကို လောကီဝိပဿနာဉာဏ်ဖြင့်ပြီးစေ၏။

အကြင်အခါ"အကြောင်း"ကိုသိမ်းဆည်းခြင်း၊"အစွန်" ကာလကို သိမ်းဆည်းခြင်းဟု ဆိုအပ်သော သိမ်းဆည်းခြင်းတို့ဖြင့် သိမ်းဆည်း၏၊ ထိုအခါ "အာယူဟန,နိဒါန,သံယောဂ,ပလိဗောဓ" ဟု ဆိုအပ်သော အားထုတ်ခြင်း, ဆောင်နှင်းခြင်း, ယှဉ်ခြင်း, နှောင့်ရှက်ခြင်း အနက်လေးပါးတို့နှင့်တကွ "သမုဒယသစ္စာ" လေးပါးကို လောကီဝိပဿနာဉာဏ်ဖြင့်ပြီးစေ၏။

အကြင်အခါဆည်းပူးခဲ့အပ်သော"ဒါန,သီလ"တို့၌၎င်း၊ "သမာဓိ" တို့၌၎င်း၊ သမ္မသနဉာဏ်အစ အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ်တို့၌၎င်း ဝဋ်မှထွက်မြောက်လိုသဖြင့် ကောင်းစွာအားထုတ် ဆည်းပူးပွါးများ၏၊ ထိုအခါ ဖြစ်ခြင်း,ပျက်ခြင်း တို့ကို လောကီမဂ္ဂသစ္စာဖြင့် ပွါးများ၍ ဖြစ်ခြင်း,ပျက်ခြင်းမရှိသော နိဗ္ဗာန်၌ ညွတ်ကိုင်းရှိုင်း၇မ်းလျက် သက်ဝင်သောစိတ်ကိုထား၍ အားထုတ်

ခြင်းကြောင့် "နိယျာန,ဟေတု,ဒဿန,အဓိပတေယျ" ဟူသော ထွက်မြောက်ခြင်းနိဗ္ဗာန်ကို ရခြင်းအကြောင်း, မြင်ခြင်းအကြောင်း, အစိုးရခြင်း အနက်လေးပါးတို့နှင့်တကွ လောကီ "မဂ္ဂသစ္စာ" လေးပါးကို လောကီဝိပဿနာဉာဏ်ဖြင့်ပြီးစေ၏။

ငှင်းနည်းတူ နိဗ္ဗာန်ကို ညွတ်ကိုင်းရှိုင်းရှမ်းလျက် သက်ဝင်သောစိတ်ဖြစ်သောအခါ၌ "နိဿရဏ,ဝိဝေက,အသင်္ခတ,အမတ" ဟု ဆိုအပ်သော သံသရာမှ ထွက်မြောက်ခြင်း, တဏှာမှဆိတ်ခြင်း, အကြောင်းတရားတို့သည် မပြုပြင်, သေခြင်းမှကင်းခြင်း အနက်လေးပါးတို့နှင့်တကွ "နိရောဓသစ္စာ" လေးပါးကို လောကီဝိပဿနာဉာဏ်ဖြင့် ပြီးစေ၏။

[ဤကား လောကီတို့။]

ဤသို့ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်တို့၏ဖြစ်ပုံဟူသော "ပဝတ္တိသစ္စာ"၊ဖြစ်ကြောင်းဟူသော"ပဝတ္တိဟေတုသစ္စာ"၊ ထို ရုပ်,နာမ်စသည်တို့၏ ဆုတ်နစ်ရာ (မဖြစ်ရာ) ဟူသော "နိဝတ္တိသစ္စာ"၊ ဆုတ်နစ်ခြင်း၏အကြောင်းဖြစ်သော "နိဝတ္တိဟေတုသစ္စာ"၊ ဤလေးဖြာကို သေချာပိုင်ပိုင် သိမြင်နိုင်မှ ကျေးဇူးများသောကြောင့် "သစ္စာ" ဖြင့် နိဂုံးချုပ်တော်မူပေ၏။

## အထက်မဂ်သို့တက်ရန်အားထုတ်ပုံကိုပြခြင်း၊

ထို သောတာပန် ဖြစ်ပြီးသော ဘာဝနာယောဂီအား "ကာမရာဂ,ဗျာပါဒ" တို့ကို ခေါင်းပါးစေခြင်း၊ "သကဒါဂါမိမဂ်" သို့ ရောက်ခြင်းအကျိုးငှါ အဘယ်သို့အားထုတ်အပ်သနည်းဟူမူကား ထိုသောတာပန်သည် ရုပ်နွေ, ဗိုလ်

ဖေါက္ခ္ဖျင့်တို့ကို တပေါင်းတည်းပြု၍ ရုပ်,ဝေဒနာ,သညာ သင်္ခါရ, ဝိညာဏ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်းကိုသာလျှင် "အနိစ္စ,ဒုက္ခ,အနတ္တ"ဟူသော လက္ခဏာရေးသုံးပါးတို့ဖြင့် "ဥဒယဝယ" ဉာဏ်စသည်ကို ဖြစ်စေခြင်း၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် သင်္ခါရုပေက္ခာဉာဏ်တိုင်အောင်၊ဝါ-ထို့ ထက်အလွန်တိုင်အောင် လေ့လာသုံးသပ် ပွါးများအား ထုတ်အပ်၏။

ဤသို့သောနည်းဖြင့် "သောတာပတ္တိမဂ်" ၌ အာလယ ကိုဖြတ်၍ "ဥဒယဝယ" ဉာဏ် စသည်တို့ကို အသစ်တည် ထောင်၍ သင်္ခါရုပေက္ခာဉာဏ်၏အခြားမဲ့၌ "သကဒါဂါမိ မဂ်" သို့ အကြင်အခါရောက်အောင် စီးဖြန်းရာ၏၊ ထိုအခါ (၁) "ကာမရာဂ, ဗျာပါဒ" တို့၏ ရံခါ ကြီးကြား မျှသာဖြစ်ခြင်းရှိသော"အဓိစ္စုပ္ပတ္တိ"အစွမ်း၊ (၂) "ကာမ ရာဂ,ဗျာပါဒ" တို့၏ ထိုးကျင့်ထကြွခြင်းမှ နုံ့ညံ့သည်၏ အဖြစ်ဟူသော"ပရိယုဋ္ဌာနမန္ဒ"အစွမ်း၊ ဤသို့အစွမ်းနှစ် ပါးကိုဆောင်၍ တည်ရှာပေ၏၊ "လောကံ" တရားကို မတွေ့သည်ရှိသော် အနာဂါမ်ကဲ့သို့ နေရှာ၏၊ တွေ့သည် ရှိသော်ကား အနည်းငယ်မျှသာတုန်လှုပ်ရှာ၏၊ ဖြစ်၏ဟု ဆိုရုံမျှသာရှိတော့၏။

[အဋ္ဌသာလိနီ,မူလပဏ္ဏာသအဋ္ဌကထာ,မဟာဋီကာ။]

ထိုသကဒါဂါမိမဂ် စသည်တို့သည် ဘာဝနာ အားရှိ ကုန်၏၊နိဗ္ဗာန်ကိုမြင်ခြင်းမှာကား"သောတာပတ္တိမဂ်"ထက် မထူးကုန်၊မိုယ်းကြိုးပဲ့တင်သံကဲ့သို့ရင်း, မီးပုံကြီးကဲ့သို့ရင်း, မှန်တိုင်းကျသကဲ့သို့ရင်း စသည်ဖြင့် "ဗလဝဝိပဿနာ"

အားကိုဆောင်လျက် ဘာဝနာအားသာလျှင် အားကြီးထက်မြက်စူးရှပေတော့၏၊ အထက်အထက် မဂ်တို့ကိုလည်းဤနည်းကိုမှီး၍သိအပ်ရာသတည်း။

---

## ဝိပဿနာမဂ်ဖိုလ်တို့၏အမည်ကိုပြခြင်း

အကြင် ဘာဝနာယောဂီသည် "**အာနာပါနပဋိဘာဂဥပစာရ**"အတွင်း၌ ရုပ်,နာမ် ဓမ္မသင်္ခါရတို့ကို"**အနိစ္စ**"ဖြင့် သိမ်းဆည်း၍ အနိစ္စဖြင့်မြင်၍ မဂ်ကို ကူးအံ့သောအခါ၌ ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် နှစ်ပါး တို့သည် "**အနိစ္စ**"အဖြစ်ဖြင့် သုံးသပ်ဆင်ခြင်၍ထမြောက်၏၊ထိုပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်နှစ်ပါးတို့သည် "**ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်**" မည်၏၊ ၎င်းဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်သည် (၁) "**အနိမိတ္တ**" ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်မည်၏၊ (၂) ထိုအနိမိတ္တဝုဋ္ဌာန ဂါမိနီဝိပဿနာဉာဏ်ကြောင့် ဖြစ်သော မဂ် သည်လည်း "**အနိမိတ္တမဂ်**" မည်၏၊ (၃) ၎င်းမဂ်၏ဖိုလ်သည်လည်း "**အနိမိတ္တဖိုလ်**" မည်၏၊ (၄) ဖလသမာပတ်သည်လည်း "**အနိမိတ္တဖလသမာပတ်**"မည်ပေ၏။

၎င်းနည်း"**ဒုက္ခ**"လက္ခဏာဖြင့် ထမြောက်ခြင်းစသော ဘာဝနာယောဂီသည်(၁) "**အပ္ပဏိဟိတ**" ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ (၂) "**အပ္ပဏိဟိတမဂ်**"၊ (၃) "**အပ္ပဏိဟိတဖိုလ်**"၊(၄)"**အပ္ပဏိဟိတ ဖလသမာပတ်**"တို့ကို ရအပ်ကုန်၏၊ "**အနတ္တ**" လက္ခဏာဖြင့် ထမြောက်ခြင်းစသော ဘာဝနာယောဂီသည် (၁) "**သုညတ ဝုဋ္ဌာနဂါမိနီ**

ဝိပဿနာ"၊ (၂)"သုညတမဂ်"၊ (၃)"သုညတဖိုလ်"၊ (၄)"သုညတဖလသမာပတ်"တို့ကိုရအပ်ကုန်၏။

[မူလပဏ္ဏာသအဋ္ဌကထာ၊]

---

## ဝိပဿနာ မဂ် ဖိုလ်အမည်နာမစသည်တို့ကို ဗောဓိပက္ခိယတရား၃၇–ပါး၌သွင်း၍ပြခြင်း၊

"ဗောဓိပက္ခိယ"နှင့်ပြည့်စုံခြင်း၌ ဗောဓိပက္ခိယတို့သည် (၁) "လောကီ"ဝိသုဒ္ဓိ၌ပြည့်စုံခြင်း၊ (၂) "လောကုတ္တရာ" ဝိသုဒ္ဓိ၌ ပြည့်စုံခြင်းအားဖြင့် နှစ်ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင် လောကီဝိသုဒ္ဓိ၌ ပြည့်စုံခြင်းဟူရာဝယ် လောကီဝိသုဒ္ဓိသည်(၁) "သီလဝိသုဒ္ဓိ"၊ (၂) "စိတ္တဝိသုဒ္ဓိ"၊ (၃) "ဒိဋ္ဌိဝိသုဒ္ဓိ"၊ (၄)"ကင်္ခါဝိတရဏဝိသုဒ္ဓိ"၊ (၅)"မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ"၊ (၆) "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ" အားဖြင့်ခြောက်ပါးအပြားရှိ၏။

ထိုတွင်–သီလဝိသုဒ္ဓိဟု ဆိုအပ်သော ပါတိမောက္ခသံဝရသီလ,အာဇီဝပါရိသုဒ္ဓိသီလဖြစ်ခိုက် "သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်" မဟာကုသိုလ်စိတ် ဖြစ်သောအခါ၌ "သမ္မပ္ပဓာန်" (၄)ပါး၊ "ဣဒ္ဓိပါဒ်" (၄)ပါး၊ "ဣန္ဒြေ" (၅)ပါး၊ "ဗိုလ်" (၅)ပါး၊ "ဗောဇ္ဈင်" (၇) ပါး၊ "မဂ္ဂင်"(၈)ပါး၊ပေါင်း (၃၃)ပါးသော"ဗောဓိပက္ခိယ" တရားတို့ကိုရအပ်ကုန်၏။

"ဉာဏဝိပ္ပယုတ်"ဖြစ်ခိုက်"သမ္မပ္ပဓာန်" လေးပါး၊ ဝိမံသိဒ္ဓိပါဒ်ကြဉ်သော"ဣဒ္ဓိပါဒ်"(၃)ပါး၊ ပညိန္ဒြေကြဉ်သော "ဣန္ဒြေ"(၄)ပါး၊ ပညာဗိုလ်ကြဉ်သော"ဗိုလ်"(၄)ပါး၊

ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကြဉ်သော "ဗောဇ္ဈင်" (၆) ပါး၊ သမ္မာဒိဋ္ဌိကြဉ်သော "မဂ္ဂင်" (၇) ပါး၊ ပေါင်း (၂၀) ပါး တို့ကိုရအပ်ကုန်၏။

"ဥပေက္ခာသဟဂုတ် ဉာဏ သမ္ပယုတ်" အခိုက်၌ သော မနဿသဟဂုတ် ဉာဏသမ္ပယုတ်၌ရအပ်သော (၃၃) ပါး တို့တွင် "ပီတိ" သမ္ဗောဇ္ဈင်ကိုကြဉ်၍ (၃၂) ပါးတို့ကိုရအပ် ကုန်၏။

"ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်" အခိုက်၌ လည်း သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်၌ရအပ်သော (၂၈) ပါးတို့တွင် "ပီတိ" သမ္ဗောဇ္ဈင်ကိုကြဉ်၍ (၂၇) ပါးတို့ကို ရအပ်ကုန်၏။

ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, အသုဘ ဥပစာ,ကြွင်းသော ကမ္မဋ္ဌာန်းတို့၏ဥပစာဟု ဆိုအပ်သော "စိတ္တဝိသုဒ္ဓိ"၊ နာမ်ရုပ်ကိုသိခြင်း "ဒိဋ္ဌိဝိသုဒ္ဓိ"၊ အကြောင်း အစွန့်ကိုသိခြင်း "ကင်္ခါဝိတရဏဝိသုဒ္ဓိ"၊ ဤလေးပါးသော ဝိသုဒ္ဓိဖြစ်ခိုက်၌ ကာယာနုပဿနာသတိပဋ္ဌာန်(၁)သောမ နဿသဟဂုတ်ဉာဏသမ္ပယုတ်၌ဖြစ်သော "ဗောဓိပက္ခိယ" (၃၃) ပါးတို့တွင် ဝိရတိ(၃) ပါးကိုကြဉ်၍ပေါင်း (၃၀) ပါးတို့ကိုရအပ်ကုန်၏။

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိ သုဒ္ဓိ(၂)ပါးဖြစ်သောအခါ၌ကား သတိပဋ္ဌာန် (၄) ပါး၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၌ရအပ်သော(၃၃) ပါးတို့တွင် "ဝိရတိ" (၃) ပါးကိုကြဉ်၍ ပေါင်း (၃၄) ပါး တို့ကိုရအပ်ကုန်၏။

[သုက္ခဝိပဿကဘို့။]

"**အသုဘပဌမဈာနလာဘီ**" ပုဂ္ဂိုလ်အခိုက်၌ကား ကာယာနုပဿနာ သတိပဋ္ဌာန် (၁)၊ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်၌ရအပ်သော (၃၃)ပါးတို့တွင် "ဝိရတီ" (၃)ပါးကိုကြဉ်၍ ပေါင်း (၃၁) ပါးကိုရအပ်၏၊ ကြွင်းသောကမ္မဋ္ဌာန ပဌမဈာနလာဘီ ပုဂ္ဂိုလ်အခိုက်၌လည်း သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်၌ရအပ်သော (၃၃) ပါးတို့တွင် "ဝိရတီ" (၃)ပါးကိုကြဉ်၍ (၃၀)ကို သာရထိုက်၏။

ခပ်သိမ်းသော ကမ္မဋ္ဌာန ဒုတိယ,တတိယ ဈာနလာဘီ အခိုက်၌လည်း သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အခိုက်၌ ရအပ်သော (၃၃)ပါးတို့တွင် "ဝိရတီ" (၃)ပါး၊ "သမ္မာသင်္ကပ္ပ"တပါးကြဉ်သော (၂၉) ပါးကိုသာရအပ်၏၊ ၎င်းနည်းတူ စတုတ္ထ, ပဉ္စမ ဈာနလာဘီအခိုက်၌လည်း သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၌ ရအပ်သော (၃၃)ပါးတို့တွင်"ပီတိ"သမ္ဗောဇ္ဈင် (၁)၊ "ဝိရတီ"(၃)၊ "သမ္မာသင်္ကပ္ပ" (၁)၊ ပေါင်းငါးပါးကြဉ်သော(၂၈)ပါးကိုရအပ်၏၊ အထက်ဝိသုဒ္ဓိမှာ သုက္ခဝိပဿကနှင့် အတူတူပင်။

[ဈာနလာဘီဘွဲ့။]

[အာဂုံကိုလိုမှု မထိမဥ္ဇူသာ ဋီကာမှာယူ။]

**ဆောင်။** မ ဋ္ဌဒ် ဋ္ဌန်ဗ၊ ဗော မဂ္ဂ၊ဉာဏတေတိ`မှန်၊
ငါးတန်ကိုချ၊ အဋ္ဌမီသ၊ ဗောကစိကြဉ်၊ ဒွတ္တိ`ပင်။
ဝိတ္တင်ငါးချ၊ သတ်မီသ၊ ကာယကိုတင်၊ ရတိကြဉ်၊
လေးအင်သုဒ္ဓိ၊ ကော်တြိ။
သုံးဆယ့်ခွန်တွင်၊ ရတိကြဉ်၊ နှစ်အင်မဂ်ဋ္ဌိ၊ဘောတြိ၊
မှတ်ဘိသုက္ခပင်။

ရူပါသုဘာ၊ ကော်တိ°သာ၊ ဌာန်ချကြွင်းပေး်တိ°သ-ရေ၊
သင်္ကေတ်ကိုချ၊ ဒွေးနဝ၊ ဒုတာကိုဟော၊
ဗောဓိပက္ခိယ၊ ကြည့်ဘိအင်္ဂါခွဲ၊ စပရွေး၊ ညာဏ်ခွေး
မုက္ကနွေ။

ဟူ၍ ပညာရှင်တို့ စပ်ဆိုကြ၏။

[လောကီဘို့။]

လောကုတ္တရာဖြစ်သော"ဉာဏသဒ္ဓိသုဒ္ဓိ" မဂ်ညာဏ်၏အခိုက်၌ကား အလုံးစုံသော (၃၇)ပါးသော "ဗောဓိပက္ခိယ"တရားတို့ကို ရအပ်ကုန်၏၊ဖိုလ်စိတ်၏အခိုက်၌ကား သမ္မပ္ပဓာန်လေးပါးတို့ကို ချန်လှပ်၍ ကြွင်းသော (၃၃) ပါးသော် "ဗောဓိပက္ခိယ"တို့ကို ရအပ်ကုန်၏။

[ဝိသုဒ္ဓိမဂ်၊]

---

## အာနာပါန၏ အကျိုးကိုပြခြင်း

အာနာပါနဿတိံ ရာဟုလ ဘာဝနံ ဘာဝေ-
ဟိ အာနာပါနဿတိ ရာဟုလ ဘာဝနာ ဘာ-
ဝိတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ၊

[မဇ္ဈိမပဏ္ဏာသပါဠိတော် ဘိက္ခုဝဂ် မဟာရာဟုလောဝါဒသုတ်၊]

ရာဟုလ၊ ချစ်သားသီးချာ အို–ရာဟုလာ၊ အာနာပါနဿတိံ၊ အာနာပါနဿတိဟု ဆိုအပ်သော၊ ဘာဝနံ၊ ဘာဝနာကို၊ ဘာဝေဟိ၊ ကြိုးစားမယုတ် အားထုတ်လိုက်ပါလော့၊ ရာဟုလ၊ ချစ်သားသီးချာ အို–ရာဟုလာ၊ အာနာပါနဿတိ၊ အာနာပါနဟုဆိုအပ်သော၊ ဘာဝနာ၊ဘာဝနာသည်၊ ဘာဝိတာ၊ ပွါးများအပ်သည်ရှိသော်၊ ဗဟုလီကတာ၊ ကြိမ်ဘန်များစွာ ပွါးများအပ်သည် ရှိသော်၊

မဟပ္ဖလာ၊ များသော အကျိုးရှိသည်။ မဟာနိသံသာ၊ များသောအာနိသင်ရှိသည်။ ဟောတိ၊ မုချမသွေ ဖြစ်ပါပေ၏။

ဤကဲ့သို့—ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာက ရာဟုလာအား အာနာပါနကမ္မဋ္ဌာန်း၏ အကျိုးအာနိသင် ကြီးမားကြောင်းနှင့် ပွါးများအားထုတ်ရန် တိုက်တွန်း သတိပေးသောအခါသားတော်ရာဟုလာက မြတ်စွာဘုရားအား ဤသို့မေးလျှောက်လေ၏၊ လျှောက်ပုံမှာ—

> ကထံ ဘာဝိတာ နု ခေါ ဘန္တေ အာနာပါ-
> နဿတိ၊ ကထံ ဗဟုလီကတာ မဟပ္ဖလာ
> ဟောတိ မဟာနိသံသာ။
>
> [၎င်း။]

ဘန္တေ၊ ဘုန်းတော်အနန္တ ကြီးမားတော် မူလှပါတဲ့ အို—ကျေးဇူးတော်ရှင် သခင်မြတ်ကြီးဘုရား။ အာနာပါနဿတိ၊ အာနာပါနဿတိကမ္မဋ္ဌာန်းသည်။ ကထံ၊ အဘယ်သို့။ ဝါ၊ ဘယ်ပုံ။ ဘာဝိတာနုခေါ၊ ပွါးများအပ်သည်ရှိသော်။ ကထံ၊အဘယ်သို့။ ဝါ၊ ဘယ်ပုံ။ဗဟုလီကတာ၊ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ မဟပ္ဖလာ၊ များသောအကျိုးရှိသည်။ မဟာနိသံသာ၊ များသောအာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်ပါသနည်း ကျေးဇူးတော်ရှင်သခင်မြတ်ကြီးဘုရား။

ဤကဲ့သို့—သားတော် ရာဟုလာက ဘခမည်းတော် ကျေးဇူးတော်ရှင်ဘုရားသခင်အား "အာနာပါန"၏အကျိုးကို သိလိုရေးနှင့် မေးလျှောက်သောအခါ ကျေးဇူးတော်ရှင်ဘုရားသခင် ကိုယ်တော်မြတ်ကြီးက—

ဧဝံ ဘာဝိတာယ ရာဟုလ အာနာပါနဿတိ-
ယာ ဧဝံ ဗဟုလီကတာယ ယေပိ တေ စရိမ-
ကာ အဿာသာ တေပိ ဝိဒိတာဝ နိရုဇ္ဈန္တိ
နော အဝိဒိတာ။

[ၦင်း။]

ရာဟုလ၊ သိလိုရေးနှင့်မေးလျှောက်လေရှာ အို–ချစ်သားရာဟုလာ။ အာနာပါနဿတိယာ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ ဧဝံ၊ ဤသို့ငါဘုရားဟောတော်မူသည့်အတိုင်း။ ဘာဝိတာယ၊ ပွါးများ အားထုတ်အပ်သည် ရှိသော်။ ဧဝံ၊ ဤသို့ ငါဘုရား ဟောတော်မူသည့် အတိုင်း။ ဗဟုလီကတာယ၊ ကြိမ်ဘန်များစွာ လေ့လာအပ်သည်ရှိသော်။ တေ၊သင့်အား။ စရိမကာ၊ အဆုံးစွန်ဖြစ်ကုန်သော။ ယေပိအဿာသာ၊ အကြင်ဝင်သက်, ထွက်သက်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုအဆုံးစွန် ဝင်သက်ထွက်သက်တို့သည်။ ဝိဒိတာဝ၊ ထင်ရှားသိသာသည်ဖြစ်၍သာလျှင်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ နောအဝိဒိတာ၊မထင်ရှားဘဲ မချုပ်နိုင်ကုန်ရာသတည်း။

ဤကဲ့သို့– မြတ်စွာဗုဒ္ဓ မိန့်ဟတော်မူသည့် အတိုင်း နောက်ဆုံးကာလ သေချိန်သို့ရောက်ကြက သတိမရ မောဟဘိစီး ရောဂါ၏ဒဏ်လွန်ပြင်းထန်၍ သည်းခံမရ တွေဝေမိန်းမောကာ သေရွာသို့ ကူးရခြင်းကြောင့်သာ အပါယ်ဘဝရောက်ကြရပေ၏၊ အကယ်စင်စစ် သတိသမ္ပဇဉ်မပြတ်ယှဉ်ကာ သေရွာသို့ကူးရပါမူ သုဂတိဘဝ လိုရာဌာနသို့လားရောက်ကြရမည်မှာ မလွဲရာပေတည်း။

ထို့ကြောင့် "အာနာပါနဿတိ" ကိုပွါးများအားထုတ်သောသူသည် အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် ဤဘဝတွင် မဂ်ဖိုလ်မရ၍ ပုထုဇ္ဇနဘဝနှင့် သေရစေကာ "ဒုတိယဘဝ" သုဂတိ ဘုံဘဝတွင် မိတ်ဆွေကောင်းနှင့်တွေ့ကာ ကျွတ်တမ်းကို ရောက်ရာဌာနသို့ပင် ဝင်ရောက်နိုင်ပေ၏။

ထိုမျှသာမကသေးပေ၊ "မဟပ္ဖလာ ဟောတိ" ဟူသောပုဒ်ကို အဋ္ဌကထာရှင် ဘွင့်ထုတ်ဘော်ပြ မိန့်ဟတော်မူသည်မှာ—

မဟပ္ဖလာ ဟောတိ တိ ကိံ မဟပ္ဖလာဟောတိ။

[ဋ္ဌင်းအဋ္ဌကထာ။]

မဟပ္ဖလာဟောတီတိ၊ မဟပ္ဖလာဟောတိ ဟူသည်ကား။ ကိံ၊ အဘယ်မျှလောက်။ မဟပ္ဖလာ၊ များမြတ်ကြီးကျယ်သောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်ခဲ့လေသနည်းဟူမူကား—

ဣဓ ဘိက္ခု အာနာပါနဿတိံ အနုယုတ္တော ကောသနေ နိသိန္နောဝ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ၊ တထာ အသက္ကောန္တော မရဏကာလေ သမသီသီ ဟောတိ၊ တထာ အသက္ကောန္တော ဒေဝလောကေ နိဗ္ဗတ္တိတွာ ဓမ္မကထိကဒေဝပုတ္တဿ ဓမ္မံ သုတွာ အရဟတ္တံ ပါပုဏာတိ၊ တတော ဝိရဒ္ဓေါ အနုပ္ပန္နေ ဗုဒ္ဓုပ္ပါဒေ ပစ္စေကဗောဓိံ သစ္ဆိကရောတိ၊ တံ အသစ္ဆိကရောန္တော ဗုဒ္ဓါနံ သမ္မုခီဘာဝေ ဗာဟိယတ္ထေရာဒယော ဝိယ ခိပ္ပါဘိညော ဟောတိ။

[ဋ္ဌင်းအဋ္ဌကထာ။]

ဘိက္ခု၊ အာနာပါနဘာဝနာယောဂီသည်။ ဣဓ၊ ဤငါ ဘုရား သာသနာတော်၌။ အာနာပါနဿတိံ၊ အာနာပါန ဿတိ ကမ္မဋ္ဌာန်းကို။ အနုယုတ္တော၊ ယှဉ်သည်ဖြစ်၍။ ဝါ၊ ပွါးများအားထုတ်သည်ဖြစ်၍။ ကောသနေ၊ တထိုင် တည်းသောနေရာ၌။နိသိန္နော၀၊ နေလျက်သာလျှင်။ သဗ္ဗာ သဝေ၊ အလုံးစုံသော အာသဝေါတရားလေးပါးတို့ကို။ ခေပေတွာ၊ ကုန်စေ၍။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။ တထာ၊ထိုဆိုပြီးသောအတိုင်း။ အသက္ကောန္တော၊ မရောက်နိုင်သေးသည်ရှိသော်။ မရဏ ကာလေ၊ သေခါနီးသောကာလ၌။ သမသီသီ၊ သမသီသီ ရဟန္တာသည်။ ဟောတိ၊ဖြစ်နိုင်၏။ တထာ၊ ထိုဆိုပြီးသော အတိုင်း။ အသက္ကောန္တော၊ မရောက်နိုင်သေးသည်ရှိသော်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဓမ္မကထိ ကဒေဝပုတ္တဿ၊ ဓမ္မကထိကနတ်သား၏။ ဓမ္မံ၊ တရား တော်ကို။ သုတွာ၊ နာရ၍။ ဝါ၊ နာရသည်ရှိသော်။ အရ ဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။ တတော၊ ထိုနတ်ပြည်မှ။ ဝိရဒ္ဓေါ၊ ချွတ်ချော်လွဲခဲ့သည် ရှိသော်။ဗုဒ္ဓုပ္ပါဒေ၊ဘုရားရှင်တို့၏ဖြစ်ခြင်းသည်။အနုပ္ပန္နေ၊ မရောက်သေးသောကာလ၌။ ပစ္စေကဗောဓိံ၊ ပစ္စေက ဗောဓိဉာဏ်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုနိုင်၏။ တံ၊ ထိုပစ္စေကဗောဓိဉာဏ်ကို။ အသစ္ဆိကရောန္တော၊ မျက် မှောက်မပြုနိုင်သေးသည်ရှိသော်။ ဗုဒ္ဓါနံ၊ ပွင့်တော်မူလတ္တံ့ ကုန်သော အရိမေတ္တေယျအစရှိကုန်သော ဘုရားရှင်တို့၏။ သမ္မုခီဘာဝေ၊မျက်မှောက်အဖြစ်၌။ ဗာဟိယတ္ထေရာဒယော ဝိယ၊ ဗာဟိယထေရ်အစရှိသည်တို့ကဲ့သို့။ ခိပ္ပါဘိညော၊

လျှင်သောအဘိညာဏ်ရှိသော။ ခိဏာသဝေါ၊ ရဟန္တာသည်၊(ထည့်)။ ဟောတိ၊ မုချမသွေဖြစ်ရပေ၏။

[သုတ္တနိပါတ်အဋ္ဌကထာ ဥရဂဝဂ် ခဂ္ဂဝိသာဏသုတ်အဘွင့်မှာ ညီတော်အာနန္ဒာကိုဟောတော်မူသော ပုဗ္ဗာယောဂါဝစရသုတ်၌ကား စတုတ္ထအကျိုးကိုပဥ္စမထား၍ ဟောတော်မူသည့်သဘောမှာ အတူတူပင်တည်း၊]

ဤသို့–အာနာပါနကို အားထုတ်ခြင်းရှိကြသောပုဂ္ဂိုလ်တို့တွင်လည်း ဉာဏ်ထက်သော "တိက္ခပညာ" ပုဂ္ဂိုလ်တို့မှာမူ တနေ့ခြင်း တည်ခြင်းဖြင့်သာလျှင် "မဂ်ဖိုလ်" ကိုရကြ ရောက်ကြကုန်၏၊အလယ်စား အညံ့စား"မဇ္ဈိမပညာ, မန္ဒပညာ"ပုဂ္ဂိုလ်တို့မှာမူကား ယခုဘဝ၌ ခုနစ်နှစ်ဖြစ်စေ, ခုနစ်လဖြစ်စေ, ခုနစ်ရက်ဖြစ်စေ ကျင့်ဆောင်အားထုတ်၍ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရကြရခြင်း၊ တမလွန်ဘဝမှ ရကြရခြင်းရှိပေ၏။

[သုတ်မဟာဝါ အဋ္ဌကထာ။]

ဤမှတပါး များပြားလှစွာသော "အာနာပါန"၏ အကျိုးများသည် ရေးသား၍မကုန်နိုင်ရှိချေ၏၊ သံယုတ်ပါဠိတော်တွင်လည်း အာနာပါန သံယုတ်ဟု သီးခြားထုတ်ခါ ဟောမြွက်တော်မူခဲ့သေး၏၊ ထို့ကြောင့် မြတ်စွာဘုရား၏စကားတော်ကို စိတ်ဝယ်ထားကာ သို့လော သို့လော တွေးတောစလီ ယုံမှားခြင်းမရှိကြမူ၍ သန္နိဋ္ဌာန်ချပွါးများအားထုတ်ကြကုန်ရာသတည်း။

## မဂ်လေးပါးပယ်စဥ်ကိုပြခြင်း

### မဂ်ပယ်စဥ်လင်္ကာကြီး

(၁) ပယ်ကြရိယာ၊ ယောဇန်မှာကား၊ မှတ်ပါဒိဋ္ဌိ၊ ဝိစိသီလဗ်၊ ဤသုံးရပ်ကို၊ "သောတပ်" ပယ်ခွါ၊ ကာမရာဂ၊ ပဋိဃကို၊ ပယ်ထ"နာဂါမ်"၊ကြွင်း ငါးတန်ကို၊ "အရဟံ" မှ၊ ပယ်နိုင်ကြ၏၊ (၂) ဆယ်ဝကိလေ၊ ယင်းအနေတွင်၊ ဒိဋ္ဌေဝိစိ၊ "ပဌိ"ပယ်ရ၊ဒေါသ"နာဂါမ်"၊ ကြွင်းသတ္တံကို၊ "အရဟံချ"၊ (၃) မိစ္ဆတ္တဝယ်၊ ဒိဋ္ဌမုပါ၊ ဒိဋ္ဌာကာမေ၊ မိစ္ဆေဇီဝ၊ "သောတ" ပယ်ခွါ၊ မိစ္ဆာသင်္ကပ်၊ ဝိ ဖရုကို၊ ပယ်မှု "နာဂါမ်"၊ ကြွင်းခြောက်တန်ကို၊ "အရဟံပင်"၊ (၄) ဓမ္မရှစ်ဝယ်၊ ဖြစ်သည်အလာ၊ အယသာနှင့်၊ ဒုက္ခာနိန္ဒ၊ ဤလေးဝကို၊ ပယ်ကြ "နာဂါမ်"၊ လေးတန် "ဆုံးဘိ"၊ (၅) မစ္ဆရိငါး၊ ပယ်ငြား "ပဌမ"၊ (၆) ဝိပလ္လဝယ်၊ အနိစ္စသုံး၊ အနတ်သုံးနှင့်၊ ပေါင်းရုံးဒုက္ခ၊ အသုဘမူ၊ ဒိဋ္ဌကိုယှဉ်၊ ရှစ်မူ "သောပ"၊ အသုဘဉ်၊ သညစိတ္တာ၊ "အနာ" ပယ်ရ၊ ဒုက်ပလ္လဉ်၊ သညစိတ္တာ၊ ပယ်ခွါ "စတုဆ"၊ (၇) ဂန်လေးဝဉ်၊ သီလဗ္ဗဒံ၊ ပယ်ပြန် "ပဌမ၊ ဗျာပါဒကို၊ "တတိယ" ခွါ၊ အဘိဇ္ဈာမူ၊ ပယ်ရာ "ဆုံးဘိ"၊ (၈) ဂတိ "သော"ခွါ၊ (၉-၁၀-၁၁) ဩ-ယောဂါ-သွ၊ ဤဒွါဒဉ်၊ ဒိဋ္ဌ "သောတာ"၊ ကာမာ"နာဂါမ်"၊ နှစ်တန်"ဆုံးပ"၊ (၁၂) နီဝရဏာဉ်၊ကိစ္စ"သောပင်"၊ကာမစ်-ဗျာကု၊ သုံးခု "နာပယ်"၊သုံးသွယ်"ဆုံးပ"၊ (၁၃)ဥပါဒဉ်၊ဒိဋ္ဌသီအတ်၊ သုံးရပ်"သော"ခွါ၊ကာမာ "ဆုံးပ"၊ (၁၄) နုသယဝယ်၊ ဒိဋ္ဌကိစ္စာ၊ "သောမဂ်"ခွါ၍၊ ကာမာပဋိ၊ပယ်ဘိ"အနာ"၊ သုံးဖြာ "ဟဆ"၊(၁၅) သုံးမလတွင်၊ ဒေါသ"နာပင်"၊

ကြွင်းလစ်“ဟန္တာ”၊(၁၆)ဒုဆယ်ဖြာတွင်၊ဒိဋ္ဌိ- ပါ-ဒိဋ္ဌေ၊ ကာမေ-မှသ၊ဤငါး၀ကို၊ “သောတာ”ပယ်ပြု၊ ပိ°ဖရုဗျာ၊ သုံးဖြာ “နာပစ်”၊ ကြွင်းနှစ်“ဟတ္တ”၊ (၁၇) စိတ်ဒွါဒ္ဒိ ဒိဋ္ဌိယောဂါ၊ဝိကိစ္ဆာကို၊ “သောတာ”ပယ်လစ်၊ ဒေါ“နာ” ပစ်၏၊ ကြွင်းလစ်ငါး၀၊ “စတုတ္ထ”တည်း၊(၁၈) ပရာမ “ပပယ်”၊ လေးသွယ်မဂ္ဂ၊ လေး၀ ဖလေ၊ ယင်းအနေတွင်၊ ၀သေသနဲ၊“သော”ကငါးဆယ်၊“နာ”၀ယ်သတ်ဗိ၊သတ်စာ လီကို၊ဆုံးမည် ပယ်ကြ၊ နုကရကား၊ “သော”အသတ်ဗိ၊ ထိုပြီ“သကဒါ”၊ “အနာ” သတ်ဇော၊အကုန်ရောမှု၊“ဇော ဒွေကေ”ပေါင်းရုံးရသည်၊ ဂန္ထအဆိ နုက်လေတည်း။

ဤသို-အားဖြင့် (၁၈) ပါးသော အကုသိုလ် အစုတို့ တွင် မဂ်လေးပါးတို့၏ ပယ်စဉ်ကို အနဝ သေသ တန ကရ အစွမ်းအားဖြင့် အဋ္ဌကထာ နှင့်အညီ လက်ာကိုပြ လိုက်ပေသတည်း။

---

## လက်ာ၏ အဓိပ္ပါယ်ကိုပြခြင်း

### (၁) သံယောဇဉ် ဆယ်ပါး

ကာမရာဂ, ရူပရာဂ, အရူပရာဂ, ပဋိဃ, မာန, ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အဝိဇ္ဇာ။

### (၂) ကိလေသာ ဆယ်ပါး

လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ။

(၃) မိစ္ဆတ္တ တဆယ့်ငါးပါး

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ လေးပါး, မိစ္ဆာကမ္မန္တ သုံးပါး, မိစ္ဆာ အာဇီဝ, မိစ္ဆာ ဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ။

(၄) လောကဓံ ရှစ်ပါး

လာဘ, အလာဘ, ယသ,အယသ, သုခ, ဒုက္ခ, နိန္ဒာ, ပသံသာ။

(၅) မစ္ဆရိယ ငါးပါး

အာဝါသ မစ္ဆရိယ, ကုလ မစ္ဆရိယ, လာဘ မစ္ဆရိ-ယ, ဓမ္မ မစ္ဆရိယ, ဝဏ္ဏ မစ္ဆရိယ။

(၆) ဝိပလ္လာသ တဆယ့်နှစ်ပါး

အနိစ္စေ နိစ္စသညာ ဝိပလ္လာသ, ဒုက္ခေ သုခသညာ ဝိပလ္လာသ, အနတ္တေ အတ္တ သညာ ဝိပလ္လာသ, အသုဘေ သုဘသညာ ဝိပလ္လာသ။

အနိစ္စေ နိစ္စစိတ္တဝိပလ္လာသ, ဒုက္ခေ သုခစိတ္တဝိပလ္လာသ, အနတ္တေ အတ္တစိတ္တ ဝိပလ္လာသ, အသုဘေ သုဘစိတ္တ ဝိပလ္လာသ။

အနိစ္စေ နိစ္စဒိဋ္ဌိ ဝိပလ္လာသ, ဒုက္ခေ သုခဒိဋ္ဌိ ဝိပလ္လာသ, အနတ္တေ အတ္တဒိဋ္ဌိ ဝိပလ္လာသ, အသုဘေ သုဘဒိဋ္ဌိ ဝိပလ္လာသ။

(၇) ဂန္ထ လေးပါး

အဘိဇ္ဈာ ကာယဂန္ထ, ဗျာပါဒကာယဂန္ထ, သီလဗ္ဗတ ပရာမာသ ကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ။

(၈) အဂတိ လေးပါး

ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိ။

(၉) ဩဃ လေးပါး

ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ။

(၁၀) ယောဂ လေးပါး

ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာ ယောဂ။

(၁၁) အာသဝ လေးပါး

ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ။

(၁၂) နီဝရဏ ငါးပါး

ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ, ဝိစိကိစ္ဆာ နီဝရဏ။

(၁၃) ဥပါဒါန် လေးပါး

ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်။

(၁၄) အနုသယ ခုနစ်ပါး

ကာမရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာ နုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာ နုသယ။

(၁၅) မလ သုံးပါး

လောဘ, ဒေါသ, မောဟ။

(၁၆) အကုသလ ကမ္မပထ ဆယ်ပါး

ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏ ဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ။

(၁၇) အကုသိုလ်စိတ် တဆယ့်နှစ်ပါး

လောဘမူစိတ် ရှစ်ပါး, ဒေါသမူစိတ် နှစ်ပါး, မောဟမူစိတ် နှစ်ပါး။

(၁၈) ဒိဋ္ဌိ ပရာမာသ တပါး

ဤကဲ့သို့- (၁၈) ပါးသော အကုသိုလ် အစုတို့တွင် "သောတာပတ္တိမဂ်"ကအကြွင်းမရှိ(၅၀)ပယ်၏၊"အနာဂါမိမဂ်"က အကြွင်းမရှိ(၂၇)ပယ်၏၊ဤ(၂၇)ပါးကို"သောတာပန်နှင့် သကဒါဂါမိ" က ခေါင်းပါးရုံ ပယ်၏၊ အရဟတ္တမဂ်က အကြွင်းမရှိ (၄၇)ပယ်၏၊ ဤ(၄၇)ပါးကို "အနာဂါမိ"က ခေါင်းပါးရုံပယ်၏၊ အားလုံးပေါင်းသော် ၁၂၄-ပါး ဖြစ်ပေသတည်း။

[လက်ာကိုကြည့်၍ ခွဲလေ၊အာဂုံကိုလိုမူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဉာဏဒဿန ဝိသုဒ္ဓိ နိဒ္ဒေသမှာ ယူတော်မူကြပါကုန်။]

---

## မဂ်၏သဘာဝ ပယ်ပုံကို ပြခြင်း

"မဂ်စိတ်"၏အခိုက်အတန့်ဝယ် ကိလေသာတို့ကိုပယ်ရာ အတိတ်ကာလ၌ ပယ်သလော၊ အနာဂတ်ကာလ၌ ပယ်သလော၊ ပစ္စုပ္ပန်ကာလ၌ ပယ်သလောဟူမူ ထိုကာလ သုံးပါးတို့တွင် တပါးပါး၌ ပယ်သည်မဟုတ် မပယ်နိုင်၊ အကယ်၍ အတိတ်ဖြစ်သော ကိလေသာကို ပယ်အံ့၊ ၎င်း အတိတ် ကိလေသာတို့သည် ကုန်ပြီး ချုပ်ပြီး ဖြစ်သော ကြောင့်မရှိ၊ ထို့ကြောင့် မပယ်နိုင်၊ အကယ်၍ အနာဂတ် ကိလေသာတို့ကို ပယ်အံ့၊ ထိုအနာဂတ် ကိလေသာတို့

သည် မဖြစ်ရသေး၊ ထို့ကြောင့်မပယ်နိုင်၊အကယ်၍ပစ္စုပ္ပန် ကိလေသာတို့ကိုပယ်အံ့၊ ထိုသို့ ပစ္စုပ္ပန် ကိလေသာတို့ကို ပယ်ခဲ့လျှင်''ရာဂ''သည် ရာဂကိုဂင်း၊''ဒေါသ''သည် ဒေါသကိုဂင်း၊''မောဟ''သည်မောဟကိုဂင်း စသည်ဖြင့် ပယ်သည်မည်ရာ၏၊ ဂင်းမဂ်သည် ''ကဏှသုက္က'' တို့ရောပြွမ်းလျက် ကုသိုလ်,အကုသိုလ်တို့သည် အစုံဖြစ်၍ မည်းညစ်သော''မဂ်''ဖြစ်ခဲ့ရာ၏၊ ထို့ကြောင့်– ဂင်းမဂ်သည် မဂ္ဂင်ရှစ်ပါးကိုပွါးခြင်း, ဗိုလ်ကိုမျက်မှောက်ပြုခြင်း, ကိလေသာကိုပယ်ခြင်း, သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းသည် မရှိခဲ့ပေရာ၊ရှိကားရှိပေ၏။

**အဘယ်ကဲ့သို့နည်း**–ဟူမူ အသီးရှိသရက်ပင်ကို ကပ်၍လူတို့သည် သရက်သီးတို့ကို ကုန်အောင် ဆွတ်ယူကုန်၏၊ ထို့နောင် တပါးသောသူတို့သည် ထိုသရက်ပင်မှ အသီးကိုမရ၍ ပုဆိန်ဖြင့် ဖြတ်လှည်းဖျက်ဆီးကုန်၏၊ ထိုနောက်လူတို့သည် အတိတ်သရက်သီးတို့ကို ဖျက်ဆီး သလော၊ ဂင်းအတိတ်သရက်သီးတို့သည် မရှိတော့ရကား မဖျက်ဆီးနိုင်၊ အနာဂတ်သရက်သီးတို့ကို ဖျက်ဆီးသလော၊ ဂင်းအနာဂတ် သရက်သီးတို့သည် မသီးသေးရကား မဖျက်ဆီးနိုင်၊ ပစ္စုပ္ပန်သရက်သီးတို့ကို ဖျက်ဆီးသလော၊ ဂင်းပစ္စုပ္ပန်သရက်သီးတို့သည် ရှိဆဲမဟုတ်ရကား မဖျက်ဆီးနိုင်၊ စင်စစ်သော်ကား ဂင်းသရက်ပင်ကို မခုတ်မဖြတ် မဖျက်ဆီးသည်ရှိသော် ရှေ့နှစ်စသည်တို့၌ သီးထိုက်သေး၏၊ သီးထိုက်သော သရက်သီးတို့ကိုသာ ဖျက်ဆီးနိုင်ကုန်၏ သို့တည်း၊ထို့ကြောင့်–''အတိတ်,အနာဂတ်,ပစ္စုပ္ပန်''ကာလသုံးပါးမှလွတ်သော''နိဗ္ဗာန်''ကိုအာရုံပြုရကား အတိတ်,

အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ကိလေသာတို့ကို မပယ်နိုင်၊ “ဥပ္ပန္နိရဟ”ဖြစ်ခြင်းငှါထိုက်သော“ဘူမိလဒ္ဓ”ပုဂ္ဂိုလ်အား ရထိုက်သောကိလေသာတို့ကိုသာပယ်နိုင်၏။

[အာဂုံလိုမူ မဇ္ဈိမပဏ္ဏာသ,ပဋိသမ္ဘိဒါမဂ်,ဝိသုဒ္ဓိမဂ်အဋ္ဌကထာ တို့မှာယူ။]

---

## မဂ်သတ္တိခုနစ်ပါးကိုပြခြင်း

(၁) မဂ်၏ အခြားမဲ့၌ ဖိုလ်ကိုသာ ရခြင်းတပါး၊ (၂) ဈာန်နှင့်တကွဖိုလ်ကိုရခြင်းတပါး၊ (၃)အဘိညာဏ် နှင့်တကွ ဖိုလ်ကိုရခြင်းတပါး၊ (၄)ပဋိသမ္ဘိဒါနှင့်တကွဖိုလ် ကိုရခြင်းတပါး၊ (၅)အဂ္ဂသာဝကဉာဏ်နှင့်တကွ ဖိုလ်ကို ရခြင်းတပါး၊ (၆)၊ ပစ္စေကဗောဓိဉာဏ်နှင့်တကွ ဖိုလ်ကို ရခြင်းတပါး၊ (၇)သမ္မာသမ္ဗောဓိဉာဏ်နှင့်တကွ ဖိုလ်ကို ရခြင်းတပါး၊ ဤသို့အားဖြင့် အသီးအသီးမိမိတို့၏ ပါရမီ အားလျော်စွာရကြပေပြီ၊ ညီတော်အာနန္ဒာကား ပဌမ မဂ်ကစ၍ရပေသတည်း။

---

## သောတာပန်၏ဂုဏ်ခုနစ်ပါးကိုပြခြင်း

ထိုသောတာပတ္တိမဂ်ဖြင့် ဘူမိလဒ္ဓဖြစ်သော ကိလေ သာတို့ကို ဘောက်ထွင်း၍ ပယ်ရုံသာ မဟုတ်သေးပေ၊ **စင်စစ်သော်ကား**–(၁) အနမတဂ် စက်သံသရာ အဏ္ဏဝါ ဟုဆိုအပ်သော ကိလေသာဒုက္ခ, ခန္ဓာဒုက္ခတည်းဟူသော မဟာသမုဒ္ဒရာရေကိုခုနစ်ဘဝကိုချန်လှပ်၍ခန်းခြောက်စေ ခြင်း၊ (၂)အလုံးစုံသောအာပါယ်တံခါးတို့ကို ပိတ်စေခြင်း၊

(၃)သဒ္ဓါ, သီလ, သုတ, စာဂ,ပညာ, ဟိရီ,ဩတ္တပ္ပ ဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့ကို မျက်မှောက်ပြုခြင်း၊(၄) မိစ္ဆာဒိဋ္ဌိစသော မိစ္ဆာမဂ္ဂင်ရှစ်ပါးကို ပယ်ခြင်း၊(၅) ပါဏာတိပါတစသော ငါးပါးသော ရန်တို့ကို ငြိမ်းစေခြင်း၊ (၆) မြတ်စွာဘုရား၏ ရှေ့ရင်တော်နှစ်သားတော်အစစ်အဖြစ်သို့ရောက်ခြင်း၊ (၇)ရတနာသုံးပါး၌ မတုန်မလှုပ်ယုံကြည်ခြင်းအားဖြင့် ခုနစ်ပါးသောတံဆိပ်တို့ဖြင့်ခတ်နှိပ်ခြင်းစသည်ကိုခံယူတော်မူရပေသတည်း။

[ဝိသုဒ္ဓိမဂ်၊]

ဤသို့-သောတာပန်အား ခုနစ်ပါးသော သူတော်ကောင်းဥစ္စာ ရတနာတို့နှင့်ပြည့်စုံလျက်"မိစ္ဆာ" အယူကိုစွန့်၍ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလနှင့်ပြည့်စုံသော အရိယာအဖြစ်ကို ပြပေ၏၊ ထိုသရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလနှင့် ပြည့်စုံပြီးသော "သောတာပန်" သည် ယခုဘဝမှစ၍တွေ၍ ဘဝတပါး၌ မိမိကိုယ်ကို အရိယာဖြစ်ပြီးသော အဖြစ်ကိုမသိငြားသော်လည်း ပါဏာတိပါတစသော ငါးပါးသော သီလကို အရိယာတို့"ဓမ္မတာ"အားဖြင့်မပြစ်မှားမလွန်ကျူး၊တစုံတယောက်သောသူသည် ထိုသောတာပန်ကို အသင်သည် ဤပိုးရွချပုံးငယ်ကို သတ်ပါမူကား လေးကျွန်းသေဋ္ဌနင်းစကြာမင်းအဖြစ်ကို ရပေအံ့ဟု ဆိုပါငြားသော်လည်း မသတ်တော့ပြီ၊ ထိုနည်းအတူ ဟယ်အချင်းယောကျ်ား.... ဤပိုးရွချပုံးငယ်ကို သတ်လော့၊ အကယ်၍ မသတ်လျှင် အသင်၏ဦးခေါင်းကို ငါဖြတ်အံ့ဟု ဆိုပါငြားသော်လည်း

မသတ်၊ ဦးခေါင်းကို အဖြတ်ခံဝံ့ ရှာလေ၏၊ အဒိန္နာဒါန စသည်တို့မှာလည်း ဤနည်းတူမှတ်လေ။

[ကောင်္ဂုတ္တရ မူလပဏ္ဏာသ အဋ္ဌကထာ။]

## အရိယာတို့၏ လက္ခဏာကိုပြခြင်း

"နိဗ္ဗာန်"ကိုမြင်ပြီးသော "သောတာပန်" ပုဂ္ဂိုလ်အား (၁)အပဋိစ္ဆာဒလက္ခဏာ၊ (၂) အသမ္ဗဋိစ္ဆနလက္ခဏာ အားဖြင့် နှစ်ပါးသောလက္ခဏာတို့နှင့်ပြည့်စုံရ၏၊ ထိုတွင်-(၁) အကြင်သောတာပန်သည် မေ့လျော့ခြင်းကိုစွဲ၍ မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော "လောကဝဇ္ဇ" သိက္ခာပုဒ်ကို လွန်ကျူးလိုသောစိတ်ဖြင့် မလွန်ကျူး၊လူနတ်အရိယာတို့မှာ "ငါးပါးသီလ" ရဟန်းသာမဏေအရိယာတို့မှာ "လောကဝဇ္ဇ"သိက္ခာပုဒ်ဟူသမျှတို့ကိုအသက်ကိုပင်သတ်မည်ဆိုသော်လည်း စေတနာနှင့်တကွမလွန်ကျူးကုန်။

ထိုလောကဝဇ္ဇသိက္ခာပုဒ်မှတပါးသော(၁)"ကုဋိကာရ"၊ (၂) "သဟသေယျ"၊ (၃)"ဒိဝါသေယျ" အစရှိသော မြတ်စွာဘုရား စက်ဆုပ်တော်မူအပ်သော "ပဏ္ဏတ္တိဝဇ္ဇ" သိက္ခာပုဒ်တို့ကိုကား ကာယကံဖြင့် လွန်ကျူးမိသေး၏၊ (၁) "ပဒသောဓမ္မ"၊ (၂)"ဉတ္တရိဆပဉ္စဝါစာ"၊ (၃) "ဓရူသဝါစာ"၊(၄)"သမ္ဖပ္ပလာပ" အစရှိသော "ပဏ္ဏတ္တိဝဇ္ဇ"သိက္ခာပုဒ်၊(၁)ဇာတရူပါဒိသာဒိယန"၊(၂)"စီဝရာဒိပ္ပရိဘောဂေသု အပစ္စဝေက္ခဏ"၊ဤသို့အစရှိသော "ပဏ္ဏတ္တိဝဇ္ဇ"သိက္ခာပုဒ်၊ ထိုသိက္ခာပုဒ်တို့ကိုကား ဝစီကံဖြင့်၎င်း, မနောကံဖြင့်၎င်းလွန်ကျူးမိသေး၏၊

ထိုသို့ လွန်ကျူးခြင်းရှိသော ဤမအပ်သောအမှုကို ငါသည် မပြုအပ်ဟု သိ၍ တခဏမျှမဖုံးလွှမ်း၊ ထိုခဏ၌ ပင်လျှင် ဆရာဘုရားအထံ၌၎င်း၊သိကြားလိမ်မာကုန်သော သီတင်းသုံးဘော်တို့၏အထံ၌၎င်း ထင်စွာပြု၍ ကန်တော့ ခြင်း၊လျှောက်ထားခြင်း၊ပြောကြားခြင်းကို "မိုးခဲ ကိုနင်းမိ" သောသူသည် လျင်စွာကြွဘိသကဲ့သို့ လျင်စွာကုသ၍ အပြစ် ကို မဖုံးလွှမ်းခြင်းသည် "အပဋိစ္ဆာဒ" လက္ခဏာမည်၏။

"လူအရိယာ" တို့မှာ ဘုရားအစရှိသောအထံတို့၌ ကန် တော့၍ စောင့်ရှောက်၏၊ ရဟန်းသာမဏေ အရိယာတို့ မှာ ဘုရားအစရှိသောအထံတို့၌ ကန်တော့၍ ကုစားပြီး လျှင် စောင့်ရှောက်၏။

[သုတ္တနိပါတ် အဋ္ဌကထာ။]

(၂) လောက၌ လူ၊နတ်၊ဗြဟ္မာ သတ္တဝါအပေါင်းတို့ အား ငါမြင်သည်၊သူမြင်သည်၊မိန်းမမြင်သည်၊ယောကျာ်း မြင်သည်၊ လူမြင်သည်၊ နတ်မြင်သည်၊ ဗြဟ္မာမြင်သည်ဟု ခေါ်ဝေါ်ပညတ်သမုတ်အပ်သော စကားသည် မှန်ပေ၏ ဟု မှတ်ယူစွဲလမ်းခြင်းရှိကုန်၏၊ နိဗ္ဗာန်ကို မြင်ပြီးသော အရိယာပုဂ္ဂိုလ်တို့အား ဤ လူ၊နတ်၊ဗြဟ္မာတို့ ခေါ်ဝေါ် အပ်သောစကားသည် အမှားချည်းသာတည်း၊ စင်စစ်မှာ မူ ရုပ်ချင်းထိ၍ နာမ်က မြင်ပေရကား ပရမတ္ထတရားတို့၏ "ဓမ္မတာ" အားဖြင့် မမြဲသောသဘော၊နှိပ်စက်တတ်သော သဘော၊ကိုယ်မဟုတ်သော သဘောပေတည်းဟု "ယထာ ဘူတ" မြင်ပေရကား သူတို့ခေါ်ဝေါ်ခြင်းကို ဝန်မခံခြင်း

"အသမ္ပဒိန္နဉ္စန" လက္ခဏာရှိ၏၊ ဤမှတပါး လောက ဝေါ
ဟာရခေါ်ဆိုမှုမှန်သမျှ သိတော်မူကြပါကုန်။

[သုတ္တနိပါတ် ပါဠိတော်။]

အရိယာဘုံသို့ ခိုလှုံပြီးသော ရဟန်းသာမဏေများမှာ
သာသနာတော်ဘောင်မှ တဖန်ပြန်၍ လူထွက်ခြင်းငှါ
မထိုက်၊ ဝါ-လူမထွက်တော့ပေ။

ပါရာဇိက အဋ္ဌကထာ ဗဟိရနိဒါန။]

---

## အရိယာ ဖြစ် မဖြစ်ကို
## မိမိကိုယ်တိုင်သိနိုင်ရန်တရားမှန်ကိုပြခြင်း

"ဣဓ-အာနန္ဒာ...."အကြင်တရားကြေးမုံ"မှန်" အမည်
ရှိသော တရားနှင့်ပြည့်စုံသော မြတ်စွာဘုရားတပည့်သား
သည် ငါသည်ကား ကုန်ခန်းသောငရဲဘေးရှိ၏၊ ကုန်ခန်း
သော တိရစ္ဆာန်ဘေးရှိ၏၊ ကုန်ခန်းသော ပြိတ္တာဘေးရှိ၏၊
ကုန်ခန်းသော အပါယ်ဘေး, ဒုဂ္ဂတိဘေး, ဝိနိပါတနဘေး
ရှိ၏၊ ငါသည် သောတာပန်ဖြစ်၏၊ အပါယ်သို့ ဖရိုဖရဲကျ
တတ်သော သဘောမရှိ၊ မြဲသောလားရာဂတိရှိ၏၊ အထက်
မဂ်သုံးပါးသာလျှင် လည်းလျောင်းရာရှိ၏ဟူ၍ ပြောကြား
လိုသည်ရှိသော် မိမိသည်ပင်လျှင် မိမိကိုယ်ကိုပြောကြား
ရာ၏။

ထိုတရားကြေးမုံ "မှန်" အမည်ရှိသောတရားပရိ
ယာယ်သည် အဘယ်နည်းဟူမူကား—"ဣဓ-အာနန္ဒာ...."
ဤသာသနာတော်၌ မြတ်သောတပည့်သားသည်(၁)အရ
ဟံအစ ဘဂဝါအဆုံးရှိသော ကိုးပါးသောဂုဏ်တော်တို့

နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား၌ သက်ဝင်စူးစိုက်၍ ခိုင်ခိုင်မြဲမြဲ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့်ပြည့်စုံ၏၊ (၂) တရားတော်၌ သက်ဝင်စူးစိုက်၍ ခိုင်ခိုင်မြဲမြဲ မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်းနှင့်ပြည့်စုံ၏၊ (၃) သံဃာတော်၌ သက်ဝင်စူးစိုက်၍ ခိုင်ခိုင်မြဲမြဲမတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့်ပြည့်စုံ၏၊ (၄) အရိယာတို့သည် နှစ်သက်အပ်သော ငါးပါးသောသီလတို့နှင့်ပြည့်စုံ၏၊ "အိုအာနန္ဒာ····" ထိုတရားကြေးမုံ "မှန်" မည်သည်ကား ဤ လေးပါးသော တရားပရိယာယ်ပေတည်း။

ဆိုလိုရင်း—အမိပ္ပါယ်သော်ကား သောတာပန်ဖြစ်မဖြစ်ကို တပါးသောသူစစ်ယူဆုံးဖြတ်နေရန်မလို၊ မိမိကိုယ်ကိုပင် မိမိမှချကေန် အမှန်သိနိုင်ပေ၏၊ ဝတ်ပုံ,စားပုံ,လိမ်းကျံချယ်လှယ်ပုံ သဘာဝ အချိုးကျ,မကျမှန်ကိုရှုကာ သိနိုင်ရာ သကဲ့သို့ "ဓမ္မာဒါသ" ကြေးမုံဝသဖွယ် လေးပါးသော တရားပရိယာယ်တို့ဖြင့် သွယ်လှယ်မပြတ်ရှုမှတ်ခါခါ ဆုံးဖြတ်ရာ၏ဟူလို။

[မဟာဝဂ္ဂ သောတာပတ္တိယင်္ဂသံယုတ် ပါဠိတော် ဝေဠုဒွါရ ဝဂ် ပဥ္စမဂိဉ္ဇကာဝသထသုတ်။]

---

## လူသောတာ သေမသောက်၊ ငှက်ကြိုးကြာ ရေမသောက်

အရိယာဖြစ်ပြီးသော "သောတာပန်" ပုဂ္ဂိုလ်တို့မှာ နို့ရည်နှင့် သေအရက်ကို ရောစွက်၍တိုက်ရာ မသိပင် မသိ ငြားသော်လည်း မင်ဖြင့်ပယ်အပ်ပြီးသော ဝဋ္ဋဖြစ်သော

ကြောင့် သေအရက်ကား မဝင်၊ နို့ရည်သာဝင်ပေ၏၊ ဤ ကား လွန်စွာအပြစ်ကြီးသောဝတ္ထုဖြစ်၍ မဝင်နိုင်ဟု မှတ် အပ်၏။

"ကြိုးကြာ"ငှက်တို့ကား နို့ရည်နှင့်ရေကို ရော၍တိုက် သော်လည်း ရေကား မဝင်၊ နို့ရည်သာဝင်သည်ကား ကြိုး ကြာငှက်တို့၏သဘော "ဓမ္မတာ" ပေတည်း။

[မဟာဝဂ္ဂ သံယုတ်အဋ္ဌကထာ သာရတ္ထဒီပနီဋီကာ။]

---

## အရိယာလေးဦး၏အမည်ကိုပြခြင်း

သောတံ အာပန္နောတိ သောတာပန္နော။

[ဝိဂြိုဟ်။]

သောတံ၊ ရေအယဉ်နှင့်တူသော "အရိယ အဋ္ဌင်္ဂိက" မဂ်သို့။ အာပန္နော၊ ရှေးဦးစွာရောက်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။သောတာပန္နော၊သောတာပန်မည်၏။

ထင်ရှားစေအံ့– ဟိမဝန္တာတောင်မှစ၍ စီးလာသော ဂင်္ဂါမြစ်ရေသည် ဆုတ်နစ်ခြင်းမရှိဘဲ သမုဒ္ဒရာသို့ရောက် အောင် တစီးထဲစီးသွားသကဲ့သို့ ယို့အတူ "သမ္မာဒိဋ္ဌိ" စသော မဂ္ဂင်ရှစ်ပါးလည်း ရှေးဦးစွာဖြစ်ပေါ်ရာသော တာပတ္တိမဂ်ခဏမှစ၍ သတ္တိအင်အား နည်းပါးဆုတ်ယုတ် ခြင်းမရှိ တဆင့်ထက် တဆင့် ရင့်ကာ ရင့်ကာ နိဗ္ဗာန် တည်းဟူသော သမုဒ္ဒရာသို့သာ ဝင်ရောက်လေတော့၏။

[မဟာဝဂ္ဂသံယုတ်။]

ဣမံလောကံ သကိံ အာဂစ္ဆတိ သီလေနာ တိ သကဒါဂါမီ။

[ဝိဂြိုဟ်။]

ဣမံလောကံ၊ ဤကာမဘုံသို့။ သကိံ၊ တကြိမ်။ သီဃလ
နှ၊ အလေ့အားဖြင့်။ အာဂန္တွာ၊ ပြန်လာတတ်၏။ ဣတိ
တသ္မာ၊ ထို့ကြောင့်။ သကဒါဂါမီ၊ သကဒါဂါမ်မည်၏။

ဤကာမဘုံသို့ တကြိမ်ပြန်လာ၏ ဟူရာ၌ ဗြဟ္မာ့ဘုံမှ
ပြန်လာမှုကိုမဆိုလို၊ ကာမဘုံချင်း ပဋိသန္ဓေ ပြန်၍နေမှုကို
ဆိုလိုသည်။(ပရမတ္ထဒီပနီ၌ကား ဗြဟ္မာ့ဘုံမှ တကြိမ်ပြန်လာ
ခွင့်ရှိကြောင်းကို အကျယ်ဆို၏။)

ပဋိသန္ဓိဝသေန ဣမံ လောကံ န အာဂန္တွ-
တီတိ အနာဂါမီ။

[ဝိဂြိုဟ်။]

ပဋိသန္ဓိဝသေန၊ ပဋိသန္ဓေ အစွမ်းအားဖြင့်။ ဣမံလော
ကံ၊ ဤကာမဘုံသို့။ နအာဂန္တွာတိ၊ မလာ။ ဣတိတသ္မာ၊ထို့
ကြောင့်။ အနာဂါမီ၊ အနာဂါမ်မည်၏။

အနာဂါမ်ဖြစ်ပြီးသူသည် ကာမဘုံ၌ တပ်မက်မှုကို အ
ကြွင်းမဲ့ပယ်ပြီးဖြစ်၍ စုတေပြီးနောက် ကာမဘုံသို့ ပဋိ
သန္ဓေ မနေလာတော့ပြီ၊ ရဟန္တာမဖြစ်လျှင် ဗြဟ္မာ့ဘုံသို့
မုချရောက်ရတော့၏။

အနာသဝဘာဝေန အဂ္ဂဒက္ခိဏေယျတ္တာ
ပူဇာဝိသေသံ အရဟတီတိ အရဟာ။

[ဝိဂြိုဟ်။]

အနာသဝဘာဝေန၊အာသဝေါကင်းသည်၏အဖြစ်ဖြင့်။
အဂ္ဂဒက္ခိဏေယျတ္တာ၊ မြတ်သောအလှူကို ခံယူထိုက်သည်
၏အဖြစ်ကြောင့်။ပူဇာဝိသေသံ၊ပူဇော်အထူးကို။ အရဟတိ၊
ခံယူတော်မူထိုက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အရဟာ၊
ရဟန္တာမည်၏။

## အရိယာ ၄ မျိုးကိုပြခြင်း

စတ္တာရော အရိယာတိ အာစာရအရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ။

[ဇုဏှသမာနဂေါတ္တဇာတ်အဋ္ဌကထာ။]

စတ္တာရော အရိယာတိ၊ အရိယာလေးမျိုးတို့ ဟူသည်ကား။ အာစာရအရိယော၊ရုပ်,နာမ်ဓမ္မ သင်္ခါရကို လုံ့လမယုတ်တွင်တွင်ကြီး အားထုတ်ကြသော "အာစာရအရိယာ" ပုဂ္ဂိုလ်ကြီးသည်၎င်း။ ဒဿနအရိယော၊ အဝိဇ္ဇာပျောက်အလင်းရောက်သဖြင့် ခတ်ပေါက်ရုပ်မြင် နာမ်အစဉ်ပါ အမှန်ပင်မြင်ကြသော "ဒဿနအရိယာ" ပုဂ္ဂိုလ်ကြီးသည် ၎င်း။ လိင်္ဂအရိယော၊ ပုထုဇ္ဇန် နဂိုဟောင်းမှ ရှုစဉ်ပင် ခတ်စုံပြောင်းသဖြင့် ပေါင်းသင်း သွင်မူ ပြောင်းခြင်းဟူသော "လိင်္ဂအရိယာ" ပုဂ္ဂိုလ်ကြီးသည်၎င်း။ ပဋိဝေဓအရိယော။ ထိုးထွင်းသိမြင် ရှစ်ယောက်သောအရိယာရှင်ဟု ဆိုအပ်သော "ပဋိဝေဓအရိယာ"ပုဂ္ဂိုလ်ကြီးသည်၎င်း။ ဣတိ၊ အမျိုးအပြား ဤလေးပါးတို့ ပါပေတည်း။

**ထင်ရှားစေအံ့**—(၁) သမထ, ဝိပဿနာ ဘာဝနာအလုပ်အားထုတ်ကာမျှဖြင့်ပင် "အာစာရအရိယာ" ဟူသောအမည်တွင်ပေ၏၊ (၂) ရုပ်,နာမ်ဓမ္မ သင်္ခါရကို ယထာဘူတ ကျနညာဏ်ယှဉ် အမှန်မြင်ကာမျှ ဖြင့်ပင် "ဒဿနအရိယာ"ဟူသောအမည်တွင်ပေ၏၊(၃) ယထာဘူတ ရုပ်, နာမ်ဓမ္မ သင်္ခါရကို အမှန်ကျတွေ့မြင်သောအခါ အပေါင်းအသင်း အလုပ်အကိုင် အမူအသွင် ပြောင်းကာမျှဖြင့်ပင်

"လိင်္ဂအရိယာ"ဟူသော အမည်တွင်ပေ၏၊ (၄)သောတာပန်စသော လောကုတ္တရာအရိယာ အရှင်ကြီးများကား "ပဋိဝေဓအရိယာဟူသော အမည်တွင်ပေသတည်း။

## တနည်း–အရိယာသုံးမျိုးကိုပြခြင်း

(၁) "ဉလ္လပနာဓိပ္ပါယအရိယာ၊(၂) "အဓိမာနိကအရိယာ" (၃) "ပဋိဝေဓအရိယာ"ဟူ၍ သုံးမျိုးသုံးစားသုံးပါးပြားရာ၏။

ထင်ရှားစေအံ့–(၁)ကျောင်း, သင်္ကန်း, ဆွမ်း, ဆေးလေးပါးသော ပစ္စည်းရေးကြောင့်ငှင်း၊ အပေါင်းအသင်းအကျော်အစောတည်းဟူသော အကြောင်းကြောင့် ငှင်း၊ "အိုးတုပ်ကြီး"ရဟန္တာကဲ့သို့ ဝါကြွားပလွှား လိမ်လည်လှည့်ဖြားလို၍ ပြောဆိုသော အရိယာသည် "ဉလ္လပနာဓိပ္ပါယအရိယာ"ဟုမှတ်ရာ၏။

(၂) ရုပ်နာမ်ဓမ္မ သင်္ခါရကို ကြံစားမယုတ် လွန်အားထုတ်သောအခါ "တဒင်္ဂ ဝိက္ခမ္ဘန"အားကို ဆောင်လျက် ကွာသင့်သမျှ ကိလေသာအတန်ကြာ ကွာသဖြင့် အရိယာများ ဖြစ်လေရော့သလားဟု မိမိကိုယ်ကို အထင်ကြီး၍ရနိုးခြင်းရှိသောအရိယာသည်"အဓိမာနိကအရိယာ" ဟု မှတ်ရာ၏။

(၃) အကယ်စင်စစ် မဂ်စစ်,ဖိုလ်ရောက် ထွင်းဖောက်ဉာဏ်မြင် သက်ဝင်ပေါက်ရောက် အရိယာ ရှစ်ယောက်အဖြစ်သို့ ရောက်ခြင်းဟု ဆိုအပ်သော အရိယာသည် "ပဋိဝေဓအရိယာ"ဟုမှတ်ရာ၏။

ထိုသုံးပါးတို့တွင် ရေးအချိန်ကာလ သာသနာအရင်းကျစဉ်က(၂)နံပါတ်နှင့် (၃)နံပါတ်အရိယာ ပေါများ၍ (၁) နံပါတ်အရိယာ အနည်းငယ်မျှသာ စာတွင်တွေ့သိရပေ၏၊ ယခုကာလ သာသနာအဖျားကျ၍ မသူတော်များသော သမယတွင်ကား (၁)နံပါတ်နှင့် (၂) နံပါတ်အရိယာ လွန်စွာပေါများလာ၍ (၃)နံပါတ် အရိယာ ရှာမှရှားပေမည်မှာ မလွဲရာ၏၊ မှန်ပါသည်–''အတုပေါ်က'' အစစ်ပျောက်ရမြဲမွတာပေတည်း။

---

## ဆရာမြတ်တို့၏ အယူအဆ ဩဝါဒကိုပြခြင်း

(၁) ''ဝိပလ္လာသ''၊ဖေါက်ပြန်ကလည်း၊ မောဟလွှမ်းပြီး၊ အယူသီး၍၊ စပါးကြီးချက်ငြိ၊ ဟူတုံဘိသို့၊ အဝိစိသွား၊ အကျင့်မှားကို၊ မြစ်တားမရ၊ ဆုံးမမနာ၊ ရှိတတ်စွာခဲ့–ဟူ၍ဂုဏ်း။

(၂) ''လိင်ခဲပမာ''၊မြဲမြဲစွာလျှင်၊သတ္တဝါတယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့်၊တရားချေချွတ်၊ဖြေမလွတ်ဘူး-ဟူ၍ဂုဏ်း။

(၃) ''ယခုခါမူ'' ရွှေတောင်ထက်ဖျား၊ ငှက်စုံနားသကဲ့သို့၊ မခြားအောင် အရောင်တူကြသဖြင့် ''ကုဏ္ဍလူ'' ငှက်ခင်ပုပ်တို့က ရွှေငှက်လုပ် ဟန်ဆောင် ရွှေမျက်လုံးကြီးကြောင်တောင်တောင်နှင့် ရွှေကောင်စစ် ဟင်္သာမင်းတို့ကို မာန်တင်းကာ ပြိုင်ဆိုင်နိုင်ကြသော အခါဖြစ်ပေရကားခေတ်အလိုက် ခါအရ ကာလနှင့်ကာလဝန် မလွန်ကြအလိုက် ကပ်အဆိုက် ခေတ်အကြိုက် နတ်ကလည်း

အကိုက် ကျွေးကိုက်သည့် ထိုပမာ မိုက်၏ဟုမဆိုရာ အခါနှင့်အခါ ငွေ့ာနှင့်မိထိလာ ဗုံမပါ ပတ်မပါ ဆိုင်းမပါ သွားလိုသွား တီး- သမား က-သမား စည်းဒုံးလို့မထားနောက်ပေါ်သည့် ဒိုးပတ်သား ကိုးရိုးနှင့် ကားယားမိုယ်းကြိုးနှင့် သုံးငါး ကြွက်သေကကြောင်မချား စာမသင်သည့် ခင်ကြီးများ ကရဏီယနှင့်ဆွမ်းစား ဥပဒေသာမမှားစေနှင့် လိုရာသာကြွားကြပေတော့ "ယောပလီအရိယာတွေတို့"။

[မန်လည်ဆရာတော်၊]

"ဆိုမိမ့်ဟုတ်ရာ"၊စေ့စေ့နာလော၊ သဒ္ဒါပရမတ်၊ မနူးနပ်ဘဲ၊ လူတတ်တဆူ၊ ငါကောဟူ၍၊ အယူတွေဆန်း၊ မရဲလွန်းနှင့်၊ ကျမ်းတဲ့ဂန်တဲ့၊ မရွှံ့စသာ၊ လေးမြွတ်ပါမှ၊ ပညာတိုးပွါး၊ အကျိုးများလိမ့်၊ လေးပါးပင်လယ်၊ နက်ဇှမ်းကျယ်ကို၊ ယုန်ငယ်သေးကွေး၊ မလောက်လေးမူ၊ သေဘေးမနှောင်း၊ မြစ်တောင်းတည်း၊ ခါကောင်းသမယ၊နဝမ-တဲ့၊ ဘဝအခိုက်၊မကြိုက်စသာ၊ ကြိုက်ခဲ့ပါလည်း၊ သမ္မာမဝင်၊ မိစ္ဆာယှဉ်က၊ လူတွင်လုံးလုံး၊ အဖြစ်ရှုံး၏၊ ထုံးဟောင်းတန္တိ၊ကျမ်းအညီနှင့်၊ ဂမ္ဘီရမောတ်၊ ပရမတ်ကို၊ အတတ်တွေးတော၊ မဟောပြောနှင့်၊ သဘောသကံ၊ မိမိဉာဏ်နှင့်၊ မတန်မရာ၊ နက်နဲစွာကို၊ အရာမသိ၊ မရိပ်မိဘဲ၊ ဟုတ်လိနိုးနိုး၊ ဆင်ကန်းတိုးသို့၊ ကြိုးကြိုးပမ်းပမ်း၊ အကြံဆန်းမူ၊ ဗရမ်းဗတာ၊ စိတ်သညာဖြင့်၊ ထင်ရာထင်မိ၊ မှားခေါင်ထိ၍၊ ဒိဋ္ဌိဒိမြစ်၊ စုံးစုံးနစ်သည်…၊ လူဖြစ်ဤတွင်ဆုံးသတည်း။

[လယ်တီဆရာတော်။]

ထို့ကြောင့်–မင်းတို့ခေတ် မင်းတို့ လုပ်ပုံ တွေနှင့်တော့ မြတ်စွာဘုရား၏ ပါဠိတော်တွေက လွဲလျှင် လွဲပါမှာဘဲဟု မြင်းမူရာကောက်တောရဆရာတော်ကြီးက ညည်းညူတော် မူရှာပေသတည်း။

---

## အရာရာတွင် ရှုဆင့်ခြင်ရပုံကိုပြခြင်း၊

(၁) ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊ (၂) အာ-လောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊ (၃) သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာန-ကာရီ ဟောတိ၊ (၄)သံဃာဋိ ပတ္တ စီဝရဓာရ-ဏေ သမ္ပဇာနကာရီ ဟောတိ၊ (၅) အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊ (၆) ဥစ္စာရ ပဿာဝကမ္မေ သမ္ပဇာန-ကာရီ ဟောတိ၊ (၇)ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။

[မဟာသတိပဋ္ဌာန၊ သုတ်ပါဠိတော်။]

(၁) ဘိက္ခဝေ၊ သံသရာဘေး လာမည့်ဘေးကို မြော် တွေး ရှုပြား အို-ချစ်သား, ချစ်သမီးများတို့။ ပုနစပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ အဘိက္ကန္တေ၊ ရှေ့သို့ တက်သော်၎င်း။ ပဋိက္ကန္တေ၊ နောက်သို့ဆုတ်သော်၎င်း၊ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍သာ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၂) အာလောကိတေ၊ တည့်တည့် ကြည့်သော်၎င်း။ ဝိလောကိတေ၊တစောင်းကြည့်သော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍သာပြုလေ့ရှိသည်၊ ဟောတိ၊ဖြစ်၏၊

(၃) သမိဉ္ဇိတေ၊ လက်, ခြေတို့ကို ကွေးသော်၎င်း၊ ပသာရိတေ၊ လက်, ခြေဘို့ကိုဆန့်သော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍သာပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(၄) သံဃာဋိပတ္တစီဝရဓာရဏေ၊ ဒုကုဋ်, သပိတ်, သင်္ကန်းကို ဆောင်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍သာ ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။

(၅) အသိတေ၊ စားသော်၎င်း၊ ပီတေ၊ သောက်သော်၎င်း။ ခါယိတေ၊ ခဲသော်၎င်း၊ သာယိတေ၊ လျက်သော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍သာပြုလေ့ရှိသည်။ဟောတိ၊ဖြစ်၏။

(၆) ဥစ္စာရ ပဿာဝ ကမ္မေ၊ ကျင်ကြီး, ကျင်ငယ်စွန့်သောအမှုကို ပြုသည်ရှိသော်။ သမ္ပဇာနကာရီ ၊ ပညာဖြင့် ဆင်ခြင်၍သာပြုလေ့ရှိသည်၊ ဟောတိ၊ဖြစ်၏။

(၇) ဂတေ၊ သွားသော်၎င်း။ ဌိတေ၊ ရပ်သော်၎င်း။ နိသိန္နေ၊ ထိုင်သော်၎င်း။ သုတ္တေ၊ အိပ်သော်၎င်း။ ဇာဂရိတေ၊ နိုးသော်၎င်း။ ဘာသိတေ၊ စကား ဆိုသော်၎င်း။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသော်၎င်း။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍သာပြု လေ့ရှိသည်။ဟောတိ၊ဖြစ်၏။

ဤခုနစ်ပါးသော သမ္ပဇဉ်သဘာဝ ဆင်ခြင်ရာ ဌာနတို့၌လည်း အချိန်မလပ် တလစပ် ရှုမှတ်ပွါးများ နှလုံးထားသောအခါ ဉာဏ်ရင့်သန်၍ အမည်ပညတ် ပျောက်

လျက် ဖြစ်ပျက်ချည်းသာ ထင်ရှားစွာ သိနေပါလိမ့်မည်၊ ရှုမှတ်ခါစဝယ် ရှုမှတ်ဆင်ခြင်မှု အစဉ် မကျ သေးသော်လည်း ရှုမှတ်မှု များသောအခါ အစဉ်အတိုင်း ကျသွားပါလိမ့်မည်၊ "ဖြစ်ပျက်ဖြစ်ပျက်"ဟု နှလုံးသွင်း ဆင်ခြင်မှု ရှုနိုင်ခြင်းသာ လိုရင်း"ပဓာန"ပေတည်း။

ယဿ သဒ္ဓါ ဗလဝတီ ဝိပဿနာ စ အာရဒ္ဓါ၊
တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ
ဘုဉ္ဇန္တဿ စ မဂ္ဂဖလ ပဋိဝေဓော နာမ နဟော
တီတိ နဝတ္တဗ္ဗံ။

[မဟာသာရော်ပမသုတ်ဋီကာ။]

ယဿ၊ အကြင်သူအား။ သဒ္ဓါ၊ သဒ္ဓါ တရားသည်။ ဗလဝတီ၊ အားကြီး၏။ ဝိပဿနာစ၊ ဝိပဿနာကမ္မဋ္ဌာန်းကိုလည်း။ အာရဒ္ဓါ၊ အားထုတ်၏၊ တဿ၊ ထိုသူအား။ ဂစ္ဆန္တဿ၊ သွားစဉ်။ တိဋ္ဌန္တဿ၊ ရပ်စဉ်။ နိသီဒန္တဿ၊ ထိုင်စဉ်။ ဘုဉ္ဇန္တဿ၊ စားစဉ်ဝှင်း။ မဂ္ဂဖလ ပဋိဝေဓော နာမ၊ မဂ်ဖိုလ်ကိုထိုးထွင်း၍ သိခြင်းမည်သည်၊ နဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ နဝတ္တဗ္ဗံ၊ မဆိုအပ်ပေ။

[ပုဂ္ဂလပညတ်အဋ္ဌကထာလည်းနည်းတူဖွင့်၏။]

---

## စင်္ကြံသွားစဉ် ရှုဆင်ခြင်ပုံကိုပြခြင်း

ဥဒ္ဓါရော အဘိဟာရော စ၊
ဝီတိဟာရော စ ဝေါသဇ်။
သန္နိက္ခေပေါ နိရုဇ္ဈဇ္ဈ၊
ဟောတေ့ကာ ဂမနက္ကြိယာ။

[ဝိသုဒ္ဓိမဂ် သင်္ဂဟဂါထာ။]

ဥဒ္ဓါရောစ၊ ခြေထောက်ကို မြှောက်ကြွခြင်းငှင်း။ အဘိဟာရောစ၊ ရှေ့သို့ ဆောင်ယူခြင်းငှင်း။ ဝီတိဟာရောစ၊ ဆူးငြောင့်,ခ ပုတ်စသည်တို့ကြောင့် ထိုမှ ဤမှ လွှဲဖယ်ကာ ဆောင်ယူခြင်းငှင်း။ ဝေါသဇ္ဇ-ဝေါသဇ္ဇနဥ္စ၊ အောက်သို့ လွှတ်လိုက်ခြင်းငှင်း။ သန္နိက္ခေပေါစ၊ တည်ရာမြေ၌ချထားခြင်းငှင်း။ နိရုဇ္ဈဥ္စ-သန္နိရုဇ္ဈနဥ္စ၊ ဒုတိယခြေထောက်ကို မြှောက်ကြွလိုသောအခါ ပဌမ ခြေထောက်ကို မြေ၌ကြပ်ကြပ်နင်းထားရခြင်းငှင်း။ ဣတိ၊ ဤခြောက်ပါးသော အသေးစားကြိယာမျိုးတို့ဖြင့်။ ကော၊ တခုသော။ ဂမနကြိယာ၊ ရှေ့သို့ရွေ့ရှား လှမ်းသွားနိုင်ခြင်း ကြိယာကြီးသည်။ ဟောတိ၊ စင်စစ်အမှန် ကေန်ဖြစ်နိုင်လေသတည်း။

---

## လေ့ကျင့်ရန်ကား

ရှေးဦးစွာခြေစုံရပ်၍ ညာခြေကို မြေမှကြွခိုက် "ကြွ" ဟုမှတ်၊ တဖန် ချလိုသောနေရာသို့ ဆောင်ယူခိုက်ကို "ဆောင်" ဟုမှတ်၊သစ်ငုတ်,ခလုတ်စသောဘေးရန်များကို ရှောင်ကွင်းဆောင်ယူခိုက်ကို "ရှောင်"ဟုမှတ်၊ ချလိုသော နေရာသို့ လွှတ်ချခိုက်ကို "ချ" ဟုမှတ်၊ မြေပြင်၌ ချထားတည်ခိုက်ကို "တည်"ဟုမှတ်၊ ဒုတိယ ဘယ်ခြေကို ကြွလိုသောအခါ၌ မြေဝယ်ကြပ်ကြပ်ဖိနင်းခိုက်ကို "နင်း" ဟုမှတ်၊ "အကြွ,အဆောင်" နှင့် "ရှုမှတ်မှု" သတိကိုက်ညီအောင်လေ့ကျင့်ရမည်၊ဤကဲ့ရင့်သန်၍ အာရုံမလွတ် သတိမချွတ်ရှိလှသောအခါ "ကြွ,ဆောင်" စသော ခေါ်ဝေါ်မှုကိုလွှတ်ခါ "ဖြစ်,ပျက်" ချည်းသာရှုဆင်ခြင်ရာ၏၊ ဤသို့

ရှုမှတ်ရာဝယ် "ကြွ,ဆောင်,ချ" သုံးချက်လောက်သာ များများရှုမှတ်၍ စင်္ကြံသွားကြရာသတည်း။

ဆောင်။ (၁) စင်္ကြံသွားလျှင်၊ ဖြစ်ပျက်တင်၊ ထင်အောင်ရှု လေပါ။
(၂) ရှေ့သို့ရှုရှား၊ သွားလိုပြား၊ တပါးခြေလှမ်းမှာ။
(၃) ကြွ- ဆောင်- ရှောင်-ချ၊ တည်- နင်း-ရ၊ ခြောက်ဝကြိယာ။
(၄) ဤသို့ခြောက်ပါး၊ ဖြစ်ပျက်များ၊ ထင်ရှားရှုလေပါ။

---

## စင်္ကြံသွားခြင်း၏အကျိုးငါးပါး

(၁) ခရီးရှည်စွာသွားနိုင်ခြင်းအကျိုးတပါး။

(၂) အမှုအမျိုးမျိုးကို လုံ့လထုတ်နိုင်ခြင်း အကျိုးတပါး။

(၃) အနာရောဂါနည်းပါးခြင်းအကျိုးတပါး။

(၄) အစာကြေကျက်ခြင်းအကျိုးတပါး။

(၅) စင်္ကြံသွားရာ၌ ရအပ်သောသမာဓိသည် တည်မြဲခြင်းအကျိုးတပါး။

ဤငါးပါးသောအကျိုးထူးတရားတို့ကို ရအပ်ပေသောကြောင့် များများကြီးသွားကာ အားထုတ်ကြကုန်ရာသတည်း။

[ပဉ္စင်္ဂုတ္တရပါဠိတော်။]

## မာရ်စစ်သည်ဆယ်ပါးကိုပြခြင်း

(၁) ကာမာ တေ ပဌမာ သေနာ၊
ဒုတိယာ အရတိဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊
စတုတ္ထီ တဏှာဝုစ္စတိ။

(၂) ပဉ္စမံ ထိနမိဒ္ဓံ တေ၊
ဆဋ္ဌာ ဘီရူ ပဝုစ္စတိ၊
သတ္တမီ ဝိစိကိစ္ဆာ တေ၊
မက္ခော ထမ္ဘော တေ အဋ္ဌမော။

(၃) လာဘော သိလောကော သက္ကာရော၊
မိစ္ဆာလဒ္ဓေါစ ယော ယသော။
ယောစတ္တာနံ သမုက္ကံသေ၊
ပရေ စ အဝဇာနာတိ။
[သုတ္တနိပါတ်ပါဠိတော် ပဒါနသုတ်။]

ဟရေပါပိမ၊ နှလုံးမဖြူ အမူကျင့်ယုတ် ဟယ်—မာရ်ယုတ်။ (၁) ကာမာ၊ လူဘဝ,နတ်ဘဝ,ဗြဟ္မာဘဝ,လူစည်းစိမ်,နတ်စည်းစိမ်,ဗြဟ္မာစည်းစိမ် ဟု ဆိုအပ်သော ဝတ္ထုကာမ၊ ထိုစည်းစိမ် ထိုဘဝတို့၌ ပျော်ပိုက်နှစ်သက်ခြင်းဟု ဆိုအပ်သော ကိလေသာကာမ၊ ဤကာမနှစ်ပါး အယုတ်တရားသည်။ တေ၊ သင်မာရ်နတ်၏။ ပဌမာသေနာ၊ ပဌမတပ်မတော်ကြီးပါပေတည်း။

(၂) အရတိ၊ ရဟန်းအဖြစ်၌ မမွေ့လျော်ခြင်း၊ ပရိယတ်,ပဋိပတ် အမှုတို့၌ မမွေ့လျော်ခြင်း၊ ဆိတ်ငြိမ်သော တောကျောင်း, တောင်ကျောင်း တို့၌ မမွေ့လျော်ခြင်း၊

သမထ,ဝိပဿနာ ဘာဝနာမှုတို့၌ မမွေ့လျော်ခြင်း ဟု ဆိုအပ်သော အရတိ, ဥက္ကဏ္ဌိတ တရားစုကို။ တော၊ သင် မာရ်နတ်၏၊ ဒုတိယာသေနာ၊ ဒုတိယ တပ်မတော်ကြီး ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၃) ခုပ္ပိပါသာ၊ ခုတင်, ပဋိပတ် လွန်ကျဉ်းကျပ်၍ နွားငတ်ရေချ မစားရဘဲ မိဿကဘတ် ရတတ်ရာရာမျှတ ခါ၌ ဆာလောင်နွမ်းချိ ဖြစ်တုံဘိသော် ဆားထိ, တီရှုး တွန့်တွန့်လူးသို့ အထူးစိတ်စက် အကုန်ပျက်၍ ဝိပါက် ဗလပူ ရမွက်ထူခြင်းတည်းဟူသော ခုပ္ပိပါသတရားစုသည်။ တော၊ သင်မာရ်နတ်၏။ တတိယာသေနာ၊ တတိယ တပ်မ တော်ကြီးပေတည်း။

(၄) တဏှာ၊ ဝမ်းကဟာ၍ ဆာလောင်ချိနဲ့ရှိလာခဲ့ သော် စိတ်ချို့,ကိုယ်ချို့ အားနွဲ့အင်ယုတ် အကြံဆုတ်၍ လုပ်ရန်အခင်း မှုတင်းလင်းကို မချဉ်းလိုက်ချင် ပျင်းစိတ် ဝင်၍ မရွှင်မလန်း စိတ်ကုန်ခန်းခြင်းတည်းဟူသော တဏှာ တရားစုကို။ တော၊ သင်မာရ်နတ်၏။ စတုတ္ထီသေနာ၊ စတုတ္ထ တပ်မတော်ကြီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၅) ထိနမိဒ္ဓံ၊ အလုပ်မတွင် အပျင်းဝင်၍ မရွှင်ညှိုး နွမ်း စိတ်ကုန်ခန်းသော် တသန်းဝေဝေ မှိုင်တွေငေးမေ့ ဖြစ်သည့်နေ့မှ စ၍လည်းကောင်း သက်နှုံးကျောင်းဝယ် ဘယ်ပြောင်းညာပြန် မှောက်လှန်လူးလဲ တနဲနဲအိပ်ခြင်း သည်။ တော၊ သင်မာရ်နတ်၏။ ပဉ္စမီ၊ ပဉ္စမတပ်မတော်ကြီး ပါပေတည်း။

(၆) ဘီရူ၊အပျင်းစိတ်နှင့် အအိပ်များ၍ တရားမသက် စိတ်မထက်ဘဲ ရမ္မက်နွယ်နွယ် စိတ်သိမ်ငယ်သော် ဘယ် ဘယ်ညာညာ ထွေလာစုတ်နုပ် အကြံရှုပ်၍ သစ်ငုတ်ကိုပင် ဆင်ဘဲ, ကျားဘဲ,ဘီလူးဘဲဟု အသဲတုန်ဆတ် တဖြတ်ဖြတ် လန့်ခြင်းကို။ တေ၊ သင်မာရ်နတ်၏။ ဆဋ္ဌာသေနာ၊ ဆဋ္ဌ တပ်မတော်ကြီးဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

(၇) ဝိစိကိစ္ဆာ၊ ကြောက်မှု ကင်းကွာ ရဲပြန်ပါ၍ ဘာဝနာအလုပ် အားထုတ်ပြန်လည်း ဈာန်လမ်းမဂ်လမ်း ခန်းတိမ်မြုပ်ငုပ်ကြီးငုပ်၍ အလုပ်အကြံ အမှန်မုချ လမ်း ရိုးကျမည် မကျမည်ဟု နှစ်လီရှုပ်ယှက် အရေးခက်အောင် နှောင့်ရှက်ဆီးတားတတ်သော ဝိစိကိစ္ဆာ တရားသည်၊ တေ၊ သင်မာရ်နတ်၏။ သတ္တမီသေနာ၊ သတ္တမတပ်မတော် ကြီးပါပေတည်း။

(၈) မက္ခောထမ္ဘော၊ ယုံမှားဒွိဟ ကင်းစင်ပ၍ နေ့ ညအားထုတ် တွင်တွင်လုပ်ရာ ဘာဝနာနိမိတ် အရိပ်အဆင် အထူးမြင်၍ အထင်ကိုပွား ရှိလာငြားသော် တပါးသူကို လူရာမသွင်း ဂုဏ်သတင်းကို နင်းနယ်ချေဖျက် မိမိထက် လျှင် အသက်သိက္ခာ ဂုဏ်ဝါကြီးမား သူတို့အားကိုညွတ် တွားမပြု မောက်မာမှုဟု ဆိုအပ်သော မက္ခထမ္ဘတရား စုသည်၊ တေ၊သင်မာရ်နတ်၏။ အဋ္ဌမော၊ အဋ္ဌမတပ်မ တော်ကြီးပါပေတည်း။

(၉) တဒါ၊ ထိုအထူးဝိသေသဖြစ်ပေါ်သဖြင့် မော် လောက်မောက်လောက် ခရီးရောက်သောအခါ၌၊ လာ ဘော၊ ဘုန်းလာဘ်လာဘများသည်၌ သာယာတက်ကြွ သော တဏှာမာနသည်ငှါး။ သိလောကော၊ အရပ်လေး

မျက်နှာ ကြော်ငြာနှံ့ပြားသည်၌ သာယာတက်ကြွသော တဏှာမာနသည်ရင်း၊ သက္ကာရော၊ တပါးသူတို့ မရစဘူး ထူးမြတ်သောလာဘ်ကိုရရာ၌ သာယာတက်ကြွသော တဏှာမာနသည်ရင်း။ မိစ္ဆာလဒ္ဓေါ၊ လာဘ်များသည်ထက်များအောင် တရားတု တရားယောင်တို့ကိုပြလျက် စင်စစ်အမှောက်အမှားပြု၍ရအပ်သော။ ယောယသောစ၊ အကြင်အခြံအရံ အကျော်အစော၌ သာယာတက်ကြွသော တဏှာမာနသည်ရင်း။တော၊သင်မာရ်နတ်၏။ နဝမော။နဝမ တပ်မတော်ကြီးပါပေတည်း။

(၁၀) အတ္တာနံ၊ မိမိကိုယ်ကို။ ယောစ သမုက္ကံသေ၊ အကြင်ချီးပင့်မြှောက်စားမှုသည်ရင်း။ပရေ၊ သူတပါးတို့ကို။ ယောစအဝဇာနာတိ၊ အကြင်မထီမဲ့မြင် မထီလေးစားပြုမှုသည်ရင်း။ တော၊ သင်မာရ်နတ်၏။ ဒသမော၊ ဒသမတပ်မတော်ကြီးပါပေတည်း။

၍ကား—ပုဂ္ဂလမိဋ္ဌာန် ဒေသနာကို ဓမ္မမိဋ္ဌာန်ပြု၍ ထင်ရှားအောင် အနက်ဆိုထားသည်၊ "ရဟန်းယောဂီ" တို့၌ တဏှာဖြင့် သာယာလောက်သော သင်္ကန်း, သပိတ်, ပရိက္ခရာ,တိုက်တာ, ကျောင်း, ကန်, အာရာမ်, ဥယျာဉ်, ကုတင်, ညောင်စောင်း, အခင်းအရံ အလုံးစုံသည်လည်း ရဟန်းယောဂီတို့၏"ကာမဂုဏ်"ဝတ္ထုစုပင်တည်း။ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ,ပဗ္ဗဇိတဒုလ္လဘကိုသိကြလျက်"ဂိဟိဘောဂ"လူစည်းစိမ်ကိုမစွန့်နိုင်၍ ဂိဟိဘောဂအလယ်၌ ပုထုဇ္ဇန်အနေနှင့် သေဆုံးကြသော "လူ"၊ ရုက္ခမူလကျောင်း, ပံသုကူ သင်္ကန်း,ပိဏ္ဍိယာလောပဆွမ်း,ပူတိမုတ္တဆေးတို့ကို ရဟန်း ခံစဉ်အခါ ကြားဘူးကြပါလျက်"ဂဟပတိ"လူတို့ လှူဒါန်း

သော ကျောင်း,သင်္ကန်း, ဆွမ်း, ဆေးတို့ကို မစွန့်နိုင်၍ ပဗ္ဗဇိတ ကာမဂုဏ်အလယ်၌ ပုထုဇ္ဇန်အနေနှင့် သေဆုံးကြသော'' ရဟန်းစု ''၊ ၎င်းရှင်လူရဟန်းတို့သည် မာရ်မင်း၏ ကာမဟူသော ပဋ္ဌမတပ်မတော်ကြီးနှင့်ဆိုင်မိ၍ မလှတမ သေဆုံးကြသောသူတို့ပေတည်း၊ အချို့သောရဟန်းတို့သည် ပဋ္ဌမတပ်ကြီးမှ အလွတ်ထွက်ခဲ့၍ တောအရပ်တွင် ဓုတင်ပဋိပတ်နှင့်နေကြရာ ''အရတိ,ခုပ္ပိပါသ,တဏှာ,ထိနမိဒ္ဓ,ဘီရု'' ဟု ဆိုအပ်သော ၎င်းတပ်ကြီးငါးတန် ဝိုင်းမိပြန်၍ လွတ်အောင်မထွက်နိုင်ကြကုန်ဘဲ ထိုတပ်ထဲမှာပင် ပုထုဇ္ဇန်ဘဝနှင့် မလှတမ သေဆုံးကြကုန်၏၊ ယခုကာလ၌ ''ဂါမဝါသီ'' ရဟန်းတို့သည် ပဋ္ဌမတပ်တွင်းမှာပင် မြုပ်ဆုံးကြကုန်၏၊ ''အရညဝါသီ'' ရဟန်းတို့သည် နောက်တပ်ငါးတပ်တွင်းမှာမြုပ်ဆုံးကြကုန်၏၊ ''သဗ္ဗာမ'' တပ်သို့ရောက်အောင်လာနိုင်သောသူပင်မရှိကြတော့ပြီ။

ထို့ကြောင့်—

သော နမုစိ တေ သေနာ၊
ကဏှဿာဘိပ္ပဟာရိနီ၊
န နံ အသူရော ဇိနန္တိ၊
ဇေတွာစ လဘတေ သုခံ။
[၎င်း၊]

နမုစိ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါကို သံသရာဩဃ ဒုက္ခဝဋ်မှ မလွတ်စေမှုအတင်းပြုသည့် ဗိုလ်ထုကြီးလတ် ဟယ်—မာရ်နတ်။ သော၊ ၎င်းကာမအရတိစသော တရားစုသည်။ တေ၊ သင်မာရ်နတ်၏။ သေနာ၊ စစ်သည်ဗိုလ်ထု ရဲမက်စု

သည်။ ဟောတိ၊ မုချမသွေ ဖြစ်ပါချေ၏။ ကဏှာဿ၊ နှလုံး အမှုအဖြူမဖက် တည်လုံးနက်သား ရမ္မက်ကြီးလတ် သင် မာရ်နတ်၏။ အဘိပ္ပဟာရိနီ၊ ရဟန်းရသေ့ ဟူသရွေ့ကို တွေ့တိုင်းပစ်ခတ် အသေသတ်သော လက်နက် စိန် ပြောင်း အမြောက်စိန်ဗုံးလည်း မည်ပါပေ၏။ အသူရော၊ သဒ္ဒါဆန္ဒ ဝီရိယဉာဏ် မစွမ်းသန်သော ပုထုဇ္ဇန်မွဲ သူမ ရဲများသည်။ နံ၊ တပ်ကြီးဆယ်ခု ဗိုလ်များထုဖြင့် ထိုစစ် မြေပြင်ကို။ နဇိနန္တိ၊ တွန်းလှန်တိုက်ဖျက် အလွတ် ထွက်ခြင်းငှါ မစွမ်းနိုင်ကြလေကုန်၊ သူရောဝေ၊ သဒ္ဒါဆန္ဒ ဝီရိယဉာဏ် လွန်စွမ်းသန်သော ယောက်ျားမြတ် အာဇာ နီများသည်သာလျှင်။ ဇိနန္တိ၊ မြက်နွယ်တပင် ထိမထင်သို့ တွန်းလှန်တိုက်ဖျက် အလွတ်ထွက်ခြင်းငှါ စွမ်းနိုင်ကြလေ ကုန်၏။ ဇေတွာစ၊ တွန်းလှန်တိုက်ဖျက် အလွတ်ထွက်နိုင်မှ သာလျှင်။ သုခံ၊ ဗိုလ်ထုအများ ဆယ်တပ်သားတို့၏ မား ဘေးလုံ့ဘေးလက်နက်ဘေးမှကင်းဝေးလှစွာနိဗ္ဗာန်တည်း ဟူသော မြတ်ချမ်းသာကို။ လဘတေ၊ မုချပိုင်ပိုင်ရရောက် နိုင်ကြလေကုန်သတည်း။

ထို့ကြောင့်—

ပဂ္ဂေဠတ္တ နဒိဿန္တိ၊ ဧကေ သမဏဗြာဟ္မဏာ။
တဉ္စ မဂ္ဂံ နဇာနန္တိ၊ ယေန ဂစ္ဆန္တိ သုဗ္ဗတာ။
[၄၄၈။]

ဧကေ၊ အချို့ အချို့ကုန်သော။ သမဏ ဗြာဟ္မဏာ၊ စစ် မြေဦးဝယ် စစ်မှူးကြီးသာ သက်န်းဝါနှင့် ပရိက္ခရာအစုံ ဝတ်ရုံဘွဲ့ယှက် ရောင်ထွက်, ထွက်ကြကုန်သော ရဟန်း ပုဏ္ဏားတို့သည်။ ဧတ္ထ၊ ဤတပ်ကြီး ဆယ်ခု ဗိုလ်ထုများ

ဖြင်စစ်မြေပြင်၌။ ပဂ္ဂေါစကားပြန်မျှ မကျန်စုတ်စုတ် အကုန်ပြုတ်ကြ ကုန်လျက်။ နဒီဿန္တိ၊ ဤသူတယောက် လွတ်မြောက်ခြင်း မသေကျန်ဟု ရှာကြံမရ မမြင်ရကုန်၊ သုဗ္ဗတာ၊ ကောင်းသောအကျင့် ရှိတော်မူ ကြကုန်သော အရိယာ သူတော်ကောင်းတို့သည်။ ယေနမဂ္ဂေန၊ အကြင်ဗောဇ္ဈင် ခုနစ်ပါး တရားစကြာ ရတနာ လမ်းခရီးဖြင့် သာလျှင်။ ဂစ္ဆန္တိ၊ ရွှေပြည်နဂရ နိဗ္ဗာနသို့ ကြွရောက်ကြလေကုန်၏။ တဉ္စမဂ္ဂံ၊ ထိုဗောဇ္ဈင် ခုနစ်ပါး တရားစကြာ ရတနာ လမ်းခရီးကို။ နဇာနန္တိ၊ ကိုယ်တွေ့ မျက်မှောက်အသိ ပေါက်အောင် မရနိုင် မရောက်နိုင် ကြလေကုန်သတည်း။

ဤတွင်–၍ကား“ဒုဿရစရိယ”ဟု ဆိုအပ်သော“မဟာပဌာန” အကျင့်ကို ခြောက်နှစ် ပတ်လုံး ကျင့်သုံးတော်မူစဉ် အခါ၌ မာရ်နတ်ကို ဟောတော်မူသော ဂါထာစုတို့ပေတည်း။

[အကျယ် အလိုရှိပါက ၎င်းသုတ်တော်တွင် ရှုတော်မူကြပါကုန်။]

## ဝိပဿနာ ဝိမုတ်ကို ပြခြင်း

ဝိပဿနာမှ လွတ်သော စိတ်ငါးမျိုးကား(၁)“သဒ္ဓါ”၊ (၂)“ရုစိ”၊ (၃)“အနုဿဝ”၊ (၄)“အာကာရပရိဝိတက္က”၊ (၅)“ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ”ဟူ၍ငါးပါး အပြားရှိ၏၊ ထင်ရှားစေအံ့–

(၁) “သဒ္ဓါ”ဟူသည် ခဏမစဲဖြစ်ပျက်နေသောရုပ်, နာမ်,ခန္ဓာ, အနိစ္စ,ဒုက္ခ,အနတ္တ သဘောမျှသာ ရှိသည်ဟု ယုံကြည်ကာမျှကို“အညတြသဒ္ဓါယ” ပုဒ်ဖြင့် ပယ်အပ်၏။

(၂) "ရူပ"ဟူသည် ခဏမစဲ ဖြစ်ပျက်နေသော ရုပ်, နာမ်,ခန္ဓာ,အနိစ္စ,ဒုက္ခ,အနတ္တ သဘောမျှသာ ရှိသည်ဟု နှစ်သက် သဘောကျကာမျှကို "အညတြ ရူပိယ"ပုဒ်ဖြင့် ပယ်အပ်၏။

(၃) "အနုဿဝ"ဟူသည် ခဏမစဲ ဖြစ်ပျက်နေသော ရုပ်, နာမ်, ခန္ဓာ, အနိစ္စ, ဒုက္ခ, အနတ္တ သဘောမျှရှိသည်ဟု သင်အံ လေ့ကျက် နှုတ်တက်ရွရွ ကြားနာ မှတ်သားရသော သုတမယ ဉာဏ်ကို "အညတြအနုဿဝ" ပုဒ်ဖြင့် ပယ်အပ်၏။

(၄) "အာကာရ ပရိဝိတက္က"ဟူသည် ခဏမစဲဖြစ်ပျက်နေသော ရုပ်,နာမ်,ခန္ဓာ,အနိစ္စ,ဒုက္ခ,အနတ္တ တို့၏ အခြင်းအရာဖြင့် ဆင်ခြင်ရုံမျှကိုလည်း"အညတြ အာကာရပရိဝိတက္က" ပုဒ်ဖြင့် ပယ်အပ်၏။

(၅) "ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ" ဟူသည် ခဏမစဲ ဖြစ်ပျက်နေသော ရုပ်,နာမ်,ခန္ဓာ,အနိစ္စ,ဒုက္ခ,အနတ္တတို့ကို စဉ်းစား ဆင်ခြင်ကာ ယထာဘူတ စိန္တာမယ ဉာဏ် အမြင်ကို "အညတြဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ" ပုဒ်ဖြင့် ပယ်အပ်၏။

ထိုသို့ ယုံကြည်ကာမျှ နှစ်သက်သဘောကျကာမျှ သုတမယရှိကာမျှ စိန္တာမယ ရှိကာမျှကို ဝိပဿနာ အစစ်မဖြစ်ဟု ဆိုလိုပေသည်၊ ထို့ကြောင့်–ဘာဝနာမယ ဉာဏ်အစစ်ဖြစ်အောင် ဆရာကောင်းတို့ကို ဆည်းကပ်ကာ ကြိုးစား အားထုတ်ကြ ကုန်ရာသတည်း။

[ဝိသုဒ္ဓိမဂ် ခန္ဓ နိဒ္ဒေသ။]

# အသိခြောက်ပါးကို ခွဲခြား၍ပြခြင်း

စတ္တာရိ အရိယသစ္စာနိ ပဋိဝိဇ္ဈတီတိ ပဋိဝေဓော။
[မဟာနိဒ္ဒေသ အဋ္ဌကထာ။]

ယံဉာဏံ၊ အကြင်ဉာဏ်သည်။ စတ္တာရိ၊ လေးပါး ကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း ပေါက်ရောက် ပြီးမြောက်အောင် သိတတ်၏။ ဣတိ တသ္မာ၊ထို့ကြောင့်။ တံဉာဏံ၊ထိုဉာဏ်သည်။ ပဋိဝေဓော၊ ပဋိဝေဓဉာဏ်ကြီး မည်၏။

ဤသို့ မိန့်ဆိုအပ်သော အဋ္ဌကထာကြီးနှင့်အညီ (၁) ကျမ်းဂန်ပေစာ လေ့လာ သင်ကြားသဖြင့် သိတတ်သော "သုတမယ"အသိမျိုးတပါး(၂)ဆရာသမားတို့၏ဂုဏ်ကျေးဇူးကို ယုံကြည်မှုကြောင့် သိတတ်သော "သဒ္ဓါ"အသိမျိုးတပါး၊(၃)မိမိ နှစ်ခြိုက်သဘောကျသည် အတိုင်းသိမှတ်တတ်သော"ရုစိ"အသိမျိုးတပါး၊ (၄)အကြောင်း အကျိုးတို့ကို တွေးတော ချိန်ဆ၍ ဟုတ်တန်ရာ၏ဟု သိမှတ် နေသော "အာကာရပရိဝိတက္က"အသိမျိုးတပါး၊ (၅) ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မိမိဉာဏ်တွင် အလွန်ခိုင်မာမြဲမြံစွာ ထင်မြင်၍ သိမှတ်တတ်သော"ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ" အသိမျိုးတပါး၊(၆)ဤအသိမျိုးတို့ထက်လွန်ရှုံသစ္စာလေးပါးတို့ကိုထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ် တည်းဟူသော "ပဋိဝေဓ"အသိမျိုးတပါး၊ ဤသို့၊ အသိခြောက်ပါး သတိထင်းအပ်၏။

## ကြံစည်ခါမျှမဟုတ် အားထုတ်ရမည်ကို ပြခြင်း

အခါ တပါး "ရဟန်း တပါးက မြတ်စွာဘုရားအား" လျှောက်ပုံမှာ ကျေးဇူးတော်ရှင် သခင်မြတ်ကြီး ဘုရား.... အဘယ်မျှသော အကြောင်းအားဖြင့် တရားနှင့် နေသော "ဓမ္မဝိဟာရီ" ပုဂ္ဂိုလ် မည်သည် ဖြစ်ပါ သနည်း ဟု လျှောက်ထားလေ၏။

ထိုအခါ "မြတ်စွာဘုရားက" အို- "ရဟန်းတို့" အကြင် ကြားနာ အပ်သော သင်ကြား အပ်သော တရားကို စိတ်ဖြင့် ကြံ၏၊ တရစ် ဝဲဝဲ ဆင်ခြင် သုံးသပ်၏၊ စိတ်ဖြင့်ရှုကြည့်၏၊ ထိုရဟန်းသည် ထိုတရားကို ကြံစည်သော ဝိတက်တို့ဖြင့် သာလျှင် နေ့အတို့ကို ကုန်စေ၏၊ တယောက် ထည်းတည်း ကိန်းအောင်း ခြင်းကို ဆိတ်ကင်း စေ၏၊ (စွန့်၏)၊ မိမိသန္တာန်၌ စိတ်၏ ကိလေသာမှ ငြိမ်းခြင်းဟု ဆိုအပ်သော သမာဓိကို အားမထုတ်၊ "အို-ရဟန်းတို့".. ဤ ရဟန်းကို "ဓမ္မဝိတက်" များသော ရဟန်း ဟူ၍ ဆိုအပ်၏၊ တရားနှင့် နေလေ့ရှိသော ရဟန်း ဟူ၍ကား မဆိုအပ်။

အို—"ရဟန်းတို့"..။ ပ။ တယောက်ထည်းတည်း ကိန်းအောင်း၍ မိမိ"အဇ္ဈတ္တ" သန္တာန်၌ စိတ်၏ ကိလေသာမှ ငြိမ်းခြင်းဟု ဆိုအပ်သော "သမာဓိ" ကို အားထုတ်သော ရဟန်းသည် သာလျှင် တရားနှင့် နေသော "ဓမ္မဝိဟာရီ" ပုဂ္ဂိုလ် မည်ပေ၏ ဟု မိန့်တော်မူလေ၏။

ဤကား— လိုရင်း မျှသာ ထုတ်ပြခြင်း ဖြစ်ပါသည်၊ အကျယ် အလိုရှိပါက ပဉ္စင်္ဂုတ္တရ ပါဠိတော် ယောဓာဇီဝ

ဝဂ် ပဌမ ဓမ္မဝိဟာရီ သုတ်မှာရှုတော်မူကြပါ၊ ထို့ကြောင့်– ကြီးစည် ကာမျှ သိကာမျှဖြင့် မပြီးသေး၊ "အဩုဓွာ" သို့ သက်ကာ အားထုတ် ရာသည်ကို လေးလေး နက်နက်ကြီး ဆင်ခြင်ကြ ကုန်ရာသတည်း။

ထိုမှတပါး– မြတ်စွာ ဘုရားသည် ဥရုဝေလ ရွာအနီး ညှိသောရေရှိသော နေရဉ္စရာမြစ်၏ကမ်းပါး "အဇပါလ" ညောင်ပင်ရင်း၌ ရှေးဦးစွာ သဗ္ဗညုတ ဉာဏ်ကို ရ၍ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်သည် ဖြစ်၍ ကိန်းအောင်းတော် မူသော မြတ်စွာ ဘုရားအား ဤသို့သော စိတ် အကြံတော်သည် ဖြစ်၏၊ ငါ ဘုရားသည် သိအပ်သော ဤ တရားသည် နက်နဲ၏၊ မြင်နိုင်ခဲ၏၊ အလွန် သိနိုင်ခြင်းငှါ ခဲယဉ်း၏၊ သိမ်မွေ့၏၊ မြတ်၏၊ အကြံသမား တကြ ပုဂ္ဂိုလ်တို့၏ ကျက်စားရာ မဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိအပ်၏ ဟု အကြံ တော် ဖြစ်လေ၏၊ ထို့ကြောင့် "အပြောမဟုတ် အလုပ်မှ" ဟု သိကြရာသတည်း။

[သဂါထာဝဂ္ဂမြဟ္မသံယုတ်ပါဠိတော်ပဌမဝဂ်မြဟ္မယာစနသုတ်။]

---

## ပြောတော့အဟုတ် လုပ်တော့အလွဲ သေလျှင်ငရဲ

ယောစာရိယရုတံ ဘာသေ၊
အနရိယ ဓမ္မ-ဝသိတော။
ဥဘော သော ဓံသတေ လော-ကာ၊
ဣဓစေဝ ပရတ္ထ စ။

[အသီတိနိပါတ် မဟာဟံသဇာတ်။]

ယောစ၊ အကြင်သူသည်ကား ။အရိယရုတံ၊ ကောင်း မြတ်သော တရားစကားသံကို။ ဘာသေ၊ နှုတ်ဖြင့်သာ ပြောဆို၏။ ကာယေန၊ ကိုယ်ဖြင့်။ အနရိယမ္မဝသိတော၊ ယုတ်မာသော အကျင့်ကို ကျင့်၏။ သော၊ ထိုအပြော ကဟုတ် အကျင့်ယုတ်သောသူသည်။ ဣမစေဝ၊ ယခု ပစ္စက္ခ ဤဘဝ၌ရင်း။ ပရတ္ထစ၊ တမလွန်လောက နောက် ဘဝ၌ရင်း။ ဥဘောလောကာ၊ ပစ္စုပ်, သံသာ နှစ်ဖြာ သော လောကမှ။ ဓံသတေ၊ ပျက်စီးရရှာလေတော့ သတည်း။

---

## ပရိယတ်ပယ်ကမဟာစောရ

ပရိယတ္တိံ ဝိသဇ္ဇာမိတိအာဒိနာဝဒန္တာဝဒတော သာသနံ ပဟရတိ၊ဣဒိနာသဒိသော မဟာစောရော နာမ နတ္ထိ။

[ခုဒ္ဒကဝိဘင်အဋ္ဌကထာ။]

ပရိယတ္တိံ၊ ပရိယတ်စာကို။ ဝိသဇ္ဇာမိ၊ ငါစွန့်၏။ ဣတိ အာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဝဒန္တာဝဒတော၊ ပြော ဆိုသောသူအား။ သာသနံ၊ ဘုရားမြတ်စွာ သာသနာတော် ကို။ ပဟရတိ၊ ပုတ်ခတ်စော်ကားသည်မည်၏။ ဣမိနာ သဒိသော၊ ဤသူနှင့်တူသော။ မဟာစောရောနာမ၊ ကြီး မားသောသူခိုးမည်သည်။နတ္ထိ၊ မုချမသွေမရှိနိုင်တော့ပေ။

ဤအဋ္ဌကထာ မိန့်မှာသည်ကိုထောက်၍ ဝိပဿနာ မှာ စာခံသည်ဟူ၍ရင်း၊ တရားစကားပြောရာ တီတီတွေ ပါ၍ မနာချင်ဟူ၍ရင်း၊ဤလိုစာမျိုးတော့ ငါတို့ကအရေး မစိုက်ဟူ၍ရင်း၊ ဘုရားဟောဒေသနာ အဆုံးအမ သာသ

နာပရိယတ်ကျမ်းစာကို ရယ်စရာမျှ မတော်ချွတ်ချော်ကာ စိတ်ထားဖြင့် မပြစ်မှားမိစေရန် သတိပေး လိုက်ရပေ သတည်း။

---

## ကဲ့ရဲ့ရှုတ်ချရောရုဝ

ယေကေစိ အရိယံ ဓမ္မံ၊ ဝိဂရဟန္တာ စရန္တိ ဒုမ္မေဓာ။
ဥပေန္တိ ရောရုဝံ ဃောရံ၊ စိရရတ္တံ ဒုက္ခံ အနုဘဝန္တိ။
[သဂါထာဝဂ္ဂဒေဝတာသံယုတ်ပါဠိတော် သတုလ္လပကာယိကဝဂ် ပဇ္ဇုန္နဓီတရသုတ်။]

ဒုမ္မေဓာ၊ ပညာမဲ့ကုန်သော။ ယေကေစိ၊ အကြင်သူတို့ သည်။ အရိယံဓမ္မံ၊ အရိယသစ္စာတရားကို။ ဝိဂရဟန္တာ၊ ကဲ့ရဲ့ရှုတ်ချကုန်သည်ဖြစ်၍။ စရန္တိ၊ လှည့်လည်ပြောဟောကြ ကုန်၏။ တေ၊ ထိုသူတို့သည်။ ဃောရံ၊ ကြမ်းကြုတ်လှစွာ သော။ ရောရုဝံ၊ ရောရုဝငရဲသို့။ ဥပေန္တိ၊ ကျရောက်ကြကုန်၏။ စိရရတ္တံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ ဒုက္ခံ၊ ဆင်းရဲ ဒုက္ခအဝဝကို။ အနုဘဝန္တိ၊ အစဉ်ထာဝရ ခံစားကြရလေ ကုန်သတည်း။

ထို့ကြောင့်—

ဗုဓော ပဿေယျ သဒေါသံ၊ န ပရေသံ ဂုဏံ ဝဒေ။
နတ္တနော ဝဒ္ဒေတာ ဒေါသံ၊ အာဃာတံ နာပိဗန္ဓယေ။
[မြတောင်ဆရာတော်ဩဝါဒ။]

ဗုဓော၊ ပညာရှိပုဂ္ဂိုလ် လုပ်လိုသောသူသည်။ သဒေါ သံ၊ မိမိအပြစ်ကို။ ပဿေယျ၊ ရှုကြည့်ရာ၏။ ပရေသံ၊ သူတပါးတို့၏။ ဒေါသံ၊ အပြစ်ကို။ နပဿေယျ၊ မရှုမိ

စေရာ။ ပရေသံ၊ သူတပါးတို့၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ဝဒေ၊ ပြောဆိုရာ၏။ အတ္တနော၊ မိမိ၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို၊ နဝဒေ၊ မပြောဆိုမိစေရာ၊ အတ္တနော၊ မိမိ၏၊ ဒေါသံ၊ အပြစ်ကို။ ဝဒတော၊ ပြောဆိုသောသူအား၊ အာဃာတံ၊ ရန်ငြိုးကို။ နာပိဗန္ဓယေ-နာပိဗန္ဓေယျ၊ မဖွဲ့မိစေရာသတည်း။

---

## သာသနာတော်၏ ဘေးကြီးငါးပါးကို ပြခြင်း

အို-ရဟန်းတို့.... ငါးပါး ကုန်သော ဤနောင်လာလတံ့သော "အနာဂတ်ဘေး"တို့သည် ယခုအခါ၌ မဖြစ်ပေါ်သေးကုန်၊ နောင်အခါ၌ ဖြစ်ပေါ်ကုန်လတံ့၊ ထိုဘေးတို့ကို သိအပ်ကုန်၏၊ သိပြီး၍လည်း ထိုဘေးတို့ကို ပယ်ခြင်းငှါ အားထုတ်အပ်၏၊ အဘယ်ငါးပါးတို့နည်းဟူမူကား-

(၁) "မိမိကိုယ်ကို" ဗုန်ရေရရှိနှင့် နေတတ်အောင်ပြုပြင်သောအားဖြင့် ခန္ဓာကိုယ်၏ တိုးတက်ကြီးပွါးမှုလည်း မရှိကြသော "သီလသိက္ခာ" စိတ်နေ စိတ်ထား သမာဓိ တိုးပွါးမှုလည်းမရှိကြသော "လောကုတ္တရာပညာ" တိုးပွါးမှုလည်းမရှိကြသော ရဟန်းတို့သည် သူတို့ကိုယ်တိုင် "ဥပဇ္ဈာယ်" ဆရာကြီး (သွန်သင်ဆုံးမမည့် သိက္ခာပေးဆရာကြီး) လုပ်ကာ အခြားသူတို့ကို ရဟန်းပြုပေးကြလိမ့်မည်၊ ဤသို့ အဆက်ဆက်အားဖြင့် လိမ်မာရေးခြားအောင် မဆုံးမနိုင်ကြသဖြင့် ဝိနည်းပျက်ပြားခြင်း တည်းဟူသော ဘေးပေါ်လာလိမ့်မည်။

(၂) ဤ ၂-နံပါတ်၌ "နိဿယည်း" ဆရာလုပ်၍ တပည့်များကို နိဿယည်း ပေးခြင်းသာထူးသည်။

[ဆရာရင်း တပည့်ရင်းမဟုတ်ဘဲ အရပ်တပါးမှ လာနေသော တပည့်များ၏အမှီခံဆရာကို နိဿယည်း ဆရာဟုခေါ်၏။]

(၃) ခန္ဓာကိုယ်နှင့် "သီလ,သမာဓိ,ပညာ" တိုးပွါးမှု မရှိကြသော နောက်ခေတ်ရဟန်းတို့သည် အဘိဓမ္မာတရား ဉာဏ်ရမှုနှင့် ယှဉ်သောတရားများကို ဟောပြောကြသည့် အခါ မကောင်းသောစိတ်ထားဖြင့် သူတပါးကို ပုတ်ခတ်စော်ကားခြင်း, ပစ္စည်းရအောင်ဟောခြင်းတို့ဖြင့် စိတ်ဆိုးစိတ်ညစ်တွေပေါ်ပေါက်၍ တရားစစ်သဘောမှန်ကို သိကြတော့မည်မဟုတ်၊ ဥပမာ—သင်္ဂြိုဟ်စကား, တရားစကားပြောရင်း ငြင်းကြခုံကြ ကိုယ်တတ်သိကြောင်းပြကြ၊လာဘ်ရမှုများကို လိုလားကြသဖြင့် "လောဘ" ၏ လိုချင်မှု၊ "ဒေါသ"၏ စိတ်ဆိုးမှုစသည်တို့ကြောင့် သဘောအမှန်ကို ဝေဘန်နားလည်မှုမရှိကြတော့ဘဲ သူတို့ကိုယ်တိုင်ပင်ပစ္စည်းလိုချင်ကြသော "လောဘ"၊ သူတပါးကို စော်ကားလိုသော "ဒေါသ" တွေဖြစ်နေတော့သကဲ့သို့တည်း။

(၄) ခန္ဓာကိုယ်နှင့် "သီလ,သမာဓိ,ပညာ" တိုးပွါးမှု မရှိကြသော နောက်ခေတ်ရဟန်းတို့သည် ဗုဒ္ဓကိုယ်တော်တိုင် ဟောထားတော်မူခဲ့၍ လေးနက်လှစွာ ခန္ဓာ, အာယတန,ဓာတ်,သစ္စာ,ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဟောလျှင် မနာလိုကြ၊ ထိုတရားများကို သင်ယူထိုက်သည်ဟူ၍ ပင်မမှတ်ထင်ကြ၊ သာသနာပြင်ပ ဖြစ်သူတို့ကရွတ်၍

ကောင်းအောင် အဆန်းတကြယ် ဘွဲ့စီအပ်သော "ဂါထာ ဂီတ" များကိုသာ နားထောင်လိုကြ သင်ယူလိုကြလိမ့် မည်။

(၅) ခန္ဓာကိုယ်နှင့် "သီလ, သမာဓိ, ပညာ" တိုးပွါးမှု မရှိကြသော နောက်ခေတ် ရဟန်းတို့သည် "အလျော့ အတင်း" နှစ်မျိုးရှိရာဝယ် အလျော့ဘက်၌သာ ရှေ့သွား ခေါင်းဆောင်လုပ်ကြလိမ့်မည်၊ တောကျောင်း စသည်၌ ငြိမ်သက်စွာ တရားနှင့်နေမှုကိစ္စ၌ လုံ့လဝီရိယ လျော့ချ ထားကြလိမ့်မည်၊ အပေါင်း အဘော်မှ ခွဲခွါ၍ တကိုယ် တည်းနေဘို့ရန်နှင့် မကောင်းသော စိတ်တွေမှ ခွဲခွါ၍ တရားစိတ်နှင့် နေဘို့ရန် စိတ်ကူးမျှ ထည့်ကြတော့မည် မဟုတ်ဟူလို၊ ထို့ကြောင့်—

> ဣဒံ ဘိက္ခဝေ ပဥ္စမံ အနာဂတဘယံ တေရ- ဟိ အသမုပ္ပန္နံ အာယတိံ သမုပ္ပဇ္ဇိဿန္တိ၊ တံ ဝေါ ပဋိဗုဇ္ဈိတဗ္ဗံ၊ တံ ဝေါ ပဋိဗုဇ္ဈိတွာ တဿ ပဟာနာယ ဝါယာမိတဗ္ဗန္တိ။

[ပဉ္စင်္ဂုတ္တရ ပါဠိတော် ယောဓာဇီဝဝဂ် တတိယအနာဂတ ဘယသုတ်။]

ဘိက္ခဝေ၊ သံသရာရေး လာမည့်ဘေးကို မြော် တွေးရှုပြား အို—ချစ်သားတို့။ ဣဒံ၊ ဤသို့ ငါဘုရားစကား တော်ကို မလိုက်နာ ဘေးစာမခင် ကမ္မဋ္ဌာန်းတရား အား မထုတ်ချင်အောင် ပြောသော အပါယ်လေးပါးအစာ မိစ္ဆာဒိဋ္ဌိတို့၏ စကားသည်။ တေရဟိ၊ ယခုငါဘုရားရှိ စဉ်အခါ၌။ အသမုပ္ပန္နံ၊ အသားထဲက လောက်ထွက် သလို ဗုဒ္ဓဘာသာ ငါဘုရား သာသနာတော်ထမ်း

ရဟန်း ရှင်လူထဲက မထွက်ပေါ်ငံ့သေး။ အာယတိ၊ ငါဘုရားပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် အလဇ္ဇီ လူ, ရှင်, ရဟန်းအားကြီး၍ သူတော်ကောင်းအားနည်း သောအခါ၌။ သမုပ္ပဇ္ဇိဿန္တိ၊ ငါဘုရားရန်သူ လူရှင်ထဲက အနဲနဲထွက်ပေါ်ရစ်ကုန်လတ့ံ။ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤသို့ သမထ,ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းတို့ကို စီး ဖြန်းအားထုတ်လျက်မဂ်,ဖိုလ်, နိဗ္ဗာန်ရောက်အောင် အား ထုတ်ကျင့်ကြံနေကြကုန်သော ရဟန်း,ရှင်,လူတို့ကို ငြူစူ စောင်းမြောင်း မကောင်းအောင် ပြောဆိုခြင်းသည်။ ပဉ္စမံ၊ငါးခုမြောက်ဖြစ်သော။ အနာဂတဘယံ၊ နောင်လာ လတ့ံသောဘေးကြီးပေတည်း။ တံဘယံ၊ ထိုဘေးကြီးကို။ ဝေါ၊ သင်ချစ်သားတို့သည်။ ပဋိဗုဇ္ဈိတဗ္ဗံ၊ သိအောင် ပြုအပ်၏။ တံဘယံ၊ ထိုဘေးကြီးကို။ ဝေါ၊ သင်ချစ် သားတို့သည်။ ပဋိဗုဇ္ဈိတွာ၊ သိအောင်ပြုပြီး၍။ တဿ၊ ထိုပဉ္စမံသမုတ် သာသနာတော် ကွယ်ငုပ်စေတတ်သော ရန်ခလုတ်ကို။ ပဟာနာယ၊ ပယ်နုတ်ကင်းရှင်းစေခြင်းငှါ။ ဝါယာမိတဗ္ဗံ၊အားထုတ်အပ်၏။ ဣတိ၊ ဤသို့ ဘေးရန် မပေါ်ခင်က ကြိုတင်၍မိန့်တော်မူခဲ့ပါပေ၏။

---

## အဖွါများက အသားကွယ်ရပုံ

အို–ရဟန်းတို့····ရှေးက ဖြစ်ဘူးသည်မှာ "ဒသရဟ" အမည်ရှိကုန်သောမင်းတို့အား "အာနက"အမည်ရှိသော ပုဇွန်လက်မရိုးစည်ကြီးသည် ဖြစ်သတတ်၊"ဒသရဟ"မင်း တို့သည် ထိုပုဇွန်လက် မရိုးစည်ကြီး၏အသားသည် ကွဲ

ပေါက်သည်ရှိသော် တပါးသော ရွှေ,ငွေ စသည်တို့ဖြင့် ပြီးသော အဖါ အစပ်ကို ထည့်သွင်းကြကုန်၏။

အို—ရဟန်းတို့····အကြင်အခါကာလ၌ "အာနက" အမည်ရှိသော ပုဇွန်လက်မရိုးစည်၏ အဟောင်းဖြစ်သော စည်၏အခေါင်း ပုဇွန်လက်မရိုးပျဉ်သည် ကွယ်ပျောက်၏၊ ရွှေ,ငွေ စသော အဖါအစပ်သည်သာလျှင် ကြွင်းကျန်၏၊ ထိုအခါသည် ဖြစ်လေသည်သာတည်း။

အို—ရဟန်းတို့····ဤဥပမာအတူသာလျှင် နောင်လာလတ္တံ့သောအခါကာလ၌ ရဟန်းတို့သည် "ဤဆိုလတ္တံ့သောအတိုင်း" ဖြစ်ကြကုန်လတ္တံ့။ မြတ်စွာဘုရားတို့သည် ဟောတော်မူအပ်ကုန်သော "သဒ္ဒါ" အားဖြင့် နက်နဲကုန်သော "အနက်"သဘောအားဖြင့် နက်နဲကုန်သော လောကမှ ထွက်မြောက်ကြောင်းဖြစ်ကုန်သော "နိဗ္ဗာန်,သုခ" ဟူ၍ မရှိဟု "သုညတ" နှင့် စပ်သွယ်ကုန်သော အကြင်သုတ္တန်တရားတို့သည် ရှိကုန်၏၊ ထိုသုတ္တန်တို့ကို ဟောအပ်ကုန်သည်ရှိသော် ကောင်းစွာမနာကြကုန်လတ္တံ့၊ နားမထောင်ကြကုန်လတ္တံ့၊ သိလိုသောစိတ်ကို မဖြစ်စေကြကုန်လတ္တံ့၊ ထိုတရားတို့ကို သင်ယူအပ်၏ဟူ၍၎င်း, အဘန်တလဲလဲ လေ့ကျက်သင်ကြားအပ်၏ဟူ၍၎င်း မအောက်မေ့ကြကုန်လတ္တံ့။

"ကဗျာဆရာ"တို့သည် ရေးသား သီကုံးအပ်ကုန်သော "လင်္ကာဆရာ" တို့သည် စီရင်အပ်ကုန်သော ဆန်းကြယ်သော အက္ခရာရှိကုန်သော ဆန်းကြယ်သော ပုဒ်, ဗျည်းရှိကုန်သော သာသနာတော်မှ အပဖြစ်သော လောကီပညာ

ရှိတို့၏ တပည့်သာဝကတို့သည်ဟောအပ်ကုန်သော အကြင် သုတ္တန်တို့သည် ရှိကုန်၏၊ ထို "ဗာဟိရက" သုတ္တန်တို့ကို ဟောပြောအပ်ကုန်သည်ရှိသော် နာယူကြကုန်လတ္တံ့၊ နား ထောင်ကြကုန်လတ္တံ့၊ သိလိုသောစိတ်ကို ဖြစ်စေကြကုန် လတ္တံ့၊ ထို သုတ္တန်မျိုးတို့ကို သင်ယူအပ်၏၊ အဘန်တလဲလဲ လေ့ကျက်သင်ကြားအပ်၏ဟူ၍ အောက်မေ့ကြကုန်လတ္တံ့။

အို–ရဟန်းတို့···· ဤဆိုအပ်ပြီးသောနည်းဖြင့် မြတ်စွာ ဘုရားတို့သည် ဟောကြားတော်မူအပ်ကုန်သော "သဒ္ဒါ" အားဖြင့် နက်နဲကုန်သော"အနက်" သဘောအားဖြင့် နက် နဲကုန်သော "လောက" မှ ထွက်မြောက်ကြောင်းဖြစ်ကုန် သော "သုညတ" နှင့် စပ်သွယ်ကုန်သော ထိုသုတ္တန်ဘုရား တို့၏ ကွယ်ပျောက်ခြင်းသည်ဖြစ်လတ္တံ့။

အို–ရဟန်းတို့···· ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ကျင့်အပ်၏၊ မြတ်စွာဘုရားတို့သည် ဟောအပ်ကုန် သော "သဒ္ဒါ" အားဖြင့် နက်နဲကုန်သော "အနက်" သဘောအားဖြင့် နက်နဲကုန်သော "လောက" မှ ထွက် မြောက်ကြောင်းဖြစ်ကုန်သော အကြင် သုတ္တန်တရားတို့ သည် ရှိကုန်၏၊ ထို သုတ္တန်တရားတို့ကို ဟောအပ်ကုန်သည် ရှိသော် ကောင်းစွာနာယူကုန်အံ့၊ ကောင်းစွာနားထောင် ကုန်အံ့၊ သိလိုသောစိတ်ကို ဖြစ်စေကုန်အံ့၊ ထိုတရားတို့ကို သင်ယူအပ်၏၊ အဘန်တလဲလဲ လေ့ကျက် သင်ကြားအပ်၏ ဟူ၍ အောက်မေ့ကြကုန်အံ့၊ အို–ရဟန်းတို့···· ဤသို့လျှင် သင်တို့သည် ကျင့်အပ်၏ဟူ၍ ဟောတော်မူ၏။

[နိဒါနဝဂ် ဩပမ္မသံယုတ်ပါဠိတော် အာဏိကသုတ်။]

## သမထဝိပဿနာ အားထုတ်ရာ

ရာဂဿ ဘိက္ခဝေ ပဟာနာယ ဒွေ့ဓမ္မာ ဘာဝေ-
တဗ္ဗာ။ ကတမေဒွေ၊ သမထောစ ဝိပဿနာစ။
[ဒုကင်္ဂုတ္တိုရ်ပါဠိတော် ရာဂပေယျာလဝဂ် ရာဂပဟာနသုတ်။]

ဘိက္ခဝေ၊သံသရာရေးလာမည့်ဘေးကို မြော်တွေးရှုမြား အို–ချစ်သားတို့။ ရာဂဿ၊ ထိုထိုအာရုံ၌ စွဲကိုက်ငြိကပ်တတ်သော ရာဂဟူသောခွေးကို။ ပဟာနာယ၊ စွန့်ပစ်ခမောင်းချောက် ပယ်ဖျောက်ခြင်းငှါ။ ဒွေ့ဓမ္မာ၊ တရားဘည်းဟူသော တုတ်နှစ်ချောင်းဘို့ကို။ ဘာဝေတဗ္ဗာ၊ပွါးများစွဲကိုင်အပ်ကုန်၏။ ဒွေ၊ တုတ်နှစ်ချောင်းတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ သမထောစ၊ သမာဓိ အမှူးရှိသော သမထ ကမ္မဋ္ဌာန်းလည်းတပါး။ ဝိပဿနာစ၊သတိသမ္ပဇဉ် အမှူးရှိသော ဝိပဿနာ ကမ္မဋ္ဌာန်းလည်းတပါး၊ ဣမေဒွေ၊ ဤနှစ်ပါးဘို့ပါပေတည်း။

ဤနည်းအတူ–ဒေါသဿ,မောဟဿ,ကောဓဿ,ဥပနာဟဿ, မက္ခဿ, ပလာသဿ, ဣဿာယ, မစ္ဆရိယဿ, မာယာယ,သာဌေယျဿ, ထမ္ဘဿ,သာရမ္ဘဿ, မာနဿ, အတိမာနဿ, မဒဿ, ပမာဒဿ၊ (၁) ဒေါသ၊ အချက်ထွက်ခြင်း။ (၂) မောဟ၊ ခသိခြင်း။ (၃) ကောဓ၊ အမျက်ထွက်ခြင်း။ (၄) ဥပနာဟ၊ ရန်ငြိုးဖွဲ့ခြင်း။ (၅) မက္ခ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း။ (၆) ပလာသ၊ အင်တုဆားခြင်း၊ (၇) ဣဿာ၊ ငြူစူခြင်း၊ (၈) မစ္ဆရိယ၊ ဝန်တိုခြင်း၊ (၉) မာယာ၊ ဖုံးလွှမ်းလှည့်ပတ်ခြင်း။ (၁၀) သာဌေယျ၊ ဝါကြွားခြင်း၊ (၁၁) ထမ္ဘ၊ခက်ထန်ခြင်း၊ (၁၂) သာရမ္ဘ၊

မထိလေးစားပြုခြင်း။(၁၃)မာန၊ထောင်လွှားခြင်း။ (၁၄) အတိမာန၊ ငါ့ပြင်မရှိ ထောင်လွှားခြင်း။ (၁၅)မဒ၊မာန် ယစ်ခြင်း။ (၁၆)ပမာဒ၊ မေ့လျော့ခြင်း။
[ဤသို့ဂါထာတို့ကိုစဉ်လေ။]

ဂဏှာတိ ဥပါဒိယတီတိ ဂါဟော။
[ဝိဂ္ဂဟ်။]

ဂဏှာတိ၊ ဖမ်းယူကိုက်စားတတ်၏။ ဥပါဒိယတိ၊ စွဲလမ်းတတ် ငြိတွယ်ကိုက်ဆွဲတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂါဟော၊ ဂါဟမည်၏။

ဂါဟတရား သုံးပါးကား- "တဏှာ,မာန,ဒိဋ္ဌိ"၊ဤသုံးပါးတို့ပေတည်း။

**တနည်း**—ဤတရားသုံးပါး ပူးဝင်လျှင် အရှုံးအသွင်ဖြစ်တတ်သောကြောင့်"မညနာ"တရားဟူ၍လည်းခေါ်ဆို၏။

**တနည်း**—ဤတရား သုံးပါးသည် သံသရာ တခွင်တွင်ချယ်ယာမင် လှုပ်ကာ ချဲ့ထွင်တတ်ရသောကြောင့် "ပပဥ္စ"တရားဟူ၍လည်းခေါ်ဆို၏။

ဤတရား သုံးပါးသည် များစွာသော အကုသိုလ်တရားတွေကို ပေါက်ပွါးစေတတ်သောကြောင့် "ခွေးသားအုပ်မကြီး"သုံးကောင်နှင့်တူ၏၊ ရာဂ,ဒေါသစသော (၁၇) ပါးသော အကုသိုလ်တရားတို့သည် "ခွေးသားငယ်" နှင့် တူကုန်၏၊ မြတ်စွာဘုရားက ထိုတရားများ ကင်းကွာလိုက "သမထနှင့်ဝိပဿနာ"ကို ပွါးများကြတဲ့။

ဆောင်။ ရာ- ဒေါ- မောဟာ၊ ကောဓာ-ဥပနှ၊ မက္ခ- ပလာ၊ ဣဿာ-မစ္ဆ၊ မာယ- သာဌာ၊ ထမ္ဘာ- သာရမ်၊ မာနံ- အတိ၊ မဒ- ပမာဒါ၊ သတ္တရသာ၊ မှတ်ပါအင်္ဂုတ်၊ ခွေး ငယ်ထုတ်။

---

## စရဏမရှိ ယထာဘူတမသိ

ဒိုး"ငါ့ရှင်ဥပဝါန" "စရဏ" အကျင့်တရားမှ ရှိတဲ့ သောသူသည် ရုပ်,နာမ် ဓမ္မသင်္ခါရကို "ယထာဘူတ" ဟုတ် မှန်သောအတိုင်း အပြားအားဖြင့် မသိမမြင်၊ "စရဏ" နှင့် ပြည့်စုံသောသူသည် ဟုတ်မှန်သောအတိုင်း အပြားအား ဖြင့် သိ၏၊မြင်၏၊ ဟုတ်မှန်သောအတိုင်း သိမြင်သည်ဖြစ် ၍ သံသရာဝဋ်ဆင်းရဲ၏အဆုံးကို ပြုတတ်၏ဟု စတုက္ကင်္ဂုတ္တ ရပါဠိတော် သဠေတနိယဝဂ် ဥပဝါနသုတ်၌ "ဥပဝါန" ကမေး၍ "ရှင်သာရိပုတ္တရာ" ဖြေကြား တော်မူသည်ကို ထောက်၍"စရဏ"မရှိပါက"ယထာဘူတ"မသိရဟု မှတ် အပ်ကုန်၏။

ထို့ကြောင့်—

ဝိဇ္ဇာစရဏသမ္ပန္နာ၊

ယေနနိယျန္တိလောကတော။

ဟူ၍ အဋ္ဌကထာဆရာကြီးများမိန့်ဆိုတော်မူကြကုန်၏။

ဝိဇ္ဇာစရဏသမ္ပန္နာ၊ဝိဇ္ဇာ,စရဏနှစ်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်၊ ယေန၊ အကြင် ဝိဇ္ဇာ,စရဏနှစ်ပါးဖြင့်။ လောကတော၊ သံသရာ လောကတည်းဟူသော ဤမှာ ဘက်ကမ်းမှ။ နိယျန္တိ၊ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက် သို့ထွက်မြောက်ကြလေကုန်၏။

ထို့ကြောင့် ဆရာမြတ်တို့ မိန့်အပ်တော်မူသည်မှာ—

စရဏံ ပါဒပက္ခံဝ၊ ဝိဇ္ဇံ တုလ္လာသမံ သမံ။
ပူရေတွာန ပဂ္ဂေယျုံ၊ ဘုဥ္ဇိတုံ အမတံ ရသံ၊

ပါဒပက္ခံဝ၊ ခြေ, အတောင်ပံနှင့် တူသော။ စရဏံ၊ စရဏ တရားမျိုးကိုငင်း။ တုလ္လာသမံ၊ နှုတ်သီးနှင့် တူသော။ ဝိဇ္ဇံ၊ ဝိဇ္ဇာတရားမျိုးကိုငင်း။ သမံ၊ မပိုမသာ ညီညွတ်စွာ။ ပူရေတွာန၊ ပြည့်စုံစေ၍။ အမတံရသံ၊ အမြိုက်အရသာကို။ ဘုဥ္ဇိတုံ၊ သုံးဆောင်ခံစားခြင်းငှါ။ ပဂ္ဂေယျုံ၊ သံသရာစခန်းမှ ပျံသန်းကူးမြောက်ကြကုန်ရာသတည်း။

ဤဂါထာဝယ် အဓိပ္ပါယ်သော်ကား- ဘုရားမြတ်စွာ သာသနာသည် "မဂ်သီး,ဖိုလ်သီး,နိဗ္ဗာန်" တည်းဟူသော "ဝိမုတ္တိရသာ"ရည်နှင့် ပြည့်စုံသော"မဓုသက" နတ်ပန်းပင်ကြီးနှင့်တူ၏၊ မဂ်, ဖိုလ်, နိဗ္ဗာန် ရရန် ကြိုးကုတ်အားထုတ်သော ဘာဝနာယောဂီသည် "ကျေးငှက်" နှင့်တူ၏၊ "စရဏ" အကျင့်တရားသည် ခြေ, အတောင်ပံနှင့် တူ၏၊ "ဝိဇ္ဇာ" ခေါ်အသိဘရားသည် နှုတ်သီးဖျားနှင့်တူ၏၊ အသီးစားလို ငှက်ကျေးညိုသည် ခြေ, အတောင်ပံမရှိက အသီးရှိရာ အကိုင်းဝသို့ ပျံသန်းနားရပ်ခြင်းငှါ မဖြစ်နိုင်၊ ခြေ, အတောင်သာရှိ၍ နှုတ်သီးမြမြ မထက်ပြန်ကလည်း အသီး၏အရသာကို ဖောက်ယူစုတ်စားခြင်းငှါ မဖြစ်နိုင်၊ ထို့ကြောင့် ခြေ,အတောင်, နှုတ်သီးတို့ အလုံးစုံ ပြည့်စုံမှသာ အသီးကိုစားနိုင်ရာသကဲ့သို့ နိဗ္ဗာန်လိုလား ဘာဝနာယောဂီများတို့သည်"ဝိဇ္ဇာစရဏ"ပြည့်စုံစွာ အားထုတ်ကြရမည်ကိုသိတော်မူကြပါစေလို။

## ဓမ္မတာ သဘောကို စွဲဆောင်ရန် မလို

အို– ရဟန်းတို့····“သမာဓိ”ဟု ဆိုအပ်သော စိတ်တည်ကြည်သော ပုဂ္ဂိုလ်အား ငါသည် ဟုတ်မှန် တိုင်းကို သိအံ့,မြင်အံ့ဟု စွဲဆောင်ခြင်းကို ပြုရန်မလို၊ အို–ရဟန်းတို့····တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်သည် ဟုတ်မှန်တိုင်းကို အကြင်ကြောင့် သိ၏၊ မြင်၏၊ ဤသို့ သိမြင်ခြင်းသည်“ဓမ္မတာ”သဘောပေတည်း။

အို– ရဟန်းတို့····ရုပ်,နာမ်ဓမ္မ သင်္ခါရကို “ယထာဘူတ”ကျနစွာ သိမြင်သော ပုဂ္ဂိုလ်အား ငါသည် ငြီးငွေ့အံ့ တပ်နှစ်သက်ခြင်း ကင်းအံ့ဟု စွဲဆောင်ခြင်းငှါ ပြုရန်မလို၊ အို– ရဟန်းတို့···· “ယထာဘူတ”ဉာဏ် ရင့်သန်သော ပုဂ္ဂိုလ်သည် ငြီးငွေ့ခြင်း, တပ်နှစ်သက်ခြင်း ကင်းခြင်းကို အကြင်ကြောင့် သိ၏၊ မြင်၏၊ ဤသို့ သိမြင်ခြင်းသည်“ဓမ္မတာ” သဘောပေတည်း။

အို– ရဟန်းတို့···· “ငြီးငွေ့ခြင်း”ရှိသော တပ်နှစ်သက်ခြင်း ကင်းသောပုဂ္ဂိုလ်အား ငါသည် မဂ်,ဖိုလ်,နိဗ္ဗာန်ကို သိမြင်ခြင်းကို မျက်မှောက် ပြုအံ့ဟု စွဲဆောင် ခြင်းကို ပြုရန်မလို၊အို– ရဟန်းတို့····ငြီးငွေ့ခြင်း,တပ်နှစ်သက်ခြင်း ကင်းသောပုဂ္ဂိုလ်သည် မဂ်,ဖိုလ်,နိဗ္ဗာန်ကို အကြင်ကြောင့် မျက်မှောက်ပြု၏၊ ဤသို့ ပြုခြင်းသည် “ဓမ္မတာ”သဘောပေတည်း။

[ဒသကံဂုတ္တရ ပါဠိတော် အာနိသံသဝဂ် စေတနာ ကရဏီယသုတ်။]

ဤသို့ မြတ်စွာဘုရား မိန့်ထားသည်ကို သတိပြုကာ အားထုတ်မှုသာ ကြိုးစားရာ၏၊ မသိမမြင် ရသေးသည်

ကို တွေးတော တောင့်တ၍ နေရန်မလို၊ ဥပမာဆိုရသော် အပုဒ်္ဒကရိ ပြဒါးတိုင်သည် အပူရှိန်တိုးသမျှ တက်ရောက်ရ သကဲ့သို့ "ဘာဝနာယောဂီ"၏ ပါရမီအား,ဘာဝနာအား ရှိသမျှ အဆင့်အတန်းတက်၍ ဒိဋ္ဌထင်ထင် သိမြင်ရလျက် ရင့်ကျက် ရမည်မှာ"ဓမ္မတာ"ပါ။ အဆုံးအဖြတ်ကို အရင် မလိုပါနှင့် ဟူသတတ်။

---

## ပုဂ္ဂိုလ်လေးစားနှင့် ကျင့်နည်းလေးပါး

အို– ရဟန်းတို့....လောက၌ လေးယောက်ကုန်သော ဤပုဂ္ဂိုလ်တို့သည် ထင်ရှားရှိကုန်၏၊အဘယ်လေးယောက် တို့နည်း ဟူမူကား (၁) အကျဉ်းပြကာ မျှဖြင့် တရားကို သိသော"ဥဃဋိတညူ"ပုဂ္ဂိုလ်၎င်း၊(၂) အကျယ်အားဖြင့် ချဲ့ထွင် ဝေဘန်အပ်သည်ရှိသော် တရားကိုသိသော "ဝိပဉ္စိ တညူ"ပုဂ္ဂိုလ်၎င်း၊ (၃)ဥဒ္ဒေသ အစရှိသည်ကို ဆောင်၍ ဟောကြားဆုံးမမှ တရားကို သိသော"နေယျ"ပုဂ္ဂိုလ်၎င်း၊ (၄) ဤဘဝတွင် ဈာန်,မဂ်,ဖိုလ်ကို မရမူ၍ ပါရမီမျှသာ ဖြစ်သော "ပဒပရမ"ပုဂ္ဂိုလ်၎င်း ဟု ဟောတော်မူ၏။

[စတုက္ကင်္ဂုတ္တရ ပါဠိတော် ပုဂ္ဂလဝဂ် ဥဃဋိတညူသုတ်။]

ထို ပုဂ္ဂိုလ်လေးစားတို့တွင် (၄) နံပါတ်"ပဒပရမ" ပုဂ္ဂိုလ်ကို ချန်ထား၍ ကြွင်းသုံးပါးကို နေတ္တိ ပါဠိတော် အဋ္ဌကထာနှင့်ညီစွာ ခွဲခြား၍ပြပေအံ့၊

(၁) "ဥဃဋိတညူ" ပုဂ္ဂိုလ်သည် ဒိဋ္ဌိစရိုက် ပြော၍ ဉာဏ်ထက်၏၊ ပညိန္ဒြေ စေတသိက်နှင့် ယှဉ်၏၊ ဝါ- ပညာ

အားရှိ၏၊ ချမ်းချမ်း သာသာ ကျင့်ရ၏၊ မဂ်တရားကို မြန်မြန်သိ၏၊ သစ္စာလေးပါးကို အမှိုသယဲ အခြေခံပြု၍ အဝိဇ္ဇာ၏ ကင်းရာကင်းကြောင်းဖြစ်သော အရဟတ္တဖိုလ် ပညာဖြင့်ဝင့်မှထွက်မြောက်၏၊ "ဥဃဋိတညူ"ပုဂ္ဂိုလ်ကား ကြားနာအပ်သော ဘုရား တရားတော်ကြောင့် ဖြစ်သော "သုတမယဉာဏ်"၊ မိမိအလို အလျောက် ကြံစည်နိုင်သော "စိန္တာမယဉာဏ်" ရှိ၏၊ မဂ်ကို ဆိုက်စေတတ်သော ထို ဉာဏ်နှစ်ပါး တို့နှင့် ဝိပဿနာသို့ တက်၍ မဂ်,ဖိုလ်,နိဗ္ဗာန် ကို အလျင်အမြန်ရနိုင်၏၊"ဝိပဿနာ" အလုပ်ကိုသာ ညွှန် ကြား၏။

(၂)"ဝိပဉ္စိတညူ" ပုဂ္ဂိုလ်မှာ (၁)"ဒိဋ္ဌိ"စရိုက်ပြော သော (အကောင်းစား) ပုဂ္ဂိုလ်၊ (၂)"တဏှာ"စရိုက် ပြောသော (အညံ့စား) ပုဂ္ဂိုလ်ဟူ၍ နှစ်ပါးရှိ၏၊ ထိုတွင် "ဝိပဉ္စိတညူ" ပုဂ္ဂိုလ် (အကောင်းစား)မှာ "ဒိဋ္ဌိ"စရိုက် ပြော၍ ဉာဏ်နုံ့၏၊ ဝီရိယိန္ဒြေ စေတသိက်နှင့်ယှဉ်၏၊ ဝါ- ဝီရိယလုံ့လ အားရှိ၏၊ ချမ်းချမ်းသာသာ ကျင့်ရ၏၊ မဂ် တရားကို နှေးနှေးသိ၏၊ "သမ္ဗုဒ္ဓစာန်"လေးပါးကို အမှိ သယဲ အခြေခံပြု၍ အဝိဇ္ဇာ၏ ကင်းရာ ကင်းကြောင်း အရဟတ္တဖိုလ်ပညာဖြင့် ဝင့်မှထွက်မြောက်၏၊"ဝိပဉ္စိတညူ" ပုဂ္ဂိုလ်ကား "စိန္တာမယဉာဏ်" မရှိ၊ "သုတမယဉာဏ်" တပါးကိုသာ အရင်းပြု၍ ဝိပဿနာသို့တက်၍ မဂ်,ဖိုလ် ကို အလျင်အမြန်ရနိုင်၏၊ ထိုနှစ်ဦးသော"ဒိဋ္ဌိ"စရိုက်ပြော သော "ဥဃဋိတညူ"ပုဂ္ဂိုလ်၊ "ဝိပဉ္စိတညူ"ပုဂ္ဂိုလ် (အ ကောင်းစား) နှစ်ပါးတို့သည် အစကသာလျှင် ကာမဂုဏ် အလိုမရှိသည်ဖြစ်၍ ဝိပဿနာကို ရှေ့သွား ခေါင်းဆောင်

ပြုလျက်၊ "သီဟဝိက္ကီဠိတ" နည်းဖြင့် "ဒိဋ္ဌိနှင့်အဝိဇ္ဇာ" ကိုသတ်၍ ဝဋ်မှ ထွက်မြောက်၏၊ "အဓိပညာသိက္ခာ"ကို ပြည့်၏။

မှတ်ချက်။ [သီဟဝိက္ကီဠိတ နည်းဆိုသည်ကား မြတ်စွာဘုရား သခင်သည် ခြင်္သေ့မင်း၏ တင့်တယ် စမွယ်ခြင်း ကဲ့သို့ တင့်တယ် စမွယ်တော်မူလျက် တဆယ့် နှစ် ပါးသော ဝိပလ္လာသ တရားတို့ကို ပယ်တော်မူ သောနည်း၊ဝါ-ခန္ဓာငါးပါးကို အနိစ္စ,ဒုက္ခ,အနတ္တ အားဖြင့် ဝိပဿနာဉာဏ် ဖြစ်အောင် ရှုဆင်ခြင် သော နည်းတည်း။]

(၃)"ဝိပဉ္စိတညူ"(အညံ့စား)ပုဂ္ဂိုလ်သည် "တဏှာ" စရိုက်ပြော၍ ဉာဏ်ထက်၏၊ "သမာဓိန္ဒြေ" စေတသိက် နှင့်ယှဉ်၏၊ ဝါ- သမာဓိ အားကောင်း၏၊ ဆင်းဆင်းရဲရဲ ကျင့်ရ၏၊ မဂ်တရားကို မြန်မြန်သိ၏၊ "ဈာန်"တရားကို အမှီသဟဲ အခြေခံပြု၍ ရာဂကင်းရာ ကင်းကြောင်း ဖြစ် သော အရဟတ္တဖိုလ် သမာဓိဖြင့် ဝဋ်မှ ထွက်မြောက်၏၊ "အဓိစိတ္တသိက္ခာ"ကို ပြည့်၏၊ "ဝိပဉ္စိတညူ"(အကောင်း စား)မှာ "ဒိဋ္ဌိ"စရိုက်ပြော၍ ဝိပဿနာကိုညွှန်း၏၊ "ဝိပဉ္စိ တညူ"(အညံ့စား)မှာ"တဏှာ"စရိုက်ပြော၍"သမထ"ကို ညွှန်း၏။

(၄) "နေယျ"ပုဂ္ဂိုလ်သည် "တဏှာ"စရိုက် ပြော၍ ဉာဏ်နုံ့၏၊ "သတိ"စေတသိက်နှင့်ယှဉ်၏၊ ဝါ-သတိအား ကောင်း၏။ ဆင်းဆင်း ရဲရဲ ကျင့်ရ၏၊ မဂ် တရားကို နှေးနှေးသိ၏၊ "သတိပဋ္ဌာန်"လေးပါးကို အမှီသဟဲ အခြေ ခံပြု၍ ရာဂကင်းရာ ကင်းကြောင်း ဖြစ်သော အရဟတ္တ

ဖိုလ်သမာဓိဖြင့် ဝဋ်မှထွက်မြောက်၏၊ "အဓိသီလသိက္ခာ" ကို ပြည့်စေ၏၊ "သမထ"ကိုညွှန်း၏၊ ထိုနှစ်ဦးသော "တဏှာ" စရိုက်ပြောသော "ဥဂ္ဃဋိတညူ"(အညံ့စား) နှင့် "နေယျ" ပုဂ္ဂိုလ်တို့သည်ကာမဂုဏ်တို့ကိုမစွန့်အပ်ကုန်၊ခံစားသည်ဖြစ်၍ "သမထ"ကို ရှေ့သွားခေါင်းဆောင်ပြုလျက် "ဝိပဿနာ" ကို နောက်မှ တဆင့်တက်၍ "နန္ဒိယာဝဋ္ဋ"နည်းဖြင့် ကာမတဏှာ,ဘဝတဏှာနှစ်ပါးကို "သီလ,သမာဓိ" နှစ်ပါးဖြင့် သတ်၍ ဝဋ်မှထွက်မြောက်၏။

**မှတ်ချက်။** [နန္ဒိယာဝဋ္ဋနည်းဆိုသည်မှာတဏှာကိုငင်း, အဝိဇ္ဇာကို ငင်း သမထနည်း,ဝိပဿနာနည်းနှစ်ပါးစလုံးဖြင့် သတ်သောနည်းတည်း။]

ဤကျွတ်ထိုက်သော ပုဂ္ဂိုလ်လေးစား တို့တွင် ယခုနောက်ပိုင်းကာလမှာ သုံးယောက်မြောက် "နေယျ" ပုဂ္ဂိုလ်သာ များသောအားဖြင့် ရှိပေရာ၏ဟု "မန်လည်" ဆရာတော်"လယ်တီ" ဆရာတော်များ ယူဆထားတော်မူကြပေသည်၊ အဘယ်ကြောင့်ဆိုသော် "အခါကာလ"ဆုတ်ကပ်သို့ကျလျှင်"ကာလဝန္တ" ပုဂ္ဂိုလ်ဟူသမျှလည်း ဆုတ်ယုတ်ရမြဲဓမ္မတာဖြစ်၏၊ ထို့ကြောင့် ယခုအခါသမယ သိရှိနိုင်မပြီး၊ သိပြီးကျင့်မှ "ဒုလ္လဘ"ကို မုချမသွေရနိုင်ကြပေရာသတည်း။

---

## ဝဝ နေယျပုဂ္ဂလ ဂုဏ်လေး ဝ

ကျွတ်ထိုက်သောပုဂ္ဂိုလ်၏ ဂုဏ်လေးပါးကား (၁)သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်လိုသည်ဖြစ်၍ နိဗ္ဗာန်သို့ကိုင်း

ရှိုင်း သက်ဝင်ခြင်းဟူသော''ပက္ခန္ဒန''ဂုဏ်၊ (၂) ကြည်ညို ခြင်းဟူသော''ပသီဒ''ဂုဏ် (၃) ကောင်းစွာတည်ခြင်းဟူ သော''သံဒိုတိ''ဂုဏ် (၄) အလွန်အထူးအားဖြင့် နှလုံး သွင်းခြင်းဟူသော''အဓိမုတ္တိ''ဂုဏ်၊ ဤလေးပါးနှင့် ပြည့်စုံ စေရမည်၊ ဤကားကျွတ်ဆိုက်သော ''ဝေနေယျ''ပုဂ္ဂိုလ် တို့၏ ဂုဏ်လေးပါးတည်ဟန်တည်း။

[စရိယပိဋကအဋ္ဌကထာ။]

## မတ္တံဇာနေယျ ပဏ္ဍိတော

ပဏ္ဍိတော၊ ပညာရှိပုဂ္ဂိုလ် လုပ်လိုသော သူသည်။ မတ္တံ၊ မိမိနှင့်တန်မတန် သင့်မသင့် နှိုင်းချင့်စာနာ ရာ,မရာ ကို။ဇာနေယျ၊ သမ္ပဇဉ်ရှေ့ထား စဉ်းစားခါခါ သိပေရာ သတည်း။

## သဘာဝမသိက ငြင်းခုံကြ

ပရိယာယ ဘာသိတံ အတ္ထိ၊ အတ္ထိ သန္ဓာယဘာသိတံ။
သဘာဝ ဘာသိတံ အတ္ထိ၊ဓမ္မရာဇဿ သာသနေ။

[မိလိန္ဒပဉှာပါဠိတော်။]

ဓမ္မရာဇဿ၊ ဓမ္မိဿရ ဓမ္မသာမိ မည်ရှိ တွင်လတ် တရားမင်းမြတ်၏။ သာသနေ၊ အံ့ဘွယ်ရှစ်ဖြာ သာသနာ တော်၌။ ပရိယာယ၊ သွယ်ဝိုက်သမှု ပရိယာယ်ပြုသော အားဖြင့်။ ဘာသိတံ၊ ဟောဘော်ညွှန်ပြ ဆုံးမတော်မူ သောတရားစကားသည်။ အတ္ထိ၊ မုချမသွေ ရှိသည်ဖြစ်ပါ ပေ၏။ သန္ဓာယ၊ ပုဂ္ဂလဇ္ဈာသယ နာခံသူ၏ အလိုဆန္ဒ

အားဖြင့်။ ဘာသိတံ၊ ဟောတော်ညွှန်ပြ ဆုံးမတော်မူသောတရားစကားသည်။ အတ္ထိ၊ မုချမသွေ ရှိသည်ဖြစ်ပါပေ၏။ သဘာဝဘာသိတံ၊ မည်သူကိုမျှ ထောက်ဆမထားတရားသဘာဝအားဖြင့် ဟောတော်ညွှန်ပြ ဆုံးမတော်မူသောတရားစကားသည်။ အတ္ထိ၊ မုချမသွေ ရှိသည်ဖြစ်ပါပေ၏။

တေသ မတ္တံ အဝိညာယ၊မေဓာဝေ ဇိနဘာသိတေ။
အနာဂတမှိ အဒ္ဓါနေ၊ ဝိဂ္ဂဟော တတ္ထ ဟေဿတိ။
[ဂုင်း။]

ဇိနဘာသိတေ၊ မြတ်စွာဘုရား မိန့်ထား ဟောပြသဘာဝဖြစ်သော၊ မေဓာဝေ၊ ကောက်ကျစ်စဉ်းလဲ ယူခက်ခဲသောအရာ၌။ တေသံ၊ထိုဟောပုံသဘာဝ သုံးဌာနတို့၏။ အတ္ထံ၊ အနက်အဓိပ္ပါယ်ကို။ အဝိညာယ၊ ဉာဏ်ဖြင့်သက်ဝင် မသိမမြင်ခြင်းကြောင့်။ အနာဂတမှိ၊မလာရောက်သေး ရောက်လိမ့်ရောက်အံ့ ရောက်လတံ့ဖြစ်သော၊ အဒ္ဓါနေ၊ သာသနာနှစ် နောက်ခေတ်ကာလ၌။ ဝိဂ္ဂဟော၊ အချင်းချင်းအား ငြင်းခုံမှုများခြင်းသည်။ တတ္ထ၊ ထိုဘုရားမြတ်စွာသာသနာတော်၌။ ဟေဿတိ၊ မုချမသွေဖြစ်ပေါ်ရစ်ပေလိမ့်သတည်း။

ခုဒ္ဒကနိကာယ် ဥဒါန်းပါဠိတော် ဇစ္စန္ဓဝဂ် နာနာတိတ္ထိယသုတ်တွင်လည်း သာဝတ္ထိပြည်၌ အထူးထူးသော တိတ္ထိတို့၏ အယူအဆ အမှားအမှန် ငြင်းခုံ၍ နေကြသဖြင့် ရဟန်းများက မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက ချစ်သားတို့…ရှေးအခါက ဤသာဝတ္ထိပြည်၌

ပင် သူကန်းအပေါင်း ဆင်ကိုစမ်းကာ မိမိစမ်းသပ်မိရာ ဌာန ဆင်ဟုစွဲလမ်းကြကာ ငြင်းခုံကြကြောင်း "အကန်း ဆင်စမ်း ဘရမ်းဘတာဖြစ်တတ်စွ" ဟု မိန့်ဟတော်မူခဲ့ပေ၏။

---

## ထို့ကြောင့်မဟုတ်လော

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။
[စရိယ ဒေသနာ ဩဝါဒဂါထာ။]

ဝိဝါဒံ၊ နှင့်,သင်ရှုန့်ရင်း အချင်းချင်းအား ငြင်းခုံမှုများခြင်းကို။ ဘယတော၊ ကြောက်ဘွယ်လန့်ဘွယ် ထိတ်လန့်ဘွယ်ရေး ဘေးကြီးအားဖြင့်။ ဒိသွာ၊ ပညာမျက်စိဖြင့် သိမြင်ကြကုန်သည်ဖြစ်၍။ အဝိဝါဒဉ္စ၊နှင့်,သင်ရှုန့်ရင်း အချင်းချင်းအား ငြင်းခုံမှုမပွါးခြင်းကိုလည်း။ ခေမတော၊ ပစ္စုပ္ပန်, သံသရာ နှစ်ဖြာသောဘေး ကင်းဝေးသောအားဖြင့်။ ဒိသွာ၊ ပညာမျက်စိဖြင့် သိမြင်ကြကုန်သည်ဖြစ်၍။ သမဂ္ဂါ၊ စိတ်တူကိုယ်မျှ ညီညွတ်ကြကုန်သည်၊ သခိလာ၊ ရှင်လန်းကြည်သာ ဝမ်းမြောက်ခြင်းရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ ဧသာ၊ ဤသည်ကား။ ဗုဒ္ဓါနံ၊ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြပေကုန်သော ဘုရားသခင်တို့၏။ အနုသာသနီ၊ အစဉ်ထာဝရ ၊အဆုံးအမ ဩဝါဒတို့ ပါပေတည်း။

## သာသနာခေတ်ကာလကိုရွေးစစ်၍ပြခြင်း

ဝိနည်းစူဠဝါ၊ပါဠိတော်၌ ရှင်စောဘုရား မိန့်မှာထား တော်မူရင်းကား သာသနာနှစ် "တထောင်" သာဖြစ်၏၊ ထိုတထောင်သည် "ပဋိသမ္ဘိဒါပတ္တ" ရဟန္တာခေတ်ကို ပြ လိုရင်းဖြစ်ပေရကား ၎င်းအဋ္ဌကထာ ဗုဒ္ဓမတည့် ဖြစ် တော်မူကြသော ရဟန္တာအရှင်မြတ်တို့ ထားတော်မူခဲ့ သည်မှာ—

(၁) ပဋိသမ္ဘိဒါလေးပါးသို့ရောက်နိုင်သော"ပဋိသမ္ဘိ ဒါပတ္တ"ရဟန္တာခေတ် တထောင်၊ (၂) ဈာန်အစေးခန်း ခြောက်သော"သုက္ခဝိပဿက" ရဟန္တာခေတ်တထောင်၊ (၃) "အနာဂါမ်"ခေတ်တထောင်၊ (၄)"သကဒါဂါမ်" ခေတ်တထောင်၊ (၅) "သောတာပန်" ခေတ်တထောင် ဟူ၍ သာသနာ(၅၀၀၀)တို့ကိုကာလနှင့်ကာလဝန္တပုဂ္ဂိုလ် တို့၏ အဓ္ဈာသယခေတ်ကိုကြည့်ရှု၍ ဆုံးဖြတ်ပိုင်းခြား အ လွန်အားဖြင့်သာ ထားတော်မူခဲ့ကြခြင်းဖြစ်ပေ၏။

တနည်း—ဒီဃ ဘာဏက, သံယုတ္တဘာဏက အဋ္ဌက ထာဆရာကြီးတို့ အလိုအားဖြင့်ကား(၁) ပဋိသမ္ဘိဒါပတ္တ" ခေတ်တထောင်၊(၂)"ဆဠဘိည" ခေတ်တထောင်၊ (၃) ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော "တေဝိဇ္ဇ" ရဟန္တာခေတ် တထောင်၊ (၄)"သုက္ခဝိပဿက" ခေတ်တထောင်၊ (၅) ပါတိမောက္ခ သံဝရသီလလုံခြုံကာမျှ "ပါတိမောက္ခသံဝရ" ခေတ်တထောင်ဟူ၍သာသနာ (၅၀၀၀) ကိုထားတော် မူခဲ့ကြ၏။

တနည်း–အင်္ဂုတ္တရ် ဘာဏက,ခုဒ္ဒက ဘာဏက,သမ္မော ဟဝိနောဒနီအဋ္ဌကထာ ဆရာကြီးတို့အလိုအားဖြင့် (၁) "ပဋိသမ္ဘိဒါပတ္တ" ခေတ် တထောင်၊ (၂) "ဆဠဘိည" ခေတ် တထောင်၊ (၃) "တေဝိဇ္ဇ" ခေတ် တထောင်၊ (၄) "သုက္ခဝိပဿက"ခေတ် တထောင်၊(၅)"အနာဂါမ်, သကဒါဂါမ်,သောတာပန်" ခေတ် တထောင်ဟူ၍ သာသနာ (၅၀၀၀) ကို ထားတော်မူခဲ့ကြ၏။

ထို အဋ္ဌကထာကြီး ငါးလက်တို့တွင် ယခုခေတ်အရ စူဠဝါအဋ္ဌကထာကြီးဝါဒနှင့် ကိုက်ညီလှပေသောကြောင့် ဆရာမြတ်တို့ နှစ်သက်တော်မူကြ၏၊

ဆောင်။ ဝိနည်းသဘော၊ ပ-သုက်-နာ-သ-သော။
ဒီ-သံ အလာ၊ ပ-ဆ-တေ-သု-ပါ။
အင်-သံ သဘော၊ ပ-ဆ-တေ-သု-နာတယော။

ဤသို့ တဆင့်အောက် တဆင့် ယုတ်လျော့၍သွားရခြင်းမှာ "ဈာန်,မင်,ဖိုလ်" တရားတို့က ယုတ်လျော့ကာ မရနိုင်ခြင်းမဟုတ်ပါ၊ အမှန်စင်စစ်မှာ ခေတ်ကာလအလိုက်ဖြစ်ကြသော ပုဂ္ဂိုလ်တို့၏ စရိုက်ကယုတ်လျော့၍သာ အထက်အထက် အဆင့်အတန်းများသို့ မရရောက်နိုင်ခြင်းဖြစ်ပါသည်၊အကယ်၍သာ ရှေးပုဂ္ဂိုလ်တို့၏ ပါရမီအား, လုံ့လအားသာ ယခုပုဂ္ဂိုလ်တို့မှိကြပါမူ မုချမှန်စွာ ရဟန္တာတို့ဖြစ်ကြရမည်သာ၊ ထို့ကြောင့် မြတ်စွာဘုရားသခင် မိန့်ခွန်းတင်ခဲ့သည်မှာ–

သစေ သမ္မာ ဝိဟရေယျုံ၊
န ဆိဉ္ဈေယျုံ ဝိတာသဝါ။

တသ္မာ သမ္မာ ဝိဟရေယျုံ၊
သံသိန္ဒိတွာန သံသယံ။
[သုတ်မဟာဝါ ပါဠိတော်။]

သမ္မာ၊ ကောင်းစွာ။ သစေ ဝိဟရေယျုံ၊ အကယ်၍ ကျင့်ကြံပွါးများ ကောင်းစွာအားထုတ်၍ နေကြကုန်သည် ဖြစ်ငြားအံ့။ ဝိတာသဝါ၊ အာသဝေါကင်းကွာ ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ လောကေ၊လောက၌။ နဆိန္ဒေယျုံ၊မပြတ် ကြကုန်ရာ။ တသ္မာ၊ ထို့ကြောင့်။ သံသယံ၊ ကျွတ်ထိုက် သောပုဂ္ဂိုလ် ဟုတ်လေသလော မဟုတ်လေသလော, တိ ဟိတ်ပုဂ္ဂိုလ်ဟုတ်လေသလော မဟုတ်လေသလော စသော ယုံမှားခြင်း ဝိစိကိစ္ဆာ စိတ်နှစ်ခြာကို။ သံသိန္ဒိတွာန၊ ဖြတ်၍။ ဝါ၊ ဖျောက်၍။ သမ္မာ၊ ဘုရားဆုံးမ ဩဝါဒကို ချွတ်ယွင်းမပေါ် ကောင်းမွန်စွာ။ ဝိဟရေယျုံ၊ ကျင့်ကြံပွါး များ အားထုတ်၍သာနေကြကုန်ရာသတည်း။

---

## သိကြားသာသနာ

"သိကြားသာသနာ" ဟူသောစကားသည် အဝမြို့ရာဇ မဏိစူဠာ ကောင်းမှုတော်ကြီး ဒါယကာ သာလွန်မင်းတ ရားကြီးလက်ထက်ကစ၍ ဖြစ်ပေါ်ခဲ့၏၊ **ထင်ရှားစေအံ့**– ထိုမင်းလက်ထက်တွင် လောကီ,လောကုတ်အရာ ပညာစုံ လင်တော်မူသော **"နတ်စက်ရောင်ဆရာတော်"**နှင့်**"ဇာဂရု ဗုဏ္ဏား"** တို့သည် ထင်ရှားကျော်စောခဲ့ကြ၏၊ ထိုပုဂ္ဂိုလ် တို့သည် တိုင်းရေးပြည်ရာကို တွက်ချက်ပြီးကာ သာသ နာတော် (၂၅၀၀) နှစ် တိုင်အောင် နှစ်တိုင်းအတွက်

ဟောစာတမ်းများကို ရေးသားစီရင်ခဲ့ကြ၍"နတ်စက်ရောင်သိုက်,ဇာဂရုသိုက်"ဟူ၍ အမည်ပေးခဲ့ကြလေ၏၊ ၎င်းသိုက်မှာ သာသနာတော် (၂၅၀၀) ပြည့်နှစ်အတွက် ဟောချက်တွင် "ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနဗ္ဗယာ၊ သာသနာတော်ကုန်ခြင်းကြောင့်။ သက္ကယာစိတံ၊ သိကြားမင်းတောင်းပန်အပ်သော။ သာသနံ၊ သာသနာတော်ကို။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်။ ရက္ခိဿတိ၊ စောင့်ရှောက်လတ့်။" ဟု ရှိပေ၏။

အမှန်မှာ–သာသနာဟူသည်"ပရိယတ္တိသာသနာ,ပဋိပတ္တိသာသနာ,ပဋိဝေဓသာသနာ"၊ တနည်း– "သီလသာသနာ, သမာဓိသာသနာ,ပညာသာသနာ" ဟု မြတ်စွာဘုရား ဟောပြ ညွှန်ကြားတော်မူခဲ့ရာ ထမ်းဆောင်သူသာ ပဓာန၊ သာသနာဝင် ကျမ်းစာများတွင် ဘယ်သူကလျှောက်၍ ဘယ်သူ့ကိုမျှမလွှဲအပ်၊ အရိယာဇာတ်ဝင် သောတာပန် သိကြားစင်ဖြစ်ပါလျက် ဘယ်သူကိုမှ မိုယ်းကြိုးနှင့်မပစ်သတ်ဟူ၍ ကေန်မုချမှတ်ယူကြပါ။

"မဂုရသဝါဟိနီ" မည်သော သီဟဠဝတ္ထု၊ မဟာဝင်နိပါတ်တော်များ၌ သာသာနာတော်ကို သိကြားမင်းကူညီသော အချက်သုံးချက်ကား (၁) သာသနာပြုရန်လိုသောအခါ၊ (၂)သာသနာတော်၏ဘေးရန် ပေါ်ပေါက်သောအခါ၊ (၃) သာသနာတော် ဆုတ်ယုတ် ညှိုးမှိန်သောအခါဟူ၍ သုံးချက်ပြထား၏၊ ထိုမှတပါး မိမိအတွက် အာဏာစက်အရာ တာဝန်ယူသည်မှာ သီလက္ခန္ဓအဋ္ဌကထာ အမ္ဗဋ္ဌသုတ္တဝဏ္ဏနာ တွင်လာ၏၊ ဥယျောဇနကဏ္ဍတွင် ပြခဲ့ပြီးဖြစ်သည်။

## လောကယုဂ လေးပါး

လောကတွင် သတ္တဝါတို့၏ အကျင့်အာစာရနှင့်ယှဉ်သော ခေတ်အခါကာလ "ယုဂ်" လေး၀ဟူသည်ကား (၁) "ကတယုဂ်"၊ (၂) "တေတြယုဂ်"၊ (၃) "ဒွါပရယုဂ်"၊ (၄) "ကလိယုဂ်" ဟု လေးမျိုးရှိရာ ယခုအခါမှာကား အညံ့ဆုံးဖြစ်သော လေးနံပါတ် "ကလိယုဂ်" ဆုတ်ကပ်အခါသို့ နှစ်ပေါင်း (၅၀၅၀)မျှ ဝင်ရောက်၍လာခဲ့ပေ၏။

ထင်ရှားစေအံ့–(၁) "ကတယုဂ်" ကာလ၌ လူတို့၏အကျင့်အာစာရသည် အခြေလေးချောင်းရှိသတ္တဝါ လေးချောင်းလုံးထောက်ကာ ခိုင်မာစွာရပ်တည်သကဲ့သို့ တည်တံ့ခိုင်မြဲသောအကျင့်တရားရှိကြကုန်၏၊ (၂)"တေတြယုဂ်" ကာလ၌ကား အခြေသုံးချောင်းမျှသာ ထောက်တည်သည်နှင့်တူကုန်၏၊ (၃) "ဒွါပရယုဂ်"ကာလ၌ကား အခြေနှစ်ချောင်းမျှသာ ထောက်တည်သည်နှင့် တူကုန်၏၊ (၄) "ကလိယုဂ်" အခါကာလ၌ကား အခြေလေးချောင်းရှိသတ္တဝါ တချောင်းမျှသာ ထောက်တည်ကာရပ်သည်နှင့်တူသောကြောင့် မလဲရုံပမာဏ လှုပ်လှုပ်မျှ ကျန်ရှာပေတော့၏။

ယို့ကြောင့်–

ကလိယုဂေ သမာယာတေ၊ သဗ္ဗပါပေက မန္ဒိရေ။
ကေပါဒေါ ဘဝေ ဓမ္မော၊သဗ္ဗေ ပါပရတာ ဇနာ။

သဗ္ဗပါးပေက မန္ဒိရေ၊ မကောင်းမှုအားလုံး၏ စုရုံးတည်နေရာ အိမ်သဘွယ် ဖြစ်သော။ ကလိယုဂေ၊ ကလိယုဂ်ကာလသည်။ သမာယာတေ၊ ကောင်းကောင်း ရောက်လာ

သည်ရှိသော်။ ဓမ္မာ၊ လူတို့၏ အကျင့်တရားသည်။ ကေ ပါဒေါဘဝေ၊ ခြေတချောင်းသာ ထောက်တည် သည်နှင့် တူ၏၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဇနာ၊လူများအပေါင်း တို့သည်၊ ပါပရတာ၊ မကောင်းမှု၌ မွေ့လျော်ကြကုန်၏။

ဗြာဟ္မဏာ ခတ္တိယာ ဝေဿာ၊သုဒ္ဒါ ပါပပရာယဏာ။
နိဇာစာရဝိဟိနာစ၊ ဘဝိဿန္တိ ကလိယုဂေ။

ကလိယုဂေ၊ ကလိယုဂ် ခါသမယ ဆုတ်ကပ် ကာလ၌။ ဗြာဟ္မဏာ၊ရဟန်း,ပုဏ္ဏားတို့သည်၎င်း။ ခတ္တိယာ၊ မင်းတို့ သည်၎င်း။ ဝေဿာ၊ ကုန်သည် တို့သည်၎င်း။ သုဒ္ဒါ၊ သူ ဆင်းရဲတို့သည်၎င်း။ ပါပပရာယဏာ၊ မကောင်းမှုသာလျှင် လည်းလျောင်း မှီခိုရာ ရှိကုန်သည်၎င်း။ နိဇာစာရ ဝိဟိ နာစ၊ မိမိတို့ ကျင့်ရိုးတရားမှ ဆုတ်ယုတ် ကုန်သည်၎င်း။ ဘဝိဿန္တိ၊ မုချမသွေ တနေ့တခြား လျော့ပါး ဆုတ်ယုတ် ခြင်း ဖြစ်ကြကုန်လိမ့်လတံ့။

ဤကဲ့သို့ လောကယုဂ်ကြီး လေးပါးနှင့် ပိုင်းခြား၍ ကြည့်သောအခါ ဘယ်အခါဘယ်ကာလ ဘယ်သူ လာမှာ ကိုမှ မမြော်တသင့်ပေ၊ အထွေထွေအဝဝ "ဘိုးဘိုးက- မ" မည်ဆိုသလို ထိုထိုသဘာဝ နားမလည်ကြ၍ "စကြာမင်း" ကြွအလာ ဘယ်သူ့ကို ခေါ်မှာလို ကြံ့ဆို စောင့်စား မိမိတို့၏ အားထုတ်ရန် ကိုယ်ကျင့်တရားတွေ လျော့ပါးပြီး ကာ မြော်တော်ယောင် တရားတွေနှင့်သာ ချိန်ကုန်လူပန်း ပစ္စည်းတွေကုန်ခန်း၍ ဘရမ်းဘတာ ဖြစ်ရှာကြကုန်မှာသာ တည်း။

[အကျယ်အလိုရှိက ကပ္ပဒ္ဒုမကျမ်း, ဝိသုဒ္ဓါရုံ အဆုံးအဖြတ် တို့မှာ ယူတော်မူကြပါကုန်။]

# သာသနာယုဂငါးပါး

သာသနဿ ဟိ ပဉ္စယုဂါနိ ဝိမုတ္တိယုဂံ သမာဓိယုဂံ
သီလယုဂံ သုတယုဂံ ဒါန ယုဂန္တိ။
[ဖုဿဒေဝရ အဋ္ဌကထာ။]

ဟိ-ဝိတ္ထာရေမိ၊ ချဲ့ပေအံ့။ သာသနဿ၊ သာသနာတော်၏။ ယုဂါနိ၊ ခေတ်အခါ ကာလတို့သည်။ ဝိမုတ္တိယုဂံ၊ ဖလသမာပတ် ဝင်စားခြင်းများသော ဝိမုတ္တိယုဂ ခေတ်လည်းတပါး။ သမာဓိယုဂံ၊ ဈာန်အဘိညာဏ် တန်ခိုးပြခြင်းများသော သမာဓိယုဂ ခေတ်လည်းတပါး။ သီလယုဂံ၊ ကိုယ်ကျင့်တရား ကျင့်ခြင်း များသော သီလယုဂ ခေတ်လည်းတပါး။ သုတယုဂံ၊ စာပေကျမ်းဂန် သင်အံခြင်းများသော သုတယုဂ ခေတ်လည်း တပါး။ ဒါနယုဂံ၊ လှူဒါန်းခြင်း ကိုသာပြုခြင်း များသော ဒါနယုဂ ခေတ်လည်း တပါး။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့ပေတည်း။

ဤသို့''ယုဂ်ကြီးငါးပါး''ရှိရာတွင် ဆဋ္ဌာဘိည''ဖုဿ'' မည်တွင် ရဟန္တာ ထေရ်အရှင်အား ''ပဏ္ဍုရ'' ရသေ့က သာသနာနောင်ရေး သိလိုရေးနှင့် မေးလျှောက်သောအခါ အနာဂတံသ ဉာဏ်တောဇဖြင့် ဖွင့်ဟထုတ်ဘော် ဟောတော်မူခဲ့ရာ နှစ်အကန့် အသတ်''သချာ''အဋ္ဌကထာတွင်မပြ၊ ခေတ်ကာလ ငါးဝတို့၏ သဘောကိုသာ ဟော မြွက်ခြင်းဖြစ်၏၊ ''လောကယုဂ်,သာသနာယုဂ်'' တို့ကို ပေါင်းချုပ်ပြီး ကြည့်ရာ ဆုတ်ယုတ်ရာမှ တဘန် တက်ရန်ကို မပြ၊ တရက် ထက် တရက် တလ ထက် တလ တနှစ် ထက် တနှစ် ဆုတ်ယုတ်မည့် စံနစ်ကိုသာ ဖွင့်လှစ်တော် မူကြ

ပါ၏၊ ထို့ကြောင့် "ဝိမုတ္တိတပတ်ပြန်လျှင်၊ ပရမတ်သံကြား ပါလိမ့်လေး"ဟူသော ခေတ်တခေတ်လျှင် အနှစ် (၅၀၀) စီပိုင်း၍ သာသနာ (၂၅၀၀)ပြည့်က"ဝိမုတ္တိ"တပတ်ပြန် ယူသောဝါဒ ဆင်ခြင်ကြပေရာ၏၊ ဆဋ္ဌာဘိညဖုသမထေရ် မိန့်ခွန်းချွေခဲ့သည်မှာ–

ကောဓနာ ဥပနာဟီစ၊ မက္ခီ ထမ္ဘီ သဌာ ဗဟူ။
ဣဿုကီ နာနာဝါဒါစ၊ ဘဝိဿန္တိ အနာဂတေ။
[ဖုဿထေရ ဂါထာ ပါဠိတော်။]

အနာဂတေ၊ သုဒ္ဓိလေးဝ သီလမျှလည်း ကင်းကြကုန် ပြန် ကျမ်းဂန်ကိုသာ သင်ပါသမျှ လုံ့လပြုသော "သုတ ယုဂ်" ကာလကစ၍ ဗုဒ္ဓသာသနာ နှောင်အခါ၌။ (တဆ္ထ သုတယုဂတော ပဌာယ ပစ္ဆိမ ကာလော။ ။ရင်းအဋ္ဌကထာ။) ဗဟူ၊များစွာကုန်သော ရဟန်းတို့သည်။ ကောဓနာ၊အမျက် ထွက်လေ့ ရှိကုန်သည်။ ဥပနာဟီ၊ မုန်းတား ကျိုးမဲ့ ရန်ငြိုးဖွဲ့လေ့ ရှိကုန်သည်။ မက္ခီ၊ သူ့ကျေးဇူးကို အထူး မမှတ် ဖျောက်ချေ တတ်ကုန်သည်။ ထမ္ဘီ၊ အလွန်မာန် စောင် လွှားထောင် တောင့်တင်း ခိုင်မာခြင်း သဘော ရှိကုန်သည်။ သဌာ၊ မကျင့် မပြတ် မသိဘတ်ဘဲ ကျင့် ပြတ်တတ် သိယောင် ဟန်ဆောင် လိမ်လစ် ကောက်ကျစ် စဉ်းလဲသော သဘော ရှိကုန်သည်။ ဣဿုကီ၊ သူတပါး ဂုဏ် ပြည့်စုံသည်ကို မကြည်ညိုဘဲ အလိုမပြု ငြူစူရှုဘ်ချ ခြင်း သဘောရှိကုန်သည်။ နာနာဝါဒါ၊ အယူ ဆန့်ကျင် နင် သင်ရှုန့်ရင်း အချင်းချင်းအား ငြင်းခုံခိုက်ရန် ပြုတတ် ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ရစ်ကြ ကုန်လိမ့်လတံ့။

ဤမိန့်ခွန်းကို ထောက်ဆ က ယခုအခါကာလ ဖြစ်ကြ ပုံသဘာဝ ကိုက်ညီ လှပေ၏၊ ဤကဲ့သို့ပင် ဖြစ်ရစ်အင် သဘာဝ မိန့်ဟတော် မူခဲ့သည်မှာ (၂၅)ဂါထာ ရှိပေ၏၊ ထို (၂၅) ဂါထာကို အကျဉ်း ချုံးသော နိဂုံး စကား သည်ကား—

ဧဝံ အနာဂတဒ္ဓါနံ၊ ပဋိပတ္တိ ဘဝိဿတိ။
ဘိက္ခူနံ ဘိက္ခုနီနဉ္စ၊ ပတ္တေ ကာလမှိ ပစ္ဆိမေ။
[ ၎င်း။ ]

ဧဝံ—ဤမိနာ ဝုတ္တ ပကာရေန၊ အလုံးစုံ ပြဆိုအပ်ပြီး သော အပြားအားဖြင့်။ အနာဂတံ၊ မလာ ရောက်သေး ရောက်လိမ့် ရောက်အံ့ ရောက် လတံ့သော။ အဒ္ဓါနံ၊ နောင်အခါကာလ၌။ ပစ္ဆိမေ၊နောက်ဖြစ်သော။ ကာလမှိ၊ သီလလေးဆူ မဖြူမစင် ပစ္စည်းခင်၍ စာသင် စာရှု လေ့ လာပြုသော သုတယုဂ် ကာလသည်။ ပတ္တေ၊ တရွေ့ရွေ့ ဆုတ်လျက် ရောက်လတ် သည် ရှိသော်။ ဘိက္ခူနဉ္စ၊ ရဟန်းယောကျ်ားတို့၏၎င်း။ ဘိက္ခုနီနဉ္စ၊ ရဟန်း မိန်း မတို့၏၎င်း။ ပဋိပတ္တိ၊ ဘောက်ပြန်နည်းလွတ် ယွင်းချွတ် ပျက်ပြားသော အကျင့်တရားသည်။ ဝါ၊ ကောဓ,ဥပ နာဟ စသည်များစွာ ယုတ်မာဆိုးဝါးပျက်ပြားချွတ်ယွင်း ဂုဏ်နှိမ့်ကင်းသော အကျင့်ယုတ် အကျင့် မှားသည်။ ဘဝိဿတိ၊ စင်စစ်မုချ ကေန္ဒာဖြစ်ပေါ်ရစ်လိမ့်လတံ့။

---

## သာသနာကွယ်ကြောင်း ငါးပါး

အို—ရဟန်းတို့····ငါးပါးကုန်သော ဤတရားတို့သည် သူတော်ကောင်းတရား ဟု ဆိုအပ်သော သာသနာတော်၏

ပျောက်ပျက်ခြင်း၄ါ ကွယ်ပခြင်း၄ါ ဖြစ်ကုန်၏၊ အဘယ်ငါးပါးတို့နည်းဟူမူကား အို–ရဟန်းတို့…. ဤသာသနာတော်၌ ရဟန်းတို့သည် (၁) ရှိသေစွာတရားတော်ကို မနာယူခြင်း၊ (၂) ရှိသေစွာတရားတော်ကို မသင်ယူခြင်း၊ (၃) ရှိသေစွာတရားတော်ကို မဆောင်ခြင်း၊ (၄)ရှိသေစွာဆောင်ကုန်သောတရားတို့၏ အနက်အဓိပ္ပါယ်ကို ဉာဏ်ဖြင့် မစူးစမ်းမဆင်ခြင်ခြင်း၊ (၅) ရှိသေစွာ အနက်သဘောကိုသိ၍ တရားကိုသိ၍ လောကုတ္တရာ တရားကိုးပါးအား လျော်သောအကျင့်ကို မကျင့်ခြင်း၊ အို–ရဟန်းတို့….ဤငါးပါးကုန်သောတရားတို့သည် သူတော်ကောင်းတရားဟု ဆိုအပ်သောသာသနာတော်၏ ပျောက်ပျက်ခြင်း၄ါ ကွယ်ပခြင်း၄ါ ဖြစ်ကုန်၏။

[ပဉ္စင်္ဂုတ္တရပါဠိတော် သဒ္ဓမ္မဝဂ် ပဌမသဒ္ဓမ္မသမ္မောသသုတ်။]

တနည်း–(၁) တရားတော်ကို မသင်ကြခြင်း၊ (၂) သင်ကြားအပ်ပြီးသောတရားကို အကျယ်မဟောကြားခြင်း၊ (၃) သူတပါးအား အကျယ် မသင်ကြားမပို့ချခြင်း၊ (၄) အကျယ်အားဖြင့် မရွတ်ဆို မအံခြင်း၊ (၅)အကျယ်အားဖြင့် စိတ်ဖြင့်အစဉ်လျှောက်၍ မကြံမသုံးသပ်မဆင်ခြင်ခြင်း။

[၎င်းဒုတိယသဒ္ဓမ္မသမ္မောသသုတ်။]

တနည်း–(၁) ပါဠိတော်ပုဒ်များ မှားမှားယွင်းယွင်း သင်ယူခြင်း၊ (၂) ဆိုဆုံးမခက်ခြင်း၊ (၃) သင်ကြားပို့ချနိုင်လောက်သော ပုဂ္ဂိုလ်တို့က မသင်ကြား မပို့ချခြင်း၊ (၄)လာဘ် ပေါများခြင်းကို အလိုရှိကာ အလျော့ဘက်သို့ လိုက်ကာ သာသနာဆုတ်ယုတ်ရေး၌ ရှေ့သွားခေါင်း

ဆောင်လုပ်လျက် သာသနာတိုးတက်မှု၌ကား ဆန္ဒ,ဝီရိယ လျှော့ချထားခြင်း ။(၅) ရဟန်းတို့အချင်းချင်း ကွဲပြား ကြခြင်း။

[ဝုဏ်းတတိယ သဒ္ဓမ္မသမ္မောသသုတ်။]

ဆောင်။ (၁) အင်္ဂုတ္တိုရ်လာ၊သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်ဘွင်မဆောင်၊ သိအောင်မမှတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း၊

(၂) နောက်လာထို့ပြင်၊ စာသင်ပယ်သွေ၊ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်ဖွာ့မအံ၊ မကြံမစည်၊ ဤငါးလီတည်း၊

(၃) ဝါ-တနည်းမှာ၊ အကျွရာ့ုဒ်ပျက်၊လေ့ကျက် သင်ကြ၊ ဆုံ့ခဃူ၊ စာချသူရှား၊ လာဘ်များ အောင်ကြံ၊ ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း။

---

## မဂ္ဂင်ရထားစီး၍သွား

အဋ္ဌရာဂဏာသံယုဋ္ဌံ၊
ပိသာစဂဏာသေဝိတံ။
ဝနန္တံ မောဟနံ နာမ၊
ကထံ ယာတြာ ဘဝိဿတိ။

[သဂါထာဝဂ္ဂ ဒေဝတာ သံယုတ်ပါဠိတော် အာဒိတ္တဝဂ် အဋ္ဌရသုတ်။]

ဘန္တေ၊ ရွှေဘုန်းတော်ရှင် သခင်မြတ်ကြီးဘုရား။အဋ္ဌ ရာဂဏာသံယုဋ္ဌံ၊ နတ်သမီးအပေါင်းတို့သည် သောင်း သောင်းကြွက်ညံ က-ခုန်မြူးပျော် ကြွေးကြော်အပ်သော၊

ဝိသာခဂဏာသေဝိတံ၊ မြေဘုတ်ဘီလူး အပေါင်းတို့သည် အမြဲမွေ့လျော်မှီဝဲအပ်သော။ မောဟနံနာမ၊ သတ္တဝါ တို့ကို မိုက်မဲတွေဝေအောင်ပြုတတ်သောကြောင့် မောဟန အမည်ရသော။ တံဝနံ၊ ထိုသြဃလေးပါး၏ လွန်စွာယိုစီး ဖြစ်ပွါးရာ နန္ဒဝန်ဥယျာဉ်ကြီးကို။ ကထံ-ကေန၊ အဘယ် သို့သောအကြောင်းဖြင့်။ ယာတြာ၊ လွန်မြောက်နိုင်ခြင်း သည်။ ဘဝိဿတိ၊ ဖြစ်ပါလတံ့နည်း-ကျေးဇူးတော်ရှင် သခင်မြတ်ကြီးဘုရား။

ဤကဲ့သို့–သမဏနတ်သားက သြဃလေးပါး လွန်ပွါး များရာ နန္ဒဝန်ဥယျာဉ်အစရှိသော နတ်တို့ဌာနာတာဝတိံ သာမှ နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းရာဌာနသို့ သံဝေဂ ကြီးစွာရ၍ ထွက်မြောက်ရန်လမ်းစ ကယ်မဟောကြား ပေးသနားရန် လျှောက်ထားမေးမြန်းသောအခါ ကျေးဇူး တော်ရှင် ဘုရားသခင်က မိန့်ပြတော်မူသည်မှာ–

(၁) ဥဇုကော နာမ သော မဂ္ဂေါ၊
အဘယာ နာမ သာဒိသာ။
ရထော အကူဇနော နာမ၊
ဓမ္မစက္ကေဟိ သံယုတော။

(၂) ဟိရိ တဿ အပါလမ္ဗော၊
သတျဿ ပရိဝါရဏံ။
ဓမ္မာဟံ သာရထိ ဗြူမိ၊
သမ္မာဒိဋ္ဌိ ပုရေ ဇဝံ။

(၃) ယဿ ဧတာဒိသံ ယာနံ၊
ဣတ္ထိယာ ပုရိသဿ ဝါ။

သ ဝေ ဓောန ယာနေန၊
နိဗ္ဗာနသောဝ သန္တိကေ။
[ဂုဏ်။]

(၁) ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာခြား အို–သမဏနတ်သား။ သောမဂ္ဂေါ၊ ထိုမဂ္ဂင်ရှစ်ပါးတည်း ဟူသော လမ်းခရီးသည်ကား၊ ဥဇုကောနာမ၊ မကွယ် မထောင့် တကယ်ဖြောင့်သော လမ်းခရီးမည်ပါပေ၏။ သာဒိသာ၊ ထိုနိဗ္ဗာန်တည်းဟူသော ပရမသုခရွှေမြို့တော် ကြီးရှိရာ အရပ်သည်ကား။ အဘယာနာမ၊ ဘေးမျိုးကင်း စင် ရန်မျိုးကြဉ်ရာအရပ်မည်၏၊ ဓမ္မစက္ကေဟိ၊ ကာယိက ဝီရိယ,စေတသိက ဝီရိယတည်းဟူသော ရထားဘီးတို့နှင့်။ သံယုတော၊ မကျွတ်နိုင်အောင် ကောင်းစွာတပ်ယှဉ်အပ် သော။ ရထော၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော ရထားသည် ကား။ အကူဇနောနာမ၊ရေ,ဆီ,လှည်းစာမထိုးသော်လည်း မကျိုးမမြည်သော ရထားမည်ပါပေ၏။

(၂) ဟိရီ၊ မကောင်းမှုဒုစရိုက်မှ ရှက်တတ် ကြောက် တတ်သော ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးသည်။ တဿ၊ ထို မဂ္ဂင်ရှစ်ပါးတည်းဟူသော ရထား၏။ အပါလမ္ဗော၊ မှီရာ တံကဲ မည်ပါပေ၏။သတိ၊ကုသိုလ်အာရုံကို မပျောက်ပျက် အောင်ကောင်းစွာမှတ်သားအောက်မေ့တတ်သော သတိ တရားသည်၊ အဿ၊ထိုမဂ္ဂင်ရှစ်ပါးတည်းဟူသောရထား၏။ ပရိဝါရဏံ၊ရံတိုင်မည်ပါပေ၏။သမ္မာဒိဋ္ဌိပုရေဇဝံ၊ ဝိပဿ နာ သမ္မာဒိဋ္ဌိလျှင် ရှေ့သွားရှိသော၊ ဓမ္မံ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိကို။ သာရထိ၊ရထားထိန်းဟူ၍။ အဟံ၊ သင်တို့

ဆရာဘုရားငါသည်။ ဖြူမိ၊မုချမသွေ ဟောမြွက်တော်မူပါပေ၏။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မေးလျှောက်လာငြား အို-သမဏ နတ်သား။ ယဿာဇုတ္တိယာဝါ၊ အကြင်မိန်းမသည်ငှင်း။ ယဿပုရိသဿဝါ၊ အကြင် ယောကျ်ားသည်ငှင်း။ တောဒိသံ၊ ဤသို့သဘောရှိသော။ ယာနံ၊ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားသည်။ အတ္တိ၊ ကိုယ်စီ ကိုယ်ငှ ရှိကြသည်ဖြစ်အံ့၊ သ-သောဇုတ္တိပုရိသော၊ထိုမိန်းမယောကျ်ား လူအများသည်။ တေန ယာနေနဝေ၊ ဤမဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့်သာလျှင်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်တည်းဟူသော ပရမသုခရွှေမြို့တော်ကြီးသို့။ ဝေ၊ ကေန်စင်စစ်၊ သန္တိကေ၊မုချမသွေ ရောက်နိုင်လေသတည်း။

ဤသို့"မြတ်စွာဘုရား"ကမဂ္ဂင်လမ်းကိုပြ၍ဖြေကြားလိုက်သောအခါဒေသနာတော်၏အဆုံး၌နတ်သမီးတထောင်နှင့်တကွထို"သမဏနတ်သား"သည် မဂ္ဂင်ရထားစီးကာ သောတာပန်တည်းဟူသောနိဗ္ဗာန်ပြည်တော်သာစခန်းသို့စံမြန်းဝင်ရောက်ရရှာလေသတည်း။

---

## ဘုရားရဟန္တာ ဆရာများသည် လမ်းညွှန်မျှသာ

တုမှေဟိ ကိစ္စံ အာတပ္ပံ၊
အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊
ဈာယိနော မာရဗန္ဓနာ။

ဘိက္ခဝေ၊ တမဂ်,တဖိုလ် ရလိုကြကြောင်း ဆုခွင်တောင်းကြသည့် အို-သူတော်ကောင်း အပေါင်းတို့။

တထာဂတာ၊ များမိုခိုရာ ဘုရား, ရဟန္တာ, ဆရာသမားတို့ မည်သည်ကား၊ အက္ခာတာရော၊ ကောင်းစွာကျနု လမ်းညွှန်ပြ၍ ဟောကြားရုံ ဆိုးမရုံမျှသာ တတ်နိုင်ကြပါကုန်၏။ ကိစ္စ၊ မဂ်, ဖိုလ်,နိဗ္ဗာန် ရရန်တသွယ် ပြုဘွယ်ဟူသမျှ မိမိကိစ္စကိုမူကား။ တုမှေဟိ၊ သင်ချစ်သား, ချစ်သမီး တပည့်ကြီး,တပည့်ငယ်တို့သည်သာလျှင်။ အာတပံ၊ ဝီရိယထား လွန်ကြိုးစား၍ ပွားများအားထုတ်အပ်၏။ ဈာယိနော၊ သမထ, ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းသင်ကြား ဝင်စားကြည့်ရှုကြကုန်လျက်။ ပဋိပန္နာ၊ ရုပ်ဓာတ်, နာမ်ဓာတ်, ပဋိစ္စဓာတ်, ပရမတ်ပေါက် အထမြောက်အောင် တယောက်စွမ်းအား ရှုစားကျင့်ကြံနိုင်သောသူတို့သည်။ မာရဗန္ဓနာ၊ ဒိဋ္ဌိတဏှာ သုံးဖြာမာရ်မင်းနှောင်ဖွဲ့ခြင်းမှ၊ ဝါ၊သံသရာနှောင်အိမ်ပူရှိန်လောင်ပြင်းဆင်းရဲခြင်းဒုက္ခ အပေါင်းမှ။ ပမောက္ခန္တိ၊ ကွင်းလုံးကျွတ်လျက် ဝဋ်မြစ်နှစ်ဖြာ ပြတ်ကွာပယ်ရှင်း လောကတွင်းမှ ချက်ခြင်းထုတ်ချောက် ခဏလျှင်စွာ တဘာဝမကြာ လွတ်မြောက်ရလေကုန်၏။

[အကျယ်အသိုရှိက ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ထေရဝဂ်တိဿဝတ္ထုရ သုတ်မှာရှုပါ။]

---

## ကမ္မဋ္ဌာနာစရိယ

### အစဉ်အဆက်ကိုပြခြင်း

အစိန္တေယျ အပ္ပမေယျ အနန္တ သေဋ္ဌ ဇေဋ္ဌ တုမမျှသည့် လောကဥသျှောင် ဂုဏ်တော်ပေါင်းနှင့်ပြည့်စုံတော်မူသော ကျေးဇူးတော်ရှင် ဘုရားသခင်သည် ကုသိနာရုံရဂုံသာမော အင်ကြင်းတောဝယ် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး

သည်မှနောက် သာသနာတော် သက္ကရာဇ်(၂၃၆)ခု နှစ်သို့ အရောက်တွင် ပါဋလိပုတ် ပြည့်ရှင်ဘုရင်သိရိဓမ္မာသောက မင်းကြီး၏ဆရာသံဃနာယက တတိယသံဂါယနာဥက္ကဋ္ဌ ဆဋ္ဌာဘိညအရဟန္တမောဂ္ဂလိပုတ္တတိဿမည်သောရဟန္တာ မဟာထေရ်မြတ်ကြီးသည် မိမိ၏တပည့်ကြီးအသီးသီးသော ရဟန္တာမထေရ်ကြီးတို့ကို ကိုးတိုင်းကိုးဌာနသို့ သာသနာ ပြု စေလွှတ်တော်မူရာ ဟိမဝန္တပဒေသ စိန့်တိုင်းငါးရပ်သို့ မဇ္ဈိမထေရ်အမှူးရှိသော ရဟန္တာငါးပါး သာသနာပြုကြွ ရောက်ရာချိန်အခါမှ စဉ်လာမပျက်, ဒေသစာရီ ဗမာပြည် ရောက် တိဗက်တိုင်းသား ရဟန္တာဟု ကြော်ကြားတော် မူသော အရှင် သီလာစာရ (အရှင် သျှိလတိဿထေရ်)၊ ''ဒုတိယ''ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမှုကားဂါမ အရ ညဝါသီ ''အရှင်သုဒဿနထေရ်''၊''တတိယ'' ရွှေဘိုခရိုင် ဒီပဲရင်းမြို့နယ် သရက်ခေါင်းဂါမ အရညဝါသီ ''အရှင်ဓေ ဝိန္ဒထေရ်''၊''စတုတ္ထ''ရွှေဘိုခရိုင်ဒီပဲရင်းမြို့နယ်လက်ပံဂါမ အရညဝါသီ ''အရှင်အာဒိစ္စထေရ်''၊''ပဉ္စမ'' မုံရွာခရိုင် ကနီမြို့နယ် ရွှေသိမ်တော်တောရ အရညဝါသီ''အရှင်သော ဘိတထေရ်''၊''ဆဋ္ဌမ'' စစ်ကိုင်းခရိုင် စစ်ကိုင်းတောင်ရိုး မဟာအေးမြို့ကြီးချောင် အရညဝါသီ ''အရှင်ဥာဏဝံသ ထေရ်''၊''သတ္တမ''၌ ''ပဓာနပါရဂူ'' ကျမ်းကိုရေးသား ပြုပြင် စီရင်တော်မူသော မန္တလေးခရိုင် စဉ့်ကူးမြို့နယ် ရွှေဘယက်ဂါမ အရညဝါသီ''အရှင်သာသနထေရ်''၊ ၌သို့ စသား မြတ်စွာဘုရား ထံတော်ပါးမှ ယခုထက်တိုင် အာ ဂမ သာဓက သဘာဝယုတ္တိ လွန်စုံပြည့်လှသဖြင့် ထုတိ မဟတ္တ ခံ့ခိုင်တည်တံ့လှပေသော ၌''အာစရိယဟတ္ထမုဋ္ဌိ''

နည်းကို "အရိုးပေါ်တွင်အရွက်မဖုံးစေရ" စိတ်စေတနာ ဗလဝဖြင့် ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေခြင်းငှါ ရေးသားပြုစီ ဖြန့်ချိဝေငှ ဓမ္မဒါန ပြုလိုက်ရပါကြောင်း ထပ်လောင်းကာ သတိပေးနှိုးဆော် လိုက်ရပေသတည်း။

## ဓမ္မမိတ်သဟာ ပန်ကြားလွှာ

ယုတ္တာယုတ္တံ ဝိစိန္တေယျ၊ယုတ္တံ ဂဏှေယျ ပညဝါ။
အယုတ္တံ စေ ဝိသဇ္ဇေယျ၊ မာနဒေါသံ န စာကရေ။

ပညဝါ၊ ပညာရှိကြသူ တော်ကောင်းပုဂ္ဂိုလ်များသည်။ ယုတ္တာယုတ္တံ၊ အရေးအခွင့် သင့်မသင့်ကို။ ဝိစိန္တေယျ၊ ထောက်ချင့်စာနာ အထူးသဖြင့် ကြံကြရာ၏။ စေယုတ္တံ၊ အကယ်၍ကား သင့်လျော်ငြားအံ့။ဂဏှေယျ၊ ဝမ်းမြောက် ကြည်သာ မှတ်ယူရာ၏။စေအယုတ္တံ၊ အကယ်၍ကားမသင့် လျော်သည်ကို တွေ့ခဲ့ငြားအံ့။ ဝိသဇ္ဇေယျ၊ ပယ်ချထားကာ စွန့်ပစ်ရာ၏။ မာနဒေါသံ၊ ထောင်လွှားတက်ကြွ မာန် ဒေါသကို။ နစာကရေ၊ သူတော်တို့ထုံး နှလုံးသွင်းကာ မတက်မကြွ မထွက်ကြစေရာသတည်း။

[အကျယ်ကိုသိလိုမူ မဇ္ဈိမပဏ္ဏာသ, သီလက္ခန္ဓအဋ္ဌကထာ တို့မှာရှုတော်မူကြပါ။]

## ဓမ္မဒါန အကျိုးပြ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

[ဓမ္မပဒပါဠိတော် တဏှာဝဂ် သိကြားမင်းပြဿနာဝတ္ထု။]

သဗ္ဗဒါနံ၊ လုံးစုံရှိသမျှ လှူဒါနကို။ ဓမ္မဒါနံ၊ တရားဓမ္မ လှူဒါနသည်။ ဇိနာတိ၊ ဒါနတကာ မယုဉ်သာဘဲ များစွာ ကျိုးရ ဘိုးနှုန်းဆောင် အောင်ကြီး အောင်နိုင်ပါပေ၏။ သဗ္ဗရသံ၊ လုံးစုံများစွာ အရသာကို။ ဓမ္မရသော၊ တရား ဓမ္မာ မြတ်ရသာသည်။ ဇိနာတိ၊ ရသာတကာ မယှဉ် သာဘဲ များစွာကျိုးရ ဘိုးနှုန်းဆောင် အောင်ကြီးအောင် နိုင်ပါပေ၏။ သဗ္ဗရတိံ၊ လုံးစုံများလှ မွေ့လျော်ခြင်း ဟူ သမျှကို။ ဓမ္မရတိ၊ တရားစိတ်တည် မွေ့လျော်ရခြင်းသည်။ ဇိနာတိ၊ မွေ့လျော်တကာ မယှဉ်သာဘဲ များစွာကျိုးရ ဘိုးနှုန်းဆောင် အောင်ကြီး အောင်ပါပေ၏၊ တဏှက္ခယော၊ များစွာစွဲငြိ တဏှာ၏ ကုန်ခန်းခြင်းသည်၊ သဗ္ဗဒုက္ခံ၊ လုံးစုံရှိသမျှ များဒုက္ခကို။ ဇိနာတိ၊ မုချမသွေ အောင်စွမ်း နိုင်ပါပေသတည်း။

ထို့ကြောင့်–သက္ကဒေဝါဝဂ္ဂ ဒေဝတာ သံယုတ်ပါဠိတော် အာဒိတ္တဝဂ် ကိံဒဒသုတ်၌ (၁) အစာထမင်းကို ပေးလှူ သောကြောင့် အားခွန်ဗလကို ပေးလှူသော မည်သည် ဖြစ်၏။ (၂) အဝတ် သင်္ကန်းကို ပေးလှူသောကြောင့် အဆင်းကိုပေးလှူသော မည်သည်ဖြစ်၏။ (၃) ယာဉ်ကို ပေးလှူသောကြောင့် ချမ်းသာသုခကို ပေးလှူသော မည် သည်ဖြစ်၏။ (၄) ဆီမီးအရောင်အလင်းကို ပေးလှူသော ကြောင့် မျက်စိကို ပေးလှူသောမည်သည် ဖြစ်၏။ (၅) အကြင်သူသည် ကျောင်းဟူသော အလှူကိုပေးလှူ၏၊ ထိုသူ သည်ကား အလုံးစုံကို ပေးလှူသော မည်သည်ဖြစ်၏၊ (၆)အကြင်သူသည် သူတပါးတို့အား တရားဟောကြား ဆုံးမ ရေးသားပြုပြင် ရိုက်နှိပ်ဝေ၄''ဓမ္မဒါန'' ပြုလှူ၏၊

ထိုသူသည်ကား သေခြင်းကင်းရာ အမြိုက်နိဗ္ဗာန် ရတနာကြီးကိုပေးလှူသော မည်သည် ဖြစ်ပေတော့၏–ဟု လာရှိပေသတည်း။

ပကိဏ္ဏကကဏ္ဍော နိဋ္ဌိတော။
ပကိဏ္ဏကခဏ်းပြီး၏။

# အာသီသနိဂုံး

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

မေ၊ ခန္ဓာငါး၀ အပေါင်းမျှကို ငါဟုသမုတ် အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤသို့ပြုရ ဓမ္မဒါန မြတ်ပုညသည်။ အာသဝက္ခယံ၊ ကာမဂုဏ်၌ တပ်နှစ်သက်တတ်သော ကာမာသဝ,ဘုံသုံးပါး၌ မွေ့လျော်တတ်သော ဘဝါသဝ,ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဟု မြဲစွာစွဲလမ်းတတ်သော ဒိဋ္ဌာသဝ, သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် မသိမမြင် အောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရား လေးပါးတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို။ ဝဟံ–ဝဟန္တော၊ဘဝမကြာ ချမ်းသာလွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်းသည်၊ ဟောတု၊ မုချမသွေဖြစ်ပါစေသတည်း။

မေ၊ ခန္ဓာငါး၀ အပေါင်းမျှကို ငါဟုသမုတ်အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤသို့ပြုရ ဓမ္မဒါန မြတ်ပုညသည်။နိဗ္ဗာနဿ၊ တဆယ့်တသီး မီးငြိမ်းရာမှန် မြတ်နိဗ္ဗာန်၏။ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်။ ဟောတု၊ မုချမသွေဖြစ်ပါစေသောဝ်။

(၁) ယံ ပတ္တံ ကုသလံ တဿ၊
အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊
ဉတွာ ဓမ္မံ သုခါဝဟံ။

(၂) ပါပုဏ္ဏန္တု ဝိသုဒ္ဓါယ၊
သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊
နိဗ္ဗာန သုခမုတ္တမံ။

(၃) စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊
သမ္မာ ဒေဝေါ ပဝဿတု။

(၄) ယထာ ရက္ခိံသု ပေါရာဏာ၊
သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊
အတ္တနောဝ ပဇံ ပဇံ။

[အဘိဓမ္မာအဋ္ဌကထာသုံးကျမ်းနိဂုံးလေးဂါထာ။]

(၁) အဟံ၊ ခန္ဓာပဉ္စက သမူဟကို ငါဟု သမုတ်အကျွန်ုပ်သည်။ ယံကုသလံ၊ ဓမ္မဒါနစေတနာ ကုသလဟု အနာဂတေ ပြည့်ဖြိုးစေတတ် အကြောင်တရားမြတ်သို့။ ပတ္တံ၊ သဒ္ဓါစေတနာ လွှန်စွာဖြောင့်မတ် ရောက်လတ်ပါပေပြီ။ တဿ ကုသလဿ၊ ထိုကုသလ မြတ်ပုညာ၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် အာနုဘော် ကြောင့်။ သဗ္ဗေ၊ ရှိသမျှလုံးစုံ ခပ်သိမ်းကုန်သော။ ပါဏိနော၊ ပုထုဇ္ဇန် သေက္ခ အသေက္ခဟု ပေါင်းစုများစွာ သတ္တဝါဟူ ါမျှကိုသည်။ သဒ္ဓမ္မရာဇဿ၊ ဓမ္မိဿရ ဓမ္မသာမိ မည်ရှိ တွင်လတ် ဘုရားမြတ်၏၊ သုခါဝဟံ၊ ခေမာသာခေါင် နိဗ္ဗာန်သောင်သို့ ဆောင်ပို့တော် မူတတ်သော။ ဓမ္မံ၊ သမထ

ဝိပဿနာ အဖြာဖြာသော နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ ဥတ္တာ၊ ကျက်မှတ်နာကြား မှတ်သားရိပ်မိ မှန်ကန်စွာသိကြကုန်သည်ဖြစ်၍။—

(၂) ဝိသုဒ္ဓါယ၊ အထူးသဖြင့် ကိလေသာတို့မှ စင်ကြယ်စေခြင်းငှါ။ သုခါယ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြစေခြင်းငှါ။ ပဋိပတ္တိယာ၊ ဝဋ်မှထွက်ရာ မဂ္ဂရတနာကို မသွေမဖင့် ကောင်းစွာကျင့်သဖြင့်။ အသောကံ၊ စိုးရိမ်သောက ဗျာပါရလည်း မရှိထသော။ အနုပါယာသံ၊ သက်ကြီးရှိုက်တငင် ပြင်းစွာ ပင်ပန်းခြင်းလည်း မရှိထသော။ ဥတ္တမံ၊ ခပ်သိမ်းဓမ္မ ဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြတ်စွာထသော။ နိဗ္ဗာနသုခံ၊ ရာဂ, ဒေါသ,မောဟထိန်ညီး ဆွဲတမ်ိးဘို၏ ကင်းရာအမှန်ဘည်း ဟူသော နိဗ္ဗာန်ချမ်းသာမြတ်ကြီးသို့။ ပါပုဏန္တု၊လျင်မြန်ထုတ်ချောက် အမှန်ပင် ရောက်ကြပါစေ ကုန်သတည်း။

(၃) သဒ္ဓမ္မော၊ သူတော်ကောင်း တရားဟု ဆိုအပ်သော ပိဋကတ် တရားတော်သည်။ စိရံ၊ သာသနာ ငါးထောင် ရှည်မြင့်ကြာအောင် ကာလပတ်လုံး။ တိဋ္ဌတု၊ဝင်းဝင်း ပြောင်ပြောင် နေရောင်တထွေ တည်ထောင်၍ နေပါစေသတည်း။ သဗ္ဗေ၊ ရှိသမျှလုံးစုံ ခပ်သိမ်း ကုန်သော။ သတ္တာပိ၊ သတ္တဝါ ဟူသမျှ အပေါင်းတို့ သည်လည်း။ ဓမ္မေ၊ ဝဋ်မှ ထွက်ကြောင်း သူတော်ကောင်း တရား၌။ သဂါရဝါ၊ လိုက်နာ ကျက်မှတ် လေးမြတ် ရိုသေခြင်း ရှိကြကုန်သည်။ ဟောန္တု၊ မှချမသွေ ဖြစ်ကြ ပါစေကုန်သတည်း။ ကာလေန၊ ရွာသင့် ရွာထိုက် စိုက်ပျိုး ချိန်ကျမိုးယံကာလ၌။ သမ္မာ၊ကောင်းစွာ။ ဝါ၊ငါးရက်,ဆယ်ရက်

လခွဲထက် မလွန်စေဘဲ။ ဒေဝေါ၊ အမွန္တရ ဒေဝထင်လင်း မိုးယံနတ် မင်းသည်။ ပဝဿတု၊ မိုယ်းရေထန်သီး ပြင်းပြ စွာ ရွာပါစေသတည်း။

(၄) ပေါရာဏာ၊ မဟာသမ္မတ, အစမပျက် ရှေးအ စဉ် အဆက် ဖြစ်ကုန်သော။ သုရာဇာနော၊ တရားထိန်း လတ် မင်းကောင်း မင်းမြတ်တို့သည်။ ဓမ္မေန၊ တရားသဖြင့်။ ပဇံ၊ သတ္တဝါများ အပေါင်းကို။ ရက္ခံ သုယထာ၊ ရာဇ ဓမ္မဖြင့် နိစ္စအမြဲ စောင့်ရှောက် နဲကဲ့သို့။ တထေဝ၊ ထို ရှေးမင်းတို့အလား ပုံမခြားဘဲသာလျှင်။ ရာဇာ၊ ရေမြေ သေဠှနင်း ငါတို့၏ ပြည့်ရှင်မင်းသည်။ ဣဒံ ပဇံ၊ ဤတိုင်း နိုင်ငံတွင် အစဉ်နေထ များလှ သောင်းသောင်း သတ္တဝါ အပေါင်းကို။ အတ္တနော၊ မိမိ၏။ ပဇဝ၊ ရင်၌ မွေးဘွား မြတ်သောသားကဲ့သို့။ ဓမ္မေန၊ မင်းတို့ကျင့်ရ ဆယ်ဓမ္မဖြင့်။ ရက္ခတု၊မေတ္တာဒဗ္ဗ အစိုးရသဖြင့် ကောင်းစွာမသွေ စောင့် ရှောက်သည် ဖြစ်ပါစေသတည်း။

ဣမံ မေ ပုညဘာဂဥ္စ၊
မာတာပိတာစရိယာနံ။
အာဒိံ ကတွာန ပါဏီနံ၊
ဘာဇေ သမံ လဘန္တု တေ။

မေ၊ ရုပ် နာမ် နှစ်ဖြာ ပေါင်းစုရာကို ငါဟု သမုတ် အကျွန်ုပ်၏။ ဣမံ ပုညဘာဂဥ္စ၊ ဤသို့ယခု ပြုစုအားထုတ် ဓမ္မဒါန တည်းဟူသော ကုသိုလ်ကောင်းမှု၏ အဘို့ဘာဂ ကိုလည်း။ မာတာပိတာစရိယာနံ၊ အမိအဘ ဆရာသမား တို့ကို။ အာဒိံကတွာန၊ အစအဦး အမှူးပြု၍။ ပါဏီနံ၊

သက္က ယမရာဇာ ဉာတကာနှင့် တကွ သုံးဆယ့် တဌာန ကျင်လည် ကြကုန်သော များလှ သောင်းပြောင်း သတ္တဝါ အပေါင်းတို့ကို။ ဘာဇေ၊ ညီမျှဖြန့်ဝေ အမျှပေးဝေပါ၏။ တေ သတ္တာ၊ ထိုလုံးဝဥဿုံ စေ့စုံပေါင်းပြွား တေဘူမက သတ္တဝါ အများတို့သည်။ မယာ၊ ကောင်းမှု သွန်မြှပ် အကျွန်ုပ်နှင့်။ သမံ၊ ထပ်တူထပ်မျှ သို့ဘာဂကို။ လဘန္တု၊ ကိုယ်စိတ်ကိုယ်င အမျှရ၍ ကျန်းမာ ချမ်းသာ ကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။

## ပဌာန ပါရဂူကျမ်း
## ဤတွင်ပြီး၏။